
အဏ္ဏဝါဆုံးစေ
တက္ကသိုလ်မင်းဆွေ
ဒုတိယအကြိမ်

ပုံနှိပ်မှတ်တမ်း

**စာမူကြိုတင် ခွင့်ပြုချက်အမှတ်**
၇၇၀ / ၂၀၀၂ (၈)
**မျက်နှာဖုံးကြိုတင် ခွင့်ပြုချက်အမှတ်**
၈၃ / ၂၀၀၃ (၁)

**ပုံနှိပ်ခြင်း**

| | |
|---|---|
| ပထမအကြိမ် | ၁၉၇၅ ခုနှစ်၊ ဂုဏ်ထူးစာပေ |
| ဒုတိယအကြိမ် | ၂၀၀၃ ခုနှစ်၊ မိုးကျော်သူစာပေ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ကျပ် - ရ၀၀ |

**မျက်နှာဖုံးပုံနှိပ်၊ အတွင်းပုံနှိပ်**
အောင်မြင့်ထွန်း ပုံနှိပ်တိုက်
ဦးထွန်းထွန်း ( မြ ၀၂၇၂၆ )
အမှတ် ၂၄၄၊ လမ်း ( ၄၀ )( ထက် )၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

| | |
|---|---|
| **အဖုံးပန်းချီ** | ဝသုန် |
| **အတွင်းပန်းချီ** | မှတ်သုန် |
| **Layout Design** | ရင်သူအောင် |
| **ထုတ်ဝေသူ** | ဒေါ်ခင်စွဲ့ရင် ( မြ-၀၁၆၃၄ ) |
| | မိုးကျော်သူစာပေ |

အမှတ် ၁၈၈ ( ဒု/ဝဲ )၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၂၈၆၀၈၈

# အဏ္ဏဝါဆုံးဝေ

အဏ္ဏဝါ သိပ္ပံဝဏ္ဏ

## မာတိကာ


ပျံလေတဲ့ ငှက်ခါး ............ ၁

လူမျိုးငယ်တစ်စု၏
ဓလေ့တစ်ခု ............ ၁၆

နှလုံးသားရေးရာနှင့်
အယူအဆပြဿနာ ............ ၂၈

သူခိုးလက်က သူဝှက်လု ............ ၄၆

တွေဝေသူအတွက်
အတွေ့လက်ဆောင် ............ ၆၄

အဏ္ဏဝါလှိုင်းထမ်းပိုးအောက်မှ
ငိုချင်းတစ်ပုဒ် ............ ၈၄

ရွှေတည်င် အတည်မှားပြီထင့် ............ ၁၀၆

ပင်လယ်ပြင်မှသည်
စစ်ဆင်ရေးသို့ ............ ၁၂၆

သွေးမြေကျခြင်းလော
သွေးသစ်လောင်းခြင်းလော ............ ၁၄၀

သဘောထားက အမြင့်၊
နှလုံးသားက အပင် ............ ၁၅၂

# အဏ္ဏဝါဆုံးစေ

**စာရေးသူ၏ ဒုတိယအကြိမ် အမှာ**

ကျွန်တော်သည် ဘာကြောင့်ရယ် မသိ၊ ဘာသာပြန် စီးပွားရေး စာအုပ်များကို ရေးသားနေရာမှ ရသစာပေဘက်သို့ တစ်ကြော့တစ်ဖန် မျက်စိလည်လာမိပါသည်။ သို့ကြောင့် စီးပွားရေးစာအုပ်များ ရေးသားခြင်း၊ ပြန်ဆိုခြင်းကို ခဏထားပြီး ရသစာပေပြန်ဆိုခြင်းကို သုတပဒေသာမဂ္ဂဇင်းတွင် လစဉ် ရေးသားတင်ပြခဲ့သည်မှာ ယခုဆိုလျှင် ၁၀ပုဒ်မျှ ရှိသွားပြီဖြစ်သည်။ စာရေးဆရာကြီး Guy De Maupassant ၏ ဂန္ထဝင်ဝတ္ထုတိုများကို ပြန်ဆိုခြင်းဖြစ်ပါသည်။


သို့ကဲ့သို့ ရသစာပေများကို ပြန်ဆိုခြင်းနှင့်အတူ၊ ကိုယ်တိုင်လည်း ရသဝတ္ထုများ ပြန်လည်ရေးသားရန် ပြင်ဆင်နေခိုက် ယခင် ကျွန်တော်၏ ဝတ္ထုများကို ပြန်လည် ဖတ်ရှုမိပါသည်။ ယခု 'အဏ္ဏဝါဆုံးစေ' စာအုပ်မှာ တစ်ခုအပါအဝင် ဖြစ်ပါသည်။

ယင်းသို့ ဖတ်မိတော့မှ ဤစာအုပ်ကို တစ်ကြော့တစ်ဖန် ပြန်လည်ထုတ်သင့်သည်ဟု အခိုင်အမာဆုံးဖြတ်မိပါသည်။ အကြောင်းမူ မြန်မာ့အဏ္ဏဝါသယံဇာတများကို အမြတ်စေ ချောင်းမြောင်း ကဲ့ထုတ်နေသည့်သတင်းများမှာ ယခုတိုင် ကြားနေရဆဲဖြစ်ပြီး၊ အဖိုးမဖြတ်နိုင်သည့် မြန်မာ့ပင်လယ်သည် ယခု အရေးပါသလို နောင်တွင်သာမက၊ အမြဲတစေ ထာဝရအရေးပါ နေမည်သာဖြစ်ရာ၊ ကျွန်တော်တို့ မျိုးဆက်သစ်လူငယ်များ သိရှိသင့်သည်ဟု ယူဆမိသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်၏ ဝတ္ထုအရေးအသားသည် ရိုးသားလွန်းသည်ဟု ဆိုကောင်း ဆိုနိုင်ပါသည်။ သို့သော် ကျွန်တော် တင်ပြသည့် အကြောင်းအရာကမူ ရှားပါး,ပါသည်။ စာရေးစားပွဲတွင် စိတ်ကူးဖြင့် ဖန်တီးယူလို့ရသည့် အကြောင်းအရာမျိုး မဟုတ်ပါ၊ ကျွန်တော်တို့ ကိုယ်တိုင်တစ်ချိန်က၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အဖြစ်သနစ်များအပေါ် မူတည်ပြီး ရေးဖွဲ့ထားသည့် စာတစ်ပိုဒ် ဖြစ်ပါသည်။

မည်သို့ဆိုစေ ဝတ္ထုကို ဖတ်သွားရင်းဖြင့် စာရေးသူ၏ စေတနာကို တဖြေးဖြေးချင်း ရိပ်စားမိစရာရှိပါသည်။ ယင်းစေတနာသည်ပင် ဤဝတ္ထုကို ပြန်လည် ဆန်းသစ်ရခြင်း၏ အကြောင်းရင်းဟု ဆိုပါစေ .......

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် — တက္ကသိုလ်မင်းသူ



## စာရေးသူ၏ ပထမအကြိမ်

## အမှာ

**အစီရင်ခံပါသည်**

'ဒေါနကို ကျော်၍' ဝတ္ထုကို ဖတ်ရှုရသူ မိတ်ဆွေအတော်များများက စာဖြင့် တစ်မျိုး၊ တယ်လီဖုန်းဖြင့် တသွယ်၊ လူကိုယ်တိုင် တစ်နည်းဖြင့် ကျွန်တော့်ကို မကြာခဏဆိုသလို မေးမြန်းပြောဆိုကြသည့် စကားတစ်ခွန်းရှိပါသည်။ တစ်ခြားမဟုတ်ပါ။ ဒေါနကိုကျော်၍ ဝတ္ထု သည်မျှ အောင်မြင်ပါလျက်နှင့် ဘာကြောင့်ဝတ္ထုတွေ တစ်အုပ်ပြီးတစ်အုပ် ရေး မထုတ်သလဲ။ ဒေါနကိုကျော်၍ဝတ္ထုကို ဖတ်ပြီး အလားတူဝတ္ထုတွေကို ဖတ်ချင်စေဖြင့် စာဖတ်ပရိတ်သတ်များက စောင့်မျှော်နေကြပါလျက် ဘာ့ကြောင့် ကျွန်တော်က ဝတ္ထုတွေကို ဆက်ကာဆက်ကာ မရေးရသလဲဟု ဂရုဏာ ဒေါသောဖြင့် တောင်းဆို မေးမြန်းကြသည့် ကိစ္စပင် ဖြစ်ပါသည်။

မှန်ပါသည်။ ဒေါနကိုကျော်၍ ဝတ္ထုသည် အမှန်တရားကို လက်ကိုင်ထားပြီး တိုက်ပွဲဝင်ပါလျက် ခြေချစရာမရှိအောင် ပစ်ပယ်ခံရသည့် အင်အားစုများကို ဖော်ညွှန်းထားသည့်အလျောက် အမှန်တရားကို လိုလားသူ စာဖတ်ပရိသတ်အများစုကြီးက ကြိုဆိုထောက်ခံလျက်ရှိကြပါသည်။ ရုပ်ရှင်ထုတ်လုပ်သူများကလည်း မျက်စိကျပြီး ရုပ်ရှင်ပရိသတ်နှင့် ဒေါနကို မိတ်ဆက်ပေးရန် လိုအပ်သည့် အစီအစဉ်များကို ပြုလုပ်နေကြပါသည်။ တစ်ချိန်တည်းတွင် ထုတ်ဝေသူ အချို့ကလည်း စာဖတ်ပရိသတ်များ တောင်းဆိုသကဲ့သို့ပင် ဝတ္ထုများကို တစ်လ တစ်အုပ်ရေးပေးရန် ကမ်းလှမ်း တောင်းဆိုမှုများ ရှိခဲ့ပါသည်။

သို့သော် ကျွန်တော်မရေးခဲ့ပါ။ မရေးခြင်းမှာ ကျွန်တော့်တွင် အကြောင်းအမျိုးမျိုး ရှိနေသောကြောင့် ဖြစ်ပါသည်။ အဓိကအကြောင်းမှာ စာဖတ်ပရိသတ်ကို အကျိုးမပြုနိုင်ဘဲ စာဖြစ်လျှင် ပြီးရော၊ ငွေရလျှင် ပြီးရောဟူသော ပြီးစလွယ်စိတ်ထားဖြင့် စာပေထုတ်ဝေ ရေးသားခြင်းသည် စာရေးဆရာတစ်ယောက်အနေဖြင့် စာဖတ်ပရိသတ်ကို မထေမဲ့မြင်ပြုရာ ရောက်သည်ဟု ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်မှု ရှိသောကြောင့် ဖြစ်ပါသည်။

ပြီးတော့ ကျွန်တော့်မှာက 'အချိန်ပို' ဟူ၍ မရှိလောက်အောင် တစ်ဖက်က နေ့ညမပြတ်တာဝန်ထမ်းဆောင်နေရသည့် အမှုထမ်းတစ်ဦးဖြစ်ပါသည်။ သည်အမှုတာဝန်များကို သည်ပြီးထမ်းဆောင် ရခြင်းသည်လည်း စာပေထုတ်လုပ်ခြင်းကဲ့သို့ပင် တိုင်းပြည်တာဝန်ကို တစ်ဖက်တစ်လမ်းမှ ထမ်းဆောင်ခြင်းပင်ဖြစ်သည်ဟု ယူဆသောကြောင့်လည်း ကျွန်တော့်အဖို့ အားလုံးတကာထက် အလုပ်တာဝန်ကိုသာ အစစအရာရာမှာ ဦးစားပေးရလျက်ရှိပါသည်။

နောက်ဆုံး အကြောင်းတစ်ခုကတော့ ငယ်စဉ်တောင်ကျေးကပင် ဝါသနာဆန္ဒ ပြင်းပြင်းပြပြရှိခဲ့သည့် သတင်းစာဆောင်းပါးရေးသည့် အလုပ်ကို မည်သို့မှ စွန့်လွှတ်နိုင်စွမ်းမရှိသည့်အတွက် ရသမျှအချိန်ကလေးမှာ ထိုသတင်းဆောင်းပါးရေးသည့် အလုပ်ကလည်း ကျွန်တော့်မှာ တာဝန်တစ်ခုလိုဖြစ်နေခဲ့သောကြောင့် ဖြစ်ပါသည်။

ထိုအကြောင်းများကြောင့် ကျွန်တော်သည် ဝတ္ထုများကို ဆက်တိုက်ကြီးဆိုသလို

တစ်အုပ်ပြီးတစ်အုပ် ရေးမထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ မည်သို့ဆိုစေ ဝတ္ထုရေးသားခြင်းသည်လည်း ကျွန်တော်အမြတ်နိုးဆုံးသော၊ အထင်အကြီးဆုံးသော စာပေလုပ်ငန်းတစ်ခုဖြစ်သည့်အလျောက် စာဖတ်ပရိသတ်အား တစ်စုံတစ်ရာ အကျိုးပြုမည်ဟု ယူဆသော စာပေများကိုမူ ရသမျှ အချိန်ကို အသုံးချပြီး အခါအားလျော်စွာ ရေးသားတင်ပြသွားရန် အနိုင်အမာ ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

ထိုဆုံးဖြတ်ချက်အတိုင်း စာဖတ်ပရိသတ် စိတ်ဝင်စားမည်ဟု ယူဆရသော ဝတ္ထုတစ်ပုဒ်ကို ယခု ကျွန်တော်ရေးသားလိုက်ပါသည်။ မြန်မာ့ပင်လယ်ပြင်ကို ဥဒဟို ဝင်ရောက်၍ ငါးခိုးသူများကို ကာကွယ်တားဆီးရင်း မြန်မာ့ပင်လယ်ပြင်မှ သယံဇာတပစ္စည်းများကို ဖော်ထုတ် မိတ်ဆက်ပေးရန် ရည်ရွယ်ထားသည့် 'အဏ္ဏဝါဆုံးစေ' ဝတ္ထုပင်ဖြစ်ပါသည်။

ထိုဝတ္ထုတွင်လည်း လူဝင်မှုကြီးကြပ်ရေးအရာထမ်း အမှုထမ်းများကိုပင် ဇာတ်ကောင်ထား၍ ရေးသားထားပါသည်။ ယင်းသို့ လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများကို ဇာတ်ကောင်ထားပြီး ထပ်မံရေးသားရခြင်းမှာလည်း ထူးခြားသော အကြောင်းအချက်များ ရှိနေသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် အလုပ်တာဝန်အရ ဝေးလံခက်ခဲသော နယ်စပ်ဒေသ အတော်များများသို့ သွားလာ ခြေချခဲ့ဘူးရာ ထိုနယ်ခြားဒေသအသီးသီးရှိ ဌာနေတိုင်းရင်းသားများ၏ ဘဝအခက်အခဲကို ကျွန်တော်အမြဲဆိုသလို စာနာစိတ် ဖြစ်ခဲ့မိပါသည်။ သူတို့တတွေ၏ စားဝတ်နေရေး အခက်အခဲနှင့် ယဉ်ကျေးမှု နိမ့်ကျခြင်းတို့သည် တစ်ဖက်နယ်ခြားဒေသမှ မသမာသူများကို ဖိတ်ခေါ် လက်ကမ်းသကဲ့သို့ ရှိနေခြင်းကိုလည်း ကျွန်တော် သတိပြုဆင်ခြင်မိပါသည်။ ဤနည်းဖြင့် မသမာသူများ၏ ကျူးကျော်ဝင်ရောက်မှုများသာမက မှောင်ခိုလုပ်ငန်း ကြီးထွားလာခြင်းနှင့်အတူ ကျွန်တော်တို့၏ သဘာဝသယံဇာတပစ္စည်းများသည်လည်း ထိုနိုင်ငံခြားသားများ၏ ပယောဂဖြင့် များစွာ ပြုန်းတီးလျက်ရှိနေရပါသည်။

စင်စစ် အိမ်နီးချင်း တိုင်းပြည်များနှင့် မိုင်ပေါင်းများစွာ ဆက်စပ်တည်ရှိနေသည့် မြန်မာနိုင်ငံအဖို့ မိမိ၏နယ်ခြားဒေသများကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ဌာနေတိုင်းရင်းသားများကို ခိုင်မာစွာ စည်းရုံးတည်ဆောက်နိုင်မှသာ တစ်ဖက်မှ ထိုးဖောက် ဝင်ရောက်လာမည့် အန္တရာယ်အမျိုးမျိုးကို တားဆီးကာကွယ်နိုင်မည် ဖြစ်ပါသည်။ သို့မှသာ ကျွန်တော်တို့ နယ်ခြားဒေသအသီးသီးတွင် ယခုထိ တူးဖော်ထုတ်လုပ်ရခြင်း မရှိသေးသော မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများကိုလည်း အယိုအဖိတ်မရှိစေဘဲ တိုင်းပြည်အတွက် အကျိုးရှိစွာ အသုံးချလာနိုင်မည်ဖြစ်ပါသည်။

သို့သော် ယင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာမှာ အစိုးရကိုချည်း အားကိုး၍မရ၊ ဌာနတစ်ခု အဖွဲ့အစည်းတစ်ရပ်၏ အင်အားနှင့်ချည်း မလုံလောက်၊ မိမိတိုင်းပြည်ရှေ့တစ်ဆင့်တိုး၍ ဖွံ့ဖြိုးမည့်အရေးကို စိတ်ဝင်စားသူ လုပ်သားပြည်သူတိုင်း ပါဝင် ဆောင်ရွက်မှသာ ထမြောက်အောင်မြင်နိုင်ပါမည်။ အထူးသဖြင့် တိုင်းပြည်အတွက် စိတ်အားထက်သန်သော၊ ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခံနိုင်စွမ်းပြီး စွန့်စားလိုစိတ်ရှိသော ယနေ့ ပညာတတ်လူငယ်များ၏ ကာယဉာဏ စွမ်းအားမှာ အလွန်မှ လိုအပ်လျက်ရှိပါသည်။ မှန်ပါသည်။ ရင်ဖိုမျှ မသန်းရသေးသော အပျိုစင်စစ်စစ်ကဲ့သို့ တစ်ခါဘူးမျှ တူးဖော် ထုတ်လုပ်ရခြင်း မရှိသေးသည့် မြောက်မြားစွာသော နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများက ယနေ့ ပညာ

တတ်လူငယ်များကို မြော်လင့်ခြင်းကြီးစွာဖြင့် စောင့်ကြို့လင့်နေသည် မဟုတ်ပါလား။

ဤသည်မှာ ယနေ့တိုင်းပြည်က တောင်းဆိုသော ပကတိအခြေအနေပင် ဖြစ်ပါသည်။ ကျွန်တော်သည် ယင်းအခြေအနေများကို ဖေါ်ထုတ်တင်ပြလိုသော ဆန္ဒဖြင့် ထိုနယ်ခြားဒေသများကို အခြေခံသော ဝတ္ထု၊ ဆောင်းပါးများကို အခါအားလျော်စွာ ရေးသားတင်ပြနေခြင်းဖြစ်ပါသည်။ သို့ကလို ရေးသားတင်ပြရာတွင် ယင်းလုပ်ငန်းများကို လက်တွေ့ ဆောင်ရွက်နေကြသည့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများကို ဇာတ်ကောင်အဖြစ် ထားရှိ ခြင်းက ပိုမို သဘာဝကျမည်ဟုလည်း ယူဆပါသည်။ တကယ်တော့ လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများမှာ လူသူအရောက်အပေါက်နည်းလှသည့် နယ်ခြားဒေသများတွင် သက်စွန့် ဆံဖျား တာဝန်ထမ်းဆောင်နေကြရသူများဖြစ်၍ ထိုလုပ်ငန်းများတွင် တကယ့် ဇာတ်ကောင်များလည်း ဖြစ်ကြပါသည်။

ထို့ကြောင့် ယခု ဝတ္ထုတွင်လည်း တစ်ချိန်က တကယ်ပါဝင် ထမ်းဆောင်ခဲ့ကြသည့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများကိုသာ ဇာတ်ကောင်ထားပြီး ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

'အဏ္ဏဝါဆုံးစေ'ဝတ္ထု၏ ကျောရိုးမှာ တစ်ဖက်နိုင်ငံမှ ဂိုဏ်းဂနဖွဲ့၍ ငါးခိုးသူများကို သက်စွန့်ဆံဖျား ကာကွယ်တားဆီးရသည့် လုပ်ငန်းကို မဏ္ဍိုင်ပြု ရေးသားထားခြင်း ဖြစ်ပါသည်။ ထိုလုပ်ငန်းတွင် တိုင်းပြည်၏ ကျေးဇူးသစ္စာကို စောင့်သိရမှန်းမသိသော မိမိနိုင်ငံမှ စီးပွားရေးသမားများလည်း ပါဝင်ကျူးလွန်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ထိုစီးပွားရေးသမားများ ဖြန့်ကျက်ထားသည့် ပိုက်ကွန်အတွင်းသို့ သက်ဆင်းမိရသည့် ဝန်ထမ်းများ၏ အခြေအနေကိုလည်း သိခွင့်ရမည် ဖြစ်ပါသည်။

အဓိက ရည်ရွယ်ချက်မှာကား လူဦးရေ တိုးတက်များပြားလာသည့် မြန်မာပြည်အဖို့ တစ်ချိန်တွင် မြန်မာ့ပင်လယ်ပြင်ကိုသာ အဓိက အားထားဘွယ်ရာ ရှိသည့်အလျောက် ပင်လယ်ပြင်သယံဇာတ ဖေါ်ထုတ်ရေးလုပ်ငန်းကို ဝိုင်းဝန်းကြိုးပမ်းကြရန်ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပေါများကြွယ်ဝလှသော ပင်လယ်ပြင် သယံဇာတ ဖေါ်ထုတ်ရေးလုပ်ငန်းကြီး အကောင်အထည်ဖေါ် ရေးအတွက် စာဖတ်ပရိသတ်နှင့် မြန်မာ့ပင်လယ်ပြင်ကို တစ်နည်းတဖုံ မိတ်ဆက်ပေးလိုက်ခြင်းလည်း ဖြစ်ပါသည်။

သို့ပါ၍ ဤဝတ္ထုကို ဖတ်ရှုပြီး ယနေ့ ပညာတတ် လူငယ်များ အပါအဝင် စာဖတ်သူများအနေဖြင့် ထူးခြား ဆန်းကြယ်ပြီး သဘာဝ သယံဇာတပစ္စည်းများဖြင့် ပေါကြွယ်လှသည့် မြန်မာ့ပင်လယ်ပြင်ကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ စိတ်ပါဝင်စားလာကြမည်ဆိုပါက ကျွန်တော်အဖို့ ဤဝတ္ထုကို ရေးသားကျိုးနပ်ပြီဟု ယူဆမိပါသည်။

လေးစားစွာဖြင့်

၁၉၇၅ ခုနှစ်၊ ဩဂုတ်လ (၈)ရက်။

တက္ကသိုလ်မင်းသူ



# ပျံလေတဲ့ ငှက်ဦး

''တူ .. တူ .. တူ .. စက်ဆရာ၊ စက်ဆရာ၊ ကျွန်တော် အောင်မိုးပါ။ ကြားရလား''

''တူ .. တူ၊ ဟုတ်ကဲ့ ကျွန်တော်မောင်မြပါ။ ကြားရတယ် ဆရာ ပြောပါ''

''ကိုမြ ဇာအက်ကြီးကျွန်းနားမှာ ဘုတ်တစ်စီး မြင်ရတယ်၊ ကျွန်တော်တို့ မောင်းပြီး လိုက်ကြမယ်၊ အားလုံး အသင့်လုပ်ထားပါ။ ဒါပါဘဲ''

**ကိုအောင်မိုး**သည် သဘော်ဆလင်ခန်းမှ စကားပြောခွက်ကို ခပ်သွက်သွက် ပြန်ပိတ်လိုက်သည်။ ပြီးတော့ လည်းပင်းတွင် ဆွဲထားသော မှန်ပြောင်းဖြင့် ဆုံးစ,မထင်သော ပင်လယ်ပြင်ကြီး၏ တစ်နေရာကို လှမ်းကြည့်လိုက်သည်။ အကာလ ညအခါမို့ ပင်လယ်ပြင်သည် မှိုင်းပြာနေ၏။ လမိုက်ရက်မို့လည်း ကြယ်ရောင် မှိန်မှားမှားမှအပ မိုးကုပ်စက်ဝန်းကြီး တစ်ခုလုံးမှာ မဲမဲမှောင်နေလေသည်။

''ဟုတ်တယ် ဦးဆန်းမောင်၊ ကျွန်တော်တို့ မျှော်လင့်နေတဲ့ 'ဇင်း' ဟုတ်မဟုတ်တော့ မသိဘူး။ ဒီဒိုးဘုတ်ကတော့ သေချာတယ်ဗျာ၊ ဒါပေမဲ့ ဒီကောင်က အတော်လေး မြန်ပုံရတယ်။ ဟေ့ .. ဖိုးတင် မင်းတို့ ကျောက်ဆူးတင်ပြီးရင် ခန်းမထဲကို မြန်မြန်ဆင်း၊ အားလုံး မဆူကြစေနဲ့၊ အထူးသဖြင့် မီး မထွန်းနဲ့ ဆေးလိပ်မသောက်နဲ့ ကြားလား''

**ကိုအောင်မိုး**က မှန်ပြောင်းတစ်လက်ဖြင့် အလုပ်ရှုပ်နေရာမှ ကျောက်ဆူးရစ်နေသော သဘော်သားဖိုးတင်နှင့် လှအေးကို လှမ်းပြောလိုက်ပြန်သည်။ သူ့အနီးတွင်ကား ကာကီယူနီဖောင်း ဝတ်စုံဖြင့် ပုခုံးတွင် ကြယ်တစ်ပွင့်တပ်ထားသော **ဦးဆန်းမောင်**က အသင့်ရပ်လျက်၊ သူ့ဘယ်ဘက်တွင်မူ ပင်လယ်ရေကြောင်းသွားလာမှု၌ ကျွမ်းကျင်လှသော ရေယာဉ်အုပ်ကြီးဦးကုလားက သဘော် တည့်မတ်ကို ဘယ်ညာရွေ့လျက် ....

**ကိုအောင်မိုး**သည် ပင်လယ်ပြင် မှောင်မဲမဲတွင် မီးတုန်းဟုန်း တောက်သလို လှိုင်းဂယက်တွေ ဖွေးဖွေး ထနေသော တစ်စုံတစ်ခုကို မှန်ပြောင်းဖြင့် အသေအချာ တပ်ကြည့်ရင်း ....

"ဟုတ်တယ် ဦးဆန်းမောင် သေချာတယ်၊ ဒီကောင် ကျွန်တော်တို့ ဇာတ်ကြီး အတွင်းပိုင်းကို ဝင်လာနေတယ်၊ ကဲ ... ခင်ဗျားလူတွေ နေရာယူနိုင်းတော့၊ လက်နက်တွေလဲ အသင့်ပြင်ထား"

"အဲ့ ဦးကုလား၊ ကျွန်တော်တို့ ပထမ စက်တစ်လုံးကို ဖွင့်ပြီး ပုံမှန်နှုန်းနဲ့ မောင်းရအောင်၊ ငါးမိုင်ထက်တော့ မပိုစေနဲ့၊ စက်သံ သိပ်ကျယ်မယ်ဆိုရင် စက်ကိုလျှော့ပြီး ကျွန်တော်တို့ ရေစီးနဲ့ မျှောလိုက်တန် လိုက်ရမယ်၊ ကဲ ... အဲဖြင့် စက်ဖွင့်ဗျာ"

ကိုအောင်မိုး၏ စကားဆုံးသည်နှင့် သင်္ဘောတစ်ခုလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ မှောင်မှုံ အလင်းရောင်မှာပင် သေနတ်ကိုယ်စီဖြင့် နေရာယူသူများက ယူကြ၏။ သင်္ဘောခန်းထဲ အခြေးဆင်းသူများက ဆင်းကြ၏။ တချိန်တည်းတွင် အလျားပေ – ၉၀၊ ဖျက် ၁၈ – ပေ ရှိ၍ အီစုဇူစက် နှစ်လုံး တပ်ထားသော သင်္ဘောကြီးသည်လည်း ကျွန်းတစ်ကျွန်း၏အနီးတွင် ခိုအောင်းနေရာမှ သားကောင်ကို ချောင်းမြောင်းနေသော မိကျောင်းကြီးတစ်ကောင်အလား ပင်လယ်ပြင်တွင်းသို့ တရွေ့ရွေ့ချွင်း ခုတ်မောင်း ထွက်ခွာသွားလေသည်။

**အချိန်ကား ၁၉၆၅–ခုနှစ်။**

ရာသီကား မိုးအကုန် ဆောင်းအကူး၏ တစ်ခုသော လမိုက်ည။ နေရာကား မြိတ်၏ တောင်စူးစူး အရပ်ရှိ မိုင်ပေါင်း ၂၀၀–ခန့် ဝေးသော ကပ္ပလီပင်လယ်ပြင်မှ ကျွန်းတစ်ကျွန်းဖြစ်သည့် ရွှေကျွန်း။

ကိုအောင်မိုးသည် အသက် ၃၀–နီးပါးရှိ လူဝင်မှုကြီးကြပ်ရေးအရာရှိ တစ်ဦးဖြစ်၏။ သူသည် မြိတ်သို့ ပြောင်းရွှေ့ ရောက်ရှိလာသည်မှာ မကြာလှသေး။ သို့သော် ရောက်လာကတည်းကပင် ပင်လယ်ပြင် ကင်းလှည့်ရေးတာဝန်ကို ထမ်းဆောင်လာခဲ့သည်မှာ တစ်နှစ်နီးပါးပင် ရှိလေပြီ။

အထူးသဖြင့် သူ၏လုပ်ငန်းတာဝန်မှာ မြန်မာ့ပင်လယ်ပြင်အတွင်းသို့ ကျူးကျော်ဝင်ရောက် ငါး ဖမ်းလေ့ရှိသည့် နိုင်ငံခြားသား ငါးမိုးသမားများကို ဟန့်တား ဖမ်းဆီးရသည့် တာဝန်ပင်ဖြစ်၏။ သို့သော် ယင်းတာဝန်မှာ လွယ်ကူလှသည်ကား မဟုတ်၊ ငါးမိုးသမားတို့မည်သည် အများအားဖြင့် နေ့အချိန်တွင် ဝင်ရောက် ငါးမိုးလေ့ မရှိကြ။ အထူးသဖြင့် သူတို့နိုင်ငံများတွင် ရှေကဲ့သို့ တန်ဘိုးကြီးလှသော **'ရှမ်းပုဇွန်'**ခေါ် **'ပလာတူးငါး'**မှာ နေ့အချိန်တွင် ဖမ်းဆီးရမြခြင်းမရှိ။ ညအချိန် လမိုက်ရက်များတွင်သာ ထိုထူးခြားသော ပလားတူးငါးကို ဖမ်းဆီးရမိနိုင်ပေသည်။

ထို့ကြောင့်လည်း ငါးမိုးသမားများသည် နေ့အချိန်ဆိုပါက မြန်မာ့ရေပိုက်နက်အပြင်တွင်သာ ယောင်ခြောက်ဆယ် လုပ်နေတတ်ကြ၏။ အချို့ကမူ ချောင်ကောင်းသော ကျွန်းတစ်ကျွန်းမှာ သစ်ခက် များပင် ဖုံးပြီး ကိုယ်လုံးဖျောက်ထားတတ်ကြသည်။ သို့သော် ပင်လယ်ပြင်မှာ နေလုံးပျောက်၍ အမှောင် ရောက်လာပြီဆိုလျှင်ကား သူတို့သည် မြန်မာ့ရေပိုက်နက်ကို ကိုယ့်အိမ်၊ ကိုယ့်ဇာအောင်ပိုင် ပစ္စည်းအလား တွေ့သမျှ ငါးကို မဆန့်မပြဲ ဖမ်းဆီး သွားလား သွားတတ်ကြ၏။ တချိန်တည်းတွင် သူတို့နိုင်ငံမှ မှောင်ခို ပစ္စည်းမျိုးစုံကို မော်တော်စင်းလိုက် သွင်းလား သွင်းတတ်ကြ၏။ အချို့ကမူ မြန်မာ့သယံဇာတ ပစ္စည်း များဖြစ်သည့် ခဲ၊ သံ၊ ဝုလ်ဖလန်၊ ရာဘာ၊ ငပိ၊ ငါးခြောက်နှင့် ခနိုဖူး၊ ခနိုဖက် စသည်များကို နောက် ဖေးပေါက်မှ အစုလိုက် အပုံလိုက် အချောင်နိုက်လား နိုက်သွားတတ်ကြလေသည်။

ကိုအောင်မိုးသည် ယင်းသို့သော အချောင်နိုက်သမားများကို ဌာနပိုင် **ဇင်ယော်** အမည်ရှိ သင်္ဘောတစ်စီးဖြင့် လိုက်၍ ဟန့်တား ဖမ်းဆီးနေရသူပင်ဖြစ်၏။ အထူးသဖြင့် သူတို့သည် ယခု တလော အိမ်နီးချင်းနိုင်ငံတစ်ခုမှ အတင့်ရဲလှသည့် ငါးမိုးတန်ကေးကြီးတစ်စီးအား သဲသဲမဲမဲ လိုက်နေ

ကျခြင်းဖြစ်ပေသည်။

ထိုတန်ကေးကား သာမန်လူအင်အားထက် ပို၍ သဘော်သား ၂၇-ယောက်အထိပါသော တန်ကေးကြီးဖြစ်၏။ တစ်ဆိုင်းလျှင် ငါးတန်ချိန် ၂၀၊ ဝိသချိန် တစ်သောင်းနှစ်ထောင်အထိ မိနိုင်သော ချုပ်ဝိုင်းကို အသုံးပြုပြီး အခြားတစ်ဖက်ကလည်း မှောင်မိုပစ္စည်းများကို မှန်မှန် ထုတ်သွင်းလျက်ရှိကြောင်း **ကိုအောင်မိုး**တို့ သတင်းရထား၏။ သူ၏ ပရိယာယ်မှာ ပြင်ပရေကြောင်းတွင် ငါးဖမ်းသယောင်ပြုပြီး လှစ်ကနဲဆိုသလို ပြည်တွင်းသို့ဝင်၍ ရရာကို ဆွဲသွားလေ့ရှိသဖြင့်လည်း **ကိုအောင်မိုး**တို့က သူ့ကို **'ဖေင်း'**ဟု အမည်ပေးထားခြင်းဖြစ်၏။ အဆိုးဆုံးမှာ **ဖေင်း**သည် သာမန် ငါးမိုးရုံသာမဟုတ်ဘဲ မှောင်မို လုပ်ငန်းကိုပါ တွင်ကျယ်စွာ လုပ်ကိုင်နေသဖြင့် ခေတ်မီ လက်နက် ၄-၅ လက်စနဲ့ တပ်ဆင်ထားသည်ဟု သိရှိရခြင်းပင်တည်း။

သံကိုယ်ထည်အခိုင်အခန့်ဖြင့် မြင်းကောင်ရေ ၃၅၀-အားရှိသော **ဇင်ယော်**သဘော်ကြီးသည် တစ်နာရီ ငါးမိုင်နှုန်းဖြင့် တောင်စူးစူးသို့ တရွေ့ရွေ့ချင်း ခုတ်မောင်းလျက်ရှိ၏။ မိုးကုပ်စက်ဝန်း တစ်ခုလုံးမှာကား ကမ္ဘလာသားကို လွှမ်းခြုံထားဘိသို့ မဲမဲမှောင်နေ၏။ သို့သော် ဖိတ်ဖိတ်တောက် နေသော ကြယ်ကလေးများကမူ ပင်လယ်ပြင်တစ်ခုလုံးကို စိန်ခြယ်ထားဘိအလား ခတ်ပြပြကလေး လက်နေလေသည်။

**ကိုအောင်မိုး**သည် ကာကီဘောင်းဘီအိတ်အတွင်းသို့ လက်နှိုက်ရင်း ရှေ့တူရူရှိ ကျွန်းတန်း ကြီးတစ်ခုကို စူးစူးစိုက်စိုက် ကြည့်နေ၏။ ထိုကျွန်းကား ကော့သောင်း အနောက်ဖက် မိုင် ၂၀-ခန့်တွင် ရှိသော ဇာဒက်ကြီးအမည်ရှိ ကျွန်း။

နိုးဘုတ်သည် ထို့ဇာဒက်ကြီးကျွန်းနှင့် ပေစတင်ကျွန်းနှစ်ခုကြားကို ဦးတည်၍ ငြိုလ်တု တစ်လုံးအလား တရိပ်ရိပ်ပြေးနေ၏။ **ဇင်ယော်**ကား သစ်တုံးယောင်ဆောင်ထားသော မိချောင်းနှင့် မခြား ငြိမ့်ငြိမ့်ကလေးသွားလျက် ...

''ဆရာ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ ဒီကောင်ကိုမှီဖို့ နှစ်နာရီလောက် မောင်းရမယ်နော် ''

ထိုစဉ် အသက် ၅၀-နီးပါးရှိ ရေယာဉ်အုပ်ကြီးဦးကုလားက စိတ်စောနေသည့် အသံဖြင့် စကား စ,လိုက်သည်။

''ဟုတ်တယ် ဦးကုလား။ ဒါကိုဘဲ ကျွန်တော်လဲ မချင့်မရဲ ဖြစ်နေတာ။ ဒါပေမဲ့ ကျွန်တော်တို့က ဇင်ယော်ကို စက်ဖွင့်လိုက်တယ် ထားအုံး။ တစ်နာရီ ဆယ့်နှစ်မိုင်နှုန်းနဲ့ဆိုတော့ ဒီကောင်ကို ဘယ်နည်း နဲ့မှ မမှီနိုင်ဘူး။ ခုကြည့်လေ၊ ဒီကောင်သွားနေတာ အနည်းဆုံး ဆယ့်ခြောက်မိုင်လောက် ရှိမယ် ပင်လယ်တပြင်လုံးကို မွှေးနေတာဘဲ တွေ့လား''

**ကိုအောင်မိုး**ပြောသည်မှာ မှန်၏။ **ဇင်ယော်**က ဆယ့်နှစ်မိုင်နှုန်းသာ ဓိတ်ချလက်ချ သွားနိုင်သည့် သဘော်၊ အကျဉ်းအကြပ်တွေ့၍ စက်ကုန်ဖွင့်ပြီး ဆယ်လေးမိုင်နှုန်းမှာ အများဆုံးဖြစ်၏။ သို့သော် သူတို့၏ နိုးဘုတ်များမှာကား အရွယ်အားဖြင့် **ဇင်ယော်** တစ်ဝက်စာလောက်ပင် ရှိသော်လည်း မြန်နှုန်းမှာမူ အများအားဖြင့် **ဇင်ယော်**လိုက်မမှီအောင် ရှိတတ်ကြသည်၊ သို့ကြောင့်လည်း **ကိုအောင်မိုး** တို့သည် အခြေအနေကို ကြည့်ပြီး မှီလောက်မည့်ဘုတ်ဖြစ်ပါက စက်ကုန်ဖွင့်၍ လိုက်သင့်လိုက်၏။ မမှီနိုင်မည့်ဘုတ်ဖြစ်လျှင်ကား လျှပ်တပြက်နည်းကိုသာ သုံး၍ ခဲရာခဲဆစ် ဖမ်းဆီးကြရလေသည်။

သို့သော် လျှပ်တပြက်နည်းမှာ ဝိရိယသသပ်ရန် အထူးအရေးကြီး၏။ စည်းကမ်းရှိရ၏။ လျှပ်မြန်

ဖြတ်လတ်ရ၏။ အထူးသဖြင့် သဘော်တစ်စင်းလုံးကို အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ်ထားရ၏။ စကားကျယ်ကျယ် မပြောရ၊ မီးမထွန်းရ၊ ဆေးလိပ် မသောက်ရ ပြီး သဘော်ကို ရေယက် မထအောင် တတ်နိုင်သမျှ ကြိတ်၍ မောင်းရလေသည်။

အဘယ်ကြောင့်ဆိုသော် ညပင်လယ်ပြင်တွင် ဖျတ်ကနဲ တောက်လိုက်သော မီးတစ်ပွင့်သည် အနည်းဆုံး ၁၀-မိုင်ဝန်းကျင်မှ အထင်းသား မြင်နိုင်သောကြောင့် ဖြစ်၏။ ပင်လယ်ပြင်မှ အသံတစ်သံသည် အရာဝတ္ထုကို မြင်နိုင်မစွမ်းခင်ကပင် အတိုင်းသား ကြားနိုင်သောကြောင့်လည်းဖြစ်၏။ သဘော် ရေယက်များ ဖွေးဖွေးထနေလျှင်ကား မီးစုန်းဓါတ်ပါသော ပင်လယ်ရေ၏ အာနိသင်ကြောင့် ပင်လယ် တစ်ပြင်လုံးမှာ မီးရှူး မီးပန်း ထွန်းသလို လင်းလင်းထိန်နေတတ်သောကြောင့် ဖြစ်ပေသည်။

သို့ကြောင့်လည်း ကိုအောင်မိုးသည် စင်ယော်ကို ရေယက်မထ၊ စက်သံ မကြားရအောင် ကြိတ်၍ မောင်းစေခြင်းဖြစ်၏။ သဘော်တစ်စင်းလုံးကို မှောင်ချထားရုံမက စကား ကျယ်ကျယ်ပြောခြင်း၊ ဆေးလိပ် သောက်ခြင်းကို တားမြစ် ထားရခြင်းလည်း ဖြစ်ပေသည်။

တကယ်တော့ ကိုအောင်မိုးတို့သည် ညအမှောင်ကို အခွင့်ကောင်းယူ၍ မြန်မာ့ရေပိုင်နက် အတွင်းသို့ ကျူးကျော် ဝင်ရောက်လာသော ခိုးဘုတ်ကို အနီးရောက်မှ သွန်လိုက်ခြင်းဖြင့် ဖိတ်၍ ဖမ်းရန် စီစဉ်နေကြခြင်း ဖြစ်ပေသည်။

ကိုအောင်မိုးသည် တရိပ်ရိပ် ပြေးနေသော တဖွေးဖွေးသဏ္ဍာန်ကို မှန်ပြောင်းဖြင့် ကြည့်လိုက် ပြန်၏။ တရိပ်ရိပ်သဏ္ဍာန်မှာ မှန်ပြောင်းထဲတွင် သံပုံးတစ်လုံး လိမ့်သွားနေသလို မြင်နေရ၏။ အကွာ အဝေးမှာကား ၁၀-မိုင် ပြော့ပြော့ရှိပေဦးမည်။ သူသည် မှန်ပြောင်းကို ချလိုက်ပြီး တစ်စုံတစ်ခုကို အမှတ်ရဟန်ဖြင့် အနီးရှိ စကားပြောပိုက်ကို တတုတု မြည်အောင် နှစ်ချက်သုံးချက် မှုတ်လိုက်၏။ ပြီးမှ အဖုံးကိုဖွင့်၍ လက်တစ်ဘက်က ကိုင်းရင်း ...

''စက်ဆရာ ... စက်ဆရာ၊ ကျွန်တော်အောင်မိုးပါ ကြားလား'' ဟု အသံပေးလိုက်လေသည်။ ထိုစဉ် တစ်ဖက်စက်ခန်းမှလည်း တတုတုအသံနှင့်အတူ စကားပြောသံများက ခပ်သဲ့သဲ့ ပေါ်လာ လေသည်။

''ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်မောင်မြပါ၊ ကြားရတယ် ပြောပါ''

''ကိုမြ ကျွန်တော်တို့ ဇာအက်ကြီးထိပ်ကို ဦးတည်ပြီးမောင်းနေတယ်၊ ခုထိတော့ စက်ကို ပုံမှန် နှုန်းဘဲ သုံးနေတယ်၊ ဒါပေမဲ့ လိုအပ်ရင် စက်နှစ်လုံးကို အကုန် ဖွင့်ချင်ဖွင့်မယ်၊ ခင်ဗျား ရဲဘော်တွေ ဘယ့်နှယ်လဲ၊ စက်အခြေအနေကော ကောင်းရဲ့လား''

ကိုအောင်မိုးသည် စကားပြောပြီးသည်နှင့် ကြေးပိုက်ကို သူ့နားနှင့် ခပ်နီးနီးကပ်လိုက်၏။

''ဟုတ်ကဲ့ ဆရာ၊ စက်အခြေအနေက အားလုံး ကောင်းပါတယ်၊ ဆီလောင်း ကာလူးနဲ့ စက်ဆရာ ကိုလှမောင်လဲ ကျွန်တော်နဲ့အတူ အသင့်ရှိနေပါတယ်။ ဒါနဲ့ ဆရာ ခု ကျွန်တော်တို့ လိုက်နေတဲ့ အကောင်က ဖေင်းဖြစ်မယ်ထင်သလား''

စက်ဆရာကိုမြကလည်း ဖေင်းကို အထူး စိတ်ဝင်စားနေသူ ဖြစ်၏။ တကယ်တော့ ကိုမြ သာမက သဘော်တစ်စင်းလုံးက ဖေင်းကိုပင် အာရုံထားနေကြသည်သာ ဖြစ်၏။ မှန်ပါသည်၊ ဖေင်းကို သာရမိလျှင် မြန်မာ့ပင်လယ်ပြင်အတွင်းသို့ ကျူးကျော် ဝင်ရောက်နေသော ခိုးဘုတ်တကာတို့၏ ခေါင်းချုပ်ကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ အမြစ်ဖြတ်နိုင်လိမ့်မည်ဟု သူတို့အားလုံးက ယူဆ

ထားကြသည် မဟုတ်ပါလား။

သို့သော် ယခုမြင်နေရသည့် ခိုးဘုတ်ကို ဇေဝင်း ဟုတ်မဟုတ် ပြောရန်မှာကား အချိန်စောလွန်းလှပေသေးသည်။ သို့ကြောင့်လည်း **ကိုအောင်မိုး**က စကားပြောအဝုံးကို တစ်ဖက်က ကိုင်ရင်း ...

"အင်း ... ခုလိုက်နေတဲ့ကောင်ကို ဇေဝင်း ဟုတ်မဟုတ် ပြောဖို့တော့ မလွယ်သေးဘူးဗျ ကိုမြ။ ဆိုလိုတာက ဇေဝင်း မဟုတ်ဘဲ ပေုတင်း ဖြစ်ချင်လဲ ဖြစ်နေမှာပေါ့ဗျာ၊ ဟား ... ဟား"

သူက အရွှန်းဖောက်ရင်း ခပ်အုပ်အုပ် ရယ်လိုက်၏။ သို့သော် သူ့ရယ်သံကြောင့် **ဦးကုလား**နောက်နားတွင် စားပွဲတစ်လုံးဖြင့် ငိုက်မြည်းနေဟန်ရှိသော **ကိုလှဦး**မှာ မသိမသာ ခေါင်းထောင်ထလာလေသည်။

"အေပေါ့ ဆရာရယ်၊ ကျွန်တော်တို့ကတော့ ကိုယ့်ရေထဲ ဝင်လာတဲ့ကောင်ဆိုရင် ပေုတင်း ဖြစ်ဖြစ်၊ ဖောင်ရိုးဖြစ်ဖြစ် ဖမ်းမှာဘဲ။ အေမေ့ နည်းနည်းတော့ အိပ်ငိုက်ပီ ဆရာ ဟဲ ... ဟဲ ..."

သူ့စကားကြောင့် **ကိုအောင်မိုး**မှာ သွားတန်းများပေါ်အောင်ပင် ပြုံးလိုက်မိ၏။ ပြီး ကိုလှဦးကိုလည်း မသိမသာ ကြည့်လိုက်မိသည်။ တကယ်တော့ သူတို့တွေ အိပ်ငိုက်မည်ဆိုကလည်း အိပ်ငိုက်လောက်ပေပြီ။ အချိန်မှာ ညဉ့်သန်းခေါင်ပင်ကျော်၍ နံနက် တစ်နာရီနီးပါးပင် ရှိနေပြီ မဟုတ်ပါလား။

သို့သော် သူတို့၏အလုပ်တာဝန်မှာ အချိန်ကို ကန့်သတ်၍ ရသည်မဟုတ်၊ ညဉ့်နက်သန်းခေါင်ကျမှ ချွေးပြိုက်ပြိုက်ကျအောင် အလုပ် လုပ်ချင်လည်း လုပ်ရ၏။ တလောကလုံး မိန်းမူးနေသည့် အရုဏ်ဦးတွင်မှ အသက်ကို စွန့်၍ သူနိုင် ကိုယ်နိုင် ကြိုးချင် ကြိုးကြရ၏။ သည်အထဲ မမျှော်လင့်ဘဲ ပင်လယ်မုန်တိုင်းနှင့် တိုးပြီဆိုလျှင်ကား သူတို့မှာ အိပ်ဖို့ဝေး၍ အသက်ကိုပင် ဖက်နှင့်ထုတ်ထားတတ်ကြရလေသည်။

"ဒီမှာ ကိုမြ"

**ကိုအောင်မိုး**က သူ့နောက်နားရှိ **ကိုလှဦး**ကို မသိမသာ တစ်ချက်ကြည့်လိုက်ရင်း သူ့စကားကို ဆက်လိုက်၏။

"ခင်ဗျားတို့က စက်ခန်းထဲမှာနေရတော့ အိပ်ငိုက်မယ်ဆိုတာ ကျွန်တော် ကောင်းကောင်း ယုံပါတယ်ဗျား။ အေမေ့ လေတဟူးဟူး တိုက်နေတဲ့ ပဲ့စင်မှာလဲနေသေး။ မနေ့ကလဲ တစ်နေလုံး အိပ်ရတဲ့လူက အရုပ်ကြိုးပြတ် ဖြစ်တယ်ဆိုတာကတော့ ဧကန္တ တစ်ခုခုဘဲဗျ၊ အဲဒီ ဘယ်သူလဲ သိလား"

"အင်း ... အင်း ပြောပါအုံး ဆရာ၊ ဆရာ့အဖွဲ့ထဲက ဘယ်သူ လွှမ်းနာကျနေလဲ"

**ကိုအောင်မိုး**က ပြုံးပြီးပြီးနှင့် စကားပြောလိုက်ကို ပါးစပ်နှင့်တော့လိုက်သည်။ ပြီးတော့ မြေပုံစားပွဲတွင် ထိုင်ကာ အခုထိ ငြိမ်ချက်သားကောင်းနေသော **ကိုလှဦး**ကို တမင်ကလိလိုဟန်ဖြင့် ...

"ဟဲ ... ဟဲ .. ဘယ်သူ ရှိရမလဲဗျ၊ ကင်းထွက်လာတာမှ နှစ်ရက်လောက်ရှိသေး၊ တချစ်ထဲချစ်နေတဲ့ မချစ်မေရဲ့ အချစ်ဦး၊ ကျွန်တော်တို့ရဲ့ နတ်လမ်းညွှန်ဆရာကြီးကိုလှဦးပေါ့ဗျာ ဟဲ..ဟဲ"

**ကိုအောင်မိုး**က အသံကို အုပ်၍ရယ်ရင်း စကားပြောပိုက်ကို ပိတ်လိုက်၏။ သည်တွင် သူ၏ ချစ်လှစွာသော မချစ်မေအမည်ကို ကြားလိုက်ရသဖြင့် **ကိုလှဦး**မှာ ပြုံးပြုံးပြာပြာဖြင့် ထလာ၏။ သို့သော် **ကိုအောင်မိုး**က မသိကျိုးကျွံ လုပ်နေလိုက်ခြင်းဖြင့် သူ့ကို စ,လိုက်ပြန်သည်။

**ကိုလှဦး**က ပိန်ပိန် ပါးပါး မျက်နှာသွယ်သွယ်ဖြင့် သဘောကောင်းရုံမက အပြောလည်း ကောင်းသူဖြစ်၏။ **ဦးဆန်းဖေမောင်**လိုပင် လှုဝင်မှုကြီးကြပ်ရေး လက်ထောက်တစ်ဦးပင် ဖြစ်သော်လည်း ရေကြောင်းသွားလာမှုတွင် သင်တန်းဆင်းတစ်ယောက်ပီပီ အထူး ကျွမ်းကျင်သူဖြစ်၏။ ရေကြောင်း

ဆိုင်ရာ ရေပုံ၊ မြေပုံကို ကောင်းစွာ နားလည်၏။ သို့ကြောင့်လည်း သွားလိုသည့် ခရီးနှင့် သင်္ဘော၏ ဦးတည်လမ်းကြောင်းကို အန္တရာယ်ရှိမရှိ အမှန်ဆုံးနှင့် အမြန်ဆုံး အဖြေထုတ်ပေးနိုင်သူ ဖြစ်ပေသည်။

ဤသည်ကို ရည်ရွယ်၍ ကိုအောင်မိုးတို့က သူ့ကို နတ်လမ်းညွှန်ဆရာဟု ချစ်စနိုးခေါ်ကြခြင်းဖြစ်၏။ သို့သော် နတ်လမ်းညွှန်ဆရာသည် သင်္ဘောကိုသာ လမ်းညွှန်သည်မဟုတ်၊ အချစ်ကိုလည်း လမ်းညွှန်တတ်သူ ဖြစ်၏။ ချစ်ဦးသူကို ကံထူးလှစွာ ဝိုက်တွေ့ရသူဖြစ်၍လည်း ချစ်ဦးကိုကို ဖွဲ့ဆိုနိုင်သူဖြစ်၏။ ဒါကို အကြောင်းလုပ်၍ သူငယ်ချင်းများက သူ့ကို ကျီစားကြ၏။ သို့သော် ကိုအောင်မိုးကမူ သူ့လို အချစ်ရေး ကံကောင်းသူတစ်ယောက်၏ ချစ်ဦးကိုကို နားထောင်ရခြင်းမှာ တသွင်သွင်ကျနေသော စမ်းရေသံကို ကြားရသလို ကြည်နူး အားကြွဖွယ်ကောင်းလှသည်ဟု ယူဆမိပေသည်။

" အာစရိ ကျွန်တော်ကို ခေါ်လား "

ကိုလှဦးက ရော့ရဲနေသော သူ့ဘောင်းဘီကို ပြင်ဝတ်ရင်း မေးလိုက်၏။ အမှန်တော့ သူ့အိပ်ပိုက်

" ညပင်လယ်ပြင်တွင် ဖျတ်ကနဲ တောက်လိုက်သော မီးတစ်ပွင့်သည် အနည်းဆုံး ၁၀-မိုင် ဝန်းကျင်မှ မြင်နိုင်၏။ "

နေသည် မဟုတ်။ ဇင်ယော် အခု ချိတက်နေသော လမ်းကြောင်းမှာ သူရော ကိုအောင်မိုးပါ ဆယ်ကြိမ်မက သွားလာဘူးပြီးဖြစ်၍ လတ်တလော အလုပ်မရှိသေးသဖြင့် တစ်စုံတစ်ခုကို အတွေးလွန်နေခြင်းသာ ဖြစ်ပေသည်။ သို့သော် နှုတ်ဆိတ်လွန်းသဖြင့် တမင်စ,ချင်နေသော ကိုအောင်မိုးက

"ဟင်၊ ကျွန်တော် မခေါ်ရပါလား ကိုလှဦး။ ဒါပေမဲ့ ခင်ဗျား ချစ်ဇနီး မချစ်မေအကြောင်းကတော့ ကျွန်တော် ကိုပြန့် ပြောလိုက်မိတယ် ထင်တာဘဲ "

သူကပြောရင်း ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်ပြန်၏။ မီးပန်း မီးပေါက်လို တလိမ့်လိမ့် ပြေးနေသော သင်္ဘောမှာ မီးတန်းကြီးတစ်ခုလိုပင် မြင်ရလေပြီ။

"ဆရာက မခေါ်ဘူးသာ ဆိုတယ်၊ ကျွန်တော့် ချစ်သူအကြောင်းကိုပြောတော့ ချစ်သူနဲ့ ချစ်ရသူ ဆိုတာ အမည်သညာသာကွဲတာ အနက်အဓိပ္ပာယ်ကတော့ အတူတူဘဲ မှတ်လား ဆရာရဲ့"

"ဟား ... ဟား .. ဟား ဟုတ်လိုက်လေ နတ်လမ်းညွှန်ဆရာ့ရေ၊ ခင်ဗျားကတော့ ပိုကို ပိုလွန်းဘီ ထင်တယ်၊ ကဲ .... ခင်ဗျား ချစ်ကဗျာကို နောက်မှဖွဲ့၊ ခုတော့ အလုပ်လုပ်ကြအုံးစို့ ရော့ မှန်ပြောင်းယူပြီး ဘုတ်ကို အသေအချာ ကြည့်ထား။ ကျွန်တော် ကုန်ပတ်ကင်းနဲ့ ခန်းမထဲက ရဲဘော်တွေကို သွားကြည့်လိုက်ဦးမယ် "

ကိုအောင်မိုးက ပြောပြောဆိုဆိုဖြင့် မှန်ပြောင်းကို ချွတ်ပေးလိုက်၏။ ဇာအက်ကြီးအတွင်းပိုင်းသို့ ဝင်လာနေသော ဘုတ်ကို အုပ်မိရန်မှာ အနည်းဆုံး နောက်တစ်နာရီခန့် မျှော်လိုက်ရဦးမည်။ သို့သော်

အချိန်မှာ သိပ်မရှိတော့။ ခုအတိုင်းဆိုပါက နိုးဘုတ်ကို ဇာအက်ကြီးအနောက်များတွင် ဝိတ်မိရန် သေချာနေလေပြီ။

သို့ကြောင့် **ကိုအောင်မိုး**သည် အစစ အဆင့်သင့် ရှိမရှိ သူ့အဖွဲ့သားများကို သွားကြည့်ရန် ပွဲဝင်ထက်မှ ဆင်းခဲ့၏။ လေမှာ ဝင့်ရာမှ တစီစီမြည်လာလေပြီ။ လှိုင်းမှာလည်း တအိအိလှုပ်ရာမှ တဖျတ်ဖျတ်လူးလာ၏။ သို့သော် ပင်လယ်ပြင်မှာကား အမှောင်ဖုံးဆဲ၊ အဝ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ဖြို။

သူသည် **ဇင်ယော်**လက်ရမ်းကို သတိနှင့်ကိုင်ရင်း ဦးပိုင်း ကုန်းပတ်သို့ ခပ်သွက်သွက် လျှောက်ခဲ့၏။ တအိအိလှုပ်နေသော **ဇင့်ယော်**ဦးများတွင် သေနတ်ကိုထမ်း၍ ကင်းစောင့်နေသော မဲမဲသဏ္ဍာန်ကို တွေ့ရ၏။ ထိုကင်းစောင့်ရဲဘော်၏ နောက်နား ကျောက်ဆူးပုံအကြားတွင်ကား ကြယ်ရောင် မှုန်မွှားမွှားအောက်တွင် ဝိုင်းဖွဲ့ထိုင်နေကြသော **ဦးဆန်းမောင်**တို့ လူစု။

---

## “ပင်လယ်ပြင်မှ အသံတစ်သံသည်၊ အရာဝတ္ထုကို မြင်နိုင်မစွမ်း ခင်ကပင် အတိုင်းသား ကြားနိုင်လေသည်။”

---

သူသည် **ဦးဆန်းမောင်**နှင့် မတ်တတ်ရပ်လျက်ပင် အခြေအနေအရပ်ရပ်ကို ပြောဆို တိုင်ပင်လိုက်၏။ အထူးသဖြင့် နိုးဘုတ်သည် လက်နက်ဆောင်လေ့ရှိသော **ဇာင်း**ဖြစ်ခဲ့လျှင် မည်သို့ မည်ပုံ ချဉ်းကပ်ကာကွယ်ရမည် ဟူသော အစီအစဉ်များကို တိုင်ပင် ပြောဆိုခြင်းပင်တည်း။ မှန်ပါသည်။ **ဇာင်း**နှင့် ပတ်သက်သော သတင်းများကို ရှေးကတည်းက ငါးမိုးတန်ကေးများကို လိုက်လံဖမ်းဆီးနေရသော **ကိုအောင်မိုး**တို့မှာ အပက်ပက်က အထူး သတိဝီရိယထားနေကြရသည်။ တကယ်တော့ ငါးမိုးသမားတို့သည် တစ်ခါတရံတွင် ပင်လယ်ဓမြ ဆန်ဆန် ပြုမူလေ့ရှိကြသဖြင့် သူတို့ကို မည်သည့်နည်းနှင့်မှ လျှော့တွက်၍ မဖြစ်ချေ။

သို့ကြောင့်လည်း **ကိုအောင်မိုး**သည် **ဦးဆန်းမောင်**နှင့် ဝနစ်တကျ စီစဉ်ပြီးသည်နှင့် သူ့ အိပ်ခန်းသို့ဝင်ကာ အဆင့်သင့် ယမ်းတိုးထားသော ခြောက်လုံးပြူးငါးပတ်ကို ယူပတ်လိုက်၏။ ပြီး‚စစ်ဂျာကင်တစ်ခုကိုဝတ်၍ လက်နှိပ်မီးတစ်လက်ကို ဆွဲကာ ကယန်းကတန်းပင် သဘော်ခန်းမထဲသို့ဆင်းခဲ့လေသည်။

သို့သော် ခန်းမထဲသို့ မဆင်းမီ **ဦးရွှေသန်း** ဦးစီးသည့် ပွဲကင်းကိုလည်း ခဏ ဝင်ကြည့်ရသေး၏။ ပွဲကင်းမှာ လက်နက်ကိုင်အဖွဲ့သား ၄–၅ ယောက်နှင့် ဝနစ်တကျ ပြင်ဆင်ပြီးမှ သူသည် သဘော်ခန်းမထဲသို့ လက်နှိပ်မီးကို အောက်စိုက်ထိုးပြီး တစ်လှမ်းချင်းဆင်းလာခဲ့သည်။ လူ ၁၀–ယောက်စာမျှ ချောင်ချောင် ထိုင်နိုင်သော ထမင်းစားပွဲကြီးမှာ အမှောင်ထဲတွင် ဓကတ လဲလျောင်းနေ၏။ အဖွဲ့သားများ အမျှင်းမြေရာဖြစ်သည့် ဇယ်တောက်ခုံ၊ စစ်တုရင်ကားချပ်နှင့် ကျားခွက်တို့ကား ဟိုမှာ သည်မှာ ပြန့်ကျဲနေ၏။

ဘေးပတ်လည်ရှိ အိပ်ခန်းများတွင်ကား အနားရထားသော သူ့အဖွဲ့သားအချို့ နှစ်ခြိုက်စွာ အိပ်ပျော်နေကြ၏။ သို့သော် ရေချိုးခန်းအနီးရှိ အိပ်စင်တွင်မူ တစ်စုံတစ်ယောက်သည် မှန်ပေါက်ကို ဖွင့်၍ ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရလေသည်။

''ဟော့ ဗိုးသောင်းဇေ ထင်တယ်၊ မအိပ်သေးဘူးလား''

ကိုအောင်မိုးက တတ်အပ်သိတန်မြင့် နာမည်ကို ခေါ်၍ အသံပြုလိုက်၏။ ပြီး လက်နှိပ်မီးကို တစ်ချက်အောက်စိုက်ထိုးပြီး၊ သူ့အနီးသို့ လျှောက်သွား၏။

'' ဟုတ်တယ်ဆရာ၊ ကျွန်တော် တမင် စောင့်နေတာ ဆရာတို့ အခုလိုက်နေတဲ့ နိုးဘုတ်တာ တကယ်လို့များ နာမည်ကြီး ဇင်းဖြစ်နေရင် ကျွန်တော်တို့ ကူတန်တာ ကုရအောင်လို့ပါ ''

ကိုသောင်းဇေ၏ စကားကြောင့် ကိုအောင်မိုးက သူ့လက်ကို အားပါးတရ ဖမ်းယူဆုပ်ကိုင် လိုက်ရင်း ...

''ဗျာ... ကိုသောင်းဇေ ခင်ဗျား စိတ်ထားမျိုးကို ကျွန်တော် သိပ်ဂုဏ်ယူတယ်၊ တိုင်းပြည်အတွက် ကျူရာတာဝန်ကို ထမ်းဆောင်တဲ့အခါမှာ ဒီလို အသိစိတ်ရှိတဲ့လူတွေ အများကြီးလိုတယ်ဗျာ၊ ဒါပေမဲ့ သိပ်လဲ စိတ်မပူပါနဲ့ အနားရခိုက် စိတ်ချ လက်ချသာအိပ်ပါ။ လိုရင်တော့ ခေါ်ရမှာပေ့ါ ''

''မဟုတ်ဘူး ဆရာ၊ ဒီနိုးဘုတ် ရမ်းကားနေတဲ့အကြောင်း ဆရာလဲ သိသားပဲ၊ ကျွန်တော်တို့ ဘိတ်က,မထွက်ခင် တစ်ရက်ပဲမို့လား။ ဒီကောင် လမ်းပိကျွန်းက ကျွန်တော်တို့ ငါးစခန်းကို အဝေးက လှမ်းပစ်သွားတာ၊ ပြီးတော့ ကျွန်တော်တို့ငါးလှေတွေကိုလဲ မြိမ်းခြောက်ပြီး ငါးတွေ ဝယ်သွားတယ်ဆို''

''ဟုတ်တယ်၊ ကျွန်တော်တို့ စုံစမ်းရသမျှတော့ ဒီကောင်ဘဲဗျ၊ ငါးခိုးရုံတင်မကဘူး။ ပင်လယ် မြေလိုပါ ဗိုလ်ကျနေတာ''

''ဒါကြောင့် ပြောတာပေါ့ ဆရာ၊ ဒီကောင်က လက်နက်ပုန်းပါ တပ်ဆင်ထားတော့ ကျွန်တော်တို့ သတိထားနိုင်မှ တော်ကာကျမယ်မှတ်လား''

ကိုသောင်းဇေက မှန်ပေါက်မှ တစ်ဆင့် ကြယ်ရောင်ပြိုးပြက်နေသော ပင်လယ်ပြင်ကို ကြည့်ရင်း အတော်ပင် မချင့်မရဲဖြစ်နေပုံရ၏။ ကိုအောင်မိုးမှာလည်း အစစ ပြင်ဆင်ထားသူ ဖြစ်သည့်တိုင် ကိုသောင်းဇေနှင့် ဆွေးနွေးလိုက်ရသဖြင့် ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ သို့သော် သူတို့ နှစ်ယောက် စကားမဆုံးခင်ပင် မှောင်မဲနေသော လှေဦးမှ ခြေသံများနှင့်အတူ ...

''ဆရာ ... ဆရာ ကိုအောင်မိုး ခဏ မြန်မြန်လာပါအုံး။ ဘာဖြစ်တယ် မသိဘူး၊ နိုးဘုတ် နောက်ကြောင်း ပြန်ဆုတ်သွားတယ် ...''

ကိုအောင်မိုးမှာ 'ဟင်' တစ်လုံးသာ လွှတ်ကနဲ ရွတ်လိုက်ပြီး၊ ပဲ့စင်ထက်သို့ အပြေးအလျှန်း တက်သွား၏။ မှန်ပါသည်၊ စောစောက မီးတန်းကြီးလို တအက်ကြီး အနောက်ဖျားသို့ ဝင်သွားနေသော နိုးဘုတ်မှာ အခု အရှေ့ဘက်သို့ တရိပ်ရိပ် ပြန်ထွက်နေလေပြီ။

''နေအုံးဗျ ကိုလှဦး။ ဒီကောင် နောက်ကြောင်း ပြန်ထွက်တာ ဘယ်လောက်ကြာပီလဲ ''

ကိုလှဦးမဖြေခင်မှာပင် ပဲ့ထိန်းကို ဘယ်ညာရေ့နေသော ဦးတုလားက ...

''ခုဘဲ ဆရာ၊ ခုနက ဇင်ယော်လှိုင်းတစ်လုံး ရိုက်လို့ တစ်ချက်လူးသွားပြီး မကြာခင်ပဲ ဒီကောင် ပြန်ထွက်တာ ကျွန်တော် ရိုးရိုးမျက်စိနဲ့တောင် မြင်နေရပြီဘဲ ''

''အေးဗျာ၊ ကျွန်တော်လဲ မီးကို အပြင်မှာ မထိုးမိပါဘူး။ သဘော်ခန်းမထဲမှာလဲ အောက်စိုက်

ထိုးတာဘဲ၊ ဒီလဲ ကျွန်တော်တို့ လုပ်ရိုးလုပ်စဉ်ဘဲဗျာ၊ ဒါနဲ့ ဇင်ယော် သွားနှုန်းကော ..."

ကိုအောင်မိုးမှာ ပစ္စည်းပျောက်သော ကျောင်းသားတစ်ယောက်ပမာ အကြောင်းအရင်းကို လိုက်ရှာနေမိ၏။

"ဇင်ယော်သွားနှုန်းတော့ မမေးနဲ့ ဆရာ၊ ထွက်ကထဲက ချိန်ထားတဲ့အတိုင်းဘဲ၊ ကျွန်တော်တောင် မောင်းရတာ ပျင်းလာဘီ"

ဦးကုလားက သူ့ထုံးစံအတိုင်း ခပ်တိုတိုပင် ပြောပြီး၊ သဘော်ကိုသာ လမ်းကြောင်းပေါ်သို့ တစိုက်မတ်မတ်တင်ပေးနေ၏။ သို့သော် မြူးကနဲ့ ဘာလုပ်ရမှန်းမသိဘဲ ဦးတည်လမ်းကြောင်း ပျောက်သွားသူများကား ကိုအောင်မိုးနှင့် ကိုလှဦး။

" ဆရာ ဘယ့်နှယ်လုပ်မလဲ၊ ကျွန်တော်တော့ မိုလို မိုပြား ဇက်ကုန်ဖွင့်ပြီး ဇာအက်ကြီးထိပ်က သွားပိတ်ချင်တာဘဲ၊ ဆရာ ဘယ်လိုသဘောရလဲ "

ကိုလှဦးက မှန်ပြောင်းတစ်ဘက်ဖြင့် သဲသဲမဲမဲ ကြည့်နေသော ကိုအောင်မိုးကို တိုင်ပင်သံဖြင့် မေးလိုက်၏။ ပြီး ပြောပြောဆိုဆိုဖြင့် မှန်ပြူတင်းတစ်ချပ်ကို အသာလှစ်လိုက်ရာ ပင်လယ်လေမှာ ရေတံခါးကို ဖွင့်လိုက်သလို ဟောကနဲ့ ဝင်လာလေသည်။

"အေးဗျာ ကိုလှဦး။ ဒီနည်းဘဲ ရှိတာဘဲ၊ ဒါပေမဲ့ ဒီကောင်က အတော်လေးကို မြန်တော့ ကျွန်တော်တို့ ဇာအက်ကြီးထိပ်အရောက်လောက်မှာ ကပ်ပြီး လွတ်သွားနိုင်တယ်၊ သို့ပေမဲ့ လတ်တလော တော့ ဒီနည်းဘဲ သုံးရမယ်ထင်တယ်၊ ဘယ့်နှယ်သဘောရလဲ ဦးကုလား"

ကိုအောင်မိုးက လေတဟူးဟူးကြောင့် ဖွာရရာ ကျလာသော ဆံပင်များကို သိမ်းတင်ရင် ဦးကုလား၏ သဘောထားကိုပါ လှမ်းတောင်းလိုက်သည်။ သည်တွင် နှုတ်လေးသလောက် အေးဆေး တည်ငြိမ်လှသူ ဦးကုလားက ပဲ့ထိန်းကို ခဏလွှတ်ပြီး ဘူးငယ်ဖြင့် ထည့်ထားသည့် ဆေးရွက်တစ်ဖဲ့ကို ငုံရင်း ...

"ဆရာတို့ သွားချင်တဲ့နေရာကိုသာ ပြောပါ၊ ဘုတ်ကို မိုမမို ချင့်ချိန်ဘို့က ဆရာတို့ တာဝန်၊ လမ်းကောင်း မကောင်းနဲ့ ရောက်အောင်ပို့ဘို့က ကျွန်တော်တာဝန်၊ ခုသွားမယ့် လမ်းကတော့ ဘာမှ ပြောစရာမလိုဘူး။ စိတ်ချ လက်ချသွားနိုင်သဟာဘဲ "

အညာဆက်အောက်သားဖြစ်သူ ဦးကုလားက သူ့ဝသီအတိုင်း ငုငုစင်းစင်းပြောရင်း ကိုအောင်မိုးကို တည်ငြိမ်သောမျက်နှာဖြင့် လှမ်းကြည့်လိုက်၏။ အမူအရာမှာ စစ်ထွက်မည့် စစ်သား ကောင်းတစ်ယောက် စိတ်စောနေသည့် သွင်ပြင်ပင်တည်း။

"ကဲ ... ဒါဖြင့်လဲ အချိန်သိပ်မရဘူး ဦးကုလား။ ဇက်နှစ်လုံးစလုံးသာ အကုန်ဖွင့်တော့၊ ယာ ၄၅ ဒီဂရီ ဇာအက်ကြီးထိပ် ချိန်ပေါ့၊ ကိုလှဦးကလဲ ခန့်မှန်းချက်ကို ထုတ်ပါအုံး။ ကျွန်တော် ဇက်ခန်းနဲ့ ဆက်သွယ်လိုက်အုံးမယ် "

ကိုအောင်မိုးက မှန်ပြောင်းဖြင့် နောက်ဆုံးအကြိမ်အဖြစ် တစ်ချက်ချောကြည့်ရင်း ဆုံးဖြတ်ချက်ကို အမြန်ဆုံးချလိုက်သည်။ တကယ်တော့ မိုးဘုတ်နှင့် ဇင်ယော်မှာ ၃-မိုင်ခန့်သာ ရှိတော့၍ ဘုတ်၏ ကိုယ်ထည်ကိုပင် မဲမဲရိပ်ရိပ် မြင်လာရပြီ။

သို့သော် မိုးဘုတ်၏ မြန်နှုန်းမှာ ဇက်နှစ်လုံးတပ်ထားဟန်ဖြင့် ပင်လယ်တစ်ပြင်လုံးမှာ မီးရှူးမီးပန်း လွှတ်သလို ဖွေးဖွေးတောက်နေလေသည်။ မည်သို့ဆိုစေ ဘုတ်က ဇာအက်ကြီးကို အလျှားလိုက်

မြေးတွက်ရမည့် အနေအထား။ ဇင်ယော်ကမူ ၆၆ ရပ်တည်ရာမှ ၄၅ ဒီဂရီ စောင်း၍ ဇာအက်ကြီး ထိပ်ကို ဖော်ဖြတ်ဝင်ရမည့် အခြေအနေမို့ တပန်းသာသည်ဟု ဆိုရမည်။ သို့သော် ဘုတ်က အနည်းဆုံး ၁၆-မိုင်နှုန်း။ ဇင်ယော်ကမူ အများဆုံး ၁၄-မိုင်နှုန်း။

မည်သို့ဖြစ်စေ ပင်လယ်ပြင်မှာ ယာဉ်ချင်း ယှဉ်ရာတွင် မြန်နှုန်းသည် အဓိက မဟုတ်လှ၊ ကျွမ်းကျင်မှုနှင့် လိမ္မာပါးနပ်မှုကသာ နောက်ဆုံး အဆုံးအဖြတ်ပေးတတ်ကြောင်း၊ ကိုအောင်မိုးသိပြီး ဖြစ်၏။ တကယ်တော့ ကျွမ်းကျင်သူနှင့် ကာကွယ်သူတို့၏ အနိုင်အရှုံးမှာ ရပ်ဝန္ထုပစ္စည်းပေါ်တွင် မူ မတည်၊ တက်ကြွသော စိတ်ဓါတ်နှင့် ကျယ်ပြန့်သော 'အသိ' အပေါ်တွင်သာ ရာနှုန်းပြည့် မူတည် နေသည် မဟုတ်ပါလား။

"ဆရာ ဝဲ,ယာ စက်နှစ်လုံး ဖုံးလိုက်စပ်၊ ယာ ၄၅ ဒီဂရီ အသင့်ဘဲ"

## "တိုင်းပြည်အတွက် ကျရာတာဝန်ကို ထမ်းဆောင်တဲ့အခါမှာ ဒီလို အသိစိတ်ရှိတဲ့လူတွေ အများကြီး လိုတယ်ဗျာ"

ချက်ချင်းဆိုသလိုပင် ဦးကုလားနှင့် ကိုလှဦး၏ အသံက ငြိမ်တုပေါ်လာ၏။ သို့သော် သူတို့အသံမှာ မဆုံးသေး၊ တအိအိ တငြိမ့်ငြိမ့် သွားနေသော ဇင်ယော်မှာ တစ်ချက်သာ တုံ့ကနဲ ဖြစ်သွားပြီး အစာကို အလျှားထိုး ပြေးလိုက်သော ငမန်းတစ်ကောင်လိုပင် ပင်လယ်ပြင်ကိုဖြတ်ကာ အားသွန်၍ ထွက်ခဲ့လေသည်။

အချိန်မှာ စက္ကန့်ပိုင်းသာ ကြာ၏။ တချိန်တည်းတွင် ကိုအောင်မိုး၏ လက်များကလည်း အနီရှိ မီးခလုပ်များပေါ်သို့ စန္ဒယားနှိပ်သလို တဖျောက်ဖျောက် နှိပ်လိုက်ရကား စောစောက မှောင်မဲနေသော ဇင်ယော်တစ်စင်းလုံးမှာ မီးပဒေသာ ဆင်လိုက်သလို လင်းထိန်သွားလေသည်။ တဝင့်ဝင့် လေမှာကား စူးရှလာ၏။ တအိအိ လှုပ်သော လှိုင်းမှာလည်း ခေါင်းချင်းဆိုင်ကာ ယိမ်းထိုးလာလေပြီ။ ဇင်ယော် ထိပ်ဖျားမှ မီးငယ်နှစ်လုံးကြားတွင် ဖျတ်ဖျတ်လူးနေသော မြန်မာ့ အောင်လံသည်ကား မာန်တုန်ကြွားကော ငွားငွားစွင့်လျက်။

ကိုအောင်မိုးသည် ပဲ့စင်ထက်မှ ဇင်ယော်ကို တစ်ချက်လှမ်းမျှော်ကြည့်လိုက်ပြီး အထဲသို့ ပြန်ဝင်လိုက်၏။ ပဲ့စင်ခန်းကိုမူ မီးထွန်း၍ မဖြစ်။ သို့သော် နောက်နားရှိ မြေပုံစားပွဲတွင်မူ ကိုလှဦးသည် စပရိန်း တတ်ထားသော မီးငယ်ကို ဖွင့်လိုက်ပြီးဖြစ်၏။ အုပ်ဆောင်းတတ်၍ လိုရာရွှေ့နိုင်သော မီးပွင့်ဖြစ်၍လည်း ဦးကုလားကို အနှောက်အယှက်မပေးနိုင်။ ကိုလှဦးကား စားပွဲတွင် ဖြန့်ခင်းထားသော တနင်္သာရီကမ်းရိုးတန်းနှင့် ကပ္ပလီပင်လယ်ပြင်မြေပုံကြီးပေါ်တွင် ခဲတန်၊ ပေတန်၊ ကျင်တွယ်တို့ဖြင့် အလုပ်ရှုပ်နေလေပြီ။

ကိုအောင်မိုးမှာလည်း စက်ခန်းနှင့် အဆက်အသွယ်လုပ်၍ အခြေအနေ အရပ်ရပ်ကို ညှိနှိုင်း

ကြီးသည်နှင့် မှန်ပြောင်းတစ်လက်ဖြင့် အကြိုတ်အနယ် ဖြစ်နေပြန်လေပြီ။ ဘုတ်မှာ ဇာအက်ကြီးအရှေ့ဘက် မြင်ပရေကြောင်းရှိရာသို့ အားသွန်၍ ပြေးထွက်နေသလို ဇင်ယော်ကလည်း ရေလှိုင်းကြီးများကို ဖွေးဖွေး ထအောင် တရိပ်ရိပ် နှင်နေလေသည်။

သူသည် စိတ်လှုပ်ရှားဟန်ဖြင့် ညကြည့်နာရီကို မြောက်ကြည့်လိုက်၏။ ၂-နာရီ ၁၅ မိနစ်။ ဘုတ်ကို မှီမှ မှီပါ့မလား။ အကယ်၍ ဘုတ်ကို မအုပ်မိရင် သည်ညအဘို့ ရွှေကျွန်းကိုဘဲ ပြန်ပြီး စခန်း ချရ ကောင်းမလား။ စောစောက သည်မျှ စနစ်တကျ စီစဉ်ထားပါလျက်နှင့် ဘာကြောင့် မိုးဘုတ် ရုတ်တရက် ပြန်ဆုတ်သွားရသလဲ၊ သူ့ကြောင့်လော သို့မဟုတ် တစ်စုံတစ်ယောက်၏ ချွတ်ယွင်းချက် ကြောင့်ပင် ဖြစ်သလော။

ကိုအောင်မိုးသည် တာဝန်ရှိသူပီပီ တရိပ်ရိပ်သွားနေသော ဘုတ်နောက်သို့ လိုက်ကြည့်ရင်း

“ နိုးဘုတ်သည် ဇာအက်ကြီး အရှေ့ဘက် မြင်ပရေကြောင်းရှိရာ သို့ အားသွန် ပြေးထွက်နေသလို၊ ဇင်ယော်ကလည်း ရေလှိုင်း ကြီးများကို ဖွေးဖွေးထအောင် တရိပ်ရိပ်နှင်နေလေသည် ”

အမျိုးမျိုး ဆန်းစစ်နေမိ၏။ သို့သော် သူ့ဆန်းစစ်ချက်သည် လျှပ်တပြက်မျှသာဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် ထိုလျှပ်တပြက်သော ကာလအတွင်းမှာပင် သူသည် ဦးကုလားနှင့် ကိုလှဦးကိုပင် ဘာညာ မပြောမိဘဲ ဖျတ်လတ် သေချာလှသော ခြေလှမ်းများဖြင့် ကုန်းပတ်ပေါ်သို့ တမဟုတ်ချင်း ရောက်ရှိသွား သောကြောင့် ဖြစ်ပေသည်။

ဦးပိုင်း ကုန်းပတ်တွင်ကား ဇင်ယော်၏ ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေများကြောင့် လှုပ်လှုပ်ရွရွ ဖြစ်နေ၏။ ကင်းသမားများကား ကျောက်ဆူးပုံပေါ်တွင် အသင့်ထိုင်လျက်၊ သို့သော် ဦးဆန်းမောင်တို့ လုစုမှာမူ ပွဲစင်ခြေရင်းတွင် ဝိုင်းဖွဲ့ ထိုင်ရင်း တွတ်တွတ် ထိုးနေသည်ကို တွေ့ရ လေသည်။

“ ဦးဆန်းမောင် ”

သူ့အသံက ညင်သာသော်လည်း ဇင်ယော်၏ စက်သံကို လွှမ်း၍ ပြတ်သားစွာ ပေါ်ထွက်လာ၏။

“ဗျာ ... အာစရိ ကျွန်တော် အခုဘဲ ပွဲစင်ပေါ်တက်လာမလို့ ”

မြိတ်သားဦးဆန်းမောင်က သူ့ကော်မျက်မှန်ကို မ,တင်ရင်း မတ်တတ်ရပ်လိုက်၏။ လေတဟူး ဟူးကြောင့် သူ့ဆံပင်များမှာလည်း တစ်ဘက်သို့ စွယ်စုံ ချထားသလို ပြိုလဲနေ၏။

“ ဦးဆန်းမောင် ခုနက ခင်းဗျားတို့ထဲက တစ်ယောက်ယောက်များ ဆေးလိပ်များသောက် မိ သလားလို့ ”

“ဆေးလိပ်တော့ မသောက်ကြဘူး ဆရာ၊ ဒါပေမဲ့ ဘယ်တော့ ခုနက မီးတစ်ချက်ခြစ်လိုက် တယ်။ အဲဒါဘဲ အာစရိကို သတင်းပို့မလို့ ”

''ဗျာ''

ပဲ့စင်ခြေရင်း လေအေးပေါက် အနီးတွင် စုံရပ်နေသော **ကိုအောင်မိုး**က ပိပိသသကြီးပင် ဗျာ ခတ်လိုက်၏။

''ဟုတ်.. ဟုတ်တယ် ဆရာ၊ ကျွန်တော် မီးတစ်ချက်ခြစ်လိုက်မိတယ်၊ ဒါပေမဲ့ မကြာပါဘူး။ ကျွန်တော်ခြေထောက် ကျောက်ဆူးနဲ့ တိုက်မိလို့ မီးခြစ် ကြည့်တာပါ''

'' ဒီမှာ .. မင်းမူးပြီးတော့ ဇင်ယော် လှုပ်ရုံကလေး လှုပ်တာနဲ့ မင်းလဲသွားတာကိုလဲ ထည့်ပြော အုံးကွ ဘပု။ ဖြစ်တာက ဒီလို ဆရာ ခုနက ဇင်ယော်လှိုင်းတစ်ချက်ထိသွားတော့ သူက အစထဲက ခပ်ထွေထွေဖြစ်နေတာဆိုတော့ လဲကျသွားပြီး ကျောက်ဆူးနဲ့ တိုက်မိတယ်။ အဲဒါ သူ့ခြေမျက်စိကို မီးခြစ်ကြည့်တာ''

ဘပုလိုပင် အောက်တန်း လက်ထောက်တစ်ဦး ဖြစ်သော်လည်း ဇရိုက်ချင်းမတူသူ **ကိုတင်မြင့်**က ဝင်ရှင်းလိုက်ခြင်းဖြစ်သည်။ **ကိုအောင်မိုး**ကား နာမည်နှင့်လိုက်အောင် ဂဝ်တိုတို မဲမဲ တုတ်တုတ်ဖြစ်သူ ဘပုကို ကြည့်ပြီး အတော်ပင် စိတ်တိုသွားမိ၏။ အလုပ်တာဝန်ကျစဉ်မှာ အရက်မသောက်ရ၊ သင်္ဘော် အမှောင်ချထားစဉ်မှာ ဆေးလိပ်မသောက်ရဟု အကြိမ်ကြိမ် ကြပ်မတ်ထားပါလျက် စည်းကမ်းမဲ့လှသူ ဘပုကို ရေထဲချ၍ ငယ်နီးစာ ကျွေးချင်စိတ်ပင်ပေါက်မိသည်။ သို့သော် အကြောင်းကား ထူးတော့မည် မဟုတ်၊ ရဲဘော် ရဲဘက်ချင်း တစ်ကြိမ် တစ်ခါ ခွင့်လွှတ်ရမည်လည်းဖြစ်၏။ ပြီး,ယခု မိနစ်ပိုင်း၊ နာရီ ပိုင်းအတွင်း ရင်ဆိုင်ရမည့် အလုပ်တာဝန်ကလည်း တစ်ဖက်တွင် ရှိနေသေးသည် မဟုတ်ပါလား ...။

သို့ကြောင့် သူသည် **ဦးဆန်းမောင်**အား ဘပုကို အလုပ်တာဝန်မှ အနားပေးလိုက်ရန် မှာကြားခဲ့ပြီး ပဲ့စင်ထက်သို့ ချက်ချင်းပင် ပြန်ထွက်ခဲ့လေသည်။ ပင်လယ်ပြင်တွင် မီးတစ်ပွင့်၏တန်ဘိုးကား ကြီး မားလှလေစွ။ အလုပ်တာဝန်ထမ်းဆောင်ရာတွင် စည်းကမ်းသည် အရေးပါလှလေစွ။

**ဇင်ယော်**ကား တရိပ်ရိပ်ပြေးနေ၏။ ကျွန်းနှင့်ဝေးရာ ဟင်းလင်းပြင်ကို ရောက်ခဲ့ပြီဖြစ်၍လည်း လှိုင်းတဝေါဝေါ ဖြည်လာသလို လေကလည်း တဝီဝီထန်လာ၏။ အရှေ့တာခိုတွင်ကား အမျိုးမ၏ ပါးအို့ သွေးလို နှင်းဆီရောင်ပြေးလေပြီ။ သို့သော် ရောင်နီဦးကားမဟုတ်၊ လဆုတ်ပက္ခမှ လခြမ်းသော်တာ၏ ရွှေပြေးရောင်နီသာ ဖြစ်ချေသည်တကား။

''ဆရာ .. ကျွန်တော် ဇာဒက်ကြီးကို လေ့လာပြီးဘီ၊ ကျွန်တော်တို့ အခု ဦးတည်ထားတဲ့ ဇာဒက်ကြီးအရှေ့ခြမ်းဟာ လုံးဝ ကျောက်ဆောင်ကင်းပြီး စိတ်ချရတယ်။ ဒါပေတဲ့ ဇာဒက်ကြီးကိုအလျား လိုက်ဖြတ်ထွက်နေတဲ့ဘုတ်ဟာ နောက်အများဆုံး နာရီဝက်လောက်မှာ ကျွန်းထိပ်ကို ရောက်မယ်။ ကျွန်တော်တို့ကတော့ လေးဆယ့်ငါးဒီဂရီစောင်းပြီး ကျွန်းထိပ်ကို ပန်းနေရတော့ မိနစ်သုံးဆယ်ထက် နဲနဲပိုမယ်။ မပိုနဲ့အုံး ထား။ သူ့ကို နာတစ်ဖျားလောက်နဲ့ ကပ်လွတ်သွားနိုင်တယ်လို့ ခန့်မှန်းနိုင်တယ်ဆရာ''

**ကိုအောင်မိုး**ပဲ့စင်ပေါ် ပြန်ရောက်သည်နှင့် ကိုလှဦးက အခြေအနေအရပ်ရပ်ကို ရှင်းပြလိုက်သည်။ ပြီး **ဦးကုလား**ကို ခေတ္တ အနားပေးလိုဟန်ဖြ. သင်္ဘောစတီယာရင်ကို ဝင်ကိုင်ရင်း ခွေးခြေပေါ် ထိုင် ချလိုက်၏။ သူကား စားပွဲပေါ်မှာသာ ကျင်တွယ် ကိုင်တတ် သူမဟုတ်။ ခွေးခြေပေါ်မှာ ထိုင်၍ သင်္ဘော် ကိုလည်း ကောင်းစွာ ပဲ့ထိန်းနိုင်သူဖြစ်ပေသည်။

''အင်း ကိုလှဦးပြောတာ မှန်တယ်၊ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ ဇာဒက်ကြီးထိပ် အရောက် လောက်မှာ နိုးဘုတ်ကို ကပ်ပြီး လွတ်သွားနိုင်တယ်ဗျ၊ ခက်တာက ဇာဒက်ကြီးအမြင် ရောက်သွားရင်

ကျွန်တော်တို့ လိုက်ဖို့ မလွယ်တော့ဘူး။ ပြီးတော့ လိုက်လို့လဲ မှီနိုင်မယ်မထင်ဘူး"

**ကိုအောင်မိုး**က မှန်ပြောင်းကို မျက်စိနှင့် မခွာကြည့်ရင်း၊ သူ့ထင်မြင်ချက်ကို ပေးလိုက်၏။ သို့သော် သူ့တစ်ကိုယ်လုံးမှာ လှိုင်းရှိန်ကြောင့် လှုပ်ခါနေသလို သူ့အသံကလည်း လေတဟူးဟူးကြားမှာ ရောထွေးနေ၏။

"ဟုတ်တယ် ဆရာ၊ ဇာအက်ကြီး အပြင်ရောက်တော့ ကျွန်တော်တို့ လိုက်လို့ မကောင်းတော့ဘူး။ အခုတဲ့ လှိုင်းက အတော်ကြမ်းလာဘီ"

မှန်၏။ ရာသီမှာ မိုးအကုန်၊ ဆောင်းအကူး စပ်ကူး မုတ်ကူးဖို့ လေမမှန် ဆောင်းမပီသေးသော အချိန်ဖြစ်၏။ ဇာအက်ကြီးဆိုသည်ကလည်း မြစ်ပရေကြောင်းနှင့် အလွန်နီးရုံမက ထိုင်းအပိုင် ရနောင်းကမ်းခြေသို့ စီးဆင်းသွားသော ပါချန်မြစ်ညာ ပင်လယ်ပြင်ဖြစ်၏။ လှိုင်းအလွန်ထန်၍ ရေကလည်း ကြမ်းလှလေသည်။

အခုပင် အော်မြည်လာသော လှိုင်းသံများနှင့် ဝါးလုံးထိုး တိုက်ခတ်လာသော လေသံများက ကြောက်တတ်သူတစ်ယောက်အဖို့ ခဲပြည်မှ အသံနက်ကြီးများလားဟု ထင်ရလောက်သည်။ ထို့စဉ် ပြန်ထွက်လာသော မိုးဘုတ်က ဇာအက်ကြီးတစ်ဝက်ကျော်ကို လှမ်းနေပြီ။ **ဇင်ယော်ကား** ဇာအက်ကြီး ထိပ်ကို ဦးပစ်ထားကား၊ **ဇင်ယော်**ရောက်သည်နှင့် မိုးဘုတ်သည် ခုန်အုပ်လိုက်သော ကျားကို ကိုယ်တစ်လုံးစာဖြင့် လို့ပ်၍ ရှောင်လိုက်သလို နာတစ်ဖျားဖြင့် ခုန်ထွက်သွားမည့် အခြေအနေမျိုး ဖြစ်နေလေသည်။

ထို့ကြောင့် **ကိုအောင်မိုး**တို့ သုံးယောက်မှာ ချွေးတလုံးလုံးကျအောင်ပင် တိုင်ပင်ဆွေးနွေးကြရပြန်သည်။ **ဦးကုလား**က အနှစ်နှစ်ဆယ်ကျော်မျှ ပင်လယ်အတွေ့အကြုံရှိသူ၊ **ကိုလှဦး**က သုံးနှစ်သုံးမိုးမက **ဇင်ယော်**နှင့် လိုက်ဖူးသူ။ **ကိုအောင်မိုး**ကား သူ့တာဝန်ယူရသည့် တစ်နှစ်မျှကာလအတွင်း မိုးဘုတ် ၄၀–ကျော်မျှကို ဖမ်းဆီးခဲ့ဘူးသည့် အတွေ့အကြုံရှိသူ။ ထိုအတွေ့အကြုံများကို စုပေါင်းပြီး မိနစ်ပိုင်းအတွင်းပင် အဖြေတစ်ခုကို ထုတ်လိုက်ကြပါသည်။ အခြားမဟုတ်ပါ။ **ဇင်ယော်**ကို ဇာအက်ကြီး ထိပ်သို့ ချိန်ခြင်းအားဖြင့် မော်တော်ကို ပန်း၍ ပိတ်မည့်အစား မော်တော်သွားနှုန်း၊ **ဇင်ယော်**မြန်နှုန်းနှင့် အကွာအဝေးကို အတိအကျတွက်၍ မော်တော်နှင့် ထိပ်တိုက်တိုးရန် ချိန်ရွယ်လိုက်ခြင်းပင်တည်း။

၅–မိနစ်၊ ၁၀–မိနစ်၊ ၁၅–မိနစ်သာ ကြာ၏။ မော်တော်ကို မှန်ပြောင်းဖြင့် ပကတိမြင်ရပြီ။ လှိုင်းကဖို၍ ပြင်းထန်လာ၏။ လေကလည်း အသံနက်ကြီးများဖြင့်ပင် မြည်ဟိန်းလာသည်။ **ဇင်ယော်**က, ကဆုန်ပေါက်၍ သွားနေသလို မော်တော်ကလည်း တရိပ်ရိပ်သွန်၍ ပြေးနေ၏ နောက်ဆုံး ပွဲစင်ထက်တွင် ဂျက်ကင်ကို ရင်စေ့အောင်ဆွဲ၍ ဝတ်ကာ၊ မှန်ပြောင်းဖြင့် ခြေစုံရပ်ကြည့်နေသော **ကိုအောင်မိုး** အသံက ထွက်လာလေသည်။

"ကိုလှဦး၊ ကိုလှဦး မော်တော်ကို သဲသဲကွဲကွဲ မြင်ရဘီ၊ လူလေးယောက်ပဲ ပါပုံရတယ်။ ကျွန်တော်တို့ ထင်နေတဲ့ ငငေးတော့ မဟုတ်ဖူး။ ပွဲရိုတ်မော်တော်ကလေးဗျ၊ ဒါပေမယ့် စက်နှစ်လုံး တပ်ထားတယ်၊ မရှည်းတွေလဲ ပါပုံရတယ်၊ ဗျို့ ဦးဆန်းမောင် ဦးကင်းထွက်ပြီး လှရိပ်ပြပါ"

**ကိုအောင်မိုး**က အခြေအနေကို တစ်လုံးချင်း ပြောပြရင်း ရှေ့ကုန်းပတ်ရှိ **ဦးဆန်းမောင်**ကိုပါ လှမ်းအော်လိုက်၏။ တချိန်တည်းတွင် **ကိုလှဦး**အား မှန်ပြောင်းကို ချွတ်ပေးပြီး စက်ခန်းနှင့် အဆက်အသွယ်လုပ်ရန်၊ သဘော်သားကိုတင်ကို ဆက်သွယ်ရေး ရဲဘော်အဖြစ် ပွဲစင်ထက် ခေါ်ထားရန်ပြောပြီး။

သူကိုယ်တိုင်ကမူ အနီးကပ်ကြီးကြပ်ရန်အတွက် ဦးပိုင်းကုန်းပတ်ပေါ်သို့ ခပ်သွက်သွက် ဆင်းခဲ့လေသည်။

သူကုန်းပတ်ပေါ်ရောက်တော့ မော်တော်ကို ပကတိမျက်စိနှင့်ပင် မဲမဲရိပ်ရိပ်မြင်ရပြီ။ လူလေးယောက်အလယ်တွင် ပစ္စည်းများဟုထင်ရသော မို့မောက်နေသည့် အပုံကြီး။ အကွာအဝေးမှာ ကိုက်တစ်ရာလောက်သာ ရှိပေလိမ့်မည်။ လူလေးယောက်သည် မော်တော်ပေါ်တွင် ဣန္ဒြေမဲ့စွာ လူးလာခေါက်ပြန်လုပ်နေကြ၏။

"ချို့ ကိုလှဦး မီးရှည်ထိုးပါ။ ဦးကုလား ဘယ်ကို နည်းနည်းချော့ပေး"

**ကိုအောင်မိုး**က လေတဟူးဟူးကြားမှ ပဲ့စင်ထက်သို့ လှမ်းအော်လိုက်၏။ အားလုံးမှာ ဘာကိုမှ ဂရုမစိုက်နိုင်။ စကားလည်း မပြောအား။ မော်တော်၏ အခြေအနေကိုသာ ပြုံ၍ အကဲခတ်နေကြ၏။ ထိုစဉ် မြောက်ဖက်မှ လိမ့်၍ဝင်လာသော လှိုင်းတစ်လုံးက **ဇင်ယော်**ဦးပိုင်းကို ခုပ်အုပ်လိုက်ရာ **ဦးဆန်းမောင်**တို့ လူတစ်စုမှာ လှိုင်းအောက်တွင် ပြားပြားဝပ်သွားကြ၏။ **ကိုအောင်မိုး**မှာကား နီးရာကျောက်ဆူးတိုင်ကို လက်မတင်ကလေး ဖမ်းကိုင်လိုက်မိသဖြင့် ပင်လယ်အောက် ရောက်သွားမည့်ဘေးမှ သီသီကလေး လွတ်သွားခဲ့ပေသည်။ သို့သော် စက္ကန့်ပိုင်းအတွင်း **ဇင်ယော်**လည်း လှိုင်းနှင့်အလိုက်သင့်ပြန်ဖြစ်ကာ ဆလိုက်မီးရှည်ကြီးကလည်း မော်တော်ကို ဖမ်းထိုးလိုက်ရကား ရန်သူလေယာဉ်ကို ဆလိုက်နှင့် မိသလို မော်တော်ကို အုပ်မိခဲ့ပြီ ဖြစ်ပေသည်။

သို့သော် မော်တော်က ရပ်မပေးခဲ့ပါ။ **ကိုအောင်မိုး**က **ဇင်ယော်**ဦးတွင် စုံရပ်၍ "ဘာမားအင်မီးဂရေးရှင်း"ဟူ၍ အသံကုန်ဟစ်ကာ တားမြစ်ပါသော်လည်း မော်တော်သည် ရပ်မပေးရုံမက **ဇင်ယော်**ဘက်သို့ ဇတ်ကနဲ ဦးချိုးလိုက်ရကား ...

"အမ်း .. သူပုန်မော်တော်နဲ့ တူတယ် ဆရာရေ့ ဟော့ ကိုတင်မြင့် ခင်ဗျားဘက်ကနေရာယူ၊ ဒီကောင်တွေမှာ လက်နက်ပါတယ်ထင်တယ်"ဟူသော မြိတ်သား**ဦးဆန်းမောင်**၏အသံက ရုတ်တရက်ထွက်ပေါ်လာပြီး **ဇင်ယော်**တစ်စင်းလုံးမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သို့သော် **ဦးဆန်းမောင်**၏ အထင်လည်း လွဲပါသည်။ **ကိုအောင်မိုး**၏ အစီအစဉ်လည်း ပျက်ပါသည်။ အကြောင်းမူ ပဲ့ချိတ်စက် နှစ်လုံးတတ်ထားသော မော်တော်သည် **ဇင်ယော်**ကို အံတုဖက်ပြိုင်ရန် ချိုးဝင်လာခြင်းမဟုတ်ဘဲ **ဇင်ယော်**၏ပိတ်ဆို့မှုကို မလွတ်မှန်းသိ၍ ကိုက် ၅၀-ခန့်ရောက်မှ နောက်ကြောင်း ပြန်ထွက်သွားသောကြောင့် ဖြစ်ပါသည်။

"ချို့ ကိုလှဦး ဇင်ယော်ကို စက်ရပ်၊ မော်တော်နောက်ကို လိုက်မယ် လမ်းရှင်း မရှင်း ကြည့်ပါ"

**ကိုအောင်မိုး**အသံနှင့်အတူ **ဇင်ယော်**တစ်စင်းလုံးမှာ မချင့်မရဲဖြင့် တချစ်တောက်တောက် အသံများက ပေါ်ထွက်လာကြပါသည်။ ထိုစဉ် 'ဒိုင်း'ကနဲ အသံတစ်ခု ရုတ်တရက် ပေါ်ထွက်လာပြီး ကျည်ဆံထိပ်ဖူးက **ဇင်ယော်**ကုန်းပတ်ကို ဒိုကနဲ ဖြတ်သန်းသွားရကား **ဇင်ယော်**မှ စတင်းဆွဲသံ၊ ရိုင်ဖယ်သံများကလည်း မဲမှောင်နေသော ပင်လယ်ပြင်မှာ လှိုင်းလေများဖြင့် ကြောက်မက်ဖွယ် ကောင်းလှသော အရှူပါပြင်မှာ တမဟုတ်ခြင်း ဆူညံသွားခဲ့ပါသည်။

မော်တော်သည် **ဇင်ယော်**ဘက်သို့ ချိုးကွေ့အပြီး နောက်ကြောင်းပြန်အလှည့်တွင် သေနတ်ဖြင့် ခြောက်လှန့်ထားခဲ့သည့် လက္ခဏာပင်တည်း။ သို့သော် သောင်းကျန်းသူများ မဟုတ် နိုင်ငံခြားမှ ဝိုက်ချ မော်တော်သာဖြစ်ကြောင်း၊ မော်တော်ဝမ်းထဲတွင် မြင်လိုက်ရသည့် ဝိုက်ပုံကြီးက သက်သေခံနေပါသည်။ **ကိုအောင်မိုး**တို့အဖို့ **ဇေင်း**ကဲ့သို့သော တာဝန်ကြီးမှာသာ လက်နက်ပါသည်ဟု အထင်

ရှိခဲ့ရာမှ အခုတော့ ဗိုက်မျှ ငါးမိုးမော်တော်မှာပင် လက်နက်ပါကြောင်း ကိုယ်တွေ့ ကြုံကြရပါပြီ။


မည်သို့ဆိုစေ **ကိုအောင်မိုး**တို့သည် နိုင်ငံခြား ငါးမိုးသမားများဆိုပါက ရေတပ်သင်္ဘောကိုပင် ရင်ဆိုင်ရန် အသင့်ရှိသူများဖြစ်ရကား။ ချက်ချင်းဆိုသလိုပင် မော်တော်နောက်ကို ဆက်လိုက်ကြ၏။ သို့သော် အကွာအဝေးမှာ သေနတ်တကမ်းကျော်သွားပြီ။ မော်တော်သည် ဇာအက်ကြီးကို ဖြတ်၍ ဇာအက်ကလေးဘက်သို့ ဦးတည်ပြေး၏။ **ဇင်ယော်**ကမူ သူ့လို ကျွန်းနားကပ်၍ မသွားနိုင်။ ရေလယ်မှ ဖြတ်၍ ဇာအက်ကလေးထိပ်မှ သွားပိတ်၏။ သို့ဖြင့် မိုးဘုတ်က ကျွန်းကိုကပ်၍ ပြေး။ **ဇင်ယော်**က အပြင်စီးမှ ခေါက်တုံ့ပြန်၍ ပိတ်ဖြင့် လှိုင်းသံ လေသံဆူညံလှသော ပင်လယ်ပြင်တစ်နေရာမှာ နိုင်ငံခြား ငါးမိုးမော်တော်တစ်စင်းနှင့် မြန်မာ့အမှုထမ်း သင်္ဘောတစ်စင်းတို့သည် ထုတ်စည်းထိုးတမ်း ကစားနေသလားဟု ထင်ရလေသည်။

ရောင်နီလည်း ဖျိုလာပါပြီ။ လခြမ်းကွေးသည်ပင် **ဇင်ယော်**ထိပ်ဖျားမှ လှိုင်းနှင့် ကစားနေလေပြီ။ မော်တော်ကား ခေါက်တုံ့ ခေါက်ပြန်ပြေးဆဲ။ **ဇင်ယော်**ကလည်း တစ်ဖွဲ့သားလုံး အင်အားဖြင့် တုံ့လှယ်၍ ပိတ်ဆို့ဆဲ။ နောက်ဆုံးတော့ **ဇင်ယော်**ပဲ့ဝင်ထက်မှ မှန်ပြောင်းဖြင့် ထပ်ချပ်မကွာ ကြည့်နေသော **ကိုအောင်မိုး**၏အသံက လှိုင်းသံ လေသံများကို ထွင်းဖောက်၍ အသံဝါကြီးဖြင့် ပေါ်ထွက်လာပါသည်။

“ ဗျို့ .. ဦးဆန်းမောင်၊ ခင်ဗျားအဖွဲ့သားတွေကို အနားပေး၊ လူလဲပြီး ကင်းချတော့၊ ဦးကုလား စက်ရပ်ပါ။ ကိုလှဦး ဒီနေရာလောက်မှာဘဲ ဇင်ယော်ကို ကျောက်ချဘို့ စီစဉ်ပါ။ ခွေးမသားတွေ ကျွန်းပေါ်ကို အားလုံးတက်ပြေးကုန်ဘီ။ လက်နက်တွေကိုလဲ ရေထဲ ပစ်ချလိုက်တယ်လို့ အောက်မေ့တယ်။ မနက်မိုးလင်းမှ ကျွန်တော်တို့ ကျွန်းပေါ် တက်ရှင်းကြစို့ ”

◆

"ဒီဆလုံ လူမျိုးတွေဟာ အာရှ အရှေ့တောင်ပိုင်းမှာ ဒုတိယ ရှေးအကျဆုံးဖြစ်တဲ့ ဩစတြိုလွိုက် အနွယ်ဝင်တွေလို့ ကျွန်တော်မှတ်ရဘူးတယ်။ ဘာသာစကား အရဆိုရင်တော့ သူတို့ဟာ ဩစတြိုနီရှင်း အနွယ်မှာ ပါကြတယ်၊ ..............."



# လူမျိုးငယ်တစ်စု၏ ဓလေ့တစ်ခု

မိုးစင်စင် လင်းလာပါပြီ။ သို့သော် နှင်းခိုး နှင်းငွေ့နှင့် ရေခိုး ရေငွေ့တို့သည် ပွက်ပွက် ထနေသော ရေနွေးအိုးကြီးမှ ရေငွေ့တွေပြန့်သလို အပ္ပဿရာတစ်ပြင်လုံးမှာ ထောင်းထောင်း ထနေလေသည်။

ကိုအောင်မိုးတို့သည် ဖိန်းဖိတ်အောင် ကျနေသော နှင်းထုအောက်မှာ ငုတ်တုတ် ထိုင်ရင်း နှင်းအကွဲကို စောင့်နေကြရသည်။ ဗထက်ချိုးသဏ္ဌာန် ကျွန်းစပ်စပ်ရှေ့မှာ တစောင်း တင်နေသော ပုံချိုတ်မော်တော်ငယ်ကိုကား နှင်းဝတ်ရုံအောက်မှာ မဲမဲရိပ်ရိပ် မြင်နေရလေသည်။

" ဟဲ … ကျွန်တော်တို့လေးယောက်တစ်ဖွဲ့က ကျွန်းထိပ်က ပန်းပြီး အရင့်တက်မယ်။ ဦးဆန်းမောင်နဲ့အဖွဲ့က ကျွန်းအောက်က စုန်ပြီးတက်ခဲ့၊ သတိ ဗိုရီယနဲ့လဲ သွားနော်။ အဲ့ဒီ ကျွန်တော်တို့ စုရပ်က တို့ကျွန်းအလယ်လောက်မှာရှိတဲ့ ယင်ငန်းပင်ကြီး တွေ့လား။ အဲဒီမှာ ဆုံကြမယ် "

နှင်းအတန်ကွဲသည်နှင့် ဇင်ယော်တွင် အသင့်ပါလာသော လှေငယ်ကလေးကို ချပြီး ကိုအောင်မိုးက အစီအစဉ်ကို ပြောပြ၏။ အမှန်တော့ ပင်လယ်ပြင်မှာ ငါးမိုးသမားကို ဖမ်းရသည်မှာ ငါးပြကို ဖမ်းရသလိုပင် အန္တရာယ်များလှ၏။ မတော် သူတို့က ကျွန်းရိပ်ကို အကာ အကွယ်ယူပြီး ချက်ကောင်းကို ချောင်းမြောင်းပစ်ခဲ့သော် မခက်ပါလော။

သို့ကြောင့်လည်း ကိုအောင်မိုးတို့သည် ပစ်ကွင်းကောင်းသော ကျောက်ဆောင်သံပြင် ကိုရှောင်ပြီ တောစပ်ကို လှ၍ တက်ခဲ့ကြ၏။ မြို့ရွယ်ပိတ်ပေါင်းကလည်း ထူထပ်လှ၏ လက်သန်း လုံးလောက်မှသည် ခြေးကျင်းဝက်လောက်ရှိသော နွယ်များ။ အိပ်ရာမှ နိုးထလာသော ငှက် ကလေးများ၏ အသံက ကြိုးကြိုးကျည်ကျည် မြည်လျက်၊ အသံမကြားရဘဲ ဝရီးကာနဲ ဝရီးကာနဲ ထပြန်သွားကြသော ငှက်ကလေးများကလည်း မရှား။ ထိုမှ အတန်ငယ် လျှောက်မိသည့်အခါ တွင်ကား သူ့ထက်ငါ အပြိုင်အရိုင်းပေါက်နေသည့် တောအုပ်ကြီး။ ယမနေ၊ သစ်ရာ၊ အင်ကြင်း၊ ယင်ငန်းနှင့် ဝက်သစ်ချ စသော အပိုးတန် တောသစ်ပင်ကြီးများ …။

သည်တွင်မတော့ များစွာသော ရှဉ့်နှင့် မျောက်များသည် သဘာဝဆပ်ကပ်ရုံကြီးတွင် ကောင်းကင်ဘား ပြေးကစားနေသည်နှင့်ပင် တူတော့၏။ နှင်းများကား သူယောင်မယ်တွေ ကိုယ်ဟန်ပြသလို သစ်ခက်သစ်ကိုင်းများပေါ်တွင် တွဲလွဲခိုနေ၏။ သို့သော် ငါးမိုးသမားများကား ဝိဇ္ဇာတပသီများလို ကိုယ်ပျောက်နိုင်ဘိအလား ဘာ,အရိပ်အယောင်ကိုမှ မတွေ့ရ။ တအောင့်ကြာတော့ **ဦးဆန်းမောင်**တို့ လူစုလည်း ကျွန်းလယ် ကုန်းမို့မို့ရှိ ယင်ငန်းပင်ကြီးအောက်သို့ ရောက်လာကြလေသည်။

''အဝီးဝေး အဝေးက ကြည့်တော့၊ ကျွန်းကလေးက ဆီးဆီးခွက်လောက် အောက်မေ့ရတယ်၊ တကယ် တက်ကြည့်တော့ မြို့ကြီး တစ်မြို့စာလောက်ပါလား ဆရာရေ့''

**ဦးဆန်းမောင်**က လည်တွင် သိုင်းလာသော တဘက်ကို ချွတ်၍ သုတ်ရင်း ပြောလိုက်၏။ ပြီးတော့ မျက်မှန်ကို ချွတ်ပြီး **ကိုအောင်မိုး**ကို မျက်မှောင်ကုတ်၍ ကြည့်ကာ ...

''အာစရိ ဘယ့်နှယ်လဲ၊ ငနဲတွေကို အရိပ်အယောင်တောင် မတွေ့ရပါလား''

''အေးပေါ့ဗျာ ဦးဆန်းမောင်၊ ဒီလို ကျွန်းပေါ် တက်ပြေးတဲ့ သူခိုးမျိုးကို မိတို့ဆိုတာ လူတစ်ရာလောက် ဝိုင်းရှာတောင် လွယ်မယ်မထင်ဘူးဗျ၊ ဒီထက်လဲ ကျွန်တော်တို့အနေနဲ့ အချိန်ကုန်မခံနိုင်ဘူး မှတ်လား။ ဒါပေမယ့် ကျွန်းကိုတော့ ကျွန်တော် လျှောက်ကြည့်ချင်စိတ် ပေါက်နေတယ်ဗျာ''

**ကိုအောင်မိုး**က ရဟတ်ယာဉ်ပင် ဆင်း၍ရအောင် ပြန့်ပြူး ရှင်းလင်းနေသည့် ကျွန်းလယ်ဝန်းကျင်ကိုကြည့်ရင်း **ဦးဆန်းမောင်**ကို တိုင်ပင်သံနှင့် ပြောလိုက်၏။ အမှန်တော့ ဤကျွန်းငယ်သည် တစ်ခါဘူးမျှ လူသူမနေဘူးသေးသော ကျွန်း။ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်းတစ်ထောင်ကျော်ရှိသည့် အနက် မရှုစမ်းရသေးသော ကျွန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့်ကျွန်း။

''ဘာလဲ အာစရိက သစ်ပင်ကြီးတွေကြည့်ပြီး နှမြောနေလို့လား။ မနှမြောနဲ့ ဆရာရေ့၊ ကျွန်တော်တို့ကသာ ဒီသစ်တွေကို မထုတ်လုပ်နိုင်တာ၊ ထုတ်လုပ်တဲ့ လူတွေကတော့ ငါးတင် ခိုးတာ မဟုတ်ဘူး။ ဒီသစ်တွေကိုလဲ သူတို့ဘဲ လာခိုးနေတာဘဲ''

**ဦးဆန်းမောင်**က **ကိုအောင်မိုး**၏သဘောကို သိထားဟန်ဖြင့် ပြောချလိုက်၏။ မှန်ပါသည်။ **ကိုအောင်မိုး** ကျွန်းကိုကြည့်ချင်သည်မှာ ငါးမိုးသမားများကို ဆက်ရှာလို၍မဟုတ်။ လေ့ခွက်ချည်းချန်၍ ကိုယ်လွတ်ထွက်ပြေးသော ငါးမိုးသမားများကို ကျွန်းပေါ်မှာ ရှာရမလွယ်ကြောင်း သူသိပြီးဖြစ်၏။ သည်လို အတွေ့အကြုံမျိုးကိုလည်း သူ မကြာခဏ ကြုံရဘူးပြီးဖြစ်သည်။

ယခု သူ ကျွန်းကိုစိတ်ဝင်စားသည်မှာကား တခြားကြောင့် မဟုတ်၊ အနာဂါတ် တိုင်းပြည်အတွက် သည်လို မရှုစမ်းရသေးသော ကျွန်းများ၏အနေအထားကို ကြည့်ပြီး စိတ်ကူးယဉ်မိသောကြောင့်ဖြစ်၏။ ကြည့်ပါ၊ ဝိန်းဝိတ်နေအောင် အထပ်လိုက် အလွှာလိုက်ပေါက်နေသော သစ်ကြီး ဝါးကြီးများ။ ရွှေရောင် မှန်ရောင်တောက်နေသော ကုန်းမို့မို့နှင့် ကျောက်ဆောင် ကျောက်တန်များ။ အချို့က ထုံးဓါတ်ကဲ့သယောင်ဖြင့် ဖြူဖွေးနေ၏။ အချို့က ခဲရောင်သန်းပြီး ညိုမှောင်နေ၏။ အချို့က စိန်ကျောက်အလား တလင်းလင်း,လက်နေ၏။ ဤဘူမိကမ္ဗလာအောက်မှာ အဘယ်သို့သော် အဖိုးထိုက် ရတနာများ ရှိနေမည်လဲ။

ရက္ခနှင့် ပတ်သက်၍ လေ့လာစရာများကိုလည်း ကြည့်ပါဦး။ ယောကျာ်း လေးဖက်လောက် လုံးပတ်ရှိသည့် အမျိုးအမည်မသိနိုင်သော အပင်ကြီးများ။ အရွက်ချွန်းချွန်း ဖားဖားနှင့် အပင်များ။ ထီးလို အရွက်ဝိုင်းပြီး ပင်စည် ရှည်လျှောနှင့် သစ်ပင်ကြီးများ။ အရောင်စုံ အပွင့်စုံ အရွက်မျိုးစုံနှင့် သစ်ခွပန်းများကား တမင် ဖန်ဆင်းထားသော မိုးပျံ့ဉယျာဉ်လားဟု ထင်ရပေသည်။

သို့သော် **ကိုအောင်မိုး**အဖို့ သူတွေ့မြင် လေ့လာချက်ကို အိတ်ဆောင် ဒိုင်ယာရီလေးထဲမှာ ရေးမှတ်ထားရုံမှ အပ တခြားဘာမှ မလုပ်နိုင်ပါ။ **ဇင်ယော်**ကို သည်ကျွန်းရှေ့မှာ ကြာရှည်ထား၍ မဖြစ်။ သူ့အဖွဲ့သား အားလုံးမှာလည်း အခုထိ တစ်ညလုံး တစ်ရေးမှ မမှေးကြရသေး။

ပွဲချိတ်မော်တော်ရှိရာသို့ ပြန်ဆင်းခဲ့ကြသည်။ အခုမှ ကျောက်တန်းပေါ်တွင် မေးတင်နေသော မော်တော်သို့ ဆင်းရသည်မှာ မလွယ်ကြောင်း သတိထားမိ၏။ ခရုများက စူးလှ၏။ ခရင်းများကလည်း ဓားသွားကို ထောင်ထားသလိုပင် ထက်လှသည်။ ကျောက်တုံး ကျောက်ဆောင်များမှာ တွယ်ကပ်နေကြသော သန္တာစေ့ အကောင်များပင်တည်း။

"တဲ့ .. တဲ့ အာစရိက လွှာချင်းဇိနပ် စီးမိလာတာကိုးဗျ။ ဒီခရင်းတွေရှင် သင်ဓုန်းဓားရှတာထက် ဆိုးတယ်။ ဒါပေမယ့် စားလို့တော့ တဝကောင်းတဲ့ အကောင်မျိုးဗျ။ ခွပ် .. ခွပ်"

**ဦးဆန်းမောင်**က အနီးရှိ ကျောက်ခဲတစ်လုံးနှင့် ခရင်းများကို ထုရိုက်ခွာယူနေသည်။ ပြီးတော့ အနီးရှိ အင်ဖက်ရွက်ထဲမှာ မလိုင်နှစ်လို ဖြူဖွေးနေသောအရာများကို ကောက်ထည့်နေ၏။ ချက်၍ စားရသော ပင်လယ်အစားအစာတစ်မျိုးပင်ဖြစ်၏။ သည်တွင် မြိတ်သား မဟုတ်သော်လည်း မြိတ်တွင် အနေကြာသော **ကိုတင်မြင့်**က ...

"ဦးဆန်းမောင်ကလဲဗျာ၊ တကူးတက ချက်စားရတဲ့ ခရင်းတွေ လိုက်ထုနေရသေးလား။ ဒီမှာ ကြည့် ဟောဒီ သစ်တုံးဆွေးထဲက ရတဲ့အကောင်မျိုးကမှ အစိမ်းဝါးစားလို့ရတဲ့ အကောင်မျိုးဗျ။ ဘာတဲ့ တုံးပလုပ်တဲ့ ... ဟား ... ဟား"

**ကိုတင်မြင့်**က သေနတ်ကို တစ်ဖက်ကလွယ်ရင်း ကျောက်ဆောင်ပေါ်က ကန့်လန့်ဖြတ်တင် နေသည့် သစ်တုံးတစ်တုံးကို ရိုက်ခွဲလိုက်သည်။ ပြီးတော့ ခပ်ပြားပြား ညိုတိုတို တစ်ထွာခန့်ရှိ တုံးပလုပ်ကောင်ကို မြွေအလမ္ပာယ်ပြသလို တစ်ဖက်ကဆွဲ၍ ပါးစပ်ဟပြီး တွဲလောင်းလုပ်ပြသည်။ ကြည့်နေရင်းပင် ပါးစပ်ထဲထည့်၍ မြိုချလိုက်ရာ **ဦးဆန်းမောင်**က ...

"ဟော့ ... ကိုတင်မြင့်၊ အဲဒီလိုကောင်မျိုးက ဒီသဲတွေထဲမှာ လဲနေတယ်ကွ၊ သဲထဲနေတဲ့ ကောင်ကျတော့ သဲပလုတ်၊ သစ်တုံးမှာ အောင်းနေတဲ့ကောင်ကိုတော့ တုံးပလုပ် ခေါ်တယ်။ အဲဒီ ...စားရင် တစ်ဝရင်အေးတဲ့ အစာပဲ"

သည်လိုအစားအစာမျိုးကား မြိတ်ကျွန်းစုမှာ ဒုနဲ့ဒေးဖြစ်၏။ **ကိုအောင်မိုး**ကား သူတို့ကို ငေးကြည့်ရင်း တစ်စုံတစ်ခုကို တွေးကြည့်မိသည်။ မြန်မာပြည်အဖို့ အစားအစာများက ပေါများလှပါဘိ၊ အကယ်၍ ထုတ်လုပ်မှုသာ တိုးတက်လာလျှင် သည်အစားအစာများသည် ပြည်သူများအတွက် အခြေခံ စားနပ်ရိက္ခာများပင် မဟုတ်ပါလား။

ငါးမိုးသမားများကို တက်ရှာသော **ကိုအောင်မိုး**တို့လူစုသည် ကျောင်းသွားရင်း လမ်းမှာ ဝင်ဆော့နေသော ကလေးများလို ကျောက်တန်းများမှာ ဟိုဟာကောက်၊ ဒီဟာ ထုရိုက်ကြပြီးမှ ပွဲချိတ် မော်တော်ဆီရောက်ခဲ့ကြ၏။ မော်တော်ပေါ်တွင် တွေ့သမျှပစ္စည်းများကိုလည်း စာရင်းလုပ်၍ သိမ်းခဲ့ကြသည်။ အလံငါးဆယ်မျှရှိသော မျှောပိုက်တစ်ဖုံ၊ ရေဒီယိုအဟောင်းတစ်လုံး၊ ငါးများတန် တစ်စုံ၊ ဓါတ်ဆီပုံး တစ်ပုံးနှင့် အဝတ်ဟောင်းများ၊ ပြီးတော့ ကာဘိုင်ကျည်ဆံ နှစ်တောင့်နှင့် အခွံတစ်ခု။

**ကိုအောင်မိုး**သည် ခေါင်းစွပ်ကို ချွတ်၍ သေနတ်အိတ်ကိုလည်း နေသားတကျ ပြင်ပတ်ပြီး ပွဲချိတ်ဖြင့် **ဇင်ယော်ဆီ**ပြန်ခဲ့၏။ အခုမှ သူ့ခေါင်းသည်ငှင်း၊ သူ့ယူနီဖောင်းများသည်ငှင်း၊ နှင်းဆိုင် နှင်းခဲ

များဖြင့် ဖြူဖွေးနေသည်ကို တွေ့ရ၏။ အခုမှ တစ်ညလုံး အိပ်ပျက်သည့်ဒဏ်နှင့် အစာမရှိသော ဝမ်းဗိုက်ကြောင့် တစ်ကိုယ်လုံး စိမ့်စိမ့်တုန်အောင် ချမ်းလာသည်ကိုလည်း ခံစားရလေသည်။

သို့သော် သူ့အလုပ်ကား မပြီးသေး။ ဇင်ယော်ပေါ် ပြန်ရောက်သည်နှင့် ဦးတုလားနှင့် တိုင်ပင်ပြီး ဇင်ယော်ကို ရွှေကျွန်းမှာ ပြန်စခန်းချရန်ကိစ္စ၊ ပွဲချိတ်မော်တော်ကို ယူဆောင်သွားရေးကိစ္စ၊ ပြီးတော့ ဖမ်းမိပစ္စည်းများကို ထိန်းသိမ်းရေးကိစ္စ တို့မှအစ အားလုံးကို စီစဉ်ရသေး၏။ ပြီးမှ ကော်ဖီ ပူပူတစ်ခွက်ကိုသောက်၍ သူ့အိပ်ခန်းအတွင်းသို့ ဝင်ရသည့်အချိန်မှာကား ပင်လယ်ပြင်သည် နှင်းကြွင်း နှင်းကျန်၊ ရေခိုး ရေကျန်တို့ဖြင့် ရောယှက် ရစ်ဖေါက်ပြီး နေရောင်မှာ ရွှေရောင်၊ မြရောင်၊ စိန်ရောင်များ တောက်ပနေသည့် ပင်လယ်၏ အလှဆုံးကာလ နံနက်ခင်း ( ၉ )နာရီခန့် အချိန်ပင် ဖြစ်ပေတော့သည်။

***

''ချစ် .. ချစ်တာ သူ့ကို၊ အို ချစ် ... ချစ်တာ မချစ်မေကို၊ အဟင့် ... အဟင့် ... ဂိုကလဲ''

''ဟုတ်သေးဘူးကွ ဗိုးတင်မြင့်၊ မယ်ဒလင်ကို ဒီလိုပွေ့ထား။ ပြီးတော့ မယ်ဒလင်ထိပ်ကို မင်းမျက်နှာသုတ်ပုဝါနဲ့ ပတ်လိုက်၊ အေး ဟုတ်ပီ၊ ကဲ..စ''

''ချစ် .. ချစ်တာ သူ့ကို၊ အို ... ချစ်ချစ်တာ၊ မချစ်မေကို''

''ဟေ့ကောင် ဗိုးတင်မြင့် တော်တော့ကွာ''

''ချစ် .. ချစ်ကလေးရေ့''

''အော် .. ကိုကိုဦးတဲ့လား''

''ကိုဦးကို ချစ်ကဲ့နော် ''

''အို ... ကိုကလဲ လူတွေနဲ့ ရှက်စရာကြီး ''

''ဟေ့ကောင် .. ဗိုးတင်မြင့်၊ တော်တော့ဆိုနေမှ၊ ကဲကွာ ... ဟီးဟီး ''

''အမေလေးဗျာ၊ သရဲဗျ၊ ဘီးလူးဗျ''

''ဟားဟားဟား .... ဟီးဟီးဟီး''

ကိုအောင်မိုးသည် ထိုအသံများနှင့်အတူ အိပ်ရာမှ နိုးလာခဲ့သည်။ အခန်းပြူတင်းကို ဖွင့်ကြည့်တော့ ဇင်ယော်သည် ရွှေကျွန်းရှေ့မှာ ကောင်းစွာ ကျောက်ချရပ်နားနေသည်ကို တွေ့ရ၏။ ဘယ်အချိန်က ဇင်ယော် ရွှေကျွန်းသို့ ပြန်ရောက်လာသည်ကိုပင် သူမသိတော့။ ဇင်ယော်ပဲ့ပိုင်းရှိ အပန်းဖြေစားပွဲမှ သူ့အဖွဲ့သားများ၏ တဝါးဝါး တဟားဟား ရယ်သံများကသာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းနေပေသည်။

သူသည် တဘက်တစ်ထည်ကို လည်မှာသိုင်းပြီး အခန်းမှ ထွက်ခဲ့၏။ လားလား ... တစ်ညလုံး ဦးဆန်းမောင်နှင့်အတူ တာဝန်ကျခဲ့သည့် ကိုတင်မြင့်တစ်ယောက် ပုဆိုးမနိုင်၊ အကျီမနိုင်ဖြင့် လူအုပ်ရှေ့မှာ အရူးတစ်ယောက်လို ခုန်ပေါက်နေ၏။ မြွေနင်းမိသူတစ်ယောက်လို၊ အလန့်တကြား ထထ ခုန်ရင်းလည်း သူ့အကျီလုံချီများအတွင်းသို့ တစ်စုံတစ်ခုကို အတင်း လိုက်ရှာနေ၏။ ဒါကိုပင် ကျန်အဖွဲ့သားများက အုပ်မနိုင် ထိန်းမနိုင်ရအောင် တသောသော ရယ်နေလေသည်။

တအောင့်ကြာမှ ကိုတင်မြင့်သည် လုံချီတွင်း ဝင်နေသော ပင့်ကူလို သတ္တဝါတစ်ကောင်ကို

ယယ်သံပါအောင် အော်ရင်း နှိုက်ထုတ်လိုက်ရာ သဘော်အင်ကျင်အဖုံးပေါ်သို့ ကျသွားလေသည်။ စင်စစ် ထိုအရာကား ပင့်ကူမဟုတ်ချေ။ ဂုံညင်းထိုးခန့် ကိုယ်လုံးရှိသော **ကိုတင်မြင့်** အလွန်ကြောက်သည့် ဘဝဲခေါ် ရေသူရဲ အသေယ်စားကလေးပင်တည်း။

**နတ်လမ်းညွှန်ကိုလှဦး**သည် ယင်းဘဝဲကလေးကို မိုးဘုတ်ဝမ်းခေါင်းထဲမှ ရလာခဲ့ခြင်းဖြစ်၏။ သူ့ကို မခံချင်အောင် အမြဲစလေ့ရှိသော **ကိုတင်မြင့်**ကို သူကြောက်တတ်သည့် ရေသူရဲနှင့် ခုံရန် တမင် ယူလာခဲ့ခြင်းဖြစ်ပေသည်။ တကယ်တော့ ရေသူရဲ၏ ရှည်လျားသောလက်များမှာ ကမ္ဘာ့ဇွန်းရှပ်၏ လက်တန်ကြီးများလို မွဲမွဲညစ်ညစ်ဖြစ်သည့်အပြင် တွေ့မိတွေ့ရာကိုလည်း နှယ်ကြိုးနှင့် ပတ်သလို နိုင်နိုင် ကြီး ပတ်ထားသဖြင့် ကြောက်မည့်ဆိုကလည်း ကြောက်စရာပင် ဖြစ်၏။ သို့သော် ယခု အကောင်ကလေး မှာမူ ယယ်ရွယ်သေးသဖြင့် လည်ပင်းကို ပတ်မိသည့်တိုင် ပွဲကျရရုံမျှအပ အန္တရာယ်တော့ မဖြစ်နိုင်ချေ။

**ကိုအောင်မိုး**သည် သူ့အဖွဲ့သားများ တဝါးဝါး တဟားဟား ဖြစ်နေသည်ကို ကျေနပ်စွာ ပြုံး ကြည့်နေမိ၏။ သည်လိုဆိုတော့လည်း သူတို့တတွေမှာ ညက ပင်ပမ်းကြီးစွာဖြင့် ငါးမိုးဘုတ် ဖမ်းဆီး ရသည့်အလုပ်ကို မေ့သွားကြလေသလားဟု ထင်ရ၏။ တကယ်တော့ အခုလို အချိန်ရသခိုက်မှာ ဖဲရိုက်၊ အရက်သောက် စသည့် ဒုစရိုက်မှုကို လုပ်မည့်အစား မိမိအကျိုး တိုင်းပြည်၏အကျိုးအတွက် လေ့လာ စရာရှိ လေ့လာ၊ အဖွဲ့သား အချင်းချင်း ဆွေးနွေးစရာရှိ ဆွေးနွေး၊ ဒါမှမဟုတ် အချင်းချင်း အပြစ်ကင်း သည့်နည်းဖြင့် ပျော်ပါးစွာနေခြင်းက အကောင်းဆုံးပင် မဟုတ်ပါလား။ ဤသည်မှာ **ကိုအောင်မိုး**၏ အယူအဆ။ သူ့အဖွဲ့သားများအား ဤအယူအဆ၊ ဤအလေ့အထကို လေ့ကျင့် ပျိုးထောင်ပေးသူမှာ လည်း **ကိုအောင်မိုး**ပင်တည်း။

သို့ကြောင့်လည်း သူသည် ရေမိုးချိုးပြီးသည်နှင့် နတ်လမ်းညွှန်တို့လူသိုက်ကို အားဖြည့်ရန် တကြော ပြန်ထွက်ခဲ့ပြန်သည်။ သည်အချိန်မတော့ **ကိုလှဦး**သည် တိရစ္ဆာန်ရုံမှ မျောက်ကို လှမ်းလှမ်း ခြောက်သလို ရေသူရဲကောင်ဖြင့် **ကိုတင်မြင့်**ကို လှမ်းလှမ်းခြောက်ရင်း ရေသူရဲ၏ တစ်ထွာခန့်ရှိ လက်ကလေး တစ်ချောင်းကို ချိုးကြည့်နေပြန်သည်။ သည်တွင် စားပွဲ၌ တင်ပလ္လင်ထိုင်နေသော တစ်ယောက်က "ဟာဗျာ ကိုလှဦး မချိုးပါနဲ့ဗျာ၊ သနားစရာ" ဟု လှမ်းတားလိုက်၏။

သို့သော် ရေသူရဲကို မြင်ရုံဖြင့် အသဲတုန်အောင် ကြောက်တတ်သော **ကိုတင်မြင့်**ကမူ " ဒီမှာ နတ်လမ်းညွှန် လက်တစ်ချောင်းထဲ မဟုတ်ဘူး။ အားလုံးကိုသာ ချိုးပစ်၊ ကျားသား မိုးကြိုး စောစောက ကျုပ်လုံချီထဲ ဝင်သွားတာ မတော်များ သွားပေတ်မိရင်" ဟု **ကိုတင်မြင့်**က ရှုံ့ရှုံ့ မဲ့မဲ့ဖြင့် လုံချီကို ခပ် တင်းတင်း ပြင်ဝတ်ရင်း ပြောလိုက်သဖြင့် အားလုံးမှာ တဝေါဝေါ ရယ်ကြရပြန်သည်။

" ဒီမှာ ကိုတင်မြင့် ခင်ဗျားချိုးချင်ရင် ချိုးပေါ့၊ ဒါပေမယ့် ချိုးလို့လဲ ကျိုးမှာမဟုတ်ဘူး။ ကျိုးလို့လဲ သေမဲ့အကောင်မျိုး မဟုတ်ဘူးဗျ၊ သိပ်အသက်ပြင်းပြီး ကြောက်စရာကောင်းတဲ့ အကောင်မျိုး"

**ကိုအောင်မိုး**က နတ်လမ်းညွှန်လက်ထဲမှ ရေသူရဲကောင်ကို ယူပြီး လက်တစ်ချောင်းကို ခပ်သာ သာ ချိုးပြသည်။

"ဆရာ ဘာပြောတယ်၊ ဒီလက်တွေကို ချိုးလို့ မရဘူး ဟုတ်စ၊ ဒါဖြင့် ကျွန်တော် ခုတ်ဖြတ် ပစ်မယ်ဗျာ မသေနိုင်ဘူးလား"

"မောင်ရင် ခုတ်ဖြတ်ချင် ခုတ်ဖြတ်ပေါ့၊ ဒါပေမယ့် ပြန်ပေါက်လာမှာဘဲ စတားဖစ်ရှ် (ကြယ်ငါး) လိုဘဲပေါ့ကွာ၊ ကြယ်ငါးလဲ သူ့လက်တွေကို ဖြတ်ပစ်ရင် ပြန်ထွက်လာတာဘဲ။ ဒါကြောင့် ဒီနေ့

ဆေးသိပ္ပံက ဒီလို ဆဲလ်တွေ ပွားစည်းမှုကို သိရင် ထိန်းချုပ်မှုကိုလဲ သိနိုင်မယ်။ ဒီအခါမှာ ကင်ဆာလို ရောဂါမျိုးကို ကုနိုင်မယ်ဆိုပြီး လေ့လာနေကြတာပေါ့"

**ကိုအောင်မိုး**က သူလေ့လာမိသမျှကို ဖောက်သည်ချလိုက်သည်၊ သို့သော် **ကိုတင်မြင့်**ကမူ ညှိုးငယ်သော မျက်နှာဖြင့် သင်္ဘောအဖုံးပေါ်တွင် လုံချိုကို သိမ်း၍ ဆောင့်ကြောင့် ထိုင်ရင်း ...

"ဒါဖြင့် ဒီကောင်ကို ဘယ်လိုသေအောင် လုပ်ရမလဲ "သူ့အသံက မလိုတမာသံဖြစ်၏။ တချိန်တည်းမှာ ကြောက်စိတ်နှင့် ရှုံ့မုန်းစိတ်များကလည်း ဖုံးလွှမ်းနေ၏။ သည်တွင်မတော့ မျက်မှန်တဝင်းဝင်းနှင့် ဘယ်က,ပေါက်လာမှန်းမသိသော **ဦးဆန်းမောင်**က ...

"ဟ ဗိုးတင်မြင့်ရ ဒီကောင်ကို သေအောင် ရေနွေးနဲ့ ထည့်ပြုတ်ရတယ်၊ ဒါတောင် အိမ်ရှင်မ တစ်ယောက် အဖုံးကို ဖိမထားမိလို့ ရေသူရဲပျောက်လို့လိုက်ရှာတာ ကိုယ်တော်မြတ်က ကြပ်ခိုးစင်ပေါ် ဝင်ပုန်းနေတယ်ဆိုတာ ဒီကောင်မျိုးပေါ့ကွ မှတ်ထား။ ရေသူရဲ ဘဝဲဆိုတာ ကြောက်စရာ မဟုတ်ဘူး။ ဆီချက် နိုင်နိုင်နဲ့ ပြုတ်ပြီး သုတ်စားရရင် အမိုးတဝကောင်းမား"

သူက ပြောရင်းဆိုရင်း **ကိုအောင်မိုး**လက်ထဲမှ ဘဝဲကို ဆတ်ကနဲ ဆွဲယူပြီး **ကိုတင်မြင့်**၏ ဒူးနှစ်လုံးကြားကို ပစ်သွင်းလိုက်ရကား **ဇင်ယော်**တစ်စင်းလုံးမှာ **ကိုတင်မြင့်**၏ အော်သံ၊ ခုန်သံ၊ ပေါက်သံနှင့် ရယ်မောသံများမှာ ဆူညံသွားလေသည်။

**ကိုအောင်မိုး**ကား သူတို့ကို ထားခဲ့၍ တစ်ယောက်တည်းပင် ကုန်းပတ်ပေါ်သို့ တက်ခဲ့၏။ ရွှေကျွန်းသည် မြူနှင်းကင်းသော နေ့လည်ခင်း နေရောင်အောက်မှာ ပြုံးရယ်နေ၏။ မှန်ပါသည် ရွှေကျွန်း၏ ညိုမှောင်းနေသော သစ်ပင်တောအုပ်များက အပျိုမလေး၏ ဆံညွန့်များလို သိမ့်သိမ့်ကလေး လှုပ်ရှားနေ၏။ ကျွန်း၏မျက်နှာစာက နှုတ်ခမ်းထူထူကလေးချိုးသလို ခပ်ခွက်ခွက်ကလေး ချိုင့်နေ၏။ သည်တွင် ဖြူလွှနေသော သဲသောင်တန်းက တဖိတ်ဖိတ်တောက်ပနေရကာ အပျိုမလေးတစ်ယောက် ပုလဲတန်းလေးပေါ်အောင် ရယ်ပြုံးနေသည်နှင့် တူပင် တူလွန်းလှချေသည်။

**ကိုအောင်မိုး**သည် ရွှေကျွန်းကို ငေး၍ ကြည့်ရင်း သူ့မြင်ကွင်းကို တစ်ဘက်သို့ ရွှေ့လိုက်ပြန်သည်။ ဆုံးစမရှိသော ပင်လယ်ပြင်ကြီး ဟိုးမြောက်ဘက် ခပ်ယွန်းယွန်းတွင်ကား ညို့ညို့ မှိုင်းမှိုင်းနှင့် ခပ်ရိပ်ရိပ်မြင်ရသော ဇာအက်ကြီးနှင့် ဇာအက်ကလေးကျွန်း။ ပြီးတော့ ညကပင် ငါးမိုးသမားများနောက်သို့ သက်စွန့်ဆံဖျားလိုက်ခဲ့ရသည့် ကျွန်းပေါက်စကလေး။

သူသည် အပြောကျယ်လှသော ပင်လယ်ပြင်ကို ငေးမောကြည့်ရင်း ရင်ထဲမှာ ဟာတာတာကြီး ခံစားရသည်။ လောကမှာ ရုပ်ဝတ္ထုပစ္စည်း မပြည့်စုံခြင်းသည် စင်စစ် ဒုက္ခမဟုတ်၊ စိတ်အလို ဆန္ဒ မပြည့်ဝခြင်းသည်သာ ဒုက္ခဖြစ်၏။

**ခင်သက်လွင်**သည် စိတ်ပိုင်းဆိုင်ရာတွင် မိုဃ်းရာ လဲလျောင်းရာပင် ဖြစ်၏။ သို့သော် **သက်**ဘဝနှင့် သူ့ဘဝကား ခုလိုပင်လယ်ပြင်ကြီး အပြောကျယ်သလိုပင် ကျယ်ဝန်း ကွာလှမ်းလှချေသည်တကား။

မည်သို့ဆိုစေ **ကိုအောင်မိုး**သည်ရည်ရွယ်ချက်ရှိသူ သူ့ဘဝကို သူ,နားလည်သူဖြစ်၏။ မဖြစ်နိုင်တာကြောင့် ရင်လေးနေသည့်အစား အဖြစ်နိုင်ဆုံးဖြင့် သူ့ဘဝကို သူ,တည်ဆောက်နေသူလည်းဖြစ်၏။ သို့ကြောင့်လည်း သူသည် ပင်လယ်ပြာနောက်ခံမှာ တည်ငြိမ်စွာ တက်ရောက်လာသော **သက်**၏ ရုပ်ပုံလွှာကို ကလေးငယ်တစ်ယောက် စွန်ကြိုးဖြတ်လိုက်သလို တိကနဲ ဖြတ်လိုက်ပြီး သင်္ဘောခန်းမ ထဲသို့ ဆင်းလာခဲ့လေသည်။

ခန်းမထဲမှာ ထမင်းစားသောက်ပြီးသည်နှင့်လည်း သူသည် စာအုပ်နှစ်အုပ် သုံးအုပ်ကို ပိုက်၍ ကုန်းပတ်ပေါ်သို့ ပြန်၍ တက်ခဲ့၏။ ရွှေကျွန်းသဲသောင်ခုံမှာ အနားယူရင်း စာဖတ်ရန်ဖြစ်ပေသည်။ သည်တွင် တစ်ဘက်က ဆေးပြင်းလိပ်ကို ခဲပြီး တစ်ဖက်က မွှေးညပ်တစ်ချောင်းဖြင့် မုတ်ဆိတ်တို ကလေးများကို စမ်းကာ စမ်းကာ နုတ်နေသော ဦးကုလားက ...

''ဆရာ ကျွန်းပေါ်တက်မယ် ဟုတ်စ၊ ကျွန်တော် လိုက်ပို့မယ်လေ ကျွန်တော်လည်း ပဲ့ချိတ်ကို မောင်းကြည့်ချင်တာနဲ့ အံကိုက်ဘဲ''ဟု ဆိုလိုက်သဖြင့် သူတို့နှစ်ယောက်သည် ဖင်ယော်နောက်တွင် ချိတ်ထားသော ညက ဖမ်းမိသည့် ပဲ့ချိတ်ရှိရာသို့ လျှောက်ခဲ့ကြသည်။ ထိုစဉ် ပဲ့ကင်းမှ တစ်စုံတစ်ခုကို တွေ့ဟန်ဖြင့် အချက်ပေး ခေါင်းလောင်းသံထွက်ပေါ်လာရာ သူတို့နှစ်ယောက်လုံး ပဲ့စင်ပေါ်သို့ အပြေးတက်ခဲ့ရ၏။ ကြည့်လိုက်တော့ ရွှေကျွန်း၏ အနောက်ဘက် ပင်လယ်နက်အတွင်းသို့ လှေသုံးစင်းမျှ လှော်ခတ်သွားနေသည်ကို တွေ့ကြရ၏။ လှေတစ်စင်းတွင် လူ ၄/၅ ယောက်ခန့်နှင့် ...

''ဦးကုလား ငါးမိုးလှေ မဟုတ်တာတော့ သေချာတယ်၊ ပြီးတော့ သောင်းကျန်းသူတွေလဲ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ ဒီမှာ ရှိမှန်းသိရက်နဲ့တော့ သူပုန်တွေ ဒီလောက်အတင့်ရဲရာ မရှိဘူးဗျ''

ကိုအောင်မိုးက မှန်ပြောင်းဖြင့် လှမ်းကြည့်ရင်း မှတ်ချက်ချလိုက်သည်။ ပြီးတော့ ဦးကုလား အား မှန်ပြောင်းကို လှမ်းပေးရင်း သူက နာရီကို တစ်ချက်မြှောက်ကြည့်လိုက်၏။

''ဟုတ်တယ် ဆရာ၊ ငါးမိုးလှေလဲမဟုတ်ဘူး။ သောင်းကျန်းသူလဲ မဟုတ်ဘူး။ ကျွန်တော် အထင်တော့ ဒီအနီးအနားက ဆလုံတွေထင်တာဘဲ ဘယ်ကိုသွားကြမလဲတော့ မသိဘူး''

''ကဲ လာဗျာ ဦးကုလား သတင်းရလိုရငြား ကျွန်တော်တို့ ပဲ့ချိတ်နဲ့လိုက်ကြရအောင် ကိုစ်မြ ပဲ့စင်ကင်းကိုတော့ ပြန်မလာမချင်း မင်းဘဲတာဝန်ယူထား။ အော် ... ဦးဆန်းမောင် ခင်ဗျားလဲ လိုက်ခဲ့ဗျာ လိုရ မယ်ရ သေနတ်အရှည်နှစ်လက်လဲ ယူခဲ့''

ကိုအောင်မိုးသည် စာအုပ်များကို စားပွဲပေါ်လှမ်းတင်ရင်း ခုပင်ရောက်လာသော ဦးဆန်းမောင် ကိုပါ လှမ်းပြောလိုက်၏။ တအောင့်ကြာတော့ သူတို့ သုံးယောက်သည် တစ်မိုင်ကျော်ကျော်ခန့်ဝေးသော ရွှေကျွန်းအနောက်ဖက်သို့ ဦးတည်ထွက်ခဲ့လေသည်။

''ဆရာရေ ဆလုံလှေတွေတော့ အမှန်ဘဲ၊ ဒီရွှေကျွန်းက ဆလုံတွေလားတော့ မသိဘူး။ မဟုတ်ဓါမှ လွဲရော၊ ကျွန်တော်တို့ ရောက်လာလို့ ဒီကောင်တွေ ထွက်ပြေးကြပြန်ဘီထင်တယ် ''

ဦးကုလားက ပဲ့ချိတ်မောင်းရင်း အလယ်တွင်ထိုင်လိုက်လာသူ ကိုအောင်မိုးအား သူ့ထင်မြင် ချက်ကို လှမ်းပေးလိုက်သည်။ သည့်တိုင် သူ့ဆေးပြင်းလိပ်ကြီးကို ပါးစပ်က မချွတ်ဘဲ ပြောလိုက်သဖြင့် ပဲ့ချိတ်နှင့် ဆေးပြင်းလိပ်မှာ လိုင်းပေါ်တွင် အပြေးပြိုင်သလိုဖြစ်နေ၏။ တကယ်တော့ ဦးကုလား ပြော သည်မှာလည်း ဖြစ်နိုင်စရာရှိ၏။ ရွှေကျွန်းအနောက်ဘက်ရှိ တောင်ကုန်းငယ်ပေါ်မှာ ဆလုံအိမ်ကလေး ၁၀-အိမ်ခန့်ရှိရာ တချို့က တံငါလုပ်၏။ တချို့က ကရကမာငုတ်ပြီး၊ တချို့ကမူ ကျွန်းမြေကိုယူ၍ ရွှေကျင်ကြသည်။ ထို့ကြောင့်လည်း ဤကျွန်းကို ရွှေကျွန်းဟု ခေါ်ကြခြင်းဖြစ်ပေသည်။

သို့သော် ဆလုံများသည် ကိုအောင်မိုးတို့ ရောက်လာသည်နှင့် တစ်ယောက်မှ မကျန်အောင် ရှောင်သွားလေ့ရှိကြသည်။ ဤသည်ကိုပင် အချို့က ဆလုံများကို ရိုင်းစိုင်းသည်ဟု ပြောဆိုကြခြင်း ဖြစ်သည်။

''ဟုတ်တယ်ဗျာ၊ ဆလုံတွေဟာ အံ့ဩစရာဘဲ၊ ကျွန်တော်တို့ ရောက်လာတိုင်း သူတို့ကို

ဘယ်တော့မှ မတွေ့ရဘူး။ တကယ်တော့ ကျွန်တော်တို့သာ မဟုတ်ဖူး၊ တခြား လူစိမ်းဆိုရင်လဲ ဘယ်သူ့ဘဲ လာလာ ဒီလိုဘဲ ရှောင်ပြေးကြတာဘဲလို့ ကြားဘူးတယ်ဗျ"

**ကိုအောင်မိုး**က တရိပ်ရိပ် ပြေးနေသော ပဲ့ချိတ်ပေါ်မှ ပင်လယ်ရေကို လက်တစ်ဖက်ဖြင့် ဆော့ကစားရင်း **ဦးဆန်းမောင်**ကိုပါ စကားတိုင်လိုက်သည်။

"မှန်တာပေါ့ အာစရိ၊ ဒါပေမယ့် သူတို့ ခုလို ရိုင်းစိုင်းရတာ ကျွန်တော်တို့ ယဉ်ကျေးတယ်ဆိုတဲ့ လူတွေရဲ့ တာဝန်လဲ မကင်းဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ၁၇-ရာစုနှစ်လောက်တုန်းက ဒီဒေသမှာ သိပ်သောင်းကျန်းခဲ့တဲ့ ပင်လယ်ပြေတွေရဲ့ ရန်ကို သူတို့ ကောင်းကောင်းကြီး ခံစားခဲ့ကြရတယ်၊ ပြီးတော့ မြို့နေ လူတန်းစားရဲ့ ညစ်ပတ် ချယ်လှယ်မှုကိုလဲ အခုထိ ခံကြရတုန်းရှိသေးတယ်။ ဒါကြောင့် သူတို့ဟာ တစ်ဦးကောင်း တစ်ယောက်ကောင်းကိုသာ ယုံကြည်အားထားပြီး သူစိမ်းတစ်ရံဆိုရင် အမြင်တောင် မခံဘဲ ရှောင်ပြေးကြတာဘဲ ဆရာရဲ့"

**ဦးဆန်းမောင်**ပြောသည်မှာလည်း ဖြစ်နိုင်စရာရှိပါသည်။ တခြားကိစ္စတွေကို ထားတော့၊ မြို့နေ လူတန်းစားနှင့် လူရှုပ်လူပွေများ၏ နှိပ်ထက်စီးနင်းလုပ်မှု ခံကြရသည်မှာတော့ **ကိုအောင်မိုး**တို့ အသိပင် ဖြစ်သည်။ ပင်လယ်မှာ အသက်နှင့် ရင်း၍ ရှာရသည့် ငါးကြီးအံဖတ် ငှက်သိုက်နှင့် အဖိုးထိုက်လှသည့် ပုလဲ စသည်များကို လူယဉ်ကျေးများက ဝယ်သည်ဆိုရုံ အမည်ခံပြီး အခမဲ့နည်းဖြင့်သာ ယူလေ့ရှိကြသည်။ ဆလုံရွာတွေ့ပြီဆိုလျှင်လည်း ကြက်ငှက်က မကျန် သိမ်းလား သိမ်းယူတတ်ကြသည်။ ထို့ကြောင့်လည်း ဆလုံများသည် တစ်ဦးတစ်ယောက်ကိုသာ ဆရာတင်ပြီး ရသမျှကလေးကို ထုခွဲ စားသောက်နေကြရသည်။ သို့သော် ထိုတစ်ဦး တစ်ယောက်ကလည်း ခေါင်းပုံ ဖြတ်ရုံသာမဟုတ် အရိုင်းတိရစ္ဆာန်မွေးသလို ဘိန်းကိုပါကျွေး၍ လူညွန့်နှုးသည့် အရင်းရှင်ကြီးများသာ ဖြစ်ပေသည်။

"အမှန်တော့ ဆရာရယ်၊ ကျွန်တော်ကလဲ ဘိတ်သားဆိုတော့ သူတို့အပေါ်မှာ သံယောဇဉ်ရှိပါတယ်" **ဦးဆန်းမောင်**က သူ့ပေါင်ပေါ်တင်ထားသော ရိုင်ဖယ်သေနတ်ကို ဘေးသို့ မျှောင်ချလိုက်ရင်း သူ့စကားကို ဆက်ပြန်ပါသည်။

"ပင်လယ်မှာ အသက်နှင့် ရင်း၍ ရှာရသည့် ငါးကြီး အံဖတ်၊ ငှက်သိုက်နှင့် အဖိုးထိုက်လှသည့် ပုလဲ စသည်များကို လူယဉ်ကျေးများက ဝယ်သည်ဆိုရုံ အမည်ခံပြီး အခမဲ့နည်းဖြင့် ယူလေ့ရှိကြသည်"


''တကယ်တော့ ဒီဆလုံလူမျိုးတွေဟာ အာရှ အရှေ့တောင်ပိုင်းမှာ ဒုတိယ ရှေးအကျဆုံးဖြစ်တဲ့ ပြုစတြိုလွိုက်အနွယ်ဝင်တွေလို့ ကျွန်တော်မှတ်ရဘူးတယ်။ ဘာသာစကားအရဆိုရင်တော့ သူတို့ဟာ ပြုစတြိုနီရှင်း အနွယ်မှာပါကြတယ်၊ ဒီအထဲမှာ အင်ဒိုနီးရှားနဲ့မလေးလူမျိုးတွေလဲ ပါတာပေါ့။ ဒါကြောင့် ဘာသာစကားအရဆိုရင် သူတို့ဟာ ကျွန်တော်တို့ မြန်မာနဲ့ မွန်တွေထက်တောင် စောသေးတယ်လို့ သုတေသီတွေရဲ့ အဆိုကို ကျွန်တော်ဖတ်ရဘူးတယ် ဆရာ''

**ဦးဆန်းမောင်**က ပဲ့ချိတ်မြန်နှုန်းနှိုးပါး တရိပ်ရိပ်လျှော်ခတ်သွားသော ဆလုံလှေများကို ငေးကြည့်ရင်း ဆလုံရာဇဝင်ကို စိတ်ဝင်တစား ပြောပြနေပါသည်။ **ကိုအောင်မိုး**ကမူ ခေါင်းတငြိမ့်ငြိမ့်ဖြင့် **ဦးဆန်းမောင်**ကို ကြည့်လိုက်၊ ဆလုံလှေများ၏ အနေအထားကို အကဲခပ်လိုက်လုပ်ရင်း ...

''အေးပေါ့ဗျာ၊ ဆလုံတွေဟာ တစ်ချိန်က ကိုယ်ပိုင် ယဉ်ကျေးမှုနဲ့ အခြေတကျနေခဲ့တဲ့ လူမျိုးနွယ်တွေဆိုတာ ယုံကြည်ပါတယ်၊ ခုတော့လဲ သူတို့ခမျာ လူမျိုးသာ တိမ်ကောရုံမဟုတ်ဘူး၊ ယဉ်ကျေးမှုပါ တိမ်ကောနေကြရတာ သိပ်ဝမ်းနည်းစရာဘဲ၊ ဒါနဲ့ဗျို့ ဦးကုလား၊ ခင်ဗျား ဆလုံလှေတွေ သွားပုံက တယ်ထူးပါလားဗျ၊ အလယ်ကလှေတစ်စင်းကို ဘေးက လှေလေးစင်းက ရံလို့ ပြီးတော့ အလယ်က လှေမှာလဲ အထုပ်တစ်ခုကို ပိုက်ထားပါလား၊ မောင်းဗျာ ဦးကုလား ပဲ့ချိတ်ကို မြန်မြန် ''

**ကိုအောင်မိုး**က **ဦးဆန်းမောင်**နှင့် အချီအချပြောနေရာမှ ဆလုံလှေများ၏အခြေအနေကို ကြည့်ပြီး **ဦးကုလား**ကိုလှမ်း၍ ဆော်ဩလိုက်ခြင်းဖြစ်သည်။ မှန်၏ အလယ်လှေတွင် တကျောလုံး မွဲပြောင်နေသော ဆလုံယောကျာ်းကြီးနှစ်ယောက်နှင့် မိန်းမနှစ်ယောက်ပါရှိရာ ထမိကိုရင်လျားထားသော မိန်းမတစ်ယောက်သည် အထုပ်တစ်ထုပ်ကို ပိုက်ထားလျက်ရှိ၏။ စင်စစ် သူမပိုက်ထားသည်မှာ အဝတ်ထုပ်လော တစ်စုံတစ်ခုလော ခွဲခြားမရနိုင်၊ သို့သော် အခြေအနေ ကြည့်ရသည်မှာ အရေးကြီးသည့် ပစ္စည်းတစ်ခုခုဖြစ်ကြောင်းကား ထင်ရှားနေ၏။

''အေးဗျာ အာစရိ ဘာဥစ္စာလဲမသိဘူး၊ မြင်ရတာတော့ ခပ်ဆန်းဆန်းဘဲဗျ''



ဆလုံလူမျိုးအကြောင်း အတန်သင့် ခေါက်မိသူ **ဦးဆန်းမောင်**ကိုယ်တိုင် ဝေးကြောင်ငိုကြည့်ရာမှ အာမေဝဂိတ်သံထွက်လာ၏။ ထိုစဉ် ပွဲချိတ်သည် **ကိုအောင်မိုး**၏ လောဆော်မှုကြောင့် ပင်လယ်ပြင်ကို မထိတထိနမ်းကာ အရှိန်နှင့် ပြေးထွက်ခဲ့ပေပြီ၊ နေကလည်း အနောက်ဘက်သို့ တိမ်းသွားပြီဖြစ်၍ စိမ်းမြသော ပင်လယ်ပြင်သည် ကြေးမုံပြင်ကြီးလို အရောင်မျိုးစုံတောက်နေလေသည်။

ထိုအခိုက် ဆလုံလှေများသည် ငှက်ခါးတောင်လို စိမ်းဖန့်နေသော ပင်လယ်နက်ပိုင်းသို့ ရောက်သည်နှင့် အလယ်ကလှေကို အခုံလှေလေးစင်းက ဝိုင်းနောက်လေးခုဆိုင်သလို ရုတ်တရက် ဆိုင်း၍ ဝိုင်းလိုက်လေသည်။ သည်တွင် မော်တော်ဝမ်းထဲမှ အသားကျထိုင်လိုက်လာသူ **ကိုအောင်မိုး**က ရုတ်တရက် ဆောင့်ကြောင့်ထိုင်လိုက်ရင်း ....

"တောဗျာ ဦးဆန်းမောင် လုပ်ပါအုံး။ ခင်ဗျားဆလုံတွေ ဘာလုပ်တာလဲ မသိဘူး။ ဗျို့ ဦးကုလား ပြေးပြေးစက်ရှိန်သတ်တော့"ဟူသော စကားအဆုံးတွင် **ဦးဆန်းမောင်**ကလည်း "နေအုံးဗျ အာဝရိအိနဲ့ ဦးကုလား သူတို့နား သိပ်မကပ်နဲ့ဗျာ၊ ဒါ သူတို့ရိုးရာကိစ္စတစ်ခုခုပဲ ဖြစ်မယ်ထင်တယ်၊ ကျွန်တော်လည်း တစ်ခါမှ မတွေ့ဘူးသေးဘူး"ဟု၍ ပွဲချိတ်မော်တော်ပေါ်တွင် တစ်ယောက်တစ်ပေါက်အသံများဖြင့် ဆူညံသလိုပင် ဖြစ်သွားလေသည်။

သို့သော် ဆလုံများကား သူတို့ကို လုံးဝ ဂရုမထားဟန်ဖြင့် တစ်ချက်သာ လှမ်းကြည့်ပြီး စောစောက အထုပ်ဝိုက်ထားသူ မိန်းမငယ်က အနီးရှိ ဆလုံကြီးတစ်ယောက်အား တစ်စုံတစ်ခု လှမ်းပြောလိုက်သည်ကို မြင်ကြရသည်။ ပြီးဝိုက်ထားသော အထုပ်ကို ပင်လယ်နက်အတွင်းသို့ ပစ်ချလိုက်လေသည်။

**ကိုအောင်မိုး**တို့မှာ မှင်သက်မိသလို ဖြစ်သွားရင်း၊ 'ဟယ်' 'ဟင်' ဟု၍ အော်မိကြ၏။ သို့သော် စင်သားများ တန်းမြုတ်သည်ထက်ပင် စနစ်ကျလှသော ဆလုံများသည် ဘာမပြော ညာမပြောဖြင့် ကောက်ကာငင်ကာ ထွက်သွားကြရာ၊ **ဦးကုလား**၏ ကျွမ်းကျင်မှုကြောင့် အလယ်လှေတစ်စင်းကိုသာ လက်မတင်ကလေး တားဆီးလိုက်နိုင်ပေသည်။

> "ကြယ်ငါးဟာ သူ့လက်တွေကိုဖြတ်ပစ်ရင်၊ ပြန်ထွက်လာတာပဲ၊ ဒါကြောင့် ဒီနေ့ ဆေးသိပ္ပံက ဆဲလ်ပွားစည်းမှုကိုသိရင်၊ ထိန်းချုပ်မှုကိုလဲသိနိုင်မယ်။ ဒီအခါကင်ဆာလို ရောဂါမျိုးကိုလဲ ကုနိုင်မယ်ဆိုပြီး ×××"

"အနောင် ကျုပ်တို့ ရန်သူမဟုတ်ရနား၊ တိုသဘော်သိတယ်မဟုတ်လား၊ ကျုပ်တို့ ဒယ်က မိတ်ဆွေတွေဘဲ အနောင်တို့ ဘာဥစ္စာလုပ်နေကြလဲ"


**ဦးဆန်းမောင်က** လှေခြင်းကပ်မိသည်နှင့် ခပ်ပြုပြုမြင်ရသော **ဇင်ယော်**ကို လက်ညွှန်ကာ ဆလုံအဖိုးကြီးအား ဦးတည်၍ မေးလိုက်သည်။ လုံချိန်တိုနှင့် တစ်ကိုယ်လုံး မွဲညစ်နေသော အဖိုးကြီး က ပြုံးလဲ မပြုံး၊ ရယ်လည်း မရယ်ဘဲ တစ်ချက်သာ ခေါင်းငြိမ့်သလို လုပ်လိုက်သည်။ လှေလယ်တွင် ထိုင်နေသူ ယောကျာ်းတစ်ယောက်နှင့် စောစောက မိန်းမငယ်ကလေးမှာလည်း ဘာကိုမှ မကြည့်ဘဲ ခေါင်းငိုက်စိုက်ချထား၏။

"အနောင် ပြောပါ၊ ခုနက ဘာဥစ္စာလုပ်တာလဲ"

**ဦးဆန်းမောင်က** လှေနံကို ဆွဲ၍ အဖိုးကြီးနားကပ်ကာ ထပ်၍မေး၏။ **ကိုအောင်မိုး**ကလည်း ခြေဟန် လက်ဟန်ဖြင့် ဝိုင်း၍ မေး၏။ သို့သော် ဆလုံများသည် အများအားဖြင့် မြိတ်စကားကို ပြောတတ်ကြသည်ဆိုသော်လည်း ဤဆလုံများကား လိပ်ပတ်လည်အောင် ပြောတတ်ပုံမပေါ်။ ထို့ပြင် လူစိမ်းများကိုလည်း သူတို့အနေဖြင့် တစ်စုံတရာ ပြောပြချင်ပုံ မပေါ်ချေ။ နောက်ဆုံးတွင်မှ သူတို့၏ ဓလေ့ထုံးတမ်းတစ်ခုကို သူတို့၏ ဓလေ့သဘာဝအလျောက် တစ်စုံတရာ ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု **ကိုအောင်မိုး**တို့ နားလည်လိုက်ရပေသည်။

မည်သို့ဆိုစေ သူတို့လုပ်ငန်းအတွက် အားတက်ဖွယ် သတင်းတစ်ခုကိုကား ရခဲ့ပါသည်။ အခြား မဟုတ်ပါ။ ထိုလှေဦးစီးလုပ်သူ **ကိုအဲမူး** ငါးရှာရင်း တစ်ဖက်နိုင်ငံ ရေပိုင်နက်အတွင်း ရောက်သွားရာ အစိမ်းပုတ်ရောင် ဆေးသုတ်ထားသည့် ငါးမိုးဖော်တော်တစ်စီး မြန်မာ့ရေပိုင်နက်အတွင်း ဝင်ရောက် လာနေသည်ဆိုသော သတင်းပင်ဖြစ်ပါသည်။ ထိုအစိမ်းပုတ်ရောင် သုတ်ထားသည့် ငါးမိုးဘုတ် ဆို သည်မှာလည်း အခြားမဟုတ်ပါ။ **ကိုအောင်မိုး**တို့ သတင်းအရ အပူတပြင်းလိုက်ရှာနေသည့် **ဇေင်း** ခေါ် ငါးမိုးတန်ကေးကြီးပင်ဖြစ်ပေသည်။

◆





# နှလုံးသားရေးရာနှင့် အယူအဆပြဿနာ

တစ်ရက်၊ နောက်တစ်ရက်၊ နောက်တစ်ရက်။

**ကိုအောင်မိုး**တို့သည် **ကိုအဲမူး** တွေ့ခဲ့သည်ဆိုသော ဖေဝင်းကို သဲကြီး မဲကြီးပင် စောင့်ကြ၏။ ပင်လယ်စက်ဝန်းမှာ နေဝန်းကို မြင်ရသည့် အချိန်မှစ၍ ရွှေကျွန်းမှာ ကင်းပုန်းဝပ်၍ စောင့်၏။ နေဝန်းပျောက်၍ အမှောင်ပျိုးချိန်မှစ၍ ကျွန်လုံးပတ်လည် လှည့်ကာ မြန်မာ့ရေပိုက်နက်အတွင်းမှ ကင်းလှည့်၍ စောင့်ကြခြင်းပင်တည်း။

သို့သော် ဖေဝင်းကလည်း တားနေကျ ကြောင်ဖား။ မြန်မာ့ရေပိုက်နက်ကလည်း အိုးပုတ်၊ ဂျိုးရုပ်ကလေးများ စီထားသလို ကျွန်းပုစုခရုတွေက များလှသဖြင့် **ကိုအောင်မိုး**တို့မှာ ဖေဝင်းကို အလျှင်း ရှာမတွေ့နိုင်အောင် ဖြစ်နေကြပြန်လေသည်။

ထို့ကြောင့် **ကိုအောင်မိုး**သည် သုံးရက်မြောက်နေ့တွင် နံနက်စာ ထမင်းစားပြီးသည်နှင့် ပဲ့ပိုင်းနားနေခန်းမှာ ပက်လက်ကုလားထိုင်တစ်လုံးချပြီး တစ်ယောက်တည်း စဉ်းစားခန်း ဝင်နေလေသည်။ ဖေဝင်းကို ဘယ်လိုစောင့်ဖမ်းရမလဲ။ ဒီတစ်ခေါက် ပင်လယ်ပြင်မှာ ဘယ်လောက်ကြာအောင် နေရမလဲ။ လူအင်အား ၁၈-ယောက်အတွက် ရိက္ခာကော ရှိသေးရဲ့လား။ သူသည် ရှေ့လုပ်ငန်းစဉ်အတွက် ထွေရာလေးပါးကို စဉ်းစားနေမိ၏။ ပြီးတော့ ရေရှိန်ဖြင့် တလှုပ်လှုပ်ခါနေသော ကျွန်းတိုင်ကလေး ရပ်နားသွားသည်နှင့် ဝင်နားလေ့ရှိသော ပဇင်းကောင်လို သူ့စိတ်အနယ်ထိုင်သွားသည်နှင့် သူ့ရင်ထဲမှာ ခိုနားလာသည်ကတော့ သူ၏ ကိုယ်ရေးကိုယ်တာ အချစ်ပြဿနာ။

ဇင်ယော်ဘေးတွင် တသွင်သွင်ပြေးနေသော ပင်လယ်ရေကား မြသားအသွင်ဖြင့် ကြည်လင်နေ၏။ တကယ်ပင် လေထီးနှင့်တူသော ပင်လယ်ခုများကား ပင်လယ်ရေမှာ မြုပ်ချီ ပေါ်ချီနှင့် မျောပါနေကြသည်။ သူတို့ မြုပ်လိုက်ပေါ်လိုက် လုပ်နေပုံမှာကား တောင်ကင်းပြာမှ

လေထီးစစ်သားများ စစ်ပွဲဝင်နေသလားဟု ထင်မှတ်ရလေသည်။ **ကိုအောင်မိုး**သည် ရေပြာပြာကို ကြည့်ရင်း စက္ကူစွန်ကလေး လွှင့်လိုက်သလို သူ့စိတ်ကူးအဟုန်ကို အတွေးလေအဟုန်မှာ ချိတ်၍ ဟိုအဝေး ဆီသို့ လွှတ်လိုက်သည်။ သို့သော် သူ့ပတ်ဝန်းကျင်ကား မိုးကောင်းကင် ဝေဟင်မှာ မဟုတ်၊ လုပ်ငန်းခွင် **ဇင်ယော်**မှာဖြစ်ရကား –

''အမီးဝေး အာစရိ ဘယ်ရောက်နေ အောက်မေ့တယ်၊ လက်စသပ်တော့ ဒီမှာ ခင်သက်လွင်နဲ့ တွေ့နေတာကိုး ''ဟူသော ဘယ်ကရောက်လာမှန်း မသိရသည့် **ဦးဆန်းမောင်၏**စကားကြောင့် သူ့မှာ ပြိုင်မြင်းကို ဇက်သတ်သလို သူ့အတွေးကိုလည်း ရုတ်တရက် ဖြတ်လိုက်ရပေသည်။

''အော်– ဦးဆန်းမောင် လာဗျာ၊ ကျွန်တော်လဲ ပင်လယ်သိန်းငှက်လို ရေပေါ်မှာ ငါးတစ်ကောင် တွေ့လိုက်တာနဲ့ မလွတ်တန်း ထိုးသုတ်လိုက်သလို ကျွန်တော်လဲ အတွေးတစ်ခုရတာနဲ့ ခင်သက်လွင်ကို ပြေးမြင်မိတာဘဲဗျာ။ ကျွန်တော့ အားနည်းချက်ဘဲဆိုပါတော့။ အင်း မဖြစ်နိုင်မှန်းလည်း သိရက်နဲ့ ကိုယ့်ဟာကိုလဲ ဒီလောက်ထိန်းသိမ်းရက်နဲ့ ''

**ကိုအောင်မိုး**က ပက်လက်ကုလားထိုင်မှ ဇုတ်တုတ်ထိုင်ရင်း ဝမ်းနည်းသံဖြင့် မိမိကိုယ်ကို ဝေဖန်ရေး လုပ်လိုက်သည်။ ပြီးတော့ **ဦးဆန်းမောင်**ကို မကြည့်ဘဲ မြှပ်လိုက် ပေါ်လိုက်ဖြင့် တစ်ကောင် ပြီး တစ်ကောင် ခုန်ဆင်းသွားနေကြသော ပင်လယ်ခူများကိုသာ ငေးကြည့်နေ၏။ **ဦးဆန်းမောင်**ကား **ကိုအောင်မိုး၏** အချစ်ပြဿနာကို အတော်အသင့် သိထားရုံမက **ကိုအောင်မိုး၏** စိတ်သဘောထား ကိုလည်း နားလည်ထားသည့် အလျောက် –

''ဒါတော့ အာစရိရဲ့ အယူအဆက တင်းကြပ်လွန်းဘီထင်တယ်၊ လူတစ်ယောက်ရဲ့ ကိုယ်ရေး ကိုယ်တာကိစ္စဟာ သူ့ဘဝကို ထင်ဟပ်စေပြီဘဲ အာစရိ၊ ဒါက သဘာဝကျတဲ့ကိစ္စပါ။ ဒါပေမဲ့ မပြေပြစ်တဲ့ သူ့အချစ်ပြဿနာကြောင့် သူ့လုပ်ခွင်ကို မထိခိုက်ဘို့ကတော့ လိုတာပေါ့။ ဒီကိစ္စမှာတော့ အာစရိဟာ လုပ်ငန်းခွင်နဲ့ ကိုယ်ရေးကိုယ်တာကို တချို့လူတွေထက် အများကြီး ခွဲခြားသတ်မှတ်နိုင်တယ်လို့ ကျွန်တော်မြင်တယ် ''

**ကိုအောင်မိုးနှင့် ဦးဆန်းမောင်တို့၏** စကားမှာ မချော်လင့်ဘဲ နှံနစ်ခံရသူလို မရည်မှတ်ဘဲ လေးလံနက်ရှိုင်းသော သဘောတရားဘက်သို့ ရောက်ရှိလာလေသည်။ သို့သော် သူတို့၏ လေးလံထိုင်း မှိုင်းသော စိတ်နေဝန်းကျင်မှာ မမျှော်လင့်ဘဲ ရုတ်တရက်ပြောင်းသွားရပြန်လေသည်။ အခြားကြောင့် မဟုတ် ကိုလှဦး၊ **ဦးတုလားနှင့် ကိုတင်မြင့်**တို့အသိုက်လည်း ရောက်လာကြကာ ...

''ကဲ ... အာစရိနဲ့ ဒီက မြိတ်သားကြီးဦးဆန်းမောင်၊ ကျွန်တော်တို့မှာတော့ ပုဂံဘဲပါတယ် နော်၊ ဇလုံတော့ မပါဘူး။ တားကြ သောက်ကြအုံးဗျ၊ ဒါက ငါးမုတ်မြှုကို ဇုတ်ပြီး သုတ်ထားတာ၊ ဒါက ပလာတူးကို ကင်ထားတာ၊ ဟောဒါက ဇင်းပြားကို ဆီနဲ့ ကျွတ်နေအောင် ကြော်ထားတာ၊ ဒါတွေ အားလုံးကတော့ ကိုတင်မြင့်နဲ့ ကျွန်တော် လက်ထွန်ပစ်သူပစ်၊ မျှားသူက မျှားပြီး ရကြတဲ့ တကယ့် လတ်လတ်ဆတ်ဆတ် ငါးတွေပါဘဲဗျား''

**နတ်လမ်းညွှန်ကိုလှဦး**က သံပန်းကန်များ၊ ရေနွေးခွက်များကို လိုက်ချရင်း ခပ်နောက်နောက် ပြောလိုက်၏။ အမြီးပန်းကန်များမှာ သူပြောသလိုပင် စားချင့်စဖွယ်ဖြင့် တစ်ပုံတပင်ကြီးဖြစ်၏။ ပြီးတော့ **ဦးဆန်းမောင်**တို့ မြိတ်သူ မြိတ်သားများကို ချစ်စနိုး ခေလ့ရှိသည့် 'ဆလုံ'အစား 'ဇလုံ ' ဟူ၍လည်း **ဦးဆန်းမောင်**ကို ကျီစယ်လိုက်သေး၏။ **ဦးဆန်းမောင်**ကမူ သူ့ထုံးစံအတိုင်း သွားကို ဖြီး၍ တတဲတဲ

ရယ်မောရင်း ....

''ဟဲ .... ဟဲ ... ဒီလို ပင်လယ်ငါးတွေ ဖောဖောသီသီ စားနိုင်တာက ကျွန်တော်တို့ ဘိတ်သားနဲ့ ဆလုံတွေဘဲ ရှိတယ်နော်။ တမာနဲ့ ပဲကို အားထားရနေရတဲ့ ခင်ဗျားတို့ အညာသား ပုဂံတွေကတော့ ကြုံတုန်းဝအောင် စားကြပေါ့ဗျား။ တော်ကြာ အညာပြန်ရောက်မှ ပင်လယ်ငါးကို လွမ်းနေရင် အခက်''

**ဦးဆန်းမောင်**ကလည်း ရယ်ကျဲကျဲဖြင့် အညာသားဖြစ်သူ **ကိုလှဦး**ကို ပြန်နောက်ရင်း ပလာတူး ငါးကင်ကို တဖဲ့ယူစားလိုက်၏။ အလွန်ချို၍ အရသာထူးကဲလှသည့် စည်သွတ်ငါး။ မြန်မာတစ်ပြည်လုံး ကိုသာမက ကမ္ဘာ့ဈေးကွက်ကိုပင် လိုသလောက် တင်ပို့နိုင်လောက်အောင် မြိတ်ကျွန်းစုတွင် ပေါများလှ သည့် ပလာတူးငါး။

''အင်း ... ဒါတော့ နုတ်လမ်းညွှန်က ဝန်ခံရမယ်ဗျ။ ကျွန်တော်တို့ ပင်လယ်မှာ ငါးတွေပေါသ လောက် ခင်ဗျားတို့ အညာကျတော့ ငါးကို အရပ်ရှေးကြည့်ရမတတ် ရှားတာဟာ အမှန်ဘဲဗျ၊ အေးပေါ့ ဗျာ၊ ဘာမှ မကြီးတဲ့ တိုင်းပြည်ငယ်ကလေးအတွင်းမှာဘဲ လိုတဲ့နေရာကို လိုတဲ့ပစ္စည်းရောက်အောင် မဖြန့်ဖြူးနိုင်တာဟာ ဝမ်းနည်းစရာဘဲ ''

လက်တွေ့ အလုပ်တစ်ခုမရှိလျှင် အမြဲလိုလို စဉ်းစားနေတတ်သူ **ကိုအောင်မိုး**က ဝင်းပြား ကြော်တစ်ဖဲ့ကို ကောက်ငုံရင်း **ဦးဆန်းမောင်**ကို ဝင်ထောက်လိုက်၏။

''ဒါနဲ့ ဆရာ၊ ကျွန်တော်တို့ပင်လယ်မှာ ငါးတွေ ဒီလောက် ပေါတာ ဆရာလဲအသိ၊ ကျွန်တော်လဲ အသိ၊ အထူးသဖြင့် ဒီပလာတူးငါးဆိုရင် ပိုက်ကို ခွဲယူရတဲ့အထိ ပေါများတဲ့ဥစ္စာကို ဘာဖြစ်လို့ အစိုး ရက စည်သွတ်စက်ရုံတွေ ဘာတွေ တည်ပြီးမလုပ်ထားလဲ ''

မွှေးညပ်ကို တစ်ဖက်ကကိုင်ပြီး ပြောင်နေသော မေးစေ့မှ ရှရာအပင်ကို ဆွဲနုတ်ရင်း **ဦးတုလား**က မမေးစဘူး ကောက်၍ မေးလိုက်၏။

''ဒါတော့ သယ်ယူပို့ဆောင်ရေးနဲ့ စရိတ်စကော သိပ်ကြီးလို့ လတ်တလော မလုပ်နိုင်သေးတာ ဖြစ်မှာပေါ့ဗျား။ ဖြေးဖြေးတော့ ဖြစ်လိမ့်မယ်ထင်ပါတယ်။ ဒါပေမဲ့ ဆင်းရဲသား လုပ်သားပြည်သူ အားလုံး စားနိုင်အောင် လတ်တလော၊ အစီအစဉ်အနေနဲ့ ငါးခြောက်လုပ်ပြီး ဖြန့်ဖြူး၊ ဒါမှမဟုတ် ငါးဆားနယ်လုပ်ပြီး ခင်ဗျားတို့လို အညာဒေသတွေ၊ တောင်ပေါ်ဒေသတွေကို ပို့နိုင်ရင် အကောင်းဆုံးဘဲဗျ''

''ဒါကို ကျွန်တော် သဘောတူတယ် အာစရိ၊ ကျွန်တော်တို့ တိုင်းပြည်ဟာ ခုထိ လူ့ဦးရေ သန်းသုံးဆယ် မပြည့်သေးဘူး။ ကျွန်တော့် ဆန္ဒကတော့ လူဦးရေ သန်းတစ်ရာလောက်ကို ရှိစေချင် တယ်။ အမှန်တော့ ကျွန်တော်တို့မှာ တိုးလာမဲ့ လူဦးရေအတွက် ပူစရာမရှိဘူး။ ဟောဒီ ပင်လယ်ပြင်က စားနပ်ရိက္ခာတွေကို ဘယ်လိုထုတ်ယူ အသုံးချမယ်ဆိုတာသာ ပြဿနာဘဲ အာစရိရဲ့၊ အင်းလေ.. ဒါပေမယ့် ခုထိ ကျွန်တော်တို့လူငယ်တွေက ပင်လယ်ကို စိတ်မဝင်စားကြသေးတာက ခက်တယ်ဗျာ''

**ဦးဆန်းမောင်**က သူ့စကားအဆုံးတွင် မျက်မှန်ကို ချွတ်၍ ဒါးပုံစနှင့် ဆွဲ၍သုတ်လိုက်သည်။ **ကိုအောင်မိုး**က မတ်ခွက်ကိုကိုင်၍ ရေနွေးကြမ်းသောက်နေ၏။ **ဦးတုလား**က မွှေးညပ်ကို လက်က မချဘဲ ငါးမုတ်သုတ်ကို လွေးနေသည်။ **ကိုလှဦး**ကမူ ပလာတူးငါးကင်တစ်တုံးကို ပလုပ်ပလောင်း စားရင်း ...

''အေးဗျ၊ ကျွန်တော်တို့ လူမျိုးက မြစ်ချောင်း အင်းအိုင်နဲ့ ကြီးပြင်းပီး ပင်လယ်ကျတော့ တယ် ကြောက်ကိုးဗျ၊ ကျွန်တော်အဖို့တော့ ပင်လယ်မှာနေရတာ သိပ်ပျော်တယ်၊ သိပ်လဲ ကျန်းမာတယ်၊

ဒီမှာ ကျွန်တော်ကြားဘူးတယ်၊ အနာပဆုပ်ရှိတဲ့ လူများဟာ ပင်လယ်မှာ သုံးလလောက်နေလိုက်ရင် တစ်ခါထဲ ပျောက်ဆိုပဲဗျ"

"ဒါပေါ့ဗျာ၊ ပင်လယ်လေမှာ အိုဇုန်းဓါတ်က အများဆုံးပါတာကိုး။ ပြီးတော့ ပင်လယ်ရေမှာ ဘရိုမင်းနဲ့ မဂ္ဂနီစီယမ်ဓါတ်တွေပါခြင်းဟာ သက်ရှိသတ္တဝါတွေအတွက် အလိုအပ်ဆုံးဖြစ်တယ်လို့ ကျွန်တော်ဖတ်ရဘူးတယ် "

**ဦးဆန်းမောင်**ကလည်း ခေသူမဟုတ်၊ သိပ္ပံဘာသာဖြင့် ဥပစာတန်းအောင်ထားသူပီပီ အဏ္ဏဝါဗေဒကိုလည်း အတန်သင့် ခေါက်မိသူဖြစ်၏။ **ကိုအောင်မိုး**ကမူ နှုတ်ဆိတ်စွာဖြင့် ပင်လယ်ပြင်ကို ငေးကြည့်နေရာမှ ...

"အင်း ... ပင်လယ်ဟာ စိတ်ဝင်စားစရာကောင်းတာကတော့ အမှန်ဘဲဗျ၊ အသုံးချတတ်ရင် ရှိသမျှ ပင်လယ်သယံဇာတတွေဟာ အသုံးဝင်တာချည်းဘဲ။ တခြားမကြည့်နဲ့ ကျွန်တော်တို့ ခုမြင်နေရတဲ့ ထီးခေါ်တဲ့ ပင်လယ်ခူတွေဟာ ဘယ်လောက်ပေါလဲ။ စားမဲ့လူမရှိဘူး။ အသုံးချမယ့် လူမရှိဘူး။ ဒါတွေဟာ သိပ္ပံနည်းနဲ့ ပြုပြင်ထုတ်လုပ်နိုင်ရင် အကောင်းဆုံး ကျောက်ကျောတွေ ရနိုင်တယ်။ ပြီးတော့ ပင်လယ်မှာ ကျွန်တော်တို့ အမြဲတန်းတွေ့နေကြတဲ့ ရေမှုပ်ဗျာ ဒီအထဲမှာ မှတ်ဆိတ်နီရေမှုပ်ဆိုရင် ပိုးသတ်ဆေးလို အသုံးချနိုင်တယ်။ ပင်နီစလင်မတိုးတဲ့ စတက်ဖီလိုကော့ကပ်ဆိုတဲ့ ပိုးမျိုးကိုတောင် သေစေနိုင်တယ်တဲ့။ ဒီတော့ ခြေဆော့ လက်ဆော့လုပ်တတ်တဲ့ ကိုတင်မြင့်တို့အဖို့တော့ မျှော်လင့်စရာပေါ့ဗျာ၊ ကဲ ... ကျွန်တော်တော့ အညောင်းပြေ ကျွန်းပေါ် တက်အုံးမယ်ဗျို့"

**ကိုအောင်မိုး**က ရေကူးရင်း အပြီးခတ်သလို သူ့စကားကို အဆုံးသတ်ရင်း **ကိုတင်မြင့်**ကို တစ်ချက်ခတ်ခဲ့ပြီး၊ ရေနွေးကြမ်းဝိုင်းမှ ထွက်ခဲ့သည်။ ပင်လယ်လေကား ခပ်ပြေပြေကလေး လူးလိမ့်နေ၏။ ပင်လယ်နေကလည်း။ မြသားကမ္ဗလာပေါ်မှာ စိန်ရောင်၊ ရွှေရောင်၊ မြရောင်တို့ဖြင့် ရောပေါင်ပြီး ပျက်နေလေသည်။

**ဇင်ယော်**ကား ရွှေကျွန်းရှေ့မှာ ဒါတိုင်းလိုပင် နားနေလျက်။ ဘာဝန်ကျကင်းကလည်း နှစ်နာရီ တစ်ကြိမ် ပုံမှန်လဲကာ စောင့်ကြပ်နေ၏။ အခုထိ ထူးခြားမှု တစ်စုံတစ်ရာ မရှိသေး။

**ကိုအောင်မိုး**သည် **ဇင်ယော်**အခြေအနေကို ကြည့်ရှုပြီးသည်နှင့် သူ့အခန်းတွင်းသို့ဝင်ကာ တအုပ် ၃–၄ အုပ်ကို ဗိုက်၍ ပြန်ထွက်ခဲ့သည်။ ရွှေကျွန်းသဲသောင်ခုံမှာ တဖတ်ရင်း အနားယူရန်ပင်တည်း။

သို့သော် အခန်းပြန်ရောက်၍ ပုံချိတ်မော်တော်ကို လှမ်းကြည့်ရင်း သူသည် တစ်စုံတစ်ခုကို အမှတ်ရမိသဖြင့် **ဇင်ယော်**ခန်းမထဲသို့ ရုတ်တရက်ဆင်းလာမိသည်။ ရေနွေးကြမ်းဝိုင်းမှာ သူ့အဖွဲ့သား ငါးယောက်လောက်သာ ရှိသည်။ ကျန်အဖွဲ့သားများက ဘယ်ရောက်၍ ဘာလုပ်နေကြသလဲ။

သူသည် ခန်းမလှေကားမှ ဆင်းလိုက်သည်နှင့် သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ရင်ထဲမှာ ဒိန်းကနဲ ခံစားလိုက်ရသည်။ သူ့နားကို သူမယုံကြည်နိုင်အောင်လည်း ရင်မှာ တလှပ်လှပ်ဖြစ်သွားရသည်။ မှန်ပါ သည်။ အသံအုပ်အုပ်ဖြင့် ကျိတ်၍ ကျိတ်၍ ငြင်းခုန်နေသော အသံများ။ ဟော့ကောင် ငါက လပ်ကွ၊ မင်းက တစ်ပေါက်လိုသေးတဲ့ ဥစ္စာ၊ ဒီမှာ မင်းအဖေက ကုလားသုံးကောင် တွေ့လား။

တွေ့နေရပါပြီ။ **ကိုအောင်မိုး** အလွန်မနှစ်သက်သည့် လောင်းကစားမှု၊ သူကြိမ်ဖန်များစွာ တားမြစ်ထားသည့် ဖဲကစားမှု။ **ဦးဆန်းမောင်**၊ ကိုလှဦးနှင့် **ဦးကုလား**တို့ ကုန်းပတ်ပေါ်မှာ ရှိနေ ကြစဉ် အခွင့်ကောင်းယူ၍ စီးပွားဖြစ် လောင်းကစားနေကြသည့် ဖဲကစားမှု။

**ကိုအောင်မိုး**သည် တဝင်းဝင်းတောက်နေသော မျက်စိများဖြင့် သူတို့ရှိရာသို့ ရောက်သွား၏။ လက်စသတ်တော့ တမြန်နေ့က ခိုးဘုတ်အလိုက်မှာ မီးမလင်းပါစေနှင့်ဟု တားထားရက်နှင့် မီး‌ဖြစ် ဖြစ်အောင် ခြစ်ခဲ့သည့် ဘပုက ဒိုင်း။ တာဝန်ကျချိန်မှာ အရက်မသောက်ရဟု စည်းကမ်းထုတ်ထားပါ လျက် သောက်ဖြစ်အောင် သောက်ခဲ့သည့် ဘပုက လက်သည်။ ကျန်လေးယောက်ကား ယာယီသဘော် အလုပ်သမားများ ဖြစ်ကြပြီး သူကိုတွေ့သည်နှင့် အလျှိုလျှို ပျောက်သွားကြလေပြီ။

"ဟေ့ ဘပု"

ဘပုက မထီလေးစားဟန်ဖြင့် နွားဆိုးတစ်ကောင်လို ပေကပ်ကပ်လုပ်နေ၏။ သူ့ကိုလည်း မကြည့် ခေါ်သည်ကိုလည်း မထူး။

"ဟေ့ ဘပု။ ဒီမှာ မင်းကို အရက်သောက်တဲ့ ကိစ္စ၊ ဖဲရိုက်တဲ့ကိစ္စကို ငါဘယ်နှစ်ခါ ပြောရ မလဲကွ၊ ဘပု"

"ဆရာ ခဏခဏ ပြောတာမှန်တယ်၊ ဒါပေမယ့် ခုဟာက ကျွန်တော်တို့ တာဝန်ကျချိန် မဟုတ်ဘူး။ နားချိန်၊ နားချိန်မှာ ဖဲကစားတာဘဲ"

ဘပုကား ကိုင်တွယ်ရ အလွန်မလွယ်သော ဝန်ထမ်းမျက်တစ်ယောက်ပင်တည်း။ **ကိုအောင်မိုး**သည် အတော်စိတ်ရှည်သူဖြစ်၏။ သို့သော် ချမှတ်ထားသည့် စည်းကမ်းကို အကောင်အထည်ဖော်ရာ တွင်မူ အနည်းငယ်မျှ အလျှော့ပေးတတ်သူ မဟုတ်ပေ။

"ဒီမှာ ဘပု၊ ဒီကိစ္စအတွက် မင်းကို တစ်ခါထဲ ငါပြောထားမယ်၊ မင်းအရက်ကို ကြိုက်တတ်လို့ သောက်ရင် မင်းအနားရတဲ့အချိန် သောက်၊ ငါမပြောလိုဘူး။ ဒါပေမယ့် ဖဲရိုက်တဲ့ ကိစ္စကတော့ မင်း ဒီဇင်ယော်ပေါ်ကို ခြေချတာနဲ့ ဘယ်အချိန် ဘယ်အခါမျိုးမှ ဖဲမကစားရဘူး။ အေး ... နောက်တစ်ခု မင်းသိထားဖို့က ဒို့ဝန်ထမ်းတွေဟာ အလုပ်ချိန်မှ တာဝန်ရှိတာ မဟုတ်ဘူး။ အလုပ်ချိန်မဟုတ်လဲ အမြဲတာဝန်ရှိတယ်ဆိုတာ မင်းမြဲမြဲမှတ်ထား၊ အေး .... ဒါဟာ မင်းကို နောက်ဆုံးအကြိမ် သတိပေး တာဘဲ"

**ကိုအောင်မိုး**က ပြောရင်းဆိုရင်း ချာကနဲ လှည့်ထွက်ခဲ့သည်။ ဘပုတစ်ယောက် မကြား တကြား ပြန်ပြောသည်ကိုပင် သူမသိတော့။ ကုန်းပတ်ပေါ်ရောက်တော့ **ဦးဆန်းမောင်**တို့ကိုလည်း စည်းကမ်း ထိန်းသိမ်းရေးကိစ္စကို ပိုင်းဝန်းဆောင်ရွက်ရန် ပြောရ၏။ အထူးသဖြင့် **ဦးကုလား**၏ သဘော်သား များကိုလည်း **ဦးကုလား**ကိုယ်တိုင် ကြပ်မတ်ပေးရန် တာဝန်လွှဲခဲ့ပြီး ကျွန်းပေါ်သို့တက်ရန် ထွက်ခဲ့ လေသည်။

ထိုစဉ်အခြေအနေ ဘာမှန်း ညာမှန်းမသိသူ **ကိုတင်မြင့်**က လေးထောင့်သံပုံးတစ်လုံးကို တဘုံး ဘုံး မြည်အောင် တီးရင်း ...

"ဗျို့ အာစရို၊ ကျွန်တော်နဲ့ ကိုလှဦးလဲ ကျွန်းပေါ်လိုက်မယ်၊ ပြီးတော့ ဟောဒီက သဘော်သား ကိုတင်လဲပါမယ် ဆရာရေ့၊ ကျွန်တော်တို့ သပြေသီးမှည့် ကောက်ကြမလို့"

**ကိုတင်မြင့်**က စွပ်ကျယ်လက်ပြတ်နှင့် ဘောင်းဘီတိုတို ဝတ်ထားပြီး ကလေးတစ်ယောက်လို ထိုးထိုးတွန့်တွန့်နှင့် ရွှတ်နောက်နောက်ပြောလိုက်၏။ သဘော်သား**မောင်တင်** လက်ထဲမှာကား ဝက္ကူ နှင့်ထုပ်ထားသော ထုံးခြောက်တစ်ထုပ်။ စင်စစ် သူတို့သည် သပြေသီးမှည့်ကောက်ရန်မဟုတ်။ ရွှေကျွန်း သဲသောင်ခုံမှာ အလွန်ပေါသည့် ပင်လယ်မြွေများကို ဖမ်းရန်ပင်တည်း။

**ကိုအောင်မိုး**သည် နှုတ်ဆိတ်စွာဖြင့်ပင် ပွဲချိတ်မော်တော်နှင့် ထွက်ခဲ့၏။ အချိန်မှာ နေ့လည် ၁-နာရီခန့်။ ပင်လယ်တပြင်လုံးမှာ လေးဘက်မြင် ဇတ်ခုံကြီးကို မီးရောင်စုံ ထိုးထားသလို အပြာကွက်မှာ အဝါစွက်၍၊ အနီကွက်မှာ အစိမ်းဖက်ပြီး ဆန်းပြားစွာ လှပ တောက်ပြောင်နေလေသည်။

သူသည် ရွှေကျွန်းသောင်ခုံပေါ်ရောက်သည်နှင့် သူ့ထုံးစံအတိုင်း ရေသဖန်းပင်ကြီးအောက်သို့ လျှောက်ခဲ့၏။ **ကိုတင်မြင့်**နှင့် **ကိုလှဦး**တို့တစ်တွေကား ငါးဆို ငါးခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စို့ကွယ် ဆိုဘိအလား ရေမကြီးဘဲလျက် သဲသောင်စပ်မှာ တွားသွားနေကြသော ငှက်မျှော့သီး ဖီးကြမ်းသဏ္ဌာန်ရှိ ပင်လယ်မြွေကြီးများကို လိုက်၍ ဖမ်းနေကြသည်။ တစ်ယောက်ကမူ အသင့်ယူလာသော ရေသန့်ဖြင့် ထုံးခြောက်များကို အရည်ဖျော်ပြီး မီးဖိုနေ၏။ မကြာခင်မှာပင် ပင်လယ်မြွေများကို ထုံးခြောက်ရေဖြင့် ပြုတ်ပေလိမ့်မည်။ ထိုအခါ ဖြူဖွေးလာသော ပင်လယ်မြွေကြီးများကို အခြောက်လှမ်း လိုက်မည်ဆိုပါက အလွန်အရသာရှိပြီး နိုင်ငံခြားဈေးကွက်တွင် တန်ဘိုးကြီးလှသည့် ပင်လယ်မြွေခြောက်များကို ရရှိမည်ဖြစ်ပေသည်။

**ကိုအောင်မိုး**သည် ရေသဖန်းပင် မြစ်ဆုံတွင် မှီ၍ထိုင်ရင်း **ကိုတင်မြင့်**တို့တစ်တွေကို ငေး၍ ကြည့်နေ၏။ ပြီးတော့ အသင့်ပါလာသော စာအုပ်တစ်အုပ်ကို ဖတ်သည်။ သို့သော် သူ့စိတ်က ငြိမ်ပုံ မရ။ သဖန်းပင်ကြီး နောက်နားရှိ ကျောက်ဆောင် ကျောက်တန်းများကို ပင်လယ်ရေက ဖြင်းသာစွာ ရေကန်တော့ ပန်းဆင်နေ၏။ သူသည် ဖြန်းကနဲ ဖွာ၍ ဖွာ၍ တက်လာသော ရေပန်း ရေမွှားများကို ကြည့်ရင်း **ခင်သက်လွင်**ကို တွေးမိပြန်သည်။ တကယ်တော့ သူ့အဖို့ ကိုယ့်ဝမ်းနား ကိုယ်သာသိသည် မဟုတ်ပါလား။

"ဪ .. သက်တစ်ယောက်သာ ငါ့အခုလိုနေတာကို မြင်ရရင် ဘယ်လောက်များ စကားနာ ထိုးလိုက်မလဲ။ ကိုမိုး ကိုမိုးကို သက် အသက်လောက် ချစ်ပါတယ်။ ဒါကိုယုံရင် ကိုမိုး သက်ပြောတာ ကို လက်ခံပြီး သက်နဲ့အတူ မြို့မှာဘဲနေပါ။ သက် ကိုမိုးအတွက် တာဝန်ယူပါတယ် "

**ကိုအောင်မိုး**သည် သက်ပြောလိုက်သော စကားများကို ရေလှိုင်းသံများကြားမှာ ပီပီသသ ကြီးပင် ကြားနေရ၏။ တအောင့်ကြာတော့ မိခင်ပျို၏ သားချော့သံလို နရီကိုက်စွာ ရိုက်ခတ်နေသော ပင်လယ်လှိုင်းသံက **ကိုအောင်မိုး** တစ်ကိုယ်လုံးကို ညင်သာစွာ ချော့သိပ်ခေါ်ဝင်သွားလေသည်။

"မျက်စိချင်းဆုံမိထားသည့် ဗိုနှင့်မသည် မကျွမ်းဝင်ခင်မှာ ကန့်ပြောင်နှင့်တူ၏၊
အစတစ်ခုရှဲ့ ကျွမ်းဝင်သွားသည်နှင့်
စမ်းရေအသွင်လို တသွင်သွင်
စီးဆင်းတတ်ကြသည်သာ မဟုတ်ပါလား"

"ဪ ..မခင်သက်လွင်၊ ဒီမှာ လာထိုင်ပါ။ ဘတ်စကားက ဒီလိုဘဲ ခင်ဗျ၊ လူသိပ်ကြပ်တယ်"

"ဪ .. သင့်ကယူ ကိုအောင်မိုး၊ ကျေးဇူးတင်ပါတယ် "

"ဒါနဲ့ မခင်သက်လွင်က ဘယ်မှာနေလို့ပါလဲ "

"ဟင်း ဟင်း သက်က ဗိုးဗိန်လမ်းမှာပါ ကိုအောင်မိုး၊ အမှန်တော့ သက် ဘတ်စကားစီးလေ့ မရှိပါဘူး၊ ဒီနေ့မှ ဒယ်ဒီလဲ အရေးတကြီးကိစ္စတစ်ခုရှိလို့ ကားယူသွားတာနဲ့ တစ်ယောက်ထဲ ထွက်လာ တာ၊ ဒါနဲ့ သက်တို့ ကလာ့စ် မှီပါတယ်နော် "

**ကိုအောင်မိုး**နှင့် **သက်** ပထမဆုံး စကားပြောဖြစ်သည့် နေ့ပင်ဖြစ်၏။ ထိုနေ့ကား လွန်ခဲ့သည့် ၄-နှစ်ခန့် ရန်ကုန်တက္ကသိုလ်ကြီးတွင် တစ်နှစ်တာ စာသင်ရက်ကုန်ခါနီး ဆောင်းဦးပေါက်လ၏ တစ်နေ့ သောနံနက်ခင်းတွင် ဖြစ်လေသည်။

**ကိုအောင်မိုး**နှင့် **သက်**သည် ဥပစာအထက်တန်းတွင် ဘာသာလည်းတူ၊ တန်းခွဲခြင်းလည်း တူသော ကျောင်းနေဘက်များပင် ဖြစ်သည်။ ပြီးတော့ **သက်**ကလည်း အဆောင်နေကျောင်းသူ မဟုတ် သလို **ကိုအောင်မိုး**ကလည်း ဗဟန်းရပ်ကွက်နေအိမ်မှ နေ့စဉ် ကျောင်းသွားတက်ရသော နေ့ကျောင်း သား မရှိဆင်းရဲသား။

သို့သော် **ကိုအောင်မိုး**၏ အနေအထားကား မရှိဆင်းရဲသားဟု မပြောနိုင်သော်လည်း တကယ့် လယ်သမားပင်တည်း။ သူ့ ဖခင်**ဦးမိုးအောင်**သည် ရန်ကုန်နှင့် မဝေးလှသော မြို့နယ်တစ်မြို့နယ်တွင် ကိုယ်ပိုင်လယ်ကို ကိုယ်တိုင်လုပ်ပြီး အခြေတကျ နေနိုင်ခဲ့သူဖြစ်၏။ သို့သော် လွတ်လပ်ရေးနှင့်အတူ ပါလာသော ပြည်တွင်းစစ်မီးက **ကိုအောင်မိုး**တို့ မိသားစုကို မောင်းထုတ်လိုက်ရာ ဖခင်ကြီး**ဦးမိုးအောင်** မှာ ရတတ်သမျှလေးကို စုဆောင်းပြီး ရန်ကုန်သို့ တက်လာခဲ့ရ၏။ ပြီးလက်ငုတ်လက်ရင်းကလေးထုခွဲပြီး တစ်ဖက်က ထီကိုယ်စားလှယ်လုပ်၊ တစ်ဖက်က အိမ်ဆိုင်ကလေးဖွင့်ပြီး ဗဟန်းရပ်ကွက်မှာ အခြေချ နေထိုင်ခဲ့ခြင်း ဖြစ်ပေသည်။

သည်အချိန်တွင် **ကိုအောင်မိုး**သည် အထွေထွေသိပ္ပံဘာသာရပ်ကို ဂုဏ်ထူးချိတ်ပြီး ၁၀-တန်း အောင်ခဲ့ရကား ဖခင်ကြီးသည် တစ်ဦးတည်းသောသားကို ဖြစ်သည့်နည်းဖြင့် တက္ကသိုလ်အရောက်ပို့ ခြင်းဖြစ်ပေသည်။ **ကိုအောင်မိုး**ကလည်း ဖခင်ကောင်းသားပီသစွာ အရာရာကို ထိန်းသိမ်းပြီး စာကိုသာ အထူး ကြိုးစားခဲ့၏။ သည်အထဲ ဘွဲ့ရထားသူ အကိုဝမ်းကွဲ တစ်ယောက်ကလည်း ပညာရေးနှင့် ပတ် သက်၍ လိုလေသေး မရှိအောင် ကူညီရာ **ကိုအောင်မိုး**မှာ အတန်းထဲတွင် လူသိများသော စာတော်သူ တစ်ယောက်ဖြစ်လာလေသည်။

"သူမ မျက်စောင်းက ချစ်ရောင်ခြည်များဖြင့်
ဖိတ်ဖိတ်တောက်နေသည့် ချစ်မျက်စောင်း၊
ပန်းငုံဖူးကလေးလို စူထားသည့် သူမနှုတ်ခမ်းက
ချစ်ဓါတ်ခံမှ ဖူးပွင့်လာသည့် ချစ်ငုံဖူး၊"

သို့ဖြင့် သူသည် ဥပစာပထမနှစ်ကထဲက **သက်**ကို တွေ့ခဲ့၏။ ထိုစဉ်ကထဲက **သက်၏** ထူးခြားသောအလှနှင့် သိမ်မွေ့သော အမူအရာကို သတိပြုခဲ့၏။ ထို့အတူ **သက်**ကလည်း တတော်သော ယောကျာ်းဆန်၍ တည်ငြိမ်ခန့်ငြားသော **ကိုအောင်မိုး**ကို အမှတ်ထားမိခဲ့သည်။ သို့သော် ပထမနှစ်သာ အောင်သွားကြ၏၊ စကားမပြောဖြစ်ခဲ့ကြ။ ယခု ဒုတိယနှစ် ကုန်ခါနီးမှ **သက်**နှင့် သူသည် ဇတန်းကားဂိတ် နဂါးဘတ်စ်ကားပေါ်မှာ မမျှော်လင့်ဘဲ ဆုံမိကြခြင်းဖြစ်ပေသည်။

''ဒါနဲ့ ဟိုတစ်ပါတ်က မခင်သက်လွင် ကျူတိုရီရယ် လာမတက်ဘူး မှတ်တယ် ''

ဘတ်စ်ကားပေါ်မှဆင်းပြီး ကျောင်းဝင်းအတွင်းရောက်သည်နှင့် **ကိုအောင်မိုး**က စကားပြန်စ လိုက်ခြင်းဖြစ်သည်။ ပြီးတော့ ပထမဆုံးအကြိမ် **သက်**ကို **အနီးကပ်**၍ စေ့စေ့ကြည့်လိုက်သည်။ ညို သမ်းနေသော မျက်ခုံးကလေးများက အလိုလိုနေရင်း တန်းချိုနေ၏။ ဝိုင်းစက် ကြည်လင်သော မျက်လုံး ကလေးများကား တလဲ့လဲ့ ရွှန်းလျှက်၊ ပြီးတော့ ဝါရွှေသော မျက်နှာသွယ်လျလျမှာ စင်းရှောသော လက်ညှိုးသွယ်ကလေး တင်ထားသလို နှာတန်ကလေးက ကြော့ရှင်းလျက်ရှိရာ **သက်၏**မျက်နှာသည် ရှုမငြီးသည့် ပန်းချီကားတစ်ချပ်သဖွယ်ပင် တင့်တယ်ပြေပြစ်လှပေသည်။

''ဟင်း''

**သက်**က **ကိုအောင်မိုး**နှင့်အတူ လမ်းလျှောက်ရင်း မဲ့တရွဲ့ကလေးရယ်လိုက်၏။ ပါးမို့မို့ နှစ်ဘက်မှာလည်း ချစ်စဖွယ် ပါးချိုင့်ကလေးနှစ်ကွက်နှင့်။ စင်စစ် သူမ၏ရယ်ပုံမှာ ပါးချိုင့်ကလေးနှစ် ကွက်ကို တမင်ပြလေသလားဟုပင် ထင်ရသည်။

''ဟင်း .. သက်က တစ်ခါတစ်ခါတော့ ပျင်းတယ် ကိုအောင်မိုးရဲ့ ကိုအောင်မိုးလို ဝီရိယလဲ မကောင်းဘူး ကြိုးစားမှုလဲ သိပ်မရှိဘူး။ ဒီ စာလိုက်နိုင်သားဘဲဆိုပြီး တစ်ခါတစ်ခါတော့ ကျောင်းတောင် မတက်ချင်ဘူး ဟင်း ... ဟင်း''

**သက်**သည် အမှန်ပင် စာကို ကောင်းကောင်းလိုက်နိုင်သူဖြစ်ပါသည်။ အတန်းထဲတွင် ပထမ,မစွဲ သော်လည်း အဆင့်သုံးလေးက ဘယ်တော့မှ ကျသည်မရှိ **ကိုအောင်မိုး**ကမူ ဘာသာရပ်တိုင်းလိုလို မှာ သူ့စံချိန်ကို ချိုးမည့်သူ မပေါ်သေး။ သို့ကြောင့်လည်း **ကိုအောင်မိုး**ကို **သက်**က ကောင်းကောင်း ကြီး အမှတ်ထားမိခြင်း ဖြစ်ဟန်ရှိပေသည်။

သူတို့နှစ်ယောက်သည် စာသင်ခန်း ရောက်သည်အထိ စာအကြောင်း ဘာသာရပ်အကြောင်း ပြောကြ၏။ ပြီးတော့ ဆရာများအကြောင်းနှင့် သူငယ်ချင်းကျောင်းသားများအကြောင်းလည်းပါ၏။ တကယ်တော့ မျက်စိချင်းဆုံမိထားသည့် ဖိုနှင့် မသည် မကျွမ်းဝင်ခင်မှာ ကန့်လန့်ပြင်နှင့်တူ၏။ အစတစ်ခု ရ၍ ကျွမ်းဝင်သွားသည်နှင့် စမ်းရေအသွင်လို တသွင်သွင်စီးဆင်းတတ်ကြသည်သာ မဟုတ်ပါလား....

သို့နှင့် **ကိုအောင်မိုး**နှင့် **သက်**သည် အတန်းနားချိန်မှာလည်း စကားပြောကြ၏။ တစ်ခုံတစ်ခု ကြောင့် ဆရာအတန်းဝင် နောက်ကျလျှင်လည်း ရသမျှ အချိန်ကလေးမှာ အကြောင်းရှာ၍ ဆွေးနွေး ကြသည်။ နောက်တော့ ဥယျာဉ်ကလေးများနှင့်အတူ ကန့်ကောတောမှာ လမ်းလျှောက်ကြပေပြီ။ သည့် နောက်တော့ သူတို့နှစ်ယောက်သည် အချို့သော ကျောင်းတော်သူ ကျောင်းတော်သားများ ထုံးစံအတိုင်း အင်းလျားကန်စပ် သစ်ရိပ်ညိုအောက်သို့ ရောက်ခဲ့ကြလေသည်။

''တကယ်ပြောတာ ကိုမိုး၊ ကိုမိုးကို သက်ရင်ထဲမှာ သိတကြာဘီ၊ ဘာဖြစ်လို့လဲ သိလား။ ကိုမိုးဟာ စာကို သိပ်ကြိုးစားတယ်၊ ကြိုးစားသလောက်လဲ တော်တယ်၊ ပြီးတော့ ယောကျာ်းပီသတယ်၊

သွက်လက်ဖျတ်လတ်တယ်၊ အထူးခြားဆုံးက ကိုမိုးမျက်နှာဟာ အမြဲ ကြည်လင် သန့်ရှင်းတယ်လို့ သက် ထင်တယ် ''

သက်က သူမ စကားအဆုံးမှာ ကိုအောင်မိုးကို ရွှန်းရွှန်းစားစား ကြည့်လိုက်၏။ ပြီးတော့ အနီးရှိ မြေဇာရွက်ကလေးတစ်ပင်ကို ယူ၍ လက်နှစ်ဖက်ကြားမှာ အကြောင်းမဲ့ ဝိုင်းဖြတ်နေလေသည်။

''သက် ''

သက်က မထူးဘဲ သူ့ကို ငြင်သာစွာ မော့ကြည့်၏။

''သက် ... ကိုမိုးတို့ အခုထိုင်နေတဲ့ ကန်စောင်းက အောက်ကို လူတစ်ယောက် လိမ့်ကျရင် ဘာမှ မဖြစ်နိုင်ဘူးနော် ''

''ဘာမှ မဖြစ်နိုင်ပါဘူး ကိုမိုး နိမ့်နိမ့်လေးရယ်၊ သက် တောင်လိမ့်ကျခဲ့သေးတယ် ''

ကိုအောင်မိုးက သူ၏ မဆီမဆိုင် အမေးကို ကလေးတစ်ယောက်လို့ ဂရုတစိုက် ဖြေဖော်ရသော သက်ကိုသဘောကျပြီး တဟားဟားမင် ရယ်မိသည်။ ဝင်စစ် ရယ်သာ ရယ်ရသည်၊ သည်လို လိုက်လျော မှုကလေးများကြောင့်ပင် သက်ကို ပထမဆုံးအကြိမ်အဖြစ် ရင်မှာနင့်အောင် စွဲညိမိခြင်း မဟုတ်ပါလား ...။

''ကောင်းပြီ၊ အဖြင့် ခု ကိုမိုးတို့ ထိုင်နေတဲ့ ဗိုတောက်ပင်ကြီး ဟိုထိပ်ဖျားက ကျတယ်ဆိုရင် ရော လူတစ်ယောက် ခုက္ခမဖြစ်နိုင်ဘူးလား''

''အော် ကိုမိုးကလဲ၊ အဲတော့ ဒုက္ခဖြစ်ရုံမကဘူး။ သေတောင်သေနိုင်တာပေါ့၊ နေအုံး ကိုမိုး ဘာဖြစ်လို့ မေးနေတာလဲဟင် ''

''အော် ... ဘာမှ မဖြစ်ပါဘူး။ ခုနက သက်က ပြောတယ် မှတ်လား။ ကိုမိုးဟာ စာသိပ်တော် တယ်၊ ယောကျ်ားဆန်တယ်၊ ဘာညာနဲ့၊ အဲကြောင့် ကိုမိုးကို သိပ်လဲ မြှောက်မနေပါနဲ့ သက်က သိပ် မြှောက်ပြီးမှ လွှတ်ချလိုက်ရင် ကိုမိုး ဒုက္ခဖြစ်ချည်ရဲ့လို့ ...''

သက်မှာ ကိုအောင်မိုးစကားကြောင့် လှိုင်းကြက်ခွပ်ကလေးပြေးနေသော ကန်ရေပြင်မှာ ခြူကနဲ တည်ငြိမ်သွားသလို သူမ မျက်နှာဝန်းဝန်းမှာလည်း သွင်သွင်လေး ငြိမ်ကျသွားလေသည်။ သို့သော် ကန်ရေပြင်ကို တသွင်သွင်၊ လှိုင်းခတ်နေသလို သူတို့နှစ်ယောက်၏ ချစ်မေတ္တာကလည်း နွေးထွေး နေရကား ...

'' ကြည့်လေ ကိုမိုး။ သူများက တကယ့်ကို လေးလေးနက်နက်ထားပြောနေတာ၊ ကိုမိုးကို တမင်မြှောက်နေတာ မှတ်ဖူး သိလား''

သက်က မျက်စောင်းတစ်လက် ပစ်ရင်း ကလေးငယ်လေးလို နှုတ်ခမ်းစူ ထုတ်လိုက်သည်။ သို့သော် သူမ မျက်စောင်းက ချစ်ရောင်ခြည်များဖြင့် ဖိတ်ဖိတ်တောက်နေသည့် ချစ်မျက်စောင်း။ ပန်းငုံ ဖူးကလေးလို စူထားသည့် သူမနှုတ်ခမ်းက ချစ်ဖါတ်ခံမှ ဖူးပွင့်လာသည် ချစ်ငုံဖူး။

''အဟမ်း''

ကိုအောင်မိုးက အပိုးမသေသည့် မျက်နှာနှင့် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ဆုံလည်လို လှည့်သွားသော သက်မျက်နှာကို ကိုင်၍ ကြည့်ရင်း ...

''အဟမ်း ... အလိုလေး။ ကြည့်စမ်း ခုလို နှုတ်ခမ်းလေး စူထားတော့ သက်က ဘယ်သူနဲ့ တူ၊ အလို ပို၍ စူလာတော့''

“ကိုမိုးနော် … ဟင်း … ဟင်း”

သက်စကားက သည်မျှသာ ဖြစ်ပါသည်။ သို့သော် သူမ၏ တဟင်း … ဟင်း ရယ်သံနှင့် အတူ ဖြူနုနေသော လက်သီးဆုပ်ကလေးများက ကိုအောင်မိုး၏ ကျောပြင်ကို မိုး‌ရွာ ပွဲကလေး ရွာသလို ခပ်သာသာကလေး ရွာချလိုက်လေသည်။

“ကိုမိုး”

“ပြောလေ … သက်”

လေပြင်းပြင်းတိုက်ရာမှ လေပြေ လေညင်း အသွင်ပြောင်းသွားသလို သူတို့နှစ်ယောက်စလုံး အသံမှာ တည်ငြိမ်သွားကြပြန်သည်။

“ကိုမိုး၊ သက်တော့ သက်တို့ရဲ့ ရှေ့ရေးကို တွေးပြီး ခုထဲက စိစဉ်ထားချင်တာဘဲ ကိုမိုး။ ဒါနဲ့ ကိုမိုးကို မေးမလို့ဟာ အခုထိ မမေးဖြစ်သေးဘူး။ ကိုမိုး မိဘတွေက ဘာလုပ်ကြလဲဟင် …”

ကိုအောင်မိုးစိတ်မှာ နတ်ဘုံ နတ်နန်းတွင် ရောက်နေရာမှ ဖြူးကနဲ စုတေ စိတ်ကျသွားသလို မသိမသာပင် မျက်မှောက်တစ်ချက် ကုပ်သွားမိသည်။ မိဘတွေက ဘာလုပ်သလဲတဲ့။ စင်စစ် သက် မိဘများ၏ အနေအထားကိုလည်း သူမသိသေး။ အမှန်တော့ ချစ်မေတ္တာနှစ်ကိုယ်မျှရာမှာ မိဘတွေ၏ အလုပ်အကိုင်က ရေးကြီးခွင်ကျယ် လုပ်စရာမဟုတ်ဟု သူက ရိုးသားစွာပင် ယူဆထား၏။

သို့သော် သက်အမေးကို သူဖြေပါသည်။ သူ့မိဘတွေ၏ အနေအထား အခြေအနေအားလုံးကို တစ်လုံးမကျန်ပင် သူပြောပြပါသည်။ ပြီးမှ ရရာ ခဲတစ်လုံးဖြင့် ရေကန်အလယ်သို့ ပလုံကနဲ မြည် အောင် ပစ်ချလိုက်ရင်း …

“ဟုတ်တယ် သက်၊ ကိုမိုးတို့ဟာ တကယ့်ကို လယ်သမား ချောင်းသမားမျိုးရိုး အစစ်ဘဲ၊ ဒါပေမဲ့ မိဘအသိုင်းအဝိုင်းတွေ ဂုဏ်ပကာသနတွေက၊ လူတစ်ယောက်ရဲ့ အရည်အချင်းကို အဆုံး အဖြတ်မပေးနိုင်ဘူးလို့ ကိုမိုး ယူဆတယ်”

“ဒါတော့ မှန်ပါတယ် ကိုမိုး၊ သို့ပေမယ့် မိဘမျိုးရိုးဟာ ဘမျိုးဘိုးဗီဆိုတာလို လူတစ်ယောက် ရဲ့ ဇါတိသဘောထားကိုတော့ ကောင်းကောင်းကြီး စကားပြောတယ်လို့ သက်တော့ ယုံကြည်တာဘဲ”

ကိုအောင်မိုးမှာ သက်နှုတ်များမှ ပထမဆုံး ထွက်လာသည့် သဘောတရားကို ပါးစပ် အဟောင်း သားနှင့် ငေး၍ နားထောင်နေမိ၏။ ပြီးမှ သက်ကို စေ့စေ့ ကြည့်ရင်း …

“ဟုတ်တယ် သက်၊ ဒါဟာ သိပ်မှန်တဲ့ လောဂျစ်ဘဲ၊ ဒါနဲ့ ပြောပါအုံး။ သက် မိဘတွေကကော ဘာလုပ်ကြလဲဟင် ”

ကိုအောင်မိုးက သူ့မမေးချင်သော မေးခွန်းကို စိတ်နာနာဖြင့်ပင် မေးလိုက်မိ၏။

“အော် … သက် ဒက်ဒီက တရားရုံးချုပ်က ဝတ်လုံတော်ရ တစ်ဦးပါ ကိုမိုး။ ကိုမိုး ကြားဘူး ပါလိမ့်မယ်၊ အိုင်စီအက်စ်ဘားအက်လော ဦးလွင် ဆိုတာလေ၊ ခုတော့ ဒက်ဒီက အသက်ကြီးလို့ အငြိမ်စားဘဲ ဆိုပါတော့၊ ပြီးတော့ သက် အကိုကြီးက အင်္ဂလိပ်စာဌာနမှာ ကထိက၊ သက်အမကြီး ကတော့ ရာဇဝင်ဌာနမှာ လက်ထောက်ကထိက၊ ဒီအထဲမှာ သက်က အငယ်ဆုံး”

ကိုအောင်မိုးမှာ သက်စကားကြောင့် စုတေ စိတ်ကျရုံမက သူတစ်ကိုယ်လုံးမှာ မြေကြီးထဲသို့ ကျွံဝင်သလားဟုပင် ထင်ရ၏။ လက်စသတ်တော့ နာမည်ကြီး ဝတ်လုံတော်ရကြီးဦးလွင်၏ သမီးပါလား။ သူ၏ မြို့ကြီး ဝင်းကြီးထဲက ထွက်လေ့မရှိသလို သူ့လွင်မိသားစုမှအပ ဘာကိုမှ အထင်မကြီးသူ

ဝတ်လုံတော်ရကြီး၏ သမီး။

သို့သော် **သက်**က **ကိုအောင်မိုး**ကို တစ်ချက်အကဲခပ်ကြည့်ရင် သူ့စကားကို ဆက်ပါသည်။

''ကိုမိုး၊ သက်က ခုလို သက်ရဲ့ မိဘအသိုင်းအဝိုင်းတွေကို ပြောတာနဲ့ သက်နဲ့ကိုမိုး အချစ်ဟာ မဖြစ်နိုင်ဘူးလို့ သက် မဆိုလိုပါဘူး။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ သက်ဟာ ကိုမိုးကို ချစ်သလို သက်မိဘအသိုင်းအဝိုင်းတွေကိုလဲ သက် မလွန်ဆန်နိုင်ဘူး။ ဒါကြောင့် ကိုမိုးအနေနဲ့ သက်တို့မိသားစုထဲ ဝင်ဆံ့နိုင်အောင် ကိုမိုးဆက်ပြီး ကြိုးစားပါလို့ ...''

**ကိုအောင်မိုး**မှာ ဘာပြောရမှန်း မသိတော့။ တစ်ဖက်ကကြည့်တော့ **သက်**ကို သူချစ်နေမိပြီ။ သို့သော် သူ့ဘဝနှင့် **သက်**အခြေအနေကား ကွာခြားလွန်းလှ၏။ စင်စစ် ခုလို တက္ကသိုလ်ကျောင်းတော်ကြီးမှာ စာသင်ခွင့်ရသည်ကပင် သူ့မှာ အနိုင်နိုင်။ မည်သို့ဆိုစေ **သက်**ကိုချစ်လျှင် **သက်**ခင်းပေးသောလမ်းကို လျှောက်ရပေလိမ့်မည်။ စာကို အတတ်နိုင်ဆုံး ထွန်းပေါက်အောင် ကြိုးစား။ ပြီးတော့ ဘွဲ့ထူး ဂုဏ်ထူးတွေကို ရနိုင်သမျှယူ။ နောက်တော့ ရာထူးကြီးကြီးတစ်ခုကို မိအောင်ချိတ်ပြီး **သက်**ကို လက်ထပ်။

ထိုစဉ်က **ကိုအောင်မိုး**မှာ အသက် ၂၀ ကျော်မျှသာ ရှိသေး၍ စိတ်ကူးကောင်းတုန်းဖြစ်၏။ သို့ကြောင့်လည်း **သက်**နှင့် **ကိုအောင်မိုး**၏ ဆက်ဆံရေးမှာ မိဘဂုဏ်ရှိန်ကွာဟမှုကြောင့် နေသာသာမှာ မိုးကလေးအုံ့သလို ခပ်အုံ့အုံ့ကလေး ဖြစ်ခဲ့သည်မှာ မှန်သော်လည်း **သက်**တည်းဟူသော ချစ်ရောင်ခြည်ကား ထွန်းပြောင်မြဲ ထွန်းပြောင်သည်သာ။

သို့သော် ဘဝဟူသည် ပန်းခင်းသော လမ်းမဟုတ်သလို မျှော်လင့်တိုင်းလည်း မဖြစ်၊ မမျှော်လင့်ဘဲနှင့်လည်း ဖြစ်တတ်၏ ဟူသော လောကဓမ္မတာအတိုင်း **ကိုအောင်မိုး**မှာ ပန်းတိုင်ရောက်ခါနီးမှ မမျှော်လင့်ဘဲ တက်ကျိုးရသည့်အဖြစ်နှင့် ကြုံရပါပြီကော ...

အခြားမဟုတ်ပါ။ သူ ဥပစာ ဒုတိယနှစ်ကိုအောင်ပြီး၊ ဝိဇ္ဇာပထမနှစ် နှစ်လယ်လောက်ရောက်ခါမှ သူ့ဖခင်ကြီးသည် လူကြီးရောဂါဖြင့် မမျှော်လင့်ဘဲ ဆုံးပါးသွားရခြင်းပင်တည်း။ ဖခင်ကြီး၏ ချွေးနည်းစာကို လက်ဖြန့်ခံ၍ ကျောင်းနေရရှာသော **ကိုအောင်မိုး**မှာ ဖေ့ာ်ခတ်သူမရှိသည့် ဘောက်တုကလေး ချာလပတ်လည်သလို သူ့ဘဝသည်လည်း ဘဝရေလည်မှာ ချာချာလည်သွားရလေသည်။

နောက်ဆုံးတော့ အကိုဝမ်းကွဲတော်၏ စီစဉ်ပေးချက်အရ လတ်တလော ခေါ်ယူနေသည့် ယခုအလုပ်ကို ဝင်လိုက်ရပြီး စာမေးပွဲကိုမူ ပြင်ပမှသာ ဝင်ရောက်ဖြေဆိုရန် ဆုံးဖြတ်လိုက်ရလေသည်။ သို့သော် **သက်**ကို သူမမေ့သလို **သက်**အပေါ်ထားရှိသည့် မျှော်လင့်ခြင်းကိုလည်း သူလက်မလျှော့။ သို့နှင့် သူအလုပ်ဝင်ပြီး တစ်လခန့်အကြာ တစ်နေ့တွင် ရုံးမှာ ခွင့်နေ့တစ်ဝက်တိုင်ပြီး သူ့ကို လက်မခံတော့သည့် ကန့်ကော်တောသို့ တစ်ခေါက်ရောက်ခဲ့ရလေသည်။ ဖခင်ကြီး ဆုံးပြီးကထဲက မတွေ့ခဲ့ရသော **သက်**။

ကျောင်းဆောင် ကော်ရစ်တာမှာ **သက်**ကိုတွေ့လိုက်ရတော့ သူတို့နှစ်ယောက်သည် တုံ့ကနဲ ရပ်လိုက်မိကြ၏။ **ကိုအောင်မိုး**က ရှေ့တိုးရန် အားယူ၍ ရပ်ခြင်း။ **သက်**ကမူ ဝတ်စုံအပြည့်မှာ ပခုံးပေါ်တွင် ကြယ်နှစ်ပွင့်တတ်ထားသော **ကိုအောင်မိုး**ကိုကြည့်၍ အံ့ဩတုန်ဖြင့် ရပ်ခြင်း။

''ဟင် ... ကိုမိုး ယူနီဖောင်းကြီးနဲ့ပါလား။ ကိုမိုး အလုပ်ဝင်လိုက်ပြီ ဟုတ်စ''

''ဟုတ်တယ် သက်၊ ကိုမိုး အခြေအနေအရ အလုပ်ဝင်လိုက်ရတယ်၊ လာလေ သက်၊ ကိုမိုးတို့

အပန်းဖြေရိပ်သာမှာ တစ်ခုခုစားရင်း စကားပြောကြတာပေါ့။ အဲ့ ကိုမိုး ဖေဖေဆုံးတာ သက် ကြားမိလိုက်တယ်နော် "

"ကိုစံသာ ပြောလို့ ကြားလိုက်ပါတယ် ကိုမိုး။ အဲပေမယ့် ကိုမိုး ဒီလောက် မြန်မြန် အလုပ်ဝင်လိမ့်မယ်လို့ သက် မထင်ဘူး"

သက် အသံက အပြစ်တင်သံကလေး စွက်နေသည်ဟု ထင်၏။ ကိုအောင်မိုးကမူ သက်စကားကို ရုတ်ခြည်း မဖြေသေးဘဲ ဦးထုပ်ကို စားပွဲပေါ်တင်ပြီး လိမ္မော်ရည်နှစ်ပုလင်းနှင့် စားစရာ အနည်းငယ်ကို သွားယူလိုက်သည်။ ပြီးမှ သက်ရှေ့ကို လိမ္မော်ရည်ပုလင်းချပေးရင်း ...

"မှန်ပါတယ် သက်၊ ကိုမိုး အလုပ်ဝင်လိုက်တာ သက်ကိုတောင် အသိမပေးနိုင်ခဲ့ဘူး။ တကယ်တော့ ကိုမိုး ဖခင်ကြီးဆုံးသွားတာနဲ့ ကိုမိုးတို့ရဲ့ စားဝတ်နေရေး အခြေအနေအရ ရရာအလုပ်ကို အရင်စလို ဝင်လိုက်ရတဲ့ သဘောပါ။ အဲပေမယ့် စာမေးပွဲကိုတော့ ကိုမိုးအပြင်ကဘဲ ဆက်ဖြေဖို့ ဆုံးဖြတ်ထားပါတယ် "

"အဲတော့ တုတ်ပါတယ် ကိုမိုး"

သက်က လိမ္မော်ရည်ပုလင်းကို အနီးသို့ ဆွဲယူ၍ ပြွန်တံလေးဖြင့် တစ်ချက်ငုံသောက်လိုက်၏။ ပြီးမှ ကိုအောင်မိုးကို ဝင့်၍ ကြည့်ရင်း ...

"အဲပေမယ့် ကိုမိုး၊ အခုဝင်လိုက်တဲ့ အင်မိဂရေးရှင်း အလုပ်ဆိုတာက သက် သိရသလောက်တော့ ပုလိပ်အလုပ်ပါ ကိုမိုး။ ပြီးတော့ နယ်စွန်နယ်ဖျား တောကြိုအုံကြား သွားနေရတဲ့ အလုပ်မျိုးဆိုတော့ ကိုမိုးပညာနဲ့စာရင် မနိမ့်လွန်းဘူးလား"

ကိုအောင်မိုး မှတ်မိသလောက်တော့ သက်ထံမှ ပထမဆုံးအကြိမ်အဖြစ်ကြားရသည့် မလိုတမာ အသံပင်ဖြစ်၏။ ပြီးတော့ သူမ ဝင့်ကြည့်လိုက်သည့် မျက်လုံးက တစ်ချိန်က သူ့ကို ရွှန်းလဲ့နေသည့် မျက်ဝန်းကလေးနှစ်ဖက်ကို ဒေါင့်ကပ်ကြည့်ပုံမျိုးနှင့် ကွာခြားလှပါဘိ။

"သက် "

ကိုအောင်မိုးက အုံ့ညြသံ၊ ဝမ်းနည်းသံတို့ဖြင့် သက်ကို ,ဝေါင်းစင်းစင်းခေါ်လိုက်၏။ ပြီးမှ တစ်ဝက်တစ်ပျက် ကျန်နေသော လိမ္မော်ရည်ပုလင်းကို ဘေးသို့ တွန်းထိုးလိုက်ရင်း ...

---

" သူကျောင်းလမ်းမကြီးအတိုင်း ထွက်လာတော့
ကန့်ကော်တောသည် စွေစောင်းကျလာသော
နေခြည်အောက်မှာ တိတ်ဆိတ်စွာ
လဲလျောင်းနေလေပြီ။ ဘွဲ့နှင်းသဘင်ဆီမှ
ဉညြှင့်ကက်တစ်ကောင်ကမူ ××× "

---

"ဒီမှာ သက် ကိုမိုး ခုဝင်လိုက်တဲ့ အလုပ်က ပုလိပ်အလုပ်မျိုးဘဲ ဖြစ်ချင် ဖြစ်မယ်။ ဒါပေမယ့် ပုလိပ်အလုပ်မျိုးဖြစ်တော့ကော ဘာဖြစ်သလဲ သက်။ လောကမှာ ဘယ်အလုပ်မှ ဂုဏ်ရှိတယ်၊ ဘယ်အလုပ်မှ လုပ်ရမယ်လို့ ဘုရားမဟောပါဘူး။ တိုင်းပြည်နဲ့ လူမျိုးကို တစ်ဖက်တစ်လမ်းက အကျိုးပြုနိုင်တယ်ဆိုရင် ဂုဏ်ရှိတဲ့အလုပ်ချည်းဘဲ မဟုတ်ဖူးလား သက် "

**ကိုအောင်မိုး**က **သက်**ကို ရေလာမြောင်းပေးလုပ်၍ မေးလိုက်၏။ သို့သော် **သက်**တည်းဟူသော ရေဆင်းဇီး,က **ကိုအောင်မိုး** တူးလိုက်သည့် မြောင်းအတိုင်း ဆင်းမလာဘဲ ...

"အင်းလေ၊ သက်ကတော့ ဒီလိုမယူဆဘူး။ ခက်ဒီတို့ကလဲ ကိုမိုး ခု,ဝင်လိုက်တဲ့ အလုပ်မျိုးဆိုရင် သဘောတူမှာ မဟုတ်ဘူး။ တကယ်တော့ ကိုမိုးလို ပညာတော်တဲ့ လူတစ်ယောက်ဟာ သက်တို့မိသားစုလို တည်တည်ငြိမ်ငြိမ် အိမ်ခြေရာနဲ့ လုပ်ရတဲ့ပညာရှင်တစ်ယောက်ဖြစ်ဘို့ ကောင်းတာဘဲ။ ဒါကလဲ ကိုမိုးကို သက် ချစ်လွန်းလို့ ပြောရတာပါ "

**သက်**၏ နောက်ဆုံးစကားက **ကိုအောင်မိုး**ကို ပျားရည်နှင့် ဝမ်းချခြင်းကား မဟုတ်ပါ။ ရွှန်းလဲ့နေသော မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်ကြည်ကလေးများ စို့ထမ်းလာသည်ထောက်တော့ သူမသည်မိသားစုအယူအဆစွဲနှင့် အချစ်ပွဲမှာ ကောင်းစွာ လွန်ဆွဲနေရကြောင်း ထင်ရှားနေပါသည်၊ သို့သော် **ကိုအောင်မိုး**က **သက်**ဖွင့်ချလိုက်သည့် စကားစကို ကောက်ကိုင်လိုက်ရင်း ...

"ဒီလိုဆိုတော့ သက်တို့က ဝတ်လုံတော်ရကြီးတို့၊ ကထိကကြီးတို့ သုတေသီကြီးတို့ဖြစ်မှ ဂုဏ်ရှိတယ်လို့ ထင်တာပေါ့ ဟုတ်လား။ ရှင်းရှင်းကတော့ ဒီလိုအလုပ်အကိုင်ကြီးတွေ ဘွဲ့ကြီးတွေနဲ့မှ လက်ထပ်နိုင်မယ်ပေါ့ "

"ကိုမိုးမှာ ဖြစ်နိုင်တဲ့ အလားအလာတွေ အများကြီးရှိတာဘဲ ကိုမိုး"

"ဖြစ်နိုင်တာကို ထားပါ သက်၊ ဒါပေမဲ့ အခြေအနေအရ မဖြစ်နိုင်တာကိုလဲ သက် ထည့်စဉ်းစားအုံးမှပေါ့၊ ကိုမိုး ဆိုလိုတာက ခုနက အလုပ်တွေဟာ ဂုဏ်မရှိဘူး၊ မကောင်းဘူးလို့ ကိုမိုး မပြောဘူး။ သူ့အတိုင်းအတာနဲ့သူ တိုင်းပြည်ကို အကျိုးပြုတာဘဲ။ ဒီလိုဘဲ ခု,ကိုမိုးရဲ့ အလုပ်ကလဲ သူ့အထွာနဲ့သူတော့ အကျိုးပြုနိုင်တာဘဲ မှတ်လား သက် "

**ကိုအောင်မိုး**အသံက ကျယ်လောင်လာ၏။ တစ်ချိန်တည်းတွင် ပြန်ရန် ဟန်ပြင်သည့်အနေဖြင့် သူ့ဦးထုပ်ကို ဆွဲယူလိုက်၏။ သည်တွင် **သက်**ကလည်း ထရန် ပြင်ဆင်ရင်း ...

"သို့သော် ဂဝံကျောက်ဆောင် ဟိုထိပ်ဖျားမှာပေါက်သည့် ပန်းရေတနာလို သူ့ဝန်ကျင်းကလေးမှာသာ လှချင်တိုင်း လှနေသည့် ပန်းအလှသာတကား။ "

"ကိုမိုးရယ် ဒါတွေကို သက် အစောကြီးကထဲက ပြောပြီးသားပါ။ တကယ်လို့ ကိုမိုးကသာ သက်ကို တကယ်ချစ်တယ်ဆိုရင် အလွယ်ကလေးပါ။ ကိုမိုးရဲ့ အခြေအနေအရ အလုပ်,လုပ်မှ ဖြစ်မယ်ဆိုရင် ခုလို နယ်သွားရတဲ့ အလုပ်မဟုတ်ဘဲ စာရေးစာချီ တစ်ခုခု ဝင်လုပ်ပြီးတော့ ဘွဲ့ရအောင်ယူ၊ နောက် ကျောင်းမှာ ကျူတာလုပ်ရင်း သက်တို့ မျှော်မှန်းထားတဲ့ ဘဝကို တည်ဆောက်နိုင်တာဘဲ"

**ကိုအောင်မိုး**ကား ဘာမှ မပြောတော့ပါ။ သူ့ကျောင်းလမ်းမကြီးအတိုင်း ထွက်လာတော့ ကန့်ကော်တောသည် ဝေစောင်းကျလာသော နေခြည်အောက်မှာ တိတ်ဆိတ်စွာ လဲလျောင်းနေလေပြီ။ ဘွဲ့နှင်းသဘင်ဆီမှ ဥသြငှက်တစ်ကောင်ကမူ **ကိုအောင်မိုး**ကို ကျီစယ်နောက်ပြောင်ဘိအလား ဥသြသံချင်းထပ်ကာ တစာစာ ဟစ်ကြွေး ကျန်ရစ်ခဲ့လေသည်။

မှန်ပါသည်၊ ထိုနေ့မှစ၍ သူသည် တက္ကသိုလ်ကျောင်းတော်သို့ တစ်ခေါက်မှ ပြန်မရောက်တော့ပါ။ **သက်**အကြံပေးသလို စာရေးစာချီအလုပ်ကိုလည်း မပြောင်းတော့ပါ။ အကြောင်းမူ သူသည် အလုပ်တစ်ဖက်လုပ်ရင်း တစ်နှစ်ခွဲကြာ၍ နောက်ဆုံး စာမေးပွဲအောင်သွားသည်အထိ နယ်မပြောင်းရသေးသောကြောင့် ဖြစ်သည်။

သို့သော် **သက်**နှင့် သူကား သူ့အလျှောပေးနိုး၊ ကိုယ်အလျှော့ပေးနိုးဖြင့် တနိုးနိုးစောင့်ကာ ဆက်ဆံမြဲ ဆက်ဆံနေခဲ့၏။ တစ်ခါတရံတွင် **သက်**က သူ့ရုံးလိပ်စာဖြင့် ဟိုအကြောင်း သည်အကြောင်း စာရေးတတ်၏။ **ကိုအောင်မိုး**ကလည်း ဥပဒေတွဲ့ ဆက်ယူနေသော **သက်**ထံ သူ့အလုပ်အကြောင်း၊ ဥပဒေဘာသာရပ်အကြောင်း မေးလား ပြောလားလုပ်၏။ သို့သော် သူတို့ရေးရေးကိစ္စကိုမူ သဘောတူ တရှုပ်ထားဘိအလား ပြည့်ဖုံးကား ချထားခဲ့ကြလေသည်။

သို့သော် မကြာပါ၊ ထိုချထားသည့် ပြည့်ဖုံးကားကို မလွဲမသွေ ဖွင့်လှစ်ရမည့်နေ့ တစ်နေ့သို့ ရောက်ခဲ့ရပါသည်။ **သက်**၏တောင်းဆိုချက်နှင့် ပတ်သက်၍ **ကိုအောင်မိုး** ပြတ်ပြတ်သားသား စဉ်းစားရမည့်နေ့၊ **သက်**၏သဘောထားကို နောက်ဆုံးအကြိမ်အဖြစ် တိတိကျကျ မေးမြန်းရမည့်နေ့၊ ထိုနေ့ကား **သက်** တစ်ခါက,ပြောဘူးသလို သူ့အား နယ်ခြားမြေခြား ပင်လယ်ရပ်ခြားဖြစ်သည့် မြိတ်မြို့သို့ သွားရောက်ကာ တာဝန်ထမ်းဆောင်ရန် အမိန့်စာရရှိသည့်နေ့ပင်တည်း။

**ကိုအောင်မိုး**အဖို့မူ မခဲယဉ်းလှပါ။ နယ်မသွားလိုပါက ကျောင်းမှာ ကျူတာဝင်လုပ်ရန် အခွင့်အလမ်းများစွာရှိနေပါသည်။ အင်္ဂလိပ်စာမှာ ဂုဏ်ထူးမရသော်လည်း အမှတ်ကောင်းကောင်းဖြင့် ဘွဲ့ရထားသူဖြစ်၍ အင်္ဂလိပ်စာဌာနမှာ ကျူတာလုပ်လိုလျှင် ရနိုင်ကြောင်း သူသိပါသည်။ သို့သော် တစ်နှစ်ခွဲမျှ ကြာအောင် လုပ်မိပြီဖြစ်သည့် ယခုအလုပ်ကို သူသံယောဇဉ်တွယ်မိနေပြီ။ လူဝင်မှုကြီးကြပ်ရေးအလုပ်သည် **သက်**ပြောသလိုပင် ပုလိပ်အလုပ်မျိုးသာဖြစ်သည်ဟု ဆိုသော်လည်း တကယ်တော့ တိုင်းပြည်တွင် မရှိမဖြစ်သည့်အလုပ်၊ အထူးသဖြင့် မြန်မာပြည်လိုနိုင်ငံအဖို့ အလွန်အရေးပါသည့် အလုပ်ဟု သူကောင်းစွာ သဘောပေါက်နေမိလေသည်။

သို့ကြောင့်လည်း သူသည် နယ်ပြောင်းအမိန့်ကို အိတ်ထဲထည့်ပြီး တစ်ညနေခင်းတွင် ကန်တော်ကြီးစောင်းရှိ **သက်**တို့အိမ်သို့ လျှောက်လာခဲ့သည်။ ခြံဝမုခ်ဦးမှာ ကြေးငါးဆိုင်းဘုတ်ကြီးနှင့်၊ တစ်ခြံလုံးမှာလည်း နှင်းဆီဖြူ နီ၊ ဒေလီယာနှင့် ပြီးတော့ စိန်ခြယ်ပန်း၊ ကြက်မောက်ပန်း စသည့် ပန်းပေါင်းစုံတို့သည် နှစ်ထပ်တိုက်အိမ်ကြီးကို သူ့ထက်ငါ မျက်နှာလုပ်နေကြ၏။

"သက်နဲ့တွေ့ချင်လို့ပါ"

**ကိုအောင်မိုး**က တိုက်ဆင်ဝင်အောက်ရောက်သည်နှင့် ဘီလပ်တံခါးကြီးရှေ့ရပ်လာသော အဒေါ်ကြီးတစ်ယောက်ကို လှမ်းပြောလိုက်၏။ သို့သော် အဒေါ်ကြီးနှင့်အတူ ထပ်ကြပ်မကွာ ရောက်လာသော **သက်**က အံ့ဩဟန်ဖြင့် ...

''ဟင် ကိုအောင်မိုး၊ မလာစဘူး မျက်စိလည်လာတယ် ထင်တယ်၊ လာ ကိုအောင်မိုး ဒီမှာ ထိုင်''

**သက်** ဒယ်ဒီဟု ခန့်မှန်းရသည့် လူကြီးတစ်ယောက်က အခန်းတစ်ခုမှ ရိုပ်ကနဲ့ ထွက်လာပြီး **ကိုအောင်မိုး**ကို လှမ်းကြည့်လိုက်၏။ အသက်ခြောက်ဆယ်ဝန်းကျင်လောက်ရှိပြီး အသားဖြူပုံရသော်လည်း မျက်နှာမှာ မှဲ့ခြောက်အစွန်းအထင်းများကို တွေ့ရ၏။ ဝတ်လုံတော်ရကြီးဦးလွင်ပင် ဖြစ်ရမည်။ သို့သော် သူတို့ဘက်သို့ ကူးလာခြင်းမရှိဘဲ စာအုပ်တစ်အုပ်ကို ကိုင်၍ ပြန်ဝင်သွားလေသည်။

''အင်း ... ကိုမိုးတော့ ဒီဌာနမှာဘဲ ဆက်ပြီး အလုပ်လုပ်ဖြစ်တော့မယ် သက်၊ ပြီးတော့ ကိုမိုး ဘိတ်ကိုပြောင်းရတယ်၊ အဲဒီ သက်ကို လာနှုတ်ဆက်တာဘဲ ဆိုပါတော့''

**ကိုအောင်မိုး**က နှစ်ယောက်ဆိုဖာတစ်ခုတွင် ဝင်ထိုင်လိုက်ရင်း ကောက်ကာငင်ကာပင် ပြောလိုက်သည်။ ပြီးတော့ ပါးချိုင့်ကလေးများရှိသည့် **သက်**၏ပါးအို့ကလေးများကို ငေး၍ ကြည့်နေမိသည်။ သည်တွင် **သက်**က ဆိုဖာတစ်ခုတွင် ကျောချထိုင်လိုက်ရာမှ ကိုယ်လုံးကလေးကို ရုတ်တရက် မတ်လိုက်ရင်း ...

''ဟင် ... ဟုတ်လား ကိုမိုး၊ ကိုမိုး ဘိတ်ကို ပြောင်းရမယ် ဟုတ်စ''

''ဟုတ်တယ် သက်၊ ကိုမိုး ရှေ့အပတ်ထဲမှာ လေယာဉ်နဲ့သွားဖို့ အားလုံး စီစဉ်ပြီးဘီ''

''အဲဖြင့် ကိုမိုးက ဒီလိုဌာနမှာ ကြယ်နှစ်ပွင့်ရာထူးလေးလောက်နဲ့ဘဲ ကိုမိုးဘဝကို ကိုမိုး ပိုင်းဖြတ်လိုက်ပီ ဆိုပါတော့''

**သက်**အသံက တကယ့်ကို မလိုတမာ အသံပင်ဖြစ်၏။ သို့သော် ဂရုဏာဒေါသော ဖြစ်ရခြင်းဟုကား ဆိုနိုင်ပါသည်။

'' ဒီလိုရှိတယ် သက်၊ ကိုမိုးဘဝကို ဒီရာထူးလေးနဲ့ ဆုံးဖြတ်လိုက်တာတော့ မဟုတ်ဖူး၊ ဒါပေမယ့် ကိုမိုးတို့ ပညာသင်ထားတာဟာ ပညာတတ်လူတန်းစား ထူထောင်ဖို့ မဟုတ်ဘူး၊ သင်ထားတဲ့ ပညာနဲ့ တိုင်းပြည်ကို ထူထောင်ဖို့လို့ ကိုမိုး ယူဆတယ်၊အထူးသဖြင့် ကိုမိုးတို့ တိုင်းပြည်ဟာ သိပ်ကို မဖွံ့ဖြိုးသေးတဲ့တိုင်းပြည်၊ ဘယ်ဘက်က ကြည့်ကြည့် မလောက်မငနဲ့ ဆင်းရဲမွဲတေနေတဲ့ တိုင်းပြည်၊ ဒီအချိန်မှာ တချို့ပညာတတ်တွေလို မြို့မှာကပ်ပြီး ပညာတတ်,မင်းသား လုပ်နေမယ့်အစား မဖွံ့ဖြိုးသေးတဲ့ ကိုမိုးတို့ရဲ့ နယ်စွန်နယ်ဖျားကို သွားပြီး တတ်နိုင်သမျှ ပိုင်းဝန်းထူထောင်ဖို့က ပိုအရေး ကြီးတယ်လို့ ကိုမိုး ယူဆတာဘဲ ''

**ကိုအောင်မိုး**က သူ့စကားအဆုံးမှာ **သက်**ကို တစ်ချက်,ဝေ့ကြည့်လိုက်၏။ ပြီးတော့ အခန်းနံရံမှာ ချိတ်ဆွဲထားသော ဝတ်လုံတော်ရကြီး 'လွင်'မိသားစု၏ အမျိုးမျိုးသော ဓါတ်ပုံများကို ဖျတ်ကနဲ့ မျက်စိကစားလိုက်မိသည်။

**သက်**ကား **ကိုအောင်မိုး**ကို ငေး၍ ကြည့်နေ၏။ သို့သော် ရှေ့တိုးမည့် ဆင်မယဉ်သာလို ငေးကြည့်ခြင်းသာ ဖြစ်ရကား ...

''ဟင်း ... ဟင်း .. ကိုမိုးဟာလေ သိပ်ကို စိတ်ကူးယဉ်တဲ့လူဘဲ၊ ရှင်းရှင်းပြောရရင် ကိုမိုး

ဟာလေ သိပ်ကို လှစွမ်းကောင်း လုပ်ချင်ပုံရတယ်။ ဒီမှာ ကိုမိုး လောကမှာ ပညာသင်တာဟာ ကိုယ်သက်သာဖို့ ကိုယ်ချမ်းချမ်းသာသာနေနိုင်ဖို့ သင်တာချည်းဘဲ၊ ကိုမိုး တစ်ယောက်ထဲထွက်ပြီး တိုင်းပြည်ကြီးကို ထူထောင်လို့ကော ဘာထူးမှာလဲ၊ ကိုယ့်မှာ အခြေအနေရှိပါရက်နဲ့ ကိုမိုး ဒီလို ဆုံးဖြတ်တာဟာ သက်ကို သက်သက်အရွဲ့တိုက်တာဘဲ၊ ရှင်းရှင်းပြောမယ် ကိုမိုး။ သက်တို့ကတော့ ဘာနိုင်ငံရေးမှလဲ နားမလည်ဘူး။ စိတ်လဲ မဝင်စားဘူး။ သက် ခက်ဒီတို့ကိုလဲ သက် တီးခေါက်ကြည့်ပြီးဘီ။ အင်း ... ဒီအတိုင်းဆိုရင်တော့"

သက်အသံက ပြောရင်း နစ်ဝင်သွားသည်။ သို့သော် သူမ၏စကားမှာ လှဝင်မှုအရာရှိပေါက်စလေးအဖြစ်နှင့်တော့ **ကိုအောင်မိုး**ကို လက်မခံနိုင်ဟူသော အဓိပ္ပါယ်မှာကား ထင်ရှားနေလေပြီ။

**ကိုအောင်မိုး**ကား သက်မျက်နှာကို စိမ်းစိမ်းကြည့်၏။ အလွန်ကြက်သရေရှိသော မျက်နှာ၊ အလွန်လှပသော မျက်လုံး မျက်ဖန်၊ သို့သော် ဝဝံကျောက်ဆောင် တိုထိပ်များမှာ ပေါက်သည့် ပန်းရတနာလို သူ့ဝန်းကျင်ကလေးမှာသာ လှချင်တိုင်းလှနေသည့် ပန်းအလှသာတည်း။

"ကဲ .. သက်၊ သက်ကို ကိုမိုး အသက်လောက်ပဲ ချစ်တယ်ဆိုတာတော့ သက် ကောင်းကောင်းယုံပါ။ ဒါပေမယ့် သက် တစ်ခါက ပြောဘူးသလိုဘဲ၊ ဘမျိုးဘိုးတူ ဆိုတာလို သက်တို့ရဲ့ အယူအဆနဲ့ ကိုမိုးတို့ရဲ့ အယူအဆကတော့ တခြားဆီလို ဖြစ်နေဘီ။ ရှင်းရှင်းပြောရရင်တော့ လူသားတစ်ယောက်အနေနဲ့ ကိုမိုး ပညာသင်တာဟာ တကိုယ်ကောင်းဆန်ဖို့ မဟုတ်ဘူး။ လူသားတွေကို အကျိုးပြုဖို့ဘဲလို့ ကိုမိုးတော့ စွဲစွဲမြဲမြဲ ယုံကြည်တယ်၊ ကဲ ... ကိုမိုးသွားမယ်၊ ကိုမိုးကို ခွင့်လွှတ်ပါသက် "

**ကိုအောင်မိုး**ကပြောရင်း။ သက်ရှေ့မှာ မတ်မတ်ရပ်လိုက်သည်။ ထောင်မောင်း ကြံ့ခိုင်သော ကိုယ်လုံးကိုယ်ထည်၊ ကျယ်ကားသော ရင်၊ ဖိရိသော နှုတ်ခမ်းနှင့် ပြေပြစ်လှသော နဖူး။ သည်တွင် အညိုရောင် ဘောင်းဘီးရှည်နှင့် ရှပ်လက်ရှည်အဖြူကို သေသပ် ကျနစွာ ဝတ်ထားရကား **ကိုအောင်မိုး**၏ ဥပဓိရုပ်မှာ တည်ငြိမ်ခန့်ငြားလွန်းလှ၏။

"ကိုမိုး"

"ပြောပါသက် "

"ကိုမိုး ထပ်ပြီး မစဉ်းစားတော့ဘူးလား ဟင် "

"ကိုမိုး ဘာစဉ်းစားရအုံးမလဲ သက်ရယ်၊ သက်ဆီက ကိုမိုး သိချင်တာတွေလဲ အားလုံး သိပြီးဘီဘဲ၊ ကဲ ... ကိုမိုး သွားမယ်နော်၊ သက် အိမ်သားတွေကိုလဲ နှုတ်ဆက်လိုက်ပါ "

**ကိုအောင်မိုး**က နိုင်လွန်ခမ်းဆီးကို မ၍ အခန်းပြင်သို့ ထွက်လိုက်သည်။ သက်က သူနှင့်အတူလိုက်၍ နောက်နားက ရပ်ရင်း ...

"အော် ... ဒါဖြင့် ကိုမိုး။ ကော်ဖီ သောက်သွားအုံးနော် "

"မသောက်တော့ဘူး သက်၊ ကျေးဇူးတင်ပါတယ်၊ ကိုမိုး သွားဖို့ လာဖို့အတွက် ပြင်ဆင်စရာရှိသေးလို့ပါ "

**ကိုအောင်မိုး**က မျှော်လင့်ဘွယ်မရှိသည့် သက်ရှေ့မှာ ကြာရှည် မနေလိုဟန်ဖြင့် ဆင်ဝင်အောက်သို့ ရောက်ခဲ့သည်။ သက်ကမူ သူ့ကို ငေးကြည့်ရင်း နောက်ဆုံး စကားတစ်ခွန်းကို ပြောလိုက်သေး၏။

"ဘာဘဲ ဖြစ်ဖြစ် ကိုမိုး တိုရောက်ရင်၊ စာလေး ဘာလေးရေးပါအုံး"

ကိုအောင်မိုးက သူမကို တစ်ချက်သာ လှည့်ကြည့်လိုက်ပြီး လျှောက်မြဲ လျှောက်ခဲ့၏။ လှလိုက်တဲ့ နှင်းဆီတွေ၊ ကြက်သရေရှိလိုက်တဲ့ ဒေလီယာပန်းကြီးတွေ၊ အို ... ယဉ်လိုက်၊ လှလိုက်ပါတဲ့ စိန်ခြယ်တွေ၊ ကြက်မောက်တွေ။


"ကိုမိုး"

သူက လှမျိုးစုံနေသည့် ပန်းမျိုးစုံကိုကြည့်ရင်း လျှောက်မြဲလျှောက်ခဲ့၏။

"ကိုမိုး ... ကိုမိုး"

သူသည် အိပ်ရာမှ နိုးလာသူလို မျက်စိကို ပွတ်ကြည့်၏။ သက်ဒေါ်သံကို သူတကယ်ပင် ကြားမိသည်ဟု ထင်ရ၏။ မဟုတ်ပါ။ ကိုလှဦးတို့တတွေသည် တုံး။ ပလုံးကိုယ်စီဖြင့် သဲသောင်စပ်မှ သူ့ကို အော်ခေါ်နေခြင်းဖြစ်၏။ ကြည့်လိုက်တော့ ဇင်ယော်ကင်းသည် ပင်လယ်ပြင်မှာ တစ်စုံတစ်ခုကို တွေ့ဟန်ဖြင့် သူတို့ကို အချက်ပြ၍ အရေးတကြီး ခေါ်နေခြင်းပါတကား။

◆


2002

# သူ့ခိုးလက်က သူ့ဂုဏ်လု

''ကိုလှဦး ခင်များတို့ ကျွန်တော့်ကို ခေါ်နေတာ အတော်ကြာသွားတယ် ထင်တယ်၊ အဲ့ ပင်လယ်မြှော့တွေကော အတော်လေး ရခဲ့ကြသလားဗျ''

ပွဲချိတ်မော်တော်ပေါ် ပြန်ရောက်သည်နှင့် ကိုအောင်မိုးက စကားဖောဟန်ဖြင့် ကိုလှဦးကို ပြုံးဖြီဖြီလုပ်ရင်း လှမ်းမေးလိုက်သည်။ ပြီးတော့ ထုံးရေနှင့် ပြုတ်ထားသဖြင့် ဖြူဖွေးနေသည့် ပင်လယ်မြှော့ကြီးများ ထည့်ထားရာ သံပုံးကို ကဲ၍ ကြည့်လိုက်၏။ အင်း ... ဒီပင်လယ်မှာ လုပ်တာတ် ကိုင်တတ်ရင် စားစရာတွေက တကယ် ပေါတာပါလားဟုလည်း သူ့စိတ်ထဲမှာ ကောက်ချက်ချ နေမိသည်။

သည်တွင် နတ်လမ်းညွှန်ဆရာက သူ့ကို သမင်လည်ပြန် လှည့်ကြည့်ရင်း ...

''ဒီမှာလေ ဆရာရဲ့ ပင်လယ်မြှော့တွေမှ ရလာလိုက်တာ သံပုံးပြည့်လုနီးဆဲ တွေ့လား။ ဟဲ ... ဟဲ ကျွန်တော်တို့ မြှော့ရှာတဲ့လူတွေကတော့ မြှော့ရခဲ့တာပေါ့။ အဲ့ ရေသဖန်းပင်အောက်မှာ တရားရှာတဲ့လူကကော ဘာတရားများ ရခဲ့သလဲ ဆရာရဲ့''

''ဟဲ ... ဟဲ ခင်များကတော့ ပြောရေ့မယ်၊ ကျွန်တော်က မေတ္တာတရား စီးဖျန်းခဲ့တာ ဆိုတော့ မေတ္တာတရားဆဲ ရခဲ့တာပေါ့ဗျာ၊ အဲပေမယ့် ကျွန်တော်မေတ္တာတရားက သံဝေဂနဲ့ ယှဉ်သဗျ၊ အဲ့ ဦးဆန်းမောင်တို့ လူစု ဘာများတွေ့နေကြလဲ မသိဘူးနော် ''

ကိုအောင်မိုးက စကားလမ်းကြောင်းကို ရုတ်တရက်ပြောင်းပြီး ဇင်ယော်ကို လှမ်းကြည့် လိုက်သည်။ သူ စိတ်ကူးယဉ်လွန်မိ၍ စကားကို တမင်လိုးလွှဲပစ်ခြင်းလော၊ သို့မဟုတ် ဦးဆန်းမောင် တို့လူစုကို တကယ်ပင် ရုတ်တရက် အမှတ်ရမိ၍ဘဲလားဟူ၍ကား မည်သူမှ တတ်အပ်ပြောနိုင်မည် မဟုတ်ပေ။

''ဘာတွေ့နေကြသလဲဆိုတော့၊ ငါးမိုးတန်ကေးအပြင် ဘာရှိအုံးမှာလဲ ဆရာရဲ့။ အင်း ... ဇေင်းကိုများ တွေ့နေသလားတော့ မသိဘူး ဇေင်း ... ဇေင်း ''

ကိုတင်မြင့်က ကြားဖြတ်၍ ဇေင်းအကြောင်းကို သုံးလေးခါထပ်၍ ပြောလိုက်သည့်အခါ တွင်ကား သူတို့အားလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရုံမက ပွဲချိတ်သည်ပင် ငိုဲ၍ ပြန်လာသည်ဟု ထင်ရလေသည်။

မှန်ပါသည်။ ပြောပြောဆိုဆိုဖြင့် ပဲ့ချိတ်လည်း ဇင်မယ်ဘေးသို့ တရှိန်ထိုး ဝင်ကပ်လိုက်သည်နှင့် **ကိုအောင်မိုး**တို့ လှုစုလည်း ပဲ့စင့်ထက်သို့ ရောက်ခဲ့ကြသည်။ ပြီး **ဦးဆန်းမောင်**ကမ်းပေး လာသော မှန်ပြောင်းကိုယူ၍ **ကိုအောင်မိုး**သည် ရွှေကျွန်း၏ အနောက်မြောက်ဖက် ပင်လယ်ပြင်သို့ လှမ်းကြည့် လိုက်လေသည်။

"တွေ့လား အာစရို ဒီကောင် လမ်းပိဘက်ကို ဦးတည်ပြီး ဖြတ်နေတယ်။ ပြင်ပရေကြောင်းတော့ မကျော်တတ်သေးဘူး"

**ဦးဆန်းမောင်**က နှုတ်ခြင်းသာမက လက်ဖြင့်ပါ ညွှန်၍ အရာဝတ္ထုကို ဝိုင်းကူ၍ပြ၏။ **ကိုအောင်မိုး** က မှန်ပြောင်းကို လှည့်၍ လှည့်၍ ချိန်ကာ မြင်ကွင်းကို ဖမ်းယူနေ၏။ တအောင့်ကြာတော့ မှန်ပြောင်း အချိန်ကိုရပ်ပြီး စူးစူးစိုက်စိုက် ကြည့်နေရာမှ ...

"အင်း နိုင်ငံခြားထီးမိုးတန်ကေးတော့ သေချာတယ်ဗျ။ ဒါပေတဲ့ ဘယ်လို တန်ကေးအမျိုးအစား လဲဆိုတာတော့ ခွဲခြားဘို့မလွယ်ဘူး။ အနည်းဆုံး ခုနစ်မိုင် ရှစ်မိုင်လောက် ရှိမယ်ထင်တယ်။ ရော့ နတ်လမ်းညွှန် မှန်ပြောင်းနဲ့ ကြည့် ကြည့်စမ်း"

**ကိုအောင်မိုး**က မှန်ပြောင်းကို ကိုလှဦးလက်သို့ ကမ်းပေးလိုက်ပြီး သူ့လက်ပတ်နာရီကို မြှောက် ကြည့်လိုက်၏။ ညနေ ၅–နာရီ ၃၇–မိနစ်။ နေဝန်းနီသည် အနောက်ပင်လယ်ပြင်နှင့် ပွေ့ဖက် နှုတ်ဆက် နေလေပြီ။ ဝေါကနဲ့ ဝေါကနဲ့ ပေါ်လာသော ပင်လယ်လှိုင်းသံများကား နေလုလင်နှင့် ပင်လယ်မျိုတို့၏ အချစ်ပွဲကို နရီကိုက်ပြီး ကောင်းချီးပေးနေသလားဟု ထင်ရလေသည်။

"တူ ... တူ ... တူ စက်ဆရာရှိသလား။ ကျွန်တော်အောင်မိုးပါ။ အော် ... ကိုတင်လား။ မင်းဆရာ ကိုပြောဘယ်မှာလဲ။ မင်းတို့အားလုံး ထမင်းစားပြီးပလား။ အေး ... ကောင်းတယ်၊ ဒါဖြင့် အားလုံး စတင်းဘိုင် လုပ်ထား။ ကိုမြဝင်လာရင် ဒို့ကိုသတင်းပို့နိုင်း။ အေး ... ဒါဘဲ"

**ကိုအောင်မိုး**က စကားပြောပိုက်အဖုံးကို ဖွင့်၍ စက်ခန်းနှင့် အသင့် ညှိနှိုင်းထားလိုက်သည်။ ပြီးတော့ စကားပြောပိုက်ကို ပိတ်ပြီး နတ်လမ်းညွှန်ကိုလှဦး၊ ဦးကုလားနှင့်ဦးဆန်းမောင်တို့ဘက်သို့ မျက်နှာမူလိုက်၏။

"ဆရာ ကျွန်တော်တို့ စိတ်ကူးတာကတော့ ဒီကောင် ပြင်ပရေကြောင်းကို ကျော်ပြီး ဟိုမှာ မြင်နေရတဲ့ ဆွင်တန်ကျွန်းစုကလေးနားလောက်ရောက်မှ ကျွန်တော်တို့ ထလိုက်ကြရင် ကောင်းမယ် ထင်တာဘဲ၊ ဆိုလိုတာက သူကျွန်းတွေကြားရောက်လောက်မှ ကျွန်တော်တို့က ပြင်ပရေကြောင်းကနေ ပိတ်ဖမ်းဘို့ဘဲ။ ကျွန်တော်တို့ နောက်နာရီဝက်လောက် အချိန်ရအုံးမယ်"

ကိုလှဦးက မှန်ပြောင်းကို တစ်ဖက်ကကိုင်ရင်း **ကိုအောင်မိုး**ကို ရှင်းပြလိုက်သည်။ ပြီးတော့ **ဦးဆန်းမောင်**နှင့် **ဦးကုလား**ကိုလည်း လှမ်းကြည့်လိုက်၏။ သူတို့အားလုံးကလည်း **ကိုလှဦး**၏ အကြံပေးချက်ကို သဘောတူဟန်ဖြင့် ခေါင်းဆတ်ဆတ် လုပ်နေကြသည်။

"ဒါနဲ့ ခုဝင်လာတဲ့ကောင်ဟာ ကျွန်တော်တို့လိုက်နေတဲ့ ဝေဇင်း ဟုတ်မဟုတ် ခင်ဗျား ခန့်မှန်း နိုင်သလား"

"မလွယ်ဘူးဆရာ၊ ဆရာမြင်တဲ့အတိုင်းဘဲ မှန်ပြောင်းထဲမှာကို ဒီကောင်က ဘောက်တူးတလေး လောက်ဘဲ ရှိသေးတာ အတော်လေး ဝေးနေသေးတယ် မှတ်လား"

ကိုလှဦးပြောသည်မှာ မှန်ပါသည်။ ပကတိမျက်စိနှင့် ကြည့်လျှင် အရာဝတ္ထုသည် မီးခြစ်ဘူးခွံ

အရွယ်လောက်ဖြင့် ပင်လယ်ပြင်တွင် မျှောပါနေသည်ဟု ထင်ရ၏။ မှန်ပြောင်းထဲတွင်ကား ဘောက်တူ တစ်စင်းအရွယ်လောက်ရှိပြီး **အရှေ့မြောက်ဖက်** ပြင်ပရေကြောင်းကို ဖြတ်၍ ဝင်လာနေသည်ကို တွေ့ရ ၏။ သို့သော် အရောင်အဆင်းနှင့် အရွယ်အစားအသေးစိတ်ကိုမူ အတိအကျပြောနိုင်ရန် အလွန်မှပင် ခက်ခဲနေပေသည်။

"အေးပေါ့ဗျာ၊ ဘာဘဲဖြစ်ဖြစ်ပေါ့ ကျွန်တော်တို့ကတော့ ကိုယ့်ရေမြေထဲ ကျူးကျော်ဝင်လာတဲ့ ကောင်ဆိုရင် တန်ကေးမဟုတ်လို့ ဘောက်တူဖြစ်ရင်လဲ ဖမ်းရမှာဘဲ။ အင်း ...တစ်ခုဆိုးတာက ကျွန်တော် တို့မှာ စားမကုန်တဲ့ ပင်လယ်ကြီးရှိရက်နဲ့ ကိုယ့်ဟာကို မစားရဘဲ သူများလာခိုးတာဘဲ ခံနေရတာတော့ အတော်ကို ခံပြင်းစရာကောင်းတာပေါ့ဗျာ၊ အင်းလေ ဒီကာလဲ ကိုယ့်ဟာကိုမှ ကျယ်ကျယ်ပြန့်ပြန့် မလုပ် နိုင်သေးတာကိုး"

**ကိုအောင်မိုး**က နတ်လမ်းညွှန်ကိုလှဦးလက်မှ မှန်ပြောင်းဖြင့် ထပ်ကြည့်ရင်း ကြိတ်မနိုင် ခဲမရ လေသံဖြင့် ပြောလိုက်သည်။ ပြီးတော့ မှန်ပြောင်းကိုချပြီး အဖွဲ့သားအားလုံးကို တစ်ယောက်စီ လိုက်ကြည့် လိုက်၏။ ဘယ်သူမှ စကားမပြောဘဲ သူ့ကိုသာ ငေးကြည့်နေကြ၏။

"ကဲ ... ဒီတော့ ကျွန်တော်တို့ ထွက်ကြမယ်၊ ကိုလှဦး ထမင်းမစားရသေးတဲ့ လူတွေအားလုံး ကို အချိန် ၁၅-မိနစ်ပေး။ သဘောင်္နဲ့ ပတ်သက်တာအားလုံးကို ခင်ဗျားဘဲ တာဝန်ယူပြီး ပြင်ဆင်ထား။ ဦးဆန်းမောင်ကတော့ ဒါတိုင်းလို့ဘဲ ပဲ့ချိတ်ကို ဒီမှာထားခဲ့ဖို့ စီစဉ်ဗျာ၊ စက်တွေကိုလဲ အသေအချာ ဖြုတ်သိမ်းပေါ့။ ပြီးတော့ ခင်ဗျားရဲ့လက်နက်ကိုင်အဖွဲ့သားတွေကိုလဲ အစစသတိရှိပစေ၊ ဒီကောင်တွေ က သူခိုးအဆင့်ထက်ကျော်ပြီး မြေဖြစ်လာကြဘီဗျ၊ ကဲ ... ဒါဖြင့် လူစုခွဲကြစို့"

**ကိုအောင်မိုး**စကားဆုံးသည်နှင့် ငြိမ်သက်နေသော **ဇင်ယော်**သည် ရုတ်တရက် လှုပ်လှုပ် ရှား ရှား ဖြစ်သွားပြန်လေသည်။ **ကိုအောင်မိုး**ကိုယ်တိုင်ကလည်း ရေကို ကမန်းကတန်းချိုး၍ ယူနီဖောင်း ဝတ်စုံကို ဝတ်ပြီး ထမင်းဝင်စားလိုက်သည်။ **ဇင်ယော်**ပဲ့စင်မှ တာဝန်ကျတစ်ယောက်ကမူ မှန်ပြောင်း တစ်လက်ဖြင့် စက္ကန့်မလပ် စောင့်ဆိုင်းကြည့်ရှုနေလေသည်။

နေဝန်းနီကား စောစောက ပင်လယ်ပြင်နှင့် ပွေ့ဖက်ထားရာမှ ယခုမူ နုတ်ခမ်းချင်း တို့ထိနမ်း ရှုံ့နေပြီဖြစ်သည်။ ယင်းသို့ တို့ထိနမ်းရှုံ့ရာမှ ထွက်ပေါ်လာသော ရောင်ခြည်များကား ရတနာမျိုးစုံကို ဒီးရောင်စုံထိုးလိုက်သကဲ့သို့ ပတ္တမြားရောင် သန္တာရောင်၊ စိန် ရွှေ ကျောက်ရောင်တို့ဖြင့် ပြိုးပြိုး ပြက်၍ အံ့မခန်းဘွယ်ကောင်းလောက်အောင်ပင် လှပနေလေသည်။

**ဇင်ယော်**ပဲ့စင်ထက်သို့ ပထမဆုံးပြန်ရောက်လာသူ **ကိုအောင်မိုး**သည် ထိုရှုခင်းကို ငေး၍ ကြည့် နေမိ၏။ လူ့ရပ်ရွာတွင် မမြင်ဘူးအောင် ထူးကဲလှသည့် ရှုခင်း၊ ပင်လယ်ကို ရောက်ဘူးမှ တကယ် တွေ့ထိခံစားနိုင်သည့် ပင်လယ်ပြင်၏ ညနေဆည်းရှာ ရှုခင်း။

သူသည် ပင်လယ်ရှုခင်းနှင့် နိုးဘုတ်ကို တလှည့်စီကြည့်ရင်း **ဇင်ယော်**ဦးပိုင်းသို့ တစ်ယောက် တည်း ထွက်လာခဲ့သည်။ **ဦးဆန်းမောင်**တို့လူစုသည် ယော်တော်မှ ပဲ့ချိတ်စက်နှစ်လုံးကို ဖြုတ်ပြီးရုံမက ယော်တော်ကိုပင် **ဇင်ယော်**အနီးမှာ ကျောက်ချထားပြီးနေပြီ။ တခအောင့်ကြာ၍ **ကိုလှဦး**။ **ဦးတုလား** နှင့် **ဦးဆန်းမောင်**တို့လူစု ပြန်ရောက်လာသည့်အချိန်တွင်ကား နေဝန်းကြီးသည်လည်း ရှိသမျှတာဝန် ကို **ကိုအောင်မိုး**တို့ထံ ပုံအပ်ထားခဲ့ဘိသကဲ့သို့ မျက်နှာနီကြီးကို ပြကာပြကာဖြင့် ပင်လယ်တွင်းသို့ သက်ဆင်းငုတ်လျှိုးသွားလေသည်။

တစ်ချိန်တည်းတွင် ကမ်းရိုးတန်းနှင့် အဝေးဆုံးဖြစ်သည့် ရှေ့ကျွန်းအကွယ်တွင် ကင်းပုန်းဝပ်နေသော **ဇင်ယော်**သင်္ဘောသည်လည်း ပြိတ်ပြိုဘက်သို့ ပြန်လည် ဦးတည်ကာ မဲမဲရိပ်ရိပ်မြင်နေရသည့် နိုးဘုတ်နောက်သို့ တဖြည်းဖြည်းချင်း ထွက်ခွာလာခဲ့လေသည်။

"တု ... တု ... တု"

"ဟုတ်ကဲ့ ပြောပါ၊ ကျွန်တော်အောင်မိုးပါ"

"အော် ... ကိုမြလား၊ ဘယ့်နှယ်လဲ ခင်ဗျားတို့အဖွဲ့သားတွေနဲ့ စက်အခြေအနေ၊ အေးဗျာ အခြေအနေကောင်းဘို့ အရေးကြီးတာဘဲ၊ ဒီနေ့လဲ ... ကျွန်တော်တို့ လိုက်ကြရပြန်ဘီဗျ၊ ဘာကောင်နဲ့တွေ့မလဲတော့မသိဘူး၊ အခု ခု ကျွန်တော်တို့ သွားမှာက ပြင်ပရေကြောင်းကဆိုတော့ စက်အခြေအနေကို နာရီဝက်တစ်ကြိမ်လောက်တော့ ကျွန်တော့်ဆီ သတင်းပို့စေချင်တယ်။ ဟုတ်ကဲ့...ဒါပါဘဲ"

**ကိုအောင်မိုး**သည် စကားပြောပိုက်အဖုံးကို ပိတ်ပြီး၊ သူ့အဖွဲ့သားများကို လှည့်ကြည့်လိုက်၏။ **ဦးဆန်းမောင်**တို့ လူစုမှာ ကင်းတို၊ ကင်းရှည် တာဝန်ယူနေကြပြီဖြစ်၍ ပဲ့စင်ထက်မှာ မရှိတော့၊ နတ်လမ်းညွှန်ဆရာကမူ မှန်ပြောင်းတစ်လက်ဖြင့် နိုးဘုတ်၏အခြေအနေကို တွက်ချက် ခန့်မှန်းနေ၏။ **ဦးကုလား**ကမူကား **ဇင်ယော်**ကို ကြိတ်၍မောင်းရင်း ကွမ်းသီးတစ်စိတ်ကို ပါးစောင်မှာတင်ပြီး တလှုပ်လှုပ်ဝါးနေလေသည်။

ပင်လယ်ပြင်ကား ကပွဲရုံကြီးတွင် မြူကနဲ့ လျှပ်စစ်မီးဖြတ်လိုက်သလို နေလုံးကြီး ဝင်သွားသည်နှင့် မှောင်ကြီးမဲမဲကျသွားလေသည်။ သို့သော် ပြင်ပရေကြောင်းမှ လိမ့်၍ လိမ့်၍ ဝင်လာသော လှိုင်းခေါင်းဖြူကြီးများကိုကား ဝတ်ရုံဖြူကို ခြုံလွှမ်းထားသော သတ္တဝါကောင်ကြီးများ အပြင်း ချီတက်လာသလားဟု အောက်မေ့ရလေသည်။

"ဒီနေ့ လေနဲနဲပြင်းပုံရတယ်"

**ဦးကုလား**က ခုံရှည်ပေါ်ထိုင်၍ **ဇင်ယော်**ပဲ့ကို ထိန်းနေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်ရင်း မတိုးမကျယ်ပြောလိုက်၏။ ပြီးတော့ စတီယာရင်ကို သတိနှင့်ကိုင်ရင်း အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ထိုစဉ် **ကိုလှဦး**က မှန်ပြောင်းကို **ကိုအောင်မိုး**လက်သို့ ကမ်းပေးလိုက်ပြီး ...

"ကြည့်လိုက်တော့ ကိုက်သုံးရာခန့်ရှိ ပင်လယ်တပြင်လုံးမှာ အောက်လင်းမီးတ်မီး သုံးရာလောက် ထွန်းညှိထားသလို ထိန်ထိန်ညီးနေ၏။ မီးရောင်စုံ ထွန်းထားသော ရေမသင်္ဘောကြီးပင်ဖြစ်ရမည်။ တစ်စင်းမက နှစ်စင်း၊ သုံးစင်း။"

''ဟုတ်တယ် ဦးကုလား၊ လေနည်းနည်း ပြင်းရုံမကဘူး၊ တိမ်တွေလဲ လှုပ်ရှားနေတယ်''

''အင်း ... အနောက်ဖက်မှာ လေငြိမ်သက်ပုံ မရဘူးဆရာ၊ သတိတော့ နည်းနည်းထားမှတဲ့''

ဦးကုလားနှင့် ကိုလှဦးစကားအဆုံးတွင် ကိုအောင်မိုးကိုယ်တိုင်လည်း ပင်လယ်ပြင်ကို လှမ်းမျှော်ကြည့်လိုက်သည်။ ဇင်ယော်သည် ပြင်ပရေကြောင်းပေါ်တွင် ကျကျနန ဝင်၍ မြင်းတစ်ကောင် အသားကျသွားသလိုသွားနေ၏။ နိုးဘုတ်ကမူ ၆–မိုင်ခန့်ဝေးသော အရပ်မှ ဆွင်တန်ကျွန်းစုကလေးများဘက်သို့ ဦးတည် ခြွတ်သန်းနေလေသည်။

လေကား အနောက်ဖက်မှ ခပ်ပြင်းပြင်း ဝင်လာသဖြင့် ဇင်ယော်ဘယ်ဘက်ခြမ်းမှာ တစ်ချက်တစ်ချက်တွင် တိမ်းမလို ယိမ်းမလို ဖြစ်နေ၏။ အနောက်စက်ဝန်း၏ မှုန်းယိမ်းနေရာလောက်တွင်ကား တစ်မိုင်ဝန်းကျင်ခန့်ရှိသော မိုးတိမ်များသည် စက်ယန္တရားတပ်ဆင်ထားသလို တရိပ်ရိပ်ပြေးနေကြလေသည်။ ဤသည်မှာ ပင်လယ်ပြင်တွင် မိုးသက်လေဆင်မည့် နိမိတ်၊ သို့မဟုတ် လေပြင်းတစ်ချက်ဝင်မည့် လက္ခဏာပင်တည်း။

သို့သော် အလွန်အမင်း စိုးရိမ်စရာမရှိဟု သူတို့အားလုံးက ယူဆကြ၏။ အကြောင်းမူ ယခုမြင်နေရသည့် လက္ခဏာသည် မုန်တိုင်းဝင်မည့် လက္ခဏာမဟုတ်၊ ပင်လယ်ပြင်တွင် တစ်ခါတရံ ဖြစ်တတ်သည့် မိုးသက်လေ၏ အတိတ်နိမိတ်သာ ဖြစ်သည်ဟု ယူဆကြသောကြောင့် ဖြစ်၏။ သို့ကြောင့်လည်း ကိုအောင်မိုးသည် နိုးဘုတ်ကို စောင့်ဆိုင်းကြည့်နေရာမှ အနောက်ပင်လယ်တွင် ဒီးလုံးကြီးတွေ လိမ့်သလို လိမ့်လာနေသော လှိုင်းခေါင်းဖြူကြီးများကို ကြည့်ရင်း ... ။

''အဲ့ဒါ အခုတလော ဘိတ်ပင်လယ်မှာ ရေငုတ်သဘော်ပေါ်တယ်လို့ ကောလဟာလတွေ ဖြစ်နေတယ်ဗျ၊ တကယ်တော့ ဟောဟိုမှာ မြင်နေရတဲ့လှိုင်းလုံးကြီးတွေဟာ ဒီးစုံ့ပွင့်ပြီးပေါ်လာတဲ့ သဘော်ကြီးတွေနဲ့ မတူဘူးလား''

ကိုအောင်မိုးက မဆီမဆိုင် အမှတ်ရဟန်ဖြင့် ရေငုတ်သဘော်အကြောင်း စကား,စလိုက်သည်။ အမှန်တော့ ရေငုတ်သဘော်ကောလဟာလမှာ ထိုစဉ်က တကယ့်ပျံ့နှံ့ပြောဆိုနေသော စကားဖြစ်၏။ ဟုတ်,မဟုတ်ကား မည်သူမှ မပြောနိုင်။

---

“ နှစ်မိနစ် ×× သုံးမိနစ် ×× ငါးမိနစ်ကြာအောင် အသက်ပင် မရှူနိုင်ကြ။
လား ×× လား ×× ရှမ်းပဒူးခေါ် ပလာတူးငါးများ၊
အလွန်များပြားလှသည့် ငါးအုပ်ကြီးများ ××× ”

---

"တဲ ... တဲ ... ခုနေများ ကျွန်တော်တို့ ရေဝှတ်သင်္ဘောနဲ့ တွေ့ရင် ဘာလုပ်ကြမလဲ"

တစ်ခါဘူးမှ မတည်မငြိမ်မပြောဘူးသော ဦးကုလားကလည်း ဇင်ယော်ကို ကျင်လည်စွာ ပဲ့ပြင်ရင်း ခပ်နောက်နောက် မေးလိုက်သည်။ သည်တွင် ကိုလှဦးက ဇင်ယော်တစ်ချက် ယိမ်းလိုက်သဖြင့် အနီးရှိ တန်းပွဲစွန်းကို လှမ်းကိုင်ရင်း ...

"ဘာလုပ်ရမလဲ ဦးကုလား။ ခုလို ပြင်ပရေကြောင်းမှာဆိုရင်တော့ ဇဟုသုတအဖြစ် ကြည့်ရတာပေါ့။ တဲ ... တဲ ကျွန်တော်တို့ ရေပြင်မှာဆိုရင်တော့ ဇင်ယော်က ဘယ်ညွှာလိမ့်လဲဗျာ၊ မှင်ဇာနဲ့ ချိန်ပြီး ဖမ်းလိုက်မှာပေါ့။ ဟီး ... ဟီး ..."

ကိုလှဦးက သူ့ဟာသူပြောရင်း တသောသော ရယ်ချလိုက်သည်။ သူပြောလိုက်သည့် မှင်ဇာ ဆိုသည်မှာ ဇင်ယော်အဖွဲ့သားများကိုင်သည့် မော်ဇာရိုင်ဖယ်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုစဉ် စက်ခန်းမှ အချက်ပေးသံပေါ်လာသဖြင့် ကိုလှဦးတို့ ရေဝှတ်သင်္ဘောကောလဟာလမှာ လေထဲတွင် ရုတ်တရက် ပျောက်ကွယ်သွားပြီး ကိုအောင်မိုးတို့၏ အချိအချစကားပြောသံများကသာ လွှမ်းမိုးသွားပြန်သည်။ စက်အခြေအနေကောင်းကြောင်း၊ သို့သော် သင်္ဘောလူးလှသဖြင့် စက်ခန်းရှိ ရဲဘော်များ မူးနောက်နောက်ဖြစ်နေကြောင်း၊ အထူးသဖြင့် ဆီလောင်းကာလူးမှာ ခေါင်းမူးသဖြင့် အနားပေးထားရကြောင်းဖြင့် စက်ခန်းအုပ်ကိုမြကြ သတင်းပို့လာလေသည်။

မှန်ပါသည်။ ကိုအောင်မိုးစကားပြောလိုက်အဖုံးကို ပိတ်၍ ခေါင်းမော့လိုက်သည်နှင့် လေသည် တေတေကထက် သိသိသာသာကြီး ပြင်းထန်လာသည်ကို တွေ့ရ၏။ မကြာပါ၊ ဖျောင်းဖျောင်း ဟူသော မိုးပေါက်သံများက ကောင်းကင်မှ စက်သေနတ် ပစ်ခတ်သံလို ပြင်းထန်စွာ ပေါ်လာပြီးနောက် ပင့်လယ် ပြင်သည် လေရော၊မိုးပါ ဆင်၍ ရပ်ရှစ်ခွင်၊တစ်ခုလုံး မှောင်ကြီးကိုးပါး ကျသွားလေသည်။

"ဆရာရေ၊ ကျွန်တော်တို့ ဘုတ်ကိုမမြင်ရတော့ဘူး။ စက်ဖွင့်မှ ဖြစ်မယ်ထင်တယ်"

ကိုလှဦးက မှန်ပြောင်းနှင့် ကြည့်နေရာမှ ရုတ်တရက် လှမ်းအော်လိုက်သည်။ ဇင်ယော်ဦးပိုင်း တွင်လည်း ဦးဆန်းမောင်တို့လူစုမှာ လေ၊မိုးအဟ်ကြောင့် လှုပ်ရှားပြေးလွှားနေကြ၏။ သူတို့ ပြေးလွှား မှုကြောင့် ဇင်ယော်သည် တစ်ချက်တစ်ချက်တွင် ကြောက်ဖွယ်ကောင်းအောင် တိမ်းစောင်းသွား လေသည်။

"ဗျို့ ဦးဆန်းမောင်၊ ခင်များ ရဲဘော်တွေကို ထိန်းထားပါ။ နှစ်ယောက်ကို ခန်းမထဲ လွှတ်ပြီး၊ အသက်ကယ်အင်္ကျီနဲ့ မိုးကာတွေ ယူခိုင်း၊ ကင်းကို မဖြုတ်နဲ့"

ကိုအောင်မိုးက ပဲ့စင်ထက်မှ ဦးဆန်းမောင်တို့ လူစုကို လှမ်းအော်လိုက်သည်။ တချိန်တည်းတွင် တာကျိုးသလို ဒလဟော ဝင်လာသော လေ၊မိုးအဟ်ကြောင့် မှန်ပြူးတင်းကို အတင်းလှ၍ ပိတ်လိုက်ရ သည်။ သည့်တိုင် သူတို့အားလုံးမှာ ရွဲရွဲစိုကုန်၏။ လေကတိုက်၊ မိုးကရွာ၊ လူများက လှုပ်ရှားနေသဖြင့် ဇင်ယော်တစ်စင်းလုံးမှာ အလွန် စိုးရိမ်ဘွယ်ရာဖြစ်နေ၏။

"ကဲ...စက်ဖွင့်မှဘဲ ထင်တယ် ကိုလှဦး။ ကျွန်တော်တို့ ဆွဲတန်ကျွန်းစုတွေဘက်ပဲ ဦးတည်သွား ကြတာပေါ့၊ ဘယ့်နှယ်လဲ ဦးကုလား"

"ဒီတစ်လမ်းဘဲ ရှိတာဘဲ၊ လေက ကျွန်တော်တို့ ထင်တာထက် ပြင်းတယ်ဆရာ"

"အဲဖြင့်လဲ ဦးကုလား စက်ဖွင့်ဗျာ"

အချိန်မှာ စက္ကန့်ပိုင်းသာ ကြာ၏။ ဦးဆန်းမောင်တို့ ကုန်းပတ်ကင်းကိုလည်း ကြည့်၍ မမြင်

ရတော့။ စင်စစ် ကုန်းပတ်ကိုသာ မဟုတ်၊ ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် လုံးလုံး မမြင်နိုင်တော့၊ သို့သော် လှိုင်းသံ,လေသံများကား ရေမစက်ရုံကြီးတစ်ခုလို အဏ္ဏဝါတပြင်လုံးမှာ ပွက်ပွက်ညံနေ၏။ ပြီးတော့ လေလှိုင်းများနှင့်အတူ မြူးကြွလာသော ငါးသံများကလည်း ဆူညံလှ၏။ တဝေါဝေါ မြည်ဟီးလာသော လှိုင်းသံများနောက်မှ ဝုန်းကနဲ ဝုန်းကနဲ ထဟတ် လိုက်သောငါးကြီးများ၏အသံ။ တဝီဝီ မြည်လာသော လေတိုက်သံနှင့်အတူ ရှူးကနဲ ရှူးကနဲ မြည်ဟီးတက်လာသော လင်းရှူးများ၏အသံ။ ပြီးတော့ **ဇင်ယော်**ကိုပင် တခုံးခုံး ဝင်တိုက်ကာ မြူးကြွနေကြသော ငါးပေါင်းစုံတို့၏ ခုန်ပျံ တိုးဝှေ့သံများ။

သို့သော် **ဇင်ယော်**ကား စက်အရှိန်တင်လိုက်ပြီးဖြစ်၍ ဧောဧောကလောက် **အခြေအနေ** မဆိုး တော့။ လေအား၊ လှိုင်းအားကို စက်အားဖြင့် ခံတင်းလိုက်ခြင်းပင်တည်း။ သို့ကြောင့်လည်း **ဇင်ယော်** သည် ဆွင်တန်ကျွန်းစုကလေးများရှိရာသို့ နာရီဝက်ခန့်အတွင်းပင် ရောက်ရှိခဲ့လေသည်။

လေကမူ မစဲသေး။ မိုးကလည်း မရပ်သေး။ ပို၍ ဆိုးသည်က အမှောင်အောက်တွင် နီးဘုတ် ပျောက်နေခြင်းပင်ဖြစ်၏။ **ကိုအောင်မိုး**သည် အမှောင်ထုကို ထွင်းဖေါက်၍ နီးဘုတ်ကိုရှာ၏။ မဲမဲ ရိပ်ရိပ် ဆို၍ ပွစာကြဲနေသော ကျွန်းစုကလေးများကိုသာ ဟိုမှာ သည်မှာ တွေ့နေရ၏။ ထိုစဉ် **ကိုအောင်မိုး** နှင့်အတူ ရပ်၍ ကြည့်နေသော **ကိုလှဦး**က **ဇင်ယော်**နှင့် ကိုက် ၁၀၀-ခန့်တွင် မဲမဲရိပ်ရိပ် သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသဖြင့် ...

''ဆရာ ဟိုမှာ နီးဘုတ် မှတ်ဖူးလားဆရာ ...၊ ဗျို့ ဦးကုလား ဒီမှာဗျ၊ နီးဘုတ် ''ဟု ဆိုလိုက်သဖြင့် အားလုံးမှာ ဘာလုပ်ရမှန်းမသိဘဲ တန့်ကနဲ ရပ်သွားကြသည်။ **ဦးကုလား**ကလည်း ရုတ်တရက် စက်ကိုရပ်ပြီး မီးမောင်းကို ဖွင့်ချလိုက်သည်။ ထိုအခါ ဝေါကနဲ ပြိုဆင်းလာသော လှိုင်းလုံးကြီးများနှင့် တသောသော တိုက်လိုက်သော လေပြင်းတို့ကြောင့် **ဇင်ယော်**မှာ ဖော့တုံးကလေးတစ်ခုကဲ့သို့ တစ်ဖက် သို့ လိမ့်မသွားရုံတမယ် ဝရုန်းသုန်းကားဖြစ်သွားလေသည်။

သို့သော် မဲမဲသဏ္ဌာန်ကား အလှုပ်ရှားမပျက်၊ လှိုင်းလေအရှိန်ဖြင့် တသိမ့်သိမ့် အသွားမပျက်။ နောက်ဆုံး မီးမောင်းနှင့်ထိုးပြီး မှန်ပြောင်းဖြင့် အသေအချာ ကြည့်သည်အခါတွင်မှ မဲမဲသဏ္ဌာန်သည် နီးဘုတ်လည်းမဟုတ်၊ တန်ကေးလည်းမဟုတ်ပါလား။

''ဗိုး ... တောနက်ထဲမှာသာဆိုရင်၊ ဒါဟာ တောခြောက်တယ်လို့ ဆိုရမှာဘဲဗျ၊ အင်းလေ ပင်လယ်မှာဆိုတော့လဲ ဒါဟာ ပင်လယ်ခြောက်တာဘဲပေ့။ အင်း ... ကြီးလိုက်တဲ့ ငါးဗျာ၊ တစ်ခါမှ မမြင်ဘူးဘူး''

**ကိုအောင်မိုး**က မှန်ပြောင်းကို **ကိုလှဦး**လက်သို့ ကမ်းပေးလိုက်သည်။ ပုံ့ချိတ်မော်တော် နီးပါး လောက်ရှိသော လင်းရှူးငါးကြီး၊ တစ်ကောင်မဟုတ် ဗို့မ နှစ်ကောင် ယှဉ်၍ လှိုင်းစီးနေကြခြင်းပင်တည်း။ တကယ်တော့ သူတို့သာ လှိုင်းစီးနေနိုင်အား၏။ **ဇင်ယော်**ကား ဖွန်းသဖွယ် လန်လုမတတ် ဖြစ်နေသည်။ လူများကား စကောထဲမှ ငါးမြူသီး ပုံပမာတည်း။

စက်ကိုပြန်ဖွင့်၏။ ထူး၍ မသက်သာ၊ ပြန့်ကျဲနေသော ကျွန်တွေကြားမှာ နီးဘုတ်ကိုလည်း မရှာသာ။

''ဆရာရေ့ ... လေက ပိုပြင်းလာတယ်၊ ကျွန်းတစ်ကျွန်းကိုတော့ ဝင်ခိုမှ ဖြစ်မယ်ထင်တယ်''

အလွန်တည်ငြိမ်အေးချမ်းသော **ဦးကုလား**၏ အသံဖြစ်၏။ သူ့စကားကို လွန်ဆန်နိုင်ဘို့ မရှိ၊ အကြောင်းကမူ သူ့မျက်နှာက ပြအီးတိုင်လို စိုးရိမ်ရေမှတ်သို့ ရောက်နေသောကြောင့် ဖြစ်၏။

"ကဲ ... ကိုလှဦး၊ အနီးဆုံးနဲ့ အနေအထားအကောင်းဆုံး ကျွန်းတစ်ကျွန်းကိုရွေး၊ ကျွန်တော့် အထင်တော့ ညာဘက်အလည့်တည့်တည့်က ဟို ... ကျွန်းကြီးနောက်ကို ဝင်ခိုရင်ကောင်းမယ် ထင်တာဘဲ "

**ကိုအောင်မိုး**ကပြောရင်း အနီးရှိစားပွဲကို လှမ်းဆွဲလိုက်၏။ ပြီးတော့ **ဇင်ယော်**က,တစ်ဖက်သို့ စောင်းသွားပြန်သဖြင့် ခြေတစ်ဖက်က လှမ်း၍ ထိန်းလိုက်ရပြန်သည်။ လူအားလုံးမှာ ဘယ်သူမှ အငြိမ် မနေနိုင်၊ စောင်းလိုက်၊ ပြန်လိုက်၊ နိမ့်လိုက်၊ မြင့်လိုက်၊ မိုးနှင့်လေကလည်း တသောသော လုပ်နေရာမှ ဖြူးဆို ဝေါကနဲ့ ဝေါကနဲ့ ရှာချလိုက်။

သည်ကြားထဲက **ကိုအောင်မိုး**သည် ကုန်းပတ်ပေါ်သို့ ဆင်းခဲ့၏။ သနားဘွယ်ကောင်းလှသော **ဦးဆန်းမောင်**တို့လူစုမှာ မိုးရေထဲတွင် ပြားပြားဝပ်နေကြရ၏။ မဝပ်၍ မဖြစ်၊ **ဇင်ယော်**ကုန်းပတ်ပေါ်သို့ လွှား၍ လွှား၍ တက်လာသော လှိုင်းလုံးကြီးများကို ပြားပြားဝပ်ပြီးရှောင်နိုင်မှ၊ မဟုတ်လျှင် လှိုင်းရိုက်၍ ပင်လယ်မှာ အသက်ပျောက်ရလိမ့်မည်။

"ဗျို့ ... ဦးဆန်းမောင် "

**ကိုအောင်မိုး**က ပဲ့ဝင်ခြေရင်းတွင်ရပ်၍ **ဦးဆန်းမောင်**တို့လူစုကို လှမ်းခေါ်လိုက်၏။ ထိုစဉ် **ဇင်ယော်**ညာဘက်မှ လှိုင်းတစ်လုံးက ဝင်လာသဖြင့် အနီးရှိ လေခေါင်းတိုင်ကြီးကို ကိုင်၍ ထိုင်ချလိုက်ရသည်။ ပြီး ချက်ချင်း ပြန်ထ၍ **ဦးဆန်းမောင်**တို့ထံ လျှောက်သွားရင်း ...

"ဗျို့ ... ဦးဆန်းမောင်၊ ခင်ဗျား လူတွေကော"

"အာစရိ ... ကျွန်တော်တို့ သုံးယောက်ထဲ ကင်းယူနေတယ်၊ ကျန်တဲ့လူတွေ နောက်ကို ပို့ထားတယ် "

**ဦးဆန်းမောင်**က ပြန်ပြောရင်း ဒုတိယအကြိမ် လှိုင်းလုံး ဝင်လာပြန်သဖြင့် ပြိုင်တူဝပ်ချလိုက်ကြရပြန်သည်။ နောက် ကြည့်လိုက်တော့ **ဦးဆန်းမောင်**၊ **ကိုတင်မြင့်**နှင့် ဘပုတို့သုံးယောက်မှာ ကျောက်ဆူးပုံကြားတွင် အသက်ကယ်အင်္ကျီကိုယ်စီတွင် မိုးကာအင်္ကျီများခြုံ၍ ဆင်းရဲလှစွာ ကင်းတာဝန်ယူနေကြရသည်ကို တွေ့ရှိရလေသည်။

**ကိုအောင်မိုး**မှာ သူတို့ကို ကြည့်ရင်း၊ သူ့ရဲဘော်များ၏ ပင်ပန်းဆင်းရဲမှုကို စာနာလိုက်မိသည်။ အထူးသဖြင့် 'ဒီလိုဆိုတော့လဲ ဘပုက ဖွဲ့ရှိသားဘဲ'ဟု ဘပုကို ကြိတ်၍ ချီးကျူးမိသည်။ တဆက်တည်းတွင် သူ့အချစ်ဦး**သက်**,ကိုလည်း ပြေး၍ အမှတ်ရလိုက်မိ၏။ ရင်မှ ဖြစ်ရသော အချစ်သည် အသက်အန္တရယ်ကြားမှာပင် မေ့ပျောက်နိုင်စွမ်းမရှိပါတကား ...

မှန်ပါသည်။ အနီးဆုံးကျွန်းကို ဝင်ခိုရန် ပြေးဝင်လာသော **ဇင်ယော်**မှာ ယခုမှ,ပို၍ အခြေအနေဆိုးနေရပြန်ပါသည်။ လေပြင်းခါနီး၍ ပိုမို ပြင်းထန်လာခြင်းလား။ သို့မဟုတ် ပွစာကျဲနေသော ကျွန်းစုများ၏ ရောင်ပြန်ဟပ်မှုကြောင့် လေရော ရေပါ ပိုမို ကြမ်းတမ်းလာခြင်းလား၊ မည်သူမှ တပ်အပ် ပြောနိုင်မည် မဟုတ်၊ သို့သော် **ဇင်ယော်**ကား ဖက်ရွက်ကလေးတစ်ခုကဲ့သို့ လှိုင်းလေအောက်မှာ ဒီးရုံ့ပြားလူး ဖြစ်နေလေသည်။

၂–မိနစ်၊ ၃–မိနစ်၊ ၄–မိနစ်၊ **ဇင်ယော်**သည် ဖျံတစ်ကောင် ဝပ်တွားနေဟန်ရှိသော ကျွန်းကြီးကို ဦးတည်၍ ကျွန်းငယ်ကလေးသုံးခုကို ညာတွင်ထားကာ သတိကြီးစွာဖြင့် ဖြတ်၍ မောင်းလာသည်။ ကျွန်းကြီးရှေ့သို့ရောက်လာ၏။ ကျွန်းရိုပ်များကြောင့် ပို၍ ပို၍မှောင်လာ၏။ လေကလည်း ပြင်းထန်လှရာ

ဦးပိုင်းကုန်းပတ်ပေါ်ရောက်နေသော **ကိုအောင်မိုး**တို့မှာ မတ်တတ်ပင် ရပ်၍ မနေနိုင်၊ ရင်ကိုမ၍ ကျွန်းကို မြန်မြန်ရောက်ပါစေဟုပင် ဆုတောင်းလာရသည်အထိ မိုး,မမြင်၊ လေ,မမြင်ဖြင့် မှောင်ကြီးမဲမဲတွင် အကြီးအကျယ် ဒုက္ခတွေ့နေကြရလေသည်။

ထိုစဉ် ကျွန်းငယ်သုံးခုနှင့် ကျွန်းကြီးရှေ့ အလည်တည့်တည့်လောက်ရောက်သည့်နှင့် မြို့ဆို ပင်လယ်တစ်ခုလုံး ဝင်းထိန်သွားသည်ကို အံ့ဩကြီးစွာ တွေ့လိုက်ကြရသည်။ တချိန်တည်းတွင် ပဲ့စင် မြှုတင်းကို တဒုံးဒုံးထုသံနှင့်အတူ တံခါးပွင့်လာပြီး ...

''ဆရာရေ ဗျို့ ဆရာဦးအောင်မိုး ... ရှေ့မှာ ဘာကောင်တွေ မသိဘူးမြန်မြန်တက်ခဲ့ပါ။ မြန်မြန်''

**ကိုလှဦး**အသံက ငယ်သံပါနေသလားဟုပင် ထင်ရ၏။ **ကိုအောင်မိုး**လည်း ဘာလုပ်ရမှန်း မသိ ''ဗျို့ ဦးဆန်းမောင် ခင်ဗျားတို့နောက်ကို ဆုတ်ပြီး နေရာယူထားပါ။ ကျွန်တော် မပြောမချင်း ဘာမှ မလုပ်ပါနဲ့''ဟု အော်ပြောပြီး လှိုင်းလေများကြားမှာပင် ခက်ခဲစွာဖြင့် ပဲ့စင်ပေါ်သို့ တွယ်ကပ်၍ တက်လာ ရသည်။

ကြည့်လိုက်တော့ ကိုက်သုံးရာခန့်ရှိ ပင်လယ်တစ်ပြင်လုံးမှာ အောက်လင်းဓါတ်မီး သုံးရာလောက် ထွန်းညှိထားသလို ထိန်ထိန်ညီးနေ၏။ မီးရောင်စုံထွန်းထားသော ရေယာဉ်ကြီးပင် ဖြစ်ရမည်၊ တစ်စင်းမက နှစ်စင်း၊ သုံးစင်း။

''ဆရာ ... ဘာတွေလဲ ဆရာရေ့ ဦးကုလား လုပ်ပါအုံးဗျ၊ ဘာတွေလဲ ''

**ကိုလှဦး**က ယောင်ကန်းကန်းဖြင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ၏။ လေနှင့် လှိုင်းကလည်း ပြင်းထန်ဆဲဖြစ်၍ အနားကပ်နေရက်နှင့် တစ်ယောက်ကိုတစ်ယောက် တအား အော်ပြောနေကြရ၏။ မီးရောင်စုံများကား ပတ်ဝန်းကျင်တစ်ခုလုံးကို ရောင်ပြန်ဟပ်၍ **ဇင်ယော်**သင်္ဘောရှေ့တွင် မားမား ရပ်နေဆဲ။

''ဗျို့ ... ဦးကုလား စက်မြန်မြန်ရပ်၊ မီးတွေဖွင့် ကိုလှဦး ဗျို့ ... ကိုလှဦး အဖွဲ့သားတွေ အားလုံး စတင်းဘိုင်လုပ် ဘဲလပ်တီး''

**ကိုအောင်မိုး** စကားဆုံးသည်နှင့် **ဇင်ယော်**စက်ကိုရပ်၊ မီးအားလုံးကိုဖွင့်ပြီး အလန့်ဘဲလ် အသံများကလည်း ဆူညံသွားရကား အတော်ပင် ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ သို့သော် မီးရောင်စုံတန်း ကြီးများကား မရွေ့လျားဘဲ ရှေ့မှာ ပိတ်ဆို့ဆဲ ... ။

မီးရောင်အောက်မှာ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြရ၏၊ အသက်ကိုပင် မရှူနိုင်ကြ၊ ဘာတွေလဲ ဘာကောင်တွေလဲ၊ သူတို့ ပြောနေကြတဲ့ ရေဂုတ်သင်္ဘောဆိုတာများလားဖြင့် ရင်ကို မ,၍ ကြည့်နေဆဲ၊ မီးရောင်တန်းကြီးများသည် **ဇင်ယော်**ရှိရာသို့ အိ၍ အိ၍ ဆင်းလာနေကြသည်။ ကိုက် ငါးဆယ်၊ ကိုက်အစိတ်၊ ကိုက်နှစ်ဆယ်၊ ဆယ်ကိုက်၊ နောက်ဆုံးတွင်မှ ဒိုး ... ဒိုး ... ဒိုး ... ဒိုး မြည်သံ များကိုကြားရပြီး **ဇင်ယော်**သည် ရှေ့နောက် ပြောင်းပြန်လူးလိမ့်ကာ သွက်သွက် ခါသွားလေသည်။

နှစ်မိနစ်၊ သုံးမိနစ်၊ ငါးမိနစ်ခန့် ကြာအောင်ပင် အားလုံး အသက်မရှူနိုင်အောင် ရင်ကို မ,ထား ကြရ၏။ လား ... လား .. **ကိုအောင်မိုး**တို့အဖွဲ့သားများ တစ်ဦးတစ်ယောက်မျှ မကြုံဘူးသော ဖြစ်ရပ် ပါတကား။ ငါးမိုးသမားများ အလွန်မက်မောကြသည့် ရှမ်းပဒူး ခေါ် ပလားတူးငါးများ၊ နိုင်ငံခြား တိုင်းပြည်များက အလွန်မက်မောလောက်အောင် အလွန် များပြား ပေါ်ကြွယ်လှသည့် ငါးအုပ်ကြီးများ။

ထိုငါးများကား လမိုက်ရက်များမှ ထူးထူးခြားခြား အတွေ့ရများ၏။ အခုလို ပင်လယ်လေ စ,၍

ရေကြွလာသည့်အခါမှ အုပ်နှင့်ရှိ၍ အစာရှာထွက်ကြ၏၊ ဖြတ်သန်းကူးလူးကြ၏။ ယခု ပလာတူးငါးအုပ်ကြီးသည် လမ်းဗိုဘက်မှ ဆင်းကာ ဆွင်တန်ကျွန်းစုများကြားတွင် အစာရှာရင်း လေလှိုင်းခိုရင်းဖြင့် ဇင်ယော်နှင့် အခုလို တွေ့ရခြင်းပင်တကား။

"အမလေး သဘော်တောင် မှောက်သွားမယ် ထင်ရတယ်ကြီးလိုက်တဲ့ ငါးအုပ်ကြီး ဆရာရယ်"

ကိုလှဦးက ရင်သပ်ရှုမောဖြင့် ပြောချလိုက်သည်။ဦးကုလားကမူ မီးများကို ပြန်ပိတ်ပြီး ဇင်ယော်ကို စက်ရှိန်တင်လိုက်ရင်း ...

"အီး ... ကျွန်တော်ကတော့ ဆရာပြောတဲ့ ရေဘူတ်သဘော်တဲ ဖြစ်ရမယ်လို့ တွက်လိုက်တာဗျ" ဟု ပြောရင်း သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ ကိုအောင်မိုးကမူ တစ်လုံးတပါဒမျှ မပြောဘဲ စကားပြောပိုက်ကို ဖွင့်၍ စက်ခန်းနှင့်သာ ဆက်သွယ်နေလေသည်။

သူစက်ခန်းနှင့် ပြောဆိုပြီး၍ နာရီကို ကြည့်လိုက်သည့်အခါတွင်ကား နံနက် ၂-နာရီနီးပါးပင် ရှိချေပြီ။ မိုးနှင့်လေကား အခုထိ တသောသော သွန်တုန်း။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း အမှောင်ထုကို စမ်းယူနိုင်လောက်အောင်ပင် မဲမဲမှောင်တုန်း။ သို့သော် လေရှိန်ကား စောစောကထက် အနည်းငယ် လျော့သွားသည်ဟု ထင်ရ၏။

ဇင်ယော်သည် ထိုအခွင့်ကောင်းကိုယူ၍ နေရာမှ တအိအိချင်းထ,လာခဲ့သည်။ ညှို့နစ်နေသော လှည်းတစ်စီးကဲ့သို့ ရုန်းဟယ်၊ ကန်ဟယ်ဖြင့် တလွန့်လွန့်လူး၍ ထ,လာရခြင်းမျိုး။ သို့သော် ကျွန်းရိပ်ကို ခိုရပြီမို့ နာရီဝက်ခန့်အတွင်းမှာပင် ကိုအောင်မိုးတို့သည် ဆွင်တန်ကျွန်းစုများကြားရှိ ကျွန်းကြီး တစ်ကျွန်း၏ အနောက်ဖက်ခြမ်းသို့ လုံခြုံစွာပင် ရောက်ရှိလာခဲ့ကြလေသည်။

"ကဲ ... ဆရာရေ့ အချိန်ရသခိုက် ကျွန်တော်တို့ နားလိုက်ကြအုံးမှ"

အသက်အတန်ငယ်ရပြီးမို့ စိတ်ပန်း လူပန်း ဖြစ်ဟန်ရှိသော ဦးကုလားက ဇင်ယော်ကို နေရာချပြီးသည်နှင့် ကိုအောင်မိုးကို လှမ်းပြောလိုက်သည်။ ပြီးတော့ ဇင်ယော်နံရံကြားတွင် ညှပ်ထားသော သွားဆေးပြင်းလိပ်တိုကို ယူ၍ အားပါးတရ မီးညှိဖွာရှိုက်လိုက်သည်။

"အင်း ... နားရုံတင်မကဘူး ဦးကုလားရေ၊ ကော်ဖီပူပူလေးပါ သောက်ကြရအောင်၊ ကဲ... ကိုလှဦး ခင်ဗျားရဲဘော်တွေနဲ့ ကြည့်စီစဉ်ပေးပါဗျာ၊ ဒါနဲ့ ခိုးဘုတ်ကတော့ မျက်ခြည်ပြတ်သွားဘီ အောက်မေ့တယ်"

ကိုအောင်မိုးကလည်း အခုမှ ပေါ့ပါးသွားဟန်ဖြင့် တကိုယ်လုံး ရွှဲနေသော သူ့ဂျက်ကင်အင်္ကျီကိုချွတ်ရင်း။ ဦးကုလားကို မေးပြော,ပြောလိုက်သည်။ ထိုစဉ် ဦးဆန်းမောင်တို့အဖွဲ့လည်း ရေစိုစက်လက်ဖြင့် ကုန်းပတ်ပေါ်သို့ တက်လာကြ၏။

"ရုတ်တရက်တော့ မျက်ခြည်ပြတ်သွားတာပေါ့ ဆရာရယ်၊ သို့ပေမယ့် ခိုးဘုတ်လဲ ခံနိုင်ရိုးလား၊ ဒီကောင်လဲ ဒီကျွန်းစုတွေ နားမှာဘဲ ခိုနေမှာ သေချာပါတယ်"

"အေးဗျာ အခြေအနေအရဘဲပေါ့၊ ဒါနဲ့ ဦးဆန်းမောင်တို့အဖွဲ့လဲ အားလုံး အဆင်ပြေတယ် မှတ်လား၊ ကဲ ..... ဒါဖြင့် အဝတ်အစားလဲပြီး ကော်ဖီပူပူသောက်ကြရအောင်ဗျာ၊ ကျွန်တော်လဲ အခန်းကို ခဏ သွားလိုက်အုံးမယ်"

ကိုအောင်မိုးနှင့် အားလုံး အဝတ်အစား သွားလဲကြပြီး ပဲ့စင်ထက်သို့ ပြန်စုကြသည်။ ပြီးတော့ တာဝန်ကျ ဇင်ယော်တစ်ဖွဲ့သားလုံး ကော်ဖီပူပူသောက်ကြချိန်မှာ နံနက် အာရုဏ်ဦး ၃-နာရီခန့်ပင်ရှိပြီ။

လေမှာလည်း အတော်ငြိမ်၍ အနောက်စက်ဝန်းတွင် ပြာပြာလင်းလာပြီ။ ခဏအတွင်းမှာပင် မိုးသား တစ်သိုက်ကို ရီလေးမိုနေသော လဆုပ်ပက္ခ၏ လထက်ခြမ်းလေးကိုလည်း မြင်လာရလေသည်။

လောကတွင် အချစ်သည် မရေရာ၊ မသေချာဆုံးသော အရာဖြစ်သည်ဟု ဆိုကြ၏။ စင်စစ် အချစ်နှင့်စာလျှင် အဏ္ဏဝါသည်သာ မရေရာဆုံး၊ မသေချာဆုံး။ ပရိယာယ်များ၍ ရုတ်ခြည်း အပြောင်းလဲ အမြန်ဆုံး။ ကြည့်ပါ၊ ဆည်းရောချိန်တုန်းက အဏ္ဏဝါသည် ဖွံ့ထွား ရင့်ကျက်လှသော အပျိုမ၏ အလှမြင့် ညွတ်မူးအောင် လှခဲ့ရာမှ ကြောက်ဖွယ်ကောင်းသောအသွင်သို့ ရုတ်ခြည်းပင် ပြောင်းလဲခဲ့သည်။ ခုတော့လည်း ဝတ်ရုံလွှာပါးဖြင့် လဲလျောင်းနေသော အပျိုစင်တစ်ဦးလိုပင် ထူးခြားစွာ အသုံးတော်ခံ နေပြန်လေပြီ။

ကိုအောင်မိုးတို့သည် အနွေးထည်ကိုယ်စီဖြင့် ညဝတ်လွှာကို ဖေါက်ထွင်းပြီး လမင်း၏ တစ်စွန်း တစ်စ အလှကို ကြည့်ရှုငေးမောနေမိကြသည်။ ပြီးတော့ အဏ္ဏဝါ၏ တစ်ညတာ အတွေ့အကြုံကိုလည်း သူတစ်ပေါက် ငါတစ်ပေါက်ဖြင့် ပြောဆိုဖြစ်ကြသည်။

သို့သော် မကြာလှပါ။ ဝတ်ရုံပါးဖြင့် လဲလျောင်းနေသော အဏ္ဏဝါမှာ ရှက်သွေးဖြာ၍ နီးထ လာသည်နှင့် ဇင်ယော်သည်လည်း ဆွင်တန်ကျွန်းစုများကိုပတ်ပြီး လာလမ်းကို ဦးတည်၍ ထွက်ခဲ့ပြန် သည်။ ကျွန်းစုကလေးများကား မဲမဲရိပ်ရိပ်ဖြင့် အိပ်မောကျတုန်း။ နှင်းမိုး နှင်းငွေ့များကလည်း အခုမှ အတိုးချကာ ကျကောင်းတုန်း။

သည်တော့လည်း ဇင်ယော်မှာ အခက်တစ်မျိုးနှင့် ကြုံရပြန်လေပြီ၊ တခြားမဟုတ်ပါ၊ နှင်းတွေ ဝိတ်နေသည့်ကြားမှ ကျွန်းဘုစုခရုများကို ရှောင်ကွင်းပြီး သွားရသည့် အန္တရာယ်ပင် ဖြစ်ပါသည်။ သို့သော် မုဆိုးတစ်ယောက်အဖို့ ဝိရိယသည် အရေးပါသကဲ့သို့ နိုးဘုတ်နောက်လိုက်သည့် ကိုအောင်မိုးတို့ မှာလည်း ဝိရိယမရှိ၍ မဖြစ်ချေ။ အခုပင် နိုးဘုတ်သည် ကျွန်းတစ်ကျွန်းအနားမှာ ငါးဝင်ဖမ်းကောင်း ဖမ်းနေပေလိမ့်မည်။

သို့ကြောင့်လည်း သူတို့သည် ဆွင်တန်ကျွန်းစုများကို လက်ဝဲရစ်ပတ်၍ စခန်းသို့ ပြန်ရင်း နိုးဘုတ်ကို အရှာထွက်ခဲ့ရပြန်ခြင်း ဖြစ်ပေသည်။ လေမှာ သိသိသာသာ ရုတ်သိမ်းသွားလေပြီ။ မိုးက လည်း လေနှင့်အတူ ဆုတ်ခွာသွားပါပြီ။ သို့သော် နှင်းများက ဝိတ်နေသဖြင့် ကိုအောင်မိုးတို့မှာ ဇင်ယော်ကို တတ်နိုင်သမျှ အရှိန်လျော့ပြီး ကျွန်းသုံးပွင့်ဆိုင်တစ်ခုကို ဘယ်တွင်ထားကာ စမ်းတဝါးဝါးနှင့် မောင်းလာခဲ့သည်။ တကယ်တော့ ကျွန်းသုံးပွင့်ဆိုင်ဟု ဆိုရသော်လည်း ထိပ်ဆုံးကကျွန်းမှာ မြောက်ဖက် ပင်လယ်စပ်တွင် ဒိုးထောင်သံလို ထောင်ပြီး ပ,စောက်သဏ္ဍာန်ရှိနေလေသည်။

ကိုအောင်မိုးတို့သည် ထိုထိပ်ဆုံးကကျွန်းကို အရောက်သွားပြီး ထိုကမှတစ်ဆင့် တောင်ဘက်သို့ ဖြတ်ဆင်းကြရန်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ပ,စောက်သဏ္ဍာန်ကွေ့သည် ငါးဖမ်းကွက်ကောင်းသော နေရာဖြစ်၍ နိုးဘုတ်ကို တွေ့လိုတွေ့ငြား ရှာဖွေရန်ဖြစ်သည်။ သို့ကြောင့်လည်း ကိုလှဦးက သူ၏ရေပုံ ကားချပ်ပေါ်တွင် လက်ညွှန်ရင်း ...

"ကျွန်တော်တွက်ကိန်းကတော့ ဆရာရေ့၊ မဟုတ်ခါမှ လွဲရော ဒီကောင် ဒီနားဘဲရှိရမယ်လို့ ယူဆတယ်၊ မသကာ ကျွန်တော်တို့ လိုက်ရှာနေတဲ့ ငဇင်းတောင် ဖြစ်ချင်ဖြစ်နေအုံးမယ်" ဟု ဆိုလိုက် သဖြင့် သူတို့အားလုံးမှာ ငဇင်းကို အမှတ်ရမိကြပြန်သည်။ မြန်မာ့ပင်လယ်ပြင်မှ ငါးများကို အုပ်သင်းဖွဲ့၍ ကြီးကြပ်ဖမ်းယူနေသော ငဇင်း။ သူနိုးမက ပြေလမ်းစဉ်ဖြင့် မြန်မာ့ရေပြင်မှ ရရာပစ္စည်းများကို ဦးစီး

ခေါင်းဆောင်ပြုကာ လုယူနေသော ဇေင်း။

ထိုင်းနိုးတနက်ေး ဇေင်း၏သတင်းကို သူတို့ မကြာခဏဆိုသလိုပင် ကြားနေကြရ၏။ တစ်ခါတရံ အနီးအနားက ဖြတ်သွားသော ဆလုံလှေများထံမှ ကြားရ၏။ တစ်ခါတရံတွင်မူ မြန်မာပိုက်ဆွဲသမားများထံမှ ဇေင်းအကြောင်းကို သိရ၏။ သို့သော် ယခုထိ ဇေင်းကို သူတို့ ဖမ်းမမိနိုင်သေး။ တကယ်တော့ အုပ်သင်းဖွဲ့ကာ စနစ်တကျ ခိုးယူနေသော ဇေင်းကို ဖမ်းဆီးရမိရေးမှာ ထင်သလောက် မလွယ်ကြောင်း ကိုအောင်မိုးတို့ သဘောပေါက်ပြီးဖြစ်ပါသည်။

မည်သို့ဆိုစေ ဇေင်း၏ ကွင်းဆက်များကို တွေ့ရှိလာရသည့်အချိန်တွင် ဖြစ်စေ၊ စောင့်နိုင်လျှင် သူခိုးမိ ဆိုသကဲ့သို့ ဇွဲကောင်းကောင်းနှင့် စောင့်ဖမ်းနိုင်သည့်အချိန်တွင် ဖြစ်စေ၊ ဇေင်းကို မလွဲ,မသေ ဖမ်းနိုင်ရမည်ဟု သူတို့အားလုံးက ယုံကြည်နေကြပါသည်။

''အေးပေါ့ဗျာ၊ ဇေင်းကို ခုထိအောင် ကျွန်တော်တို့ မဖမ်းနိုင်သေးဘူးဆိုတော့ ကျွန်တော်တို့ ညံ့လို့ရင်လဲ ဖြစ်ရမယ်၊ အဲမှမဟုတ် ဒီကောင်က ကျွန်တော်တို့ခြေကို ကောင်းကောင်း သိထားလို့လဲ ဖြစ်နိုင်တယ်ဗျ''

ကိုအောင်မိုးက ရေပုံကားချပ်ကိုကြည့်နေရာမှ ဇင်းယော်ပဲ့ထိန်းကို ဂရုတစိုက်ကိုင်တွယ်နေသော ဦးကုလားအနီးမှာ ရပ်လိုက်ရင်း စဉ်းစားဟန်ဖြင့် ပြောလိုက်သည်။ တကယ်တော့ ဇေင်းနှင့် ပတ်သက်၍ ကိုအောင်မိုးအနေဖြင့် ပထမဆုံးအကြိမ် မယုံသင်္ကာဖြစ်မိခြင်းပင်ဖြစ်သည်။ သို့သော် ဒီကိစ္စကို အကြေအလည် မဆွေးနွေးနိုင်၊ အာရုံကျင်းလာသည်နှင့် နှင်းများက ဗို၍ ဗို၍ ပိတ်ဆီးလာသဖြင့် ဇင်းယော်ကို ကျွန်းစုများကြားမှ မနည်းပင် ဆွဲထုတ်နေရသည်။

''ဦးကုလား စက်ရှိန်ကို ထပ်လျှော့အုံး။ ကျွန်တော်တို့ညာဘက်မှာ ကျွန်းငယ်တစ်ကျွန်း ရှိနေသေးတယ်၊ ဘယ်ကို ၃၀ ဒီဂရီတင်ပေးပါ''

ကိုလှဦးက ရေပုံကိုကြည့်၍ ဇင်းယော်လမ်းကြောင်းကို တည့်မတ်ပေးလျက်ရှိသည်။ တကယ်တော့ ရေအိမ်မရှိသောသင်္ဘော်ဖြင့် ယခုလို ကျွန်းကြို ကျွန်းကြားမှ နှင်းထုကို ဖေါက်ထွက်ခြင်းသည် သူတို့အဖို့ အလွန်အမင်း စွန့်စားရာကျပေသည်။ သို့သော် သူတို့အားလုံးမှာ မြိတ်ပင်လယ်တွင် အတွေ့အကြုံရှိသူများချည်းဖြစ်သည်။ ပြီးတော့ တိုင်းပြည်အတွက်ဟူသော စိတ်ဓါတ်ကလည်း ပြင်းပြနေသူများဖြစ်၍ သည်မျှ ခက်ခဲ ပင်းပန်းစွာ စွန့်စားမိကြခြင်းဖြစ်ပေသည်။

''ဦးကုလားကျွန်တော် ကုန်းပတ်ပေါ် ခဏ,ဆင်းမယ်။ ဟော့ မောင်တင်၊ မင်း ဦးကုလား ရှေ့က ပြတင်းမှန်တွေကို မကြာခဏ သုတ်ပေး။ ဒို့ ဟိုရှေ့ကကျွန်းကို ရောက်ရင် ပင်လယ်ပြင်ကိုရောက်ပြီကွ''

ကိုအောင်မိုးက အနီးရှိ သင်္ဘောသားမောင်တင်ကို ဇင်းယော်ပြတင်းမှန်များကို သုတ်ခိုင်းပြီး၊ သူက ဦးပိုင်းကုန်းပတ်ပေါ်သို့ ဆင်းရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် ကိုလှဦးက ဦးကုလားအနီးလျှောက်လာရင်း ...

''ဆရာ ... ဆင်းမနေနဲ့တော့၊ လက်ဝဲဘက်ကို သေသေချာချာကြည့်၊ ကျွန်တော်တို့ ထိပ်ဆုံးက ကျွန်းကြီးကို ရောက်လာပြီ''

ဇင်းယော်သွားနှုန်းနှင့် ကျွန်းအကွာအဝေးကို တွက်ချက်ထားသော ကိုလှဦးက နှင်းမှုန်များကြားကို လက်ညှိုးညွှန်ပြလိုက်သည်။ ဝန်းကျင်တစ်ခုလုံးမှာ ဝါဂွမ်းတောင်ကြီး ပိတ်ဆို့ထားသလို ဖွေးဖွေးလှုပ်နေ၏။ သို့သော် အသေအချာကြည့်တော့ ဝါဂွမ်းပုံကြီးထဲမှာ မဲမဲရိပ်ရိပ်သဏ္ဌာန်ကို တွေ့ရ၏။

တိမ်ဆိုင်များကြားမှာ ဝဲပျံနေသော ငှက်ကလေးတစ်ကောင်ကို ရှာရသလိုပင်တည်း။

''ဦးကုလား၊ အိမ်မြှောင်ဒီဂရီ ၇၅ အပြောင့်မောင်း၊ နောက် ငါးမိနစ်လောက်ဆို ကျွန်းထိပ်ကို ရောက်လိမ့်မယ်၊ အတော်ဘဲ ကျွန်းထိပ်လောက်ရောက်ရင် နှင်းလဲ အတော်ကွဲလောက်ပြီ ဆရာ''

ကိုလှဦးက အနွေးထည်ခေါင်းစွပ်ကို နားရွက်များအပေါ်ဖုံးချရင်း ဦးကုလားကို တလှည့်၊ ကိုအောင်မိုးကို တလှည့် လှမ်းပြောလိုက်သည်။ ကိုအောင်မိုးကမူ ယန္တရားဆင်ထားသလို တရိပ်ရိပ် တသောသော ပြေးလွှားနေသော နှင်းထုများကို ဖေါက်ထွင်းပြီး ကျွန်းရိပ်မဲမဲကို မှန်ပြောင်းနှင့် လှမ်းကြည့်နေ၏။ သူတို့မှတ်သားထားသည့် ကျွန်းထိပ်ကို ရောက်တော့မည်ဖြစ်၍လည်း ကိုအောင်မိုးမှာမူ အတော်ပင် စိတ်လက်ပေါ့ပါးနေ၏။

''အင်း ... ဟုတ်တယ်ဗျ ကိုလှဦး။ နှင်းတွေက စောစောကလောက် မပိတ်တော့ဘူး။ အုံကျင်းဖွဲ့ကုန်ကြဘီ၊ ဟောဗျ ဦးကုလား၊ ဟိုမှာ ... ဟိုမှာ မိုးဘုတ်ဗျ၊ စက်ရပ်''

ထိုစဉ် ကိုအောင်မိုးစကားမှ မဆုံးသေး။ နှင်းထုများကြားမှ ဇင်ယော်ရှေ့ကိုက်နှစ်ဆယ်ခန့်တွင် ဘွားကနဲပေါ်လာသော ငါးမိုးတန်ကေးတစ်စင်းကို မြင်လိုက်ရကား၊ ကိုအောင်မိုးကိုယ်တိုင်ပင် အံ့အား သင့်၍ မှင်သက်မိသွားလေသည်။ အခြေအနေမှာ တန်ကေးကလည်း ဇင်ယော်ကို မမြင် ဇင်ယော်က လည်း တန်ကေးကို မမြင်ဘဲ နှင်းထုကြားမှာ ဖြူးကနဲ့ ခေါင်းချင်းဆိုင်တော့မည့် အနေအထားဖြစ်၏။

''ဗျို့ ... ဦးကုလား၊ တန်ကေးကို မြင်ရဲ့လား''

''မြင်တယ် ဆရာ မြင်တယ်၊ ဆရာ ကုန်းပတ်ပေါ်ကိုသာဆင်း၊ ကျွန်တော် သူ့ကို ပိတ်ထားမယ်''

''ကိုလှဦး ခင်ဗျားပဲ့ ခင်ဗျား တာဝန်ယူ၊ ကျွန်တော်အောက်ကို ဆင်းမယ်၊ ဒီကောင်ကို မလွှတ် စေနဲ့ဗျို့''

ကိုအောင်မိုးက သူ့စကားမဆုံးခင်ပင် ကုန်းပတ်ပေါ်သို့ လွှား၍ ဆင်းလိုက်၏။ တချိန်တည်းတွင် ဦးကုလားကလည်း ဇင်ယော်ကို စက်လျှော့၍ ညာသို့တင်းလိုက်ပြီး တန်ကေးကို ပတ်၍ ပိုင်းလိုက် သည်။ သို့သော် တန်ကေးကလည်း ဇင်ယော်ကို ရုတ်တရက် မြင်သွားဟန်ဖြင့် ပင်လယ်ပြင်ကို လှည့်၍ ထွက်လိုက်ရာ သဘော်နှစ်စင်းမှာ တရိပ်ရိပ်ပြေးနေသော နှင်းထုများကြားတွင် အသဲယားဘွယ်ကောင်း အောင် ယောက်ယက်ခတ်သွားလေသည်။

''ဟော့ ... ဘပု၊ ဦးဆန်းမောင်တို့ကော မင်းတို့နေရာယူထားကြရဲ့လား၊ ဗျို့ ကိုလှဦး၊ အဖွဲ့သား အားလုံးကို စတင်းဘိုင်လုပ်ထားပေါ့''

ကိုအောင်မိုးက ဦးပိုင်းကုန်းပတ်ရောက်သည်နှင့် အရင်ဆုံးတွေ့ရသည့် ဘပုကို လှမ်းမေးလိုက် သည်။ ပြီးတော့ အခြေအနေမှာ အကျိတ်အနယ်ဖြစ်နိုင်သည့် အနေအထားရှိ၍ ဇင်ယော်တစ်စင်းလုံးကို အသင့်ဖြစ်စေရန်၊ ကိုလှဦးကို လှမ်းအော်လိုက်ရသေး၏။ သို့သော် သူ့စကားမဆုံးခင်ပင် ဇင်ယော် ကလည်း စက်ကုန်ဖွင့်၍ တန်ကေးထွက်ပေါက်ကို သွန်၍ ပိတ်လိုက်ရာ အကွာအဝေးမှာ ကိုက်နှစ်ဆယ် ခန့်သာရှိသဖြင့် ချက်ချင်းဆိုသလိုပင် တန်ကေးခါးလယ်ကို ဇင်ယော်ဦးဖြင့် ဝင်၍ ထိုးတော့မလို ဖြစ်သွားလေသည်။

''ဦးဆန်းမောင် ဘပု ကိုတင်မြင့်တို့ အားလုံး သတိနဲ့နေ၊ ရှေ့လောမကြီးနဲ့ ဇင်ယော်ကို ကိုင်ထား''

ကိုအောင်မိုးက သူ့ခေါင်းစွပ်ကို ချွတ်၍ ဂျက်ကင်အကျီင်္ဇစ်ကိုလည်း ဆွဲဖြုတ်လိုက်သည်။ အရေး အကြောင်းရှိက ခါးတွင် ပတ်ထားသော သေနတ်ကို အလွယ်တကူ ထုတ်ယူအသုံးပြုရန် ဖြစ်ပေသည်။

ပြီးတော့ သူ့အနီးရှိ လေအေးခေါင်းတိုင်ကို ကိုင်ပြီး သင်္ဘောနှစ်စင်းတိုက်တော့မလားဟု ရင်ကိုမ၍ စောင့်ကြည့်နေမိလေသည်။

သို့သော် စကားနည်းသလောက် အေးဆေးတည်ငြိမ်လှသော ဦးဘုလားသည် တန်ကေးဇါးကို ဖြတ်ထိုးမလို ပြုပြီးမှ ပြိုင်ကနဲနေအောင် စက်ကိုရပ်၊ နောက်ကို ပြန်ဆွဲပြီး ဇင်ယော်ကိုဆွဲ၍ လှည့်လိုက်ရကား တန်ကေးနှင့် အလိုက်သင့်ဖြစ်သွား၏။ ထိုစဉ် အခုထိ အရှိန်မသေသေးသည့် ကလင် ကလင်ဟူသော အလန့်တဲလ်သံများနှင့်အတူ ဝရုန်းသုန်းကား ပြေးလွှားသံများနှင့် 'ဝုန်းကနဲ ... ဝုန်းကနဲ' ဟူသော ရေထဲခုန်ချသံများက ဝန်းကျင်တစ်ခုလုံးကို ဆူညံသွားလေသည်။

"ဗျို့ ဦးဆန်းမောင်၊ ဟိုကောင်တွေ ရေထဲခုန်ချ ကုန်ဘီ၊ တန်ကေးပေါ်ကို အမြန်ဆုံးတက်ပြီး ထိန်းထား။ ကိုလှဦး နောက်က အဖွဲ့တွေကိုပါ ဒီဘက်ကို အားဖြည့်ပေး"

ကိုအောင်မိုးက အုံ့အားတသင့်ဖြစ်နေသော ဦးဆန်းမောင်တို့အဖွဲ့နှင့် ကိုလှဦးကို လှမ်းပြောလိုက်ပြီး သူကိုယ်တိုင်လည်း တန်ကေးပေါ်သို့ ဗွေ့ကနဲ ရောက်ရှိသွားလေသည်။ တချိန်တည်းတွင် သေနတ်ကိုယ်စီကိုင်ထားကြသော အဖွဲ့သား ခြောက်ယောက်ရောက်လာသည်နှင့် ...

"ကိုတင်မြင့်၊ ကိုစန်းအောင်နဲ့နောက်တစ်ယောက်က စက်ခန်းကိုဆင်း၊ စက်သမားတွေကို ထိန်းထား။ စက်တွေကို ရိုက်ချိုးကုန်မယ် မြန်မြန်"

မှန်ပါသည်။ ငါးခိုးသမားတို့မည်သည် အားမတန်၍ မန်လျော့ရပြီဆိုလျှင် အင်ဂျင်များကို ဖျက်ဆီးတတ်ကြသည်။ သုံးမရအောင် ရိုက်ချိုးတတ်ကြသည်။ အချို့ဆိုလျှင် သင်္ဘောဝမ်းခေါင်းကိုပင် ဖောက်၍ ရေမြှုပ်ပစ်သည်အထိ ယုတ်မာတတ်ကြသည်မှာ ကိုအောင်မိုးတို့ ကြုံရဘူးပေါင်း များလှလေပြီ။

ထို့ကြောင့်လည်း ကိုတင်မြင့်နှင့် သုံးယောက်ကို စက်ခန်းသို့ လွှတ်ပြီး၊ သူကိုယ်တိုင်ကမူ ပဲ့စင်ထက်သို့တက်၍ တန်ကေးဦးစီးမှူးဖြစ်သူအား သေနတ်ကိုပင် အသုံးမပြုတော့ဘဲ အောက်သို့ ခေါ်ချလာလေသည်။

ထိုအချိန်တွင် ဦးဆန်းမောင်တို့အဖွဲ့ကလည်း ကုန်းပတ်ပေါ်ရှိ သင်္ဘောသားတစ်ဦးစီကို ဖမ်းမိထားကြလေပြီ၊ တအောင့်ကြာတော့ ကိုတင်မြင့်တို့ခေါ်လာသော စက်သမားနှစ်ယောက်နှင့် ပေါင်း ၆-ယောက်၊ အားလုံးမှာ မြန်မာ့ပင်လယ်ပြင်မှာ အမြဲလိုလို ငါးခိုးဖမ်းလေ့ရှိသော ငါးခိုးသမား နိုင်ငံခြားသားများပင်တည်း။

နှင်းမိုးနှင့် ရေမိုးရေငွေ့များကား တရိပ်ရိပ် ပြေးလွှားတုန်းဖြစ်၏။ နှင်းတစ်အုပ် ပြေးသွားလိုက်၊ ပင်လယ်ပြာမှ အငွေ့ထောင်းထောင်း ထွက်လာသည့် ရေမိုးရေငွေ့များက စစ်ကူပို့လိုက်သဖြင့် တိမ်ရထားများ ပြေးလွှားနေသလားဟု ထင်ရ၏။ ထိုတိမ်ရထားများကြားတွင်ကား ရေသံ တဖွမ်းဖွမ်းနှင့် အတူ ငါးခိုးသမားသုံးဦးမှာ ပင်လယ်ပြင်တွင် လက်ပစ်ကူးနေကြလေသည်။

အာဂ ငါးခိုးသမားများပင်တည်း။ သို့သော် ကျွန်းနှင့်ကား မဝေးလှပါ။ ကျွန်းနှင့်မဝေးသော်လည်း ဇင်ယော်နှင့် အတန်လှမ်းနေပြီဖြစ်၍ ကိုအောင်မိုးတို့သည် သူတို့သုံးဦးအတွက် ဒုက္ခမရှာတော့ဘဲ ကျန်တရားခံများကိုသာ ဇင်ယော်ပေါ်သို့ တင်ပေးလိုက်၏။ ပြီးတော့မှ တန်ကေးတစ်စင်းလုံးကို မွှေနှောက်စစ်ဆေးကြလေသည်။

"အဘိုးဝေး ... ကျွန်တော်ဖြင့် ဒီကောင်ကို လိုက်နေတုန်းက ဝင်းများ ဖြစ်မလားလို့ ရင်ကို

ခုန်နေတာဘဲ အာစရိရဲ့ ခုတော့ ဖေင်းလဲ မဟုတ်၊ ခိုးဘုတ်လဲ မဟုတ်၊ လက်စသပ်တော့ တကယ့်ကို အဝယ်တော် သူခိုးပါလား ဆရာရဲ့ ရော့ ဒီမှာကြည့်"

**ဦးဆန်းမောင်**က အထည်အလိပ် တထွေ့တပိုက်ကြီးကို ထွေ့ပိုက်လာရင်း **ကိုအောင်မိုး**ကို ကမ်းပေးလိုက်သည်။ ကြည့်လိုက်တော့ တန်ကေးအမိုးအံဖုံးထဲမှ ဆွဲထုတ်လာသော တက်ထရွန်ရောင်စုံ ၅–လိပ်နှင့် ပါတိတ်လုံချည် ၂၀–ခန့် ဖြစ်နေ၏။ ဒါကိုကြည့်၍ **ဦးဆန်းမောင်**က တန်ကေးကို ခိုးဘုတ် မဟုတ်၊ အဝယ်တော် သူခိုးဟု ဆိုလိုက်ခြင်းဖြစ်ပေသည်။ သို့သော် သူတွေ့လာခဲ့သည်မှာ အားလုံးမဟုတ်သေး။ အကြောင်းမူ တန်ကေးဝမ်းတွင်းရှိ အံဖုံးများကို လှန်လှောနေသော **ကိုတင်မြင့်**က ...

''ဗျို့ ဦးဆန်းမောင်၊ ဆရာဦးအောင်မိုး။ ဒီမှာ လာကြည့်ပါအုံး။ မှောင်ခိုပစ္စည်းတွေ အများကြီးဘဲ၊ ဟောဒီမှာလဲ ရေခဲရိုက်ထားတဲ့ ငါးတွေ''ဟု ဆိုလိုက်သဖြင့် **ကိုအောင်မိုး**တို့ အားလုံး ကြမ်းခင်းထားသော အံဖုံးများကို တစ်ခုပြီးတော့ တစ်ခု ဝိုင်းဝန်းလှန်လှောကြည့်ကြသည်။

''ဗြို့... နည်းတဲ့ ပစ္စည်းတွေလား ဦးဆန်းမောင်ရေ့ တက်ထရွန်အလိပ်တွေ၊ တက်ထရက် အလိပ်တွေ၊ ပါတိတ်တွေ၊ ကတ္တီပါအုပ်တွေ၊ အလှကုန်တွေ၊ အင်း ... ခင်ဗျားပြောသလိုဘဲ တကယ့်ကို အဝယ်တော် သူခိုးဘဲဗျ''

**ကိုအောင်မိုး**က အံဖုံးများကို တစ်ခုပြီးတစ်ခု မ၍ အပေါ်မှ စီကြည့်ရင်း **ဦးဆန်းမောင်**ကို လှမ်းပြောလိုက်သည်။ အထဲတွင်ကား ဘပုနှင့် **ကိုတင်မြင့်**အပြင် အခြားအဖွဲ့သားတစ်ဦးက ပစ္စည်းများကို စစ်ဆေးကြည့်ရှုနေကြလေသည်။

များလှစွာသော မှောင်ခိုပစ္စည်းများပင်တည်း။ တက်ထရွန်ရောင်စုံအလိပ်ချည်း ငါးရာကျော်၊ တက်ထရက်အလိပ်က သုံးရာကျော်၊ ပြီးတော့ ပါတိတ်အမျိုးမျိုးက သေတ္တာလိုက်၊ တချို့မှာ နိုင်လွန်ကြိုးများနှင့် စပါးစီးသလို စီးထား၏။ အလှကုန်များကလည်း မျိုးစုံလှ၏။ ပေါင်ဒါဗူးအကြီးအသေးများ၊ ရေမွှေးများ၊ နှုတ်ခမ်းဆိုးဆေးများ၊ မျက်တောင်ကော့ကိရိယာများ၊ ပြီးတော့ နောက်ဆုံးပေါ် ပုံစံအမျိုးမျိုးနှင့် နာရီများ။

ကာလတန်ဘိုးအရ ဆိုပါက၊ တစ်သိန်းကျော်ခန့်ပင် ရှိမည်။ သို့သော် သူတို့သည် ထိုပစ္စည်းများကို ငွေနှင့်ရောင်းရန်မဟုတ်၊ မြန်မာ့ငါးဖမ်းသမားများထံမှ ငါးများနှင့် လဲလှယ်ဝယ်ယူကြရန် ဖြစ်ပေသည်။ ထို့ကြောင့်လည်း တန်ကေးအလယ်တည့်တည့်ရှိ အဖုံးထဲတွင် ငါးမျိုးစုံ ပိဿချိန်နှစ်ရာခန့်ကို ရေခဲရိုက်ပြီး တွေ့ရှိရခြင်းဖြစ်ပေသည်။ တကယ်တော့ မြန်မာ့ပင်လယ်ပြင်တွင်းသို့ ဝင်၍ မှောင်ခိုပစ္စည်းနှင့် ငါးများကို လှည့်လည် ဖလှယ်နေသည့် နောက်ဆုံးပေါ် ငါးခိုးသမားများပင်တည်း။

''အင်း ... ဒါကြောင့်လဲ သူ့ကို ဒီမှာ မမြော်လင့်ဘဲ တွေ့ရတာကိုးဗျ။ ကျွန်တော်တို့သာ ငါးမိနစ်လောက် အထွက်နောက်ကျရင် ဒီကောင် ခုလောက်ဆို ဘုတ်ပြင်းနယ်ဘက်တောင် ရောက်သွားလောက်ပြီဗျ''

**ကိုအောင်မိုး**က နောက်ဆုံးအကြိမ်အဖြစ် တန်ကေးဝမ်းခေါင်းထဲသို့ လှမ်းကြည့်လိုက်ပြီး၊ **ဦးဆန်းမောင်**ကို လှမ်းပြောလိုက်သည်။ ပြီးတော့ တဆက်တည်းပင် သူ့အဖွဲ့သားများကို မျက်စိနှင့် ရှာဖွေကြည့်ရှုလိုက်ရင်း ...

''ကဲ ... ဦးဆန်းမောင် အဖွဲ့သားအားလုံး။ ဒီပစ္စည်းတွေကို စာရင်းအတိအကျလုပ်၊ ပြီးတော့ ဖင်ယော်စတိုခန်းထဲမှာ စနစ်တကျ သိမ်းဗျာ၊ ငါးတွေကိုတော့ ဒီအတိုင်းဘဲထား၊ ရိက္ခာလိုရင်တော့

ယူသုံးပေါ့။ ကဲ … ဦးဆန်းမောင် ဆက်လုပ်ပေတော့၊ ကျွန်တော် တရားခံတွေကို သွားကြည့်လိုက်အုံးမယ် ''

ကိုအောင်မိုးက သူ့ဂျက်ကင်အင်္ကျီစ်ကို ဆွဲတင်ရင်း၊ ဇင်ယော်ဘက်သို့ ကူးလာခဲ့သည်။ နှင်းများမှာ အတန်ပင် ကွဲသွားလေပြီ။ သို့သော် စိမ်းမြသော ပင်လယ်ပြင်မှ ရေခိုးရေငွေ့များကား မီးခိုးတန်းများလို ထောင်းထောင်းထနေဆဲပင် ဖြစ်သည်။ သို့ကြောင့်လည်း မိကျောင်းတစ်ကောင်လို ဝပ်စင်းနေသော ခပ်လှမ်းလှမ်းရှိ ကျွန်းမြေမြင်မှာလည်း မြသားရတနာကို ငွေသားဖောက်ထားသလိုပင် တင့်တယ်လှပနေလေသည်။

ကိုအောင်မိုးသည် တရားခံများထားရာ ဇင်ယော်ပဲ့ပိုင်းသို့ လျှောက်လာခဲ့ကြသည်။ မျက်နှာညိုးငယ်စွာဖြင့် ဝုတ်တုတ်ကိုယ်စီ ထိုင်နေကြသော ပေါက်ဖော်ဥပဒိရုပ်မျိုးဖြင့် တရားခံခြောက်ယောက်။ သူတို့အနီးတွင်ကား အစောင့်အဖွဲ့သားနှစ်ယောက်နှင့် ကိုလှဦးသည် စစ်ချက်များကို ယူနေသည်ကို တွေ့ရလေသည်။

''ဘယ့်နှယ်လဲဗျို့ ကိုလှဦး။ စစ်ချက်ယူရတာ ဟန်ကျရဲ့လား''

ကိုအောင်မိုးက သူတို့အနီးတွင် ရပ်လိုက်ရင်း၊ စာရွက်တစ်ထပ်ဖြင့် ကုန်းရေးနေသော ကိုလှဦးကို မေးလိုက်သည်။ စင်စစ် သူဆိုလိုသည်မှာ တရားခံများ၏စကားဖြင့် မေးမြန်းပြောဆို၍ ရ,မရ မေးလိုက်ခြင်းဖြစ်ပေသည်။

''ဟဲ .. ဟဲ အလုပ်ဖြစ်ရုံတော့ သူတို့စကား နားလည်ပါတယ် အာစရိရဲ့ ဒီအလုပ်နဲ့ ထမင်းစားလာတာ အံ့ခွနေပြီဘဲ ''

''အေးဗျာ၊ ဆက်လုပ်ဗျို့ နတ်လမ်းညွှန်၊ အဲ့နဲ့ ခင်ဗျားဖြစ်နိုင်ရင် ဇေင်းအကြောင်းကိုလဲ သတင်းယူစမ်းပါအုံး။ ဒီကောင်တွေလဲ ဇေင်းအဖွဲ့သားတွေ ဖြစ်ချင် ဖြစ်နေအုံးမယ် ''

ကိုအောင်မိုးက လိုရ,မယ်ရသဘောဖြင့် ဇေင်းအကြောင်းကိုပါ သတင်းယူရန် သတိပေးခဲ့ပြီး ဇင်ယော်ပဲ့စင်ထက်သို့ တက်လာခဲ့သည်။ ပြီးတော့ ဦးတုလားနှင့် တိုင်ပင်ပြီး လုပ်တလောအစီအစဉ်တစ်ခုကို ပြုလုပ်ကြရသည်။ တန်ကေးပေါ်မှ ပစ္စည်းများသယ်ချပြီးသည်နှင့် ဇင်ယော်ကို ရွှေကျွန်းသို့ပြန်မောင်းရန်၊ တန်ကေးကို စက်ခန်းအုပ်ကိုမြက မောင်းနှင်ယူလာရန်နှင့် ဦးတုလားကို အနားပေးပြီး ဇင်ယော်ကိုမူ ဒုရေယာဉ်မှူးဦးအောင်းကြည်က ယာယီတာဝန်ယူရန် ဖြစ်ပေသည်။

ကိုအောင်မိုးသည် သို့ကလို သဘော်များ ယူဆောင်မောင်းနှင်ရေးကိစ္စနှင့် အဖွဲ့သားများ လဲလှယ်အနားပေးရေးကိစ္စ စသည့်များကို စီစဉ်ဆောင်ရွက်ပြီးသောအခါ၊ သူ့မှာ အတန်ပင် ပင်ပန်းနွမ်းနယ်နေလေပြီ။ ညက တစ်ညလုံး မအိပ်ရဘဲ စိတ်ပန်း လူပန်းဖြစ်ခဲ့မှုကြောင့် ခဏဖြစ်ဖြစ် အနားယူချင်စိတ်ပေါက်နေလေသည်။ သို့ကြောင့်လည်း သူသည် ဇင်ယော်နှင့် တန်ကေးကို ကပ်းမှုစွာပြီး ရွှေကျွန်းသို့ ပြန်ထွက်သည်နှင့် သူ့အခန်းတွင်းသို့ ဝင်၍ မှေးကနဲ့ အိပ်လိုက်မိလေသည်။

သူအိပ်ပျော်သွားသည်မှာ မည်မျှကြာသည်မသိ။ ဇင်ယော်သည်လည်း ဘယ်ရောက်၍ ဘယ်ပေါက်နေသည်မသိ၊ သူ့အိပ်ခန်းရှေ့မှ …

''ဆရာ … ဆရာ ဦးအောင်မိုး အာစရိ၊ ကျွန်တော်ပါ၊ ကျွန်တော်ဦးဆန်းမောင်ပါ''ဟူသော အသံများက ဇင်ယော်စက်သံကို လွှမ်းမိုးဖောက်ထွင်းလာသဖြင့် သူသည်လည်း အိပ်ရာမှ ဂမူးရှူးထိုးထ၍ တံခါးကို ဖွင့်လိုက်လေသည်။ ဦးဆန်းမောင်၊ နတ်လမ်းညွှန် ကိုလှဦးနှင့် ဦးတုလား။


“အာစရိ၊ ကျွန်တော်တို့ ဖမ်းမိတဲ့ မှောင်ခိုပစ္စည်းတွေ အတော်များများ ပျောက်သွားတယ်”

ဦးဆန်းမောင်က ပြုံးပြုံးပျာပျာဖြင့် ပထမဆုံး သတင်းပို့၏။

“ဟုတ်တယ်ဆရာ၊ တက်ထရက် အလိပ်ချည်း ၇ လိပ်၊ နာရီ ၅ လုံးနဲ့ ပြီးတော့ ပါတိတ် အထည် ၅၀ လောက် ဇင်ယော်ပေါ်မှာတင် ပျောက်သွားတာဘဲ”

နတ်လယ်ညွှန့်၏ အသံဖြစ်၏။ ကိုအောင်မိုးကား ဘာမှမပြောနိုင်ဘဲ သူတို့ကိုသာ ငေး၍ ကြည့်နေမိ၏။ သူငေးကြည့်နေသည်မှာ အိပ်ချင်မူးတူးစိတ်ဖြင့် ကြောင်နေသလားဟု ထင်စရာရှိ၏။ မဟုတ်ပါ။ သူအသေအချာ သိလိုက်ပါသည်။ သူကြီးကြပ်ကွပ်ကဲနေသော အဖွဲ့သားများထဲတွင် ခိုးရာပါပစ္စည်းကို ကဲ့ဝှက်ယူရဲသော သူဝှက်တစ်ယောက်တလေ ဧကန်ရှိနေပြီဟုသော အသိပင်တည်း။

◆



# တွေဝေသူအတွက် အတွေးလက်ဆောင်

> “ ကျွန်တော်တို့တိုင်းပြည်မှာ နတ်မြစ်ဝကနေ ကော့သောင်းအထိ အလံတစ်ရာရေနက်မှာ ငါးဖမ်းနိုင်တဲ့ အကျယ်အဝန်းဟာ စတုရန်းမိုင်ပေါင်း ခြောက်သောင်းလေးထောင် ရှိတယ် ”

“အင်း ... ဒီအတိုင်းဆိုတော့ ကျွန်တော်တို့အဖွဲ့ထဲမှာ ဇက်ရဲ လက်ရဲနဲ့ သူနိုးလက်ကပစ္စည်းကို ဘုံးရဲတဲ့ လူရှိနေဘီဗျ၊ ဒီတော့ ဆိုစမ်းပါအုံး ဦးဆန်းမောင်၊ ခင်ဗျား ဘယ်လို သဘောရသလဲ ”

ကိုအောင်မိုးက သူ့အခန်းတွင်းရှိ ရေဇလုံမှာ မျက်နှာသစ်လိုက်ပြီး၊ မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် ကိုယ်လက်သန့်စင်လိုက်ရင်း **ဦးဆန်းမောင်**ကို လှမ်းမေးလိုက်သည်။ အခုထိ **ဦးဆန်းမောင်**၊ ကိုလှဦးနှင့် ဦးကုလားတို့က မထိုင်သေး။ အခန်းတွင်း တစ်နေရာမှာ မတ်တပ်ရပ်နေကြဆဲဖြစ်၏။

“ကျွန်တော် ဘယ်လို သဘောရလဲဆိုတော့ ရှင်းရှင်းဘဲ အာဝရို၊ ဒါဟာ ဘယ်သူ့လက်ချက်မှ မဖြစ်နိုင်ဘူး၊ ဘပုဘဲ ဖြစ်ရမယ်၊ ကျွန်တော် သူ့အိပ်ရာဘက်ကိုတောင် သွားကြည့်ခဲ့ပြီဘဲ ”

**ဦးဆန်းမောင်**က သူ့မျက်မှန်ကို မ,တင်လိုက်ရင်း ကိုလှဦးနှင့် ဦးကုလားကို တစ်ချက် လှမ်းကြည့်လိုက်သည်။ သူတို့နှစ်ဦးကလည်း **ဦးဆန်းမောင်**ကို ထောက်ခံဟန်ဖြင့် ခပ်မဆိတ်လုပ်နေ၏။

"ဟင် ... ဘပု၊ ကျွန်တော်တို့အဖွဲ့က အောက်တန်းလက်ထောက်၊ အရက်သိပ်သောက်တဲ့ ဘပု၊ ဟုတ်စ"

"ဟုတ်ပါတယ်၊ အာစရိ"

"ဒီပစ္စည်းတွေကို သူတစ်ယောက်ထဲ ဘုံးတာပဲလား။ တခြား ဘယ်သူတွေ ပါသေးလဲဗျ"

ကိုအောင်မိုးက ယူနီဖောင်းဝတ်စုံကို ဝတ်ပြီး၍ ဓါးပတ်ကို နေသားတကျ ပတ်လိုက်ရင်း လှမ်းမေးလိုက်သည်။

"တခြား ဘယ်သူတွေ ပါသလဲတော့ အတိအကျ မသိရသေးဘူး။ ဒါပေမယ့် ယာယီအလုပ်သမားတချို့လဲပါပုံရတယ် ဆရာ"

"အင်း ... ဦးဆန်းမောင်၊ ဒီပစ္စည်းတွေကို ခင်ဗျား တာဝန်ယူ စစ်ဆေးနေတဲ့ကြားထဲက ဒီကောင်တွေ ဘယ်လိုလုပ်ဘုံးသလဲဆိုတာ ကျွန်တော် နားမလည်ဘူး"

"ကျွန်တော်ကစာရင်းယူပြီး သူတို့က စတိုခန်းထဲကို သယ်ကြတာပဲ အာစရိ၊ ဟိုရောက်လို့ ကျွန်တော် ထပ်စစ်ကြည့်တော့ ပျောက်နေတာ တွေ့ရတာပဲ"

"ကဲ ... ဒါဖြင့် သွားကြရအောင်ဗျာ၊ ဒါတာ ကျွန်တော်တို့ တစ်ဖွဲ့သားလုံး နာမည်ပျက်ရမယ့်ကိစ္စဗျ ဦးကုလား"

ကိုအောင်မိုးက ဦးကုလားကို တစ်ချက် လှမ်းပြောလိုက်ပြီး သူကိုယ်တိုင် ရှေ့ဆောင်၍ အခန်းတွင်းမှ ထွက်ခဲ့၏။ အချိန်မှာ နံနက် ၁၁-နာရီခွဲခန့်။ ဇင်ယော်သည် ရွှေကျွန်းကိုဦးတည်၍ တငြိမ့်ငြိမ့် ခုတ်မောင်းနေ၏။ ဖမ်းမိထားသော တန်ကေးသည်လည်း ဇင်ယော်နောက်နား မလှမ်းမကမ်းမှ စက်ခန်းအုပ်ကိုမြှကာ မောင်းနှင်လိုက်ပါလာလေသည်။

ကိုအောင်မိုးတို့သည် ဇင်ယော်ပဲ့ဝင်မှတဆင့် ခန်းမကြီးထဲသို့ လျှောက်လာခဲ့ကြ၏။ ညက တာဝန်ကျသူအဖွဲ့သားအားလုံးလိုလိုမှာ အိပ်စင်များပေါ်တွင် ပိုးလိုးပက်လက်ဖြင့် အိပ်နေကြသဲဖြစ်၏။ အထူးသဖြင့် ဘပုသည် တကျုံးကျုံးမြည်ဟီးနေသော ဇင်ယော်စက်သံကိုကျော်၍ တခေါခေါဖြင့် အိပ်မောကျနေလေသည်။

"သဲစောင်းစောင်း

ထိုးကျလာသောနေသည်

သူတို့ခြေရင်းမှာ ပုဝါခင်းထား၏။

ပြီးတော့ စိုက်၍ နားထောင်လျှင်

နရီကိုက်စွာ ပေါ်ထွက်နေသည့်

လှိုင်းရိုက်သံ။

သည်နောက်တော့

ဆိတ်ကွယ်ရာမှာ

ဖြစ်လေ့ရှိသည့်

ဗိုမနှစ်ဦး၏

တဒိတ်ဒိတ် ရင်ခုန်သံ"

''ဟော့ ဘပု ထကွ၊ ဒီမှာ ဆရာဦးအောင်မိုးတို့ပါ ရောက်နေတယ်''

**ဦးဆန်းမောင်**က တစ်ဖက်သို့ စောင်းအိပ်နေသော ဘပုလက်မောင်းကို ကိုင်လှုပ်၍ နှိုး၏။ သို့သော် ရုတ်တရက် မနိုးသဖြင့် **ဦးဆန်းမောင်**က သူ့လက်မောင်းအိုးကို ကိုင်၍ ဆွဲလှည့်လိုက်ရင်း...

''ဟော့ ဘပု ထ,ကွ၊ ဒီမှာ မင်းကို မေးစရာရှိလို့ ဆရာက နှိုးခိုင်းနေတယ်''

**ဦးဆန်းမောင်**စကားအဆုံးမှာ ဘပုသည် အိပ်ချင်မူးတူးသံဖြင့် တစ်ချက်သာ တအင်းအင်းလုပ်လိုက်ပြီး ဇက်ကနဲ ထ,ထိုင်လိုက်သည်။ ပြီးတော့ **ဦးကုလား**၊ ကိုလှဦးနှင့် **ကိုအောင်မိုး**တို့ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး၊ **ဦးဆန်းမောင်**ကို ခုန်အုပ်တော့မလို အနေအထားမျိုးဖြင့် ...

''ဘာလဲဗျ ဦးဆန်းမောင်၊ ခင်ဗျားက ခင်ဗျားအဖေတွေကို ဘာသွားသံတော်ဦးတင်ပြန်ဘီလဲ''

''ဘပု၊ မင်းစကားပြောတာ သတိထားပြော၊ ညက ဖမ်းမိတဲ့ပစ္စည်းတွေ ပျောက်တာ မင်းလက်ချက်ပဲ မှတ်ဖူးလား''

**ဦးဆန်းမောင်**ကလည်း စိတ်တိုနေဟန်ဖြင့် တဝင်းဝင်းတောက်နေသော မျက်မှန်ကို မ,တင်လိုက်ရင်း ပြန်အော်လိုက်သည်။ သည်တွင် ဘပုက ထိုင်နေရာမှ ထ,ရင်း ...

''ခင်ဗျား ... သိပ်လူပါးဝတဲ့လူဘဲ၊ ခင်ဗျားကို ဘယ်သူပြောလဲ၊ ဒီပစ္စည်းတွေပျောက်တာ ကျုပ်နဲ့ ဘာမှ မဆိုင်ဘူးဗျ၊ ခင်ဗျားတို့ ကျုပ်ကို လာမနှောက်ယှက်နဲ့''

''ဟော့ကောင် ဘပု၊ မင်းကို ငါ မသေချာဘဲနဲ့ မပြောဘူးကွ၊ မင်းဗယ်စမ်း ငါပြမယ်''

ထိုစဉ် **ဦးဆန်းမောင်**က ဘပုထိုင်နေသည့် အိပ်စင်အောက်မှ အဝတ်သေတ္တာကို ရုတ်တရက် ဝင်၍ ဆွဲထုတ်လိုက်ရာ သေတ္တာနှင့် နံရံကြားတွင် ကပ်ထောင်ထားသော တက်ထရက်အလိပ် ခုလိပ်ခန့် ထွက်လာလေသည်။

သည်တွင် လက်ဆုပ်လက်ကိုင် မိခံရသော ဘပုမှာ မှုန်ထူသွားပြီး၊ **ဦးဆန်းမောင်**ကို တွန်းထုတ်ရင်း ...

''ခင်ဗျား ကျုပ်ပစ္စည်းကို မကိုင်နဲ့ဗျ၊ ခင်ဗျား သိပ်လူပါးဝတဲ့လူ''ဟု ပြောရင်း **ဦးဆန်းမောင်**ကို ရုတ်တရက် နှစ်ချက် သုံးချက် ဆင့်၍ ထိုးလိုက်လေသည်။ **ဦးဆန်းမောင်**မှာ အထိုက်ခံလိုက်ရသလို **ကိုအောင်မိုး**တို့မှာလည်း မမျှော်လင့်သော အဖြစ်ကြောင့် ရုတ်တရက် ငိုင်၍ သွားမိကြသည်။ သူတို့နှစ်ဦး၏ ရုတ်ရုတ်သဲသဲအသံကြောင့် အခြားအဖွဲ့သားများလည်း ရောက်ရှိလာကြ၏။ ဘပုခေါင်းရင်းက အိပ်စင်တွင် အိပ်နေသော **ကိုတင်မြင့်**ကမူ ကုတင်ပေါ်တွင် ခြေတွဲလွဲချထိုင်ရင်း အခြေအနေကို စောင့်ကြည့်နေလေသည်။

သည်တွင် ကြောင်၍ ရပ်နေမိသော **ကိုအောင်မိုး**မှာ မနေသာတော့ဘဲ ''ဟော့ ... ဘပု၊ မင်းတော့်တော့ကို လွန်ဘီထင်တယ်၊ ဟော့ .. ဘပု၊ ဦးဆန်းမောင်''ဟု၍ ပြောပြောဆိုဆိုဖြင့် သူတို့နှစ်ဦးကြားသို့ တိုးဝင်သွား၏။ ထိုစဉ် **ဦးဆန်းမောင်**မှာ မျက်မှန်ပြုတ်ထွက်သွားပြီဖြစ်သော်လည်း ဘပုထက် အရပ်အမောင်းကောင်းသူပီပီ နှစ်ချက် သုံးချက် ပြန်၍ ထိုးလိုက်ရာ ဘပုမှာ အထိနာသွားဟန်ဖြင့် သူ့ကုတင်ပေါ်သို့ ပြေးတက်သွား၏။ ပြီး ဘယ်လို စိတ်ကူး စိတ်သန်းပေါက်သွားသည်မသိ၊ သူ့အိပ်ရာဘေးတွင် မြှောင်၍ ချထားသော ရိုင်ဖယ်သေနတ်ကို ဆွဲယူမောင်းထိုးလိုက်ပြီး ...

''ကဲ ... ခင်ဗျားတို့ တစ်ယောက်မှ မလှုပ်နဲ့၊ အားလုံးကို ပစ်သတ်ပြီးမှ ကျုပ်သေမယ်၊ ကျုပ်ကို ဘာအောက်မေ့သလဲ''ဟု အားလုံးကို သေနတ်ဖြင့် ထိုးချိန်လိုက်လေသည်။

မမြော်လင့်သော အခြေအနေကြောင့် သူတို့အားလုံးမှာ မှင်သက်မိသလို ငေးကြောင်သွားကြ၏။ တစ်ယောက်မှ တုတ်တုတ်ပင် မလှုပ်ရဲအောင်လည်း ဖြစ်သွား၏။

"ဟား ... ဟား ... ဟား။ ဒီလိုဆိုတော့လဲ ကြောက်လိုက်ကြတာ၊ ဟား ... ဟား... ဟား။ ကဲ... ကျူပ်အခန်းထဲက လက်မြှောက်ပြီး ထွက်သွားကြစမ်း။ ဘာလဲဗျ ဦးအောင်မိုးရဲ့ ခင်ဗျားက ဆီးက ခြောက်လုံးပြူးကို အားကိုးတယ်ပေါ့လေ။ နည်းနည်းမှ မလှုပ်နဲ့နော် ဟား ... ဟား ... ဟား"

အရက်မူးသံဖြင့် ဟိန်း၍ ထွက်လာသော ဘပုရယ်သံက တဂျုံးဂျုံး ခုတ်မောင်းနေသော ဇင်ယော်စက်သံကို လွှမ်းမိုးသွား၏။

"ဒီမှာ ဘပု၊ မင်း သေနတ်ကို ချထား။ မင်းကို ပေးထားတဲ့သေနတ်ဟာ အချင်းချင်းကိုအန္တရာယ်ပြုဖို့ မဟုတ်ဘူးကွ၊ မင်း သေနတ်ကို ချထား"

ကိုအောင်မိုးက အခြေအနေကို ရိပ်စားမိပြီဖြစ်၍ သူ့အသံကို တတ်နိုင်သမျှထိန်းပြီး ဘပုကို သေနတ်ချခိုင်း၏။ သို့သော် ဘပုက သေနတ်ကို မောင်းထပ်ထိုးလိုက်ရင်း ...

"မချဘူးဗျ၊ ဘယ်တော့မှ မချဘူး။ ခင်ဗျားတို့ ကျူပ်အခန်းထဲက ထွက်သွားမှ ချမယ်၊ ထွက်သွားစမ်း။ အခု ထွက်သွားကြစမ်း။ ဟား ... ဟား .... ဟား"

သို့သော် အခြေအနေမှာ ရုတ်တရက် တစ်မျိုးပြောင်းသွားပါသည်။ အကြောင်းမှာ သူ့ကုတင်အနီး တွင်ရပ်နေသော ကိုတင်မြင့်က ဘပုကို ခုပ်အုပ်လိုက်ပြီး ...

"အားလုံး ဝပ်ချလိုက်၊ ဝပ်ချလိုက် "ဟု လှမ်းအော်လိုက်ခြင်းနှင့်အတူ သေနတ်ကို ဇင်ယော်ပြတင်းပေါက်များရှိရာသို့ ဦးတည်ပြီး ဝင်လုလိုက်လေသည်။ ထိုစဉ် အားလုံး ပြားကနဲ့နေအောင် ဝပ်ချလိုက်ကြရမှ ဒိုင်းကနဲ့ သေနတ်သံ ပေါ်လာပြီး ကိုအောင်မိုးလည်း ချက်ချင်းဆိုသလိုပင် ဘပုထံ ရောက်သွားလေသည်။ ပြီး ကိုတင်မြင့်ကို ပြန်လှန် လုံးထွေးနေသော ဘပုကို ဇိတ်ရှိ လက်ရှိ တစ်ချက် ရိုက်ချလိုက်ပြီး၊ သေနတ်ကို ဆွဲယူကာ ကိုလှဦးဘက်သို့ ပစ်ပေးလိုက်လေသည်။

ဘပုကား ကိုအောင်မိုး၏ လက်ချက်ဖြင့် ခွေခွေကလေး မေ့မြောကျသွား၏။ သူသည် မေ့ကျသွားသော ဘပုမျက်နှာကို ဆွဲယူ၍ အနံ့ခံလိုက်ရင်း ...

"ခွေးကောင်၊ အရက်ကို မသောက်ပါနဲ့လို့ ပြောလို့ကို မရတဲ့အကောင်၊ ဒီတစ်ခါတော့ မှတ်လောက် အောင် ဆုံးမရမယ်။ ကဲ .. ဒီကောင်ကို ဟို ငါးသူမိုးတွေထားတဲ့ အချုပ်ခန်းထဲ ထည့်ထား။ ထမင်း မကျွေးနဲ့၊ ကိုတင်မြင့်နဲ့သုံးယောက် လိုက်သွား။ ကျန်တဲ့လူတွေ သေနတ်ပါယူပြီး ဒီကို လာခဲ့ကြ"

ကိုအောင်မိုးအသံက အထူးတလည် ပြတ်သားနေ၏။ တကယ်တော့ ယခုကိစ္စမှာ ပေါ့ပေါ့ တန်တန်မဟုတ်၊ အဆင်မသင့်လျှင် အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ရုံမက သင်္ဘောပေါ်တွင် မလိုလား အပ်သော အရှုပ်အရှင်းမှုများအထိ ဖြစ်စေနိုင်လေသည်။

အခုပင် ဘပုသေနတ်ကြောင့် ဇင်ယော်ပြတင်းပေါက်အနီးရှိ သံဘောင်မှာ ချိုင့်ဝင်သွားပြီး ကျည်ဆံကိုပင် ရှာမရတော့။ အကယ်၍ ကိုအောင်မိုးတို့သာ အချိန်မှီ ဝပ်မချမိလျှင် ဘပု၏ မိုက်လုံး ကြီးမှု၏အကျိုးကို တစ်ယောက်ယောက်က ဝင်၍ ခံရဘွယ်ပင် ရှိပေသည်။

အလွန်မလိုလားအပ်သည့် ကိစ္စ၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် မည်သည့်နည်းနှင့်မှ မဖြစ်သင့် မဖြစ်ထိုက်သည့် ကိစ္စပင်တည်း။

သို့ကြောင့်လည်း ကိုအောင်မိုးမှာ ကျန်ပစ္စည်းများရရှိရေးအတွက် သူ့အဖွဲ့သားများကို လက်နက်

ပါကိုင်စေပြီး ဇင်ယော်တစ်စင်းလုံးကို ပိုက်စိပ်တိုက်ရှာရသည်အထိ အခြေအနေ ဆိုးရွားသွားလေသည်မှန်ပါသည်။ အကယ်၍ ပစ္စည်းဘိုးသူများအထဲတွင် အဖွဲ့သားအချို့ပါဝင်နေခဲ့သော် သူတို့ကလည်း ဘပုလိုပင် သေနတ်အားကိုးပြုခဲ့သော် ...

ကိုအောင်မိုးမှာ ဓါးသူခိုးများကို သက်စွန့်ဆံဖျား ဖမ်းရသည်ထက် အဆပေါင်းများစွာ ပူပန်မိရ၏။ ဘယ်တုန်းကမှ သည်မျှ မပူပန်မိသော ပူပန်ခြင်းမျိုးဖြင့် ချွေးပင် ဒီးဒီးကျရ၏။ တော်ပါသေး၏။ နောက်ဆုံး ပျောက်ရှသွားသည့် ပစ္စည်းအားလုံးကို ဇင်ယော်စက်ခန်းအတွင်းမှ တစ်ခုမကျန် ပြန်လည်ရရှိခဲ့ပေသည်။ အခြားမဟုတ်။ မောင်တင်အပါအဝင် အလုပ်သမားသုံးဦးက ဘပုနှင့်ပေါင်းပြီး ဦးဆန်းမောင်အလစ်မှာ ပစ္စည်းများကို အခုလို ကဲ့ဝှက်ထားကြခြင်းပင်တည်း။

မြင်းကောင်ရေ ၃၅၀ အားရှိသော ဇင်ယော်သင်္ဘောသည် စက်ရှိန်ကို အမြင့်ဆုံးတင်၍ တရိပ်ရိပ် ခုတ်မောင်းနေ၏။ သူ့နောက်နားတွင် ကြိုးတန်းလန်းဖြင့် ဆွဲယူလာသော ပဲ့ချိတ်မော်တော်တစ်စင်းကလည်း ဦးထောင် ခေါင်းစိုက်ဖြင့် ကပ်၍ ပါလာ၏။ ခပ်လှမ်းလှမ်းတွင်ကား ဓါးမိုးတန်ကေးသည် ဇင်ယော်ရေကြောင်းအတိုင်း ခပ်မှန်မှန်မောင်း၍ လိုက်ပါလာလေသည်။

ကိုအောင်မိုးတို့သည် ရွှေကျွန်းမှာ တစ်ရက်သာ နားပြီး ချက်ချင်းဆိုသလိုပင် ပြန်ထွက်ခဲ့ကြခြင်းဖြစ်၏။ သည်တခါတော့ ဓါးမိုးသမားများကို ဖမ်းဆီးရန် ထွက်လာခြင်းမဟုတ်။ အခြေအနေအရ မြိတ်စခန်းသို့ ပြန်လည် တပ်ခေါက်လာကြခြင်း ဖြစ်ပေသည်။ ဖမ်းမိထားသော ပဲ့ချိတ်နှင့် တန်ကေးအပြင် တရားခံ ၆-ယောက်ကို တရားဥပဒေအရ အရေးယူရန် မြိတ်သို့ ပို့ရမည်ဖြစ်၏။ အထူးသဖြင့် တရားခံများနှင့်အတူ ရမိသည့် မှောင်ခိုပစ္စည်းများမှာ တန်ဘိုးကြီးမားလှသဖြင့် ဖြစ်နိုင်လျှင် သက်ဆိုင်ရာသို့ အမြန်ဆုံး လွှဲပြောင်းအပ်နှံရန် လိုအပ်နေပေသည်။ သည့်ထက် အရေးကြီးဆုံး ပြဿနာမှာကား လုပ်ငန်းစည်းကမ်းဖောက်ဖျက်သူ ဘပုအား ဌာနဆိုင်ရာအနေဖြင့် အရေးယူ တင်ပြရန်ဖြစ်ပေသည်။

ကိုအောင်မိုး၊ ဦးဆန်းမောင်၊ နတ်လမ်းညွှန်ကိုလှဦးနှင့် ကိုတင်မြင့်တို့သည် လေတဖြူးဖြူး တိုက်နေသော ဇင်ယော်ပဲ့ဝင်ထက်မှာ ဝိုင်းဖွဲ့ထိုင်နေကြ၏။ ဦးတုလားကမူ သူ့ဝသီအတိုင်း မီးမရှိသော ဆေးပြင်လိပ်တိုကို ခဲပြီး၊ ဇင်ယော်ကို မောင်းနှင်း ပဲ့ပြင်နေလေသည်။

"ကျွန်တော် သဘောကတော့ ဘပုဟာ ဒီကိစ္စမှာ သူခေါင်းဆောင်ပြီး ပစ္စည်းတွေ ဘိုးတာလဲ မှန်တယ်၊ မူးမူး ရူးရူးနဲ့ ရှက်ရမ်း ရမ်းပြီး သေနတ်နဲ့ ခြိမ်းခြောက်တာလဲမှန်တယ်။ ဒါပေမယ့် ဒီကောင်ဟာ မမူးတဲ့အခါမှာ သိပ်သဘောကောင်းပြီး အလုပ်လုပ်ဆုံး လူတစ်ယောက်ဖြစ်လို့ သက်သက် ညှာညှာ စဉ်းစားသင့်တယ်လို့ ထင်ပါတယ်"

နတ်လမ်းညွှန်ကိုလှဦးက သူ့စားပွဲတွင် ထိုင်ပြီး ခဲတံတစ်ချောင်းဖြင့် ဟိုရေး သည်ရေးလုပ်ရင်း သူ့ထင်မြင်ချက်ကို ချပြလိုက်သည်။ သည်တွင် ကိုလှဦးစကားကို စူးစူးစိုက်စိုက်နားထောင်နေသော ကိုအောင်မိုးက ...

"ဒါကတော့ ခင်ဗျား သဘောထားဘဲ ဆိုကြပါစို့။ ဒါပေမယ့် သူ့ရဲ့ကိုယ်ထိလက်ရောက် စော်ကားမှုကို ခံရတဲ့ ဦးဆန်းမောင်အနေနဲ့လဲ ကြည့်ရအုံးမယ်။ ပြီးတော့ လုပ်ငန်းစည်းကမ်းကိုလဲ ကြည့်ရမယ်။

အထူးသဖြင့် ပစ္စည်းဘိုးတဲ့ ကိစ္စနဲ့ သေနတ်ကို အလွဲသုံးတဲ့ကိစ္စဟာ ဘယ်လိုမှ ခွင့်လွှတ်လို့မရနိုင်တဲ့ ကိစ္စဘဲဗျ၊ တာဝန်အရ ဖမ်းဆီးရမိတဲ့ ပစ္စည်းတွေကို ဒီလိုသာ ကျွန်တော်တို့က ကြားဖြတ်ပြီး ဘိုးကြေ တောင်းဆိုရင် ကျွန်တော်တို့ ပြည်သူ့ဝန်ထမ်းဆိုတာ ဘာအဓိပ္ပာယ် ရှိတော့မလဲ၊ သူ့ရှိလက်က ပြန်လုတဲ့ ‐မြေဘဲ ဖြစ်တော့မှာပေါ့၊ တာဝန်ပေးထားတဲ့ သေနတ်နဲ့ အရှင်းရှင်းကို ရန်တောင်တယ် ဆိုရင်လဲ ဒါဟာ လက်နက်ကို အလွဲသုံးစား လုပ်မှုဘဲဗျ"

ကိုအောင်မိုးက လေတဟူးဟူးတိုက်နေသဖြင့် တဖွားဖွားလွင့်ပျံနေသော သူ့ဆံပင်များကို သိမ်းတင်လိုက်ရင်း တစ်လုံးချင်း ပြောလိုက်သည်။ ပြီးတော့ ညှိမှောင်နေသော သူ့မျက်နှာနှစ်ဖက်ကို ပင့်တင်လိုက်ပြီး ပြဿနာကို အလေးအနက် စဉ်းစားနေလေသည်။ သည်တွင် ဦးဆန်းမောင်က ဘဂ လက်ချက်ဖြင့် မှန်တစ်ဖက် ကွဲကြေနေသော မျက်မှန်ကို မ,တင်လိုက်ရင်း ...

"အာစရိပြောတာတွေကို ကျွန်တော်အားလုံး ထောက်ခံပါတယ် အာစရိ၊ ဒါပေမယ့် ဘဂနဲ့ ကျွန်တော်တို့ဟာ အခုမှ တွဲလာကြတာ မဟုတ်ပါဘူး။ ကျွန်တော် ဘိတ်ကို ပြန်ရောက်ကတဲက သူနဲ့ တွဲလုပ်တာ သုံးနှစ်ရှိပါပြီ။ ကျွန်တော်အနေနဲ့ကတော့ သူ့ကို ခွင့်လွှတ်ဖို့ အဆင်သင့်ရှိပါတယ်၊ တခြား ကြောင့် မဟုတ်ဘူး။ ခု ကျွန်တော်တို့က ရုံးကိုစာတင်လိုက်မယ်ဆိုရင် ဒီကိစ္စဟာ သူ့အလုပ်ကိုပါ ထိခိုက် နိုင်တယ်၊ ဒီတော့ သူ့အတွက်ထက် သူ့ဇနီးမကျင်မြနဲ့ ခလေး,၅၊ယောက်ရဲ့ ရှေ့ရေးကို ကျွန်တော် တဝ စိတ်မကောင်းဘူး အာစရိ၊ ခုတော့ ဘာဘဲဖြစ်ဖြစ် သူ့ကို နှစ်ရက်တိတိ အချုပ်ခန်းထဲမှာ ထည့် ပြီးဘီ၊ ပြီးတော့ သူကလဲ နောင်တရပါပြီလို့ ပြောနေပြီဘဲ ဆရာရယ် "

ရိုးသားသလောက် ကြင်နာစိတ် အပြည့်ရှိသော ဦးဆန်းမောင်ကလည်း အုံ့အား သင့်ဘွယ် ကောင်းလောက်အောင်ပင် ဘဂဘက်က ရှေ့နေလိုက်နေပြန်သည်။ သို့သော် ပုဂ္ဂိုလ်ရေးထက် တာဝန် ဝိုင်းကို ဦးစားပေးလိုတန်ရှိသော ကိုအောင်မိုးက ...

"နေပါအုံး ဦးဆန်းမောင်၊ ဘဂက နောင်တရပါပြီဆိုတဲ့စကားကို ခင်ဗျားက ယုံလို့လား။ ခင်ဗျားတို့ ပြောလို့ဘဲ ကျွန်တော် ဒီကောင့်ကို အချုပ်ခန်းထဲက ထုတ်ပေးလိုက်ပြီ၊ တော်ကြာ ကြည့်၊ ဒီကောင် အရက်ပြန်သောက်ပြီး ဒီလိုဘဲ ဖြစ်အုံးမှာဘဲ ဦးဆန်းမောင် "

မှန်ပါသည်။ ဘဂတစ်ယောက် တကယ်နောင်တရ,မရ ဘယ်သူမှ မပြောနိုင်ပါ။ အခုပင် ပွဲစင် အတက်အဆင်းရှိ လှေကားဦးမှ ဘဂခေါင်းပြူ၍ ချောင်းမြောင်း နားထောင်နေသည်ကို ဘယ်သူများ သိပါလေစ။ မည်သို့ဆိုစေ ဘဂအား အရေးယူရေး မယူရေးကို နိဂုံးချုပ်လိုက်သည့်အခါ ကိုအောင်မိုးနှင့် ကိုတင်မြင့်က တစ်ဖက်၊ ဦးဆန်းမောင်နှင့် ကိုလှဦးက တစ်ဖက်။ သည်တော့ မကျေမနပ်ဖြင့် အခက် ကြုံနေရသော ကိုအောင်မိုးက ဦးကုလားကို စစ်ကူတောင်းရ၏။ အခုထိ တစ်လုံးတပါဒမှ ဝင်ရောက် စွက်ဖက်ခြင်း မရှိသည့် ဦးကုလား၊ လုပ်ငန်းတာဝန်မှ အပ ဖြစ်နိုင်သမျှ အေးဆေးတည်ငြိမ်စွာ နေ လေ့ရှိသည့် ဦးကုလား။

ထိုသဘော်သားကြီးဦးကုလားက ဘာပြောသည် ထင်ပါသနည်း။

"ဒါကတော့ ဆရာ့ ဆုံးဖြတ်ချက်အပေါ် တည်တာပါဘဲ၊ ကျွန်တော့် သဘောကတော့ ဒီကောင် ရှုးမှုးပြီး၊ တစ်ခါတလေ မိုက်မှားမိတာကို ခွင့်လွှတ်လိုက် "ပါတဲ့။

ပြတ်ပြတ်သားသား လုပ်မည်ဟု ဆုံးဖြတ်ထားသော ကိုအောင်မိုးမှာ နှုတ်ဆိတ်သွားပါသည်။ သည်နည်းဖြင့် ဘဂ လူကောင်းပြန်ဖြစ်နိုင်ပါ့မလားဟူသော စိတ်ဖြင့်လည်း သက်ပြင်းရှည်ကြီးကို ဖူးကနဲ

နေအောင်ပင် မှုတ်ထုတ် လိုက်မိလေသည်။

သူ မှုတ်ထုတ်လိုက်သော လေသည် တဟုးဟုးတိုက်နေသော လေဟုန်အကြားမှာ ရုတ်ခြည်း ပင် ပျောက်ကွယ်သွားပါသည်။ ထိုအတူ သူတို့အားလုံး၏ စကားသံများကလည်း အပြောကျယ်သော ပင်လယ်ပြင်မှာ အတန်ကြာအောင်ပင် ဆိတ်သုဉ်း ကွယ်ပျောက်သွားလေသည်။

တအောင့်ကြာတော့ ဇေးတီ ဇေးဝိုင် လုပ်နေသော **ဦးဆန်းမောင်က** ...

"အင်း ... ကျွန်တော်တို့ ခုလိုဖြစ်ရတာကို အရင်းစစ်ကြည့်ရင် ဘာမှမဟုတ်ဖူးဗျ၊ ဒီငွေးသူမိုး တွေကြောင့်ဘဲ၊ ကျွန်တော်တို့ဘက်က သယံဇာတပစ္စည်းတွေကိုယူ၊ ကျွန်တော်တို့လူတွေကိုတော့ ဘာမှ အသုံးမကျတဲ့ ဒီ,ဗီဒ်ခံပစ္စည်းတွေနဲ့ မြူဆွယ်၊ ဒါကိုသာ ကျွန်တော်တို့ ကြံကြံမခံနိုင်ရင်တော့ ကြာရင် ကျွန်တော်တို့ တိုင်းပြည်ပါ ခုကွရောက်ရမယ့် ကိစ္စဘဲ၊ ခုဘဲကြည့် အမြော်အမြင်မရှိတဲ့ ဘပု လိုကောင်က အချောင်သားကောင် ဖြစ်ရတာဘဲ "

**ဦးဆန်းမောင်က** သူ့မျက်မှန်ကို ချွတ်၍ ကွဲအက်သွားသော မှန်တစ်ချပ်ကို အပြန်အလှန် ကြည့်ရင်း တစ်ယောက်တည်း ညည်းညူလိုက်သည်။ **ကိုအောင်မိုးကမူ** သူ့စိတ်ကူးအလျှဉ်ကို လေဟုန် မှာ တင်၍ လွှင့်နေ၏။ နတ်လမ်းညွှန်ကိုလှဦးကား သူ့စားပွဲမှ ထရပ်လိုက်သည်။ ပြီးတော့ လေအေး တစ်ချက်ကို ပြင်းပြင်း ရှူလိုက်ရင်း ...

"အေးပေါ့ဗျာ၊ ကျွန်တော်တို့ တိုင်းပြည်ကလဲ ကိုယ့်ရှိတဲ့ သဘာဝ သယံဇာတကို တတ်နိုင်သမျှ အသုံးချဘို့ လိုတာပေါ့။ ဥပမာ ငါးဖမ်းသင်္ဘောအပြောက်အများ ဝိုင်းရံထားတဲ့ စက်ရုံသင်္ဘောကြီးနဲ့ ငါးစည်သွတ်တာ၊ အခြောက်လှမ်းတာမျိုးကို အောတိုက်ပြီး လုပ်ဖို့လိုတယ်။ ဒီလို ကိုယ်က ကျယ်ကျယ် ပြန့်ပြန့် မထုတ်လုပ်နိုင်တော့လဲ သူများ ချယ်လှယ်သမျှ ခံနေရတာပေါ့။ ခင်ဗျား ကြည့်စမ်း၊ ကျွန်တော်တို့ တိုင်းပြည်မှာ နတ်မြစ်ဝကနေ ကော့သောင်အထိ အလံတစ်ရာရေနက်မှာ ငါးဖမ်းနိုင်တဲ့ အကျယ်အဝန်း ဟာ စတုရန်းမိုင်ပေါင်း ခြောက်သောင်းလေးထောင်ကျော်ရှိတယ်လို့ ကျွန်တော်လေ့လာဘူးတယ်။ အထူးသဖြင့် ဒီဟိတ်ကျွန်းစုတွေဟာ မိုးရေချိန်ကကောင်း၊ မြေဩဇာကလဲရှိတော့ ငါးဟာ ကျွန်တော်တို့ မဟာတစ်ပြည်လုံး စားမကုန်နိုင်တဲ့အပြင် ကမ္ဘာကိုတောင် တင်ပို့နိုင်တဲ့ အခြေအနေမှာ ရှိတယ်၊ ဒါပေမယ့် ကျွန်တော်တို့ပြည်သူတွေဟာ လူတစ်ယောက်ကို တစ်နေ့ ငါး,ရှစ်ကျပ်သားလောက် စားမှ အာဟာရ ပြည့်မယ်လို့ ဆိုကြပေမယ့်၊ ခုတော့ နှစ်ကျပ်သားလောက်ဘဲ စားနေကြရတယ်၊ ဒါကိုဘဲ ကြည့်တော့ဗျာ"

**ဦးဆန်းမောင်နှင့် ကိုလှဦးက** ငါးအကြောင်း စကားကောင်းနေကြ၏။ **ကိုအောင်မိုးကမူ** သူတို့ ပြောစကားကို နားထောင်ရင်း တွေးကောင်းကောင်းနှင့် တွေးနေဆဲ။ တကယ်တော့ မြန်မာပြည်နှင့် ငါးဖမ်းလုပ်ငန်းအခြေအနေကို သူစိတ်မဝင်စား၍ မဟုတ်။ သူမသိမလေ့လာဘူး၍လည်းမဟုတ်။ သို့သော် သူ့မှာ တာဝန်ရှိသူပီပီ ဘပုအရေးက ခေါင်းထဲ ဝင်နေ၏။ ဘပုကို အရေးမယူဘူးလား။ သည်တစ်ခေါက် ကင်းပြန်ထွက်လျှင် သူ့ကိုခေါ်၍ ဖြစ်ပါ့မလား။ **ဦးကုလားက** သူ့သင်္ဘောသားတွေကိုတော့ အရေးယူ မည်ဆိုလျှင် ဘပုကိုကော ဘာ့ကြောင့်အရေးမယူသင့်သလဲ။

**ကိုအောင်မိုး** သို့ကလို စဉ်းစားနေခိုက် **ဦးဆန်းမောင်နှင့် ကိုလှဦးက** မြိတ်ပင်လယ်မှာ ငါး ဘာ့ကြောင့် ပေါရသလဲဟူသည့် မေးခွန်းကို ဆွေးနွေးနေကြ၏။ ကိုလှဦးက မြိတ်ကျွန်းစုမှာ မိုးရေချိန် လက်မ ၁၆၀ ကျော်အထိ ရွာသွန်းသဖြင့် မြေဩဇာများ ပင်လယ်တွင်းသို့ ကောင်းစွာ စီးဝင်နိုင်သော ကြောင့် ငါးများအတွက် အစာပေါပြီး၊ ငါးပေါရခြင်း ဖြစ်သည်ဟု ဆို၏။ ထိုအချက်ကို သိပ္ပံဘာသာတွဲ

ဖြင့် ဥပစာတန်းအောင်ခဲ့ရုံမက မြိတ်သားစစ်စစ်ဖြစ်သူ **ဦးဆန်းမောင်က** အခုလို အကျေအလည် ရှင်းပြလေသည်။

''ဟုတ်တယ် ကိုလှဦး၊ ခင်ဗျားပြောတာလဲ မှန်တယ်၊ ဒါကို ရှင်းအောင် ပြောရရင် ပင်လယ်မှာ ရှိတဲ့ သတ္တဝါတွေအားလုံးဟာ ပလင့်တန်လို့ခေါ်တဲ့ ရေမျောသတ္တဝါတွေကို မှီခိုနေကြရတယ်၊ ဒီ ပလင့်တန်လို့ဆိုတဲ့ နေရာမှာလဲ အပင်မျောလေးနဲ့ အကောင်မျောလေးရယ်လို့ နှစ်မျိုးရှိတယ်ဗျ၊ ကျွန်တော်တို့ကတော့ ဒါတွေကို သိမ်းကျုံးပြီး ရေညှိရေမှော်တွေလို့ ခေါ်ကြတာပေါ့ဗျာ၊ ဒီရေညှိရေမှော် တွေဟာ ပင်လယ်ရေစီးကြောင်းအလိုက် မျောပါနေကြတယ်။ ဒါကို အားပေးအားမြှောက်ပြုတာကတော့ ခုနက ခင်ဗျားပြောတဲ့ မြေဩဇာဓါတ်တွေဘဲ၊ ဒီဓါတ်တွေဟာ ကျွန်တော်တို့ ဘိတ်ပင်လယ်မှာ အထူးပေါ များရုံတင်မကဘူး၊ ပင်လယ်ရေ အတိမ်အနက်ကလဲ အနေအတော်ဖြစ်နေတော့ လည်ပတ်လို့ ကောင်း တယ်။ ပြီးတော့ ကျွန်းတွေကလဲ ပေါလွန်းတော့ ငါးတွေအတွက် လေဒဏ် မိုးဒဏ်က အကာအကွယ် ပေးထားသလို ဖြစ်နေတာပေါ့ဗျာ''

**ဦးဆန်းမောင်က** တကယ့်သိပ္ပံပညာရှင်ကြီးတစ်ယောက်ပမာ ရေညှိရေမှော်နှင့် မြိတ်ပင်လယ်၏ ထူးခြားချက်လက္ခဏာများကို အသေးစိတ်ရှင်းပြနေ၏။ သူရှင်းပြ ပြောဆိုနေပုံမှာ တစ်နေ့က ဘပုနှင့် တစ်စုံတစ်ရာ အချင်းပွားမှု လက္ခဏာပင် အလျဉ်းမရှိဘဲ အလွန် စိတ်ဝင်စားသည့် ဟန်ပန်အနေအထား မျိုးဖြစ်၏။ သို့သော် သူတို့နှစ်ယောက်ပြောစကားကို တစ်ချိန်လုံး ထိုင်နားထောင်နေသော **ကိုတင်မြင့်** က မဆီမဆိုင် ဝင်ဖောက်လိုက်ပါသည်။

''အင်းပေါ့ဗျာ၊ ဦးဆန်းမောင်က ပလင့်တန်လို့ခေါ်တဲ့ ရေညှိရေမှော်တွေအကြောင်းကို လေ့လာ ထားပုံထောက်တော့ သူဟာ ဒီရေညှိတွေကို စားဘို့ ကြံစည်နေသလားမှ မသိဘဲ ''

ရင်အုပ်ကျယ်ကြီးဖြင့် စားပွဲပေါ်မှာ တစ်ပလ္လင်ထိုင်ပြီး ခပ်တည်တည် နောက်လိုက်သော **ကိုတင်မြင့်** စကားကြောင့် **ဦးဆန်းမောင်မှာ** အရှိန်ပျက်ပြီး ခပ်ကြောင်ကြောင် ဖြစ်သွားရာမှ ...

''ကိုတင်မြင့် ဘုတ်ဆာပြောတယ် ''ဟု မြိတ်စကား,လုံးလုံးဖြင့် လှမ်းမေးလိုက်ပါသည်။ မြိတ်စကား'ဘုတ်ဆာ'ဆိုသည်မှာ အဘယ်ဥစ္စာ၊ သို့မဟုတ် ဘာပြောတယ် ဟု ဆိုလိုရင်းဖြစ်လေသည်။ သည်တွင် **ကိုတင်မြင့်က** စားပွဲပေါ်မှ ဆင်းပြီး၊ တဟားဟားရယ်ရင်း''ဘုတ်ဆာမှ မပြောပါဘူး ဆရာ ရယ်၊ ခင်ဗျား ရေညှိစားဘို့ ကြံစည်နေသလားလို့ ပြောတာပါ။ ကဲပါ ထမင်းဆာလှဘီဗျ၊ ထမင်းစားကြ ရအောင် ဆရာရော ထမင်းစားတော့မယ် မှုတ်လား''

**ကိုးတင်မြင့်က** ပြောပြောဆိုဆိုဖြင့် ပုံ့စင်ထက်က ဆင်းရန် တန်ပြင်လိုက်သည်။ သည်တွင် အားလုံး ကလည်း **ဦးကုလားကို** မကြာခင် ထမင်းစားရန် အလှည့်ပေးမည်ဖြစ်ကြောင်း ပြောဆိုပြီး ထမင်းစား ခန်းသို့ ဆင်းလာခဲ့ကြလေသည်။

အချိန်မှာ နံနက် ၁၁ နာရီခန့် ရှိပေပြီ။ ရွှေကျွန်းမှ ထွက်ခွာလာသော **ဇင်ယော်သည်** တမြန်နေ့က သူတို့ရောက်ခဲ့ကြသည့် ဆွင်တန်ကျွန်းစုများကို ကျော်ဖြတ်၍ ဘုတ်ပြင်းနယ်စပ်သို့ ဦးတည်နေလေပြီ။ မိုးသား ကင်းစင်ပြီး နေရှိန်က အတန်ငယ် မြင့်လာသည့်တိုင် ပင်လယ်လေက တဖြူးဖြူး တိုက်ခတ် နေသဖြင့် နေ၍ ထိုင်၍ အလွန်ကောင်းသည့်အချိန်လည်း ဖြစ်ပေသည်။

**ကိုအောင်မိုးသည်** ထမင်းစားပွဲထိပ်တွင် ထိုင်ရင်း၊ သူ့အဖွဲ့သားများ စုံ,မစုံကို သိုင်းမြှံ ကြည့် လိုက်၏။ စားပွဲနောက်နားတွင် ခပ်ရှိုရှိုထိုင်နေသော ဘပုကိုမြင်လိုက်သဖြင့်လည်း အကဲခတ်သလို

အမူအရာဖြင့် တစ်ချက်စိုက်၍ ကြည့်လိုက်လေသည်။ ဘပုကလည်း သူ့ကို **ကိုအောင်မိုး**က အကဲခတ်မှန်းသိသဖြင့် မလုံမလဲ အမူအရာဖြင့် တစ်ဖက်သို့ ခေါင်းငုံ့သွားသည်။ သို့ရာတွင် **ကိုအောင်မိုး**သည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် ဘပုကိစ္စကို ခေါင်းထဲမှ အရှင်းဖယ်ထုတ်လိုက်ပြီး၊ ဟင်းချိုတစ်ဇွန်းကိုခပ်၍ သောက်လိုက်လေသည်။

''အင်း ... ဟင်းချိုကတော့ ကောင်းပုံဘဲဗျို့ ဒါပေမယ့် ဆားပေါ့နေတယ်၊ ကိုဘအေး ဆားနည်းနည်းပေးဗျာ၊ ဒါနဲ့ ဦးဆန်းမောင် လုပ်စမ်းပါအုံးဗျ၊ ခင်ဗျားတို့ ရေညှိရေမှော်ကိစ္စ မဆက်တော့ဘူးလား''

**ကိုအောင်မိုး**က သူ့ညာဘက်ထိပ်တွင် ထိုင်နေသော **ဦးဆန်းမောင်**ကို တလှည့်၊ ခပ်လှမ်းလှမ်းရှိ **ကိုတင်မြင့်**ကို တလှည့် ကြည့်ရင်း စကားတိုင်လိုက်သည်။ သည်တွင် **ဦးဆန်းမောင်**က ငါးပြုတ်ကြော်တစ်ပိုင်းကို ခပ်ယူလိုက်ရင်း ...

''ဒါကိုပြောနေတာပေါ့ အာစရိရဲ့၊ ဗိုလ်တင်မြင့်က ရေညှိ ရေမှော်ကိစ္စကို ပေါ့ပေါ့သေးသေး ထင်နေတယ်။ တစ်နေ့ ကမ္ဘာမှာ စားနပ်ရိက္ခာ အခက်အခဲရှိလာရင် ဒီပလင့်တန်တွေဟာ ကမ္ဘာ့အစားအစာတွေ ဖြစ်လာမယ်လို့ သိပ္ပံပညာရှင်တွေက ဆိုထားတာဘဲ၊ ဒါကို ဗိုလ်တင်မြင့်က ဘုတ်ဆာမှတ်လဲ မသိဘူး''

**ဦးဆန်းမောင်၏** နောက်ဆုံးစကားကြောင့် အားလုံးက ပြုံးစိစိလုပ်မိကြသည်။ **ကိုအောင်မိုး**ကလည်း ခပ်ပြုံးပြုံးလုပ်ရင်း ...

''ဒါပေါ့ဗျ၊ ခုလဲ ဘာထူးလို့လဲ၊ ကျွန်တော်တို့ဟာ ဒီရေညှိ ရေမှော်တွေကို တိုက်ရိုက်မဟုတ်ပေမယ့် သွယ်ဝိုက်တဲ့နည်းနဲ့ စားနေကြတာဘဲ မှတ်လား။ ပင်လယ်မှာ အပင်မျောလေးကို အကောင်မျောလေးက စား၊ အကောင်မျောလေးကို သူ့ထက်ကြီးတဲ့အကောင်က စား။ ဒီကောင်တွေ သေကြပြန်တော့ ဩဂဲနစ်လို့ခေါ်တဲ့ ရုပ်ဝတ္ထုတွေပြန်ဖြစ်၊ သူတို့က တစ်ခါ အပင်မျောလေးဖြစ်နဲ့ စက်ဝန်းလည်သလို လည်နေကြတာဆိုတော့ ဒီအပင်မျောလေးတွေကိုသာ စားနိုင်တဲ့ အဆင့်ရောက်ရင် ကမ္ဘာ့စားနပ်ရိက္ခာအတွက် ပူစရာမရှိဘူးပေါ့ဗျာ၊ ဗျို့ ကိုဘအေး လုပ်အုံးဗျ ဆား''

**ကိုအောင်မိုး**ကလည်း ပင်လယ်မှာ အခြေခံ အကျဆုံးနှင့် အဓိကအကျဆုံးဖြစ်သည့် ပလင့်တန်အကြောင်းပြောရင်း ပေါ့နေသော ကြာဇံဟင်းခါးအတွက် ဆားတောင်းပြန်သည်။ သည်တွင် အစုထိတစ်လုံးတပါးမှ ဝင်မပြောသေးဘဲ ထမင်းကိုသာ ကုန်းလွေးနေသော **ကိုလှဦး**က ...

''အေးဗျ ဆားပေါ့နေတယ်၊ ပြီးတော့ ရေတ်ကောင်းမှုန့်လဲ နည်းနည်းပေးအုံးဗျ ကိုဘအေး၊ ဒါနဲ့ ဆားဆိုလို့ ဂျပန်မှာ ကျောက်ခက်ကရတဲ့ ဆားကို စားပွဲတင်ဆားအဖြစ် သုံးတယ်လို့ ကြားဘူးတယ်၊ အဲဒါကကော ဘယ်လိုလဲဗျ ဦးဆန်းမောင် ''

''ဒါကတော့ စားလို့ရတဲ့ ကျောက်ခက်လဲ ရှိတာကိုး။ ဂျပန်မှာ စားလို့ရတဲ့ ကျောက်ခက် ဆယ်နှစ်မျိုးကို လေ့လာစူးစမ်းပြီး ပင်လယ်မှာ စိုက်ထားတယ်။ ဒီအထဲက တချို့ကို ချက်စားတယ်၊ တချို့ကို အနံ့အသက်ကောင်းအောင် ဟင်းထဲ ထည့်တယ်၊ တချို့ကျတော့ အမှုန့်ထောင်းပြီး စားပွဲတင်ဆားအဖြစ် သုံးတာ၊ ရိုးရိုးဆားထက် ပိုချိုတယ်လို့ ဆိုတယ်ဗျ''

''ဒါပေါ့ဗျာ၊ တော့ ဘပု မင်းဘက်မှာ ဟင်းတွေ ကုန်နေဘီထင်တယ်၊ ရော့ .. ဒီမှာ ငါးကြော်တွေ ရှိသေးတယ်၊ တကယ်တော့ ပင်လယ်မှာ စားစရာတွေ တစ်ပုံပါဘဲဗျာ၊ ကျွန်တော်တို့ မစားတတ်လို့ ဒါမှမဟုတ် စားရမှန်းမသိသေးလို့သာ ဖြစ်ရမယ်၊ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံမှာ မိုင်းပေါင်း

နှစ်ထောင်ရှည်တဲ့ ပင်လယ်ကမ်းရိုးတန်းကြီးရှိနေတော့ ပင်လယ်ထွက်ပစ္စည်းတစ်ခုထဲကိုဘဲ သေသေချာချာ အသုံးချနိုင်ရင် နည်းတဲ့ သယံဇာတတွေလားဗျာ၊ တကယ်တော့ မြေတစ်ဧက တိုးချဲ့တာထက် အများကြီး အကျိုးရှိတဲ့ အလုပ်ဖြစ်လို့ ကျွန်တော်တို့ဟာ ပင်လယ်ကို သိပ်စိတ်ဝင်စားဘို့ ကောင်းပြီပေါ့ "

ကိုအောင်မိုးက ငါးကြော်ပန်းကန်ကို ဘပုဘက်သို့ လှမ်းပေးလိုက်ရင်း မြန်မာ့ပင်လယ်၏ အခန်းကဏ္ဍကို တင်ပြလိုက်သည်။ ပြီးတော့ အနီးရှိ သွားကြားထိုးတံတစ်ချောင်းကို ယူပြီး စားပွဲမှမထသေးဘဲ လက်တစ်ဖက်နှင့်အုပ်ကာ သွားကြားထိုးနေ၏။ ဘပုကမူ ကိုအောင်မိုးကို တစ်ချက် ဖွေ့စောင်းကြည့်ပြီး ခပ်တည်တည်နှင့် ထမင်းစားမြဲ စားနေ၏။ တကယ်တော့ ဘပု၏အပြုအမူကို ဘယ်သူမှ ဂရုမထားမိဘဲ **ဦးဆန်းမောင်က** စကားဆက်၏။

"အာစရိပြောတာ သိပ်မှန်တာပေါ့ အာစရိ၊ ကျွန်တော်တို့ ပင်လယ်ထွက်ပစ္စည်းဆိုတာ အစားအစာအတွက်သာ မဟုတ်ဘူး။ ဆေးဘက်ဝင်တာတွေလဲ အများကြီးရှိတယ်၊ ဥပမာ ငပုတင်းရဲ့သည်းခြေဟာ လူကိုသေစေနိုင်တဲ့ အဆိပ်ဘဲ၊ ဒါပေမယ့် ဒီအဆိပ်ကို တက်ထရိုဒိုဇင်ဆိုတဲ့ ဆေးဖော်ပြီး အလွန်နာကျင်တဲ့ဝေဒနာကို ကုသပေးနိုင်တယ်။ တစ်ချိန်ထဲမှာဘဲ နောက်ဆုံး အခြေအနေရောက်နေတဲ့ ကင်ဆာရောဂါကိုတောင် ဒီဆေးနဲ့ ကုနေကြတယ်လို့ ကျွန်တော် ဂျာနယ်တစ်ခုမှာ ဖတ်လိုက်ရတယ်ဗျ"

**ဦးဆန်းမောင်ကလည်း** သူဖတ်ဖူး၊ မှတ်ဖူးသမျှကို တစ်ဖက်က ပြောရင်း နောက်ဆုံး ထမင်းတစ်လုပ်ကို ကုန်းလွေးလိုက်သည်။ ပြီးတော့ ဘပုပင်စားသောက်ပြီး ခန်းမထဲမှ ထွက်သွားပြီး ဖြစ်၍ သူကိုယ်တိုင်လည်း စားပွဲမှ ထလိုက်သည်။ သည်တွင် စကားစပ်မိကြရာမှ ပင်လယ်အကြောင်းကို အထူးစိတ်ဝင်စားနေဟန်ရှိသော ကိုလှဦးက

"အေးဗျာ၊ ကျွန်တော်လဲ ဒီတာဝန်နဲ့ ပင်လယ်မှာ သွားလာနေတာ သုံးနှစ် သုံးမိုးတောင် ရှိပြီ။ ဒါပေမယ့် မသိတာတွေက အများကြီးရှိသေးတယ်ဗျ၊ တလောက ဆရာဦးအောင်မိုး ဖတ်နေတဲ့ အဖ္ဖာဝါဇေဆိုတဲ့ စာအုပ်မှာ ပင်လယ်ရေ ကုဗတစ်မိုင်ရဲ့ ထွက်ကုန်ပစ္စည်းတွေကို ရေးထားတာ မနည်းပါလားဆရာ၊ ဘာတဲ့ ... ရေကုဗတစ်မိုင်မှာ ဆား,ဂါလံသန်းတစ်ရာကျော်၊ ပြီးတော့ ရွှေက ဘယ်နှစ်တန်ဆိုလား"

"ဟုတ်တယ် ကိုလှဦး၊ ရွှေက နှစ်ဆယ့်ငါးတန်၊ ငွေက လေးဆယ့် ငါးတန်၊ ယူရေနီယံက ခုနစ်တန်၊ ထုံးခြောက်က တန်ဆယ့်ခုနစ်သန်းနဲ့ ကြေးနီ ခဲ မဂ္ဂနီး သွပ်စတဲ့ အဖိုးတန်ဓါတ်သတ္တုတွေလဲ အများကြီးထွက်တယ်ဗျ။ ဒါကြောင့် ကျွန်တော်တို့ဟာ တိုးပွားလာမယ့် လူဦးရေကို ချိန်ပြီး ပင်လယ်မှာ စီးပွားရှာတဲ့အလုပ်ကို စတင်သင့်ပြီလို့ ပြောနေတာပေါ့"

**ကိုအောင်မိုးစကားအဆုံးမှာ** အားလုံး ခေတ္တငြိမ်သွား၏။ သည်တော့မှ ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့ သွားနေသော **ဇင်ယော်စက်သံကိုကြားလာရ၏။** ထိုစဉ် တစ်ဖက်ဘေးတွင် ခပ်ရှုံ့ရှုံ့ရပ်နေသော **ကိုတင်မြင့်က** ရုတ်တရက် "ကဲ ... ရေညှိစားမယ့် ကိုဘုတ်ဆာကြီး သွားကြစို့၊ ဟိုမှာ ဦးကုလားထမင်းဆာရော့မယ် "ဟု ဝင်နောက်နေပြန်သဖြင့် အားလုံးမှာ ရယ်ကျဲကျဲ ဖြစ်သွားပြီး ကုန်းပတ်ပေါ်သို့ တက်ခဲ့ကြသည်။ သို့သော် **ဦးဆန်းမောင်ကမူ** မကျေမနပ်ဖြင့် **ကိုတင်မြင့်ကို** လှည့်ကြည့်ရင်း ...

" ဒီမှာ ဖိုးတင်မြင့်၊ မောင်ရင်က ရေညှိစားရတာကို ပြောနေတယ်၊ ဒီမှာ မောင်ရင်မှတ်ထား။ အစာရေစာ အခက်အခဲရှိလို့ နိုင်ဂိတ်သားတွေ ရေညှိစားနေရရင်၊ မောင်ရင်တို့ အညာသားတွေက

“ ပင်လယ်မှာရှိတဲ့ သတ္တဝါတွေ အားလုံးဟာ ပလင့်တန်လို့ခေါ်တဲ့ ရေမျောသတ္တဝါတွေကို မှီခိုနေကြရတယ်။ ဒီပလင့်တန်လို့ဆိုတဲ့ နေရာမှာလဲ အပင်မျောလေးနဲ့ အကောင်မျောလေး ရယ်လို့ နှစ်မျိုးရှိတယ်ဗျ။ ”

မြက်ခြောက်ပဲ ငါးနေရမယ်မှတ်။ ဘုတ်ဆာမှတ်လို့လဲ” ဟု သွားရင်း လာရင်း သူ့ဘုတ်ဆာကို ပြောမိအောင် ပြောသွားပြန်သဖြင့် အားလုံးမှာ အသံထွက်အောင်ပင် ဝိုင်းရယ်မိကြရလေသည်။

ဇင်ယော်သည် ဘုတ်ပြင်းနယ်တွင်းသို့ ရောက်၍ လက်စွပ် အော်ကျွန်းကြီးကိုပင် ဖြတ်မောင်း နေလေပြီ။ လေမှာ စောစော ကထက် အနည်းငယ် ပြင်းလာသဖြင့် လှိုင်းခေါင်းဖြူများမှာ အချင်း ချင်း ပြေးလွှားကစားနေကြ၏။ ကြည်လင် ဝင်းပသော မိုးကောင်း ကင်မှ တောက်ပစွာ ထွန်းလင်းနေသော နေရောင်ကြောင့်လည်း လှိုင်းခေါင်းဖြူများမှာ စိန်ရောင်၊ ရွှေရောင်၊ ငွေရောင်တို့ဖြင့် ပြိုးပြိုး ပြက်နေလေသည်။

ကိုအောင်မိုးတို့သည် ပင်လယ်သယံဇာတအကြောင်း ပြောနေရာမှ မြိတ်ရေထွက်ပစ္စည်းများအကြောင်း ရောက်သွား ပြန်၏။ ငါးကြီးအနံဖတ်ကို မိုးဦးလေဦးမှာ ဘယ်လို ဆယ်ယူရရှိ သည့်အကြောင်း၊ မည်မျှ တန်ဘိုးကြီး၍ မည်မျှ အသုံးဝင်ကြောင်း။ ပြီးတော့ ငမန်းတောင်များကို နိုင်ငံခြားသို့ ခိုးထုတ်နေသဖြင့် တိုင်းပြည်အတွက် မည်မျှနစ်နာကြောင်း၊ ပြီးတော့ ငါးစီဖေါင်း စားကောင်းပုံအကြောင်းနှင့် ငှက်သိုက်အကြောင်း စသည်များကို စကားပြောရင်းနှင့်ပင် နောက်တစ်နေ့နံနက်ပိုင်းမှာ မြိတ်ဆိပ် ကမ်းသို့ ရောက်ခဲ့ကြလေသည်။

ကိုအောင်မိုးသည် မြိတ်သို့ရောက်သည်နှင့် ဖမ်းမိခဲ့သော မှောင်ခိုပစ္စည်းများနှင့် မော်တော်၊ တန်ကေးစသည်များကို သက်ဆိုင်ရာဌာနများသို့ ချက်ချင်းပင် သွားရောက်အပ်နှံလိုက်၏။ ပြီး ငါးမိုးသမားတရားခံများကို ခေါ်ဆောင်ပြီး သူ့ရုံးသို့ ရောက်ရှိ ချိန်မှာကား နံက် ၁၁– နာရီခန့်ပင် ရှိချေပြီ။

“ဒီပါဘဲ ဆရာ၊ ကျွန်တော်တို့ သဲသဲမဲမဲ လိုက်နေတဲ့ ဖေင်းကိုတော့ မရခဲ့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ စုဆောင်းရရှိတဲ့ သဲလွန်စတွေအရဆိုရင်တော့ ဒီကောင်ဟာ ငါးခိုးတန်ကေး ဆယ်စီးလောက်နဲ့ ဂိုဏ်းဖွဲ့ပြီး ကျွန်တော်တို့ပင်လယ်က ငါးတွေကို နိုင်ခံဖမ်းနေတယ်လို့ သိရတယ်။ လက်နက်လဲ အပြည့်အစုံပါ တယ်၊ ပြီးတော့ သူ့ရဲ့ကိုယ်စားလှယ်အထောက်တော်တွေကိုလဲ ဘိတ်မှာ တချို့၊ ကော့သောင်းမှာလဲ တချို့ထားတယ်လို့ နောက်ဆုံး အခုဖမ်းမိလာတဲ့ တရားခံတွေဆီက သတင်းရထားတယ် ဆရာ။ ဘာဘဲဖြစ်ဖြစ် ကျွန်တော်တို့လဲ မျက်ခြည်မပြတ်လိုက်နေတာ ဆိုတော့ တစ်ချိန်ချိန်မှာတော့ ဒီဖေင်းနဲ့ သေချာပေါက် တွေ့ရလိမ့်

မယ်လို့ ထင်တာဘဲ ''

**ကိုအောင်မိုး**သည် လုပ်ငန်းကြီးကြပ်ရေးဝန်ထောက်ဖြစ်သူ သူ့အထက်အရာရှိအား သို့ကလို အစီရင်ခံလိုက်သည်။ သို့သော် ဘပုအကြောင်းနှင့် ပတ်သက်၍မူ တစ်လုံးတပါဒမှ ထည့်၍ မပြော။ ပြီးတော့ အစီရင်ခံစာ ရေးသားတင်ပြရာတွင်လည်း အစ အနကိုမျှ ထည့်၍ မရေးချေ။ ဤသည်မှာလည်း **ဦးဆန်းမောင်နှင့် ဦးကုလားတို့၏** ရှေ့နေလိုက်မှုကြောင့်လည်းကောင်း၊ သူကိုယ်တိုင်က ဘပုအပေါ် နောက်ဆုံး ခွင့်လွှတ်ခြင်းအနေဖြင့် ခွင့်လွှတ်လိုက်၍သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

သို့ကြောင့်လည်း သူသည် လုပ်ငန်းအခြေအနေကိုသာ အကျဉ်းရုံး အစီအရင်ခံပြီး အခန်းတွင်းမှ ထွက်ရန် တန်ပြင်လိုက်လေသည်။ သည်တွင် ပနံးတွင် ကြယ်သုံးပွင့်တပ်ထားပြီး နားထင်နှစ်ဖက်တွင် ဆံပင်ဖြူအစအနများဖြင့် အသက်အတန်ရနေဟန်ရှိသော သူ့အထက်အရာရှိ**ဦးမြမောင်**က မျက်မှန်အိုကြီးကို နဖူးပေါ် ဆွဲတင်လိုက်ရင်း ...

''အေးဗျာ ... ခင်ဗျားတို့ ဘယ်လောက် ကြိုးစားပမ်းစား လုပ်ကြ ကိုင်ကြရတယ်ဆိုတာ၊ ကျွန်တော်နားလည်ပါတယ်၊ အဲကြောင့်လဲ ခုလောက်ရက်ပိုင်းမှာဘဲ ဒီလောက် ပစ္စည်းတွေနဲ့ လူတွေကို ရမိခဲ့တာပေါ့။ နို့ပေမယ့် လုပ်တဲ့ကိုင်တဲ့နေရာမှာတော့ သတိဝိရိယထားပြီးလုပ်ဗျာ၊ ကဲ .. ကဲ ခင်ဗျားလဲ ပင်ပန်းလာရှာမယ်၊ ပြန်ပြီး နားပေအုံးတော့''ဟု ဆိုကာ သူကိုယ်တိုင်ထ၍ **ကိုအောင်မိုး**ကို နှုတ်ဆက်လိုက်သည်။

**ဦးမြမောင်၏** စကားမှာ လူကြီးတစ်ယောက်အနေဖြင့် ရိုးရိုးသားသားပင် သတိပေးခြင်းလော၊ သို့မဟုတ် အကြောင်းထူးတစ်စုံတရာရှိ၍ သတိဝိရိယထားရန် ပြောခြင်းလောဟု **ကိုအောင်မိုး** ခွဲခြား မသိနိုင်ချေ။ မည်သို့ဆိုစေ သူသည် ခရီး အတန်ငယ်ပန်းလာပြီဖြစ်၍ **ဦးမြမောင်**ကို နှုတ်ဆက်ပြီး မြိတ်မြို့ ကန္တားလမ်းရှိ သူငှားရမ်းနေထိုင်ရာအိမ်သို့ တစ်ယောက်တည်းပင် ထွက်လာခဲ့လေသည်။

တကယ်တော့ သူငှားရမ်းနေသည့်အိမ်ဆိုသည်မှာ သူ တစ်ယောက်တည်း ငှားနေခြင်းမဟုတ်၊ သူ့လိုပင် လူပျိုလူလွတ် တစ်ယောက်ဖြစ်သူ ကျန်းမာရေးဌာနမှ ကျန်းမာရေးအရာရှိ **ဦးဝင်းကြည်** ဆိုသူနှင့်အတူ ငှားရမ်းနေခြင်းဖြစ်သည်။ ပြီးတော့ တစ်အိမ်လုံးမှာလည်း သူတို့နှစ်ယောက်တည်း မဟုတ်ချေ။

> **"ငပွတင်းရဲ့ သည်းခြေဟာ လူကိုသေစေနိုင်တဲ့ အဆိပ်ဘဲ၊ ဒါပေမယ့် ဒီအဆိပ်ကို တက်ထရိုဒိုင်စင်ဆိုတဲ့ ဆေးဖော်ပြီး အလွန်နာကျင်တဲ့ ဝေဒနာကို ကုသပေးနိုင်တယ်။"**

မှဆိုးမအိမ်ရှင်အဖွားကြီးက အိမ်အောက်ထပ်တွင် နေပြီး သူတို့နှစ်ယောက်က အိမ်အပေါ်ထပ်မှာ အိမ်စရိတ်ရော၊ ထမင်းစရိတ်ပါပေး၍ အတူ စားသောက်နေထိုင်ကြခြင်းဖြစ်ပေသည်။

**ကိုအောင်မိုး**သည် ကန္တာရလမ်းအတိုင်း မြောက်ဖက်သို့ လျှောက်လာခဲ့၏။ ကြည်လင်သော နေရောင်အောက်တွင် တည်ငြိမ်စွာ လဲလျောင်းနေ၏။ နေ့လယ်ခင်း လေက ခပ်ပြင်းပြင်းတိုက်ခိုက်နိုင် တလိမ့်လိမ့် အိဆင်းလာသော လှိုင်းလုံးများသည် ပထက်တောင်ခြေရင်းရှိ ကျောင်းတော်မှ ကိုယ်တော်ကြီးအား ရေကန်တော့ပန်းဆင်နေလေသည်။

သူသည် ကန္တာရလမ်းအတိုင်း အတန်ငယ်လျှောက်မိသည်နှင့် ခြံဝင်းခတ်ထားသော နှစ်ထပ် အိမ်ကြီးတစ်ခုအတွင်းသို့ ရုတ်တရက် ချိုးဝင်လိုက်ရာ ...

"ဝါး ... မောင်အောင်မိုးပါလား။ ဒီတစ်ခေါက်ပြန်လာတာ တဝမြန်မှာ။ လာ ... လာ ... အခေါက တစ်ပတ်လောက်ကြာမယ် မှတ်တာ"ဟု အိမ်ရှင်အဖွားကြီးက ပြိတ်သံဝဲဝဲဖြင့် ဆီးကြိုလိုက်သည်။ ပြီး သူဆွဲလာသော ခရီးဆောင်သားရေအိတ်ကိုလည်း လှမ်းယူမည် ပြုလိုက်၏။

"နေပါစေ အဒေါ် ကျွန်တော် ယူပါ့မယ်၊ အိန္ဒ ဦးဝင်းကြည် တစ်ယောက်ကော၊ ဩော်...ဧည့်သည် တွေလဲ ရောက်နေကြကိုး"

**ကိုအောင်မိုး**က သားရေအိတ်ကို ဆွဲ၍ အိမ်ပေါ်သို့ လှမ်းတက်ရင်း သူ့သူငယ်ချင်း **ဦးဝင်းကြည်** ရှိ,မရှိ မေးလိုက်၏။ ပြီး အောက်ထပ်ဧည့်ခန်းတွင် မိန်းမပျိုတစ်ဦးနှင့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသဖြင့် တဆက်တည်းပင် မေးပြော ပြောလိုက်သည်။

"အေး ... အဝင်းတို့လဲ ခုဘဲ အလည်လာကြတယ်၊ ဦးဝင်းကြည်တော့ နောက်ဖေးမှာ ရေချိုး နေတယ်ကွယ့်၊ ကဲ...ကဲ မောင်အောင်မိုး အဝတ်အစားလဲချေအုံး။ ပြီးရင် အဒေါ် မုန့်ပြင်ပေးမယ် "

အိမ်ရှင်အဖွားကြီးက **ကိုအောင်မိုး**ထမင်းမစားရသေးမှန်း အတပ်သိဟန်ဖြင့် အိမ်လှေကားဝ တွင်ရပ်ရင်း ခပ်လောလောပြောလိုက်သည်။ ထိုစဉ် အဖွားကြီးနောက်နားတွင် ဘယ်တုန်းက ရောက် နေမှန်းမသိရသော မိန်းမပျိုက ...

"ကြည့်စမ်း။ ကိုအောင်မိုးကြီး ခုထိ မုန့်မစားရသေးဘူး ဟုတ်စ၊ ခု ဆယ့်နှစ်နာရီထိုးနေဘိ ကိုအောင်မိုးရဲ့ "

ဝေဆာသော အပြုံးဖြင့် ကန့်ကွက်ရပြောလိုက်သော မိန်းမပျို၏စကားကြောင့် **ကိုအောင်မိုး**က သူမကို တစ်ချက်ငေး၍ ကြည့်လိုက်သည်။ မျက်နှာသွယ်မို့မို့မှာ ကနုတ်ရေးထားသလို ဟန်ချီနေသည့် မျက်ခုံး။ ကြာမှုမျက်ခုံးနှင့်အတူ ကကြိုးစုံသွယ်ထားသလို ရွှန်းလဲ့ ညိုမှောင်နေသည့် မျက်လုံး။ ထို မျက်ခုံး၊ မျက်လုံးတို့သည် အလှဆုံး အဆန်းဆုံးခြယ်သထားသည့် မျက်နှာဝန်းပြည့်ပြည့်မှာ နွဲ့နှောင်း မူရာဖြင့် ကခုန်နေကြသလားဟု ထင်ရ၏။

တကယ်တော့ သူမသည် မြိတ်မြို့ပေါ်တွင် ခေတ်အမိုဆုံးသော ဝတ်စားဆင်ယင်မှုဖြင့် လှချင် တိုင်းလှနေသည့် တရုတ်ကပြားမလေး **မရွှေလင်းခေါ် မမြဝင်း**ပင်တည်း။ မြိတ်နယ်တစ်ခွင်တွင် ရာဘာ ခြံများနှင့် အုန်းခြံများသာမက စက်လှေအမြောက်အမြားဖြင့် အတော်ပင် ကြွယ်ဝချမ်းသာသော အဖေ တရုတ်အမျိုးသား **ဦးအဝိန်**နှင့် အမေ မြန်မာကပြား ဒေါ်ရွှေဝေတို့၏ ဒုတိယသမီး **မရွှေလင်းခေါ် မမြဝင်း**။

"ဩော် ... အင်း ... ဟုတ်ကဲ့ခင်ဗျ"

**ကိုအောင်မိုး**က လက်ဆွဲအိတ်ကို တစ်ဖက်ကကိုင်ပြီး မိန်းမပျိုကို ငေးကြည့်နေရာမှ

ခပ်အသ်အသ် အမူအရာဖြင့် လှမ်းပြောလိုက်သည်။ ပြီးမှ ရှက်ကိုး ရှက်ကန်းဖြစ်သွားသော သူ့အမူအရာကို သိမ်းဆည်းသည့်အနေဖြင့်

''အဲ့ နဲ့ မရှုလင်းတို့ ရောက်နေတာ ကြာဘီလား''ဟု စကားဖာလိုက်သည်။ သည်တွင် **မရှုလင်း ဒေါ်မမြဝင်း**က မျက်ခုံးတစ်ဖက်ကို ဟန်ပါပါမြှင့်တင်လိုက်ပြီး သူ့အနီးသို့ တိုးကပ်လာရင်း ...

''အံမာ ... ကိုအောင်မိုးနော်၊ ကျမကို မရှုလင်းလို့ မဒေါ်ပါနဲ့လို့ ပြောနေတာ၊ ကျနာမည် မမြဝင်းရှင့် ... မမြဝင်း၊ ကဲ .... သိပလား''

**မမြဝင်း**က သွားကလေးတွေ ဖွေးနေအောင် ပြုံးပြလိုက်ရင်း **ကိုအောင်မိုး၏** ပခုံးစွန်းကို ခပ်သာသာ လှမ်းထုလိုက်သည်။ **ကိုအောင်မိုး**မှာ သူမ၏ အပြုအမူကြောင့် ရုတ်တရက် အံ့အားသင့်သွား၏။ တကယ်တော့ **မမြဝင်း**ကို အိမ်ရှင်အဖွားကြီးမှ တဆင့် သူသိခဲ့သည်မှာ ကြာပေပြီ။ သို့သော် **မမြဝင်း၏** အလှကို သူမေးမောမိသော်လည်း၊ စက္ကူယုန်ကို မွေးကြူရန် ဆန္ဒမရှိသလိုပင် **မမြဝင်း**ကို လည်း စိတ်ဝင်စား၍ မရခဲ့ချေ။

သို့ကြောင့်လည်း သူသည် **မမြဝင်း**အပေါ် စက္ကူရုပ်တစ်ခုလိုသာ သဘောထားပြီး ခပ်ပေါ့ပေါ့သာ ဆက်ဆံခဲ့၏။ သို့သော် **မမြဝင်း**က အခုလို ချစ်စဖွယ် လက်သီးဆုပ်ကလေးနှင့် ပစ်ပေါက်လိုက်သည့် အခါတွင်ကား **ကိုအောင်မိုး**စိတ်ထဲမှာ ဘာကလိုတိုတို ဖြစ်မိသည်သာ။

သို့သော် မိန်းကလေးတစ်ယောက်၏ လက်သီးဖွဖွကလေးအထိလောက်တော့ ခံနိုင်စွမ်းရှိပုံ ရသောကိုအောင်မိုးက ချက်ချင်းပင် ဟက်ခနဲဆယ်လိုက်ပြီး ...

''သြော် ... သြော် ... မရှုလင်း နာမည်က မမြဝင်းတဲ့လား ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် မေ့သွားလို့ပါ။ နောက်ဆိုရင် ကျွန်တော် မရှုလင်းလို့ဘဲ ခေါ်ပါမယ်၊ ဟဲ ... ဟဲ ... ဟဲ''

**ကိုအောင်မိုး**က တမင့်အရွဲ့တိုက်သလိုလို၊ ကျီစယ်သလိုလိုဖြင့် သူ့ဟာသူ တဟားဟားရယ် ရင်း အိမ်အပေါ်ထပ်သို့ တက်သွား၏။ **မမြဝင်း**ကား ကြိုးကနဲ့ ဘာပြန်ပြောရမှန်းမသိဘဲ တပြုံးပြုံးလုပ် နေသော အိမ်ရှင်အဖွားကြီးကိုသာ ဒေါကြည့် ကျန်ရစ်ခဲ့သည်။

**ကိုအောင်းမိုး**သည် အိမ်ပေါ်ထပ်ရောက်သည်နှင့် လက်ဆွဲအိတ်ကို ကုတင်ပေါ်ပစ်တင်လိုက် ပြီး၊ ကိုယ်လုံးပေါ်မှန်ရှေ့ရပ်ကာ ယူနီဖောင်းအင်္ကျီကြယ်သီးများကို တစ်လုံးချင်း ဖြုတ်လိုက်သည်။ ပြီး **မမြဝင်း၏** အမူအရာကို စဉ်းစားမိဟန်ဖြင့် တစ်ယောက်တည်းပင် ပြုံးလိုက်၏။

''အင်း ... မမြဝင်းက တကယ်နားလည်ရခက်တဲ့ မိန်းခလေးပါလား။ ရုပ်ကလေးကလဲ မဆိုးဘူး။ ကပြားမလေးဆိုတော့ သူ့အသားအရေဟာ ရွှန်းပြီး အိနေတာဘဲ၊ အေးလေ ... အတော်တော့ ထူးဆန်းတဲ့ မိန်းခလေးဘဲ''

သည့်နောက်တွင်ကား **ကိုအောင်မိုး**သည် ကုတင်ပေါ်လှဲချလိုက်ပြီး စဉ်းစားခန်း ဝင်မိပြန်သည်။ သည်တွင်မတော့ **သက်၏** ရုပ်ပုံလွှာက သူ့စိတ်အာရုံမှာ အထင်းသားပေါ်လာပြန်လေသည်။ ငယ် သူငယ်ချင်းဟု မဆိုနိုင်သော်လည်း ကျောင်းနေဘက်ချင်း သူ့နှလုံးသားမှာ အစားထိုးမရအောင် ချစ်မိ ခဲ့ရသည့် **သက်**။

သူသည် **သက်**အပေါ် စိတ်မကုန်သလို **သက်**ဘဝကိုလည်း သူနားလည်၏။ အသက်တမျှ ချစ်ပါ သည်ဆိုသော **သက်**သည် အသက်ကိုသာ စွန့်ကောင်း စွန့်မည်။ သူမ၏ ရွှေအိမ်နန်းကိုကား စွန့်မည် မဟုတ်။ ထို့အတူ သူ့အယူအဆ၊ သူ့ဝါဒနှင့် ရှုအမြင်၊ သူ့သဘောတရားကိုလည်း စွန့်လွှတ်ရန် မဖြစ်

နိုင်ချေ။

သို့ဆိုပါက သူ့အပေါ် သည်မျှ လိုက်လျော တီတာနေသော မမြဝင်းကလေးအပေါ် သူ ဘာကြောင့် ပြန်လှန် စိတ်မဝင်စားသင့်သလဲ ...

"ငါး ... ကိုအောင်မိုးကြီး ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတာကိုးဗျ၊ ဟား ... ဟား..."

ထိုစဉ် လှေကားမှ ခြေသံနှင့်အတူ ဟိန်းထွက်လာသော **ဦးဝင်းကြည်၏** နှုတ်ဆက်သံကြောင့် စိတ်ကူးယဉ်နေမိသော **ကိုအောင်မိုး**မှာ အလိုလိုနေရင်း ခေါင်းထောင်မိလျက်သား ဖြစ်သွား၏။ ပြီးမှ ကုတင်ပေါ် တင်ပလ္လင်ထိုင်လိုက်ရင်း ...

"အေးဗျ ဦးဝင်းကြည်၊ ကျွန်တော် ခုနကဘဲ ပြန်ရောက်တယ်၊ ပင်လယ်မှာ ငါးသူမိုးတွေရော၊ မှောင်မိုပစ္စည်းတွေရော အတော်များများလေးမိလိုက်တာနဲ့ အမြေအနေအရ ပြန်ဝင်လာတာဗျ၊ ဒါနဲ့ ဦးဝင်းကြည်၊ ခင်ဗျား ထမင်းစားပြီးပလား"

"မစားရသေးဘူးလေဗျာ၊ ဒီနေ့ စနေနေ့ဗျ ခင်ဗျားကလဲ၊ ကျွန်တော်လဲ အခုဘဲ ရုံးကရောက်တယ်၊ ဒါနဲ့ ခင်ဗျားတို့ ငါးသူမိုးတွေ မှောင်မိုပစ္စည်းမိခဲ့တယ်ဆိုတာ အတော်များလားဗျ၊ ကောင်းဗျ သိပ်ကောင်း ဒီကောင်တွေကိုတော့ နဲနဲမှ အလစ်မပေးနဲ့ဗျို့၊ နာနာသာ နှက်ပေး။ ဘယ်နှယ်လဲဗျာ၊ တိုင်းပြည်အချင်းချင်း ကူညီစောင့်ရှောက်ရမယ့်အစား ဒုက္ခပေးလိုက်တာ မှန်နေတာဘဲ၊ ဟေး .. နေအုံးဗျ ဒါနဲ့ ခင်ဗျား မရှုလင်းတစ်ယောက်အောက်မှာ ရောက်နေပါလား"

**ဦးဝင်းကြည်**က သူ့နဖူးပြောင်ကြီးကို မျက်နှာသုတ်ပုဝါဖြင့် ပွတ်တိုက်ရင်း **ကိုအောင်မိုး**ကို အသံခပ်အုပ်အုပ်ဖြင့် ကစ်ပြောလိုက်သည်။

"ဟာ ... ဦးဝင်းကြည်ကလဲ လုပ်တော့မယ်၊ ဘယ်ကလာ ကျွန်တော့် မရှုလင်းရမှာလဲဗျ၊ သူ့ဟာ သူ အဖွားကြီးဆီလာလည်တာ၊ ခုနကတောင် ကျွန်တော်က မရှုလင်းလို့ခေါ်မိတာနဲ့ လက်သီးနဲ့ထုပြီး ရန်တွေ့လိုက်တာဗျာ၊ တကထဲ "

"ဟား ... ဟား... ဒါပြောတာပေါ့ဗျ၊ ဒီမှာ မရှုလင်း အဲလေ မမြဝင်းက အဖွားကြီးဆီ လာချင်လို့ လာတာ မှတ်ပူးဗျ၊ ခင်းဗျားဆီလာတာ၊ ခုလဲ ခင်ဗျားရောက်မယ်မှန်းသိလို့ တမင်လာတာ၊ ဘုတ်ဆာ မှတ်လဲ ခင်ဗျားက ..."

"ဟား ... ဟား ... ဟား ..."

သည်တစ်ချီတော့ **ကိုအောင်မိုး**က ပြည်မသားအစစ်ဖြစ်သူ **ဦးဝင်းကြည်၏**'ဘုတ်ဆာ'ကို သဘောကျပြီး တဟားဟား ရယ်လိုက်သည်။ ပြီးတော့ ကိုယ်လုံးပေါ်မှန်ရှေ့ရပ်ပြီး ခေါင်းဖြီးနေသော **ဦးဝင်းကြည်**ကို ငေးကြည့်နေမိ၏။ သူ့ထက် အသက်နှစ်,နှစ်...သုံးနှစ်ခန့် ကြီးပုံရသော်လည်း အသား ဖြူပြီး ယောကျာ်းဆံသူဖြစ်၏။ အထူးသဖြင့် ငယ်ထိပ်ရောက်အောင် ပြောင်နေသော နဖူးမှာ မျက်ခုံး မျက်လုံးများကို အရှင်ထားပြီး၊ ခပ်သောသော ပြောတတ်သဖြင့် ခင်မင်ဖွယ်ကောင်းသူလည်းဖြစ်၏။

**ကိုအောင်မိုး**သည် သူ့ကိုသဘောကျပြီး ရယ်နေရာမှ တစ်စုံတစ်ခုကို အမှတ်ရမိဟန်ဖြင့် ချက်ချင်းပင် တည်ငြိမ်သွား၏။ ပြီး ထိုင်ရာမှ ထ၍ **ဦးဝင်းကြည်**အနား တိုးကပ်သွားရင်း ...

"ဒါနဲ့ နေစမ်းပါအုံး ဦးဝင်းကြည်၊ ဒီ မရှုလင်းခေါ်တဲ့ မမြဝင်းက ကျွန်တော်ရောက်လာတာကို ဘယ်နှယ့်လုပ်သိသလဲ "

"ဒါက ဒီလိုရှိတယ်လေ၊ ရဲဘော်က ဇင်ယော်နဲ့ ပင်လယ်မှာ သွားနေသလို သူတို့ကလဲ စက်လှေ

တွေနဲ့ အရပ်ရှစ်မျက်နှာကို သွားနေတာဗျ၊ သူ့မှာလဲ သိနိုင်တဲ့အကြောင်းတွေရှိမှာပေါ့။ ဇဲ ... ဒါထားစမ်း ပါအုံး၊ ရဲဘော်လဲ သိတဲ့အတိုင်းဘဲ၊ မမြဝင်းဆိုတာ ဘိတ်မှာတော့ အတော့်ကို ချမ်းသာတာဗျ၊ ခင်ဗျားကိုလဲ သိပ်ကို လိုက်လျှောတယ်၊ ခင်ဗျားကကော စိတ်မဝင်စားဘူးတဲ့လား"

ဦးဝင်းကြည်က ရှပ်အင်္ကျီကြယ်သီးကို တစ်လုံးချင်းတပ်ရင်း ဒိုးပင် မေးလိုက်သည်။ သည်တော့ ကိုအောင်မိုးမှာ မြူးကနဲ ဘာပြန်ပြောရမှန်းမသိဘဲ အတန်ကြာ ငေးကြည့်နေရာမှ ...

"အင်း ... ယောကျ်ားတစ်ယောက်အနေနဲ့ ဒီလို မိန်းမလှကလေးတစ်ယောက်ကို ကျွန်တော့် လိုတွယ်ရာမဲ့ ဖြစ်နေတဲ့အချိန်မှာ စိတ်မဝင်စားဘူးလို့ ပြောရင်၊ ကျွန်တော် လိမ်ရာကျမှာပေါ့ ဦးဝင်းကြည်၊ ဒါပေမဲ့ သူကို ကြည့်ရတာ တစ်မျိုးဘဲဗျ"

"ဟား ... ဟား... ဟား အဲဒါခက်တာပေါ့ဗျ၊ ကိုအောင်မိုးရဲ့ ယောကျ်ားပီသတဲ့ ရုပ်ရည်နဲ့ အရည်အသွေးကို မမြဝင်းက သဘောကျလှချိရဲ့ဆိုပြီး မမြဝင်းခမျာ ကြိုက်မရှက်၊ ငိုက်မရှက် ..."

"တော်း ... တော်း .. ဦးဝင်းကြည်၊ ခင်ဗျားကလဲ တိုးတိုးလုပ်ပါဗျ၊ အောက်က ကြားသွားပါ့မယ်"

"ဟား ... ဟား ... ဟား။ ကြားအောင် တမင်ပြောတာ ကိုယ့်လူ၊ ခင်ဗျား ဘာမှ ဂိုးထုမနေနဲ့၊ ဘုန်းရှိလို့ ဖိတ်သွင်းရထား ဆိုက်တာမှတ်၊ လာ ... ထမင်းသွားစားမယ် ..."

နှလုံးသားရေးရာနဲ့ ပတ်သက်၍ အမှန်ပင် တွေဝေနေသော ကိုအောင်မိုးမှာ မစွမ်းရင်းကလဲ ရှိ၊ ကစွန်းခင်းကလဲ ငြိပေပြီ။ အောက်ထပ်ရောက်တော့ လဝန်းသာသလို ဝန်းပြည့်နေသော မျက်နှာဖြင့် ငေးကြည့်နေသူက မမြဝင်း။ သို့သော် ရိုးသား အေးဆေးလှသော မျက်နှာဖြင့် ကရုဏာဒေါသော ပြောလိုက်သူက အိမ်ရှင်အဖွားကြီး။

"ငါး ... မင်းတို့ နှစ်ယောက်လဲ တယ်ကြာကိုး၊ မှင်းပွဲခူးပြီးတာ ကြာလှဘီ၊ အေးကုန်တော့ မယ်၊ လာ ... စားကြ"

အဖွားကြီးက ထုံးစံအတိုင်း မြည်တွန် တောက်တီး လုပ်ရင်း၊ ထမင်းအုပ်ဆောင်းကို သွားဖွင့် လိုက်၏။ သည်တွင် မင်းသမီးတစ်လက်က,သလို နှံ့သာယပ်တောင်ကလေးဖြင့် တအိအိလေခပ်ရင်း ရောက်လာသော မမြဝင်းက ...

"ဟုတ်သားဘဲ၊ ကိုအောင်မိုးတို့ကလဲ ထမင်းစားမယ့်ဥစ္စာ ဒီလောက် ကြာရသလား၊ အဝင်း တောင် ပြန်တော့မလို့၊ ကိုအောင်မိုးကို ပြောစရာရှိလို့ စောင့်နေတာ"

ကိုအောင်မိုးမှာ သူမစကားကြောင့် မျက်လုံးဝိုင်းသွား၏။ သို့သော် ဦးဝင်းကြည်က သူ့ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း ...

"ဟဲ ... ဟဲ ဆိုစမ်းပါအုံးဗျ မမြဝင်း၊ ပြောရင်လဲ ကျွန်တော်တို့ ရှေ့မှာ ပြောဗျာ၊ ကိုအောင်မိုး ကိုတော့ နှစ်ယောက်ချင်းပြောလို့မရဘူး။ ဒါဘဲ "

"အောင်မာ ... ဦးဝင်းကြည်ကြီးနော်၊ ဘာလို့ ကိုအောင်မိုးကို နှစ်ယောက်ချင်းပြောရမှာလဲ၊ ရှင်တို့နှစ်ယောက်လုံးကို ပြောမှာဘဲ၊ မနက်ဖြန် အိမ်ကို ထမင်းလာစားဖို့ ပြောမလို့ရှင့်၊ ဒါဘဲနော် ကိုအောင်မိုး မနက်ဖြန် အိမ်ကို ထမင်းလာစားရမယ် "

ဦးဝင်းကြည်က ဘယ့်နှယ်ရှိစ အဓိပ္ပါယ်ဖြင့် ကိုအောင်မိုးကို လှမ်းကြည့်လိုက်၏။ ကိုအောင်မိုး မှာ ဦးဝင်းကြည်နှင့် မမြဝင်းကြားတွင် ဘာပြောရမှန်းမသိ။ ရိုးသားလှသော အဖွားကြီးကမူ ထုံးစံအတိုင်း တပြုံးပြုံး လုပ်နေ၏။ တကယ်တော့ မမြဝင်း ကိုအောင်မိုးကို ထမင်းစားဖိတ်သည်မှာ အကြိမ်ကြိမ်

ရှိပြီ။ သို့သော် အခုထိ မင့်မရဲဖြစ်နေသော ကိုအောင်မိုးမှာ တစ်ခါတူးမျှ သွားရောက်ခြင်း မရှိသေးချေ။

"အဲဖြင့် အဝင်းသွားတော့မယ်၊ ကိုအောင်မိုး ဆက်ဆက် လာနော်၊ ဦးဝင်းကြည်ကြီးလဲ လိုက်ဖြစ်အောင် လိုက်ခဲ့၊ ဒီတစ်ခါတော့ ကိုအောင်မိုးတို့အတွက် သက်သက် ထမင်းပွဲ လုပ်ပေးတာ၊ အဲဒါ မလာရင်တော့ စိတ်ဆိုးမှာဘဲ"

မမြဝင်းက ပြောရင်း ဆိုရင်း မှိုမောက်နေသော တင်နှစ်လုံးကို ဘယ်ညာဆင်၍ ဆင်းသွား၏။ ကိုအောင်မိုးက သူမကို ငေးကြည့်နေရာမှ ထမင်းတစ်လုပ်ကို ကုန်းလွေးလိုက်သည်။

"ဟီး ... ဟီး၊ တင်နှလုံးက တယ်ချိုဗျာ"

"တော့ ... ဦးဝင်းကြည်၊ ဟိုမှာ အဖွားကြီးရှိတယ်ဗျ"

"ဟား .... ဟား ... ဟား၊ ဟင်းချိုကို ပြောတာပါဗျ"

တကယ်တော့ ဦးဝင်းကြည်သည်လည်း ဘာရည်ရွယ်ချက်မှ မရှိ၊ အချစ်ဝေဒနာဖြင့် မှုန်မပျဖြစ်နေသော သူ့သူငယ်ချင်းတစ်ယောက် အတည်တကျဖြစ်ပါစေတော့ ဟူသော စေတနာဖြင့်သာ ကြားက လျှော်ပေးနေခြင်းဖြစ်၏။

သို့ကြောင့်လည်း နောက်တစ်နေ့ ညနေစာကို သူတို့နှစ်ယောက် အတူသွားပြီး မမြဝင်းနှင့်အတူ လက်ဆုံစားဖြစ်ခဲ့ကြသည်။ ပြီးတော့ မမြဝင်းအဖေဖြစ်သူ အသက် ၅၀ နီးပါးရှိ တရုတ်ကြီးကိုလည်း သူတို့တွေ့ခဲ့ကြရသည်။ တရုတ်မှ တကယ့် စီးပွားရေးသမား နိုင်ငံခြားသား တရုတ်။ ဟိန်းနေသော နှစ်ထပ်တိုက်ကြီးနှင့်။ ကားမှ တစ်စီးမဟုတ်၊ ဂျစ်ကား၊ ကုန်တင်ကား၊ ဆလွန်းကား၊ ပြီးတော့ အိမ်နှင့်ကပ်နေသော ဂိုဒေါင်ကြီးမှာ ပုံထားသည့် ရာဘာထုပ်များ၊ အုန်းသီးများ၊ ဆီပုံးများနှင့် ရေနံဆီတိုင်ကီများစသည့် ရောင်းကုန်များကလည်း အနတ္တဂ္ဂမ။

ကိုအောင်မိုးသည် မမြဝင်းနှင့် သူမအဖေ တရုတ်ကြီး၏ အခြေအနေကိုကြည့်ပြီး စိတ်ထဲမှာ ပို၍ စနိုးစနောင့် ဖြစ်မိ၏။ သို့သော် မြိတ်မြို့ပေါ်ရှိ ဦးအဝိန်တို့လို တရုတ်နိုင်ငံခြားသား စီးပွားရေးသမားများ၏ အခြေအနေကို သူသည့်ထက်ပို၍ မသိရှိနိုင်ချေ။ သူ့အလုပ်ချိန်မှာ ပင်လယ်ပြင်တွင်သာ ကုန်ဆုံး၍ မြိတ်မြို့ပေါ်သို့ ခဏခဏရောက်လာသည့်အခါတွင်လည်း သူ့အလုပ်နှင့်သူသာ လုံးပမ်းနေရသော ကြောင့် ဖြစ်ပေသည်။

ယနေ့လည်း ကိုအောင်မိုးသည် ပင်လယ်ပြင်မှ ဖမ်းမိလာသော ပစ္စည်းများ၊ ငါးမိုးသမားများနှင့် မော်တော် တန်ကေး စသည်များကို သက်ဆိုင်ရာဌာနများသို့ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတန်းများ စာရင်းအင်းများကို ပြုလုပ်ပေးပြီး၊ နေ့လယ်ပိုင်းတွင် အိမ်သို့ တစ်ယောက်တည်း ပြန်ရောက်လာလေသည်။

မနေ့နံနက်ကပင် ဦးဝင်းကြည်သည် ထားဝယ်မြို့သို့ အလုပ်ကိစ္စဖြင့် ထွက်သွားပြီး၊ အိမ်ရှင် အဖွားကြီးကလည်း ကတန်ကျွန်းရှိ သူ့အုန်းခြံရှိရာသို့ တစ်ညအိပ်ခရီးထွက်သွားသဖြင့် အိမ်မှာ သူတစ်ယောက်တည်း ပျင်းရိဘွယ် ဖြစ်နေလေသည်။

နေမှာ အတန်ငယ် စောင်းသွားပြီဖြစ်၍ ပင်လယ်ပြင်ကို ဖြတ်တိုက်လာသောလေသည် သူ့အိမ်ရှေ့ရှိ စိန်ပြယ် ပန်းပွင့်ကလေးများကို ကြိုးဝင်သလို ယိမ်းထိုးစေလျက်ရှိပေသည်။ လိပ့်၍ လိပ့်၍ တက်လာသော လှိုင်းကြက်ခွပ်ကလေးများသည် ရေပြာပြာတွင် လေအဆန်နှင့် လုံးထွေး၍ ရေပန်းရေ မွှာများဖြစ်ကာ နေရောင်မှာ ပြိုးပြိုးပြက်ပြက် တောက်ပနေလေသည်။ တစ်ချက် တစ်ချက်တွင်မူ

အိမ်ရှေ့လမ်းတစ်ဖက်ရှိ အုတ်နံရံကို လိုင်းရိုက်သည့်အသံများက နရီကိုက်စွာ တမြန်းမြန်း ပေါ်လာလျက် ရှိပေသည်။

**ကိုအောင်မိုး**သည် အိမ်အပေါ်ထပ် မျက်နှာစာမှ စီး၍ မြင်ရသော မြင်ကွင်းကို တစ်ယောက်တည်း ငေးမောကြည့်ရှုရင်း အနီးရှိ ကုတင်ပေါ်သို့ လှဲချလိုက်သည်။ ထိုစဉ် အိမ်အောက်ထပ်မှ တံခါးခေါက်သံနှင့်အတူ ...

''အဒေါ် ... အဒေါ်ငြိမ်း ကျမပါ၊ တောတော့ တစ်ယောက်မှ မရှိဘူး ထင်တယ် ''

အသံစာစာနှင့် အိမ်ရှင်အဖွားကြီးကို ခေါ်သံကြားရသဖြင့် **ကိုအောင်မိုး**လည်း အောက်ထပ်သို့ ဆင်းလာရာ ပြုံးတုံ့တုံ့လုပ်နေသော **မမြဝင်း**နှင့် ပက်ပင်းတိုးရပြန်လေပြီ။ **မမြဝင်း** ဘာကြောင့်ပြုံးသည်ကို **မမြဝင်း**သာ သိပေလိမ့်မည်။

''ဟင်း .. ကိုအောင်မိုး တစ်ယောက်ထဲပါလား၊ အဲ့နဲ့ အဒေါ် ဘယ်သွားလဲ ''

အဒေါ်က ကတန်ကျွန်းသို့ သွားသည်ကို သိလျက်နှင့် မေးခြင်းလော၊ မသိ၍ မေးခြင်းလော။ အဲကိုလည်း **မမြင်ဝင်း**သာ သိပေလိမ့်မည်။

''အဒေါ် မနေ့နေ့လယ်ကဘဲ သူ့အုန်းခြံကို ထွက်သွားတယ်၊ တစ်ညအိပ်ဘဲ ကြာမယ်လို့ ပြောတာဘဲ၊ လာ ... ထိုင်လေ မမြဝင်း''

**ကိုအောင်မိုး**က လှုပ္ပရေးဝတ္တရားအရ သံတံခါးကို ဖွင့်ပေးရင်း ဖိတ်မန္တကပြုလိုက်သည်။ ပြီးတော့ သူမနှင့်အတူ လာနေကျ ၈-နှစ်ရွယ် ကောင်မလေးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး **မမြဝင်း**ထံ မျက်စိရောက်သွားလေသည်။ နို့နှစ်ရောင်တောက်နေသော တက်ထရွန်အင်္ကျီအဖြူမှာ ငှက်သွေးရောင်ထက်ထရွန်လုံချည်ကို တစ်လွှာတည်း အသားကပ်ဝတ်ထားသဖြင့် တင်းတင်းရစ်ရစ် ကျစ်ကျစ်လုံးလုံးလှနေသော **မမြဝင်း**။ ဖြူစိမ်းနေသော မျက်နှာဝန်းပေါ၌ သဘာဝအလှမှာ ပြေပြစ်စွာ ခြယ်သထားသော အသားရောင် မိတ်ကပ်အလှ။ ပါးလွှာသော နှုတ်ခမ်းချစ်စရာမှာ ကြက်သွေးရောင်တို့ထိထားသော နှုတ်ခမ်းအလှတို့ဖြင့် လှချင်တိုင်း လှနေသည့် **မမြဝင်း**။

''အဲ့နဲ့ ဦးဝင်းကြည်ကြီးတစ်ယောက် ထားဝယ်ဘက် ခရီးထွက်သွားတယ်ဆို ''

**မမြဝင်း**က ညှော်ခန်းရှိရာ လျှောက်လာရင်း **ကိုအောင်မိုး**ကို ပြုံး၍ ကြည့်ရင်း မေးလိုက်၏။ သူမ၏ အမူအရာမှာ အစစကို ကျေနပ်နေသော အမူအရာ၊ သူမ မျက်နှာကလည်း ရေတွေ့သော ကြာလို လန်းဆန်းရွှင်ပျနေသည့် မျက်နှာ။

''ဟုတ်တယ် မမြဝင်း၊ ဦးဝင်းကြည်လဲ မနေ့ကဘဲ ခရီးထွက်သွားတယ်၊ အဲ့နဲ့ မမြဝင်း အဒေါ်နဲ့ ကိစ္စရှိလို့လား''

''အောင်မယ် ... ကိုအောင်မိုးကလဲ အဒေါ်နဲ့ ကိစ္စရှိမှ လာရမှာလား၊ အဲ့နဲ့ ကိုအောင်မိုးတို့ အဖွဲ့ထဲမှာ လိုက်နေတဲ့ ကိုဘပုနဲ့တောင် ဈေးထဲမှာတွေ့ခဲ့သေးတယ်၊ ဒီတစ်ပတ် ကင်းထွက်ရင် သူလိုက်ရမလား။ မလိုက်ရဘူးလား မသိဘူးတဲ့ ''

**ကိုအောင်မိုး**စိတ်ထဲမှာ အတော်စပ်စုသည့် မိန်းကလေးပါလားဟု အောက်မေ့မိ၏။ သို့သော် နယ်မြို့များ ထုံးစံအတိုင်း ဘပုကို **မမြဝင်း**သိသည်မှာ မဆန်းလှဟု ဆိုနိုင်ပေသည်။

''ဟုတ်တယ် မမြဝင်း၊ ဘပုဟာ တစ်ခါတစ်ခါ ထိန်းသိမ်းရ အတော်ခက်လို့ ကျွန်တော် ဒီတစ်ခေါက် သူ့ကို မခေါ်တော့ဘူးလို့တောင် စဉ်းစားနေတယ် ''

**ကိုအောင်မိုး**က အိမ်ရှေ့ပြတင်းပေါက်မှ လှမ်းမြင်ရသော တိမ်ရထားကို အမှတ်တမဲ့ကြည့်ရင်း တည်တည်အေးအေးလေသံနှင့် ပြောလိုက်သည်။ သည်တွင် **မမြဝင်း**က သူမ ကိုယ်လုံးကလေးကို တင်းနေအောင် ရပ်လိုက်ပြီး **ကိုအောင်မိုး**ဘေးနားရှိ ခုံငယ်ပေါ်မှ စာအုပ်တစ်အုပ်ကို ကုန်း၍ ကြည့်လိုက်သည်။ **မမြဝင်း**ထံမှ ရေမွှေးနံ့ ပေါင်ဒါ၊ မိတ်ကပ်နှင့် သနပ်ခါးနံ့တို့က **ကိုအောင်မိုး**နှာခေါင်းတွင်းသို့ သူ့ထက်ငါ ပြေးဝင်လာကြ၏။

ခက်သည်က **မမြဝင်း**သည် စာအုပ်ကို ဆွဲယူသွားသည် မဟုတ်ဘဲ ခုံငယ်ပေါ်မှာပင် **မမိုးမခန်**လေးလုပ်၍ စာအုပ်ကို ဟိုလှန် သည်လှန် လုပ်နေရာ ရစ်ဝဲလာသော သူ့ဆံတို ဆံညှာကလေးများကို ကြည့်ပြီး **ကိုအောင်မိုး**မှာ အတော်ပင် အနေရအထိုင်ရ ကျပ်နေလေသည်။ သို့သော် **မမြဝင်း**ကမူ စိုးစဉ်မျှ သတိမထားမိသည့် အမူအရာဖြင့် ...

"ဟုတ်တော့ ဟုတ်တာပေါ့ ကိုအောင်မိုးရဲ့ ဒါပေမယ့် ကိုယ်လက်အောက်ငယ်သား တစ်ယောက်ဆိုတော့လဲ သဘောထားကြီးရမှာပေါ့။ ဟုတ်ဖူးလား"

**မမြဝင်း**က သူ့အနားက ခွာမသွားရုံမက ခုံငယ်ပေါ်လက်တင်ပြီး သူ့ခြေရင်းမှာပင် ဒူးကလေးထောက်ချလိုက်သည်။ သို့သော် **ကိုအောင်မိုး**မှာ သူမစကားကြောင့် ရုတ်တရက် လှုပ်ရှားသွားပြီး ...

"ဒါက ကျွန်တော့် အလုပ်ပါ မမြဝင်း၊ ဘာပုအပေါ်မှာ ကျွန်တော် ဘယ်လောက် သဘောထားကြီးတယ် ဆိုတာ ဇင်ယော်တစ်ဖွဲ့သားလုံး သိပါတယ်၊ အခုလဲ ကျွန်တော် သူ့ကို ခေါ်သင့် မခေါ်သင့် စဉ်းစားနေတာပါ"

**ကိုအောင်မိုး**က သူမမျက်နှာကို တိုးကပ်ကြည့်လိုက်ရင်း စိတ်ထဲရှိသည့်အတိုင်း ဖွင့်ချလိုက်သည်။

"ဟင်း ... ဟင်း။ ကိုအောင်မိုးကို သဘောထားမကြီးဘူးလို့ မပြောရပါဘူးရှင့်၊ ဒါပေမယ့် သူ့ခမျာကလေးငါးယောက်နဲ့ တစ်ခုခုဖြစ်မှာစိုးလို့ ဝင်ပြောရတာပါ။ ကဲ ... ရှင်းပလား"

**မမြဝင်း**က ပြောရင်း ကုလားထိုင်လက်တန်းပေါ်တွင် တင်ထားသော **ကိုအောင်မိုး**လက်ကို မထိတထိလုပ်ပြီး ကုလားထိုင်ကို အကြောင်းမဲ့ ခြစ်ကုတ်နေသည်။ သည်တွင် **ကိုအောင်မိုး**က ဘယ်လို စိတ်ကူးပေါက်သည်မသိ ...

"ကဲဗျာ ... မမြဝင်း။ ဒါက ကျွန်တော်တို့ အလုပ်ပါ "ဟု ပြောရင်း **မမြဝင်း၏**လက်ကိုဖယ်ပြီး ရုတ်တရက် ထလိုက်ရာ ဘယ်လိုဖြစ်သွားသည်မသိ၊ **မမြဝင်း၏** ညာဘက် လက်ဖဝါးကလေးသည် **ကိုအောင်မိုး** လက်တွင်းမှာ ဆုပ်မိ၊ ဆက်မိလျက်သား ဖြစ်သွားလေသည်။ ကြည့်လိုက်တော့ **မမြဝင်း**ကလည်း သူနှင့် အလိုက်သင့် မျက်နှာချင်းဆိုင် ရပ်လျက်။ သူကလည်း **မမြဝင်း**လက်ကို ဆုပ်ပြီး တွေဝေသော မျက်လုံးများဖြင့် ငေးလျက် ...

ခပ်စောင်းစောင်း ထိုးကျလာသော နေသည် သူတို့ ခြေရင်းမှာ ပုဝါခင်းထား၏။ တသုန်သုန်တိုက်လာသော လေမှာ ပင်လယ်လေညှင်းနံ့ကလေးကလည်း သင်းနေ၏။ ပြီးတော့ စိုက်၍ နားထောင်လျှင် နရီကိုက်စွာ ပေါ်ထွက်နေသည့် လှိုင်းရိုက်သံ။ သည့်နောက်တော့ ဆိတ်ကွယ်ရာမှာ ဖြစ်ထရှိသည့် ဗိုမနှစ်ဦး၏ တဒိတ်ဒိတ် ရင်ခုန်သံ။

"မမြဝင်း"

**ကိုအောင်မိုး**က ဆုပ်ထားသော **အဝင်း၏**လက်ကို ဆွဲယူလိုက်ရင်း တစ်လုံးတည်း ခေါ်လိုက်၏။ **မမြဝင်း**ကမူ သူ့ရင်ခွင်တွင်းသို့ အလိုက်သင့် ဝင်လာရင်း **ကိုအောင်မိုး၏** ရုပ်အင်္ကျီကြယ်သီးများကို

ဖြုတ်လိုက်တပ်လိုက်လုပ်နေ၏။ ပြီးတော့ တစ်လုံးတစ်ပါဒမှ မပြောဘဲ နှုတ်ခမ်းအစုံကို ကြာပန်းလို ပွင့်အာကာ **ကိုအောင်မိုး**ကို မော့၍ ကြည့်လိုက်လေသည်။

သည့်နောက်တော့ တစ်အိမ်လုံးမှာ အပ်ကျသံပင် ကြားလောက်အောင် တိတ်ဆိတ် ငြိမ်သက်သွားလေသည်။ သတိရတော့ သူတို့နှစ်ယောက် အိမ်တွင်းခန်းတစ်နေရာရှိ ကုတင်လွတ်တစ်ခုပေါ်မှာ တစ်ယောက်ကို တစ်ယောက် တင်းကြပ်စွာ ဖက်ယူပွေ့ပိုက်ထားသည်ကို တွေ့ရလေသည်။

"ကိုမိုး"

"အဝင်း"

"ကိုမိုးက သိပ်ဆိုးတာဘဲ၊ သူများအကျီတွေ ကြေကုန်ဘီ တွေ့လား။ အဲနဲ့ ကိုမိုး ခရီးထွက်သွားရင် အဝင်း ဘယ်လိုနေရမယ် မသိဘူးနော် "

"အို ... အဝင်းကလဲ၊ ကိုမိုး ခရီးထွက်တာ ကြာတာမှ မဟုတ်ဘဲ၊ အများဆုံးကြာ တစ်ပတ်နှစ်ပတ်ပေါ့ "

"အဲဖြင့် ကိုမိုး ခုတစ်ခေါက် ဘယ်နေ့ ထွက်မှာလဲ ဟင် "

**မမြဝင်း**က **ကိုအောင်မိုး၏** အကျီကော်လာကို ဆွဲဆန့်ပေးရင်း အမှတ်တမဲ့ မေးလိုက်သည်။


"နောက် .. တနင်္လာနေ့ကို ထွက်မယ် စိတ်ကူးတယ်၊ လေး ငါး,ရက်လောက် လိုသေးတာပေါ့ "

"အဲနဲ့ ကိုဘပုကိုတော့ ခေါ်သွားလိုက်ပါ ကိုမိုးရယ်၊ သူ့ခမျာ စိတ်မကောင်းဘဲ ဖြစ်နေပျိမယ်၊ လူငယ်တွေဆိုတာ ဒီလိုဘဲပေါ့ ကိုအောင်မိုးရဲ့"

**ကိုအောင်မိုး**က ဘာမှ ပြန်မပြောတော့ပါ။ သူ့ရင်အုပ်ကျယ်ကြီးမှာ ဆော့ကစားနေသည့် **အဝင်း၏** လက်ကလေးနှစ်ဖက်ကိုသာ ဆွဲယူပြီး သူမ၏ ဝင်းပပမျက်နှာကို ပြုံး၍ ကြည့်လိုက်ပါသည်။ ပြီးတော့ **အဝင်း၏** နဖူးဆံစပ်မှာ ဖွာရရာကလေးကျနေသည့် ဆံစကလေးများကို တယုတယပင် သိမ်းတင်ပေးလိုက်လေသည်။

သည့်နောက်တော့ ရှန်းလဲ့သော မျက်လုံးအစုံနှင့်အတူ စပယ်ဖူးလို မပိတပိကလေး ပွင့်ဖူးနေသည့် **အဝင်း၏** နှုတ်ခမ်းအစုံနှင့် **ကိုအောင်မိုး၏** နှုတ်ခမ်းတို့မှာ ဒုတိယအကြိမ် တွေ့ထိပေါင်းစပ်မိကြပြန်လေသည်။

◆



# အတ္တဝါလ္လိုင်းတံပိုးအောက်မှ

# ငိုချင်းတစ်ပုဒ်

နောက်တစ်နေ့ … ။

အိမ်ရှင်အဖွားကြီးသည် သူ့ခြံထွက်သီးနှံများကို သယ်ဆောင်ပြီး ပြန်ရောက်လာလေပြီ။ ကိုအောင်မိုးသည် နေ့လည်ကပင် သူ့လုပ်ငန်းလက်စများကို ပြီးပြတ်အောင်လုပ်ခဲ့ပြီး အပေါ်ထပ်မှာ စာဖတ်နေလေသည်။

သို့သော် စာထဲသို့ စိတ်မရောက်။ စာမျက်နှာအားလုံးမှာ အဝင်းမျက်နှာက မင်းမူနေ၏။ အဝင်းမျက်နှာကို ဖျောက်လို၍ နောက်တစ်မျက်နှာကို လှန်မိလျှင် သက်မျက်နှာက ပေါ်လာပြန်သည်။

ထားပါတော့။ သက်ကို သူမေ့မှဖြစ်မည်။ သည်မျှ ဂုဏ်ပကာသနမက်မောသော သက်ကို သူ့နှလုံးအိမ်တွင်းမှ အပြီးအပိုင် ဖယ်ရှားပစ်ရန် အချိန်တန်ပြီ။ ဟုတ်ပါသည်။ ကပြားမလေးဗိဗိ ရွှေလိုဝင်းပြီး လှနေသည့် မမြဝင်း သူ့အနားမှာ ရှိနေပြီ မဟုတ်ပါလား … ။

သို့သော် ဘာကြောင့်ရယ်မသိ၊ မမြဝင်းကို သူစဉ်းစားမိလျှင် သူ့စိတ်ထဲမှာ မလုံမလဲ ဖြစ်သလိုလို ခံစားရသည်။ သက်ကို သူသစ္စာဖောက်မိသလို ဖြစ်၍ မလုံမလဲဖြစ်ခြင်းလား။ ဒါမှမဟုတ် မမြဝင်းနောက်ကွယ်မှ တစ်စုံတစ်ခုသော အရိပ်ယှဉ်ကို မသိမသန်ဖြစ်မိ၍လား။ သူ မခွဲခြားနိုင်ချေ။ အမှန်တော့ ကိုအောင်မိုးသည် ပညာတတ်တစ်ယောက်အနေဖြင့်၎င်း၊ နှလုံးသားရေးရာမှာ အတွေ့ကိုရှောင်နိုင်ခဲ့သော ယောကျ်ားတစ်ယောက်အနေဖြင့်၎င်း၊ ပြဿနာကို ပြတ်သားစွာမမြင်နိုင်ဘဲ တွေဝေယိမ်းယိုင် နေမိခြင်းသာဖြစ်ပေသည်။

မည်သို့ဆိုစေ၊ ကိုအောင်မိုးသည် စိတ်ရင်းကောင်းရှိသူ ယောကျ်ားတစ်ယောက်ပီပီ ကိုယ်ထိလက်ရောက်ချစ်မိပြီဖြစ်သည့် မမြဝင်းအပေါ်ကိုပင် သူအလေးတင်း၍ စဉ်းစားမိလာပြီဖြစ်သည်။ အကယ်၍ အဝင်းသာ သူ့အပေါ်ကို ဆက်လက် ကြည်ဖြူမည်ဆိုလျှင်၊ ဒါမှမဟုတ် သူမ ဖြန့်ခင်းထားသော ချစ်ရန်ကို မပျက်ပြယ်စေဘူးဆိုလျှင် သူသည် ဖျတ်ဖျတ် လတ်လတ်နှင့် သွက်သွက်ချာချာရှိသော အဝင်းကလေးကို လက်ထပ်ယူပါတော့မည်။

"မောင်အောင်မိုးရေ ... ဝေး မောင်အောင်မိုး၊ ညှိသည် လာတယ်ဟေ့"

**ကိုအောင်မိုး** သို့ကလို စိတ်ကူးကောင်းနေစဉ် အိမ်ရှင်အဖွားကြီး၏ လှမ်းအော်သံကြောင့် ရုတ်တရက် ခေါင်းထောင်ထ,လိုက်မိသည်။ အပေါ်ထပ်က လှမ်းကြည့်လိုက်တော့ စစ်သုံးဂျစ်ကား တစ်စီးမှာ စက်မသတ်ပဲ အိမ်ရှေ့မှာ ထိုးရပ်နေသည်ကိုတွေ့လိုက်ရသည်။ သူသည် မမြော်လင့်ဘဲ စစ်ကားကို တွေ့လိုက်ရသဖြင့် အိမ်အောက်ထပ်သို့ ကမန်းကတန်းပင် ဆင်းချသွားလေသည်။

"ဆရာဦးအောင်မိုးပါလား"

"ဟုတ်ပါတယ်၊ ကျွန်တော် အောင်မိုးပါ"

"ခလကဥက္ကဋ္ဌ ဗိုလ်မှူးကတွေ့ချင်လို့ အခု လိုက်ခဲ့ပါလို့ ခေါ်ခိုင်းလိုက်တယ် ဆရာ"

လက်မောင်းတွင် အရစ်သုံးရစ်နှင့် တပ်ကြပ်ကြီးက သူ့နဖူးမှ ချွေးများကို သပ်ချရင်း **ကိုအောင်မိုး**ကို သတိအနေအထားဖြင့် သတင်းပို့လိုက်သည်။ **ကိုအောင်မိုး**မှာ တစ်ချက် မျက်မှောင်ကုပ်၍ စဉ်းစားရင်း ...

"ကောင်းပြီလေ ကျွန်တော်လိုက်ခဲ့မယ်၊ တပ်ရင်းရုံးမှာလား။ ခလကရုံးမှာလား"

"တပ်ရင်းရုံးမှာ စောင့်နေတယ် ဆရာ"

မှန်ပါသည်။ **ကိုအောင်မိုး**အဝတ်အစားလဲပြီး ဂျစ်ကားနှင့် တပ်ရင်းရုံးရောက်သွားတော့ တပ်ရင်းမှူးဖြစ်သူ ခု-ဗိုလ်မှူးကြီးကို အဆင်သင့်ပင် တွေ့ရပါသည်။ ပြီးတော့ သူ့အထက်အရာရှိဖြစ်သူ **ဝန်ထောက်ဦးမြမောင်**ကိုလည်း မမြော်လင့်ဘဲ တွေ့ရလေသည်။

"ထိုင်ဗျာ ကိုအောင်မိုး။ ကိစ္စကတော့ တခြားမဟုတ်ဘူးဗျ။ ခင်ဗျားတို့ ဒီနေ့ည ကော့သောင်ကို အရေးတကြီးကိစ္စနဲ့ ခရီးထွက်ဖို့ဘဲ၊ အကြောင်းကတော့ မနက်ဖြန်ညနေမှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ကော့သောင်ကို ရောက်လိမ့်မယ်၊ တစ်ညအိပ်ပြီး နောက်တစ်နေ့ညနေမှာ လေယာဉ်ပျံနဲ့ ပြန်ထွက်မယ်၊ ဒါက လျှို့ဝှက်ကိစ္စ ရှင်းတယ်နော် ကိုအောင်မိုး"

ဗိုလ်မှူးက သူ့စကားကို ခဏနားရင်း သောက်လက်စ စီးကရက်ကို ပြာခွက်မှာ ထိုးချေလိုက်သည်။

"ဟုတ်ကဲ့ ရှင်းပါတယ်၊ ဗိုလ်မှူး"

"ဒီတော့ အရေးတကြီးအနေနဲ့ ကော့သောင်ကို မနက်ဖြန်ညနေအရောက် လေယာဉ်ပျံဆီတွေ သယ်သွားပေးရမယ်၊ ကော့သောင်မှာ လေယာဉ်ပျံဆီ အခက်အခဲရှိနေပြီး ကျွန်တော်တို့ ကမ်းစောင့်သင်္ဘောတွေ အားလုံးလည်း အပြင်ထွက်နေကြလို့ ခင်ဗျားတို့ဇင်ယော်အဖွဲ့ကို တာဝန်ပေးရတာဘဲ။ ကဲ ဘာများ မေးစရာရှိသေးလဲ"

ဗိုလ်မှူးက သူ့စကားကို နိဂုံးချုပ်လိုက်ပြီး **ကိုအောင်မိုး**ကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ **ဝန်ထောက်ဦးမြမောင်**ဘက်သို့လှည့်၍ ...

"ကဲ ဦးမြမောင်ကလဲ သူတို့ အမြန်ဆုံး ထွက်နိုင်အောင် လိုအပ်တာတွေ စီစဉ်ပေးလိုက်ပါ။ ခင်ဗျားတို့အတွက် ရိက္ခာအခက်အခဲရှိရင် တပ်က အပြည့်အစုံယူသွား။ ဗိုလ်အေးမင်း စီစဉ်ပေးလိုက် ဟုတ်လား။ ဒါနဲ့ လေယာဉ်ဆီတွေ ပို့ပြီးရင်တော့ ခင်ဗျားတို့ဌာနအစီအစဉ်အတိုင်း ပင်လယ်ကင်းလှည့်တာကို ဆက်လုပ်ပေါ့ဗျာ၊ ကဲ ဒါပါဘဲ "

တပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူး၏စကားမှာ ပြည့်စုံနေပါသည်။ ဘာမှမေးရန် မလိုသလို ဘာမျှ ဆင်ခြေတက်ရန်လည်း အကြောင်းမရှိချေ။ သို့သော် **ကိုအောင်မိုး**မှာ မြိတ်မြို့ပေါ်တွင် အမောမပြေအောင် မြေရုံရှိသေး၊ ကြမ်းတမ်းခက်ထရော်သည့် ပင်လယ်ကို ချက်ချင်း ပြန်ထွက်ရမည်မို့ စိတ်ထဲမှာ ရှုပ်ပျ

လှသည်ဟု မဆိုနိုင်ချေ။

မည်သို့ဆိုစေ၊ **ကိုအောင်မိုး**သည် တာဝန်ကို လေးစားသူဖြစ်၏။ တစ်ခါတရံ ကြမ်းတမ်း ခက်ထရော်သည့် ပင်လယ်ကိုလည်း သူခင်တွယ်နေပြီဖြစ်၏။ သို့ကြောင့်လည်း သူသည် တပ်ရေးဗိုလ်ကြီးဖြစ်သူ ဗိုလ်အေးမင်းနှင့်၎င်း၊ သူ့အထက်အရာရှိဖြစ်သူ **ဦးမြမောင်**နှင့်၎င်း၊ လိုအပ်သည်များကို စီစဉ်ပြီး ချက်ချင်းပင် **ဇင်ယော်**ရှိရာ ဆိပ်ကမ်းကို ဆင်းခဲ့လေသည်။

အချိန်မှာ နေဝင်ဆည်းဆာ၊ နေမင်းသည် ပထော်တောင်ကြီး၏နောက်ဆွယ်မှာ ပျောက်ကွယ်သွားပြီမို့ မြစ်ဆိပ်ကမ်းတစ်ခုလုံးမှာ ဓာတ်ပုံဖလင်သားကို ကြည့်ရသလို ဝိုးတဝါး ဖြစ်နေလေသည်။ လေက ခပ်ထန်ထန်ကလေး တိုက်နေ၏။ ရေပြာပြာများက **ဇင်ယော်**ကိုလည်းကောင်း၊ နောက်လယ် ဆိပ်ကမ်းရှိ ဇောတ်တားကြီးကိုရင်း တအိအိရိုက်ခတ် ကျီစယ်နေလေသည်။

ထိုအချိန်တွင် ဆိပ်ကမ်းအလုပ်သမားများသည် စနစ်တကျ ပိတ်ဆို့ထားသော ဆီတိုင်ကီများကို တဟေးဟေး အသံပြုရင်း အင်တိုက်အားတိုက် သယ်ချနေကြသည်။ တိုင်ကီများကို လှိမ့်သူက လှိမ့်၊ မ,သူက မ၊ **ဇင်ယော်**ဝမ်းခေါင်းတွင်းသို့ ချသူက ချဖြင့် ထန်းလျက်ခဲကို ပုရွက်ဆိတ်တွေ ဝိုင်းချီနေကြသလားဟု ထင်ရလေသည်။

မကြာပါ၊ အိပ်ရာလိပ်တစ်လိပ်ကိုပိုက်ပြီး မျက်မှန်တဝင်းဝင်းနှင့် **ဦးဆန်းမောင်** ရောက်လာလေသည်။ ပြီးတော့ **နတ်လမ်းညွှန်ကိုလှဦးနှင့် ဦးကုလား**၊ နောက်ဆုံးရောက်လာသူကား ဘပု။

ဦးခန်းမှာ အားလုံးစုမိကြတော့ **ဦးဆန်းမောင်**က နားမလည်သည့် မျက်နှာဖြင့် **ကိုအောင်မိုး**ကို လှမ်းအပြစ်တင်လိုက်လေသည်။

''နေစမ်းပါအုံး အာစရိရ၊ အာစရိပြောတော့ နောက်တနင်္လာနေ့မှ ကျွန်တော်တို့ ကင်းထွက်ကြမယ်ဆို ခု ဘယ်လိုဖြစ်တာလဲ။ ကျွန်တော်ဖြင့် မုန်း*တောင်ဖြောင့်အောင် မစားခဲ့ရဘူး''

( * မှတ်ချက် ။ ။ မြိတ်တွင် ထမင်းကို မုန်းဟုခေါ်သည်။ )

''အေးပေါ့ဗျာ အခြေအနေအရပေါ့။ ဒါနဲ့ ခင်ဗျားတို့ ပစ္စည်းတွေ နေသားတကျထား။ ဒီပစ္စည်းတွေ တင်ပြီးတာနဲ့ ကျွန်တော်တို့ ချက်ချင်း ထွက်မယ်။ ကျွန်တော်မသိဘဲ ဘယ်သူမှ ကုန်းပေါ် ပြန်မတက်ရဘူး။ ဒါနဲ့ ဘပုရောအဆင်ပြေခဲ့ရဲ့လား ဟေ့''

**ကိုအောင်မိုး**က သူ့ကို ဝိုင်းရပ်နေသော အဖွဲ့သားများကြားတွင် ဂင်တိုတိုနှင့် ရပ်နေသောဘပုကို ဖြတ်၍ မေးလိုက်လေသည်။

''ဟုတ်ကဲ့ ဆရာ၊ အဆင်ပြေပါတယ်၊ ဒါပေမဲ့ ဆရာဦးမြမောင်က သူ့ကားနဲ့ အခု လိုက်ခဲ့ရမယ်ဆိုလို့ လိုက်လာရတာဘဲ၊ အခု ကျွန်တော်တို့ ကင်းထွက်မှာလား။ ဘယ်ကို သွားရမှာလဲ ဆရာ''

ဘပုက သူ့မျက်လုံးအစုံကို မလုံမလဲ ဝေ့ရမ်းသလိုလုပ်ရင်း **ကိုအောင်မိုး**ကို မဝံ့မရဲ မေးလိုက်သည်။

''ဘယ်သွားရမည်၊ ဘာလုပ်ရမယ်ဆိုတာ သင်္ဘောထွက်မှ ပြောမယ်ဘပု။ ဒါက ဗိုက်ို မေးလိုက်တဲ့တာဝန်အရဘဲ။ ဒီတော့ ဦးဆန်းမောင်က တစ်ယောက်ယောက်ကို သင်္ဘောအဆင်းအတက်မှာ တာဝန်ချထားပါ။ ဦးကုလားက ပစ္စည်းတွေတင်ပြီးတာနဲ့ ထွက်နိုင်အောင် စီစဉ်ပေးပါ။ ကဲ – ပြင်ကြဆင်ကြရအောင်ဗျာ''

**ကိုအောင်မိုး**က စကားကိုလက်စသပ်ပြီး တာဝန်ကိုအသီးသီး ခွဲပေးလိုက်သည်။ သူကိုယ်တိုင်

လည်း ကျန်အဖွဲ့သားအားလုံးကို တစ်ယောက်မကျန် လိုက်လံနှုတ်ဆက်ပြီး အားလုံး စိစဉ်ပြီးသည်နှင့် **ဇင်ယော်**ကို ကမ်းမှခွာခဲ့သည်။

အဖြစ်အပျက်များသည် အိပ်မက်လိုပင် မြန်ဆန်လွန်းလှသည်။ မနေ့ညနေကဆိုလျှင် သူသည် **အဝင်း**ရင်ခွင်တွင်းမှာ ရှိခဲ့သည်။ ဘာရယ်လို့မဟုတ်သော်လည်း **အဝင်း**၏ပါးအိုးအိုးကလေးကို မွှေးကြူရသည်မှာ တသက်မမေ့နိုင်စရာ မရှိဟုပင်ထင်ခဲ့သည်။ ပြီးတော့ **အဝင်း**က မေး၍ သူမြို့မှာ ၄–၅ရက်လောက် ကြာအုံးမည်ဟုပင် ပြောခဲ့သေးသည် မဟုတ်ပါလား။

အခုတော့ သူ **အဝင်း**ကို တမင်လိမ်ပြောသလိုပင် ဖြစ်ခဲ့လေပြီ။ သူ့ခမျာ အိပ်လိုက်လာလို့ သူ့ကိုမတွေ့လျှင် ဘယ်လိုများနေပါလိမ့်။ **ကိုအောင်မိုး**သည် အမှောင်ထုအောက်တွင် မီးရောင်တန်းကလေးများဖြင့် ဝေး၍ ဝေး၍ ကျန်ခဲ့သော မြိတ်မြို့ကို ငေးကြည့်ရင်း **အဝင်း**မျက်နှာကို မြင်ယောင်မိသည်။ ပြီးတော့ ဘာကြောင့်ရယ်မသိ၊ သူ့ဟာသူ တစ်ယောက်တည်းကျိတ်၍ စိတ်ထဲက ပြုံးလိုက်မိပြန်သည်။

**ဇင်ယော်**သည် အမြင့်ဆုံး စက်ရှိန်ဖြင့် ကော့သောင်မြို့သို့ ဦးတည်ခုတ်မောင်းနေလေသည်။ စက်ဆီများကို ဝန်ပြည့်တင်ထားသဖြင့် **ဇင်ယော်**မှာ ဝပ်စင်းပြီး ငြိမ့်ငြောင်း တည်ငြိမ်နေ၏။ လေကလည်း ခပ်ဖိဖိလေးသာ တိုက်လေ့ရှိသည့် ပင်လယ်လေညှင်း။ သို့သော် လဆုတ်ပက္ခမို့ အမှောင်ထုကမူ ပို၍ ပို၍ နက်ရှိုင်းလာလေတော့သည်။

**ကိုအောင်မိုး**သည် ပဲ့စင်ထက်ရှိ ကုလားထိုင်လွှတ်တစ်ခုတွင် ဝင်ထိုင်လိုက်ပြီး အလုပ်တာဝန်ကို မညည်းမညူ မပျင်းမရိ ထမ်းဆောင်လေ့ရှိသည့် **ဦးကုလား**ကို ငေးကြည့်မိ၏။ ပြီးတော့ စားပွဲတွင်ထိုင်၍ ကော့သောင်ခရီးစဉ်ကို ရေးဆွဲနေသည့် **ကိုလှဦး**။ သူ့ဘေးတွင် ထိုင်နေသူက **ဦးဆန်းမောင်**။

''ဆရာ၊ ကျွန်တော်တို့ စိတ်လဲချရအောင် ကော့သောင်ကို အမြန်ဆုံးလည်းရောက်အောင် အတွင်းလမ်းကဘဲ သွားမယ် စိတ်ကူးတယ်။ ဘယ့်နှယ် သဘောရသလဲ''

**ကိုလှဦး**က သူ့စားပွဲပေါ်သို့ ဆွဲချထားသော မီးလုံးကိုဖယ်ရှားလိုက်ရင်း **ကိုအောင်မိုး**ကို လှမ်းမေးလိုက်သည်။ **ဦးဆန်းမောင်**ကလည်း **ကိုအောင်မိုး**ကို ပြိုင်တူ လှမ်းကြည့်လိုက်၏။

''အကောင်းဆုံးပေါ့ဗျာ ကိုလှဦး။ စိတ်ချလက်ချနဲ့ အမြန်ဆုံးရောက်ဖို့ဘဲ အရေးကြီးတာဘဲ။ ခုနက ကျွန်တော်ပြောသလိုပေါ့၊ စက်ဆီတွေကို ကော့သောင်းကို အမြန်ဆုံး ပို့ပေးပြီးရင် ကျွန်တော်တို့ တာဝန်ပြီးဘီပေါ့။ ဒီကြားထဲမှာတော့ ကျွန်တော်တို့လုပ်နေကျ ပင်လယ်ကင်းအလုပ်ကို ဘာမှ မလုပ်နိုင်ဘူး။ ဒါပေမဲ့ ကိုယ့်သင်္ဘောကကာကွယ်ဘို့အတွက် ကင်းတစ်ဖွဲ့လောက်တော့ ချထားဗျာ။ အားလုံး စိစဉ်ပြီးရင် ကျွန်တော်တို့လည်း နားနိုင်ကြပါတယ် ''

မှန်ပါသည်။ မြိတ်နှင့် ကော့သောင်ခရီးမှာ **ကိုအောင်မိုး**တို့အဖို့ ထူးဆန်းသည့်ခရီးမဟုတ်၊ သွားနေကျ ခရီးဖြစ်၏။ သို့ကြောင့်လည်း ဇင်ယော်လမ်းကြောင်း ရေ လေ အနေအထားနှင့် အခြေအနေ အရပ်ရပ်ကို စိစဉ်ပြီးသည်နှင့် ည ၁၂ နာရီခန့်လောက်တွင် အခြားအဖွဲ့တစ်ဖွဲ့ကို တာဝန်ချထားလိုက်သည်၊ **ဦးကုလား**နေရာမှာ ဒုရေယာဉ်အုပ် **ဦးထွန်းမြ**၊ **ဦးဆန်းမောင်**နှင့် **ကိုလှဦး**နေရာတွင်ကား **ဦးသောင်းတင်**နှင့် **ကိုဝင်းရှိန်**။

ကိုအောင်မိုးသည် ဒုတိယတစ်ဖွဲ့ကို ထုံးစံအတိုင်း သို့ကလို တာဝန်ပေးအပ်ပြီး သူ့အခန်းသို့ ပြန်ခဲ့သည်။ ပြီးတော့ ကော့သောင်တွင် ပစ္စည်းများချပြီးသည်နှင့် ရှေ့လုပ်ဆောင်ရမည့် လုပ်ငန်းများကို

စဉ်းစား စိစဉ်ရင်း တအောင့်မျှကြာအောင် အိပ်ပျော်သွားမိလေသည်။

သို့သော် မကြာပါ။ သူ့စိတ်ထဲတွင် အိပ်မက်ဆိုးတစ်ခုနှင့် ကြုံရသလို ခံစားနေရသည်။ လူများက သူ့ကို အရေသေပါးလိုက်နေသံ။ ပြီးတော့ တခုန်းခုန်းမြည်သံ။ သည့်နောက်တော့ ဇင်ယော်ဘဲ အွန့်ရာယ် တစ်ခုခုနှင့် ကြုံရသလို စိတ်ထဲမှာ ထင်မြင်မိရင်း အိပ်ရာမှလန့်ပြီး နိုးလာလေသည်။ ကြည့်လိုက်တော့ ဇင်ယော်ကုန်းပတ်ပေါ်တွင် တခုန်းခုန်း ပြေးလွှားနေသံများနှင့် သူ့တံခါးကို တခုန်းခုန်း ခေါက်သံများကို အမှန်ပင် ကြားနေရသည်။

''ဆရာ – ဆရာ၊ ကျွန်တော် သောင်းတင်ပါ။ ထပါအုံး ဆရာ''

**ကိုအောင်မိုး**လည်း ရရာ ဂျက်ကင်တစ်ထည်ကို ဆွဲဝတ်လိုက်ပြီး တံခါးကို ဖွင့်လိုက်ရာ ရေးကြီး သုတ်ပြာနှင့် တုန်တုန်ရီရီဖြစ်နေသော လက်ထောက်အရာရှိ**ကိုသောင်းတင်**ကို တွေ့ရသည်။ အပြင်မှာ မှောင်မဲနေ၏။ လေကလည်း တစ်ချက်တစ်ချက် အသံမြည်အောင် တိုက်ခတ်နေ၏။

''ဘာဖြစ်တာလဲ ကိုသောင်းတင် ''

''လာ – လာပါအုံး ဆရာ၊ ကျွန်တော်တို့ ဘာဖြစ်မှန်း မသိဘူး။ **အနံ့**တွေကလည်း စူးစူးဝါးဝါး နံလိုက်တာ ဆရာ၊ ကျွန်တော်တို့ ကြောက်တယ်ဆရာ''

**ဇင်ယော်**နှင့် နှစ်ခေါက်မျှသာ လိုက်ဖူးသေးသော လူသစ်ဖြစ်သူ**ကိုသောင်းတင်**က အသံတုန်တုန် နှင့် အလောတကြီး ပြောလိုက်သဖြင့် **ကိုအောင်မိုး**လည်း ပဲ့ဝင်ထက်သို့ ကမန်းကတန်းပင် တက်ခဲ့သည်။ ထိုစဉ် **ဦးကုလား**၊ **ဦးဆန်းမောင်**နှင့် **ကိုလှဦး**တို့လည်း အပြေးအလွှားပင် ရောက်ရှိလာကြသည်။

''တွေ့လား ဆရာ၊ အနံ့တွေကလည်း နံ့လိုက်တာ၊ ဟို ကျွန်းပေါ်မှာလဲ မီးရောင်တွေက တဝင်း ဝင်းနဲ့''

အားလုံးက ပတ်ဝန်းကျင်တစ်ခုလုံးကို ဝိုင်းကြည့်လိုက်ကြ၏။ အချိန်မှာ နံနက် ၂–နာရီခန့်။ အမှောင်ထုမှာ ဆုပ်ယူရလောက်အောင်ပင် မဲမှောင်နေ၏။ လေက တစ်ချက်တစ်ချက်တွင် ဝီကနဲ ဝီကနဲနေအောင် တိုက်နေ၏။ တစ်ခါတစ်ခါတွင် ပိုးကောင်များ၏အော်သံလို စီကနဲ ညံကနဲ အသံကို လည်းကြားရ၏။ **ဇင်ယော်**၏ညာဘက်ခြမ်းရှိ ကျွန်းတန်းရှည်တစ်ခုပေါ်တွင်ကား ဖြိုးကနဲ ကြည့်လျှင် စုန်းတောက်သည်ဟု ပြောကြသလို မီးလုံးတွေ ပြေးလွှားလှုပ်ရှားနေသည်ကို အံ့ဘွယ် သရဲ မြင်ကြ ရလေသည်။ သည်အထဲတွင် ပန်းရနံ့ထက် အတော်ပင် ပြင်းထန်ပုံရသော အနံ့တစ်မျိုးကလည်း ဝန်းကျင်တစ်ခုလုံးမှာ စူးစူးဝါးဝါး နံနေလေသည်။

အားလုံးမှာ တစ်လုံးတစ်ပါးမှ မပြောနိုင်ဘဲ ဝန်းကျင်တစ်ခုလုံးကို ငေးကြည့်နေမိကြ၏။ **ဇင်ယော်**ကမူ **ဦးထွန်းမြ**လက်ထဲမှာ တရိပ်ရိပ်ပြေးနေ၏။ သို့သော် ကျွန်းတန်းရှည်ကို ဖြတ်ကျော် ဆဲဖြစ်၍ မီးရောင်များကို ပို၍ မြင်လာရသလို အနံ့များကလည်း ပို၍ စူးစူးဝါးဝါး ဖြစ်လာ၏။ အခြေအနေ မှာ အမှန်ပင် တုန်လှုပ်ချောက်ချားစရာ ဖြစ်နေလေသည်။

''အစရိ ကျွန်တော်လဲ တစ်ခါမှ မကြုံဘူး‚ဘူးဗျ၊ ကျွန်တော်တို့ ဆက်သွားလို့ ဖြစ်ပါ့မလား''

''ဆရာ၊ ကျွန်တော်လဲ တစ်မျိုးကြီး ခံစားရတယ် ဆရာ။ ပင်လယ်စုန်းဆိုတာမျိုးလား မသိဘူး။ သိပ်ချောက်ချားဘို့ ကောင်းတာဘဲ''

အတွေ့အကြုံ အတော်အသင့်ရှိကြသည့် **ဦးဆန်းမောင်**နှင့် **ကိုလှဦး**ပင် အတော်လေး ချောက် ချားနေဟန်ရှိ၏။ သို့သော် **ဦးကုလား**ကမူ ဆေးရွက်တစ်ဖွဲ့ကို ကောက်ငုံလိုက်ရင်း ...

''ကျုပ် တစ်သက်မှာတော့ ပင်လယ်စုန်းတွေ ဘာတွေဆိုတာ တစ်ခါမှ မတွေ့ဘူး.ဘူးဗျ။ ဒါဟာ တစ်ခုခုဘဲ ဖြစ်ရမယ်။ ကဲ – ကိုထွန်းမြ အနားယူအုံး။ ကျုပ် မောင်းမယ် ''

**ဦးကုလား**က ပြောပြောဆိုဆိုဖြင့် **ဦးထွန်းမြ**ကို ဖယ်ခိုင်းပြီး **ဇင်ယော်**ပဲ့ကို ဝင်ကိုင်လိုက်သည်။ **ဇင်ယော်**က တခုတ်ခုတ် စက်သံကိုပေး၍ အရှိန်မပျက် သွားနေ၏။ လေက တစ်ချက် တစ်ချက်တွင် ဝီကနဲနေအောင်မြည်ကာ **ဇင်ယော်**ကို ဖြတ်ကျော်သွားသည်။ ကျွန်းပေါ်မှ မီးလုံးကလေးများကား ဟိုခုန် သည်ကူး လုပ်နေဆဲဖြစ်၏။ အနံ့ကမူ ပို၍ ပို၍ စူးရှလာလေသည်။

''ဒါနဲ့ ဦးထွန်းမြ၊ ဇင်ယော်လမ်းကြောင်းတော့ မှန်ပါတယ်နော်။ ညက ကိုလှဦးတို့ ချိန်းပေးထားတဲ့ လမ်းကြောင်းအတိုင်းဘဲမှတ်လား''

**ကိုအောင်မိုး**က သူတို့ အိပ်ပျော်နေခိုက် **ဇင်ယော်**လမ်းကြောင်းမှားပြီး ကျွန်းတစ်ကျွန်းသို့များ ရောက်သွားလေသလားဟု မေးလိုက်ခြင်းဖြစ်၏။ **ဦးထွန်းမြ**ကလည်း **ဇင်ယော်**လမ်းကြောင်းကို နည်းနည်းမျှ မရွေ့ကြောင်း။ ဒါတိုင်းသွားနေကျ လမ်းအတိုင်းသာ ဖြစ်ကြောင်း၊ သို့သော် ည တစ်နာရီခန့်ကစပြီး အခုလို အနံ့များနှင့် မီးရောင်များကို တွေ့ရခြင်းဖြစ်ကြောင်းဖြင့် အဖြေပေးလေသည်။

''ဒါဖြင့် ကိုလှဦး တွက်ကြည့်စမ်းပါအုံးဗျ။ ကျွန်တော်တို့ အခု ဘယ်နားလောက် ရောက်နေတယ်ဆိုတာ ခင်ဗျားရေပုံနဲ့ တွက်ကြည့်စမ်းပါအုံး''

**ကိုအောင်မိုး**က မဲမှောင်နေသော အပြင်ဝန်းကျင်ကို လှမ်းကြည့်ပြီး ခန့်မှန်း မရဟန်နှင့် **ကိုလှဦး**ကို လှမ်းပြောလိုက်သည်။ သို့သော် သူမပြောမီကပင် **ကိုလှဦး**သည်လည်း သူ့စားပွဲတွင် ထိုင်၍ ရေပုံကားချပ်များကို ထောက်၍ငင်း။ ဇင်ယော်သွားနှုန်းနှင့် အချိန်ကို တွက်ချက်ခြင်းဖြင့် ၎င်း အလုပ်ရှုပ်နေပြီဖြစ်သည်။

တချိန်တည်းမှာပင် **ကိုအောင်မိုး**သည်လည်း အခုမှ သတိရဟန်ဖြင့် မှန်ပြောင်းကိုယူပြီး မီးလုံးတွေ ပြေးလွှားနေသည် ထင်ရသော ကျွန်းပေါ်သို့ လှမ်းကြည့်လိုက်၏။ ပထမတော့ မီးလုံးတွေမှာ သဲကွဲခြင်းမရှိ။ သေချာစွာကြည့်မှ မီးလုံးများမှာ တစ်ခုစီ တစ်ခုစီ မဟုတ်ပဲ မီးလုံးကလေးများကို အုပ်ဖွဲ့၍ ဟိုမှ သည်မှ ရွေ့လျားနေခြင်းဖြစ်ကြောင်း တွေ့ရ၏။

ထိုအချိန်တွင် **ဇင်ယော်**ကလည်း ကျွန်းတည့်တည့်သို့ ရောက်လာပြီ ဖြစ်ရကား ...

''အလိုလေး ... ဦးဆန်းမောင်ရေ့ စုန်းတွေကစားနေတာ မဟုတ်ပါဘူးဗျ။ ခင်ဗျား သေသေချာချာ လာကြည့်၊ ပိုးကောင်တွေ အုပ်ဖွဲ့ပြီး မိတ်လိုက်နေတာဗျ။ ကေ့နူ့ ပိုးစုန်းကြူးတွေဘဲ ဖြစ်ရမယ် ''

သည်တွင်မှ ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီးတွေ ရပ်နေကြသော အဖွဲ့သားအားလုံးက **ကိုအောင်မိုး**ထံမှ မှန်ပြောင်းကို အလုအယက်ယူ၍ ဝိုင်းဝန်းကြည့်ကြသည်။

''အမီးဝေး – ဒီလောက်များတဲ့ ပိုးစုန်းကြူးအုပ်တွေဗျာ၊ အာစရိ သေသေချာချာ ကြည့်စမ်း။ မီးလုံးတွေ အိအိပြီး ပြေးလိုက် လွှားလိုက် ပေါ်လိုက် ပျောက်လိုက် ဖြစ်နေတာ၊ တကယ့်ကို စုန်းကောင်တွေ ကစားနေသလိုပါလားဗျာ၊ ဒါနဲ့ ဆရာ စူးစူးဝါးဝါးအနံ့ကတော့ ခုထိ မပျောက်သေးပါလား''

''အေးဗျ၊ အနံ့ကတော့ မပျောက်သေးဘူး။ ဒါပေမဲ့ ဒီကောင်တွေနဲ့ မပတ်သက်ဘူး ထင်တာဘဲ၊ ကဲဗျာ ကိုထွန်းမြတို့ ကိုသောင်းတင်တို့ အေးအေးဆေးဆေး အနားယူကြပါ၊ ကျွန်တော်ဆက်ပြီး တာဝန်ယူပါ့မယ်။ ဘာမှ ကြောက်စရာမရှိပါဘူး၊ ဒါနဲ့ ကိုလှဦး တွက်လို့ရဘီလားဗျ''

**ကိုအောင်မိုး**က သူကိုယ်တိုင် အတော်အသင့် အသက်ရှုပေါက် ရသွားဟန်ဖြင့် **ဦးထွန်းမြ**

တို့ကို အနားပေးပြီး တဆက်တည်းပင် ကိုလှဦးကို လှမ်းမေးလိုက်သည်။

''ရပြီ ဆရာ၊ ကျွန်တော်တို့ အခုရောက်နေတဲ့နေရာဟာ ပုလဲကျွန်းနဲ့ အိုဝင်ကျွန်းနားမှာရှိတဲ့ ကျွန်းလေးတစ်ကျွန်းဘဲ၊ နာမည်တော့ မသိဘူး''

''အေးဗျာ၊ အဲဒီကျွန်းကို သေသေချာချာ မှတ်ထားဗျာ၊ ကျွန်တော့်အထင်ကတော့ နာနာ ဘာဝတို့ ဘာတို့ လုံးလုံး မထင်ဘူး။ တစ်ခုခုဘဲ ဖြစ်မယ်ထင်တယ်။ ဒီတော့ ကော့သောင်ကို ရောက်တာနဲ့ ကျွန်တော်တို့ ဒီကို တစ်ခေါက်ပြန်လာကြည့်မယ် ဘယ့်နှယ့်လဲ''

''ကောင်းတယ် ဆရာ၊ အဲဒီကျွန်းကို ကျွန်တော် သေချာမှတ်ထားမယ်။ ဟောဗျ – ဆရာရေ့ အနံ့တွေ ချက်ချင်း ပျောက်သွားပါလား ဆရာ''

ကိုလှဦးက ရေပုံစားပွဲမှ ထ၍ ကျွန်း၏ပထဝီအနေအထားကို မှတ်သားရင်း အံ့ဩတကြီး ပြောပြန်သည်။ မှန်ပါသည်။ ဘဲဥပုံ ကျွန်းရှည်လမြောလေးကို လွန်မိသည်နှင့် အနံ့တွေမှာ ယုပစ်လိုက်သလို ပျောက်သွားလေသည်။ တကယ်တော့ သူတို့သည် မမြော်လင့်သော အဖြစ်တစ်ခုကို မူတည်၍ ဖြစ်တတ်လေ့ရှိသော ဆီးဖရိုက်ခေါ် ပင်လယ်၏ချောက်ချားမှုကို ခံစားကြရခြင်းပင် ဖြစ်သည်။

မည်သို့ဆိုစေ၊ ကိုအောင်မိုးတို့သည် နောက်တစ်နေ့ နံနက် ၁၀ နာရီခန့်မှာပင် ကော့သောင်မြို့သို့ ချောမောစွာ ရောက်ရှိခဲ့ကြသည်။ မြိတ် ခလကမှ ကြိုတင် ကြေးနန်းပို့ထားသည့်အလျောက် ရောက်ရောက်ချင်း ပစ္စည်းများချပေးပြီး ပုလဲကျွန်းဘက်သို့ တစ်ခေါက် ထွက်ခဲ့ကြပြန်သည်။

ကိုအောင်မိုးနှင့် သူ့အဖွဲ့သား အားလုံးမှာလည်း ညကအဖြစ်ကြောင့် ခုထိတစ်ယောက်မှ အနားမယူသေးဘဲ လည်တဆန့်ဆန့်နှင့် ပါလာကြသည်။ လေကငြိမ်ပြီး ကောင်းကင်ကြီးကလည်း အစွန်းအပေါက်မရှိ ကြည်လင်နေ၏။ ဇင်ယော်သည်လည်း ရွှန်းလဲ့လဲ့ရေပြင်ကို ဦးနှင့်ခွဲကာ ကဆုန်ပေါက်၍ ပြေးနေလေ၏။

မကြာပါ။ ညကတွေ့ခဲ့ရသည့် ဘဲဥပုံ ကျွန်းရှည်လမြောကလေးထိပ်သို့ တစ်ပတ်ပြန်ရောက်ခဲ့ကြပါပြီ။ ကိုအောင်မိုးမှာ သူ့မျက်စိကို သူမယုံနိုင်လောက်အောင်ပင် ပွတ်သပ် ကြည့်ရင်း ...

''ဗျို့ ဦးဆန်းမောင်၊ ဒီမှာ ကိုလှဦး ညက ကျွန်တော်တို့တွေ့ခဲ့တဲ့ ကျွန်းဟာ ဒီကျွန်းဘဲ မဟုတ်လားဗျ၊ ကြည့်စမ်း ညတုန်းကတော့ တစ္ဆေကြီးတစ်ကောင်လဲနေသလို မဲနေတာပဲ၊ ခုကြည့်တော့လည်း ဓါတ်ပွမ်းဆိုင်တွေ တစ်ကျွန်းလုံး ပုံထားသလို ဖွေးဖွေးလှုပ်နေပါလားဗျ၊ ငါး – အနံ့တွေကလည်း ရလာပြီဗျို့ တကယ့်ကိုပြင်းတဲ့ အနံ့ဘဲ''

''ဟုတ်တယ်ဗျို့ ဦးကုလား။ ဖြစ်နိုင်ရင် ကျွန်းနား နဲနဲကပ်ပြီး မောင်းပေးစမ်းပါဗျာ၊ ကြည့်ကြရအောင်''

အားလုံးက ကျွန်းကို ဝိုင်း၍ ကြည့်ကြ၏။ တရှူးရှူး တရှဲရှဲဖြင့် အနံ့ကိုလည်း ဝိုင်းရှူကြ၏။ မှန်ပါသည်။ လက်စသပ်တော့ ဘာ့မကောင်းဆိုးဝါး အနံ့မှမဟုတ်၊ ညက မြင်ခဲ့ရသည့် မီးလုံးများမှာ အတော်ကြီးသော ပိုးစုန်းကြူကောင်များ အုပ်နှင့်ချီပြီး ပျံသန်းနေခြင်းဖြစ်ပြီး။ အနံ့များကား တစ်ကျွန်းလုံး ဖွေးဖွေးဖြူအောင် ပွင့်နေသည့် တောပန်းများသာ ဖြစ်ချေသည်တကား။

''ဪ– ညတုန်းကတော့ ကျွန်တော်[illegible] စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်မိတာ အမှန်ပဲဗျ၊ ဒါပေမဲ့ တစ်ခုခုတော့ အကြောင်းရှိရမယ်ဆိုပြီး စိတ်ကို မနည်းတင်းထားရတယ်၊ ကဲ – ဦးကုလားရေ ကျွန်တော်တို့ ဒီတစ်ခါတော့ ရွှေကျွန်းမှာ စခန်းမချတော့ဘူးဗျာ၊ ဒီကနေ အနီးဆုံးဖြစ်တဲ့ လမ်းပိကျွန်းကိုဘဲ

သွားကြစို့၊ အဲဒီမှာဘဲ စခန်းချပြီး ကင်းထွက်ကြတာပေါ့"

ကိုအောင်မိုးမှာ အခုမှ အသက်ရှု ချောင်သွားတော့သဖြင့် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ရှေ့အစီအစဉ်ကိုပါ ပြောပြလိုက်သည်။ သည်တော့မှ အဖွဲ့သားအားလုံးမှာလည်း ပြုံးပြုံးရွှင်ရွှင်နှင့် သူတစ်ပေါက်ငါတစ်ပေါက်ပြောကာ၊ လမ်းဖိကျွန်းတွင် စခန်းချရေးအတွက် စိတ်ချလက်ချ ရှိသွားလေတော့သည်။

ဇင်ယော်သည်လည်း ကျွန်းလည်လောက်မှ ကွေ့ကာ လမ်းဖိကျွန်းဘက်သို့ ပြန်ထွက်ခဲ့သည်။ ကိုအောင်မိုးလည်း ဦးတုလားအား လိုအပ်သည်များကို မှာကြားကာ သူ့အခန်းတွင်း ဝင်၍ တမှေး အိပ်လိုက်သည်။ သူအိပ်ရာကနိုးတော့ ညနေ ၃-နာရီခန့် ရှိပေပြီ။

ဇင်ယော်သည် လမ်းဖိကျွန်းသို့ မရောက်တတ်သေး။ သို့သော် ကြီးမားသော လမ်းဖိကျွန်း၏ တစ်ဖက်အစပ်သို့ ရောက်လာပြီဖြစ်၏။ နောက်နာရီဝက်ခန့် ကျွန်းကိုပတ်၍ မောင်းလျှင် ပင်လယ်ပြင်ကို မျက်နှာပြုထားသော အစိုးရ ငါးဖမ်းစခန်းသို့ ရောက်မည်ဖြစ်၏။ ကိုအောင်မိုးတို့သည် ယင်းငါးဖမ်း စခန်းနှင့် မလှမ်းမကမ်းရှိ ကျွန်းငယ်တစ်ကျွန်းကို အကာအကွယ်ယူပြီး စခန်းချကြရမည် ဖြစ်လေသည်။

ထိုစဉ် ပဲ့ပိုင်းကုန်းပတ်တစ်နေရာတွင် အဖွဲ့သားအချင်းချင်း ဆူညံ ဆူညံနှင့် ငြင်းခုန်နေကြသံကြားရသဖြင့် သူသည် တံဘက်တစ်ထည်ကို လည်မှာပတ်ပြီး လျှောက်လာခဲ့လေသည်။

"ဟေ့ကောင်၊ မင်းက ဘယ်လောက် နားလည်လို့လဲ၊ ဒါဆလုံတွေ လင့်ထိုးပြီး ငါးခြောက် လှမ်းထားတာကွ"

"တယ်- ဒီကောင် ပေါက်ကရပြောတော့မယ် မင်း အဘ။ ငါးခြောက်လှမ်းတာဆိုရင် ဘာလို့ ဒီအလံတွေ စိုက်ထားရမှာလဲကွ၊ ကြည့်ပါလား အလံတွေရောင်စုံဘဲ၊ မဟုတ်ခါမှ လွဲရော ဒါတာ သူတို့ နတ်တင်ထားတာ ဖြစ်ရမယ်"

အသန်းပြောစားပွဲတွင် ကိုတင်မြင့်နှင့် လက်ထောက်တစ်ဦးဖြစ်သူ ကိုဝင်းဇွဲနံ့တို့ အချီအချ ပြောနေခြင်းဖြစ်၏။ အနီးတွင်လည်း ညက တာဝန်ကျခဲ့သည့် ဦးသောင်းတင်နှင့် ကိုညွန့်မောင်က ရေနွေးကြမ်း တစ်ခွက်စီဖြင့် ငြိမ်နားထောင်နေကြသည်။

ကိုအောင်မိုးသည် သူတို့ ညွှန်ပြ ပြောဆိုနေရာသို့ လှမ်းကြည့်လိုက်၏။ လမ်းဖိကျွန်းညိုညိုကြီး၏ ဆင်ခြေလျှောတစ်နေရာတွင် အက်ပေါက်သလို ပြောင်သလင်းခါနေသည့် အကွက်တစ်ကွက်ကို မြင်ရ၏။ ထိုအကွက် အလယ်တည့်တည့်တွင် လင့်ထိုးပြီး အလံကလေးများ ရောင်စုံ စိုက်ထားသည်ကို ဝိုးတဝါး မြင်ရလေသည်။

"ဆရာ- ဟို ကျွန်းစပ်မှာ တွေ့လား။ အလံစုံစိုက်ပြီး လင့်ထိုးထားတာ၊ ဒါကို ကျွန်တော်က ဆလုံတွေ လင့်ထိုးပြီး နတ်တင်ထားတာလို့ ပြောတာ၊ အဲဒါ ဒီကောင် ဝင်းရွှံ့က နင်းကန် ငြင်းနေတယ်"

ကိုတင်မြင့်က ကျောင်းသားလေးတစ်ယောက်က ဆရာကို ပြေးတိုင်သလို ကိုအောင်မိုးကို လောလောဆောဆော လှည့်၍ပြောလိုက်၏။ ကိုအောင်မိုးကလည်း ကိုတင်မြင့်ညွှန်ပြရာသို့ အသေအချာ ထပ်၍ကြည့်၏။ လင့်စင်ကို ခပ်ရေးရေး မြင်သော်လည်း တစ်တောင်လောက် ငါးခြမ်းများက ပတ်လည် ကာထားသဖြင့် အထဲမှ အရာဝတ္ထုကို မမြင်ရချေ။ သို့သော် လေတွင် ဖျတ်ဖျတ်လူးနေသော ရောင်စုံအလံ လေးများကိုကား အထင်းသား မြင်ရလေသည်။

"အေးဗျ၊ ဒီလမ်းဖိကျွန်းတစ်ဖက်မှာတော့ ဆလုံရွာလေးတွေရှိတယ်၊ ဒါပေမဲ့ ဆလုံတွေ ခုလို

နတ်တင်တယ်လို့တော့မကြားမိဘူး။ နေအုံးဗျ၊ ဒီအနီးအနားမှာလည်း ငွေတွေ ဝဲလို့ပါလား"

**ကိုအောင်မိုး**ကပြောရင်း ဇင်ယော်အစပ်သို့ လျှောက်သွားပြီး ကောင်းကင်ကို မော့ကြည့်နေ၏။ ထိုစဉ် **ဦးဆန်းမောင်** ရောက်လာပြီး ...

''အာစရိ၊ ကျွန်တော်တို့ စခန်းချမယ့်နေရာက ငါးဖမ်းစခန်းထိပ်က ကျွန်းမှာလား၊ ဟို ချိုင့်ထဲက ကျွန်းကလေးမှာ စခန်းချရင် ပိုကောင်းမလားလို့ ဦးကုလားကပြောတယ် ဆရာ"

''ပိုကောင်းတာပေါ့၊ နေပါအုံးဗျ ဦးဆန်းမောင် ကျွန်တော်လာခဲ့မှာပါ၊ အဲနဲ့ ခင်ဗျားရဲ့ဘော်ကိုတင်မြင့်တို့က ဟိုမှာမြင်နေရတဲ့ လင့်စင်နဲ့အလံတွေကို ကြည့်ပြီး ဆလုံတွေ နတ်တင်ထားတာလားလို့ ငြင်းနေတယ်ဗျ"

**ဦးဆန်းမောင်**ကလည်း သူ့မျက်မှန်ကို ပင့်တင်လိုက်ပြီး စွေစောင်းစောင်း ကျန်ရစ်ခဲ့သည့်ကျွန်းထိပ်ကို လှမ်းကြည့်လိုက်လေသည်။

''ဟာ အာစရိကလဲ၊ ဘယ်သူလဲ ဒါကို နတ်တင်ထားတယ်ပြောတာ၊ ဗိုးတင်မြင့်မှတ်ထား၊ အဲဒါဆလုံသေလို့ လင့်ထိုးပြီး လဒဏ ကျွေးတာကွ"

''ဗျာ"

**ကိုအောင်မိုး**အပါအဝင် အားလုံးက ပြိုင်တူ ရေရွတ်လိုက်ကြသည်။

''ဟုတ်တယ်၊ မင်း– ဟိုကောင်းကင်မှာကြည့် လဒတွေ ဝဲနေတာ၊ ဒါတော့ ငါသေသေချာချာမြင်ဘူးတယ်ကွ၊ ဆလုံတွေဟာ တစ်စုံတစ်ယောက်သေရင် တို့လို မြေမြှုပ်တာတို့၊ မီးသင်္ဂြိုလ်တာတို့ လုပ်လေ့မရှိဘူး။ လင့်ထိုးပြီး အလောင်းကောင်ရော၊ သူ့ကိုယ်ပိုင် ပစ္စည်းလေးတွေကိုရော လင့်ပေါ်မှာ တင်ပြီး အလောင်းကို လဒစာကျွေးလေ့ရှိတယ်။ ကြည့်ပါလား ဟိုမှာ အလံရောင်စုံကလေးတွေ ပတ်လည်မှာ စိုက်ထားတာ၊ ဒါဟာ သူတို့ရဲ့ ဓလေ့တစ်ခုပဲကွ၊ အင်း– ဒီအတိုင်းဆိုရင်တော့ ဆလုံရွာတစ်ရွာတော့ ပျက်ပြန်ဘီပေါ့"

**ဦးဆန်းမောင်**က ပြောပြရင်း သူ့စကားကို ညည်းသူ့သံနှင့် အဆုံးသတ်လိုက်သည်။ ပြီးတော့ မျက်မှန်ကို ချွတ်ပြီးတော့ ပုဆိုးစနှင့်ပွတ်ရင်း ပဲ့စင်ထက်သို့ ပြန်မည့်တန်ပြင်လိုက်သည်။

''ဩော်– ကိုဘုတ်ဆာကြီးကလည်း နေပါအုံးဗျ၊ ခင်ဗျားစကားက လက်စတောင် မသတ်သေးဘူး။ ဘာဖြစ်လို့ ဆလုံသေတာနဲ့ ရွာပျက်ရမှာလဲဆိုတာ လင်းစမ်းပါအုံး"

ကိုတင်မြင့်က လေတဟူးဟူးကြောင့် ဖွာကျနေသော သူ့ဆံပင်များကို သိမ်းတင်လိုက်ရင်း

''ဆလုံအမျိုးသမီးများ မီးဖွားချင် အားတပိုသာကို
တစ်နေ့ တနိုင်မျိုးဖြင့် ပင်လယ်ရေချိုးရကြောင်း၊
ပြီးတော့ ကလေးကိုလည်း မွေးမွေးချင်း ...."

**ဦးဆန်းမောင်**ကို ခနိုးခနဲ့လုပ်၍ မေးလိုက်၏။

"ဘာလဲ၊ မောင်ရင်က အလောင်းကောင်ဘေးမှာ ပစ္စည်းတွေပါ ရွှန်ထားတယ်ဆိုတာနဲ့ စိတ်ဝင်စားသွားတယ်ပေါ့လေ၊ သွားယူချင်လည်း ရတယ်ကွ။ ဒါပေမဲ့ ဆလုံတွေဟာ တစ်ယောက်ယောက်သေရင် ဒီလိုပဲ လင့်ထိုးထားခဲ့ပြီး ဒီရွာက အပြီးအပိုင် ပြောင်းရွှေ့သွားကြတာဘဲ။ဒါကြောင့် ရွာတစ်ရွာပျက်ပြီလို့ ပြောတာ၊ နားလည်လား"

**ဦးဆန်းမောင်**ကလည်း သူ့ကို ခပ်ဖိဖိလေးပြောလိုက်ပြီး မျက်မှန်ကို ကောက်တပ်လိုက်၏။ ပြီးတော့ ဆလုံသေရာကစပြီး ဆလုံအမျိုးသမီးများ မီးဖွားသည့်ကိစ္စကို ရောက်သွားကြပြန်သည်။ ဆလုံအမျိုးသမီးများ မီးဖွားလျှင် ဆားတာပိသာကို တစ်နေ့ တနိုင်ချို၍ ပင်လယ်ရေချိုးရကြောင်း။ ပြီးတော့ ကလေးကိုလည်း မွေးမွေးချင်း လှေဝမ်းထဲမှာ ဆားငံရေနှင့် ရေချိုးပေးလေ့ရှိကြောင်း စသည်ဖြင့် ဆလုံအကြောင်းကို စပ်မိစပ်ရာ ပြောကြရာ ဇင်ယော်သည်ပင် လမ်းပိငါးဖမ်းစခန်းသို့ ရောက်မှန်း မသိရောက်လာကြည်ကို တွေ့ရလေသည်။

သည်တော့မှ **ကိုအောင်မိုး**လည်း **ဦးဆန်းမောင်**ကို **ဇင်ယော်**စခန်းချမယ့်နေရာကို မှာကြားလိုက်ပြီး ရေချိုးရန် သင်္ဘောခန်းမထဲသို့ တစ်ယောက်တည်း ဆင်းလာခဲ့လေသည်။ အဖွဲ့သားအားလုံးမှာ ကုန်းပတ်ပေါ် ရောက်နေကြတာမို့ဖြင့် ခန်းမထဲမှာ မှောင်ပြီး အထူးပင် တိတ်ဆိတ်နေသည်။ ထမင်းစားပွဲအရှည်ကြီးပေါ်တွင် ကျားကွက်၊ ဇယ်တောက်ခုံနှင့် ဇယ်များက ပြန့်ကျဲနေ၏။ ကပ်ဘီရိုတစ်ခုတွင်လည်း ဆွဲချိတ်ထားသော အသက်ကယ်အကျီနှစ်ထည် သုံးထည်ခန့်ကို တွေ့ရလေသည်။

သို့သော် မီးမထွန်းသဖြင့် မှောင်ပျပျဖြစ်နေသော အိပ်စင်တစ်နေရာမှ ရုတ်တရက် ဝင်းကနဲ ဝင်းကနဲ ထွက်လာသော မီးရောင်ကို မြင်လိုက်ရသဖြင့် **ကိုအောင်မိုး**သည် ဖြုံးကနဲ အံ့အားသင့်သွားပြီး ခဏကြာအောင်ပင် ခြေတုံ့သွားမိသည်။ ပြီးမှ မီးရောင်ရှိရာသို့ ခြေသံဖြည်၍ လျှောက်သွားရာ လားလား ဘပုသည် အိပ်စင်ပေါ်တွင် တစ်ယောက်တည်းထိုင်ပြီး လက်နှိပ်မီးကို ဆော့ကစားဟန်နှင့် မှိတ်ချီ ဖွင့်ချီနှင့် လုပ်နေသည်ကိုတွေ့ရလေသည်။

"ဟေ့- ဘပု၊ တစ်ယောက်ထဲ ဘာလုပ်နေတာလဲကွ"

ဘပုမှာ သူခိုးလူမိသလို ကြောင်တိကြောင်အ ဖြစ်သွားပြီးမှ ...

"အာ- ဆရာ၊ ဘာမှ မလုပ်ပါဘူး။ အလကား ဆော့နေတာ"

ဘပုက သည်မျှသာပြောပြီး **ကိုအောင်မိုး**ကို မကြည့်ဘဲ ခေါင်းငုံ့သွားသည်။ သူ့ပါးစောင် နှစ်ဖက်မှာ အရက်ရှိန်ဖြင့် ထူအမ်းနေသဖြင့် သူမျက်လွှာချထားပုံမှာ ဖရဲသီးကို ခါးကဖြတ်ပြီး စိတ်ထား

"သည်ကျွင် မြောက်ဘက်လာသော တန်ကေးပေါ်သို့ ခုန်တက်မည်ပြုမှာ၊ တစ်ချက်ကလေး နောက်ကျသွားသည်နှင့်"

သလို ရှုသိုးသိုး ပုံပေါက်နေသည်။ ကိုအောင်မိုးမှာ လက်နှိပ်ဓါးကို ဆော့နေတာပါဟု သူပြောလို့သာ ကြားလိုက်ရသော်လည်း စိတ်ထဲမှာ တစ်မျိုးဖြစ်လိုက်မိ၏။ သို့သော် စိတ်အနေရှင်းသူပီပီ တစ်စုံတရာ စဉ်းစားနေခြင်း မရှိဘဲ ...

''အေး– မင်းကြည့်ရတာ မဟုတ်သေးပါဘူးကွာ၊ အပေါ်တက်ပြီး အဖွဲ့သားတွေနဲ့ ပြောလား ဆိုလားနေပေ့ါကွ၊ ဒါနဲ့ မင်း အရက်ကော ဖြတ်လိုက်ပြီလား''

ကိုအောင်မိုးက တစ်ယောက်တည်း သဝေထိုးနေလေ့ရှိသော ဘပုကို ကရုဏာဒေါသောဖြင့် ပြောရင်း မေးလိုက်၏။

''ဆရာက တာဝန်ချိန်မှာ မသောက်နဲ့ဆိုလို့ မသောက်ဖူး။ ဒါပေမဲ့ ကျန်တဲ့အချိန်တော့ သောက်တာပေ့ါ၊ ဘာဖြစ်လဲ ဆရာ''

''အေး– မင်းသိထားဖို့က တို့အတွက် တာဝန်ချိန်ဆိုတာ တကယ်တော့ ဇင်ယော်ပေါ် ရောက်ချိန် ကစပြီး ဘိတ်ကို ပြန်တဲ့အထိဘဲကွ။ မင်းစဉ်းစားကြည့်လေ၊ တို့အဖို့ တာဝန်ဆိုတာ သတ်မှတ်ထား လို့ရသလား။ အချိန်မရွေး အကြောင်းကိစ္စပေါ်လာရင် ပေါ်သလို လုပ်ရတာဘဲ။ ဒီတော့ အင်း – မင်း အရက်ကို မဖြတ်နိုင်ရင်တော့ သဘော်မလိုက်တာဘဲ ကောင်းပါတယ်ကွာ''

''ဘာပြောတယ် ဆရာ''

ဘပုကို အကြောင်းအမျိုးမျိုးကြောင့် ငဲ့ညာခဲ့သော်လည်း အလွန်မိုက်မဲသည့်သတ္တဝါဟု ကိုအောင်မိုး စဉ်းစားမိ၏။

''ဒီမှာ ဘပု၊ ခုလဲ မင်းအရက်သောက်ထားတာဘဲ မှတ်လား။ အေး .. ခုလိုပဲ အရက်သောက် ပြီး ခုလိုဘဲ ဒေါင့်မကျိုးဘူး ဆိုရင်တော့ နောက်တစ်ခေါက်ဆိုရင်တော့ ငါ ဘယ်နည်းနဲ့မှ မခေါ်တော့ ဘူးကွ၊ ကဲ– ရှင်းပလား''

ကိုအောင်မိုးမှာ မပြောလင့်ပဲ ဘပုနှင့် အချီအချ လာပြောနေရသဖြင့် စနိုးစနောင့်ဖြစ်ကာ သူ့အနားမှ ကောက်ထွက်လာခဲ့သည်။ ပြီးတော့ ရေချိုးခန်းသို့ဝင်၍ တစ်ယောက်တည်းပင် ရေကို တဝုန်းဝုန်း ခပ်ချိုးနေလေသည်။ စိတ်ထဲမှာ ဘပုအကြောင်းကို စဉ်းစားမိရင်း မမြဝင်းကို ဖြတ် ခနဲအမှတ်ရမိလိုက်သည်။ မဆီမဆိုင် မမြဝင်းက ဘာကြောင့် ဘပုဘက်က ရှေ့နေလိုက်ရသလဲ။ သူတို့ချင်းကော ဘယ်လောက်ရင်းနှီးလို့ ဘယ်လိုဆက်သွယ်ကြသလဲ။ ခက်သည်က နယ်မြို့ဆိုသည်မှာ တစ်ယောက်ကိုတစ်ယောက် အားလုံး ခပ်မင် သိကျွမ်းကြသည်ချည်းဖြစ်၏။ အရာရှိကတ၍ အရပ်ဝပ်အထိ အားလုံးကို အုသိမ်အုမ မကျန် သိကြသည်ချည်းဖြစ်၏။ အခုပင် အဝင်းနှင့် ကိုအောင်မိုးအဖြစ်ကိုလည်း ဘပုမသိဟု မဆိုနိုင်ချေ။

သို့သော် ကိုအောင်မိုးမှာ တမင် အကောက်ကြံစိတ်ဖြင့် တစ်စုံတစ်ရာ လုပ်ခဲ့ခြင်းလည်းမရှိ ရည်ရွယ်ချက်လည်း မရှိရကား။ သူ့စနိုးစနောင့်စိတ်ကို ဖျောက်ပြီး ရေချိုးခန်းမှ ထွက်လာခဲ့သည်။ သို့သော် ရေချိုးခန်းဓါးကို ပိတ်ပြီး အပြင်မှောင်ရိပ်ကို ထွက်လိုက်သည်နှင့် တံခါးနောက်ကွယ်မှ လူတစ်ယောက်ရှုတ်နင်းသံ ရုတ်တရက် ကြားရသဖြင့် တစ်ဖက်ရှိ ရေချိုးခန်းဓါးကို ကောက်ဖွင့် လိုက် သည်။ ဘပုကို တွေ့ရပြန်ပြီ။ ကုန်းကုန်းကွကွနှင့် ဟိုလိုလို သည်လိုလို လုပ်နေသော အရက်မူးနေသော ဘပု။

''ကျွန်–ကျွန်တော်ပါ ဆရာ၊ ရေချိုးမလို့ ဓါးခလုတ် လိုက်ရှာတာ''

"ဟာ–ဘပုရ၊ မီးခလုတ်က ဒီဘက်မှာကွ၊ မင်းကွာ–အရက်မူးနေရင်လည်း အသာ ငြိမ်ငြိမ် နေစမ်းပါ။ ကဲရော့–ဟောဒီမှာ မီး။ ရေချိုးရင်လဲ ကောင်းကောင်းချိုး"

ကိုအောင်မိုးက မီးဖွင့်ပေးပြီး အတန်ကြာအောင် သူ့ကို ငေးကြည့်နေမိ၏။ အရက်မူးသူများဟာ အကောင်းလား–အဆိုးလား ခွဲခြားရခက်ပါလားဟု အောက်မေ့မိ၏။ သို့သော် ဘပု၏ အခြေအနေ အရပ်ရပ်ကို ကြည့်ပြီး သူ့စိတ်ထဲမှာ အတော့်ကိုပင် သံသယဝင်လာပြီဖြစ်သည်။ သို့သော်လဲ သူသည် ပွဲစင်ပေါ်ပြန်ရောက်သည်နှင့် ဦးဆန်းမောင်တစ်ယောက်တည်းကို ကျိတ်ပြီး ဘပုအကြောင်းကို ပြောပြမိသည်။ ပြီးတော့ ဘပု၏လှုပ်ရှားမှု မှန်သမျှကိုလည်း တတ်နိုင်သမျှ စောင့်ကြည့်ရန် မှာထားမိလေသည်။

ဇင်ယော်သည် ဗထက်ချိုင့်သဏ္ဍာန်ရှိသော လမ်းပိကျွန်းရှေ့ရှိ ကျွန်းငယ်ကလေးထိပ်တွင် ငြိမ်သက်စွာ အနားယူနေလေပြီ။ ကိုအောင်မိုးသည် ပွဲစင်ကုန်းပတ်ပေါ်တွင် ပက်လက်ကုလားထိုင် တစ်လုံးချပြီး မနေ့က ဘပုအဖြစ်ကို ၎င်း၊ အဝင်းနှင့် သူတွေ့ခဲ့ရပုံကို ၎င်း၊ ပြီးတော့ သက်ကို ၎င်း၊ သောင်းပြောင်းထွေလာ စဉ်းစားရင်း တစ်ယောက်တည်း ထိုင်နေလေသည်။

အားလုံး အဖွဲ့သားများမှာလည်း စာဖတ်သူ ဖတ်၊ ဇယ်တောက်သူ တောက်၊ ရေချိုးသူချိုးနှင့် နားနား နေနေ ရှိနေကြသည်။ ညနေခင်းမို့လည်း ပင်လယ်ပြင်မှ ဖြတ်ဝင်လာသည့် လေညှင်းက ၅ှန်းမြနေသော ရေပြင်နှင့် မထိတထိ ဆော့ကစားနေ၏။ ကျွန်းငယ်ကလေးပေါ်တွင်ကား သွားကလေး ပေါ်အောင် ပြုံးနေသလိုထင်ရသည့် သောင်ပြင်ဖွေးဖွေးကလေးကို မြင်နေရ၏။ သောင်စပ် ဟိုနား သည်နားတွင်ကား စိမ်းစိုနေသည့် အုန်းပင်ပျိုများ။

သည်လို နားနားနေနေနှင့် သာသာယာယာနေရတော့ မြို့မှာရှိတဲ့ ဘယ်လိုစည်းစိမ်နှင့်မှ မတူပါလားဟု အောက်မေ့မိ၏။ ကြည့်ပါ။ ရေပြာပြာမှာ ငါးကလေးတွေကလည်း ခုန်လိုက် ပျံလိုက်နှင့်။ တစ်ခါ တစ်ခါ ငေါင်းပြားများ တစ်နေရာမှ တစ်နေရာ ခုန်ပျံသွားသည်မှာ ရေကူးမယ်လေးတစ်ယောက် ဒိုင်ဗင်ထိုးချသွားသည်ထက် ကြည့်လို့ကောင်းသေး၏။ ဟော...ပင်လယ်သိန်းငှက်ကြီးတစ်ကောင်က ခုန်ထွက်လာသည့် ငေါင်းပြားကြီးကို ထိုးသုတ်သွားပါလား။

ကိုအောင်မိုးသည် တစ်ယောက်တည်းထိုင်ရင်း ငါးလေးတွေ ခုန်ပျံ လှုပ်ရှားနေသည်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ၏။ ကြည့်ရင်း ကြည့်ရင်း ငါးတွေ သည်နေ့ ထူးထူးခြားခြား မြူးနေပါလားဟု အောက်မေ့မိ၏။ ထိုစဉ် သူ့နောက်နားမှ "ဆရာ"ဟု ရုတ်တရက် ခေါ်လိုက်သံကြောင့် စိတ်ကူးယဉ်နေသော ကိုအောင်မိုးမှာ ဖြုံးကနဲ လန့်သလို ဖြစ်သွားမိ၏။ ကြည့်လိုက်တော့ ရေးကြီးသုတ်ပြာတန်ဖြင့် ဦးကုလား။

"ဆရာ–ဇင်ယော်ကို ကျွန်တော်တို့ ဒီထက် လုံခြုံတဲ့နေရာကို ရွှေ့မှ ဖြစ်မယ်"

"ဟင်–ဘာဖြစ်လို့လဲ ဦးကုလား။ ခုလဲ လုံခြုံသားပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး ဆရာ၊ ဒီဘက်မှာ လေပြင်းတိုက်လိမ့်မယ် ထင်တယ်"

"ဗျာ–ဦးကုလား ဘယ်လိုလုပ်သိလို့လဲ၊ တကယ်ပဲလား"

"ဟာ–ဆရာကလဲ၊ ဒီ ကျွန်တော့အတွေ့အကြုံအရပြောတာ ဆရာရဲ့ ကြည့်ပါလား ငါးတွေ ဒီလောက်မြူးနေတာ ဒါဟာ လေပြင်းမုန်တိုင်းကျမယ့် လက္ခဏာဘဲ"

"ဗျာ"

ကိုအောင်မိုးမှာ 'ဗျာ'တစ်လုံးသာခတ်ပြီး ချက်ချင်းပင် ပွဲစင်ထက်သို့ တက်သွားမိသည်။ ရောက်

သည်နှင့် အဖွဲ့သားများကိုစု၊ ကျောက်ဆူးကို နုတ်ပြီး ဇင်ယော်ကို လမ်းပိကျွန်းနောက်ဖက်ခြမ်းသို့ မောင်းထွက်ခဲ့သည်။ မှန်ပါသည်၊ လမ်းပိကျွန်းနောက်ဖက်ခြမ်းသို့ပင် မရောက်သေး၊ အနောက်လေက ထောင်၍ တိုက်လာလေပြီ၊ ကောင်းကင်ကလည်း ပရိယာယ်ကြွယ်သော မိန်းမတစ်ယောက်လို ချက်ချင်းပင် မဲမဲလှုပ်လာ၏။ အဖွဲ့သားများလည်း ဟိုပြေး သည်လွှားနှင့် ယောက်ယက်ခတ် နေလေသည်။

''ဆရာ– ကျွန်တော်တို့ ကျွန်းနောက်ဖက် ကိုက်နှစ်ရာလောက်မှာ ရပ်ထားမယ်၊ ကျောက်တော့မချဘူး''

ဦးကုလားက တိုင်ပင်လာခြင်းဖြစ်၏။ လေပြင်းတိုက်ချိန်တွင် သင်္ဘောကို ကျောက်ဆူးချထား၍ မဖြစ်။ ကျောက်ဆူးကိုနုတ် စက်ကို ဖွင့်ပြီး အခြေအနေကိုလိုက်၍ ခုခံခြင်းက အကောင်းဆုံးဖြစ်၏။

'' ဦးကုလား အစီအစဉ်အတိုင်းသာလုပ်ပါ။ ဒါနဲ့ နေအုံး၊ ကျွန်တော်စက်ခန်းနဲ့ ဆက်သွယ်ပြီး ကျွန်တဲ့အဖွဲ့တွေ ထမင်းစားထားဖို့ စီစဉ်လိုက်အုံးမယ်''

ကိုအောင်မိုးက ပြောရင်း စကားပြောပိုက်ကို ဖွင့်၍ အချက်ပေးလိုက်သည်၊ ဇင်ယော်က လမ်းပိကျွန်းနောက်ကွယ်သို့ အပြေးအလွှား သွားနေ၏။ လေကလည်း ဇင်ယော်ပဲ့ဝင်ကို ဖြတ်၍ ဝီကနဲ ဝီကနဲ တိုက်ခတ်လာလေပြီ။

''တူ...တူ...ကျွန်တော် မောင်မြပါ။ ဆရာ ဦးအောင်မိုးလား''

''ဟုတ်တယ်ကိုမြ၊ ခင်ဗျား စက်အခြေအနေတွေ အားလုံးကောင်းတယ် မှတ်လား။ အင်း–ရလဝ်ကလော အထွေအထူး အလုပ်မရှိရင် ခင်ဗျား ရဲဘော်တွေကို ထမင်းစားခိုင်းထားပါ။ ပြီးတော့ လတ်တလော တာဝန်မကျသေးတဲ့ ကျွန်တော့်အဖွဲ့သားတွေကိုလဲ ထမင်းစားထားဖို့ ပြောလိုက်ပါ။ သူတို့အဆိုင်း ထမင်းစားပြီးတာနဲ့ ကျွန်တော်တို့လည်း စားမယ်၊ အခြေအနေက ဘယ်လိုရှိမယ် မသိဘူး ကိုမြ''

ကိုအောင်မိုးက ကြိုတင် စီစဉ်လိုက်ခြင်းဖြစ်၏။ အကယ်၍ လေမုန်တိုင်းက တစ်ညလုံး ခုကွပေးနေလျှင် တစ်ယောက်မကျန် တာဝန်ယူကောင်း ယူရပေလိမ့်မည်။ သို့ကြောင့်လည်း သူသည် စကားပြောပိုက်ကို ပိတ်ပြီး၊ ချက်ချင်းပင် ဦးဆန်းမောင်တို့ဘက် လှည့်၍ ...

''ကဲ...ဦးဆန်းမောင်နဲ့ ကိုလှဦးရော၊ ခပ်သုတ်သုတ်သွားပြီး ထမင်းစားကြဗျာ၊ လတ်တလော တော့ ကျွန်တော်နဲ့ဦးကုလား နှစ်ယောက်ရှိရင် ရပါတယ်''

သူ့စကားဆုံးသည်နှင့် ဦးဆန်းမောင်တို့လည်း ခန်းမထဲသို့ ဆင်းသွားကြ၏။ ဇင်ယော်သည်လည်း လမ်းပိကျွန်းနောက်ခြမ်းသို့ တဖြေးဖြေးဝင်လာလေပြီ။ သို့သော် လှိုင်းက သိသိ သာသာ ရိုက်ခတ်လာပြီဖြစ်၏။ တချိန်တည်းတွင် စောစောက မြင်နေရသော နေလုံးသည် ဖြူးကနဲ ပင်လယ်အောက် ဝင်ရောက်သွားသည်နှင့် ပင်လယ်ပြင်မှာလည်း ချက်ချင်းဆိုသလိုပင် မဲမှောင်သွားသည်။

ကိုအောင်မိုးသည် ပင်လယ်ပြင်အခြေအနေကို ကြည့်ရင်း သူ့ရှန်းကန်လှုပ်ရှားနေသော ဘဝကို ဖျတ်ကနဲ စဉ်းစားမိ၏။ သာတောင့် သာယာရှိမည်ဟု မဆိုနိုင်သော ဘဝ၊ အခက်အခဲ ဆူးခြောင့်ခလုတ်များနှင့် အစဉ်ရောထွေး ပြွမ်းတီးနေသော ဘဝ ...

သည်ဘဝကိုပင် သူ့ဘာကြောင့် သည်မျှ ခင်တွယ်နေရပါသလဲ။ တကယ်လို့သာ သတ် အဆိုမြို့ သလို ရန်ကုန်မှာ သက်တောင့်သက်သာ အလုပ်ကလေးတစ်ခုကိုရှာ ဘွဲ့တွေ ဆက်ယူပြီး ပညာရှင်ကြီး တစ်ယောက် လုပ်နေရင် ဘဝကို သည်မျှ ရုန်းကန်နေစရာမရှိ။ ထားပါတော့၊ သူ့အပေါ် အလွန်လိုက်လျော ဖွယ်ရာသည့် မမြဝင်းကိုရော သူဘာကြောင့် သည်မျှ လက်နှေးနေရသလဲ၊ တကယ်လို့ မမြဝင်းလို

ကြွယ်ဝချမ်းသာသူကို ယူလိုက်လျှင်လည်း သူ့ဘဝဟာ အခု ထက်များစွာ ငြိမ်းချမ်းသာယာသွားမည် မဟုတ်ပါလား ...။

**ကိုအောင်မိုး**သည် လှိုင်းလေကိုဆန်၍ စက်ကိုဖွင့်ပြီး ကြုံကြုံခံကာ ရပ်တည်နေသော **ဇင်ယော်**ကိုကြည့်ရင်း တွေဝေစွာ စဉ်းစားနေမိ၏။ ခက်သည်က သူသည် မိမိဘဝ ကောင်းစားရေး တစ်ခုတည်းကိုသာ ကြည့်ပြီး ဘဝကို မထူထောင်လိုခြင်းဖြစ်၏။ ပညာရှင်ကြီးအဖြစ် ဆက်ခံပြီး မိမိပညာကို ဖြန့်ဖြူးခြင်းသည် စိတ်ထားတတ်လျှင် မွန်မြတ်သည်ဟု သူနားလည်ပါ၏။ သို့သော် သက်က မွန်မြတ်သည့် အလုပ်ထက် ဂုဏ်ဖြိုးတစ်ခုအနေဖြင့်သာ သူ့ကိုမြှော်လင့်ခြင်းဖြစ်၏။ သူမအဖို့ ဝမ်းရေးကိုလည်း မစဉ်းစား တိုင်းပြည်အတွက်လည်း မကြည့်။ ဘွဲ့ထူးရှင်ကြီးတစ်ယောက်အနေဖြင့် သူမ,အသိုင်းအဝိုင်းမှာ ရပ်တည် နေလျှင် သူမအဖို့ ဂုဏ်ရှိပြီ။

'**ကိုအောင်မိုး**ကမူ သည်လိုဂုဏ်မျိုးကိုမမက်၊ တိုင်းပြည်ထူထောင်ရေးအတွက် အထူး လိုအပ် ချိန်တွင် အခုလို ရေဆုံး မြေဆုံးကို သွားပြီး စူးစမ်းလေ့လာရသည့် အလုပ်၊ တစ်ဖက် တစ်လမ်းက တိုင်းပြည်အကျိုးဆောင်ရသည့် အလုပ်မှာ ပို၍ လိုလားအပ်သည်ဟု ခံယူထားသည်။ အထူးသဖြင့် ပင်လယ်ကြီးသည် အနာဂတ်အတွက် အရာရောက်ရမည်ဟု သူစွဲမြဲ ယုံကြည်နေမိသည်။

သို့ဆိုပါက **မမြဝင်း**ကလေးနှင့် လက်ဆက်ရခြင်းပင် သူ့အတွက် ပို၍ အဆင်ပြေပေလိမ့်မည်။ မှန်သည်။ **မမြဝင်း**သည် သူ့ရည်ရွယ်ချက်လုပ်ငန်းကို ဘာမှ ကပျက်,ယပျက် လုပ်စရာ အကြောင်းမရှိ။ ပြီးတော့ မတော်တဆဟု ဆိုနိုင်သော်လည်း အခြေအနေအရ **မမြဝင်း**နှင့် သူရင်းနှီးမိခဲ့ပြီ မဟုတ်ပါလား။

''ကဲ...ဆရာ ဘာများ ဒီလောက် စိတ်ကူးနေရတာလဲ၊ ကျွန်တော်တို့ ထမင်းစားခဲ့ပြီ''

**ကိုလှဦး**၏ အသံကြောင့် မဲမှောင်နေသော ပင်လယ်ပြင်ကို အမိပ္ပါယ်မဲ့ ငေးကြည့်နေသော **ကိုအောင်မိုး**မှာ ရုတ်တရက် လှုပ်ရှားသွားသည်။ ကြည့်လိုက်တော့ **ဦးဆန်းမောင်**နှင့် **ကိုလှဦး** နှစ်ယောက်စလုံး ပြန်ရောက်နေလေပြီ။ တချို့ အဖွဲ့သားများလည်း ထမင်းစားပြီးကြတန်နှင့် ကိုယ့် သေနတ် ကိုယ့်ထမ်းပြီး ကင်းယူရန် ရောက်လာကြသည်။

**ကိုအောင်မိုး**သည် တို ပင်လယ်ပြင်တွင် အိ၍ အိ၍ ဆင်းလာသော လှိုင်းလုံးကြီးများကိုင်း၊ ဝီကနဲ ဝီကနဲ တိုက်လာသောလေနှင့် **ဇင်ယော်**အခြေအနေကိုင်း နောက်ဆုံး အကဲခတ် ကြည့်လိုက်ပြီး **ဦးကုလား**ကိုခေါ်ကာ ထမင်းစားခန်းသို့ ဆင်းခဲ့သည်။ **ကိုလှဦး**က **ဇင်ယော်**ပဲ့ကို အလိုက်သင့် ထိန်း ထားပြီး **ဦးဆန်းမောင်**က မှန်ပြောင်းတစ်လက်နှင့် စောင့်ကြည့် ကျန်ရစ်ခဲ့လေသည်။

သို့သော် သူတို့နှစ်ယောက် ထမင်းစားလို့မှ တစ်ဝက်မကျိုးသေး၊ လှေကားမှ ခြေသံများနှင့် အတူ **ဦးဆန်းမောင်**ပေါက်ချလာပြီး ...

''အာစရိ၊ လမ်းပိုကျွန်းမြောက်ဖက်က တန်ကေးလိုလိုတစ်စင်း ကျွန်တော်တို့ဘက်ကို ဝင်လာ နေတာ တွေ့ရတယ်၊ ရေယက်တွေကို မွှေးလို့ ''

''ဟုတ်ကဲ့လား ဦးဆန်းမောင်၊ ဒီလို လေပြင်းတိုက်နေချိန်မှာ ဓါးမိုးဖမ်းတဲ့ တန်ကေးတော့ဖြစ်မယ် မထင်ပါဘူး။ လေသိပ်တိုက်တော့ လှိုင်းလုံးတွေကို ခင်များ အမြင်မှားနေသလား။ ဪ ဦးကုလား ပြီးအောင်စားလေဗျာ''

**ကိုအောင်မိုး**က **ဦးဆန်းမောင်**၏ သတင်းပို့ချက်ကို မယုံ မဟုတ်သော်လည်း ခပ်ပေါ့ပေါ့ အနေအထားနှင့် မေးရင်း ဦးကုလားကိုပါ လှမ်းပြောလိုက်သည်။

**ဇင်ယော်**မှာ ကျွန်းကွယ်ရထားသည့်တိုင် လှိုင်းပေါ်မှာ လူးလိမ့်နေတန်ဖြင့် စားပွဲပေါ်ရှိ လက်ဆေးရေဇလုံမှာ သွက်သွက်ခါနေသည်။ **ဦးကုလား**ကမူ ဘာမှမပြောဘဲ ဖိတ်တစ်ဝက် စဉ်တစ်ဝက် ဖြစ်နေသော လက်ဆေးဇလုံကို နှိုက်ပြီး လက်ဆေးနေလေသည်။

"ကျွန်တော် အမြင်မှားတာ မဟုတ်ဖူးထင်တယ် အာစရိ။ ဘာလို့လဲဆိုတော့၊ လမ်းဗိကျွန်း မြောက်ဖက်က ဖြတ်ဝင်လာတဲ့ တန်ကေးဟာ ကျွန်တော်တို့နဲ့ သိပ်မဝေးဘူး။ သူ့ကိုယ်လုံးကိုတောင် မဲမဲရိပ်ရိပ် မြင်နေရတယ်"

"အေးဗျာ–ဒါဖြင့်လည်း စောင့်ကြည့်သေးတာပေါ့။ ဒါနဲ့ ဦးဆန်းမောင်၊ ခင်ဗျား ဘပု တစ်ယောက်ကော"

"ကုန်းပတ်ကင်းမှာ ကိုတင်မြင့်နဲ့ တွဲပြီး ချထားတယ် အာစရိ"

**ကိုအောင်မိုး**က ဘာမှပြန်မပြောတော့ဘဲ ထမင်းကို လက်စသပ် စားလိုက်ပြီး ကမန်းကတန်းပင် လက်ဆေးလိုက်သည်။ ပြီးတော့ ချက်ချင်းဆိုသလိုပင် **ဦးဆန်းမောင်**တို့နှင့်အတူ ပဲ့စင်ထက်သို့ တက်ခဲ့လေသည်။

အချိန်မှာ ည ၇–နာရီခန့်ရှိပေပြီ။ လေမှာ စောစောကထက် ပြင်းလာရုံမက မိုးဖွဲကလေးများ ပါ,ပါလာသည်ကိုတွေ့ရ၏။ ကောင်းကင်ပြင်ကြီးတစ်ခုလုံးကား မိုးနိုးလုံးကြီးတွေ ဖုံးအုပ်ထားသလို မဲမဲလှုပ်နေသည်။ ဟိုး–ပင်လယ်ပြင်တွင်ကား အော်၍အော်၍ တက်လာသော လှိုင်းလုံးကြီးများ၏အသံမှာ မကောင်းဆိုးဝါးအော်သံလိုပင် ချောက်ချားဖွယ် ဖြစ်နေလေသည်။

**ဇင်ယော်**သည် စက်ကိုဖွင့်ပြီး ထိုလှိုင်းအဟုန်,လေအဟုန်များကို အလိုက်သင့်ခံနေသဖြင့် ရှေ့ကိုလည်းမတိုး၊ နောက်ကိုလည်းမဆုတ်ပဲ တန့်နေ၏။ ကျွန်းကြီး၏အကာအကွယ်ရထားသဖြင့်လည်း အတော်ပင် လုံခြုံနေ၏။ သည့်တိုင် တစ်ချက်တစ်ချက် ဝင်လာသည့် လှိုင်းလုံးများနှင့် အခန့်မသင့်ဖြစ်ကာ **ဇင်ယော်**မှ ငရဲပြာလူးသလို ယိမ်းထိုးလှုပ်ခါနေလေသည်။

"တွေ့လား အာစရိ တန်ကေးမှ တန်ကေးအစစ်၊ ဟိုး–ကျွန်းကြီးရဲ့တစ်တောင်လောက် အကွာမှာကြည့်၊ လှိုင်းလုံးတွေကြားထဲမှာ မဲမဲရိပ်ရိပ်ကို မြင်တယ်မဟုတ်လား"

**ဦးဆန်းမောင်**က မှန်ပြောင်းနှင့် ကြည့်နေသော **ကိုအောင်မိုး**အနီးတွင်ရပ်ရင်း လမ်းဗိကျွန်းကြီး၏ မြောက်ဖက်ပင်လယ်ကို လက်ညွှန်၍ ပြလိုက်သည်။ ပြီးတော့ လှိုင်းရှိန်ကြောင့် သူ့လိုပင် ကျားကန်၍ ရပ်နေသော ကိုလှဦးဘက်သို့ လှည့်ရင်း ...

"မဟုတ်ပါမှ လွဲရော့ဗျာ၊ ကျွန်တော့်အထင်တော့ ဒီကောင်လည်း လေပြင်းအဟုန်ကြောင့် ကျွန်တော်တို့ဘက်ကို ဝင်ခိုဖို့ လာတာနဲ့ တူတယ်"

"ဟုတ်တယ်ဗျို့ ဦးဆန်းမောင်၊ တန်ကေးတော့ တန်ကေးဘဲဗျ။ ခင်ဗျား ပြောသလိုပဲ လမ်းဗိအကာအကွယ်ယူဖို့ ဝင်လာသလားမသိဘူး။ ဒီလိုဆိုရင် ကျွန်တော်တို့ တတ်နိုင်သမျှ ငြိမ်နေမှဖြစ်မယ်"

**ကိုအောင်မို**ကလည်း မှန်ပြောင်းကို လက်ကချ၍ လှိုင်းရှိန်ကြောင့် ယိုင်သွားသော သူ့ကိုယ်ကို ထိန်းလိုက်ရင်း **ဦးဆန်းမောင်**ကို ပြောလိုက်သည်။ မှန်သည်။ သည်အတိုင်းဆိုပါက မုတ်ဆိတ်များစွဲသလို တန်ကေးကို ထွက်မလိုက်ရဘဲ အလွယ်တကူပင် ဖမ်းဆီးရနိုင်မည် ဖြစ်သည်။

"ကဲ–ဒီလိုဆို ခင်ဗျား အဖွဲ့သားတွေကို ထုံးစံအတိုင်း ကြပ်ကြပ်မတ်မတ် လုပ်စမ်းပါအုံးဗျာ၊ လျှပ်စစ်မီး ဘာမှမသုံးဖို့ မဆူကြဖို့ မကြာပါဘူး တစ်နာရီလောက်ဆို ဒီကောင် ဒီရောက်လာလိမ့်မယ်

ထင်တာဘဲ"

ကိုအောင်မိုးက မှန်ပြောင်းကို ကိုလှဦးဘက်သို့ ကမ်းပေးလိုက်ပြီး အစီအစဉ် ချလိုက်သည်။ ပြီးတော့ ဘေးပြတင်းပေါက်မှ ထွက်၍ ပတ်ဝန်းကျင်အခြေနေနှင့် ဇင်ယော်၏အနေအထားကို လေ့လာလိုက်သည်။ သည်တွင် ဦးဆန်းမောင်က ကုန်းပတ်ပေါ်သို့ ဆင်းမည်လုပ်နေသော သူ့ခြေထောက်ကို ရုပ်လိုက်ရင်း ...

"ဟာ–အာစရိကလည်း ကျွန်တော် ကင်းချကတည်းက သူတို့ကို အားလုံး စည်းကမ်းပေးပြီး ပြီဘဲ၊ ဦးပိုင်း ကုန်းပတ်မှာ ကိုတင်မြင့်၊ ဘပု၊ ဝင်းရှိန်နဲ့ လေးယောက်၊ ပဲ့ပိုင်းမှာလည်း ဦးသောင်းတင် ခေါင်းဆောင်ပြီး လေးယောက်ချထားတယ်။ ဆေးလိပ်မသောက်ဘို့၊ မဆူညံကြဘို့ ပြောတာလည်း ထပ်နေပြီး အာစရိရဲ့"

"အေးဗျာ၊ ထပ်သတိပေးရင် ကောင်းမလားလို့ပါ။ အဖြင့်လဲ ပြီးရောပေါ့ဗျာ"

ကိုလှမိုးစကားမှ မဆုံးသေး တန်ကေးကိုစောင့်ကြည့်နေသော ကိုလှဦးက...

"ဗျို့–ဦးဆန်းမောင် နေအုံးဗျ၊ ခင်ဗျား တန်ကေး ဒီဘက်လာ,မလာတော့ မသိဘူး၊ ဒီကောင် လေပြင်းအဟ်ကြောက်လို့ ပြေးဝင်နေတာတော့ မဟုတ်ဘူးဗျို့၊ ငါးလိုက်ရှာနေတာ တွေ့လား၊ မီးတဝင်း ဝင်းနဲ့"

သည်တွင် အားလုံးမှာ အံ့အားသင့်သွားပြီး ကိုအောင်မိုးက မှန်ပြောင်းကို ယူကြည့်လိုက်၏။ တန်ကေးမှာ တစ်မိုင်ကျော်ခန့်အကွာတွင် သူတို့ဘက်သို့ ဦးလှည့်လာနေသည်ကို လှိုင်းလုံးများ ကြားမှ တစ်ချက်တစ်ချက် မဲမဲရိပ်ရိပ်နှင့်တွေ့ရ၏။ သို့သော် သုံးလေးစက္ကန့်တွင် တစ်ကြိမ်ကျအနေဖြင့် ဝင်းကနဲ ဝင်းကနဲ မီးရောင်များ ထွက်လာသည်ကို လှမ်းမြင်နေရသည်။

သေချာသည်၊ တန်ကေး ငါးအုပ်ကို လိုက်ရှာနေခြင်းပင်။ သို့သော် သည်မျှ မိုးလေပြင်းထန် နေချိန်တွင် ငါးဖမ်းထွက်နိုင်သော တန်ကေးကို ကြည့်ပြီး သူတို့မှာ မအံ့ဩဘဲ မနေနိုင်ချေ။

"ဒီမှာ ဆရာ၊ ဒီကောင်ဟာ သေးသေးကွေးကွေး တန်ကေး ဟုတ်ပုံမရဘူး။ ကျွန်တော်တို့မျှော် နေတဲ့ တန်ကေးအကြီးစားဇေင်းများ ဖြစ်နေသလား မသိဘူး"

ကိုလှဦးပြောလိုက်မှ ကိုအောင်မိုး စိတ်ထဲမှာ ဖြုန်းခနဲ ဇေင်းကို ပြေးသတိရလိုက်၏။ ထိုစဉ် တဒိတ်ဒိတ်နှင့် စက်ဖွင့်ထားသော ဇင်ယော်မှာ တစ်ချက်လူးသွားပြီး ဦးပိုင်းမှာ လှုပ်လှုပ်ရှားရှားဖြစ်သံ ကြားလိုက်ရ၏။ ချက်ချင်းဆိုသလိုပင် ကိုတင်မြင့်ဘေးပေါက်မှ ပေါ်လာပြီး ...

"ဆရာ၊ ဘပုကို ကြည့်ရတာ ကျွန်တော်တို့ကို တမင်အရွဲ့တိုက်နေသလားမသိဘူး၊ သူ ခဏ သေးသွားပေါက်အုံးမယ်ဆိုပြီး ထ,အသွားမှာ ဘောင်းဘီအိတ်ထဲက လက်နှိပ်မီးကို ထုတ်ပြီးထိုးမလို့၊ ကျွန်တော် မနဲ လှမ်းဆွဲထားရတယ် "

ကိုတင်မြင့်က လေပြင်းအဟ်ကြောင့် ဖရိုဖရဲဖြစ်နေသော သူ့ဆံပင်များကို တစ်ဖက်ကသပ်၊ လက်တစ်ဖက်ဖြင့် ဇင်ယော်ပြတင်းကို ကိုင်ရင်း မကျေမနပ်သံနှင့် ပြောလိုက်၏။ ထိုစဉ် ဇင်ယော် က သူ့ဘက်သို့ လူးလာသဖြင့် ဇင်ယော်တံခါးကို ကိုင်ပြီး ခိုထားလိုက်ရသေးသည်။

"နေပါအုံး ကိုတင်မြင့် ပင်လယ်မှာ ကင်းစောင့်နေတာ ဒီလက်နှိပ်မီးက ဘာလုပ်ဖို့လဲ"

ကိုအောင်မိုးက သူကိုယ်တိုင် ဘပုကို လက်နှိပ်မီးနှင့် တွေ့တွေ့နေရသည်ကို သတိရပြီး သက်ာ မကင်းလေသံဖြင့် မေးလိုက်၏။ ကိုတင်မြင့်ပြောသလို သူတို့အလုပ်ကို တမင်အရွဲ့တိုက်နေသလား

ဟုလည်း ထင်လိုက်မိ၏။

''မသိဘူး ဆရာ၊ အရေးအကြောင်းရှိရင် လိုရမယ်ရ သုံးရအောင် ဆောင်ထားတယ်လို့ ပြောတာဘဲ။ ဒီမှာ ကျွန်တော်တော့ သူ့ဆီက လက်နှိပ်ဓါးရော၊ ဓါးမြှောက်ကိုပါ သိမ်းလာတယ် ''

''ကောင်းတယ် ကိုတင်မြင့်၊ ဦးဆန်းမောင် ယူထားဗျာ၊ ဒီကောင်ကိုတော့ ခင်ဗျားတို့ ဘာပဲပြောပြော နောက်တစ်ခေါက်ဆိုရင် ကျွန်တော့်အဖွဲ့ထဲက ထုတ်ပစ်မှဖြစ်မယ်၊ ကျွန်တော်တို့ကို မကျေနပ်လို့ တမင်အရှုံးတိုက်နေတာလား။ ဒါမှမဟုတ် ဘယ်လို အဓိပ္ပါယ်နဲ့ ဒီလောက် ဒုက္ခပေးနေတယ် မသိဘူး၊ အေး–ဗျာ ကိုတင်မြင့်၊ ဒီကောင်ကိုတော့ မျက်ခြည်မပြတ်သာ စောင့်ကြည့်ထား''

ကိုအောင်မိုးမှာ အရေးထဲ စိတ်အနှောက်အယှက် ဖြစ်ရသဖြင့် မျက်နှာပင် နီမြန်းလာသည်။ တကယ်တော့ အစုအပေါ် သူ့မကျေနပ်ရုံမက မယုံသင်္ကာသလို ဖြစ်မိသည်မှာ ကြာပြီ။ သို့သော် ဝန်ထမ်းငယ်တစ်ယောက်အပေါ်တွင် သဘောထားကြီးကြီးနှင့် ဖျောင်းဖျသွန်သင်လျှင် ရကောင်း၏ဟု သဘောထားပြီး အခုလို ထပ်မံခေါ်လာခဲ့ခြင်း ဖြစ်သည်။

''ဆရာရေ့ ဒီကောင် ကျွန်တော်တို့ဘက်ကို တည့်တည့်ကြီးကို ဝင်လာနေပြီ ဆရာရေ့ ဟုတ်ပြီ ဒါ့ဝေဇင်းပဲဖြစ်ရမယ်၊ ကြည့်ပါလား သူ့အရောင်က မဲမနေဘူး၊ တစ်မျိုးဘဲ''

ကိုလှဦးက မှန်ပြောင်းကို လှည့်၍ လှည့်၍ ကြည့်ရင်း ကိုအောင်မိုးကို ဝမ်းသာအယ်လဲ လေသံဖြင့် ပြောလိုက်၏။ ထိုစဉ် သူ့စကားမှ မဆုံးသေး၊ ဝေါကနဲနေအောင် မိုးတမရွာချလိုက်ပြီး ဖြုံးကနဲ ပျောက်သွား၏။ အနောက်ပင်လယ်တွင်လည်း မိုးမြုံဟန်ဖြင့် တဝေါဝေါအသံများကို ကြားရသည်။

အင်း–မိုးရော လေရော ကျလာလေပြီ၊ တန်ကေးသည်လည်း ဝင်းကနဲ ဝင်းကနဲ မီးထိုးကာ သူတို့ဘက်သို့ ရောက်လာလေပြီ။ ဇင်ယော်ကိုကား အခုထိ မတွေ့သေးဟန်ဖြင့် ဂုဏ်ရှေ့ မပျက်ရှိနေ၏။ မကြာပါ။ ဇင်ယော်နှင့် မိုင်ဝက်ခန့်အကွာ လမ်းဗိကျွန်းအနောက်ကြောတွင် တန်ကေးရပ်လိုက်သည်ကို တွေ့လာရ၏။ တန်ကေး ငါးအုပ်ကို တွေ့ပြီ။

ထိုအချိန်တွင် တဝေါဝေါမြည်လာသော မိုးကလည်း အုန်းကနဲနေအောင်ရွာ၊ လှိုင်းကလည်း ကြီး၊ လေကလည်း ဝီကနဲ ဝီကနဲ နေအောင်တိုက်သဖြင့် တန်ကေးမှာ ဦးထောင်ပဲ့နင်း ဖြစ်နေသလို ဇင်ယော်မှာလည်း ချောင်းဆန်လာသည်။

''ကဲ–ကိုလှဦး။ ဒီကောင်ကတော့ အတော့်ကို အတင့်ရဲတာဘဲဗျ၊ ဘယ့်နှယ်လုပ်မလဲ၊ ထွက်လိုက်ရင်လည်း အတော်တော့ စွန့်စား ရမယ်ထင်တယ်''

ကိုအောင်မိုးက တန်ကေးကိုကြည့်ရင်း အားမလိုအားမရ လေသံဖြင့် ပြောလိုက်သည်။ မှန်သည်။ တန်ကေးမှာ လှိုင်းလေများကြားတွင် ဘာရန်ကိုမှ ဂရုမထားဟန်ဖြင့် မြန်မာ့ပင်လယ်ပြင်မှ ငါးများကို ခိုးဖမ်းရန် စီစဉ်နေလေပြီ။

''ကျွန်တော်ကတော့ ထွက်လိုက်ချင်တာပဲ အာစရိ''

''ဟုတ်တယ်ဗျ၊ သူတို့တောင် ငါးဖမ်းနေနိုင်သေးရင်၊ ကျွန်တော်တို့ ဘာ့ကြောင့် မထွက်ရဲရမှာလဲ''

ဦးဆန်းမောင်နှင့် ကိုလှဦးက ယိမ်းထိုးနေသော ဇင်ယော်ပေါ်မှ အလိုက်သင့် လှုပ်ရှားရင်း သူတို့သဘောကို ပြောလိုက်၏။ လေနှင့် မိုးက ပြင်းလာသဖြင့် တစ်ယောက်ကို တစ်ယောက် အော်ကြီး ဟစ်ကျယ် ပြောနေရပြီလည်းဖြစ်၏။

''ကဲ–ဒါဖြင့် ဦးကုလားကကော ဘယ်လို သဘောရသလဲ''

တစ်ချိန်လုံး တစ်လုံးတစ်ပါးမှ မပြောဘဲ **ဇင်ယော်**ပဲ့ကိုသာ ထိန်း၍ မတ်တတ် ရပ်ကြည့်နေသော **ဦးကုလား**ကို လှမ်းမေးလိုက်၏။ သည့်တိုင် **ဦးကုလား**က ဆေးငုံမပျက်ပဲ ...

"ဆရာတို့သဘောပဲလေ၊ ကျွန်တော်ကတော့ ပင်လယ်မှာ စွန့်ထားတဲ့လူ၊ ဘာမှ မကြောက်ဖူး"

"ကဲ-ဒါဖြင့် ထွက်လိုက်ကြမယ်၊ ဦးဆန်းမောင်က ကုန်းပတ်ပေါ်ဆင်းတော့၊ ကိုလှဦးက စက်ခန်းနဲ့ဆက်၊ ပြီးတော့ လိုရမယ်ရ အသက်ကယ်အင်္ကျီတွေကိုလဲ ထုတ်ပေးထား"

**ကိုအောင်မိုး**က ပြောရင်းဆိုရင်း မှန်ပြောင်းကို ကောက်ကိုင်၍ ကြည့်လိုက်သည်။ လက်စသပ်တော့ **ဇေင်း**မှ တကယ့်**ဇေင်း**။ ငါးအုပ်ကိုတွေ့ရပြီဖြစ်၍ မီးများကိုပင် ဖွင့်ထားလေပြီ။ လှုပ်လှုပ်ရွရွ လူများကိုသာ မြင်ရရုံမက၊ လေ့နစ်ဝင်းဖြင့် ဝိုင်းဝိုက်ကို ချနေလေပြီ။

သည်အချိန်မျိုးတွင် တန်ကေးကို ဖမ်းဆီးရန် အကောင်းဆုံးဖြစ်၏။ ဝိုက်တန်းလန်းနှင့် မပြေးနိုင်သော တန်ကေးကို အသာ လက်ရ ဖမ်းယူရုံပင် မဟုတ်ပါလား။

"ကဲ-ဦးကုလား ထွက်ရအောင်၊ စက်ဖွင့်တော့"

**ကိုအောင်မိုး**စကားအဆုံးမှာ လမ်းပိကျွန်းရိပ်ခိုပြီး စောင့်ကြည့်နေသော **ဇင်ယော်**သည်လည်း မိုးထဲလေထဲ လှိုင်းလုံးများထဲသို့ တိုးဝင်ထွက်ခဲ့လေသည်။ ထွက်သည်နှင့် **ဦးကုလား**က **ဇင်ယော်**ကို တောင်ဘက်သို့ ဦးတည်လိုက်ရာ လှိုင်းရိုက်ကြောင့် **ကိုအောင်မိုး**မှာ တစ်ဖက်သို့ ယိုင်ကျသွားသည်။ ချက်ချင်းပင် ကိုယ်ကိုပြန်ထိန်းလိုက်ချိန်တွင် **ကိုလှဦး**လည်း အသက်ကယ်အင်္ကျီများကို ယူပြီး ရောက်လာလေသည်။

"ကဲ-ကိုလှဦး ဒီမှာကျန်ခဲ့တော့၊ ကျွန်တော်ဦးပိုင်းမှာ ရှိနေမယ်၊ တန်ကေးနားကိုတော့ အရမ်းမကပ်နဲ့၊ အခြေအနေ ကြည့်ပြီးလုပ်"

**ကိုအောင်မိုး**က ပြောပြောဆိုဆိုနှင့် သူ့သေနတ်ခါးပတ်ကို တင်းအောင်ပတ်လိုက်ပြီး ပဲ့စင်ထက်မှ ထွက်ခဲ့လေသည်။ ဦးပိုင်းတွင် လေတဟူးဟူးနှင့် မိုးတအုန်းအုန်းကြားမှာ **ဦးဆန်းမောင်**တို့အဖွဲ့သည် ထိုင်ပြီးအသင့်ရှိနေကြ၏။ **အနီး**တွင်လည်း အသက်ကယ်အင်္ကျီများ အသင့်ရှိကြ၏။ သို့သော် မလိုအပ်ဟု ယူဆတန်ဖြင့် မည်သူမျှ မဝတ်ကြသေး။

စောစောက အတော်အသင့် ငြိမ်နေဟန်ရှိသော **ဇင်ယော်**သည် အပြင်ရောက်လာသည်နှင့် သိသိသာသာကြီး ခုန်ပေါက်လာ၏။ လေကလည်း ထင်သည်ထက် ပြင်းရုံသာမက မိုးကလည်း တသောသော ရွာချတုန်းဖြစ်၏။ သို့ကြောင့်လည်း **ကိုအောင်မိုး**တို့မှာ အထင်နှင့်အမြင် လွဲသလို ဖြစ်ပြီး ဖြူးဆို တန်ကေးအနီးသို့ ဘွားဘွားကြီးရောက်လာသည်ကို တွေ့ရလေသည်။

ထိုအချိန်တွင် တန်ကေးသည် မီးများကိုစုံဖွင့်ပြီး ဝိုင်းလေ့နစ်ဝင်းက ငါးအုပ်ကို ထွက်ဝိုင်းနေ နိုက်ဖြစ်၏။ သို့သော် မီးရောင်အပြင်တွင် မဲမှောင်နေပြီး လေသံ လှိုင်းသံများက တဝုန်းဝုန်း ဆူညံနေသဖြင့် **ဇင်ယော်**ကို ဖြူးကနဲ သတိမထားမိခြင်းဖြစ်၏။

"ဗျို့-ကိုလှဦး။ မီးနဲ့အချက်ပြပါ၊ ဟေး- ဟားဟား အင်ဂိဂရေးရှင်း"

**ကိုအောင်မိုး**က တအုန်းအုန်းရွာနေသော မိုးကြီးလေကြီးကြားတွင် **ကိုလှဦး**ကို လှမ်းအော်လိုက်ပြီး တန်ကေးကိုလည်း ကြိုတင်သတိပေးလိုက်၏။ သို့သော် သူ့သတိပေးသံ မဆုံးခင်ပင် **ဇင်ယော်** ဦးသည် မီးရောင်တွင်းသို့ ဝင်လာခြင်းနှင့်အတူ ဒိုင်း ဒိုင်း ဒက် ဒက် ဒက် ဟူသော မောင်းပြန်သေနတ်သံများက ဆူညံစွာ ထွက်ပေါ်လာခဲ့သည်။

''ချို-ဦးဆန်းမောင် နေရာယူ၊ ဟော့ ဘာပု ပစ်နေတယ်ကွ ဝပ်ချ''

**ကိုအောင်မိုး**စကားမဆုံးခင် **ဇင်ယော်**ကလည်း ခိုင်ဖယ်၊ စတင်းတို့နှင့် တစ်ချက်သွန်၍ ပစ်လိုက်သည်။ သည်တွင် အပြင်ထွက်နေသော ဗိုင်းလှေနှစ်စင်းမှာ ပိုက်ကိုအတင်းဆွဲပြီး တန်ကေးရှိရာသို့ ပြန်လည်လှော်ခတ်နေ၏။ သို့သော် ငါးများကို တစ်ဝက်တစ်ပျက်မိထားသဖြင့် ပိုက်ကိုအတော်နှင့် ဆွဲမရ၊ သေနတ်သံများကလည်း မိုးထဲလေထဲမှာ တဒိုင်းဒိုင်းနှင့် အခြေအနေမှာ ရှုပ်ထွေးနေလေသည်။

သို့သော် တန်ကေးမှာ သူ့လူလေးယောက် ပင်လယ်ပြင်တွင် ရှိနေသဖြင့် **ကိုအောင်မိုး**တို့မှာ ဗိုဇ်၍ တစ်ပန်းသာသလိုဖြစ်နေ၏။ ပြီးတော့ **ဇင်ယော်**က ခိုင်ခံ့သော သံကိုယ်ထည်၊ မိုးပြာရောင်ဆေးသုတ်ထားသော တန်ကေးက ကြီးပင်ကြီးသောလည်း သစ်သားကိုယ်ထည်။

သို့သော် လက်နက်အားက ကောင်းနေသဖြင့် **ကိုအောင်မိုး**တို့က ဖြူးကနဲ မကပ်နိုင်ဘဲ **ဇင်ယော်**ကိုအရှိန်နှင့် မောင်းပြီးတန်ကေးကို လှည့်၍ ပတ်လိုက်သည်။ ထိုစဉ် စိတ်မြန် လက်မြန်ရှိလှသော **ကိုတင်မြင့်**က ပိုက်တန်းလန်းနှင့် ကိုးယိုးကားယား ဖြစ်နေသော ဗိုင်းလှေမှ လူတစ်ယောက်ကို ထိုးချိန်လိုက်ရာ ...

''ဟော့-ကိုတင်မြင့်၊ သူတို့ကိုမပစ်နဲ့ တန်ကေးကိုဘဲပစ်''

**ဦးဆန်းမောင်**က သူ့သေနတ်ဦးကို ဆွဲချလိုက်ပြီး၊ **ဇင်ယော်**က တစ်ပတ်လည်သွားသဖြင့် တစ်ဖက်သို့ ပြောင်း၍ နေရာယူလိုက်၏။ ထိုစဉ် တန်ကေးကလည်း မိုက်လုံးကြီးစွာဖြင့် **ဇင်ယော်**ကို အနီးကပ်ပစ်ထည့်လိုက်ရာ **ကိုအောင်မိုး**တို့မှာ လှိုင်းလုံးနှင့် ကျည်ဆံကြားတွင် ခေါင်းမဖော်နိုင်အောင်ပင် ရှိသွားလေသည်။

သို့သော် **ဇင်ယော်**တစ်ပတ်ပြန်လည်လာသည်နှင့် **ကိုအောင်မိုး**က ''ကဲ-ဦးကုလားရေ တန်ကေးကို ဖြတ်ပြီးသာ ဝင်တော့၊ ဦးဆန်းမောင် ကိုတင်မြင့် အားလုံး ဗိုင်းပစ်ကြ''

စကားနည်းသလောက် လုပ်ငန်းကျွမ်းကျင်လှသော **ဦးကုလား**၊ လေမိုးကြားမှာပင် နားပါးလှသော **ဦးကုလား**ကလည်း **ကိုအောင်မိုး**စကားဆုံးသည်နှင့် **ဇင်ယော်**ကို ခပ်စွေစွေထားပြီး တန်ကေးအလယ်ကို စက်ရှိန်နှင့် မောင်းတင်လိုက်၏။ ထိုစဉ် **ဇင်ယော်**ပဲ့ကင်း ဦးကင်းနှင့် အဖွဲ့သားအားလုံးကလည်း အနီးကပ်၍ ပစ်ထည့်လိုက်ကြရာ ရုတ်ခြည်းပင် တစ်ဖက်မှ ပစ်ခတ်သံများ ငြိမ်ကျသွားပြီး သေနတ်များကို ရေထဲပစ်ချသည်ကိုလည်း မြင်လိုက်ကြရသည်။

သို့သော် ဗိုင်းလှေနှစ်စင်းကမူ အခုထိ တိုးလိုးတန်းလန်း ကျန်ဆဲ၊ လှိုင်းများကလည်း ပတ်၍ မွှေလိုက်သော **ဇင်ယော်**လှိုင်းနှင့် ရော၍ ဖြောင်းဆန်နေရကား **ဇင်ယော်**မှာ တန်ကေးနှင့် ယှဉ်မိပြီဖြစ်သော်လည်း ကပ်၍ မရနိုင်ရှိနေသဖြင့် **ကိုအောင်မိုး**က ...

''ချို ဦးဆန်းမောင် ကိုတင်မြင့်၊ တန်ကေးပေါ်ကို အမြန်ဆုံးတက်''

သူကိုယ်တိုင်လည်း ရုတ်တရက် မြောက်တက်လာသော တန်ကေးပေါ်သို့ လွှားကနဲ ဖက်တွယ်လိုက်၏။ ထို့အတူ **ဦးဆန်းမောင်နှင့် ကိုတင်မြင့်**တို့အပြင် ပဲ့ကင်းမှ အဖွဲ့သားများလည်း တစ်ယောက်ပြီး တစ်ယောက် တန်ကေးပေါ်သို့ လွှားကနဲ လွှားကနဲ ခုန်တက်လာကြ၏။ သည်တွင် ဘာပုလည်း မြောက်တက်လာသော တန်ကေးပေါ်သို့ ခုန်တက်မည်ပြုရာ တစ်ချက်ကလေး နောက်ကျသွားသည်နှင့် **ဇင်ယော်** ဦးပိုင်းနှင့် တန်ကေးအကြားလယ်လောက်မှနေ၍ ဝုန်းကနဲ ပင်လယ်အောက်သို့ ကျသွားလေ၏။

''ဟော့ ဘာပု-ဘာပု''

"ဆရာရေ–ဘပုအောက်ကို ကျသွားပြီ၊ ဟိုမှာ ဟိုမှာ ပေါ်နေတယ်၊ ဟော့–ဘပု"

ဘပုမှာ လှိုင်းလုံးများကြားတွင် ပေါ်လိုက် မြုပ်လိုက် ဖြစ်နေ၏။ ရုတ်တရက်မို့ ဘယ်သူမှ ဘာလုပ်ရမှန်း မသိဘဲ ကြောင်နေမိကြ၏။ ဝိုင်းလှေနှစ်စီးကလည်း ဖရိုဖရဲဖြစ်ပြီး ဇင်ယော်ပွဲတွင် ချိတ်နေ၏။ သည်တွင် **ကိုအောင်မိုး**မှာ ဇင်ယော်ဘက်သို့ တစ်ပတ်ခုန်ချလိုက်ပြီ။ သူ့ဂျက်ကင်နှင့် ဆံးပတ်ကိုချွတ်၊ အသက်ကယ်အကျီကို ဇတ်ကနဲ ကောက်ဝတ်လိုက်ပြီး ဘပုရှိရာသို့ ခုန်ချလိုက်သည်။

လှုနှစ်ယောက်မှာ လှိုင်းလုံးများကြားတွင် ခဏကြာအောင်ပင် ပျောက်သွား၏။ ထိန်နေသော မီးရောင်အောက်မှာ လှိုင်းလုံး၊ လေလုံး၊ မိုးလုံးများနှင့် လုံးထွေးပြီး အတန်ကြာမှ **ကိုအောင်မိုး**သည် ဘပုလည်ပင်းကို ဖက်ပြီး ငါးကနဲ ပေါ်လာတော့သည်။ ထိုအချိန်တွင် **ကိုတင်မြင့်**ကလည်း ဝိုင်းလှေတစ်စီးဖြင့် အုရား ဖားရား လှော်ခတ်လာသဖြင့် **ကိုအောင်မိုး**မှာ လှေနံကိုကိုင်ပြီး ဘပု၏ကိုယ်ခန္ဓာကြီးကို မနည်းပင် ဆွဲတင်ပေးရလေသည်။

**ကိုအောင်မိုး**အပေါ်ရောက်တော့ တန်ကေးတစ်စင်းလုံးကို လုံးဝ အထိအခိုက်မရှိပဲ ဖမ်းမိထားလေသည်။ ငါးမိုးသမား သုံးဆယ်နီးပါးကိုလည်း တန်းစီပြီးသား ဖြစ်နေလေသည်။ သို့ကြောင့် **ကိုအောင်မိုး**သည် ရေစိုလက်စနှင့်မို့ ဘပုကိုထမ်းပြီး ဇင်ယော်ဝမ်းထဲ အရောက်ပို့ပေးလိုက်သည်။ ဘပုမှာ ရေများကို တဝေါ်ဝေါ်နှင့် အန်ထုတ်နေပြီး သတိမရတရ ဖြစ်နေ၏။ **ကိုအောင်မိုး**၊ **ကိုတင်မြင့်**နှင့် တခြားအဖွဲ့သားများကပါ အတန်ကြာအောင် ဝိုင်းဝန်းပြုစုမှ ဘပုမှာ တဖြေးဖြေးနှင့် အသက်ရှူမှန်လာပြီး **ကိုအောင်မိုး**ကို မော်၍ ကြည့်လိုက်လေသည်။ သည်တွင်မှ **ကိုအောင်မိုး**လည်း သူ့တစ်ကိုယ်လုံး စိုရွှဲနေသည့် အဝတ်များကို သတိရပြီး ...

"ကဲ..ကိုတင်မြင့်တို့ သူ့ကို၊ နွေးနွေးထွေးထွေး ဖြစ်သွားအောင် ကော်ဖီလေး ဘာလေး တိုက်လိုက်ပါ။ ကျွန်တော် အဝတ်သွားလဲအုံးမယ်"

**ကိုအောင်မိုး**က ပြောပြောဆိုဆိုနှင့် သူ့ရင်အုံတွင် ကပ်နေသောအကျီကို ဆွဲခွာရင်း အနီးမှထွက်ခဲ့သည်။ သို့သော် ခြေနှစ်လှမ်း သုံးလှမ်းပင်မရသေး "ဆရာ–ဆရာ–ခဏ နေပါအုံး"ဟူသော ဘပု ခေါ်သံကြောင့် ရုတ်တရက် ဘပုကို လှည့်ကြည့်လိုက်သည်။

"ဆရာ–ဆရာ– ခဏ၊ ဆရာ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ ..."

မမြော်လင့်သော စကားကြောင့် **ကိုအောင်မိုး**မှာ အံ့အားသင့်သွားပြီး ...

"ဟင်–ဘာပြောတယ် ဘပု၊ မင်းကို ဘာ ခွင့်လွှတ်ရမှာလဲ"

"ကျွန်တော့်မှာ အပြစ်တွေ အများကြီးရှိတယ် ဆရာ၊ ဆရာ့ ဆိုဆုံးမမှုကို တလွဲထင်ပြီး မကောင်းကြံခဲ့တဲ့အပြစ်၊ စီးပွားရေးသမားတွေနဲ့ ပေါင်းပြီး တိုင်းပြည်အပေါ် သစ္စာဖောက်တဲ့ အပြစ် "

"ဟင် ... ဘပု မင်းဘာပြောတယ်"

**ကိုအောင်မိုး**မှာ ဘပု၏မမြော်လင့်သော စကားကြောင့် လှုပ်ရှားသွားပြီး အနီးရှိ အဖွဲ့သားများကို လှမ်းကြည့်လိုက်သည်။ ထိုစဉ် **ဦးဆန်းမောင်**နှင့် **ကိုလှဦး**လည်း ဘပုအခြေအနေကို ကြည့်ရန် ရေးကြီးသုတ်ပျာနှင့် ဝင်လာကြသည်။ အပြင်တွင်ကား မိုးသံ၊ လေသံ၊ စကားပြောသံများနှင့် ပစ္စည်းများ ရွှေ့ပြောင်း ထိခိုက်သံတို့က သောသောညံနေလေသည်။

"ဆရာ–ဆရာ ကျွန်တော့်နားကို လာပါဆရာ၊ ကျွန်တော် မဖိုက်တော့ပါဘူး ဆရာရဲ့"

ဘပုက အိပ်နေရာမှ သူ့လက်ကို ကမ်းထုတ်လိုက်ပြီး အားယူ၍ ထ,လိုက်သည်။ သူ့ အမူအရာမှာ

အလွန်အမင်း စိတ်ထိခိုက်သွားရုံမက အသံကလည်း ကွဲအက်တုန်ရီလာ၏။ သို့ကြောင့် **ကိုအောင်မိုး**ကလည်း ဘပုအပေါ်မကျေနပ်မှု အားလုံးကို ဖျောက်လိုက်ပြီး သူ့လက်ကို ကမ်းပေးလိုက်ပြီး အနီးတွင် ထိုင်ချလိုက်သည်။

''ဆရာက ကျွန်တော်တို့ ပျင်းလို့ ဖဲရိုက်ရင်လဲ မရိုက်ရဘူး။ အရက်သောက်ရင်လည်း မသောက်ရဘူးဆိုပြီး စေတနာနဲ့ တားမြစ်တာ မှန်ပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော့်အပေါ်ကို နိုင်ထက်စီးနင်းနဲ့ တမင်ဖိနှိပ်တယ်လို့ဘဲ ကျွန်တော်မြင်ခဲ့တယ် ဆရာ၊ အဆိုးဆုံးက ဟို တစ်ခေါက်က မှောင်ခိုပစ္စည်း တချို့ ကျွန်တော်ယူမိတာကို ဆရာတို့က လူပုံအလယ်မှာ တမင် အရှက်ခွဲတာဘဲဆိုပြီး။ ကျွန်တော် ဆရာ့ကို သိပ်မုန်းသွားမိတယ်''

''ဒီလိုလည်း မဟုတ်ဘူးလေကွာ။ တို့ကလည်း တာဝန်အရ လုပ်ရတာပဲကွ၊ မင်း တစ်ယောက်ထဲ မုန်းလို့မှ မဟုတ်ဘဲ''

**ကိုအောင်မိုး**က ဝိုင်းရပ်နေသော **ဦးဆန်းမောင်**တို့ကို တစ်ချက်လှမ်းကြည့်ရင်း ကြားကဖြတ်ပြောလိုက်သည်။ သူ့ဘယ်ဘက်လက်ကမူ ဘပု၏ညာလက်ဖဝါးကို ဆုပ်ထားလျက်ပင်ရှိ၏။

''ဟုတ်ပါတယ် ဆရာ၊ ဆရာတို့က တာဝန်အရ လုပ်ရတာဘဲ။ ဒါပေမဲ့ ကျွန်တော် မကျေနပ်ဘူး။ ဒါကြောင့်လဲ ဟို တမြန်နေ့က ဆရာတစ်ယောက်ထဲ ရေချိုးခန်းက အထွက်မှာ ကျွန်တော့်ကိုတွေ့တယ် မဟုတ်လား''

''အေး–တွေ့သားဘဲ''

''အဲဒီ ဆရာ့ကို ကျွန်တော် သံတုတ်နဲ့ ချမလို့ တကယ် ရိုက်မယ်လုပ်တော့မှ မရိုက်ရဲလို့ ဆရာ''

''ဟင်–မင်း–မင်း မိုက်လှချည်လား ဘပုရာ''

အားလုံးမှာ အံ့အားသင့်ပြီး ငြိမ်တုပင် အော်လိုက်မိကြသည်။ **ကိုအောင်မိုး**မှာလည်း သူ့အဖြစ်ကို သူစဉ်စားရင်း ငိုင်ကျသွားမိ၏။

''ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ဟာ သိပ်ကို မိုက်လုံးကြီးပါတယ်၊ တကယ်တော့ ဒီလို မိုက်လုံးကြီးအောင် ကျားကန်ပေးတဲ့ လူကလည်းရှိတာကိုး။ ဆရာတို့ ဒီဇင်းနဲ့အဖွဲ့ကို ဖမ်းမမိအောင် ကျွန်တော်ဘဲ အမျိုးမျိုး အချက်ပေးနေတာကို ဆရာတို့ မသိဘူးမှတ်လား''

''ဟင်–ဘပု၊ မင်းဘာပြောတယ်''

သည်တစ်ချိတော့ **ဦးဆန်းမောင်**ပင် အံ့သြတကြီးနှင့် သူ့အနီးသို့ ကပ်လာရင်း မေးလိုက်သည်။ ပြီးတော့ သူ့မျက်မှန်ကိုချွတ်ပြီး ဘပုကို စူးစိုက် ကြည့်နေ၏။

''ဟုတ်တယ် ဦးဆန်းမောင်၊ ခင်ဗျားတို့ ဒီဇင်းနဲ့အဖွဲ့ကို လိုက်နေတာ ကြာပြီမဟုတ်လား။ အေး–ဒီကောင်လည်း ကျွန်တော်တို့နားကို ခဏ,ခဏ မျက်စိလည်ပြီး ရောက်လာတာဘဲ။ ဒါပေမဲ့ ကျွန်တော်က ဓာတ်မီးနဲ့ အချက်ပြ မီးခြစ် ခြစ်ပြဆိုတော့ ခင်ဗျားတို့ ဘယ်ဖမ်းမိပါ့မလဲ။ အခုတောင် ဘာဖြစ်လဲမသိဘူး။ တပ်မြင့်က ကျွန်တော့်ကို အမြဲစောင့်ကြည့်နေတော့ ကျွန်တော်ဘာမှ မလုပ်နိုင်တာနဲ့ ခင်ဗျားတို့ ဒီဇင်းကိုဖမ်းမိတာဗျ''

''ဒါဖြင့် ဘပု၊ မင်း–မင်းဟာ ဒီငါးမိုဂိုဏ်းရဲ့ သူလျှိုဘဲပေါ့ကွ''

ကိုအောင်မိုးက သည်တစ်ချိတော့ အတော့်ကိုပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားဟန်နှင့် ဘပုလက်ကို

ဖယ်ပြီး ဇတ်ကနဲ ထလိုက်သည်။ သည်တော့မှ သူ့အင်္ကျီအစိုများကိုလည်း ပြန်သတိရဟန်ဖြင့် ရင်ပတ်ကြယ်သီးများကို ဖြုတ်လိုက်သည်။ သို့သော် ဘပုက သူ့လက်ကို အတင်းလိုက် ဆွဲရင်း ...

''ဆရာ ပြောရင်လဲ ခံရမှာဘဲ ဆရာ၊ ကျွန်တော် သူတို့ကိုယ်စားလှယ်ဆီက ငွေ–ငွေ ယူပြီး...''

''တော်တော့ကွ ဘပု၊ တော်တော့၊ မင်းဟာ ကိုယ့်တိုင်းပြည်နဲ့ ကိုယ်လူမျိုးမျက်နှာကိုမှ မထောက်ပဲ သစ္စာဖောက်တဲ့အကောင်၊ ကိုယ်ရဘို့ ကွက်ကွက်ကလေးကိုသာ ကြည့်ပြီး တိုင်းပြည် သစ္စာဖောက်တဲ့ သစ္စာဖောက်ကွ''

''ဆရာ–ကျွန်တော်မှားပါပြီ ဆရာ၊ နောက်ဆိုရင် ကျွန်တော် ဆရာ့စကားကို တသွေမတိမ်း လိုက်နာပါ့မယ်၊ အရက်လဲ မသောက်တော့ပါဘူး ဆရာ၊ ဒီလိုအလုပ်မျိုးကိုလည်း ကျွန်တော် နောက် ဘယ်တော့မှ မလုပ်တော့ပါဘူး။ ကျွန်တော့်မှာ ဆရာကယ်တဲ့ အသက်ပဲ ရှိပါတော့တယ်၊ ဆရာ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ''

နောက်ဆုံးမှာ ဘပုအသံက နစ်ဝင်သွားခြင်းဖြင့်အတူ မျက်ရည်ပေါက်များက ထုအမ်းအမ်း ဖြစ်နေသော သူ့ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြ၏။ အခုလို ဘပုငိုချလိုက်တော့လည်း သူ့ဘဲကြီးဆံစပ်တွင် တစ်လက်မခန့်ရှိ အမာရွတ်မှာ ရှေ့တိုး နောက်ငင်ဖြစ်ပြီး ကလေးတစ်ယောက် ငိုနေသလိုပင် သနားစဖွယ်ဖြစ်၏။

'' ဒီမှာ–ဘပု၊ မင်းအခုမှ ငိုမနေနဲ့။ မင်းသာ အခုလို သစ္စာဖောက်မှန်းသိရင် မင်းကိုငါ ရေထဲ တောင် ဆင်းမဆယ်ဘူး။ ကဲ– ဒါထားအုံး၊ ဒါနဲ့ မင်းကို ငွေပေးခိုင်းတဲ့ ကိုယ်စားလှယ်ဆိုတာ ဘယ်သူလဲ''

ကိုအောင်မိုးက သူ့ရေစိုအင်္ကျီများကို ချွတ်ပြီး ကိုဘအေးယူလာပေးသော ဖျက်ကင်အင်္ကျီကို ဆွဲဝတ်လိုက်ရင်း ဘပုကို အမှုစစ်သလို စစ်လိုက်၏။

''ဒါတော့ ကျွန်တော် မပြောပါရစေနဲ့ ဆရာ''

''ဟင်–ဘာဖြစ်လို့ မပြောရမှာလဲ''


''ဟုတ်ပါတယ်ဆရာ၊ ကျနော်တို့ ငါးခိုးသမားတွေကို ကျွန်တော် ကိုယ်တိုင်ဖမ်းပေးပါ့မယ်၊ ဆရာခိုင်းချင်တာကိုလည်း ခိုင်းပါ၊ ဒါကိုတော့ ကျွန်တော် မပြောပါရစေနဲ့၊ ဆရာ့ပတ်ဝန်းကျင်မှာပဲ ရှိပါတယ် ဆရာ''


''ဟင်''

ကိုအောင်မိုးမှာ 'ဟင်'တစ်လုံးသာ ဝိဝိကြီး ရွတ်လိုက်ပြီ။ သူ့ပတ်ဝန်းကျင်ရှိ အဖွဲ့သားအားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ အဖွဲ့သားများမှာလည်း တစ်လုံးတစ်ပါဒမှ မပြောနိုင်ဘဲ တစ်ယောက်ကို တစ်ယောက် ပြန်လှန်ကြည့်ရင်း ငြိမ်ကျသွားသည်။

ဘပုကား သူ့မိုက်ပြစ်များကို ကြီးစွာ နောင်တ,ရဟန်ဖြင့် တစ်ဖက်သို့လှည့်ပြီး ငိုချနေ၏။ အပြင်တွင်ကား လှိုင်းသံ၊ လေသံများက မစဲသေး။ တန်ကောအိုးငါးဖမ်းစီးနှင့် ဇင်ယော်အိမ်မီးမောင်းအောက်မှာ လှုပ်လှုပ်ရွရွနှင့် ပြေးလွှားလှုပ်ရှားနေကြသော အဖွဲ့သားများ၏ အသံဗလံများကလည်း မစဲသေး။ သို့သော် မိုးသံ၊ လေသံ လှုပ်ရှားသံနှင့် လှိုင်းရိုက်သံများကြားမှာပင် ဘပု၏ရှိုက်သံက သဲ့သဲ့ကြားလောက်အောင်ပင် မြည်ဟီး ပေါ်ထွက်နေလေသည်တကား။

◆





# ရွှေတညင်း အတည်များပြီးထင့်

ကိုအောင်မိုးမှာ ဘယ်သူ့ကိုမှ စကားမပြောနိုင်၊ အခုထိလည်း တမေ့မှ မအိပ်နိုင်သေးဘဲ ဇင်ယော်ပွဲစင်ထက်မှာ တစ်ယောက်တည်း ထိုင်နေ၏။ ဇင်ယော်သည် စက်လှေအငယ်စားလောက်ရှိသော တန်ကောကြီးကို ဆွဲပြီး လမ်းပိကျွန်းနောက်ကြောသို့ ပြန်လည်ရောက်ရှိချိန်မှာ မိုးထိန်ထိန် လင်းနေလေပြီ။

ပင်လယ်ပြင်သည် ညက လေသံ မိုးသံ လှိုင်းသံများကို လုံးလုံး သတိမရတန်ဖြင့် ပကတိတည်ငြိမ်အေးချမ်းနေ၏။ အခုလို တည်ငြိမ် အေးချမ်းနေတော့လည်း ပင်လယ်ပြင်သည် မြကျောက်ဖျာကြီးကို ချခင်းထားသလိုပင် နီုနက်ခင်းနေခြည်မှာ ဝင်းပ တောက်ပြောင်နေလေသည်။

ကိုအောင်မိုးသည် ပွဲစင်ထက်မှာ ထိုင်ရင်း ညက ဘပုပြောစကားကို အမှတ်ရနေမိသည်။ တစ်ဖက်နိုင်ငံမှ ငါးမိုးသမားများသည် စီးပွားရေးသမားထောင်ကဲများ၏ လက်ပါးစေများပင်ဖြစ်သည်။ သူတို့သည် မြန်မာ့ပင်လယ်ပြင်မှ ငါးများကို အလွယ်တကူ ဖမ်းဆီးနိုင်ရေးအတွက် နည်းမျိုးစုံကိုသုံးပြီး၊ ဤနိုင်ငံမှ ဝန်ထမ်းများကို ဖျက်ဆီးကြ၏။ အထူးသဖြင့် ဖြိတ်၊ ကော့သောင်စသည်တို့တွင် သူတို့၏ကိုယ်စားလှယ်များကို လျှို့ဝှက်ထားပြီး သတင်းယူ သတင်းပို့ခြင်း၊ ဝန်ထမ်းများအတွင်း ထိုးဖောက်ဝင်ရောက် စည်းရုံးခြင်းတို့ကို ပြုလုပ်လေ့ရှိကြပေသည်။

ဤနည်းဖြင့် သူ့အဖွဲ့သားများထဲမှ ဘပုသည်ပင် သားကောင် ဖြစ်ခဲ့ရပြီ။ သို့ဆိုပါက ဘပုကို ဆက်သွယ်လှုပ်ရှားသည့် ကိုယ်စားလှယ်က ဘယ်သူလဲ။ ဘပုပြောတော့ သူ့ပတ်ဝန်းကျင်မှာပဲရှိနေ၍ မပြောပါရစေနဲ့တဲ့ အတန်တန် ငြင်းခဲ့သည်။ သူသည် သူ့အဖွဲ့သားအားလုံးကို တစ်ယောက်မကျန် စဉ်းစား ကြည့်မိသည်။ သူ့သိသမျှတော့ တစ်ယောက်မှ ခုလို သစ္စာဖောက်မည့်သူ မရှိ။

"အာစရိ–ကျွန်တော်တို့ တရားခံတွေ အားလုံးကို အကြမ်းဖျင်း စစ်ချက် ယူပြီးပြီ။ ငါးဆရာ တစ်ယောက်နဲ့ မျက်နှာလွှဲတစ်ယောက် အပါအဝင် အားလုံး နှစ်ဆယ့်ခုနစ်ယောက်ရှိတယ်။ ဒီအထဲမှာ မျက်နှာလွှဲဆိုတဲ့ ဇနဲ့ကတော့ ထူးထူးခြားခြားပဲ အာစရိရဲ့"

ထိုစဉ် **ကိုအောင်မိုး**နောက်နားမှ **ဦးဆန်းမောင်**က ပဲ့စင်ထက်သို့ပင် မတက်ပဲ လှေကားတွင် ရပ်ရင်း **ကိုအောင်မိုး**ကို သတင်းပို့လိုက်သည်။ **ကိုအောင်မိုး**က စိတ်လေးလေးရှိနေသည်နှင့် ထိုင်ရာ မထဖြင့် **ဦးဆန်းမောင်**ကို လှည့်ကြည့်ရင်း ...

"မျက်နှာလွှဲ ဟုတ်စ ဦးဆန်းမောင် "

"ဟုတ်တယ် အာစရိ၊ ဆိုလိုတာက သူတို့သူဌေးရဲ့ လူယုံတော်ကိုယ်စားလှယ်ပေါ့၊ ကြည့်ရတာ ကတော့ တကယ့်ဗမာရုပ်ပဲ၊ ဒါပေမယ့် ဘာမှတော့ မေးလို့မရဘူး"

**ကိုအောင်မိုး**က **ဦးဆန်းမောင်**စကားကြောင့် တစ်စုံတစ်ခုကို စိတ်ဝင်စားသွားဟန်ဖြင့် ထိုင် ရာမှ ထလိုက်ရင်း ...

"ကဲ အဲဒါဖြင့် ခဏ ကြည့်ရအောင်လား"

**ကိုအောင်မိုး**က ပြောပြောဆိုဆို **ဇင်ယော်**ပဲ့ပိုင်းသို့ လျှောက်လာခဲ့သည်။ ပဲ့စင်ရောက်တော့ **ကိုတင်မြင့်**တို့အဖွဲ့သည် အချုပ်ခန်းအဖြစ် ဖန်တီးထားသော **ဇင်ယော်**ဦးပိုင်းရှိ အခန်းတွင်းသို့ တရား ခံများကို ၂ ယောက်တွဲ၊ ၃ ယောက်တစ်တွဲဖြင့် ပို့ပေးလျက်ရှိ၏။ နံနက်ခင်းနေမှာ ခပ်စွေစွေ ကျနေ သဖြင့် **ဇင်ယော်**ပဲ့ပိုင်းတစ်ခုလုံးမှာ ဝင်းဝါလှပနေလေသည်။

"သူဘဲ အာစရိ၊ သူက နိုင်ဝမ်းတဲ့၊ ဟိုဘက်က တရားခံကတော့ ပဲ့နင်း"

**ကိုအောင်မိုး** ကြည့်လိုက်တော့ မျက်နှာလွှဲ နိုင်ဝမ်းဆိုသူမှာ တက်ထရက်ဘောင်းဘီအနက်၊ စပို့ရှပ်အင်္ကျီဂွက်ပျောရောင်ကို ရှိုးကျကျ ဝတ်ထားပြီး၊ **ဇင်ယော်**အဖုံးတစ်ခုပေါ်မှာ ထိုင်နေ၏။ မျက်နှာ ကမူ **ဦးဆန်းမောင်**ပြောသလိုပင် တကယ့်ဗမာရုပ်၊ သို့သော် အသားအရေက တရုတ်သွေး အတန်ပင် ပါဟန်ဖြင့် ဖြူဆွတ် ပွယောင်းနေ၏။ အသက်မှာ ဘယ်နည်းနှင့်မှ ၃၀ မကျော်သေး။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

**ကိုအောင်မိုး**က ဗမာစကားတတ်,မတတ် သိလိုဟန်နှင့် သူ့အနီးမှာရပ်ရင်း မေးလိုက်၏။ သည်တော့မှ နိုင်ဝမ်းဆိုသူက ဖြူးဖြူး ပြာပြာနှင့် ထရပ်ရင်း ...

"ဗဟု–ခပ်"

**ကိုအောင်မိုး**တို့အဖို့'ဗဟု'ဟူသောစကားက ရိုး၍နေလေသည်။ သူတို့ မကြာခဏ ဖမ်းမိသည့် တရားခံတစ်ယောက်ယောက်ကို မေးလျှင် မြန်မာလိုတတ်သည်ဖြစ်စေ၊ မတတ်သည် ဖြစ်စေ သူတို့ စကားဖြင့် 'ဗဟု(မသိပါ)'ဟူသာ ဖြေတတ်ကြသည် မဟုတ်ပါလား ... ။

သို့သော် **ဦးဆန်းမောင်**က ဝင်၍၊ သူတို့စကားဖြင့် မင်းနာမည် ဘယ်လိုခေါ်သလဲဟု မေးလိုက် သည့်အခါတွင်ကား ..."နိုင်ဝမ်း ခပ်"ဟု ခပ်သွက်သွက်ပင် ဖြေလိုက်လေသည်။

မည်သို့ဆိုစေ၊ နိုင်ဝမ်း၏အပြုအမူမှာ မြန်မာစကား လုံးဝမတတ်သော နိုင်ငံခြားသား တစ်ယောက်၏ အပြုအမူမျိုးမဟုတ်၊ နားနှင့်မျက်စိကို ဖွင့်ထားဟန်ဖြင့် တစ်ချိန်လုံး ဂရုစိုက်မပြိုင် ဖြစ်နေ၏။ တစ်ချို တစ်ချိတွင် **ကိုအောင်မိုး**နှင့် **ဦးဆန်းမောင်**ပြောစကားကို **နားစွင့်နေသည်**မှာ

နားလည်၍ စိတ်ဝင်စားသည့် အမူအရာမျိုးပင် ဖြစ်သည်ဟု **ကိုအောင်မိုး** မသိုးမသန့် ဖြစ်မိလေသည်။ ထို့ကြောင့် **ကိုအောင်မိုး**က သူ့ကို လုံးဝ ဂရုမစိုက်သည့်ဟန်ပြပြီး **ဦးဆန်းမောင်**ကို အချင်းချင်း ပြောသည့် အနေအထားဖြင့် ...

''တင်း–ဒီခွေးသူခိုးတွေ၊ သူများပိုင်ပစ္စည်းတော့ ဝင်ခိုးတတ်ပြီး။ ဖမ်းမိတော့လည်း ကြောက်လိုက်တာ ခွေးလိုပဲ အမြီးကိုကုပ်လို့''

**ကိုအောင်မိုး**က တမင် ဖျစ်ဖျစ်နှစ်နှစ်ပြောပြီး နိုင်ဝမ်းဆိုသူကို မသိမသာ အကဲခတ်လိုက်ရာ နိုင်ဝမ်းမှာ မြူးကနဲ လှုပ်လှုပ်ရှားရှား ဖြစ်မသွားသော်လည်း မသိမသာ မျက်လုံးဝိုင်းသွားသည်ကို တွေ့လိုက်ရ၏။ သူ့ရည်ရွယ်ချက်မှာ နိုင်ဝမ်း၏ဇစ်မြစ်ကို စိစစ်ပြီး သူတို့ဂိုဏ်း၏ကိုယ်စားလှယ်များကို ဖော်ထုတ်ရန် ဖြစ်ပေသည်။

သို့ကြောင့်လည်း သူသည် မြူးကနဲ အကြံတစ်ခုရသည်နှင့် ...

''ကဲ–ဦးဆန်းမောင် ခဏ ဒီမှာနေအုံးဗျာ၊ ကျွန်တော်အခုပဲ ပြန်လာခဲ့မယ်''ဟုပြောပြီး တရားခံများကို အချုပ်ခန်းသို့ ခေါ်ယူ ပို့ပေးနေသော**ကိုတင်မြင့်**နှင့် ဦးခန်းတစ်နေရာမှာ တစ်စုံတစ်ခုကို တိုးတိုးကျိတ်ကျိတ်ပင် သွားရောက် စည်းဝါးရိုက်လိုက်၏။ ပြီးမှ ...

''အေး...ကိုတင်မြင့် ကျွန်တော်ပြောတဲ့အတိုင်း မှင်သေသေနဲ့လုပ်၊ ဒီနည်းဟာ ခုလိုတန်ဆောင်တဲ့ကောင်မျိုးကို ဖော်ထုတ်တဲ့နေရာမှာ အကောင်းဆုံးဘဲ၊ ဒီငနဲက ဘာကြောင့် ဗမာလို မတတ်ချင်ယောင်ဆောင်ရတာလဲဆိုတာ သိရအောင်၊ ဟုတ်ပီလား ကိုတင်မြင့်''

**ကိုအောင်မိုး**က ဦးခန်းမှောင်ရိပ်တစ်နေရာမှာ **ကိုတင်မြင့်**နှင့် ပြောဆိုပြီး **ဦးဆန်းမောင်**ထံ ပြန်ရောက်လာသည်။ ရောက်သည်နှင့် နိုင်ဝမ်းကိုငင်း၊ တစ်ဖက်တွင် ဒူးနှစ်လုံးထောင်ပြီး ခေါင်းငိုက်စိုက်ချထားသော ပဲ့နင်းဆိုသူ တရားခံကို ငင်း၊ သူတို့စကားဖြင့် ဟိုမေး သည်မေးလုပ်နေ၏။ တကယ်တော့ **ကိုအောင်မိုး**သည်လည်း သူတို့စကားကို ထမင်းစားရေသောက် ကောင်းစွာ ပြောဆိုနိုင်သဖြင့် သူတို့စကားပြောသည့် အခြေအနေမှာ အေးဆေးတည်ငြိမ်လှရကား **ဦးဆန်းမောင်**သည်ပင် **ကိုအောင်မိုး**၏အပြုအမူကို နားမလည်သလို ဖြစ်မိလေသည်။

မကြာပါ။ ရင်အုပ်ကျယ်ကျယ်၊ အရပ်ရှည်ရှည်နှင့် **ကိုတင်မြင့်**လည်း ဆေးပေါ့လိပ်တစ်လိပ်ကို မီးရဲအောင်ဖွာရင်း သူတို့စကားဝိုင်းသို့ အမှတ်မထင် ရောက်လာကာ **ကိုအောင်မိုး**တို့လိုပင် ဟိုအကြောင်း သည်အကြောင်းကို ဝင်၍ပြောလိုက်၏။ ထိုအချိန်တွင် ထိုင်နေသော နိုင်ဝမ်းသည် မတ်တတ်ရပ်နေသော **ကိုတင်မြင့်**၏ ညာဘက်အောက်တွင်ရှိရကား– အတန်ကြာအောင် အေးအေး လူလူဖြင့် စကားပြောနေရာမှ **ကိုတင်မြင့်**သည် မြူးကနဲ သတိလက်လွတ်ဖြစ်ဟန်ဖြင့် မီးရဲနေသော သူ့ဆေးပေါ့လိပ်တိုကြီးကို နိုင်ဝမ်းပေါင်ကြားထဲသို့ ပစ်ချလိုက်လေသည်။ သည်တွင် နိုင်ဝမ်းဆိုသူမှာ မြူးကနဲ အလန့်တကြား ခုန်ထရင်း''ခင်ဗျား– မီး မီး''ဟု တကယ့် ပြတ်သံဝဲသော ဗမာစကားဖြင့် ထအော်လိုက်တော့သည်။ သည်တော့မှ **ကိုအောင်မိုး**လည်း နိုင်ဝမ်း၏စပို့ရှပ်ကော်လာကို လှမ်းဆွဲ လိုက်ရင်း ...

''ဒီမှာ နိုင်ဝမ်း၊ မင်း ငါ့ကို မှန်မှန်ပြောစမ်း၊ ဘာဖြစ်လို့ နိုင်ငံခြားသား တန်ဆောင်ရတာလဲ၊ မင်းဟာ ဗမာပဲကွ၊ ဗမာ တစ်ယောက်က နိုင်ငံခြားသားဟန်ဆောင်ပြီး မင်း ဒီ့ငါးခိုးဂိုဏ်းထဲ ရောက်နေတာ မှတ်လားကွ''

''မ-မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် သူတို့နိုင်ငံသားအဖြစ် ခံယူထားတာပါ''

နိုင်ဝမ်းမှာ ဟန်မဆောင်နိုင်တော့ဘဲ ကျားရေမှောက်ရက်လဲသူပမာ ကိုယ်တွင်ကပ်နေသော မိးပွားများကို ခါချရင်း ထစ်ထစ်,အအနှင့် ပြောလိုက်၏။

''မင်း ဘာနိုင်ငံသားအဖြစ်ခံယူ ခံယူ၊ ငါသိချင်တာက မင်းဗမာပြည်ပေါက်ပဲ မှုတ်လား''

''ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် ကော့သောင်မှာမွေးပါတယ်၊ တရုတ်ကပြားပါ''

''ဘာဖြစ်လို့ မင်းက ဗမာလို မတတ်ချင်ယောင်ဆောင်ရတာလဲ''

'' ဒီ-ဒီလိုပါဆရာ၊ ကျွန်တော့် ဆွေမျိုးသားချင်းတွေက ဒီဘက်မှာလည်းရှိတယ်ဆရာ၊ ကျွန်တော်က အခု,တရားခံဖြစ်နေတော့ သူတို့ပါ ပတ်သက်လာမှာ စိုးလို့ပါ၊ ပြီးတော့ ကျွန်တော့်လို ဗမာပြည်ပေါက်တစ်ယောက်က သူတို့နဲ့ပူးပေါင်းပြီး တိုင်းပြည်သစ္စာဖောက်လို့ ''

''ဟား ဟား ဟား- သစ္စာဖောက်တွေနဲ့ချည်း ဆက်ပြီး တွေ့နေရပါလားဗျ ဦးဆန်းမောင်ရ၊ ကောင်းတယ် သစ္စာဖောက်ဆိုတဲ့ လူတွေဟာ တိုင်းပြည်သစ္စာဖောက်မှန်း လူသိမှာတော့ သိပ်ကြောက်ကြပါလား- ဟား ဟား ဟား''

ကိုအောင်မိုးက နိုင်ဝမ်းကို ကြည့်ရင်း တဟားဟား ရယ်လိုက်၏။ ပွဲနှင်းဖြစ်သူ တရားခံကမူ သူတို့စကားကို လုံးဝ နားမလည်ဟန်နှင့် ကိုအောင်မိုးတို့ကို ပြူး၍ ကြည့်နေ၏။

သည့်နောက်တော့ ဟန်ဆောင်ကောင်းလှသော ကော့သောင်းသား နိုင်ဝမ်းမှာ ဟန်ဆောင် နိုင်ခြင်းမရှိတော့ဘဲ သူ့ဇစ်မြစ်ကို ဖွင့်လှစ်ရတော့သည်။ သူသည် ကော့သောင်းဇာတိအစစ် ဖြစ်ကြောင်း၊ ယခုအခါ သူ့မိဘများသည်လည်း တစ်ဖက်နိုင်ငံရှိ နယ်စပ်မြို့ကလေးတွင် ပြောင်းရွှေ့ နေထိုင်လျှက်ရှိကြောင်း၊ သူသည် မလိဝန်းတွင် ၅-နှစ်ခန့် နေဘူးပြီး စခန်းသစ်၊ ရွှေငဲညို စသည်တို့တွင်လည်း ရေလုပ်ငန်းလုပ်ရင်း ၁၀-နှစ်ခန့် နေဘူးကြောင်း၊ ယခု,အချိန်တွင်မူ နိုင်ငံခြားသား ခံယူထားပြီး မိမိကျွမ်းကျင်သည့် ငါးဖမ်းလုပ်ငန်းကို တစ်ဖက်နိုင်ငံရှိ သူဌေးတစ်ဦး၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လျှက်ရှိကြောင်း စသည်ဖြင့် အစစ်ခံလေသည်။

သို့သော် ငြိတ်၊ ကော့သောင် စသည်တို့တွင် သူဌေး၏ကိုယ်စားလှယ်များရှိသည်တ့ သိရသော်လည်း အမည်နာမကိုမူ မသိရကြောင်း ဘယ်လိုမှ စစ်မေး၍ မရအောင် ငြင်းဆန်နေ၏။ သည်တွင် ကိုအောင်မိုးက အနီးတွင်ရပ်နေသော ကိုတင်မြင့်အား ဘပုကို အခေါ်ခိုင်းလိုက်ပြီး ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်လေသည်။

နေက ထန်းတစ်ဖျားခန့် တက်လာပြီဖြစ်၍ ပင်လယ်ပြင်သည် ရွှေလှိုင်းတခြည်များကို ဆင်မြန်းပြီး ကညာပျို၏အသွင်ကို ဆောင်နေလေသည်။ အရှေ့ဘက်မှ သာသာညင်းညင်း တိုက်သွင်းလာသည့် လေနုအေးကလည်း သူတို့အားလုံး၏ရင်ကို ဖွေပြီး ဘေးတစ်ဖက်ရှိ တန်ကေးကြီးအတွင်းသို့ ပြေးဝင်သွားလေသည်။

''ဟော့-ဘပု အတော်ဘဲဟော့၊ ဒို့ ပင်လယ်ပြင်က ငါးတွေကို ခိုးတဲ့နေရာမှာ ဒို့ ဗမာထဲက ကြံရာပါ တစ်ယောက်ကိုလဲ တွေ့နေရပြီကွ၊ သူ့နာမည်က နိုင်ဝမ်းတဲ့၊ မင်း သူ့ကို သိလား''

ထူးထူးခြားခြား ကာကီယူနီဖောင်းကို သပ်သပ်ရပ်ရပ် ဝတ်ထားသောဘပုမှာ ရောက်မဆိုက် မေးလိုက်သော ကိုအောင်မိုးစကားကြောင့် တစ်ချက်ကြောင်ပြီး ရပ်သွား၏။ ပြီးမှ ဦးဆန်းမောင်နှင့်

ပိုင်းရပ်နေသော အခြားအဖွဲ့သားများကို တစ်ချက်ဝေ့ကြည့်ရင်း ...

"တင့်အင်း– ဆရာ၊ ကျွန်တော်သူ့ကို မသိပါလား"

"သေသေချာချာ စဉ်းစားပါအုံး ဘပုရ၊ သူလဲ သူ့ဒေးကိုယ်စားလှယ်တစ်ယောက်ပဲ၊ မင်းလည်း ဘာပဲဖြစ်ဖြစ် သူတို့ဘဝထဲကို ရောက်ခဲ့တာဘဲ၊ မင်း သိချင်သိမှာပေါ့"

"ကျွန်တော် မသိဘူးဆရာ၊ ဆရာ ဘာလဲ၊ ဒီဘက်မှာရှိနေတဲ့ သူတို့ရဲ့ ကိုယ်စားလှယ်ကြီးကို သိချင်လို့ ဆရာမေးနေတာလား။ ကျွန်တော်ပြောဘီကော ဆရာ၊ တဖြေးဖြေးတော့ ဆရာ သိလာမှာပါ။ တကယ်တော့ ဆရာ့အလုပ် မဟုတ်ပါဘူး။ ဆိုင်ရာကို အကျိုးအကြောင်းပြောပြပြီး ဆရာသူတို့ကို အပ်လိုက်ရင် ပေါ်လာမှာပါ။ ကဲ– ဆရာ၊ ပွဲစင်ပေါ်ကိုပဲ သွားကြရအောင်"

ဘပုက တရားခံများရှေ့တွင် ကြာရှည်လေးမြင့် မပြောလိုတန်နှင့် **ကိုအောင်မိုး**တို့ကို စကားဖြတ်ပြီးခေါ်လိုက်သည်။

တကယ်တော့ သူပြောသည်မှာလည်း မှန်၏။ သူတို့၏ ကျောရိုးအဆက်အနွယ်များကို ဖော်ထုတ်ရန်မှာ **ကိုအောင်မိုး**၏အလုပ်မဟုတ်ချေ။ ပြည်သူ့ရဲနှင့် ဆိုင်ရာအာဏာပိုင်များ၏ အလုပ်သာ ဖြစ်ချေသည်။

သို့ကြောင့်လည်း **ကိုအောင်မိုး**သည် ထွေထွေထူးထူး မစဉ်းစားတော့ဘဲ **ဦးဆန်းမောင်**တို့ကိုပါ ခေါ်၍ ပွဲစင်ထက်သို့ တက်ခဲ့လေသည်။ သို့သော် သူ့ခေါင်းထဲတွင်ကား ဝါးမိုးကိုးဇာ၏ ဘက်တော်သားနှင့် အဆက်အနွယ် အားလုံးကို တစ်နည်းမဟုတ် တစ်နည်း မလွှဲမသွေဖော်ထုတ်ရမည်ဟု စဉ်းစား နေမိလေသည်။

"ဆရာ–ဆရာတို့ကလည်း ညကတဲက ခုထိမအိပ်ရသေးဘူး။ ကျွန်တော်ကတော့ တစ်ညလုံး ကောင်းကောင်း အိပ်ထားရတယ်၊ ဒီတော့ ဆရာနဲ့ **ဦးဆန်းမောင်**တို့အဖွဲ့က နားနားနေနေ ကျန်ခဲ့ပြီး ကျွန်တော်က တန်ကေးနဲ့ ကျန်တဲ့ ဝါးမိုးသမားတွေကို ထွက်ဖမ်းချင်တယ်ဆရာအဲဒါ ဆရာ့ကို ပြောမလို့"

ဘပုက ပွဲစင်ပေါ်ရောက်သည်နှင့် **ကိုအောင်မိုး**ရှေ့မှာ စုံရပ်ပြီး ကျောင်းသားတစ်ယောက် ခွင့်တိုင်သလို ပြောလိုက်၏။ **ကိုအောင်မိုး**မှာ သူ့စကားကြောင့် ခေတ္တကြောင်သွားရာမှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း ...

"ဘပု မင်းဘာပြောတယ်၊ ဒီတန်ကေးနဲ့ ကျန်တဲ့ ဝါးမိုးသမားတွေကို ထွက်ဖမ်းမလို့ ဟုတ်စ"

"ဟုတ်တယ် ဆရာ လေ့မျော လေ့နဲ့လိုက်ဆိုတာလို သူတို့တန်ကေးနဲ့ ထွက်ဖမ်းတော့ ပိုလွယ်တာပေါ့ ဆရာ၊ ဆရာ ကျွန်တော့်ကိုစိတ်ချပါ ဆရာ၊ ကျွန်တော့်ရဲ့ မိုက်ပြစ်ကို ကျွန်တော့်အစွမ်းအစနဲ့ ပြန်ပြီး ကျေးဇူးဆပ်ချင်လို့ပါ၊ လိုရမယ်ရ ဆရာကိုလှဦးနဲ့ လူရွှစ်ယောက်လောက်သာ ကျွန်တော်နဲ့ထည့်လိုက်ပါ ဆရာ၊ ဆရာ ကိုလှဦးကတော့ စောစောကတဲက အနားရထားလို့ သူကလဲ လိုက်ပါမယ်လို့ ပြောပါတယ် ဆရာ"

**ဦးဆန်းမောင်**နှင့် **ကိုအောင်မိုး**သည် တစ်ယောက်ကိုတစ်ယောက် တိုင်ပင်သည့်ဟန်ဖြင့် လှမ်းကြည့်လိုက်ကြသည်။ သည်လိုဆိုတော့လည်း ဘပုက မဆိုးပါလားဟုလည်း အောက်မေ့မိသည်။ မှန်၏။ သည်လို တစ်ဖက်စွန်းရောက်အောင် မိုက်လုံးထွားခဲ့သူများ နောင်တ တရားရပြီဆိုလျှင် သူ့မတူ အောင်စွမ်းဆောင်လေ့ရှိကြောင်း **ကိုအောင်မိုး** သဘောပေါက်မိ၏။ သို့ကြောင့်လည်း သူသည် ဘပုကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ...

''ဒါနဲ့ မင်းကင်းထွက်မှာက နေ့လည်ကြီးသွားမှာလား။ သွားမှာကကော ဘယ်အထိ သွားမှာလဲ''

''သူတို့ တန်ကေးနဲ့ဆိုရင် နေ့လည်ကြီးသွားလည်း ဒီကောင်တွေကို တွေ့နိုင်တာပဲ ဆရာ၊ ဒီငါးမိုး တန်ကေးတွေက ဆရာလည်းသိသားဘဲ၊ နေ့ခင်းပိုင်းဆိုရင် ကျွန်တော်တို့ရဲ့ ကျွန်းတွေမှာ ဝင်ခိုနေကြတာ၊ သူတို့ တန်ကေးအချင်းချင်းဆိုရင် လိုက်တောင် မဖမ်းရဘူး။ အနားတောင် ကပ်လာအုံးမယ်၊ ပြီးတော့ ကျွန်တော်သွားမှာလည်း ဒီလမ်းပိကျွန်း တပိုက်လောက်ပါဘဲ''

ကိုအောင်မိုးတို့ အခုရပ်နားနေသော လမ်းပိကျွန်းနောက်ခြမ်းမှ လှမ်းကြည့်လိုက်လျှင် ဆင်ကျွန်းကိုရင်း၊ ကော့ရေးကျွန်းဟု အမည်ပေးထားသော ကျွန်းကြီးနှင့် ကျွန်းငယ်ကလေး သုံးလေးကျွန်းကို ခပ်မှုံမှုံ မြင်နေရသည်။ ထို ကျွန်းကြီး ကျွန်းကြားများတွင် ငါးမိုးတန်ကေးများ ခိုအောင်းမနေဟု မဆိုနိုင်ချေ။ ဘပုအံ့တင်ပြချက်မှာ အလွန်သင့်လျော်နေ၏။ တချိန်တည်းတွင် ဦးဆန်းမောင်ကလည်း မျက်မှန်ကိုချွတ်ပြီး ဘပုအံ့အစီအစဉ်ကို အားပါးတရ ဖြစ်နေလေသည်။ သို့ကြောင့် ကိုအောင်မိုးက ထိုင်ရာမှ ထရပ်လိုက်ရင်း ...

''ကဲ- ဒါဖြင့် ဘပု မင်းသွား-၊ ဒါပေမဲ့ ကိုလှဦးက မင်းရဲ့အဖွဲ့ခေါင်းဆောင်ဘဲ ဖြစ်ရမယ်၊ ပြီးတော့ ကိုလှဦးပြောတာကိုလည်း၊ သြော်... ကိုလှဦးတောင် ရောက်လာဘီ၊ လာဗျာ၊ ဒီမှာ ခင်ဗျား ရဲဘော်ဘပုက တန်ကေးနဲ့ ထွက်ဖို့ပြောနေတယ်''

ကိုအောင်မိုးက သဲ့သဲ့ညင်းညင်း တိုက်လာသော လေအေးတစ်ချက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်ရင်း ဘပုလိုပင် ယူနီဖောင်းဝတ်စုံနှင့် ပဲ့စင်ပေါ် ရောက်လာသည့် ကိုလှဦးကို ဖြတ်၍ ပြောလိုက်သည်။

''ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း ဘပုနဲ့ လိုက်ဖို့ သဘောတူထားတယ်၊ စိတ်ချပါ ဆရာ၊ ဒီခရီးအတွက် ကျွန်တော် အားလုံးတာဝန်ယူပါတယ်၊ ရိက္ခာတော့ လိုရ မယ်ရ နှစ်ရက်စာ ယူသွားမယ်၊ ဒါပေမဲ့ ဒီနေ့ညနေ ၆-နာရီလောက် အရောက်ပြန်လာမယ် ''

သည်အတိုင်းဆိုတော့ ကိုအောင်မိုးမှာ အထွေအထူး ပြောရန်မလိုတော့ပါ။ ကိုလှဦးသည် မြိတ်ပင်လယ်ပြင်တွင် ကျွမ်းကျင်ပြီးသားဖြစ်သည်။ လုပ်ငန်းကိုင်ငန်းမှ အစ၊ စိတ်ချရသူလည်း ဖြစ်သည်။ ပြီးတော့ ဘပုကလည်း ယခင်ကလို မိုက်မိုက် ကန်းကန်းမဟုတ်တော့။ လူသစ် စိတ်သစ်ဖြင့် အမူအရာရော၊ စိတ်ဓါတ်ပါ သိသိသာသာ ပြောင်းလဲလာသည့် ဘပု ဖြစ်နေလေပြီ။

သို့ကြောင့်လည်း ကိုအောင်မိုးသည် မှာစရာရှိသည်များကို အနည်းငယ် မှာကြားပြောဆို၍ တန်ကေးထွက်သည်အထိ ဇင်ယော်ပေါ်မှ စောင့်ကြည့်နေ၏။ တန်ကေးသည်လည်း ခု-ရေယာဉ်အုပ် ဦးထွန်းမြ မောင်းနှင်ပြီး။ အလုပ်သမားနှစ်ယောက်၊ လက်နက်ကိုင်အဖွဲ့သား၅-ယောက်နှင့်အတူ လမ်းပိကျွန်းအနောက်ဖက်သို့ ဦးတည်ထွက်ခွာသွားသည်။

အချိန်မှာ နံနက် ၉-နာရီခန့် ရှိပေပြီ။ စောစောက လိမ္မော်ရင့်ရောင် ပက်ဖျန်းထားသော ပင်လယ်ပြင်သည် အခုတော့ မိုးကုပ်စက်ဝိုင်းတစ်ခုလုံးကို ရွှေရောင်ဖြင့် ဖုံးလွှမ်းထားလေသည်။ နံ့လေနုအေးကလည်း မြူးကြွတိုင်း လှိုင်းကြပ်ခွပ်ကလေးများက ပြေးလွှားဆော့ကစားလျက်ရှိရာ ရွှေရောင်ပြင်မှာ ငွေမှုင်ဖောက်ထားသလိုပင် တစ်မျိုးတစ်ဖုံ လှပနေပြန်လေသည်။

ကိုအောင်မိုးသည် တရိပ်ရိပ်ထွက်ခွာသွားသော တန်ကေးကို စောင့်ကြည့် ကျန်ရစ်ရာမှ နံနက်စာကို စောစီးစွာပင် သွားစားလိုက်သည်။ ပြီးတော့ ညက တစ်မှေးမှ မအိပ်ရသေးသည်ကို အတိုးချပြီး

နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်လိုက်လေသည်။

သူအိပ်ရာကနိုးတော့ ရွှေဝါရောင် ပင်လယ်ပြင်မှာ မိုးပြာရောင်က သိသိသာသာ လွှမ်းမိုးလာသည်ကို တွေ့ရ၏။ နေမင်း၏ နီမြန်းသော ရောင်ခြည်များက ဆုတ်ခွာသွားပြီး ကောင်းကင်၏ ပကတိပြာသော မိုးပြာရောင်များက ထွန်းတောက်နေခြင်း ဖြစ်သည်။ အချိန်ကိုကြည့်တော့ ညနေ ၃– နာရီခန့်။ **ကိုအောင်မိုး**သည် မျက်နှာသစ်အဝတ်အစားလဲပြီး ပွဲ့စင်ပေါ် တက်လာခဲ့သည်။ ကင်းသမားတစ်ယောက်သာ မှန်ပြောင်းတစ်လက်ဖြင့် ပင်လယ်ပြင်ကို ဟိုကြည့် သည်ကြည့်လုပ်နေ၏။ ပွဲ့ဦးကုန်းပတ်ပေါ် ရောက်မှ **ဦးဆန်းမောင်**တို့လူစုသည် မျက်နှာသုတ်ပုဝါကို လည်ပင်းမှာ သိုင်းသူကသိုင်း၊ စွပ်ကျယ်တိုဖြင့် လုံချည်နံ့ယယ်ကို ခါးမှာပတ်သူကပတ်ဖြင့် ရေနွေးကြမ်းအိုးတစ်လုံးကို ဘေးမှာ ချပြီး တစ်စုံတစ်ခုအား ဝိုင်းအုံကြည့်နေသည်ကို တွေ့ရလေသည်။

"ဗျို့ ဦးဆန်းမောင်၊ ဘပုတို့အဖွဲ့ ပြန်မရောက်ကြသေးဘူးလားဗျ။ ဒါနဲ့ ခင်ဗျားတို့ ဘာများ ဒီလောက် ဝိုင်းအုံနေကြတာလဲ"

**ကိုအောင်မိုး**က သူတို့ ဝိုင်းထိုင်နေရာ ကွပ်ပျစ်အနီးသို့ လျှောက်လာရင်း ဘပုတို့အဖွဲ့ အခြေအနေကို မေးလိုက်သည်။ ပြီးတော့ တစ်စုံတစ်ခုကို ဝိုင်းအုံကြည့်နေကြသည့် သူတို့အမူအရာကို တစ်ချက်အကဲခတ်လိုက်ရင်း အနီးရှိ ကုလားထိုင်လွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ သည်တွင် မျက်မှန်ကို ချွတ်၍ တစ်စုံတစ်ခုကို အပြန်အလှန်ကြည့်ရှုနေသော **ဦးဆန်းမောင်**က ...

"အမိုးဝေး– တခြားမဟုတ်ဘူး အာစရိ။ ကိုတင်မြင့်ရဲ့ ပုလဲလက်စွပ်ကလေးကို တရုတ်ခံ တစ်ယောက်က သူ့ရာနှိုနာရီအပြင် ရွှေလက်စွပ်တစ်ကွင်းပါ အလိုက်ပေးပါ့မယ်၊ အဲ့ဒီ ပုလဲလက်စွပ် ကလေးကို သူ့ကိုပေးပါလို့ ပြောနေလို့ အဲဒါ့ဝိုင်းပြီး တန်ဖိုးဖြတ်နေတာ အာစရိရဲ့"

**ဦးဆန်းမောင်**က လက်စွပ်ကလေးကို **ကိုတင်မြင့်**လက်ထဲ ပြန်ထည့်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ **ကိုအောင်မိုး**ကမူ အထွေအထူး စိတ်ဝင်စားမှု မရှိဟန်နှင့် ဘပုတို့အဖွဲ့ ကင်းထွက်မှုနှင့် ပတ်သက်၍ သတင်းအခြေအနေကိုသာ ထပ်၍ မေးလိုက်သည်။

"ခုထိတော့ ဘာမှ မကြားရသေးဘူး အာစရိ၊ သေနတ်သံတွေ ဘာတွေလည်း လုံးလုံး မကြားရဘူး။ အဲဒီဘက်က တံငါလှေတွေလဲ တစ်စင်းမှ မတွေ့သေးဘူး။ စိတ်မပူပါနဲ့ အာစရိ၊ ကိုလှဦး တစ်ယောက်လုံး ပါသွားတာဘဲ၊ ဒါနဲ့ ကိုတင်မြင့်ရဲ့ လက်စွပ်ကို ကြည့်စမ်းပါအုံး။ သူ့ပုလဲကလေးက ဒီမှာ ဗီးကင်းလောက်တောင် မရှိဘူး။ အဲဒါကို ဝါးမူးသားလောက်ရှိတဲ့ ရွှေလက်စွပ်ကော၊ ရာနှိုနာရီကြီး ကော ပေးတယ်ဆိုတော့ ဘာရည်ရွယ်ချက်လဲ မသိဘူး"

**ဦးဆန်းမောင်**က သူ့မျက်မှန်ကို ပြန်တပ်လိုက်ရင်း **ကိုတင်မြင့်**ဆီက လက်စွပ်ကို ပြန်ယူပြီး **ကိုအောင်မိုး**ကို ပြလိုက်သည်။ **ကိုအောင်မိုး**မှာ မနေသာတော့ဘဲ လက်စွပ်ကိုယူ၍ ကြည့်လိုက်၏။ ရွှေအနည်းငယ်နှင့် ကွင်းထားသော ဗီးကင်းလောက်ရှိ ပုလဲလက်စွပ်ကလေး။

"ခင်ဗျားကလဲဗျာ၊ ဘိတ်သားဖြစ်ပြီး ပုလဲအကြောင်း ဒီလောက်တော့ နားလည်ရမှာပေါ့။ ဒါက မွေးပုလဲ မဟုတ်ဘူးဗျ၊ သဘာဝ ပုလဲအစစ်၊ အရည်အသွေးကလည်း အတော် ကောင်းပုံရတယ်၊ ဒီတော့ ကြီးတာ ငယ်တာနဲ့ မဆိုင်ဘူးဗျ။ ဒီကောင်တွေက သူတို့ နိုင်ငံခြားဈေးကွက်မှာ ဒီပုလဲရဲ့တန်ဖိုးကို ကောင်းကောင်းသိနေလို့ ဖြစ်မှာပေါ့"

''မဟုတ်ဖူး ဆရာ၊ ကျွန်တော်ဝယ်တုန်းက ဒီပုလဲလုံးကလေးကို တစ်ရာ့ငါးဆယ်ပဲ ပေးရတယ်၊ အခုလဲတဲ့တန်ဖိုးက ထောင်ကျော်နေတော့ နည်းလို့ မဟုတ်ဖူး၊ ဒီ့ထက်များ တန်နေမလားလို့ ဟီး–ဟီး''

**ကိုတင်မြင့်**က ထိုင်ရာမှထလာပြီး လည်ပင်းတွင် သိုင်းထားသည့် မျက်နှာသုတ်ပုဝါနှင့် သူ့မျက်နှာကို တစ်ချက်သုတ်လိုက်ရင်း **ကိုအောင်မိုး**ကို ဝင်၍ ရှင်းပြလိုက်သည်။

''ဒါကတော့ ကျောက်မျက်ရတနာလိုပေါ့ဗျာ၊ နားလည်တဲ့ လူအဖို့တော့ ပိုပြီးတော့ တန်ဖိုးရှိတာပေါ့။ အဲဒါပဲ ကြည့်ပေါ့။ ကျွန်တော်တို့လူမျိုးက ကိုယ့်မှာရှိတဲ့ပစ္စည်းတောင် ဘယ်လောက် တန်ဖိုးရှိလို့ရှိမှန်း မသိဘူး၊ ဒါကြောင့်လည်း တစ်ချိန်ကဆိုရင် ကျွန်တော်တို့ပုလဲမြေက ထွက်တဲ့ ပုလဲတွေကို နိုင်ငံခြားသားတွေက အပျောက်ရိုက်သွားတာ နည်းသေးလား''

**ကိုအောင်မိုး**က ဟိုး ပင်လယ်ပြင်ကို ငေးမျှော်ကြည့်ရင်း တစ်စုံတစ်ခုကို မကျေနပ်ဟန်ဖြင့် ထုတ်ဖော်လိုက်သည်။

''ဆရာ ဘာကိုဆိုလိုတာလဲ''

အားလုံးက **ကိုတင်မြင့်**မေးခွန်းနှင့်အတူ **ကိုအောင်မိုး**ကို ဝိုင်းအုံကြည့်လိုက်သည်။ **ဦးကုလား**တစ်ယောက်သာ တင်ပျဉ်ခွေ ထိုင်ရင်း ရေနွေးတစ်ခွက်ကို ဇိမ်ခံသောက်နေ၏။

''ဘာဆိုလိုတာလဲ ဆိုတော့က ဦးဆန်းမောင် မေးကြည့်ရင် ပိုသိမှာပေါ့ဗျာ၊ ဟို– တစ်ချိန်က ဒီပုလဲကျွန်းက ပုလဲထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံခြားတိုင်းပြည်တစ်ပြည်နဲ့ ဖက်စပ်လုပ်ကြတယ်လေ၊ အဲဒီတုန်းက ကျွန်တော်တို့ရဲ့ အင်မတန် အဖိုးတန်တဲ့ သဘာဝပုလဲတွေရော၊ နိုင်ငံခြားသားတွေပါ သဘော်သုံးစင်းနဲ့ ပျောက်သွားတဲ့ ကိစ္စပေါ့''

''ဗျာ''

''မဗျာနဲ့၊ ဒီတုန်းက ကျွန်တော် ဘိတ်ကိုမရောက်သေးဘူး၊ ဒါပေမဲ့ ဒီအမှုကိုတော့ ဖတ်ကြည့်လိုက်ရသေးတယ်၊ ဒီတုန်းက ဘိတ်မှာရှိတဲ့ ဦးဆန်းမောင်တို့က ကောင်းကောင်းသိတာပေါ့ ကဲ– ဦးဆန်းမောင် ပြောပြလိုက်စမ်းပါဗျာ''

**ဦးဆန်းမောင်**က **ကိုအောင်မိုး**စကားကို နားထောင်နေရာမှ ဖြူးဆို သူ့မျက်မှန်ကို တွန်းတင်လိုက်ပြီး ...

''ဒီလိုဗျ၊ ဒီပုလဲကျွန်းမှာ ပုလဲမွေးမြူတဲ့လုပ်ငန်းကို ကျွန်တော်တို့ ဗမာတွေက မကျွမ်းကျင်သေးတော့ နိုင်ငံခြားပညာရှင်တွေနဲ့ ပေါင်းပြီး ဖက်စပ်လုပ်ကြတယ်၊ ဒီပညာရှင်တွေက နိုင်ငံခြားသားတွေဆိုတော့ ကျွန်တော်တို့ရုံးက သူတို့ကို ဗီဇာတို့ မှတ်ပုံတင်တို့ လုပ်ပေးထားရတာပေါ့။ ဒီလိုနဲ့ တစ်နေ့ကျတော့ ပုလဲကျွန်းမှာရှိတဲ့ သင်္ဘောငယ်လေး သုံးစင်းနဲ့အတူ ဒီနိုင်ငံခြားသားတွေ ပျောက်သွားတာဘဲ၊ ပျောက်တာမှ ရိုးရိုးမဟုတ်ဘူး၊ သိပ်အဖိုးတန်တဲ့ သဘာဝပုလဲတွေပါ သင်္ဘောသုံးစင်းနဲ့ အပျောက်ရိုက်သွားတာ၊ ဒါနဲ့ ကျွန်တော်တို့လည်း ဒီနိုင်ငံခြားသားတွေ ပျောက်သွားတာနဲ့ အမှုဖွင့်တာဘဲဗျ၊ ဒါပေမဲ့ အမှုသာ ပိတ်လိုက်ရတယ်၊ အဖြေတော့ ရှာမရတော့ဘူး''

**ဦးဆန်းမောင်**ကလည်း အခုပင် သူ့ပစ္စည်းများကို လုလိမ်ခံလိုက်ရသည့်အလား စိတ်မကောင်းစွာဖြင့် **ကိုတင်မြင့်**တို့ကို ပြောပြလိုက်သည်။ သို့သော် **ဦးဆန်းမောင်**စကားကို ရုတ်တရက် စိတ်ဝင်စား

လာတန်ရှိသော ဦးကုလားက ...

''ဒါဖြင့် နေစမ်းပါအုံး ဦးဆန်းမောင်၊ ဒီသဘော်ငယ်လေးတွေက သူတို့တိုင်းပြည် ပြန်သွားလို့တော့ မဖြစ်ဖူးထင်တယ်၊ အစိုးရကကော ဒီကိစ္စကို အရေးမယူဘူးလား ဗျ''

''အရေးယူတာပေါ့ ဦးကုလားရယ်၊ ဒါကြောင့်လည်း အမှုတွေဘာတွေဖြစ်ပြီး ထောင်ကျတဲ့လူတွေတောင်ကျသေးတာဘဲ၊ ကျွန်တော်ကိုယ်တိုင်လည်း စုံစမ်းရသေးတာဘဲ၊ ဒါပေမဲ့ သဘော်ပျောက်မှုကျတော့ ဘယ်အစရှာရမလဲ၊ အစရှာမရဆို ပုလဲတွေ ပါသွားတဲ့ သဘော်ကလေးတွေဟာ ပင်လယ်ဝမှာ စောင့်နေတဲ့ ပင်လယ်ကူးသဘော်ကြီးနဲ့ ပါမသွားဘူးလို့ ဘုရားသခင်မှ သိတော့မှာကိုးဗျ''

**ဦးဆန်းမောင်**စကားအဆုံးမှာ အားလုံး ငြိမ်ကျသွားသည်။ ဟိုး– ပင်လယ်ပြင်မှာ ခပ်မှုန်မှုန်မြင်နေရသော အိုဝင်ကျွန်းနှင့် ပုလဲကျွန်းကိုသာ အားလုံးက ငေးကြည့်နေမိကြ၏။ မြန်မာပြည်တွင် တစ်ခုတည်းသော ပုလဲထွက်ရာဒေသဖြစ်သည့် ပုလဲကျွန်း။ ကမ္ဘာတွင် ဒုတိယအကြီးဆုံးသော ပုလဲကြီးကို ရှာဖွေပေးသည့် မြန်မာ့ရတနာကျွန်း။

''အင်း– ပုလဲဟာ တကယ်တော့ အတော့်ကို တန်ဖိုးရှိတာဘဲနော်၊ကျွန်တော်ကတော့ ပုလဲလက်စွပ်သာ ဝတ်ထားတာ ပုလဲအကြောင်းလည်း နားမလည်ဘူး၊ ပုတ်ကောင်အကြောင်းလဲ နားမလည်ဘူးဗျ၊ ဒါပေမဲ့ ဟိုကမာကောင်ရဲ့ အသားကျတော့ ကြော်စားလို့ သိပ်ကောင်းတာဘဲဗျ''

**ကိုတင်မြင့်**က ကလေးတစ်ယောက်လို အကြောင်းမဲ့ ခုန်ဆွ ခုန်ဆွလုပ်ရင်း သူကြိုက်တတ်သည့် ကမာကြော်အကြောင်းကို စကားရောက်သွားပြန်၏။ သည်တွင် အကွက်မိသွားသော **ဦးဆန်းမောင်**က ...

''အေးပေါ့၊ အညာသားတွေ ဘိတ်မှာ လျှာလည်သွားတယ် ဆိုတာ ဒါကိုပြောတာပေါ့

''ပင်လယ်မှာ မြှော့ခရင်းရယ်လို့၊ ကဘင်းနှင့် ပင္ကို၊ ပလုပ်နှင့် ခရုညိုရယ် ပအုလို ဝက်နား မုတ်သားနှင့် သပြာပေါ်မှာ ကမာကြော် ကောင်းတဲ့အစား''

ဖိုးတင်မြင့်ရဲ့ ဒီမှာ ကမာကြော် ဘယ်လောက်စားကောင်းတယ်ဆိုတာ၊ နိုဘိတ်မှာ စာဆိုတောင် ရှိသေးတယ်၊ ဘာတဲ့– **ပင်လယ်မှာ မြှော့ခရင်းရယ်လို့ ကဘင်းနှင့် ပဋိ၊ ပလုပ်နှင့် ခရုညိုရယ်၊ ပအုလို ဝက်နား၊ မုတ်သားနှင့် သပြောပေါ်မှာ ကမာကြော် ကောင်းတဲ့အစားတဲ့၊** ဟား ဟား"

**ဦးဆန်းမောင်**က သူ့ဟာသူ သဘောကျပြီး တဟားဟား ရယ်လိုက်သည်။ **ကိုအောင်မိုး**ကမူ တစ်စုံတစ်ခုကို နားမလည် ဟန်ဖြင့်–

''နေစမ်းပါအုံးဗျ၊ ခင်ဗျားပြောသွားတဲ့ အထဲမှာ ကဘင်းတို့ ပဋိတို့ ပအုတို့ သပြောတို့ ဆိုတာက ဘာတွေလဲ၊ ခရုတွေ ဘဲလား"

''ဒါပေါ့ဆရာ၊ ခရုအမျိုးမျိုးပေါ့၊ ဒါတွေအားလုံးဟာ စားရတာချည်းပဲ၊ မစားတတ်တော့ အလဟာသ ဖြစ်တယ် စားတတ်တဲ့လူတွေကျတော့ ပင်လယ်ထွက်ပစ္စည်းဟာ အဟာရဓါတ်တွေကြီးဘဲ၊ နားလည်ရဲ့လား ဖိုးတင်မြင့်"

''ဟုတ်ကဲ့ နားလည်ပါတယ်–ကိုဘုတ်ဆာကြီးရဲ့ ဟား ဟား ဟား"

**ဦးဆန်းမောင်**က ခပ်ဖိဖိလေး မေးလိုက်ရာ **ကိုတင်မြင့်**က သူ့ကို ဘုတ်ဆာကြီးခေါ်ပြီး ခပ်တည် တည် နောက်လိုက်သဖြင့် **ဦးဆန်းမောင်**မှာ ပါးစပ်အဟောင်းသားနှင့် တစ်ချက်ငေးသွား၏။ ဒါကိုပင် အားလုံးက ဝိုင်းပြီး ရယ်မိကြပြန်သည်။ သို့သော် **ကိုအောင်မိုး**ကမူ တိုးပင်လယ်ပြင်ကို တစ်ချက် မျှော်ကြည့်ရင်း ...

''အေးဗျာ၊ နေတောင် အတော်စောင်းသွားပြီဗျ၊ ဘပုတို့အဖွဲ့လည်း ပြန်မရောက်ကြသေးပါလား"

''အာစရိကလဲဗျာ စိတ်ပူတတ်ရန်ကော၊ ကျွန်တော်တို့ အသေအချာ မှာလိုက်တာဘဲ၊ နေ့ခင်းမှာ အကြောင်းကိစ္စရှိရင် သေနတ်ဖောက်ပြီး အချက်ပေး၊ တကယ်လို့ ညရောက်သွားရင် မီးကျည် ဖောက်ဆိုပြီး မီးကျည်သေနတ်ပါ ပေးလိုက်တာဘဲ အာစရိရဲ့ လာကြပါလိမ့်မယ် "

**ဦးဆန်းမောင်**က ပြောပြောဆိုဆိုနှင့် သူကိုယ်တိုင်ပင် ပင်လယ်ဘက်သို့ မျှော်ကြည့်လိုက်သည်၊ ပြီးမှ တစ်စုံတစ်ခုကို အမှတ်ရဟန်ဖြင့်''ကဲ– အာစရိ၊ ကျွန်တော့် တရားခံတွေ အခြေအနေ သွားကြည့် လိုက်အုံးမယ်၊ သူတို့ထဲက ထမင်းချက်နှစ်ယောက်ကိုတော့ သူတို့အတွက် သပ်သပ် ချက်ခိုင်းထား တာဘဲ၊ ခဏ သွားကြည့်လိုက်အုံးမှ"

**ဦးဆန်းမောင်**က ပြောပြောဆိုဆိုဖြင့် သူ့မျက်မှန်ကို တွန်းတင်လိုက်ရင်း ဦးခန်းဘက်သို့ ထွက် သွား၏။ **ဦးကုလား၊ကိုတင်မြင့်**နှင့် ကျန်အဖွဲ့သားများလည်း'ရေချိုးကြမယ်ဟေ့'ဟု ပြိုင်တူအော်ရင်း ထွက်သွားကြရာ ပဲ့ပိုင်းကုန်းပတ်တွင် **ကိုအောင်မိုး**တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

နေမှာ အနောက်မိုးကုတ်စက်ဝိုင်းတွင် ခနီးခနဲ့ အမူအရာနှင့် မေးတင်လျှက်ရှိရာ နီမြန်းသော ရောင်ခြည်များက ရေရိပ်မှာ ဖိတ်ဖိတ် တောက်နေသည်။ ရွှေရောင်၊ လိမ္မော်ရောင်၊ ကြက်သွေးရောင်၊ ခရမ်းရောင်၊ အနီရောင် စသည်ဖြင့် ရောင်မျိုးစုံ ရောယှက် ရစ်ဖောက်ထားသော တိမ်ပန်းချီ။ ညို့ညို့ မှိုင်းမှိုင်းနှင့် စိမ်းစိမ်း လွင်လွင်ရှိလှသော ကျွန်းကြီး ကျွန်းငယ်တို့မှာ ကျယ်ပြောလှသော ပင်လယ်ပြင်တွင် သူ့ထက်ငါ အလှချင်း ပြိုင်နေကြသလားဟု ထင်မှတ်ရလေသည်။

**ကိုအောင်မိုး**သည် တစ်မျိုးတဖုံ လှနေပြန်သော ပင်လယ်၏ညနေခင်းကို ကြည့်ရင်း **အဝင်း**ကို ဖြူးကနဲ အမှတ်ရမိလိုက်သည်။ ပြီးတော့ **အဝင်း**ကို သူ့ဖက်လှဲတကင်း မြှုပ်မိပုံကိုလည်း ပြန်လှန်

စဉ်းစားမိသည်။ သာမန်အားဖြင့် ချစ်ဖို့ကောင်းသည့် မိန်းကလေးတစ်ယောက်ဟု သူယူဆမိသည်။ သို့သော် သူကိုယ်သူ အသိခက်လောက်အောင်ပင် သူ့နှလုံးသားတစ်နေရာမှာ ဟာတာတာကြီး ဖြစ်နေသည်ဟုလည်း သူခံစားနေမိသည်။

''အင်း–ပင်လယ်ပြင်ကြီး အပြောကျယ်သလို ဖုံ့ဘဝဟာလဲ မရေရာတဲ့ ဘဝပါကလား။ ပင်လယ်ကို မှန်းဆရခက်သလို ဖုံ့ဘဝဟာလည်း မှန်းဆရ ခက်လှပါကလား''

သူသည် ကုန်းပတ်ပေါ်တွင် တစ်ယောက်တည်းလျှောက်ရင်း သူ့စိတ်ထဲက တိုးတိုးကလေး ရွတ်လိုက်မိသည်။ သည့်နောက်တော့ သူ့စိတ်အတုန်သည် ဖျက်ကနဲ ဘပုကို အမှတ်ရမိလိုက်ပြန်သည်။

''အင်း– ဘပုတို့လည်း ခုထိ ရောက်မလာသေးပါလား။ သူတို့ပြောသွားတော့ ဒီနေ့ညနေ အရောက်ပြန်လာမယ်တဲ့၊ ဘပုဟာ ဖုံ့ကို တစ်ပတ်ရိုက်သွားတာများလား။ အင်းလေ– ဒီတော့လဲ မဖြစ်နိုင်ဘူး။ ကိုလှဦး တစ်ယောက်လုံးပါသွားတာဘဲ''

သူသည်ဇင်ယော်လက်ရန်းကို ကိုင်၍ စဉ်းစားရင်း သက်ပြင်းတစ်ချက်ကို ဖူးကနဲ မှုတ်ထုတ်လိုက်သည်။ ပင်လယ်ပြင်မှ စူဖေါင်းကလေး ဖေါက်ကနဲ ပေါက်သွားသလိုပင် သူ့သက်ပြင်းချသံနှင့်အတူ ဘပု အမြဲမပေးသေးသည့် စကားကိုလည်း ပြေးသတိရမိပြန်သည်။ ဘပုကို ငွေနှင့် မြှူ၍ ငါးမိုးကိုးကိုလက်ထောက်ချသူ၊ နိုင်ငံခြားသား ငါးမိုးသမားများ နောက်ကွယ်မှ ကြိုးကိုင်နေသူ။

ထိုသူက ဘယ်သူလဲ ဘပုက 'ဆရာ့ပတ်ဝန်းကျင်မှာပဲ ရှိပါတယ်'ဟု ဆိုရအောင် သူဘာကြောင့် တည့်တည့် မပြောရသလဲ။ ကိုအောင်မိုး ကိုယ်တိုင်ပင် ပါဝင် ပတ်သက်နေလို့လား။ သူသည် စဉ်းစားရင်း တုန်လှုပ်သွားမိ၏။ ပြီးတော့ မြုံးကနဲ အဝင်းကို သတိရမိပြန်သည်။ ခက်သည်။ အဝင်းနှင့် ပတ်သက်၍လည်း မသိကာဗွယ် ဖြစ်လောက်အောင် သူ့မှာ ဘာမှ မယ်မယ် ရရ အထောက်အထားမရှိ။

သူသည် ခေါက်တုံ့ ခေါက်ပြန် စဉ်းစားရင်း ဘပုတို့အဖွဲ့ ပြန်အလာကို စောင့်သည်။ ညဆယ့်နှစ်နာရီ ထိုးသွား၏။ ပြန်မလာ။ နောက်ဆုံး သူ၏ကြောင့်ကြစိတ်အမျိုးမျိုးကို ဖျောက်ပြီး တမှေးဝင်အိပ်လိုက်တော့ ဇင်ယော်တစ်စင်းလုံး ဝရုန်းသုန်းကား ဖြစ်သလိုခံစားရပြီး သူအိပ်ရာမှ လန့်နိုးခဲ့လေသည်။

ကြည့်လိုက်တော့ နံနက်မိုးလင်းနေပြီ။ တစ်စင်းလုံးမှာလည်း ပွဲပြီသလို လူများဖြင့် ပြည့်နှက်ရှုပ်ထွေးနေသည်။

''ဆရာ– ကြည့်ပါအုံး။ တန်ကေးသုံးစင်းနဲ့ လူခြောက်ဆယ်ကျော်တောင် ရလာခဲ့တယ်။ တစ်စင်းက အနားရောက်မှ ထွက်ပြေးလို့ လိုက်နေရတာနဲ့ နည်းနည်း နောက်ကျသွားတာပါ ဆရာ။ ဟဲ ဟဲ– ဒီလောက်ဆိုရင် ဆရာ မပူနဲ့၊ ဝေဒင်းကိုးတော့ ပြိုဘီသာ မှတ်တော့''

ဘပုက အိပ်ရာမှ ဂမူးရှူးထိုးဖြင့် ထလာသော ကိုအောင်မိုးကို ရှေ့မှ ဆီး၍ အားပါးတရ ပြောလိုက်ခြင်းဖြစ်သည်။ အမှန်ပင် ဇင်ယော်တစ်စင်းလုံးမှာလည်း ခြေချစရာမရှိအောင်ပင် တရားခံများနှင့် ပြည့်နှက်နေ၏။ ခေါင်းဆောင် တန်ကေးကြီးအပြင် အခြားတန်ကေးသုံးစီးကလည်း ရေပြင်မှာ မန်းကျည်းစေ့ကလေးတွေ စီထားသလို တန်းစီနေ၏။ တရားခံများက အထုပ်ကလေးတွေကိုင်ပြီး ရယ်သူကရယ် ဘေးချပြီး ငိုသူကငို၊ ဟိုသွားရနိုး ဒီလာရနိုးဖြင့် ယောင်တောင်တောင် ဖြစ်သူကဖြစ်ဖြင့် ဇင်ယော်ကုန်းပတ်တစ်ခုလုံးမှာ ဖွေးဖွေးလှုပ်နေ၏။ နေရာအနှံ့အပြားတွင်လည်း အဖွဲ့သားအားလုံးလိုလိုမှာ ဝတ်ဒေသေနတ်များကို ကိုင်ပြီး စောင့်ကြပ် ထိန်းသိမ်းနေသည်ကို တွေ့ရလေသည်။

''ဘယ်နှယ့်လဲ ဆရာ၊ ဒါဟာ ရော့မ ဇီးနိုးဂိုဏ်းရဲ့ တစ်ဗိုက်တစ်ဒေသသာဘဲ ရှိသေးတယ်၊ ခွေးကောင်တွေက သူတို့တန်ကေးကို မြင်တော့ အနားကပ်လာတာကိုး။ ကျွန်တော်တို့ကလည်း အရိပ်ရောင်တောင်မပြဘဲ ပုန်းနေလိုက်ကြတယ်လေ။ အနားရောက်တော့မှ ဖြူးဆို တော့ဖမ်းလိုက်တာ အားလုံး မျက်လုံးကို ပြူးလို့ ဟား ဟား ဟား''

ဘပုက စစ်နိုင်သူတစ်ယောက်လို အားပါးတရ ပြောပြီး ရယ်လိုက်သည်။ တကယ်တော့ သူ ဟားတိုက်ရယ်နိုင်အောင်လည်း ကြီးမားသည့် အောင်မြင်မှု တစ်ခုပင် မဟုတ်ပါလား။ သို့ကြောင့်လည်း ကိုအောင်မိုးသည် တန်ကေးများကို ကြည့်လိုက်၊ တရားခံများကို ကြည့်လိုက် လုပ်နေရာမှ ဘပုကို အပြုံးတစ်ဝက်နှင့် စေ့စေ့ ကြည့်လိုက်သည်။ ပြီးတော့ သူ့ ညာလက်ကို ကမ်းပေးရင်း ...

''ဘပု၊ ဒါဟာ မင်းရဲ့အောင်မြင်မှုတစ်ခုအဖြစ် နိုမှတ်တမ်းတင်ရမယ်ကွ။ တကယ်တော့ နို့ဟာ နိုင်ငံခြားသားတွေကို မုန်းလို့ မဟုတ်ဘူး။ နို့တိုင်းပြည်ရဲ့ အရှုပ်အခြာအာဏာကို မြေတစ်လက်မ၊ ရေတစ်ပေါက်ရောက်တဲ့အထိ တည်တံ့အောင် နို့လုပ်ရမယ်။ နို့လူမျိုးတွေရဲ့ အနာဂါတ်အကျိုးစီးပွားအတွက် နို့ရေမြေကို အတတ်နိုင်ဆုံး ကာကွယ်ရမယ်၊ ဒါကြောင့် မင်းရဲ့လုပ်ဆောင်ချက်ဟာ နို့တိုင်းပြည် နို့လူမျိုးရဲ့အကျိုးစီးပွားကို သည်ပိုးရှက်ဆောင်ခြင်းတစ်ခုအဖြစ် မင်းကို လိုက်လိုက်လှဲလှဲ ချီးကျူးတယ်ကွာ''

ကိုအောင်မိုးက လေးနက်စွာပြောရင်း ဘပုကမ်းပေးလာသည့် လက်ကို ဆွဲကိုင်လိုက်သည်။

''ဆရာ–ခုလို ချီးကျူးတာကို ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော့် စွမ်းဆောင်ချက်တစ်ခုထဲကြောင့် မဟုတ်ပါဘူး။ ဆရာဦးလှဦးရဲ့ စီမံကွပ်ကဲမှုလည်း အများကြီး ပါ,ပါတယ်။ အထူးသဖြင့်ကတော့ ကျွန်တော့်လို မိုက်တွင်းနက်ခဲ့တဲ့ လူတစ်ယောက်၊ ခုလို တိုင်းပြည်အတွက် ပြန်လည်အသိဝင်လာခြင်းဟာ ဆရာရဲ့ခေါင်းဆောင်ပီသမှု သဘောထားကြီးမှုကြောင့်ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအောင်မြင်မှုဟာ ဆရာ့အောင်မြင်မှုဘဲလို့ ကျွန်တော်ယူဆပါတယ် ဆရာ''

နံနက်ခင်း လင်းရောင်ခြည်က ဇင်ယော်တစ်စင်းလုံးပေါ်သို့ ဖိုးမောင်းထိုးထား၏။ လေနုအေးကလေးကြောင့် လှိုင်းကြက်ခွပ်ကလေးများက ဇင်ယော်ကို့ တဖျတ်ဖျတ် ရိုက်ခတ်နေကြ၏။ ထိုရောင်ခြည်နှင့် ထိုရှုခင်းသည် ပင်လယ်ပြင်တွင် အလွန်အမင်း လှသည့်ရှုခင်းပင် ဖြစ်၏။ သို့သော် ထိုရောင်ခြည်နှင့် ထိုရှုခင်းအောက်မှာ တစ်ယောက်ကိုတစ်ယောက် ဖက်လှဲတကင်း ဆွဲယူလှုပ်ရှားနေသော ကိုအောင်မိုးနှင့် ဘပုတို့၏ရှုခင်းကား အားလုံးတကာထက် သာလွန်ပိုကဲအောင် လှပနေသည်တကား။

သို့သော် ထိုကြည်နူးဘွယ်ရာ လှပခြင်းကား ကိုအောင်မိုးအဖို့ တခဏတာမျှသာ ဖြစ်ခဲ့သည်။ အကြောင်းမူ သူ့ကို ရွှန်းရွှန်းစားစား ကြည့်၍ လက်ဆွဲလှုပ်ခါနေသော ဘပုက သူမမြော်လင့်သော စကားတစ်လုံးဖြင့် သူ့ကို ရုတ်တရက် ပြောချခဲ့သောကြောင့်ပင်တည်း။

''ဆရာ၊ ဆရာ့ပညာအရည်အချင်းနဲ့ ဒီလောက်အပင်ပန်းခံပြီး အားတက်သရော လုပ်နေတာဟာ တိုင်းပြည်ရဲ့လိုအပ်ချက်ကို ဆရာ တတ်နိုင်သလောက် ဖြည့်ဆီးနေတာဘဲလို့ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဆရာ သိရက်နဲ့ ဖြစ်စေ၊ မသိဘဲနဲ့ ဖြစ်စေ ဆရာကိုယ်တိုင် ကျွန်တော့်လို ဖြားယောင်း သွေးဆောင်ခြင်း မခံပါရစေနဲ့လို့ ကျွန်တော် ဆုတောင်းပါတယ် ဆရာ''

ဘပုစကားက သည်မျှသာဖြစ်၏။ မှန်၏။ သူမှာ သည့်ထက် ပို၍ ဆိုရန် တာဝန်မရှိသူတစ်ယောက် ကဲ့သို့ပင် ဘပုသည် ကိုအောင်မိုး အပါးမှ ထွက်ခွာသွားတော့သည်။ တစ်ခါတရံ တွေဝေမိသည်မှအပ

သူ့ကိုယ်သူ အပြစ်ကင်းစင်အောင် အစဉ် ကြိုးစားနေသည့် **ကိုအောင်မိုး**မှာ ရှာရှာလည်သွားသည်။ သို့သော် တစ်စုံတစ်ခုကို ဖျတ်ကနဲ သတိရမိလိုက်သည်နှင့် သူ့စိတ်အလျှင်သည် ကျင်စက်မိသူကဲ့သို့ပင် တုန့်ခါ၍ သွားလေသည်။ **မရွှေလင်းခေါ် မမြဝင်း**။ သူ့ကို အလွန်အမင်း လိုက်လျောတိုက်တာခဲ့သည့် **မမြဝင်း**။

ဘယ်ပုဆိုလိုသည်မှာ တခြားမဟုတ်နိုင်၊ သူမထိန်းနိုင် မရှောင်နိုင်ဖြင့် ရုတ်တရက် ငြိတွယ်ခဲ့သည့် **မမြဝင်း**ကို ဆိုလိုရင်းဖြစ်ရမည်။ ဖြစ်နိုင်သည်။ အို–**မမြဝင်း**လို ဒိတ်ဒိတ်ကျဲ ချမ်းသာသူ တစ်ယောက်က သည်လို **စီးပွားရေးလုပ်ငန်း**ကို ကိုယ်တိုင် ဝင်လုပ်မတဲ့လား။

**ကိုအောင်မိုး**က ကျောက်ရုပ်လို ရပ်ရင်း ရှာရှာလည်နေရာ ပွဲစဝ်ထက်သို့ ရှာကနဲပင် လှည့်ထွက်ခဲ့သည်။ ပြီးတော့ သူ့အဖွဲ့သား အားလုံးနှင့် တိုင်ပင်ပြီး ချက်ချင်းဆိုသလိုပင် မြိတ်သို့ ပြန်လည်ထွက်ခွာခဲ့လေသည်။

တကယ်တော့ သူမပြန်၍လည်း မဖြစ်တော့၊ ဖမ်းမိထားသည့် တန်ကေး ၄–စင်း၊ လှေပေါင်း ၈၀ ကျော်နှင့် ပင်လယ်ပြင်မှာ သူမလှုပ်ရှားနိုင်တော့ပြီ။ သည်ငါးမိုးသမားနှင့် သည်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရသည့် တာဝန်ကပင် သူ့မှာ ကြီးမားလွန်းနေလေပြီ။

သို့ကြောင့်လည်း သူသည် တန်ကေးနှစ်စင်းကို **ဇင်ယော်**ကဆွဲစေပြီး၊ တစ်စင်းကို **ဗေဒါ**ကဆွဲစေ၍ မော်တော်တပ်ကြီးကို ချီလာသလိုပင် ပြည်ထောင်စုအလံကို တလူလူ လွှင့်ထူ၍ မြိတ်သို့ ပြန်လည် ထွက်ခွာလာခဲ့ခြင်း ဖြစ်ပေသည်။

သည်တစ်ခေါက် မြိတ်သို့ ပြန်ရောက်တော့ မိုးစုပ်စုပ်ချုပ်နေလေပြီ။ **ကိုအောင်မိုး**သည် မြိတ်ဆိပ်ကမ်းရောက်သည်နှင့် စက်ရုပ်တစ်ရုပ်လိုပင် အလုပ်များကို ဖယ်စက်သလို လုပ်ရသည်။ တရားခံများကို စစ်ဆေး၊ သူ့အုပ်စုအလိုက် မှတ်သား၊ ပြီးတော့ နီးစပ်ရာ ရဲစခန်းမှာ ချုပ်နှောင်ထားဖို့အတွက် ပြောရ ဆိုရ စီစဉ်ရနှင့် သူ့ကိုယ်သူပင် မေ့နေ၏။ သို့သော် သူမမေ့သည့် အရာတစ်ခုကားရှိ၏။ တခြားမဟုတ်ပါ။ မြိတ်သို့ရောက်၍ နေသားတကျရှိသွားသည်နှင့် တရားခံများကို စစ်ဆေးခြင်းဖြင့်၎င်း၊ မြို့ပေါ်တွင် သူလက်လှမ်းမှီသလောက် စုံစမ်းလေ့လာခြင်းဖြင့်၎င်း ငါးမိုးကိုက်း၏အဆက်အနွယ်များကို ဖော်ထုတ်ရန် ဖြစ်ပေသည်။ တကယ်တော့ ဘဟုန်၏ အရိပ်အမြွက်ပြောစကားအရ ဤကိစ္စတွင် သူ့ကိုယ်တိုင် ပတ်သက်နေသလားဟု သံသယဝင်နေမိသောကြောင့်လည်း ဖြစ်ပေသည်။

သို့ကြောင့်လည်း သူသည် နံနက်မိုးလင်းသည်နှင့် သူ့လုပ်ငန်းစရန် ရည်ရွယ်ပြီး ည ၁၀–နာရီခန့်တွင် သူ့တည်းခိုအိမ်သို့ ပြန်လာခဲ့သည်၊ အိမ်ရောက်တော့ **ဦးဝင်းကြည်**မှာ အခုထိ ခရီးက ပြန်မလာသေး။ ထားဝယ်မှတဆင့် ရန်ကုန်သို့ ခရီးဆက်သွားသည်ဟု ဆို၏။

မည်သို့ဆိုစေ၊ နံနက် မိုးလင်းသည်နှင့် သူသည် စောစီးစွာပင် ရေချိုးလိုက်၏။ ပြီးတော့ ကော်ဖီတစ်ခွက်သောက်ပြီးသည်နှင့် ရုံးသွားတော့မည်ဟု စိတ်ကူးကာ အိမ်ပေါ်ထပ်မှ ဆင်းခဲ့လေသည်။

အိမ်ရှင်အဖွားကြီးမှာ ဒီးဗိုချောင်တွင် တည်ဟာ ချက်ဟာဖြင့် အလုပ်ရှုပ်တုန်းဖြစ်၏။ သို့ကြောင့် သူသည် စားပွဲတွင် အသင့်ဖျော်ထားသော ကော်ဖီတစ်ခွက်ကို ယူသောက်ပြီး သားရေအိတ်ကို ဆွဲကာ ထွက်ခဲ့လေသည်။

သို့သော် သူခြံဝင်းတံခါးကို ဖွင့်ရုံရှိသေး၊ ဂျစ်ကားတစ်စီးက ကျွီကနဲ ဘရိတ်အုပ်သံနှင့်အတူ သူ့ရှေ့မှာ ထိုးရပ်လိုက်လေသည်။ တချိန်တည်းတွင်ပင် အသက် ၅၀–ခန့်ရှိ ဆံပင်ဖြူကြောင်ကြားနှင့်

လူကြီးတစ်ယောက် ဆင်းချလာ၏။ အသေအချာ ကြည့်လိုက်တော့ ခါးတွင်လက်တစ်ဝါးခန့်ရှိ ခါးပတ်ကြီးပတ်ထားသည့် တရုတ်အဖိုးကြီး။ ခါးပတ်နှင့် ချိတ်ထားသည့် ပိုက်ဆံအိတ်ကြီးကလည်း တွဲလောင်းတွဲလောင်းနှင့်။

''အား– ဆိုရာ ရုံးအစောကြီး သွားမလို့လား။ ဝမ်း မပြဝင်းလဲပါလယ်၊ လာလေ ဝမ်း''

မရှုလင်းပေါ် မပြဝင်းတို့ သားအဖပင်တည်း။ မပြဝင်းသည် ဂျစ်ကားတစ်ဘက်ပေါက်က ဆင်းပြီး လုံခြည်ကို ပြင်ဝတ်လျက်ရှိ၏။ ပြီးတော့ သူမ,တင်ပဆုံပေါ်ကျော်ပြီး အင်္ကျီကို ခါးကဆွဲဆန့်၊ မျက်နှာကို လက်ကိုင်ပုဝါကလေးနှင့် တို့ကာ ကိုအောင်မိုးကို အပြုံးနှင့် နှုတ်ဆက်လိုက်သည်။

ကိုအောင်မိုးလည်း သူမလိုပင် ပြုံးမိလျက်သား ဖြစ်ကာ အလိုအလျောက်ပင် အိမ်ပေါ်သို့ ပြန်ရောက်ခဲ့သည်။ အိမ်ရှင်အဖွားကြီးကမူ မီးဖိုချောင်တွင် အလုပ်များနေဟန်ဖြင့် တစ်ချက်သာ ထွက်ကြည့်ပြီး သူ့အလုပ်ကို သူဆက်လုပ်နေလေသည်။

''ဆိုရာ ခုတစ်ခေါက် ပင်လယ်သွားတာ ကျွန်တော်တို့ မသိလိုက်ဖူး''

ဦးအဝိန်မှာ ဗမာစကားကို အလွန် ကြိုးစားပြောရသူဖြစ်သဖြင့် စကားကို တိုတိုပြောပြီး မျက်နှာကော အမူအရာကပါ အရှင်ဆုံး ထားလျက်ရှိသည်။

''ဟုတ်တယ် ဦးအဝိန်၊ ကျွန်တော်တို့လဲ အရေးတကြီးကိစ္စပေါ်လာတာနဲ့ ချက်ချင်းဘဲ ထွက်သွားရတယ်၊ ဒါနဲ့ ဦးအဝိန် ဘာကိစ္စများ ရှိလဲ''

ကိုအောင်မိုးမှာ အပုပြောစကားအရ မပြဝင်းတို့အပေါ် မယုံသင်္ကာ ရှိမည်မှာ မှန်၏။ သို့သော် ရိုးသားသူတို့၏ သဘောထားအတိုင်း အခုထိ ဦးအဝိန်ကို တစ်မျိုးတမည် ထင်မြင်မိခြင်း မရှိသေး။ သို့ကြောင့်လည်း သူက အလွန်အေးဆေးသည့် အမူအရာနှင့် တရုတ်အဖိုးကြီးကို မေးလိုက်ခြင်းဖြစ်၏။

''ဆိုရာတို့ ညက လူအများကြီး ဖမ်းလာလယ် မှုတ်လား။ ဒီလူတွေ အားလုံးကို ကျွန်တော်အာမခံ ဝိုးမယ်၊ ကိစ္စမရှိဘူး ကျွန်တော့်မှာ ပိုက်ဆံအများကြီးရှိလယ်၊ ပီးတော့ တန်ကေးကြီးကြီးမှာ နိုင်ဝမ်းဆိုတဲ့ ကောင်လေးပါလာလယ်၊ ဆိုရာ သိတယ်မှုတ်လား''

''ဘာ ပြောတယ် ဦးအဝိန်၊ နိုင်ဝမ်း ဟုတ်လား''

''ဟုတ်လယ်ဆိုရာ၊ ဒီကောင်လေးကို ကျွန်တော့်ကိုပေးပါ။ ကျွန်တော် လူတစ်ယောက်ပေးမယ်၊ ပီးတော့ ဆိုရာ လိုချင်သလောက် ပိုက်ဆံယူပါ''

တရုတ်ကြီး၏စကားကို စူးစူးစိုက်စိုက် နားထောင်နေသော ကိုအောင်မိုးမှာ ရုတ်ခြည်းပင် မျက်မှောင်ကြုတ်သွား၏။ ပြီးတော့ တစ်စုံတစ်ခုကို မြူးကနဲတွေ့လိုက်မိသည့်အလား ဖြေးဖြေးချင်း ပြုံးလိုက်ရာမှ ဝါးကနဲ ဟားတိုက်ရယ်ချလိုက်လေသည်။

''ဟား ဟား ဟား။ လက်စသပ်တော့ ဦးအဝိန်က နိုင်ဝမ်းရဲ့ အဆက်ကိုး။ ဘာလဲ ဦးအဝိန် ပြောတာက တရားခံနိုင်ဝမ်းနေရာမှာ လူစားထိုးဖို့ ပြောတာမှုတ်လား၊ ဒီမှာ ဦးအဝိန် ''

ကိုအောင်မိုးက ပြောရင်း သူ့ရှေ့တည့်တည့်တွင် ထိုင်နေသည့် မပြဝင်းမျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်၏။ မပြဝင်းကလည်း ဆေးခြယ်ထားသော သူမမျက်ဝန်းများဖြင့် ဝိုင်းနေအောင် ပြန်ကြည့်နေ၏။ သို့သော် ကိုအောင်မိုးမှာ သူ့အရှိန်ကို စိုးစဉ်းမျှ ထိန်းသိမ်းခြင်း မပြုဘဲ ...

''ဒီမှာ– ဦးအဝိန်၊ ကျွန်တော်တာ တိုင်းပြည်နှင့် လူမျိုးအတွက် အလုပ်လုပ်နေတာ၊

ကျွန်တော့်အလုပ်နဲ့ ပတ်သက်လို့တော့ ဦးအဝိန် နည်းနည်းမှ အခွင့်အရေးမယူပါနဲ့၊ နိုင်ဝမ်းလိုလူကို ကျွန်တော် မမုန်းဘူး၊ ဒါပေမဲ့ နိုင်ဝမ်းလို တရားခံ ကိုတော့ ကျွန်တော့် တိုင်းပြည်အတွက် ဘယ်လိုဟာ မျိုးနဲ့မှ မလဲနိုင်ဘူး၊ ဒီတော့ ဦးအဝိန် ဘာတစ်လုံးမှ ထပ်မပြောတော့ဘဲ အိမ်က အမြန်ဆုံး ထွက်သွား ရင် ခင်ဗျားအတွက် အကောင်းဆုံးပါဘဲ"

တကယ့် အကျပ်အတည်းတွေမှ ဓိဇစိတ် အစစ် အမှန်ကို ချင့်တွက်နိုင်၏။ ကိုအောင်မိုးမှာ နလုံးသားရေးရာတွင် တွေဝေမိသည်မှာ မှန်သော် လည်း၊ တိုင်းပြည်အပေါ်ထားရှိသည့် အသိအရာတွင်မူ သူ့ဟာသူ ကောင်းကောင်းကြီး သိသူဖြစ်၏။ သို့ ကြောင့်လည်း သူသည် ကောက်ပင်ရိတ်လှိုး စကား ဖြင့် တစ်ခါတည်း အမြစ်ဖြတ်ပြောပြီး ချက်ချင်း မတ်တတ်ရပ်လိုက်သည်။

သည်တွင်မတော့ သူ့အမူအရာနှင့် အပြော အဆိုကို ကြည့်ပြီး အကင်းပါးလှပုံရသော ဦးအဝိန် က အထွေအထူး မပြောတော့ဘဲ ...

"ဆိုရာ စိတ်ကောင်းကောင်းထားပါ ဆိုရာ၊ ကျွန်တော်ကန္တားကို ခဏသွားမယ်၊ကျွန်တော့်စမီးက ဆိုရာ နားလည်အောင် ပြောပြမယ်နော် ဆိုရာ"

စကားမပီသလောက် လူရည်လည်လှသော ဦးအဝိန်က ကိုအောင်မိုးကို အရိုသေပြီး တစ်ပတ် ရစ်လိုဟန်ဖြင့် သူ့သမီးချောကို ပွဲထုတ်ပေးပြန်သည်။ ပြီးတော့ သူမှာ အရေးတကြီးကိစ္စရှိဟန်ဖြင့် မမြဝင်း ကိုထားခဲ့ပြီး ဂျစ်ကားကို ကိုယ်တိုင်မောင်းကာ ချက်ချင်းပင် ထွက်သွားလေသည်။

ကိုအောင်မိုးမှာ မောင်းထွက်သွားသော ဂျစ် ကားကို ငေးကြည့်ရင်း ပြုံးနေမိ၏။ ထိုစဉ် အဝင်းက သူ့အနီးရှိ ခုံလွတ်တွင် ရုတ်တရက် ဝင်ထိုင်ရင်း ...

"ကိုအောင်မိုး၊ ကိုအောင်မိုးဟာ ဒီလောက် ခေါင်းမာလိမ့်မယ်လို့ အဝင်းနည်းနည်းမှ မထင်ခဲ့ဘူး၊ ခု ကိုအောင်မိုးက အဝင်း အဖေကို ပြောလိုက်တာ

> "ကျောက်ဆစ်ရုပ်ကလေးလို
> ဖြူဝင်းနေသည့် သူမကား၊
> ကျောက်ရုပ်တစ်ရုပ်လို
> ရပ်နေရာမှ၊
> ပင်လယ်ပြင်မှာ
> ဖြူးကနဲ့ မှန်တိုင်းကျသလို၊
> ချုံးပွဲချ ငိုသံနှင့်အတူ"

ရန်ဖြစ်နေတာ ကြနေတာဘဲ ... ဟင်"

**မမြဝင်း**က သူနှင့်ယှဉ်၍ ထိုင်နေသူ **ကိုအောင်မိုး**၏ မျက်နှာကို ကဲကြည့်ရင်း ဝမ်းနည်းသံဖြင့် စကားနှော ထိုးလိုက်သည်။ သို့သော် **ကိုအောင်မိုး**မှာ ဘပုကြီးရာပါဖြစ်သည့်ကိစ္စကို သိရကတည်းက သူ့မှာ ခံစားချက်ရှိနေပြီ ဖြစ်ရကား **အဝင်း**၏ လဝန်းမျက်နှာလေးကိုပင် ငုံ့မကြည့်တော့ဘဲ ...

"ဘာပြောတယ် မမြဝင်း၊ ကျွန်တော်ဟာ မမြဝင်း အဖေကို ရန်ဖြစ်လိုက်တယ်ဟုတ်လား။ ဒီမှာ- မမြဝင်းတို့ကို ကျွန်တော် ခုလို ပေါင်းသင်း ဆက်ဆံတာဟာလဲ ကျွန်တော့်လုပ်ငန်းနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ အခွင့်အရေးယူလိမ့်မယ်လို့ မထင်လို့ ပေါင်းသင်းဆက်ဆံမိတာဘဲ။ ဒီလိုမှန်းသိရင် ဝေး သေးတယ် မမြဝင်း၊ ဒါနဲ့ နေစမ်းပါအုံး၊ နိုင်ဝမ်းဆိုတဲ့ တရားခံကို လူစားထိုး ချင်ရအောင် ခင်ဗျားတို့နဲ့ ဘယ်လို အကျိုးစီးပွား ဆက်စပ်နေလို့လဲ"

**ကိုအောင်မိုး**က သူ့စိတ်ထဲရှိသည့်အတိုင်း ဖွင့်ချလိုက်ပြီးမှ နိုင်ဝမ်းအခြေအနေကို သိလိုဟန်ဖြင့် စကားခင်းပေးလိုက်သည်။ သည်တွင်မတော့ **မမြဝင်း**မှာ ရှေ့တွင်ချထားသော စားပွဲကိုအတန်ကြာ ကြည့်ပြီး ခပ်တွေတွေစဉ်းစားနေရာမှ ...

"အကျိုးစီးပွားချင်း ဆက်စပ်တယ်တော့ မဟုတ်ပါဘူး ကိုအောင်မိုး၊ ဒါပေမဲ့ နိုင်ဝမ်းဟာ အဝင်းရဲ့အစ်ကိုဝမ်းကွဲ အဖေ့ရဲ့ တူတစ်ယောက်ပါ။ ဒါကြောင့် ကျမတို့ရဲ့ ဂုဏ်သိက္ခာအတွက်"

**မမြဝင်း**က ပြောရင်း သူမစကားကိုနားပြီး **ကိုအောင်မိုး**၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင် လိုက်သည်။

"ဪ-ဪ ဒါကြောင့်ကိုး၊ မြန်မာပြည်ပေါက် နိုင်ငံခြားသားနိုင်ဝမ်းကို ကျွန်တော်တွေ့ ပါတယ်ဗျာ၊ ဒီကောင်က သူ့ကိုယ်သူ ဗမာစကားမတတ်တဲ့ နိုင်ငံခြားသားပါဆိုပြီး ဟန်ဆောင်နေလို့ ကျွန်တော်တို့တောင် အကြံအဖန်လုပ်ပြီး မနည်း ဖော်ထုတ်ရတယ်၊ ဪ-ဒါကြောင့်ကိုး၊ ဒါပေမဲ့ နိုင်ဝမ်းဟာ ခု ကျွန်တော်တို့ ဖမ်းမိတဲ့ တရားခံရှစ်ဆယ်ကျော်မှာ သူဟာ ဇာတ်လိုက်ဆိုတာ မမြဝင်း သိရဲ့လား၊ သူ့ကို ကျွန်တော်တို့ အသေအချာ စစ်လိုက်ရင် ဒီဂိုဏ်းခိုးဂိုဏ်းရဲ့ အဆက်အနွယ်တွေကို အားလုံး ဖော်ထုတ်မယ့် နိုင်ဝမ်းဘဲ မမြဝင်းရဲ့"

**ကိုအောင်မိုး**ရဲ့စကားအဆုံးမှာ **မမြဝင်း**က ဝိုင်းနေသော မျက်လုံးများဖြင့် **ကိုအောင်မိုး**ကို စိုက်ကြည့်လိုက်၏။ ပြီးတော့ သူမ လက်ဖဝါးကလေးဖြင့် **ကိုအောင်မိုး**၏လက်ကောက်ဝတ်ကို ဖျစ်ညစ်လိုက်ရင်း ...

"ဟုတ်ပါတယ် ကိုအောင်မိုး၊ ဒါကြောင့် အဝင်းပြောနေတာပါ။ ကိုမိုး အဝင်းကို ဒီလောက် ရက်စက်ဖို့ မကောင်းပါဘူး။ ကိုမိုး ပင်လယ်ကို ထွက်မယ်ဆိုတုန်းကလည်း အဝင်းကို ပြောတော့ တစ်မျိုး၊ တကယ်ထွက်တော့ အဝင်းတောင် မသိလိုက်ဘူး။ ဒါကြောင့်လဲ အခုလို မဖြစ်သင့်တာတွေ ဖြစ်လာရတာပေါ့"

"ဟား-ဟား-ဟား၊ အောင်မိုးတို့များ ကိုယ့်ဟာကို ရင့်ကျက်လှပြီထင်ခဲ့တာ၊ မမြဝင်းနဲ့ တွေ့မှ တကယ့် ပြုတ်မနူးဖြစ်မှန်း သိရတာကိုးဗျ။ ဟား-ဟား-ဟား၊ ဪ- ဒါကြောင့် ကျွန်တော် ဘယ်နေ့ ပင်လယ်ထွက်မယ်ဆိုတာကို မမြဝင်းက နှုတ်ပြီးမေးခဲ့တာကိုး၊ ဪ-ဪ- ဒါကြောင့်လည်း မမြဝင်းက ကျွန်တော့်ရင်ခွင်ထဲ ဝင်ခဲ့တာကိုးဗျ"

''ကိုမိုး ကိုမိုး ဒီလိုတော့ မပြောပါနဲ့ ကိုမိုးကို အဝင်းမေးခဲ့တာ မှန်ပါတယ်၊ ကိုမိုးကို အဝင်းတို့ လုပ်ငန်းနဲ့ပတ်သက်ပြီး အထောက်အကူ ရလိမ့်မည်လို့ မြော်လင့်တာလဲ မှန်ပါတယ်၊ ဒါပေမဲ့ ကိုမိုးကို အဝင်းမချစ်ဘဲနဲ့ ဆက်ဆံတာမဟုတ်ဖူး၊ အခုလဲ ကိုမိုးကို အဝင်း ချစ်–ချစ် ''

**မမြဝင်း**မှာ ပြောရင်း မျက်ရည် ဖြိုင်ဖြိုင်ကျပြန်သည်။ သည်တစ်ခါတော့ လှိုင်းလုံးကလေးတွေ လိမ့်သည်နှင့်မတူ၊ မိုးဖြိုင်ဖြိုင် ရွာပြီး ပင်လယ်မှာ မိုးရော လေရော ဆင်သည်နှင့် တူတော့၏။

''တော်ပါပြီ မမြဝင်း၊ တော်ပါပြီ။ လက်စသပ်တော့ ငါးမိုးကိုဏ်းရဲ့ကျောရိုးဟာ ဘယ်သူလဲ မှတ်တယ်၊ ဦးအဝိန် မမြဝင်းတို့ကိုယ်တိုင် နိုင်ငံခြားစီးပွားရေးသမားတွေနဲ့ ပေါင်းပြီး ကျွန်တော်တို့ ပင်လယ်က ငါးတွေခိုး မှောင်ခိုပစ္စည်းတွေ သွင်းလုပ်နေတာကိုး။ ဒီမှာ မမြဝင်း ...''

**ကိုအောင်မိုး**က ပြောရင်း ရဲရဲဝံ့ဝံ့ပင် **မမြဝင်း**၏မေးစေ့ကလေးကို ဆွဲပြီး၊ သူမမျက်နှာကိုစေ့စေ့ ကြည့်လိုက်သည်။

''ဒီမှာ မမြဝင်း ဟိုတစ်ခေါက်တုန်းက ကျွန်တော်တို့ ပင်လယ်ထွက်မယ့်နေ့ကို မေးရုံတင်ဘယ် ကမလဲ၊ ဘုပုကို ကျွန်တော့်အဖွဲ့ထဲက ချန်ရစ်ခဲ့မှာစိုးလို့ ရှေ့နေလိုက်တာကိုရော မမြဝင်း မှတ်မိသေးတယ် မှတ်လား။ တင်း–ဘုပုလို ငယ်ရွယ်တဲ့ ဝန်ထမ်းတွေကို ငွေနဲ့ မျှားပြီး ဖျက်ဆီးတာလဲ ခင်ဗျားတို့လို သစ္စာဖေါက်တွေဘဲ၊ အင်းလေ–ကျွန်တော်ကိုယ်တိုင် ဖြားယောင်း သွေးဆောင်ခံရမှတော့ ဘုပုလိုကောင် ဘယ်ပြောစရာရှိတော့မှာလဲ။ ဒါကြောင့်လဲ သူ့ခမျာ ကျွန်တော့်ကို သတိပေးချင်တာတောင် တည့်တည့် မပြောရဲရှာဘူး''

''ကိုမိုး ကိုမိုးကို ဖြားယောင်း သွေးဆောင်တယ်ဆိုတဲ့ စကားကိုတော့ မပြောပါနဲ့တော့၊ အဝင်း ဝန်ခံပြီးဘီကော၊ အဝင်းတို့ရဲ့လုပ်ငန်းမှာ အကူအညီရလိမ့်မယ်လို့ မြော်လင့်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ အဝင်း မချစ်နိုင်ဘဲတော့ ကိုမိုးကို ဒီလောက်ရင်းရင်းနှီးနှီး မဆက်ဆံဘူးဆိုတာ ယုံပါ။ ဒီတော့ ကိုမိုးအနေနဲ့ နိုင်ငံပိုင်းကို လူစားထိုးမပေးနိုင်ဘူးဆိုရင်လဲ ဒီကိစ္စမှာ အဝင်းတို့နဲ့ မပတ်သက်အောင် ဖုံးဖုံးဖိဖိတော့ လုပ်ပေးစေချင်တယ်၊ ကိုမိုး အဝင်းတို့ရဲ့ဂုဏ်သိက္ခာကို ငဲ့ပါအုံး ကိုမိုးရယ် ''

မိုးရော လေရောဆင်သည့် ပင်လယ်ပြင်မှာ လေညင်းကလေးပြန်ဝင်လာသလို **အဝင်း**လေသံက ပျော့ပျောင်း သာယာဘွယ်ဖြစ်၏။ သို့သော် **ကိုအောင်မိုး**ကမူ တစ်စုံတစ်ခုကို သဘောကျဟန်ဖြင့် **မမြဝင်း**ကိုသာ ငေးကြည့်ရင်း ပြုံးနေမိ၏။ ပြီးမှ သူမစကားကို နင်းပြီး ...

''နေစမ်းပါအုံး၊ ဒီကိစ္စမှာ ကျွန်တော်တစ်ယောက်တည်း ဖုံးဖိလို့ရမယ်လို့ မမြဝင်းက ထင်လို့လား။ နိုင်ငံပိုင်းတို့ကို စစ်ဆေးမယ့် အဖွဲ့အစည်းတွေက အများကြီးရှိတယ်ဆိုတာ မမြဝင်းသိတို့ ကောင်းတာပေါ့''

**ကိုအောင်မိုး**က ပြောရင်း ကုလားထိုင်မှ ထလိုက်သည်။ ပြီးတော့ **မမြဝင်း**၏တစ်ဖက်ဘေးမှာ သွားရပ်ပြီး **မမြဝင်း**၏အဖြေကို စောင့်ကြည့်လိုက်၏။ အပြင်မှာ နေရောင်က ဝင်းပြီး ပင်လယ်လေက တဟူးဟူးတိုက်နေ၏။

''အဝင်းသိပါတယ် ကိုမိုး၊ အဖွဲ့အစည်းတွေ အများကြီးရှိတယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ဒီကိစ္စတွေက အဝင်းတို့ရဲ့ကိစ္စပါ၊ အရေးကြီးတာက ကိုမိုးဘဲ၊ ကဲပါလေ–ဒါတွေထားပါတော့၊ အဝင်း နောက်ဆုံးပြောချင်တာကတော့ အဝင်းကို ငဲ့ညှာတဲ့အနေနဲ့ ကိုမိုးက စတင်ပြီး ဘာမှမဖော်ထုတ်ဖို့ပါဘဲ၊ ဒီနောက်တော့ အဝင်းကလည်း ဒီကိစ္စတွေကို ရှင်းအောင်လုပ်ပြီး ကိုမိုး စိတ်တိုင်းကျ ...''

**မမြဝင်း**က တကယ်ပင် နောင်တ,တရားရသွားသော ကျောင်းသူကလေးလို မျက်တောင်ကလေးကိုစင်းပြီး နှစ်နှစ်ကာကာပင် ပြောလိုက်၏။ သည်တွင်မက သူမတစ်ကိုယ်လုံးကိုလည်း **ကိုအောင်မိုး** လိုရာ သုံးတော့ဟု ပုံအပ်လိုက်သလိုပင် သူမ,ခန္ဓာကိုယ်ကလေးကို ပျော့ခွေချလိုက်လေသည်။

**ကိုအောင်မိုး**ကား ကျားမြီးကို ဆွဲမိရက်သားဖြစ်ရသူလို ကြုံဆုံနေရပြီကော။ တစ်စုံတစ်ခုကို မရမက ကျားကုတ်ကျားခဲ တောင်းဆိုသူမျိုးနှင့် ဆုံရသလိုလည်း သူ့မှာ အခက်ကြုံရလေပြီကော။

မှန်ပါသည်။ **အဝင်း၏**ရုပ်သွင်ဟန်ထားတစ်ခုလုံးမှာ **ကိုအောင်မိုးအပေါ်** ပုံထားလျှက်ရှိပြီ။ သူမ၏နှလုံးသားနှင့် မေတ္တာတရားကိုလည်း တစ်ကြိမ်မက ပေးအပ် ကမ်းလှမ်းနေလေပြီ။

အခြေအနေကား ရုတ်တရက် ဆုံးဖြတ်ရန် အလွန်အမင်း ခက်ခဲသောအခြေအနေပင်တည်း။ သို့သော် **ကိုအောင်မိုး**ကား အထွေအထူး စဉ်းစားခြင်းမပြုတော့ပါ။ အနည်းငယ်မျှ တွေဝေ ညှတ်မူးမိခြင်းလည်း မရှိတော့ပါ။ ချက်ချင်းဆိုသလိုပင် **မမြဝင်းရှေ့**မှာ မားမားရပ်လိုက်ပြီး တိုးတိုး ညင်ညင်ပင် ခေါ်လိုက်ပါသည်။

''မမြဝင်း''

**မမြဝင်း**က မထူးဘဲ **ကိုအောင်မိုး**ကို မော်၍ ကြည့်လိုက်၏။

'' ဒီမှာ-အဝင်း။ ကျွန်တော့် ဘဝဟာ နှလုံးသားနိုနားစရာ မရှိတဲ့ အရုပ်တစ်ရုပ်ပါ မမြဝင်း။ ဒီလို နှလုံးသားနိုနားစရာ မရှိအောင် ဖြစ်ရတာကလဲ ကျွန်တော့်ရဲ့ ပြင်းပြတဲ့ ရည်ရွယ်ချက်ကြောင့်ပါ။ ရှင်းရှင်းပြောရရင်တော့ ကျွန်တော့်ဘဝ နစ်မြုပ်ချင် နစ်မြုပ်ပါစေ၊ ကျွန်တော့်ဆောင်ရွက်ချက်က တိုင်းပြည်အတွက် သဲကောင်းတစ်ပွင့်ဖြစ်ရင် ကျေနပ်ပါပြီဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော် ရုန်းကန်လှုပ်ရှားနေခြင်းဘဲဖြစ်ပါတယ်၊ ဒီလိုပြောတော့ မမြဝင်းက အပြောကြီးရုန်ကောလို့ ပြောချင် ပြောလိမ့်မယ်။ မဟုတ်ပါဘူး၊ ကျွန်တော့်လိုဘဲ တိုင်းပြည်အတွက် အနစ်နာခံပြီး ရုန်းကန်လှုပ်ရှားနေတဲ့ လူတွေ အများကြီးရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ ကျွန်တော် ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော့်ဟာကျွန်တော် သိပါတယ် မမြဝင်း။ လိုရင်းကတော့ ကျွန်တော် မမြဝင်းကို မမုန်းပါဘူး။ ပုဂ္ဂိုလ်ရေးအရ မုန်းတီးစရာလဲ မရှိပါဘူး။ ဒါပေမဲ့ တိုင်းပြည်အတွက်တော့ ကျွန်တော်ဟာ အမှန်တရားဘက်ကဘဲ ရပ်တည်ရပါမယ် မမြဝင်း''

**ကိုအောင်မိုး**က သူ့ကို **မမြဝင်း** နားလည်ပါစေတော့ဟူသော စေတနာဖြင့် လုံးစေ့ ပတ်စေ့ပင် ရှင်းပြလိုက်သည်။ ပြီးတော့ **မမြဝင်းအနေနှင့်** သည်လောက်ဆိုရင် သဘောပေါက်သင့်ပြီဟူသော အမူအရာနှင့် သူ့သားရေအိတ်ကိုဆွဲပြီး ရုံးသွားဟန်ပြင်လိုက်၏။ မီးဖိုချောင်တွင် တည်ချက်နေသော အိမ်ရှင်အဘွားကြီးကမူ သူတို့နှစ်ယောက်၏အခြေအနေကို အကဲခတ်မိဟန်ဖြင့် အိမ်ခန်းတွင်းရှိ ကုတင်မှာ သွားထိုင်နေလေသည်။

''ကိုမိုး– ခဏ၊ ခဏ နေပါအုံး ကိုမိုး''

ထိုစဉ် **မမြဝင်း**က ထိုင်ရာမှ ရုတ်တရက် ထ,ကာ,ထွက်သွားမည်ပြုနေသော **ကိုအောင်မိုး** လက်ကို လှမ်းဆွဲလိုက်၏။ ပြီးတော့ တွေတွေကျနေသော သူမ၏မျက်ရည်များကို လက်ကိုင်ပုဝါကလေးဖြင့် တို့သုတ်ရင်း ...

''ကိုမိုး၊ အဝင်းတို့ ခုကျဖြစ်မှာကို ကိုမိုးလုပ်ရက်တော့မှာလား။ အဝင်းကို ငဲ့ပါအုံး ကိုမိုးရယ်၊

အဝင်း ပြောဘီကော၊ ဒီတစ်ခါသာ ကိုမိုးကူညီပါ၊ နောက်ဆိုရင် ကိုမိုး စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်"

**မမြဝင်း**မှာ တစ်ဖက်က **ကိုအောင်မိုး**လက်ကိုကိုင်၊ တစ်ဖက်က ကျလာသောမျက်ရည်ကို သိမ်းဖြင့် မဆည်နိုင်အောင်ဖြစ်နေ၏။ **ကိုအောင်မိုး**မှာလည်း သူမအဖြစ်ကိုကြည့်ရင်း ရင်နင့်အောင်ပင် ခံစားရ၏။ သို့သော် သူ့မှာကိန်းဝပ်နေသည့် မေတ္တာကရုဏာနှင့် သံယောဇဉ်တရားမှန်သမျှကို တိုင်းပြည်အတွက် သူစွန့်လွှတ်စတေးရပေတော့မည်။ သို့ကြောင့်လည်း သူသည် **မမြဝင်း**ကိုင်ထားသော လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ရင်း ...

"ကဲ- အဝင်း၊ ကိုမိုး နောက်ဆုံးအနေနဲ့ဘဲ ပြောပါ့မယ်၊ တခြား ဘယ်လိုကိစ္စမျိုးကိုမဆို ကိုမိုးကိုယ်တိုင် အနစ်နာခံပြီး ကူညီဖို့အသင့် ရှိပါတယ်၊ ဒါပေမဲ့ လူတစ်ယောက်က ကိုယ်နေတဲ့တိုင်းပြည် ရဲ့အကျိုးစီးပွားကို ဆောင်ရွက်ရမယ့်အစား ခုလို တိုင်းပြည်အပေါ်သစ္စာဖောက်တဲ့ အလုပ်မျိုးကိုတော့ ဘယ်တော့မှ မကူညီနိုင်ဘူး၊ ဘယ်တော့မှလည်း မထိန်ချန်ဘူး။ အမှန်တရားဘက်ကဘဲ ရပ်တည် ရလိမ့်မယ်။ ရှင်းရှင်း ပြောရရင်တော့ ခုလို အဝင်းနဲ့ကိုမိုး ဆက်ဆံ ပတ်သက်မိတာကိုက ကိုမိုးဘဝမှာ ပယ်ဖျက်မရတဲ့ အမှားကွက်ကြီးဖြစ်နေပါပြီ အဝင်း။ ဒီတော့ အဝင်းနဲ့ကိုမိုးဟာ ဒီနေရာမှာဘဲ ရပ်ပြီး ကိုယ့်လမ်းကိုယ်သွားကြပါစို့"

**ကိုအောင်မိုး**မှာ ပြောပြောဆိုဆိုဖြင့် **အဝင်း**၏လက်ကလေးကို ဖယ်ချပြီး သူမ မျက်နှာကို တစ်ချက်ကြည့်ကာ အိမ်ပေါ်မှ ဆင်းလာခဲ့လေသည်။ ကျောက်ဆစ်ရုပ်ကလေးလို ငြိမ်နေသည့် **မမြဝင်း**ကား ကျောက်ရုပ်တစ်ရုပ်လို ရပ်နေရာမှ ပင်လယ်ပြင်မှာ ခြူးကနဲ မုန်တိုင်းကျသလို ချုံးပွဲချ ငိုသံနှင့်အတူ ရုတ်တရက် လဲပြို၍ပင် သွားခဲ့လေပြီတကား။

◆

# ပင်လယ်ပြင်မှသည် စမ်ဆင်ရေးသို့



နံနက်ခင်းနေရောင်သည် မြိတ်ကျွန်းလမ်းတလျှောက်လုံးပေါ်သို့ ဇာပုဝါပါးကို ဖြန့်ခင်းထားသလိုပင် လှပစွာ ထိုးကျနေလေသည်။ မြောက်မြားစွာသော တံငါလှေများ၊ ခရီးသည်တင်မော်တော်များနှင့် ကုန်တင်ရေယာဉ်များကလည်း ဆိပ်ကမ်းတစ်ခုလုံးမှာ မဲမဲလှုပ်နေ၏။ ဟိုး-ရေလယ်တွင်ကား မြိတ်၏မှတ်တိုင်ကြီးသဖွယ် ထီးထီးကြီးရပ်တည်နေသော ပထော်ပထက် တောင်ညီနောင်။ ဟိုး-ကုန်းမြင့်မြင့်ပေါ်တွင်ကား နေရောင်မှာ ရွှေရောင်ဝင်းနေသည့် မြိတ်၏ အဓိကဖြစ်သော သိမ်တော်ကြီး စေတီတော်။

ကိုအောင်မိုးသည် ထိုနံနက်ခင်း ရှုခင်းကိုကြည့်ရင်း ရုံးသို့တစ်ယောက်တည်းပင် လျှောက်လာခဲ့လေသည်။ ရုံးရောက်တော့ စင်ယော်အဖွဲ့သားများမှအပ ရုံးသားအားလုံး ရောက်ရှိနေကြသည်ကို တွေ့ရ၏။ သူ့အထက်အရာရှိ ဦးမြမောင်သည်ပင် အခန်းတွင်းမှာ တကုန်းကုန်းနှင့် အလုပ်လုပ်နေလေပြီ။ သူသည် ရောက်မဆိုက်ပင် သွက်လက်သော ခြေလှမ်းများနှင့် အခန်းတွင်းသို့ တောက်လျှောက်ဝင်ခဲ့သည်။

"ဆရာ- ညက ကျွန်တော်တို့ ပြန်ရောက်တဲ့အကြောင်းနဲ့ ငါးခိုးသမား ရှစ်ဆယ်ကျော်၊ တန်ကေးလေးစင်း ဖမ်းမိခဲ့တဲ့သတင်းကို ဦးဆန်းမောင်နဲ့ သတင်းပို့ခိုင်းလိုက်တာ ဆရာသိပြီးရောပေါ့"

ကိုအောင်မိုးက သူ့လက်ဆွဲအိတ်ကို ကုလားထိုင်တစ်လုံးပေါ်သို့ တင်လိုက်ပြီး ထိုင်းမဆင့် ဝုံမဆင့်ပင် မေးပြော့ပြောလိုက်သည်။ ညိုမှောင်နေသော မျက်ခုံးများသည်ပင် ကြောင်ကြောင်ကျားကျား ဖြူနေပြီဖြစ်သော ဦးမြမောင်သည် ကိုအောင်မိုး၏ရုတ်တရက်စကားကြောင့် သူ့ကို မျက်မှန်ပေါ်မှ မော်ကြည့်လိုက်သည်။ သူ့မျက်မှန်ကလည်း လက်နှစ်လုံးလောက်ရှိသော စာကြည့်မျက်မှန်ကလေးဖြစ်ရာ၊ သူမော်ကြည့်ပုံမှာ ကိုအောင်မိုးကို တမင်ပြူး၍ ချောက်သလားဟု ထင်ရလေသည်။

"ဪ–အင်း– ဦးအောင်မိုး။ ဟုတ်သားဘဲ၊ ညက ဦးဆန်းမောင်လာပြောလို့ သိရဘီ။ ဘယ်နှယ့်လဲ– ခင်ဗျားတို့လည်း အတော့်ကို ပင်ပန်းလာကြမှာဘဲ"

ဦးမြမောင်က သူ့ကို အတန်ကြာ ငေးကြည့်ပြီးမှ သူ့လုပ်လက်စစာရွက်များကို ဘေးသို့ တွန်းဖယ်လိုက်ပြီး ကုလားထိုင်နောက်ကို မှီချရင်း ပြောလိုက်သည်။

"ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့ အခုဖမ်းမိလာတဲ့ ငါးမိုးသမားတွေကိုတော့ ကျွန်တော်တို့ အရေးတကြီးထားပြီး လုပ်ကြရလိမ့်မယ်၊ ကျွန်တော် တစ်ခါက ပြောဖူးတယ် မှတ်လား။ ပင်လယ်မှာ အတော်သောင်းကျန်းနေတဲ့ ငါးမိုးဂိုဏ်းတစ်ဂိုဏ်းရှိတယ်၊ ကျွန်တော်တို့က သူ့ကို ဝေဝင်းလို့အမည်ပေးထားပြီး လိုက်နေတယ်လို့၊ အဲ–အခု ဖမ်းမိလာတဲ့ ငါးမိုးသမားတွေဟာ ဒီဝေဝင်းဂိုဏ်းဘဲ"

"ဟင်– ဒါကတော့ ကျွန်တော် မသိရသေးဘူး။ ဟုတ်လား။ ခင်ဗျားတို့ ဒီဂိုဏ်း တစ်ဂိုဏ်းလုံးလောက်ကို ဖမ်းမိလာတာလား"

အဖိုးကြီးဦးမြမောင်က အတော့်ကိုပင် အံ့အားသင့်သွားဟန်ဖြင့် ထိုင်ရာမှ ထလိုက်၏။ ပြီးတော့ မတ်တတ်ရပ်လျက်ကပင် ကိုအောင်မိုး၏ ရှင်းလင်း ပြောကြားချက်များကို အားတက်သရော နားထောင်နေ၏။ သို့သော် ကိုအောင်မိုးက ငါးမိုးဂိုဏ်းကို မြန်မာပြည်ဘက်မှ ဦးစီးခေါင်းဆောင်နေသူမှာ မည်သူဖြစ်ကြောင်း။ တနင်္ကေးတစ်စီးတွင် ပါလာသူ နိုင်ဝမ်းဆိုသူမှာ ထိုသူ၏ ကိုယ်စားလှယ်ဖြစ်ကြောင်း။ ပြီးတော့ သူတို့အဖွဲ့ထဲမှ ဘဂုပင် ဓားစားခံဖြစ်ပြီး။ တနင်္ကေးများကို မည်သို့ ဖမ်းပေးခဲ့ကြောင်း။ နောက်ဆုံး သူကိုယ်တိုင်လည်း ထိုခေါင်းဆောင်၏သမီးနှင့် မည်သို့ ပတ်သက်ခဲ့ပြီး အခုမှ မည်သို့ မည်ပုံသိရကြောင်း စသည်တို့ကို တာဝန်ရှိသည့်အတိုင်း တစ်လုံး မကျန် ပြောပြလိုက်သည့်အခါတွင်ကား ဦးမြမောင်မှာ မတ်တတ်ရပ်နေရာမှ ဖြေးဖြေးချင်း ထိုင်ချလိုက်လေသည်။

ပြီးတော့ နှာခေါင်းတွင် ချိတ်ထားသော မျက်မှန်ပေါ်က ကိုအောင်မိုးကို ခုတိယမ္ပိ ပြူးကြည့်လိုက်ရင်း–

"ဦးအောင်မိုး ခင်ဗျားကလဲဗျာ၊ ဘာလို့ ဒီမိန်းကလေးနဲ့ ပတ်သက်တဲ့အကြောင်းကို ထည့်ပြောနေရသေးလဲ။ ဒီအတိုင်း ဖော်ထုတ်လိုက်ရင်လဲ ပြီးတာဘဲ"

ဦးမြမောင်က ကိုအောင်မိုးကို ထိုအရှုပ်ထဲတွင် မပါဝင်စေလိုဟန်ဖြင့် အပြစ်တင်လိုက်သည်။ သည်တော့ ကိုအောင်မိုးက မတ်တတ်ရပ်ရင်း ...

"ဒါက ဒီလိုရှိတယ် ဆရာ၊ သူတို့က ဘိတ်ပြိုပေါ်က ဒိတ်ဒိတ်ကြဲ ချမ်းသာတဲ့လူတွေဆိုတာ ဆရာလဲ သိသားဘဲ။ ဒီတော့ ကျွန်တော် ပါဝင်ပတ်သက်တာထက် ပိုကဲပြီး ငွေနဲ့လုပ်ကြလာခဲ့ရင် ကျွန်တော့်အတွက် ပိုဆိုး သွားနိုင်တာပေါ့။ အထူးသဖြင့် ဒီဂိုဏ်းရဲ့အဆက်အစွယ်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှားက အမှန်၊ အမှန်က အမှား ဖြစ်မသွားဘူးလို့ ဘယ်သူပြောနိုင်မလဲ"

ကိုအောင်မိုးယူဆချက်မှာ မှန်သည်ဟုဆိုရမည်။ မဖြဝင်းသည် သူ့အပေါ် တကယ်မေတ္တာရှိ ကောင်းရှိပေလိမ့်မည်။ သို့သော် သူမ၏မေတ္တာကို ခံယူလျှင် အမှန်တရားကို သွေဖည်ရာကျမည်။

တစ်နည်းအားဖြင့် တိုင်းပြည်ကို သစ္စာဖောက်ခြင်းပင် ဖြစ်သည်။ ထိုသို့မဟုတ်ပဲ မမြဝင်းနှင့် သူ၏ ဇာတ်လမ်းကို မြုပ်ထားပြီး မမြဝင်းတို့ကသာ အမှုကြောင်းအရ ဖော်ထုတ်မည်ဆိုပါကလည်း မမြဝင်း အနေဖြင့် မစားရသည့်အမဲကို သဲနှင့်ပက်သလို ကိုအောင်မိုးကို ပုံကြီးချဲ၍ ထွက်ဆိုလာပါက မခက်ပါလေော။

ဘာပဲဖြစ်ဖြစ်၊ မမြဝင်းကား စီးပွားရေးသမား လူရည်လည်၏။ ပိုက်ဆံရှိ၏။ နောက်ဆုံး ကျားနာလို စိတ်နာနာဖြင့် ဇရပ်ဇတာ လုပ်လာခဲ့သော် ကိုအောင်မိုးအဖို့ ဖိုး၍ ရှင်းရခက်မည်မှာ သေချာနေလေသည်။ သည်တော့ ခုရှုပ်မှ နောင်ရှင်း ဆိုသလို ခုကတဲက ရှင်းထားလျှင် အကောင်းဆုံးဟု ကိုအောင်မိုး ယူဆမိခြင်း ဖြစ်ပေသည်။

''အဲဖြင့် နေစမ်းပါအုံး ဦးအောင်မိုးရ၊ ခင်ဗျားနဲ့ ဒီမမြဝင်းဆိုတဲ့ ခလေးမနဲ့သိတာ ဘယ်လောက် ကြာပြီလဲ''

သည်တွင် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသော ဦးမြမောင်က နာခေါင်းတွင် ချိတ်ထားသော သူ့မျက်မှန်ကို စုပူးပေါ် ပင့်တင်လိုက်ရင်း ကောက်မေးလိုက်သည်။

''သိတာကတော့ ကျွန်တော် ဘိတ်ရောက်ပြီး ပင်လယ်ထွက်ကထဲက သိတာဘဲ၊ ကျွန်တော် နေတဲ့ အိမ်ရှင်အဖွားကြီးနဲ့ ပတ်သက်ပြီး သိတယ် ဆိုပါတော့''

''အဲဖြင့် ခင်ဗျား အိမ်ရှင်အဖွားကြီးကကော သူ ဒီလိုလုပ်ငန်းကို လုပ်ကိုင်နေတယ်ဆိုတာ မသိ ဘူးလား''

''မသိလို့ပေါ့ ဆရာ၊ အဖွားကြီး မပြောနဲ့– ကျွန်တော်နဲ့ အတူတူနေတဲ့ ကျန်းမာရေးအရာရှိတောင် သူတို့လုပ်ငန်းအသေးစိတ်ကို သိတာ မဟုတ်ဖူး''

''နေအုံးဗျ၊ အဲဒီတုန်းကရော ခင်ဗျားကို ပင်လယ် ဘယ်နေ့ထွက်မလဲတို့ ဘယ်သူတွေ ပါမလဲတို့ ဘယ်လောက်ကြာမလဲလို့ ခလေးမက မေးလေ့ရှိသလား''

''မေးတာပေါ့ ဆရာ၊ ကျွန်တော်တို့ကလည်း ရိုးရိုး သားသား ခင်မင်နေကြတာဆိုတော့ ပြောမိ တဲ့အခါလည်း ပြောမိတာပေါ့။ ကဲပါလေ–ကျွန်တော် ပါဝင်ပတ်သက်သမျှကို အရင်းအတိုင်း ကျွန်တော် ပြောပြီးပြီဘဲ၊ အရေးကြီးတာက တိုင်းပြည်အတွက် အမှန်တရားဘက်က ရပ်တည်ဖို့ လိုတာပေါ့၊ ကျွန်တော့်အနေနဲ့လဲ မသိကျိုးကျွံဖြစ်ပြီး မှားမိတဲ့ကိစ္စအတွက် ဘာမဆို ရင်ဆိုင်ဖို့ အသင့်ဘဲ။ ကဲ– အဲဖြင့် ကျွန်တော် ရဲစခန်းကို သွားမယ်''

ကိုအောင်မိုးမှာ ကောက်ကာ ငင်ကာပင် ထွက်လာခဲ့သည်။ အခြေအနေမှာ သူ မျှော်လင့်ထား သလိုပင် ရှုပ်ထွေးလာစရာ ရှိပေသည်။ တကယ်တော့ ဘယ်သူမပြု မိမိမှု ဆိုသလို မဆင်မခြင် ပြုမိ ခဲ့သည့်အကျိုးကို ပြန်၍ ခံရခြင်းပေတည်း။

မည်သို့ဆိုစေ ကိုအောင်မိုးသည် သူ့လုပ်ရပ်ကို သူယုံကြည်၏။ တိုင်းပြည်အပေါ် သူထားရှိ သည့်စေတနာကိုလည်း သူ့ဟာသူ သိ၏။ မမြဝင်းတို့ဇာတ်ကြောင်းကို ဖုံးဖိထားပြီး သူမ၏အချစ်ကို လက်ခံလိုက်လျှင်၊ သူသည် သူဌေးကလေးတစ်ယောက် ဖြစ်လာနိုင်သည်ကိုလည်း သူနားလည်၏။ သို့သော် မမြဝင်းတို့ဘက်က မည်သို့ပင် လီဆယ်အားထုတ်လာသည်ဖြစ်စေ၊ တိုင်းပြည်အတွက် အမှန်တရားဘက်ကသာ သူရပ်တည်ရပေလိမ့်မည်။

သို့ကြောင့်လည်း သူသည် တရားခံများ၏စစ်ချက်၊ အထူးသဖြင့် နိုင်ဝမ်း၏ထွက်ချက်နှင့်တကွ

သူ့အမြင်၊ သူ့တွေ့ရှိချက်များကိုပါ အပိုအလိုမရှိ ရေးသားပြီး ရဲစခန်းမှာ သူကိုယ်တိုင် တိုင်ချက် ဖွင့်လိုက်လေသည်။

နောက်တစ်နေ့တွင်မူ **ဦးအစိန်**နှင့်**မမြဝင်း**တို့ကို ဆိုင်ရာမှ ခေါ်ယူ စစ်ဆေးခဲ့၏။ တဆက်တည်းတွင်ပင် **ဦးအစိန်**အား တရားဥပဒေအရ ဖြေရှင်းရန် ချုပ်နှောင်ထားလိုက်လေပြီ။

**မမြဝင်း**ကိုကား မိန်းမသားတစ်ယောက်ဖြစ်၍ အာမခံပေးထား၏။ သို့သော် ကော့သောင်မှ သူတို့၏ကိုယ်စားလှယ်ဆိုသူကိုမူ အခုထိ စစ်မေး၍ မရသေးချေ။

မြိတ်တစ်မြို့လုံးမှာလည်း မြူးကခဲ မြို့မျက်နှာဖုံးကြီး**ဦးအစိန်** ဖမ်းဆီးခံရမှုနှင့် ပတ်သက်၍ အုန်းအုန်းကျွတ်ကျွတ် ဖြစ်သွား၏။ တီးတိုး ပြောသူက,ပြော၊ ကျိတ်၍ ပြုံးကာပေးသူက,ပေး၊ တချိန်တည်းတွင်ပင် **ကိုအောင်မိုး**နှင့် **ဦးအစိန်**၏သမီး**မမြဝင်း**တို့၏ ဇာတ်လမ်းကလည်း လူတိုင်းပါးစပ်များမှာ အလွန်ပြော၍ ကောင်းသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာခဲ့သည်။

'သို့သော် နှစ်ပတ်ခန့်သာ ကြာသွား၏။ **မမြဝင်း**နှင့်**ကိုအောင်မိုး**ကား မျက်နှာချင်း မဆိုင်မိတော့။ **မမြဝင်း**က **ကိုအောင်မိုး**ကို'အတော် နှလုံးသားမရှိတဲ့ လူကြီး'ဟုသာ ပြောသံကြားရ၏။ **ဦးအစိန်**ကမူ'တာဝ လူငါးလယ်'ဟု **ကိုအောင်မိုး**ကို ကြိမ်းမောင်းသည့်သတင်း ထွက်လာလေသည်။

မည်သို့ဆိုစေ **ဦးအစိန်**ကသော်၎င်း၊ **မမြဝင်း**ကိုယ်တိုင်ကသော်၎င်း၊ **ကိုအောင်မိုး**ကို အမှုထဲ မရမက ဆွဲသွင်းမည့် လက္ခဏာကိုကား လုံးဝ မတွေ့ရချေ။ တရားဥပဒေအရ ရင်ဆိုင်ရန် ရှေ့နေများကိုသာ တစ်ယောက်ပြီး တစ်ယောက်ရွေးနေ၏။ နောက်ဆုံး ရန်ကုန်မှ နာမည်ကြီး ဝတ်လုံတော်ရကြီး တစ်ယောက်ကို ငှားရမ်းမည်ဆိုကာ လူလွှတ်လိုက်သည့်သတင်းကိုသာ ကြားရလေသည်။

သူ့လုပ်ရှားမှု မှန်သမျှသည် တိုင်းပြည်အတွက် ဖြစ်ရမည်ဟု ဆုံးဖြတ်ထားသော **ကိုအောင်မိုး**မှာလည်း အခုမှ အသက်ရှူနိုင်တော့သည်။ **မမြဝင်း**တို့အမှုနှင့် ပတ်သက်၍ သူပါဝင်ရမည့် အခန်းကဏ္ဍများကို အတော်အသင့် ဆောင်ရွက်ပြီးပြီးဖြစ်သော်လည်း၊ သူ့မှာ အခုမှ အနားရခဲ့တော့၏။ သို့သော် ထူးဆန်းသည်ကား ဘာကြောင့်ရယ်မသိ **ဇင်ယော်**နှင့် ပင်လယ်ကင်းထွက်သည့် အလုပ်ကို**ကိုအောင်မိုး**အား ဆက်လက် တာဝန်မပေးတော့ခြင်းပင်တည်း။

ဤကိစ္စနှင့် ပတ်သက်၍ **ဦးမြမောင်**က ...

''ဒီလိုရှိတယ် ဦးအောင်မိုး၊ ကျွန်တော်တို့အနေနဲ့ကတော့ ခင်ဗျားအပေါ်ကို ဘာမှ မယုံမကြည်ဖြစ်စရာ မရှိဘူး။ ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေဟာ အများကြီး အောင်မြင်တယ်ဆိုတာ အားလုံး အသိဘဲ။ ဒါပေမဲ့ ခင်ဗျားအနေနဲ့ မသိလို့ဘဲဖြစ်ဖြစ် ခုလို ပါဝင်ပတ်သက်မိတာဟာ အထက်အဖွဲ့အစည်းတွေအဖို့ တစ်မျိုးထင်မြင်စရာ ဖြစ်လာတယ်။ ပြီးတော့ ပင်လယ်မှာလည်း ငါးခိုးသမားတွေက သောင်းကျန်း၊ သူပုန်တွေကလဲ လှုပ်ရှားဆိုတော့ ပိုပြီး စိတ်ချ လုံခြုံမှု ရှိရအောင် ကျွန်တော်တို့ဇင်ယော်ကင်းထွက်မှုကို လုံးဝ ရပ်နားလိုက်ပြီး စစ်ရေယာဉ်တွေ ကိုယ်တိုင် ကင်းလှည့် စောင့်ကြပ်မယ်ဆိုတဲ့ ညွှန်ကြားချက်ရတာဘဲဗျ''

**ကိုအောင်မိုး**က ဘာမှ ပြန်မပြောတော့ပါ။ အစီအစဉ်မှာ လျော်ကန်သင့်မြတ်လှပါသည်။ သို့သော် သူ့အပေါ် တစ်မျိုးထင်စရာ ဖြစ်ရသည်ကတော့ သူ့စိတ်ထဲမှာ နာတာတာလို ခံစားရပြီး အိမ်သို့တန်း၍ ပြန်ချခဲ့လေသည်။

အိမ်ရောက်တော့ ညနေစောင်းနေလေပြီ။ ပင်လယ်လေက တဖြူးဖြူးတိုက်နေသဖြင့် အိမ်ရှေ့ရှိ

စိန်ခြယ်ပွင့်ကလေးများမှာ မြူတွေး ခုန်ပေါက်နေကြ၏။ အိမ်ရှင်အဖွားကြီးကား ညနေခင်း အလုပ်ပြီးသွားပြီ ဖြစ်၍၊ ရေတွင်းမှာ ရေချိုး နေလေသည်။

''ဟား-ဟား-ဟား။ ရဲဘော်ကြီးရေ လာဗျို့၊ ကျွန်တော် အခုဘဲ ပြန်ရောက်တယ်ဗျ''

ထိုစဉ် အိမ်အပေါ်ထပ် ပြတင်းပေါက်မှ တဘက်တစ်ထည်ကို လည်မှာပတ်ပြီး ကိုယ်တုံးလုံးနှင့် ရပ်နေသော **ဦးဝင်းကြည်**က လှမ်းအော်လိုက်သဖြင့် **ကိုအောင်မိုး**လည်း ဝမ်းသာအားရဖြင့် တက် လာခဲ့၏။ ပြီးတော့ သူ့လက်ဆွဲအိတ်ကို ကုတင်ပေါ် ပစ်တင်လိုက်ပြီး ...

''အောင်မယ်လေး ဦးဝင်းကြည်ရာ၊ ခင်ဗျား ခရီးထွက်သွားလိုက်တာ ပြန်မှလာပါအုံးမလား အောက်မေ့ရတယ်၊ ခင်ဗျားထွက်သွားတုန်း ကျွန်တော့်မှာ ရှင်းလိုက်ရတဲ့ ပြဿနာတွေ နည်းရော လားဗျာ''

**ကိုအောင်မိုး**က သူဖြတ်ကျော်ခဲ့ရသည့် အကျပ်အတည်းမှာ တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိခဲ့ သဖြင့် အားပါးတရ ပြောချလိုက်သည်။

''ဟဲ- ဟဲ သိပြီးဘီ ကိုယ့်လူ၊ ရောက်မဆိုက်ပဲ အဖွားကြီးပြောပြလို့ အားလုံးသိပြီးဘီ၊ ကျွန်တော်ကလည်းဗျာ- ထားဝယ်ခရိုင်ကို ပုံးတွဲကိုင်နေရတော့ ဟိုမှာချည်း အရက်နှစ်ဆယ်လောက် ကြာသွားတယ်ဗျ၊ ပြီးတော့ ငှက်ပျားတိုက်ဖျက်ရေးအတွက် ရန်ကုန်ကခေါ်တာနဲ့ ဆက်ပြီးသွားခဲ့ရတယ်၊ ဒီမှာ ရဲဘော် ခင်ဗျားကိုလည်း ကျွန်တော်ပြောစရာတွေ အများကြီးပါလာတယ်ဗျ၊ ဒီတော့ ဆိုစမ်းအုံး အဝင်းကိစ္စက ခုတော့ ရှင်းသွားပြီမဟုတ်လား၊ ကျွန်တော်ကလဲဗျာ ဒီလိုမှန်း မသိလို့ ခင်ဗျားနဲ့ ရိသဲ့သဲ့ လုပ်ပေးမိတာပေါ့၊ တင်း ... ဒီလိုမှန်း သိရင်တော့ ဘာရမလဲ၊ ခု့ခင်ဗျား လုပ်တာဟာ မှန်တာဗျ၊ ဒါဟာ ဒီလိုပဲ လုပ်ရမှာဘဲ''

**ဦးဝင်းကြည်**ကလည်း လည်ပင်းမှာ တဘက်ကို ဟိုပြောင်းတင် သည်ပြောင်းတင် လုပ်ရင်း အနားမရှိ ပြောချလိုက်သည်။ ပြီးတော့ အနီးရှိ ကြက်ခြေနီ အမှတ်အသားပါရှိသည့် သေတ္တာငယ်ကို ဆွဲ၍ ထိုင်ချလိုက်သည်။

''အေးဗျာ ... ကျွန်တော်ကလည်း ဟိုတုန်းကတည်းက မပြဝင်းနဲ့ ပြောရ ဆိုရတာ တစ်မျိုးဘဲ လို့ ထင်ထင်နေတာ၊ ဟိုနေ့ကတော့ ဘယ်လိုဖြစ်မှန်းတောင် မသိဘူးဗျ၊ ကျွန်တော်ဘဲ အဖမ်းစား ခံလိုက်ရသလား၊ **မပြဝင်း**ကဘဲ ဆွဲဆောင်အား ကောင်းလွန်းလို့လား မသိဘူးဗျ၊ အင်း- တိုးမယ့်တိုး တော့ ထောင်ချောက်ကို တဲ့တဲ့ဝင်တိုးတာကိုးဗျ၊ ခုတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး၊ သူ့ဘက်က သည်အကွက်ကိုနင်းပြီး လုပ်ချင်ရာလုပ်၊ တိုင်းပြည်အတွက်တော့ ရဲရဲဝံ့ဝံ့ဘဲ လုပ်မှဆိုပြီး ကျွန်တော်လဲ ပြတ်ပြတ်သားသား လုပ်လိုက်တာဘဲ''

''ဒါပေါ့ဗျာ၊ သူပြောချင်ရာပြော လုပ်ချင်ရာလုပ်ပါစေ၊ ကျွန်တော်တို့ဘက်က ရဲရဲဝံ့ဝံ့ ရင်ဆိုင် ကြတာပေါ့၊ ဒါ့ထားတော့ဗျာ၊ ဒီတယ်ကြက်မလေးကို ခင်ဗျား လုံးလုံး မေ့ပြစ်လိုက်တော့၊ ဒီမှာ ကျွန်တော် ရန်ကုန်ရောက်တော့ ကျွန်တော့်တူမလေးတစ်ယောက် ကောလိပ်မှာရှိတာနဲ့ ခင်ဗျားရဲ့ ချစ်ဦးသူ သက်ရဲ့အခြေအနေကို မေးကြည့်ခဲ့တယ်ဗျ''

''ဘာပြောတယ်- ဦးဝင်းကြည်၊ သက် ဟုတ်စ''

''ဟုတ်တယ်၊ ခင်ဗျားရဲ့ အချစ်ဟောင်း ခင်သက်လွင်လေ''

အခုထိ အဝတ်အစားမလဲရသေးသော **ကိုအောင်မိုး**မှာ ဝေကြောင်၍ သွားမိ၏။ ပြီးမှ ကုလားထိုင်

တစ်လုံးကိုဆွဲပြီး ဦးဝင်းကြည် ရှေ့မှာ ထိုင်ချလိုက်ရင်း ...

''အင်း- ဆိုစမ်းပါအုံး။ သက် အခြေအနေက ဘယ်လိုလဲ''

''သူက အခု ဥပဒေဌာနမှာ လက်ထောက်ကထိကတောင် ဖြစ်နေပြီတဲ့ဗျ။ ကျွန်တော့်တူမလေးရဲ့ ဆရာမပေါ့။ ကျွန်တော် စုံစမ်းကြည့်ရသလောက်တော့ ခင်ဗျားကို တကယ် အထင်ကြီးပြီး တကယ်လဲ မြော်လင့်နေသေးတယ်လို့ သိခဲ့ရတယ်ဗျ''

ဦးဝင်းကြည်ကပြောရင်း ခါးမှာ ဝတ်ထားသော နံ့ငယ်ပိုင်းကို ထ,ဝတ်လိုက်ပြီး ပြန်ထိုင်ချလိုက်သည်။ ကိုအောင်မိုးကမူ သူ့ကို တွေတွေကြည့်ရင်း ခေါင်းကို မသိမသာ ရမ်းခါလိုက်သည်။ ပြီးမှ ...

''သက် ကျွန်တော့်ကို မြော်လင့်နေအုံးမယ်ဆိုတာ ယုံပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကလည်း ဒီကစောင့်ပြီး မြော်နေသလို သူကလဲ သူ့ပတ်ဝန်းကျင်ကနေ စောင့်ပြီး မြော်နေခြင်းမျိုးပါဗျာ။ ကျွန်တော် သိပါတယ်၊ သက်က ကျွန်တော်တို့လို တောကြိုအုံကြားသွားပြီး တာဝန်ထမ်းဆောင်နေရတဲ့ အလုပ်မျိုးကို နည်းနည်းမှ အားမပေးဘူး။ သဘောလည်း မတူဘူး။ သူကိုယ်တိုင်လည်း ဘယ်တော့မှ မလုပ်ဘူး။ ခင်ဗျားကြည့် သူ လက်ထောက်ကထိကကြီးဖြစ်လို့ သူများတွေလို တခြားမြို့ကိုတောင် ပြောင်းပြီး တာဝန်ယူမယ်များ မှတ်နေသလား။ ဝေးသေးတယ် ဦးဝင်းကြည်။ သူက ဂုဏ်သိက္ခာလေးတစ်ခုအတွက် အလုပ်လုပ်ထာဗျ။ ဒီတော့ သူကိုယ်တိုင်ကလည်း မလုပ်ဘူး။ ကျွန်တော် အခုအလုပ်နဲ့ အခုလို သွားလာလုပ်ကိုင်နေတာမျိုးကိုလဲ သဘောမတူနိုင်ဘူးဆိုတဲ့ အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို မြော်လင့်နေသေးတယ်ဆိုတာ ရီစရာသက်သက်ပါဗျာ''

ကိုအောင်မိုးက စိတ်ရှိလက်ရှိ ပြောချလိုက်ရင်း ထိုင်ရာမှ ထလိုက်သည်။ ဦးဝင်းကြည် စပေးသဖြင့် သက်ကို ပြန်ပြောင်း အမှတ်ရမိသည်မှာ အနာဟောင်းကို ဆွပေးသလိုပင် သူခံစားရ၏။ သို့သော် သူ့မိတ်ဆွေကြီး ဦးဝင်းကြည်ကမူ အလျှော့ပေးလိုဟန် မရှိသေးဘဲ ...

''ဒါတော့ ထားပါတော့ဗျာ၊ သူ့လို အပေါ်ဆီလွှာလေးမှာဘဲ ရစ်ပြီး နိုနားနေချင်တဲ့ စိတ်ထားမျိုးကိုတော့ ကျွန်တော်လည်း မကြိုက်ဘူးဗျ။ ဒါပေမဲ့ ကျွန်တော်တို့ ခင်ဗျားတို့ အယူအဆကို သဘောပေါက်ပြီး စိတ်လည်ချင် လည်လာနိုင်တာပေါ့ဗျာ။ ဒါကြောင့် ကျွန်တော့်တူမကလေးကိုတော့ မှာခဲ့တယ်ဗျ။ သူတို့ နွေရာသီကျောင်းပိတ်ရက်မှာ လေ့လာရေးအနေနဲ့ ဘိတ်ကိုလာဖြစ်ရင် နင့်ဆရာမကို မရမက ခေါ်ခဲ့လို့ ကျွန်တော် အသေအချာ ပြောထားခဲ့တယ်။ ဘာဖြစ်လဲဗျ။ သူရောက်လာလို့ အခြေအနေကို မြင်တွေ့ရရင် စိတ်လည်ချင် လည်လာမှာပေါ့။ မဟုတ်ဘူးလား''

ကိုအောင်မိုးကား ဦးဝင်းကြည်က သူ့အပေါ်ကို လိုလိုလားလား ရှိလှသည်ကို ကြည့်ပြီး စိတ်ထဲက ကျေးဇူးတင်နေမိသည်။ သို့သော် သက်အကြောင်းကို သူသာ အသိဆုံးဖြစ်၏။ စေ့စေ့တွေးလေ သက်တို့လို အပေါ်ဆီလွှာများသည် ဘာကြောင့်များ အခုထိ ပြည်သူနှင့် ကင်းအောင် နေနိုင်အားကြသလဲဟု သူ့ဟာသူ နားမလည်နိုင်အောင်လည်း ဖြစ်နေမိလေသည်။

မည်သို့ဆိုစေ လစ်လပ်နေပြန်သည့် သူ့နှလုံးအိမ်မှာ သက်နှင့် ပတ်သက်သည့် ခံစားချက်က တစ်ကျော့ နိုးနားလာပြန်လေပြီ။ သူ မည်မျှ ရုန်းကန် လှုပ်ရှားသော်လည်း ပြေပြစ်လှခြင်း မရှိသည့် အခြေအနေများကလည်း သူ့ကို ပို၍ ရှုပ်ထွေးစေ၏။ ပြီးတော့ အဝင်းနှင့် ပတ်သက်၍ စဉ်းစားမိတိုင်း သူ့မှာ လိပ်ပြာမလုံသလိုလည်း ဖြစ်ရ၏။ အဆိုးဆုံးကား ဇင်ယော်နှင့် ပင်လယ်ကို ထွက်ရသည့်အလုပ်

ကို သူ့အား မယုံသလို အနေအထားမျိုးနှင့် ရပ်ဆိုင်းလိုက်သည့်အတွက် သူ့စိတ်မှာ ပို၍ ပျံ့လွင့်လာခဲ့ခြင်း ဖြစ်ပေသည်။

သည်အထဲ လေးငါးရက်လောက်ကြာတော့ ဦးဝင်းကြည်ကလည်း ဘုတ်ပြင်းမြို့သို့ ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းဖြင့် ခရီး ထွက်သွားပြန်သည်။ သို့ကြောင့် သူသည် ရုံးတက် ရုံးဆင်းအလုပ်ကလေးလောက်နှင့် သူ့စိတ်ကို မထိန်းသိမ်းနိုင်ဖြစ်ကာ အလုပ်ကထွက်ပြီး သက်ရှိရာပင် ပြန်ရကောင်းမလားဟု စဉ်းစားသည်အထိ ဖြစ်လာခဲ့လေသည်။

သို့ဖြင့် သူသည် ညဦးပိုင်း တစ်ရက်တွင် စာရေးစက္ကူကပ်ကို ထုတ်ပြီး သက်ထံ သူပြန်လာခဲ့မည့်အကြောင်း၊ ယခုလကုန်သည်နှင့် အလုပ်ကထွက်တော့မည့်အကြောင်း စာတစ်စောင် ကောက်ရေးလိုက်သည်။

သို့သော် အားလုံးနီးပါးလောက် ရေးပြီးခါမှ သူသည် ဖောင်တိန်ကို ဇက်ကနဲနေအောင် ပစ်ချလိုက်ပြီး ပြတင်းပေါက်မှာ တစ်ယောက်တည်းရပ်ကာ စဉ်းစားနေမိပြန်သည်။ တကယ်တော့ သက်အဆိုပြုသည့်အလုပ်မှာ မကောင်းဟုမဆိုသာ။ သို့သော် သူ အခုလုပ်နေသည့် အလုပ်မျိုးမှာလည်း တိုင်းပြည်အတွက် အမှန်ပင် လိုအပ်နေသည်ဟု သူယုံကြည်ထားသည့် သူ့ယုံကြည်ချက်ကိုလည်း မပယ်ဖျက်နိုင်ချေ။

သူသည် မှောင်ပျပျ ကြယ်ရောင်အောက်တွင် ခပ်ရေးရေးမြင်နေရသော ပင်လယ်ပြင်ကြီးကို ငေးကြည့်ရင်း အတန်ကြာအောင်ပင် စဉ်းစားနေမိသည်။ တအောင့်ကြာတော့ စားပွဲတွင် ရေးပြီးလုနီးပါးဖြစ်နေသော စာရွက်ပြာလေးကို ဇတ်ကနဲ ကောက်ယူပြီး အပိုင်းပိုင်း ပြတ်အောင်ပင် ဆွဲဆုတ်လိုက်လေသည်။

သို့သော်'ကိုယ်ချစ်ရတဲ့ သက်'ဟူ၍ ခေါင်းစဉ်ကလေးတပ်ပြီး စာတစ်စောင်ကိုမူကား ရေးဖြစ်အောင် ရေးလိုက်မိပေသေးသည်၊ အကြောင်းအရာကမူ သက် လက်ထောက်ကထိကကြီး ဖြစ်သွားသည်ကြားရ၍ ဝမ်းသာကြောင်း၊ သူသည်လည်း တိုင်းပြည်အတွက် ရည်ရွယ်ချက်ဖြင့် အဆင်းရဲ အပင်ပန်းခံကာ တာဝန်ထမ်းဆောင်လျှက်ရှိကြောင်း၊ သို့သော် ပျော်ပိုက်လှသည် မဟုတ်ဟု ဆိုနိုင်သော်လည်း တိုင်းပြည်တွင် ယနေ့လိုအပ်သည့် အခက်အခဲမှန်သမျှကို ဇွဲနဘဲကြီးကြီးဖြင့် အနစ်နာခံ ဆောင်ရွက်ရမည်မှာ ယနေ့ လူငယ်ပညာတတ်အားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း စသည်ဖြင့် သက်ကို စည်းရုံးသလိုလို၊ သွေးတိုးစမ်းသလိုလို အဓိပ္ပါယ်ဖြင့် ရေးလိုက်ခြင်း ဖြစ်ပေသည်။

တကယ်တော့ ဤစာသည် သူနယ်ကိုရောက်သည့် တစ်နှစ်ခွဲလောက်အတွင်း ပထမဆုံး ရေးမိသည့်စာဖြစ်သလို၊ အနည်းဆုံး မိတ်ဆွေတစ်ယောက်အနေဖြင့် ရေးသင့်သည့် စာ,ဟူ၍လည်း သူ့,သဘောပေါက်သည်။ သို့ကြောင့်လည်း သူသည် နောက်တစ်နေ့ နံနက် ကော်ဖီသောက်ပြီးသည်နှင့် ကံခေါင်းရပ်ကွက်အတွင်းရှိ စာတိုက်မှာ သူ ကိုယ်တိုင်သွား၍ စာထည့်ခဲ့ပြီး အိမ်သို့ လမ်းလျှောက်၍ ပြန်လာခဲ့လေသည်။

မြိတ်မြို့ နံနက်ခင်းမှာ သာယာလှပသလောက် လမ်းကကျဉ်း၊ အဆောက်အဦးတွေကများ၊ ကားတွေကများပြီး လှုပ်ရှုပ်လှသဖြင့် လမ်းလျှောက်လို့ မကောင်းလှချေ။ အလွန်လှပသည့် သဖန်းသီးမှာ ပိုးတွေရှုနေသည်ကို ကြည့်ရသလို ခံစားမိရင်း လျှောက်လာမိရာ၊ အိမ်ရှေ့ရောက်တော့ ဦးဝင်းကြည်တစ်ယောက် ဖြူးစားကြီး ပြန်ရောက်နေသည်ကို တွေ့ရလေသည်။

သူ အပြေးအလွှား အိမ်ပေါ်တက်သွားတော့ **ဦးဝင်းကြည်**မှာ ပစ္စည်းများကို ချတုန်း၊ ဖြေတုန်း ဖြစ်ရုံမက ခေါင်းက ဝါးခမောက်ကိုပင် မဖြုတ်ရသေး။

''တော့– ဦးဝင်းကြည်ကြီး၊ ဒီတစ်ခါတော့ ဘာလို့ ဒီလောက် မြန်မြန် ပြန်ချလာတာတုန်းဗျ၊ ခင်ဗျားနယ်ဗျာ၊ ကြိုကြိုတင်တင် ပြောရင် ကျွန်တော် လာကြိုမှာပေါ့ဗျာ''

**ကိုအောင်မိုး**က တခွန်းခွန်း ခြေသံများနှင့် တက်သွားရင်း ပြောလိုက်ရာ အလွန် ရွှင်ရွှင်မျမျ နေတတ်သော **ဦးဝင်းကြည်**မှာ ခေါင်းကို တစ်ချက်ကုတ်လိုက်၏။ ပြီး သူ့မျက်နှာကို ရှုံ့မဲ့ပြရင်း–

''အမိုး–ပြော မပြောချင်ပါဘူးဗျာ၊ ကျွန်တော် သွားတုန်းက ဘုတ်ပြင်းမြို့အနဲ့ ငှက်များတိုက် ဖျက်ဖို့ဆိုပြီး သွားတာဘဲဗျ၊ ဒါပေမဲ့ သူပုန်တွေက ရွာတချို့ကို ဝင်တိုက်နေတာနဲ့ ငှက်များတိုက် ဖျက်ရေးသမား ပြေးလာခဲ့ရတယ်။ ဒါနဲ့ ဘုတ်ပြင်းမြို့နယ်အပိုင်းထဲကပဲ လေညွှာနဲ့ ပြည်ကြီးမဏ္ဍိုင်ကို သူပုန်တွေ သုံးရက်လောက် ဝင်စီးသွားတယ်ဆိုတဲ့ သတင်းကိုရော ခင်ဗျား ကြားပြီးပလား''

''ဟင့်အင်း– အသေအချာ မကြားမိသေးဘူး။ လမ်းမှာတော့ ရတနာပုံမိုင်းက ခဲတွေ ဆိုလား။ သူပုန်တွေ သိမ်းသွားသလိုလို ကြားရတယ်''

**ကိုအောင်မိုး**ကလည်း **ဦးဝင်းကြည်**နှင့် ရင်ဆိုင်ရပ်နေရာမှ မနေ့တစ်နေ့က အမှတ်တမဲ့ သူကြားခဲ့ရသည့် သတင်းကို ဖလှယ်လိုက်သည်။

''အေးပေါ့ဗျ၊ အဲဒီ သတင်းပဲ ပြောတာပေါ့၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က သောင်းကျန်းသူ တွေက လေညွှာနဲ့ ပြည်ကြီးမဏ္ဍိုင်ကို ဝင်စီးပြီး၊ သုံးရက်လောက် ထိန်းသိမ်းထားတယ်။ လေညွှာရွာကြီး မှာရှိတဲ့ လျှပ်စစ်မီးစက်ရုံကြီးကို ဖျက်ဆီးလိုက်တယ်၊ ရတနာပုံမိုင်းက ပြည်သူပိုင် ခဲတွေကိုလည်း လုသွားတယ်၊ ပြီးတော့ လေညာကုန်သွယ်ရေးဂိုဒေါင်တွေမှာရှိတဲ့ ပစ္စည်းတွေကိုလည်း လုယူသွားပြီး အနီးအနားမှာရှိတဲ့ ရွာတွေကို ဝေသွားသတဲ့ဗျ၊ ဒီအထဲမှာ ဘိတ်ကနေ ကုန်သွယ်ရေးပစ္စည်းတွေ တင်ပြီး ပို့လိုက်တဲ့ စက်လှေတွေကိုလည်း သူပုန်တွေက ဖမ်းပြီးသိမ်းလိုက်တယ်ဆိုတော့– ဒီကောင်တွေ အင်အားက သိပ်မသေးဘူး။ ကျွန်တော်ရောက်နေတဲ့ဘက်ကို ဦးလှည့်လာနိုင်တယ်ဆိုပြီး ကျွန်တော်လဲ လစ်လာခဲ့တာဘဲဗျ''

**ဦးဝင်းကြည်**က အခုမှ သူ့ဝါးခမောက်ကို ချွတ်၊ မျက်နှာသုတ်ပုဝါ တစ်ထည်ကို ဆွဲယူပြီး အားပါးတရ သုတ်လိုက်ရင်း၊ သူ့စကားကို ရပ်နားလိုက်သည်။ သည်တော့မှ **ကိုအောင်မိုး**ကလည်း အနီးရှိ **ဦးဝင်းကြည်**၏ ကြက်ခြေခွံသေတ္တာပေါ် ထိုင်ချလိုက်ရင်း ...

''ဒါနဲ့ ဦးဝင်းကြည်၊ ဘုတ်ပြင်းတော့ ကျွန်တော်ရောက်ဖူးတယ်ဗျ၊ ဟိုး–ပင်လယ်ပြင်မှာ အင်မတန် ခေါင်ပြီး အင်မတန်ပျင်းစရာ ကောင်းတဲ့မြို့ဘဲ။ ဒါနဲ့ ခု လေညွှာနဲ့ ပြည်ကြီးမဏ္ဍိုင် ဆိုတာ ဘယ်မှာလဲ''

''အဲဒါပေါ့– ရဲဘော်ရ၊ ကျွန်တော်လည်း မရောက်ဖူးသေးလို့ ခုတစ်ခေါက်တော့ ရောက်အောင် သွားမယ်ဆိုပြီး ထွက်တာဘဲ။ ဘုတ်ပြင်းတော့ ဘုတ်ပြင်းမြို့နယ်အပိုင်ဘဲ။ ဒါပေမဲ့ လေညွှာ ပြည်ကြီး မဏ္ဍိုင် သွားချင်ရင် ဘိတ်ကိုတစ်ခေါက်လောက်လာပြီးမှ သွားလို့ရတယ်၊ အဆက်အသွယ်က သိပ်ညံ့ တယ်ဗျာ၊ ကျွန်တော်ကတော့ ဘိတ်ကို မဝင်တော့ဘဲ စက်လှေတစ်စီးနဲ့ သတ်သတ်သွားမလို့ဘဲ။ အဲ– ရတနာပုံမိုင်း ဆိုတာကတော့ ပြည်ကြီးမဏ္ဍိုင်ကနေ မိုင်လေးဆယ်လောက်ဝေးတဲ့ ယိုးဒယားနယ်စပ် ဘဲဗျ''

''မောင်အောင်မိုးရေ၊ ဝေး– မောင်အောင်မိုး''

**ဦးဝင်းကြည်**နှင့် **ကိုအောင်မိုး** သို့ကလို စကားကောင်းနေစဉ် အိမ်ရှင်အဘွားကြီး၏ အရေးတကြီး လှမ်းအော်သံကြောင့် **ကိုအောင်မိုး**က အိမ်လှေကားဝမှ အောက်သို့ ကဲကြည့်လိုက်သည်။ ညှိုသည် လုလင်တစ်ယောက် အိမ်ရှေ့မှာ ရပ်နေသည်ကိုတွေ့ရသည်။

''စာပေးမလို့ပါ ခင်ဗျ၊ ခလက အတွင်းရေးမှူး ဗိုလ်ကြီးလှဝင်းက စာပေးခိုင်းလိုက်လို့ပါ။ အရေးကြီးတယ်လို့ ပြောတာဘဲ''

**ကိုအောင်မိုး**လည်း အိမ်အောက်ထပ် ဆင်းသွားပြီး သူ့ကို လိပ်မူထားသော စာအိတ်ကို ဖောက်လိုက်၏။ ပြီးတော့ နေရာမှာပင် ရပ်ပြီး စာကို အပြေးအလွှား ဖတ်ကြည့်လိုက်လေသည်။

''ဟိုက်– ဦးဝင်းကြည်ရေ့ ဗျို့– ဦးဝင်းကြည် ဖြစ်မှ ဖြစ်ရလေဗျာ၊ အခုဘဲ လေညှာပြည်ကြီးမဏ္ဍိုင်အကြောင်း ပြောနေတယ်၊ အခုဘဲ အဲဒီ့ လေညှာပြည်ကြီးမဏ္ဍိုင်စစ်ဆင်ရေးကို သွားရမတဲ့ဗျ။ ဒီမှာ ခလက.ကပေးတဲ့ စာ''

**ဦးဝင်းကြည်**မှာလည်း **ကိုအောင်မိုး**လိုပင် 'ဗျာ' ဟူ၍ တစ်ချက်သာ ရွတ်နိုင်လိုက်ပြီး နှစ်ယောက်စလုံးပင် စာကို ဝိုင်းဖတ်လိုက်ကြလေသည်။

လေညှာနှင့် ပြည်ကြီးမဏ္ဍိုင်ကို သောင်းကျန်းသူများ ဝင်ရောက်စီးနင်းပြီး ကုန်သွယ်ရေး ပစ္စည်းများနှင့် ငွေသားများကို လုယက်သွားသည့်ပြင်၊ အချို့ပစ္စည်းများကိုဖျက်ဆီးပြီး အချို့ကို နီးစပ်ရာရွာများသို့ ဝေငှသွားသည့်အတွက် ပြည်သူ့ပစ္စည်းများကို တတ်နိုင်သမျှ ပြန်လည် စုဆောင်းရရှိနိုင်ရန် စစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း။ ထိုအဖွဲ့တွင် မြိတ်မြို့မှ နယ်ပိုင်ဦးဖေခင်ဆိုသူက ဥက္ကဋ္ဌ ရဲအရာရှိ သမဝါယမမြို့အုပ်၊ ကုန်သွယ်ရေးလက်ထောက်ဦးစီးနှင့် ပြည်ကြီးမဏ္ဍိုင်တွင် လတ်တလော ရောက်ရှိနေသည့် တပ်ခွဲမှူး ဗိုလ်ကြီးကျော်လှတို့က အဖွဲ့ဝင်ဖြစ်ပြီး၊ အတွင်းရေးမှူးအဖြစ် **ကိုအောင်မိုး**က ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အဖွဲ့၏လုံခြုံရေးကို ဗိုလ်ကြီးကျော်လှက မိမိတပ်ခွဲဖြင့် တာဝန်ယူ စောင့်ရှောက်ရမှာ ဖြစ်ပြီး၊ အဖွဲ့၏တာဝန်မှာ သောင်းကျန်းသူများ လုယက်ယူငင်ပြီး အနှံ့အပြား ဝေငှသွားသည့် ပစ္စည်းများကိုငှ၊ ငွေသားများကိုငှ၊ ပြန်လည်ရရှိအောင် ဆောင်ရွက်ရန်၊ လေညှာရွာ၏ လျှပ်စစ်အဆောက်အဦးနှင့် ဂိုဒေါင်များကို မီးရှို့ဖျက်ဆီးသွားသဖြင့် လေညှာနှင့် ပြည်ကြီးမဏ္ဍိုင်၏ အုပ်ချုပ်ရေးနှင့် ပြန်လည် ထူထောင်ရေးကိစ္စများကို တည်ဆောက်ရန်နှင့် ခလက.သို့ အကြံပြု တင်ပြရန် စသည်ဖြင့် အသေးစိတ် ညွှန်ကြားထားပြီး ခလကဥက္ကဋ္ဌ ကိုယ်တိုင် လက်မှတ် ရေးထိုးထားသည်။

''ကဲ– အဲဒါမှ ကျောက်ပဲ၊ သူပုန်တွေ သောင်းကျန်းတယ်ဆိုကာမှ ခင်ဗျားတော့ သူပုန်နဲ့ တစ်ပွဲ တစ်လမ်း အကဲစမ်းရမယ့် ပုံဘဲဗျ၊ ဘယ်နှယ့်လဲ ကိုအောင်မိုး''

**ဦးဝင်းကြည်**မှာလည်း အခုထိ အဝတ်အစားမလဲရသေးဘဲ သူ့ကုတင်ပေါ်သို့ ပစ်ထိုင် လိုက်ရင်း **ကိုအောင်မိုး**ကို ပြောလိုက်သည်။ **ကိုအောင်မိုး**မှာကား ဘာမှ မပြောနိုင်အားဘဲ စာရွက်ကိုသာကိုင်ပြီး အတန်ကြာ ငိုင်နေမိသည်။ ပြီးမှ **ဦးဝင်းကြည်**နှင့် ယှဉ်၍ ကုတင်ပေါ် ထိုင်ချလိုက်ရင်း ...

''အင်း–ပေးတဲ့ တာဝန်တော့ ထမ်းဆောင်ရမှာပေါ့ဗျာ၊ ပင်လယ်ပြင်မှာတောင် ကျွန်တော်တို့ လူဆယ့်လေးငါးယောက်နဲ့ လှုပ်ရှားခဲ့သေးတာဘဲ၊ တပ်ခွဲတစ်ခွဲလောက်နဲ့ဆိုတော့ မှုစရာတော့ မဟုတ်လှဘူး ထင်တာဘဲ''

''အဟယ် ကိုယ့်လူက၊ ဒီနယ်မြေတွေဟာ သူပုန်တွေရဲ့ အမာခံနယ်မြေ ဖြစ်နေတယ်ဆိုတာလဲ

တွက်ထားအုံးဗျ''

''ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ တာဝန်ကျလာဘီဆိုတော့ တတ်နိုင်သမျှတော့ လုပ်ရတော့မှာပေါ့။ ဒီအတိုင်းဆိုတော့ ကျွန်တော်တို့ရဲ့ သယံဇာတဖြစ်တဲ့ ခဲမိုင်းတွေကို လေ့လာပြီး တိုးတက်အောင် လုပ်နိုင်မယ်၊ သူပုန်တွေဖျက်သွားတဲ့ ကျေးရွာတွေကို ပြင်ပြီး ထူထောင်ရေးကိစ္စတွေကို ဆောင်ရွက်ရမယ်။ ဒါဟာ ဒီနေ့ ကျွန်တော်တို့ ခင်ဗျားတို့ လုပ်ရမယ့် အားလုံးရဲ့ တာဝန်ဘဲပေါ့။ ဒီတော့ ကျွန်တော်တို့ ပြည်သူအတွက် လုပ်တာဘဲဗျာ၊ ယောကျ်ားဘဲဗျာ– ဒီလောက်တော့ သတ္တိရှိရှိ လုပ်ရမှာပေါ့''

''ဟား ဟား ဟား''

**ကိုအောင်မိုး**က တကယ်ပင် သူ့ခံစားချက်အတိုင်း၊ သူ့သတ္တိသွေးအတိုင်း တစ်လုံးချင်း ပြောနေရာမှ **ဦးဝင်းကြည်**က ဖောက်ပြီး တဟားဟား ရယ်လိုက်သဖြင့် သူ့မှာ ကြောင်ရှိပင် သွားလေ၏။

''ဟား ဟား ဟား။ ဒါပေါ့ဗျ ကိုအောင်မိုးရေ၊ ဒါကြောင့်လည်း ခင်ဗျားကို ကျွန်တော် သိပ်သဘောကျတာဘဲဗျ၊ ကဲ–ဒီလို စိတ်တူ ကိုယ်တူနဲ့တွေ့ရမှတော့ သူပုန်နယ်မကလို့ ငရဲပြည်ဘဲဖြစ်ဖြစ် ဝင်းကြည်တို့လည်း ကျေးရွာကျန်းမာရေး စောင့်ရှောက်ဖို့ ခင်ဗျားတို့နဲ့ လိုက်မယ်ဗျာ၊ ကဲ စိမ်လိုက်''

''ဘာ ... ဘာပြောတယ် ဦးဝင်းကြည်''

**ကိုအောင်မိုး**က မယုံကြည်သည့် မျက်နှာဖြင့် ရုတ်တရက် ထ,ရပ်လိုက်ရင်း မေးလိုက်၏။

''ဟား ဟား ဟား၊ ခင်ဗျားတို့သွားမယ့် လေညှာ ပြည်ကြီးမဏ္ဍိုင် စစ်ဆင်ရေးအဖွဲ့နဲ့ ကျွန်တော်လည်း လိုက်မယ်ဗျ၊ ကဲ– ကြာတယ်၊ ပစ္စည်းတွေ ပြန်ထုပ်ပြီးမို့ ခင်ဗျားတို့ကြိုက်တဲ့ အချိန်သာ ထွက်၊ ကျုပ်က အသင့်ဘဲ''

ပေါ်ထွက်စ နေဝန်းသည် မျက်နှာနီဝန်းဝန်းကြီးကို ပြပြီး သိမ်တော်ကြီးစေတီ၏တောင်ကုန်းပေါ်မှာ မေးတင်နေ၏။ မြိတ်မြို့ ဆိပ်ကမ်းငယ်တံတားပေါ်တွင်ကား ရဲအရာရှိ၊ သမဝါယမ၊ ကုန်သွယ်ရေးနှင့် နယ်ဘက်ဆိုင်ရာအရာရှိများအပြင် ကြိုဆိုသူ မိသားစုများနှင့်ပြည့်နက်နေ၏။ ပင်လယ်လေက ခပ်သာသာလေး တိုက်နေသဖြင့်လည်း သူတို့၏ဆံပင်များနှင့် အဝတ်အစားများမှာ တွန့်မြှေမရ လှုပ်ရှားပျံ့လွင့်နေကြသည်။

**ကိုအောင်မိုး**သည်လည်း သူ့အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်ကို ဆွဲပြီး စက်လှေကြီး၏ အပေါ်ထပ်သို့ တက်သွား၏။ **ဦးဝင်းကြည်**ကလည်း သူ့ကြက်ခြေနီသေတ္တာကတစ်ဖက်၊ အိပ်ရာလိပ်က တစ်ဖက်ဖြင့် မနိုင်မနင်း သယ်ပိုးကာ နောက်မှ လိုက်သွားလေသည်။

အဖြစ်အပျက်များကား မြန်ဆန်လွန်းလှသည်။ မနေ့မနက်ကပင် ညွှန်ကြားစာရပြီး အဖွဲ့သားအားလုံးကို နေ့တွင်းချင်း စုစည်း ပြင်ဆင်ကာ သည်နေ့မနက်စောစောတွင် စက်လှေကြီးတစ်စင်းကို သီးသန့်ငှား၍ ချက်ချင်း ခရီးထွက်ရန် ဆိပ်ကမ်းသို့ ရောက်လာကြခြင်း ဖြစ်ပေသည်။

**ကိုအောင်မိုး**သည် ကြီးမားသော စက်လှေကြီးကို တစ်ချက် အကဲခတ်လိုက်ရင်း အပေါ်ထပ် တစ်နေရာတွင် သူ့အိပ်ရာလိပ်ကို ပစ်ချလိုက်သည်။ ထိုစဉ် ဆိပ်ကမ်းဇောတံတားပေါ်မှ ''အာစရိရေ၊ ဗိုလ် အာစရိ ဦးအောင်မိုး''ဟု လှမ်းအော်သံ ကြားလိုက်ရသဖြင့် ပြတင်းပေါက်မှ ထွက်ကြည့်လိုက်ရာ–လား လား **ဦးဆန်းမောင်**တို့အဖွဲ့။

''အဓိဝေး– နတ်လမ်းညွှန် ကိုလှဦးရော ပါ,ပါလား၊ ဟော – ဦးကုလားကြီးကော၊ ဟေ့ ဘပုလဲ ပါတာကိုးကွ၊ နေစမ်းပါအုံး မောင်ရင်တို့က ဘာကိစ္စလဲဟ''

ဆိပ်ခံတံတားပေါ် ဆင်းချလာသော **ကိုအောင်မိုး**က သူ့အစ်မတန် သံယောဇဉ်ရှိနေသည့်**ဇင်ယော်**အဖွဲ့သားများကို တွေ့လိုက်ရသဖြင့် အားပါးတရ ရွှန်းရွှန်းဝေအောင် မေးပြော,ပြောလိုက်သည်။

"ဘာကိစ္စမှမရှိဘူး အာစရိရေ့ အာစရိ အဲဒီ့ဘက်ကို စစ်ဆင်ရေးထွက်ရမယ်ကြားလို့ သတိဝရိယနဲ့သွားဖို့ ပြောရင်း လာနှုတ်ဆက်တာ၊ ဒီမှာ အာစရိရဲ့ ..."

**ဦးဆန်းမောင်**က သူ့မျက်မှန်ကို ထုံးစံအတိုင်း မ,တင်လိုက်ရင်း **ကိုအောင်မိုး**လက်ကို ဆွဲကိုင်လိုက်သည်။ ပြီးတော့ သူ့ဆရာကို သူစေ့စေ့ကြည့်ရင်း ...

"အာစရိ၊ ကျွန်တော်တို့ မပါတဲ့ အာစရိတစ်ယောက်တည်း သွားရတာ နာသများ။ ဘာပဲဖြစ်ဖြစ် အာစရိ ဂရုတစိုက်ထားပြီး လုပ်နော်၊ နယ်မြေကတော့ တဝ မကောင်းဘူး သိလား။ အင်း– ကျွန်တော်တို့လည်း ဟိုင်းသူမိုးတွေကို လုဝင်မှုဥပဒေအရ တရားစွဲနေရတာနဲ့ ခုထိ နည်းနည်းမှ မအားသေးဘူး အာစရိရဲ့၊ ဒါကြောင့် ခုမှ အပြေးအလွှား ဆင်းလာရတာ"

"အေးပေါ့များ၊ ကျွန်တော်လဲ ခင်များတို့ အလုပ်ရှုပ်နေမှန်း သိသားဘဲ၊ ဒါပေမဲ့ ဦးအဝိန်တို့ကို ရှေ့အပတ်ထဲမှာ ရုံးတင်မယ်ကြားတယ်ဗျ၊ လုပ်စရာရှိတာတော့ ကိုယ့်ဘက်က ပိုင်အောင်သာ လုပ်၊ ပြီးတော့ မမြဝင်း"

ထိုစဉ် အနီးတွင် ရပ်နေသူ **ဘပု**က **ကိုအောင်မိုး**လက်ကို လှမ်းကိုင်လိုက်သဖြင့် **ကိုအောင်မိုး**မှာ စကားပြတ်သွားသည်။ ပြီးတော့ **ဘပု**က **ကိုအောင်မိုး**လက်ကို ကိုင်ရုံမက လူရှင်းရာ တစ်နေရာသို့ ဆွဲခေါ်သွားပြီး ...

"ဆရာရေ့ ဒီခရီးကိုတော့ ဆရာ ကြပ်ကြပ်သာ သတိထား သွားပေတော့၊ ဦးအဝိန်တို့က ဆရာ့အပေါ်ကို အတော် မကျေမနပ်ဖြစ်ပြီး ဆရာ အနုသွားမယ်လုပ်တော့ ဟိုဘက်က သူပုန်အဖွဲ့ကို အကြောင်းကြားထားတယ်လို့ သဲ့သဲ့ကြားရတယ်"

ဂင်တိုတို ပုပုဝိုင်းဝိုင်းနှင့် **ဘပု**က အလွန် စိုးရိမ်သည့်မျက်နှာနှင့် အသံကို တတ်နိုင်သမျှ အုပ်ပြီး ပြောလိုက်သည်။ **ကိုအောင်မိုး**ကား **ဘပု**စကားကိုပင် မယုံနိုင်ဖြစ်ကာ အသက်ပင် မရှူအားဘဲ ...

"ဟင်– နေပါအုံး ဘပုရ၊ ဒီလူကြီးက သူပုန်နဲ့ကော အဆက်အသွယ် ရှိနေလို့လား"

"ဟာ– ဆရာကလည်းဗျာ။ ဒီလိုကောင်ကြီးတွေဟာ မြေပေါ် မြေအောက် အားလုံးအဆက်အသွယ်ရှိတာပေ့ါ၊ သူ့ စက်လှေတွေ ပင်လယ်ထွက်နေတာ ဆက်ကြေးပေးပြီး ထွက်နေတာဘဲ ဆရာရဲ့"

**ကိုအောင်မိုး**ကား ဘာတစ်လုံးမှ မပြောနိုင်တော့ပါ။ စောစောက ရွှင်ပျပျရှိနေသော သူ့မျက်နှာမှာ ပင်လယ်တွင် ရုတ်တရက် မိုးအုံ့လာသလို အုံ့ဆိုင်းသွားသည်။ ပြီးတော့ သူ့စိတ်ထဲမှာ မုန်တိုင်းကျသလို ပြေးကြ၊ လွှားကြ၊ အော်ကြ ဟစ်ကြသည့်အသံများကိုလည်း ကြားရသလို ခံစားမိရ၏။

တကယ်တော့ ဆိပ်ကမ်းမှာ မုန်တိုင်းကျသည် မဟုတ်ပါ။ အချိန်သတ်မှတ်ထားသော စက်လှေက ထွက်ခွာရန် အချက်ပေးလိုက်သဖြင့် အဖွဲ့ဝင်များကို လာရောက် နှုတ်ဆက်ကြသည့် မိတ်ဆွေများ၊ မိသားစုများနှင့် စက်လှေလုပ်သားများ ရုတ်ရုတ်သဲသဲနှင့် ပြေးကြ လွှားကြခြင်းပင်တည်း။

**ကိုအောင်မိုး**လည်း စက်လှေပေါ် ပြန်ရောက်သည်နှင့် သူ့ဘဝရှေ့ရေးကို ဘယ်လို ဖန်တီးမည်ဟု မည်သူမျှ တပ်အပ် မပြောနိုင်သည့် ခရီးတစ်ထောက်လည်း စတင်ခဲ့ပြန်ပါပြီ။ **ဦးဆန်းမောင်**နှင့် **ဘပု**တို့လည်း လက်တပြပြ နှုတ်ဆက်ရင်း ဝေး၍ ဝေး၍ ကျန်ခဲ့လေပြီ။

**ကိုအောင်မိုး**ကား ကြာရှည် မျိုသိပ် မထားနိုင်တော့၊ ကြက်ခြေနီသေတ္တာမှ ဆေးပစ္စည်းများကို

စနစ်တကျ စီစဉ်နေသော **ဦးဝင်းကြည်**အား ဘဟုပြောသွားသည့် သတင်းကို ဖွင့်ထုတ်တိုင်ပင်ရတော့၏။ ပထမတော့ **ဦးဝင်းကြည်**လည်း အတော်ပင် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ပြီးမှ **ကိုအောင်မိုး** ပို၍စိတ်ထင့်မည်ကို စိုးရိမ်၍လား။ သို့မဟုတ် သူကိုယ်တိုင် မမှုလောက်ဟု ယူဆ၍လားမသိ ...

" ဒီမှာ ကိုအောင်မိုးရာ၊ သိပ်လည်း ဒီလိုလူတွေကို ဂရုစိုက်မနေစမ်းပါနဲ့၊ ကျွန်တော်တို့လည်း လက်နက်နဲ့ဘဲဗျ၊ ပြီးတော့ ပြည်ကြီးမဏ္ဍိုင်မှာ တပ်ခွဲကြီးတစ်ခုလုံးလည်း ရောက်နေပြီ ဥစ္စာ၊ ကျွန်တော်တို့ကသာ သတိဝီရိယ နည်းနည်းထားရင် ဘာမှ မှုစရာမရှိပါဘူး"

သည်လိုတွက်တော့လည်း စိုးရိမ်စရာမရှိဟု မဆိုနိုင်သည့်တိုင် စိတ်ပြေစရာတော့ရသည်ဟု ဆိုရပေမည်။ သို့ကြောင့်လည်း သူသည် တွေး၍ ပူလျှင် လောကမှာ နေစရာပင် ရှိမည်မဟုတ်ဟု သဘောထားကာ လေညှာ ပြည်ကြီးမဏ္ဍိုင်၏ မြေပုံလိပ်များကို ဆွဲထုတ်ပြီး အဖွဲ့ဝင်များရှိရာသို့ ထ,လာခဲ့သည်။

အဖွဲ့ဥက္ကဋ္ဌမှာ အသက် ၅၀– နီးပါး၊ အရပ်နိမ့်နိမ့် အသားမဖြူမညိုနှင့် ခပ်ပျော်ပျော် နေတတ်သူဖြစ်၏။ ရဲအရာရှိကြီးကြာညို ဆိုသူကား **ဦးကုလား**လိုပင် ဆေးပြင်းလိပ်ကို လက်က မချသူဖြစ်၏။ ကုန်သွယ်ရေးဆရာကား ဝတ်ကောင်းစားလှလေးနှင့် စီးကရက်ကို လက်ကြားညပ်ပြီး ဒူးနှံ့နေတတ်၏။ သူတို့ထဲတွင် ထူးထူးခြားခြား ရိုးရိုးကုပ်ကုပ် ရှိလှသူကား သမဝါယမမှ ဦးအေးမြင့် ဆိုသူပင်တည်း။

သူတို့သည် မြေပုံကို ချခင်းပြီး ခရီးစဉ်များကို ရေးဆွဲကြ၏။ ကုန်သွယ်ရေးဆရာက သူဆုံးရှုံးရသည့်ပစ္စည်းနှင့် ငွေသားများကိုစွက် အသေးစိတ် တင်ပြ၏။ သမဝါယမဆရာကမူ ထိုနယ်တစ်ခွင်ရှိ လလသသအသင်းများ အခြေအနေနှင့် ပြဿနာပေါင်းစုံကိုလည်းကောင်း၊ သောင်းကျန်းသူများက လုယက်ထားသည့် ပစ္စည်းများကို ဝေငှရာတွင် လလသသလူကြီးများမှတဆင့် ပေးဝေသဖြင့် လူကြီးများက ပစ္စည်းမဝေဘဲ ထားသည့်ကိစ္စများကိုငင်း။ တစ်လမ်းလုံး ဆွေးနွေးပြောဆိုကြရာ **ကိုအောင်မိုး**မှာ သူဘယ်ရောက်၍ ဘာလုပ်နေသည်ကိုပင် သူ့ဟာသူ မေ့သလို ဖြစ်နေမိလေသည်။

သူသတိရ၍ ကြည့်လိုက်တော့ ပင်လယ်မှာ မှောင်စပျိုးနေပြီး စက်လှေကြီးသည်လည်း ရွှေဂဲညို တံငါရွာကလေးရှေ့မှာ ကျောက်ချ၍ စီစဉ်နေသည်ကို တွေ့ရလေသည်။ သည်ရွာမှာ တစ်ထောက်နားပြီး မိုးလင်းသည်နှင့် လေညှာမြစ်အတွင်း ဝင်ခဲ့ရာ နံနက် ၁၁–နာရီခန့်တွင် ပြည်ကြီးမဏ္ဍိုင်ဆိပ်ကမ်းသို့ ရောက်ခဲ့ကြတော့သည်။

ဆိပ်ကမ်းနှင့် မနီးမဝေးရှိ တောင်ကုန်းပေါ်တွင်ကား အဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်ခွဲမှူး ဗိုလ်ကြီးကျော်လှတို့တပ်က တပ်စွဲထားသည်ကို တွေ့ရလေသည်။

"ဟဲ–အတွင်းရေးမှူးကြီး၊ တောဒီ တောင်ခြေမှာ မြင်ရတဲ့ ရွာကလေးက ပြည်ကြီးမဏ္ဍိုင် တောဒီမြစ်ရဲ့ ဟိုဘက်ကမ်းမှာ တွေ့လား အဲဒါက လေညှာရွာကြီးဗျ၊ မြို့လောက်ကိုကြီးတယ်၊ မနက်ဖြန်ကျရင် ရွာလုံးကျွတ် တစ်အိမ်တစ်ယောက် အစည်းအဝေးတက်ဖို့ ကျွန်တော် စီစဉ်ထားတယ်။ ပြီးတော့ ရာတနာပုံမိုင်းက လူကြီးတွေလည်း မနက်ဖြန်ရောက်လာလိမ့်မယ်၊ ခင်ဗျား အလုပ်ကတော့ မသေးဘူးဗျို့၊ နေ့ရော ညရော လုပ်ရမှာဘဲ"

တပ်ကုန်းပေါ်သို့ ရောက်ရောက်ခြင်း အသားဖြူဖြူ ပိန်ပိန်ရှည်ရှည်နှင့် ဗိုလ်ကြီးကျော်လှက တောင်ကုန်းတစ်နေရာတွင် ရပ်ရင်း **ကိုအောင်မိုး**ကို ရှင်းပြလိုက်သည်။ **ကိုအောင်မိုး**မှာလည်း အခုထိ သွေ့ယူနီဖောင်းနှင့် ဓါးက သေနတ်အိတ်ကိုပင် မဖြုတ်နိုင်သေးဘဲ မြင်ကွင်းတစ်ခုလုံးကို သိုင်းခြုံ၍

ကြည့်နေမိ၏။ ထိုစဉ် ခပ်ခပ်လှမ်းတွင် သစ်ပင်တောအုပ်များနှင့်၎င်း၊ အုန်းပင် အုန်းလက်များနှင့်၎င်း၊ သာတောင့်သာယာရှိလှသော ရွာကလေးတစ်ရွာကို လှမ်းမြင်ရသဖြင့် ...

''ဗိုလ်ကြီး။ ဟိုရွာကလေးကြည့်ရတာ အတော့်ကို သာယာပုံဘဲ၊ ပြည်ကြီးမဏ္ဍိုင်ကြီးရွာအဆက်ပဲလား''

**ကိုအောင်မိုး**က ရွာထိပ်ရှိ မြေနီလမ်းကလေးကိုပင် လှမ်းမြင်နေရသော ရွာကလေးကို လက်ညွှန်ပြရင်း မေးလိုက်၏။

''မဟုတ်ဘူးဗျ ကိုအောင်မိုး။ သူက ဘန်ဂလားကျေးရွာလို့ ခေါ်တယ်၊ အမှန်တော့ ကျေးရွာအုပ်စုရွာကြီးပေါ့။ ဒီပြည်ကြီးမဏ္ဍိုင်ရွာကလေးဟာ သူ့အုပ်စုထဲမှာ ပါတယ်လေ။ အဲဒီရွာကိုလည်း သူပုန်တွေက ပစ္စည်းတွေ အတော်များများ ဝေသွားတယ်ဗျ''

''အင်း– ဘန်ဂလားဆိုတဲ့ အမည်ထက်၊ ပြည်ကြီးမဏ္ဍိုင်ဆိုပြီး ဒီရွာနှစ်ရွာ ပေါင်းခေါ်လိုက်ရင် ပိုကောင်းမယ်ထင်တယ်။ ရွာကလေးက သာယာပြီး ဘန်ဂလားဆိုတဲ့နာမည်ကြီးက တစ်မျိုးကြီးဘဲ ဗိုလ်ကြီးရ''

**ကိုအောင်မိုး**က သူ့စိတ်ကူးထဲ ဝင်လာသည့်အတိုင်း ပြောလိုက်ရာ ဗိုလ်ကြီးကျော်လှက သူ့ကို အကဲခပ်သလို အနေအထားဖြင့် လှမ်းကြည့်ရင်း ...

''အင်း– ကိုအောင်မိုး။ ခင်ဗျား အတော် မြင်တတ်တဲ့ လူဘဲ။ ဒါကြောင့်လည်း ခင်ဗျားကို အတွင်းရေးမှူးတာဝန် ပေးလိုက်တာဖြစ်ရမယ်။ ဒီလေ့ဗျ၊ ကျွန်တော်တို့အလုပ်က သူပုန်တွေ ပစ်စလက်ခတ် လုပ်သွားတာကို ပြန်စုစည်း၊ ဖျက်ဆီးသွားတာတွေကို ပြန်ပြင်၊ မြို့ရွာတွေကို ပြန်ဖွဲ့စည်း။ ဒီမှာ ကိုအောင်မိုး ဒီပြည်ကြီးမဏ္ဍိုင်မှာ လက်ထောက်မြို့ပိုင်ရုံးတောင် ဖွင့်ထားတာဗျ။ အဓိက အလုပ်က ရတနာပုံမိုင်းကခဲတွေကို ဘိတ်ကို သယ်ပို့ပေးတဲ့နေရာမှာ ဒီ ပြည်ကြီးမဏ္ဍိုင်ဟာ အချက်အချာ ဆိပ်ကမ်းတစ်ခုဘဲ။ ပြီးတော့ ဘုတ်ပြင်းမြို့နဲ့ လက်လှမ်းမမှီဘဲ ဒီဘက်ခြမ်းမှာရှိတဲ့ ကျေးရွာပေါင်း တစ်ရာနီးပါးရဲ့ လူမှုရေး၊ စီးပွားရေးကို စီမံခန့်ခွဲဖို့အတွက် ဒီပြည်ကြီးမဏ္ဍိုင်ကို မြို့နယ်အဖြစ် တည်ဆောက်ဖို့လည်းလိုတယ်လို့ ထင်တယ်ဗျ''

ဗိုလ်ကြီးကျော်လှကလည်း သူနှင့်အမြင်ခြင်းတူသူ တစ်ယောက်ကို ရုတ်တရက် တွေ့မိသည့်အလား။ မတ်တပ်ရပ်လျက်ပင် သူ့အမြင်နှင့် သူ့တွေ့ရှိချက်များကို ဖေါက်သည် ချလိုက်သည်။ မှန်ပါသည်။ **ကိုအောင်မိုး**အလုပ်မှာ အမှန်ပင် တာဝန်ကြီးလေးလှပါသည်။ လုပ်ငန်းပမာဏကလည်း အတော်ပင် များပြားလှသည်ဟုဆိုရပေမည်။

မည်သို့ဆိုစေ၊ တိုင်းပြည်၏ သယံဇာတ ကာကွယ်ရေးလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် **ကိုအောင်မိုး**မှာ အခု ပြည်ကြီးဏ္ဍိုင် တည်ဆောက်ရေးလုပ်ငန်းကို သူ့တတ်အားသမျှ ဆောင်ရွက်ရဦးမည်သာ ဖြစ်ပေသည်။ သို့ကြောင့်လည်း သူသည် နောက်တစ်နေ့ နံနက်လင်းသည်နှင့် အဖွဲ့ဝင်များနှင့်အတူ လေညာကမ်းသို့ ကူးလာခဲ့လေသည်။ တသင်ကျောင်းတစ်ကျောင်းမှာ စုစည်း ချိန်းဆိုထားသည့် လေညာရွာသားများနှင့် တွေ့ဆုံရန်ပင်တည်း။

နေမှာ ပွင့်လင်း သာယာလျှက်ရှိသည်။ ရာသီကား နွေခေါင်ခေါင် တန်ခူး။ ကဆုန်သို့ပင် ရောက်လေပြီ။ လမ်းဆုံ လမ်းမများတွင် သာမက ကျောင်းပတ်ချာလည်မှာလည်း ဗိုလ်ကြီးကျော်လှ၏ ရဲဘော်များက ကင်းယူထားကြ၏။ ကျောပြောင်ပြောင်နှင့် လယ်သမား ကြီးများ။ ပုဆိုးကို ခေါင်းပေါင်းထားသည့်

ရှမ်းအဖိုးကြီးများ၊ လူငယ် လူရွယ်များနှင့် သားသည်အမေများ စသည့် ရွာသားများကား လေးငါးရာခန့်။

**ကိုအောင်မိုး**၏ ပထမဆုံးအလုပ်မှာ သောင်းကျန်းသူများက ပြည်သူပိုင်ပစ္စည်းများကို လုယက်ပြီး ထင်သလို ပေးကမ်းသွားသည့် ပစ္စည်းများကို ရွာသူရွာသားများအား စနစ်တကျ ရောင်းချပေးနိုင်ရန်အတွက် ကုန်သွယ်ရေးသို့ ပြန်လည်ပေးအပ်ကြရန် ရှင်းလင်းတင်ပြရသည်။ ပြီးတော့ စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ လယ်ယာအသင်းများ ကျစ်လစ်ခိုင်မာရေးနှင့် မြို့ရွာတည်ဆောက်ရေးကိစ္စများကို ရှင်းလင်း တင်ပြရာ ရွာသူ ရွာသားများက အားတက်သရောဖြင့် သူတို့ရရှိထားသည့် ပစ္စည်းများကို ပြန်လည်ပေးအပ်၊ ငွေချေးသူကချေး၊ **ဦးဝင်းကြည်**ထံမှ ဆေးတောင်းသူက တောင်းဖြင့် အစည်းအဝေးမှာ သိုက်မြိုက် အောင်မြင်စွာပင် ပြီးဆုံးသွားလေသည်။

သို့သော် သူတို့အဖွဲ့ ပြည်ကြီးမဏ္ဍိုင်ကမ်းသို့ ပြန်ရောက်သည်နှင့် လေညှာက ကျောင်းဆရာတစ်ဦး အမြေးအလွှား ရောက်ရှိလာပြီး ...

"ဆရာ ဦးအောင်မိုး၊ တောတော က ကျွန်တော်လဲ မသိလိုက်ဘူး။ အခုမှ ရွာသားတစ်ယောက်က ကျွန်တော်တို့ အစည်းအဝေးထဲမှာ သူပုန်သုံးယောက် ရုပ်ဖျက်လာပြီး ဆရာကို သေသေချာချာ မှတ်သွားတယ်လို့ ပြောတယ်"ဟု ဆိုလိုက်ရာ အလုပ်တွေတသီကြီးနှင့် လှုပ်ရှားနေသော **ကိုအောင်မိုး**မှာ ဖြူးကနဲ့ သံပတ်ပြတ်သွားသော စက်ရုပ်လို တန့်ကနဲ ဖြစ်သွားရ၏။ သူ့ခေါင်းထဲမှာလည်း ဘပု ပေးလိုက်သော သတင်းကို ပြေးသတိရပြီး ခါးက ခြောက်လုံးပြူးကိုပင် ယောင်၍ ကိုင်လိုက်မိသည် အထိ စိုးရိမ်စိတ်က ဝင်လာပြန်လေသည်။

သည်အတိုင်းဆိုပါက **ကိုအောင်မိုး**မှာ သစ္စာဖောက် **ဦးအဝိန်**၏ ဘက်တော်သား အဖျက်သမားများနှင့် တစ်နေရာရာတွေ့ရတော့မည်ကား သေချာနေလေပြီ။ ခက်သည်က သူ့မှာ သည်တာဝန်တွေကို မဆောင်ရွက်၍လည်း မဖြစ်။ သည်နယ်မြေတွေကို မသွား၍လည်း မရ။ အခုပင် ကျေးရွာအတော်များများမှ လူကြီးများ သူတို့အဖွဲ့နှင့် တွေ့ဆုံရန် တဖွဲဖွဲ ရောက်နေကြလေပြီ။

သို့ကြောင့် သူသည် ဗိုလ်ကြီးကျော်လှကိုသာ အခြေအနေအရပ်ရပ်ကို ရှင်းလင်းတင်ပြပြီး နောက်တစ်နေ့တွင် အလွန်အရေးကြီးသည့် ရတနာပုံမိုင်း အခြေအနေကို စစ်ဆေးလေ့လာရန်၊

" ကားကလည်းရပ်၊ ဆင်ကြီးကလည်း ကိုက်အစိတ်လောက် အကွာမှ တန့်၍ ရပ်၊ ကားလမ်းတစ်ခုလုံး ပြည့်နှက်နေသည့် ဆင်အုပ်ကြီးကလည်း နားရွက်ပင် မခပ်ပဲ စုံရပ်ပြီး ကြည့်နေရကား "

တပ်စိတ်တစ်စိတ် အစောင့်အရှောက်ဖြင့် **ဦးဝင်းကြည်**ကိုခေါ်ပြီး ခရီးထွက်ခဲ့ရပြန်သည်။ ကျန်အဖွဲ့ဝင်များကား ကျေးရွာများမှ ရောက်ရှိနေကြသည့် လူကြီးများနှင့် တွေ့ဆုံညှိနှိုင်းရန်အတွက် ပြည်ကြီးမဏ္ဍိုင်တွင် ကျန်ရစ်ခဲ့လေသည်။

နံနက်ခင်း နေသည် တောရိပ်တောင်ထွယ်များကို ဖေါက်ထွင်း၍ ကားလမ်းပေါ်သို့ ဖြာကျ ထွန်းလင်းနေ၏။ တောကောင်များ၏ အော်သံနှင့် ငှက်ကလေးများ၏ တကျီကျီ တကျွတ်ကျွတ် အော်သံ၊ အရှိန်နှင့် မောင်းနှင်လာသော ထရပ်ကားကြီး၏ ကားသံကိုပင် ကျော်လွှားဖေါက်ထွင်းကာ အတိုင်းသားကြားနေရလေသည်။

**ကိုအောင်မိုးနှင့် ဦးဝင်းကြည်**သည် အရိုင်ဗာအနီး ရှေ့ခန်းတွင် အတူထိုင်၍ ပါလာကြ၏။ နောက်ပိုင်းတွင်ကား တပ်ကြပ်ကြီးစိုးတင် ဦးဆောင်သော တပ်စိတ်တစ်စိတ်က လက်နက်အပြည့်အစုံဖြင့် စောင့်ရှောက်လိုက်ပါလာလေသည်။

တောမှာ တဖြေးဖြေးနှင့် နက်သည်ထက် နက်လာ၏။ လမ်းကလည်း တစ်ခါတရံ တောင်စွယ်တစ်ခုမှ ဟပ်ထိုးကြီး ထိုးဆင်းသွားပြီး တောင်ခြေရှိ ခနော်ခနဲ့ တံတားပေါ်ရောက်တော့မှ ကားမှာပြိုလဲသွားတော့မလားဟု ထင်ရလေသည်။ သို့နှင့် **ကိုအောင်မိုး**တို့ ထရပ်ကားသည် ပြည်ကြီးမဏ္ဍိုင်မှထွက်ခဲ့ပြီး ခရီးအလယ်လောက်ရောက်တော့ တောင်ကုန်းတစ်ခုပေါ်မှ အရှိန်နှင့် ထိုးဆင်းလိုက်ရာ **ကိုအောင်မိုးနှင့် ဦးဝင်းကြည်**တို့နှစ်ယောက်လုံးမှာ ဖြူးကနဲ မျက်စိများပင် ပြာဝေသွားသည်ဟု ထင်လိုက်ရလေသည်။

"ဆင်– ဆင်ဗျို့ အမိုးဝေး နည်းတဲ့ ဆင်အုပ်ကြီးလား။ ဗျို့ … ကားဆရာ၊ ကားကိုရပ် … ရပ်"

**ဦးဝင်းကြည်**က အရှိန်နှင့် သွားနေသော ကားပေါ်တွင် ထရပ်တော့မလိုပင် အလောတကြီး အော်ဟစ်လိုက်၏။ **ကိုအောင်မိုး**မှာလည်း **ဦးဝင်းကြည်**၏ အော်သံကြောင့် လှုပ်ရှားသွားရသည့်အထဲ အရှိန်နှင့် ပြေးဆင်းလာသော ကားက ဆင်အုပ်ကြီးကိုများ ဝင်တိုးတော့မလားဟု ရင်တဒိတ်ဒိတ် ခုန်မိရင်း …

"ဗျို့– ကိုတင်လှ ရပ်ပါဗျ၊ ကားကိုရပ်ပါ"

ပြောသာ ပြောရသော်လည်း အရှိန်နှင့် ဆင်းလာသော ကားက ချက်ချင်း ရပ်၍မရ၊ မျိုင့်ဝှမ်းတစ်ခုလုံး ပြည့်နှက်နေသော ဆင်အုပ်ကြီးကလည်း သူတို့ကို မမြော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ကားကိုပေကြည့်နေ၏။ အထူးသဖြင့် ရှေ့ဆုံးမှ အလွန်ကြီးမားသော စွယ်စုံဆင်ကြီးကား အစွယ်နှစ်ချောင်းကို မိုးပေါ်ထောင်ပြီး ကားရှိရာသို့ လှမ်းထွက်လာနေသည်ကို တွေ့ရခြင်းပေတည်း။

သို့သော် ကားဘရိတ်က တကျီကျီ၊ စက်သံတဝေါဝေါနှင့် ကားက ဝုန်းကနဲ ထိုးရပ်လိုက်သည့်အခါတွင်ကား၊ စွယ်စုံဆင်ကြီးသည်လည်း ပေတရာလမ်းပေါ်တွင် သူတို့ကို မော်ကြည့်ပြီး တန့်ကနဲ ရပ်လိုက်တော့သည်။

ကားကလည်းရပ်၊ ဆင်ကြီးကလည်း ကိုက်အစိတ်လောက်အကွာမှ တန့်၍ ရပ်။ ကားလမ်းတစ်ခုလုံး ပြည့်နှက်နေသည့် ဆင်အုပ်ကြီးကလည်း နားရွက်ပင်မခပ်ပဲ စုံရပ်ပြီး ကြည့်နေရကား နောက်ပိုင်းမှ ရဲဘော်များသည်ပင် သေနတ်များကို အသင့်ကိုင်ပြီး မလှုပ်ရဲအောင် ဖြစ်နေကြလေသည်။

တအောင့်ကြာမှ ဆင်ကြီးသည် တဖြေးဖြေးချင်း သူ၏ဦးကင်းကို ချလိုက်ပြီး ဝူးကနဲ တစ်ချက်အော်ကာ ကားလမ်းတစ်ဖက်ဘေးသို့ ဆင်းသွားမှ အခြား ဆင်ထီး၊ ဆင်မ၊ ဆင်ပျို၊ ဆင်အိုနှင့် ဆင်ပေါက်

ကလေးများသည်လည်း ဆင်အုပ်အလယ်သို့ တိုးဝှေ့ ဝင်ရောက်ကာ တရွေ့ရွေ့ချင်း ဆင်းသွားကြလေသည်။

''အမိုး တွေ့မယ့်တွေ့တော့လဲ ပြေးပေါက်ကိုမမြင်တဲ့ ဆင်အုပ်နဲ့ကို တွေ့ရတာကိုးဗျ။ အင်း... မောလိုက်တာ အသက်တောင် ဘယ်လိုရှူရမှန်း မသိဘူး''

သည်တော့မှ **ဦးဝင်းကြည်**က အသက်ရှူချောင်သွားသလိုဖြင့် မောကြီးပန်းကြီး ပြောလိုက်ရာ အားလုံးမှာလည်း အရမ့် ပြောလားဆိုလားနှင့် လှုပ်လှုပ်ရွရွ လုပ်နိုင်ကြတော့၏။ ရပ်ထားသော ကားပေါ်မှ ဆင်အုပ်ကိုသာ ငေးကြည့်နေသော **ကိုအောင်မိုး**ကမူ ...

''အင်း လက်စသပ်တော့ ကျွန်တော်တို့က ဝါးတောကြီးထဲ ရောက်လာကြတာကိုးဗျ။ ကြည့်စမ်း ပါအုံး ဝါးတောကြီး။ နည်းတဲ့ဝါးတွေလား။ ဝါး။ ဝါး အမျိုးကို စုံနေတာဘဲ''

**ကိုအောင်မိုး**က ဆင်အုပ်သွားရာ လမ်းညွှန်ရင်း၊ သူ့ပတ်ချာလည်ရှိ ဝါးတောကြီးကိုလည်း လိုက်ကြည့်ရင်း အံ့သြတကြီး ပြောလိုက်၏။ သည်တွင် ဘရိတ်ကို ဖြုတ်ချပြီး ကားဂီယာသွင်းနေသော ဒရိုင်ဗာကိုတင်လှက ...

''ဒီလမ်းမှာ ဝါးတောကတော့ ဆရာ၊ ဆရာ သတိမထားမိလို့ ဖြစ်မယ်၊ တစ်လမ်းလုံး တစ်တောလုံး ဝါးကြီးဘဲ။ ဝါးမှ ဝါးမျိုးစုံ ဆရာရဲ့''

''အင်း– ဒါကြောင့်လည်း ဆင်သိပ်ပေါတာ ဖြစ်မှာပေါ့၊ ဒါနဲ့ ခင်ဗျားတို့ ဒီဝါးတွေကို ဒီမှာ ဘယ်လို အသုံးချကြလည်း''

''တောင်းရက်၊ ဖျာရက်၊ တဲထိုး၊ အိမ်ဆောက် ဒီလောက်ပါဘဲ ဆရာရယ်၊ ဒီလောက်နဲ့လဲ ဘယ်ကုန်နိုင်ပါ့မလဲ၊ မနှစ်တစ်နှစ်တုန်းကတော့ စက္ကူစက် တည်ဘို့ဆိုလား ပြောကြ ဆိုကြသံတော့ ကြားလိုက်ရသား''

ဒရိုင်ဘာလုပ်သူက ကားဂီယာကိုပြောင်း၍ ကားကို တစ်ဆစ်ချိုးသို့ ကွေ့ချလိုက်ရင်း **ကိုအောင်မိုး**ကို ပြောပြလိုက်သည်။ သည်တွင် သူတို့နှစ်ယောက်ကြားမှာ ဟိုကြည့် သည်ကြည့် လုပ်နေသော **ဦးဝင်းကြည်**က သူ့ဝါးခမောက်ကို ခေါင်းက ဖြုတ်လိုက်ရင်း ...

''ဒီမှာ ရဲဘော်ကြီးရေ၊ ခင်ဗျား ဝါးအကြောင်းတော့ ဟုတ်ပါပြီ၊ ဆင်တွေကော ဖမ်းတဲ့လူ မရှိဘူးလား ဆင်–ဆင်''

**ဦးဝင်းကြည်**၏လေသံမှာ စောစောက ဆင်အုပ်အပေါ် ဝန်တို မိစ္ဆာပွားသည့် လေသံမျိုးဖြစ်၏။

''ဟာ ဆရာကလဲ၊ ဒီလေညာပြည်ကြီးမဏ္ဍိုင် တစ်ဝိုက်မှာ ဆင်ဖမ်းတဲ့အလုပ် သိပ်ရှိတာပေါ့၊ ဒါပေမဲ့ စနစ်တကျ မရှိပါဘူး ဆရာရယ်၊ ဖမ်းတဲ့လူက ဖမ်း။ ပစ်တဲ့လူက ပစ်နဲ့ တန်မကျဘူး''

**ကိုအောင်မိုး**ကား အလုပ်တာဝန်တစ်မျိုး တိုးလာပြန်ချေပြီ။ ပြည်ကြီးမဏ္ဍိုင်ကို နိုင်ခံအောင် တည်ဆောက်မည်ဆိုလျှင် သည်လုပ်ငန်းတွေကို စတင်,အကောင်အထည် ဖော်ရမည်။ သည်မျှ ကြီးမားကျယ်ပြောသော ဝါးတောကြီးကို ဘယ်လို အသုံးချဖို့ စီမံကိန်းရေးဆွဲမလဲ။ တောင်းရက်၊ ဖျာရက်နှင့် ကျည်ပွတ်လုပ်သည့်လုပ်ငန်းများကို စုစည်းပြီး ဘယ်လို သယ်ယူဖို့ဆောင်မလဲ။ ဒါ့မှမဟုတ် အနီးအနားမှာ စက္ကူစက်တည်နိုင်ရေးအတွက် ဘယ်လို အချက်အလက်တွေကို ရှာဖွေပြီး ဘယ်လို အကြံပြုတင်ပြမလဲ။

သူသည် စဉ်းစားရင်း တဂျုံးဂျုံးမြည်ဟီးနေသည့် ကားပေါ်မှ ငေး၍လိုက်ပါလာသည်။ ထိုစဉ် အခုထိ အခဲကျေဟန် မရှိသေးသော **ဦးဝင်းကြည်**က ...

'' ဒီမှာ ကိုအောင်မိုး၊ ဒီဘက်နယ်မှာ ဆင်တွေ စနစ်တကျ ဖမ်းဆီးဖို့ကိစ္စကိုလဲ ခင်ဗျားတို့အဖွဲ့ကို တင်ပြပြီး စဉ်းစားဖို့ ကောင်းတယ်ဗျ၊ ဥပမာဗျာ ဆင်ဖမ်း သမဝါယမ ဖွဲ့စည်းပေးတာပေါ့၊ ဒါဆိုရင် တိုင်းပြည်ဝင်ငွေ ဘယ်လောက်တိုးလာမလဲ၊ ဆင်တွေလဲ ခုနက ဟိုရဲဘော်ကြီး ပြောသလို စည်းမဲ့ ကမ်းမဲ့ ဆုံးရှုံးမှု မရှိဘူးပေါ့''

ကိုအောင်မိုးကား ဦးဝင်းကြည်ကို တစ်ချက်သာ ငေးကြည့်ရင်း ငြိမ်နေလိုက်ပါသည်။ သူ့စိတ်တွင်ကား စက်ခေါင်းတိုင်မှ မီးခိုးတွေ တလူလူထွက်နေသလို အလုပ်တွေက တသီကြီး ပေါ်လာနေ၏။ သည်အလုပ်တွေကို  သူ့ဇယ်စက်သလိုပင် လုပ်ရမည်။ သည်နေ့ ရတနာပုံမိုင်းရောက်တော့ လူကြီးတွေနှင့် ဆွေးနွေး။ တစ်ရက်နေ၊ နောက်နေ့ ပြည်ကြီးမဏ္ဍိုင်မှာ ဘုန်ကြီးကျောင်းရှမ်းရွာက လူကြီးတွေနှင့် တွေ့၊ အစည်းအဝေးလုပ်။ ပြီးတော့ ပြည်ကြီးမဏ္ဍိုင်ကို မြို့ပြထူထောင်ရေး ...

''ဟော– ရတနာပုံ ရောက်ပြီဗျို့ ကိုအောင်မိုး''

သူ တွေးကောင်းကောင်းနှင့် တွေးနေစဉ် ဦးဝင်းကြည်က ထ,အော်လိုက်သဖြင့် လှမ်းကြည့်လိုက်ရာ တောကြီးမြိုင်ကြားတွင် နတ်ဘုံနတ်နန်းတစ်ခုကို တွေ့လိုက်ရသလို စည်ကား သိုက်မြိုက်လှသော အိမ်ခြေတိုက်တာ အဆောက်အဦးများကို တွေ့လိုက်ရတော့သည်။ ဟိုး တောင်ထိပ်တောင်စောင်းပေါ်တွင်ကား လူနှစ်ဖက်စနစ်ရှိသော ပိုက်လုံးကြီးများ၊ ရေစင်ကြီးများ၊ ပြီးတော့ အရာရှိနှင့် အင်ဂျင်နီယာများ နေထိုင်ဟန်ရှိသည့် အဆောက်အဦးများနှင့် အဆောင်အဖွဲ့များ။ ဟိုး အောက်ခြေ ချိုင့်ဝှမ်းတွင်ကား ရုံးနှင့် မိုင်းပစ္စည်းများ သိုလှောင်ထားဟန်ရှိသော သစ်လွင်တောက်ပသည့် အဆောက်အဦးများ။

ကိုအောင်မိုးနှင့် ဦးဝင်းကြည်သည် ကားပေါ်မှဆင်းပြီး မြင်ကွင်းကို အတန်ကြာအောင် ငေးကြည့်မိသည်။ မိုင်းတစ်ခုလုံး၏ အနေအထားသည် ပစောင့်ပုံ ချိုင့်ဝှမ်းထဲရောက်နေပြီး ပတ်ချာလည်တွင် တောင်ကမူများက ဝိုင်းရံထားသည်။ သည်ဘက်မှာမူ မိုင်းလုပ်သားများ၏ နေအိမ် တန်းလျားများနှင့် ဈေးဆိုင်ကန္တားများမှာ ပြည့်ကျပ်နေပြီး စည်ကား များပြားလှသော လူများကိုလည်း အပေါ်စီးမှမြင်ကြရ၏။

ကြည့်ပါဦး။ ပတ်ချာလည် တောင်ကမြန်များ ပေါ်တွင်လည်း စိမ်းဖန့် ဝေဆာနေသော သစ်ပင်တောအုပ်များက ပစောင့်ပုံသဏ္ဌာန်ပေါ်တွင် ခြံစည်းရိုးလို ကာရံထားသည်။ ထိုတောအုပ်နောက်တွင်ကား အလိပ်လိပ်ထနေသော တောင်စွယ်တောင်တန်း။ ထိုတောင်စွယ် တောင်တန်းကား တစ်ဖက်ရှိ ယိုးဒယားနိုင်ငံနှင့် နယ်ချင်းစပ်နေသည့် နာမည်ကျော် မလွှဲတောင်တန်းပင်တည်း။

''ကဲ ဆရာ၊ ဟောဒါကတော့ ဒီရတနာပုံမိုင်းက အထွေထွေမန်နေဂျာဦးစံအောင် ဆိုတာဘဲ ဆရာ။ ဆရာတို့ ကိုယ်တိုင် ဆင်းလာမယ်ဆိုတာနဲ့ အားလုံး အဆင်သင့် လုပ်ထားပါတယ်''

သည်တွင် ကားဒရိုင်ဘာကိုလှတင်က သူ့ဆရာဦးစံတင်အောင် ဖြူးကနဲ ရောက်လာသဖြင့် မိတ်ဆက်ပေးလေရာ၊ ရှုခင်းကို ငေးနေသော ကိုအောင်မိုးတို့လည်း ဦးစံအောင်ဆိုသူနှင့် ကားဂိတ်မှာပင် တွေ့ကြရ၏။ ဦးစံအောင်ကား အသက်– ၅၀ ခန့် အသားမဲမဲ၊ ဝဝဖိုင့်ဖိုင့်နှင့် ကွမ်းမပြတ်စားဟန်ရှိပြီး သွားများမှာ မဲချိတ်နေ၏။

''ဟုတ်ကဲ့ ဦးစံအောင်၊ ကျွန်တော်တို့လည်း မိုင်းလုပ်ငန်းတိုးတက်မှုအတွက် ဘယ်လို ကူညီဆောင်ရွက်ပေးရမလဲဆိုတာ သိရအောင် ဆင်းလာခဲ့တာဘဲ၊ မိုင်းကို သူပုန်တွေဝင်ပြီး ခဲတန်ချိန် နှစ်ဆယ်လောက် လုသွားတာတော့ သိပြီးပါပြီ၊ ဒါနဲ့ အခုထွက်နှုန်းအခြေအနေနဲ့ အရပ်ရပ် အခြေအနေကကော ဘယ်လိုရှိလဲ''

ကိုအောင်မိုးက ဦးစံအောင်နှင့် အလွှာပသလွှာပ စကားဆိုပြီးသည်နှင့် သူ့လုပ်ငန်းအကြောင်းကို ရောက်မဆိုက်ပင် မေးပြော ပြောလိုက်၏။ ဦးစံအောင်မှာ ဘာကြောင့်ရယ်မသိ၊ ခေါင်းကို မသိမသာ တစ်ချက်ကုတ်လိုက်ရင်း ပါးစောင်တွင် ငုံထားသည့် ကွမ်းဖတ်များကို ဖူးကနဲ မှုတ်ထုတ်လိုက်သည်။ ပြီးမှ လိုရင်းကို မပြောသေးဘဲ ...

"အခုနဲ့ ဦးအောင်မိုးတို့ ခရီးပန်းကြအုံးမလား။ မိုင်းအခြေအနေကို မနက်ဖြန်မှ လိုက်ကြည့်ကြပါလား"

ကိုအောင်မိုးက ငါးဖတ်ဦးထုပ်ကို ခေါင်းကချွတ်ပြီး စိမ်းလဲ့ သာယာလှသော မလွှဲတောင်တန်းများကို ငေးမောကြည့်နေသည့် ဦးဝင်းကြည်ကို တစ်ချက် လှည့်ကြည့်လိုက်၏။ သို့သော် ကိုအောင်မိုး၏အကြည့်ကို သိဟန်ရှိသော ဦးဝင်းကြည်က ...

"အချိန်ရှိသေးသားဘဲ ကိုအောင်မိုး၊ သွားကြည့်ကြတာပေါ့။ အခုနဲ့ ဦးစံအောင်၊ မိုင်းထဲကို သွားရင် ဒီလမ်းကပဲ ဆင်းရတာယ်မှတ်လား"

"ဟုတ်ပါတယ် ဦးဝင်းကြည်၊ ကဲ အဖြင့် သွားကြရအောင်။ မိုင်းအခြေအနေနဲ့ ပတ်သက်လို့ကတော့ ဒီလိုရှိတယ် ဦးအောင်မိုး။ ထွက်နှုန်းကတော့ ခုထိကောင်းတုန်းဘဲဗျ။ အဲပေမဲ့ လုံခြုံမှုက သိပ်နည်းတယ်၊ ပြီးတော့ ပျံကျအလုပ်သမားတွေ အပါအဝင် တချို့ အလုပ်သမားတွေကလည်း နယ်စပ်မှာ ခဲဈေးကောင်းရတော့ ခိုးရောင်းကြတဲ့ကိစ္စတွေ ရှိနေတယ်၊ အဲကြောင့် မိုင်းအနေနဲ့ ခဲရသင့်သလောက် မရဘူး။ ဟောအဲကတော့ ခဲသိုလှောင်ရာဌာနဘဲ ဦးအောင်မိုး။ ဒီအဆောက်အဦးတွေကိုတော့ မနက်ဖြန်မှ ဝင်ကြည့်ကြတာပေါ့။ ခု ကျွန်တော်တို့ မိုင်းတိုးတဲ့ နေရာကို အရင်သွား ကြည့်ကြရအောင် "

ဦးစံအောင်က မိုင်းအခြေအနေကို ရှင်းပြရင်း စက္ကူနှင့်အသင့်ထုပ်ထားသည့် ကွမ်းတစ်ယာကို ကောက်ငုံလိုက်သည်။

ကိုအောင်မိုးကမူ ဦးစံအောင်လက်ညှိုးထိုးပြသည့် အဆောက်အဦးကို တစ်ချက် လှမ်းကြည့်ပြီး၊ ဒီမှောင်ခို ခိုးထုတ်မှုကို ကြားရပြန်ပြီဟု အောက်မေ့မိသည်။ သို့သော် ဘာမှ အထွေအထူး ပြန်မပြောတော့ဘဲ ဦးစံအောင် ညွှန်ရာလမ်းအတိုင်း မိုင်း၏အရှေ့ဘက် တောင်ကြောတက်သို့ တဖြေးဖြေးချင်း လျှောက်လာခဲ့သည်။

မိုင်း၏ အရှေ့ဘက်အစပ်သို့ ရောက်တော့ ငါးတစ်ပြန်ခန့်ရှိသော တောင်ကပြန်ကြီး တစ်ခုကို ခြေချင်းဝတ်ခန့်ရှိသော ရေပိုက်ကြီးတစ်ခုနှင့် ထိုးပက်နေသည့် အလုပ်သမားများကို တွေ့ရ၏။ ကြည့်လိုက်တော့ အလွန် အားကောင်းသည့် ရေပိုက်ကြီးကို လူနှစ်ယောက်က ကိုင်ပြီး တောင်ကပြန်ကြီးကို ဖြိုခွဲနေခြင်းဖြစ်၏။ သည်ဘက်တွင်မူ ပြိုကျလာသည့် ရေအားနှင့်မြေသားများကို သွယ်တန်းထားသည့် ရေမြောင်းကြီးနှင့် ခံယူထားသည်။ အလယ်လောက်တွင်မူ သံဇကာ အဆင့်ဆင့် တပ်ထားပြီး မြေသားနှင့်သတ္တုသားများကို သန့်စင်ပေးရန် စီစဉ်ထားသည်ကို တွေ့ရသည်။

"အဲက ကျွန်တော်တို့နဲ့ အနီးဆုံးဖြစ်တဲ့ လုပ်ကွက် နံပါတ်-၃ ပါဘဲ။ တခြားလုပ်ကွက်တွေလည်း ရှိပါသေးတယ်။ ဒီနည်းကတော့ ရေအားနဲ့ သတ္တုရှာဖွေတဲ့နည်းဘဲ ဆိုပါတော့"

မန်နေဂျာဦးစံအောင်က နောက်တစ်ဖို့ ကွမ်းဖတ်တွေကို ဖူးကနဲ မှုတ်ထုတ်ပြန်ရင်း ကိုအောင်မိုးတို့ကို ရှင်းပြ၏။ ပြီးတော့ ကွမ်းတစ်ယာကို ထုတ်ငါးရင်း ...

"ဒီလုပ်ကွက်ကတော့ သတ္တုအရနည်းနေပြီ ဦးအောင်မိုးရဲ့၊ အဲကြောင့် ကျွန်တော်တို့လုပ်ကွက်

ထပ်ပြီး တိုးချဲ့ဘို့ စီစဉ်နေတာဘဲ။ လုပ်ကွက်တိုးချဲ့ဘို့ ဆိုတာကလည်း မိုင်းနဲ့ သိပ်အလှမ်းဝေးလို့ မဖြစ်ဘူး။ လုံခြုံမှုက ရှိသေးတယ် မှတ်လား"

"ဟုတ်တာပေါ့ ဦးစံအောင်၊ ကျွန်တော်တို့ ဒါတွေကို အားလုံး စဉ်းစားကြရမှာပေါ့။ ခုတော့ စစ်တပ်အစောင့်အရှောက်လည်း ရပြီဆိုတော့ ကျွန်တော်တို့ စီစဉ်ကြသေးတာပေါ့။ ဒါနဲ့ ဟိုဘက် တောင်ခြေမှာ ခဲကျင်နေတဲ့ အမျိုးသမီးတွေကကော ဒီမိုင်းကဘဲလား ဦးစံအောင်"

ကိုအောင်မိုးက ပြောရင်း ဆိုရင်း သံဇကာများခံထားသည့် မြောင်းအနီး တောင်ကပြန်ခြေရင်းမှာ ခဲကျင်နေသည့် အမျိုးသမီးများကို သတိထားမိသဖြင့် ဦးစံအောင်ကို လှမ်းမေးလိုက်၏။ ပြီးတော့ ပြောရင်းဆိုရင်းပင် ထိုအမျိုးသမီးများရှိရာသို့ ဦးစံအောင်နှင့်အတူ လျှောက်လာခဲ့သည်။ ဦးဝင်းကြည် ကမူ ဗိုက်ထိုးနေသော အလုပ်သမားများထံသွားပြီး ရေပိုက်ကြီးကို သူကိုယ်တိုင် ကိုင်၍ တောင်ကပြန်ကို ထိုးပက်ကြည့်နေလေသည်။

"သူတို့က ဗိုသသစား ပျံ့ကျအလုပ်သမားတွေဘဲ ဦးအောင်မိုး၊ မြင်တဲ့အတိုင်းဘဲ ကျွန်တော်တို့ စွန့်ပစ်လိုက်တဲ့ မြေတွေကို ဇကာနဲ့ချပြီး ရတဲ့ခဲတွေကို ကျွန်တော်တို့ကို ပြန်သွင်းရတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ပေးတဲ့ ဈေးနဲ့ နယ်စပ်ပေါက်ဈေးက နှစ်ဆလောက်ကွာတော့ တချို့လည်း နယ်စပ်ကို ခိုးထုတ်တာက များနေတာပေါ့ဗျာ"

မန်နေဂျာကြီးက ခပ်လှမ်းလှမ်းတွင် ခဲကျင်နေသည့် အလုပ်သမားတစ်အုပ်ကို ကြည့်ပြီး ညည်းညူ ရှာပြန်သည်။ ကိုအောင်မိုးကား ခေါင်းတွင် တဘက်ကိုယ်စီပေါင်းပြီး ထဘီကို ရင်လျားဝတ်၍ ရွှံ့မြေပြင်မှာ ခဲကျင်နေသည့်အမျိုးသမီးများကိုရင်း၊ ကိုယ်တုံးလုံးနှင့် ပုဆိုးကို ခါးတောင်းကျိုက်ပြီး ရွှံ့တုံးများကို သယ်မနေကြသည့် အလုပ်သမားကြီးများကိုရင်း ငေး၍သာ ကြည့်နေမိ၏။ သူတို့ကို အပြစ်မဆိုသာ ဟုလည်း ထင်မိသည်။ မှန်ပါသည်။ မိုင်းက သတ်မှတ်ပေးသည့် ဈေးက ခဲတစ်ပိဿာ ခြောက်ကျပ်၊ သုံးမိုင်လောက်အကွာ နယ်စပ်မှာတော့ တစ်ဆယ့်ငါးကျပ်။ ပြီးတော့ တရားဥပဒေအရ တားဆီးမည့် အဖွဲ့အစည်းကလည်း အလျဉ်းမရှိ။ သည်လို အဟန့်အတားမရှိသည့် အခြေအနေမှာ မက်လုံးကြီးကြီး ရှိလျှင် မှောင်ခိုပို့ကြမည်မှာ သဘာဝပင် ဖြစ်သည်။ အရေးကြီးဆုံးက တစ်ဖက်နယ်စပ်မှ လာရောက် မြူဆွယ်သည့် နယ်ခြားမှောင်ခိုသမားများကို ပိတ်ဆို့ ဟန့်တားရေးပင်မဟုတ်ပါလား။

ကိုအောင်မိုးတို့သည် မိုင်းလုပ်ခွင်မှ လှည့်၍ ပြန်ခဲ့ကြ၏။ အပြန်မှာ မိုင်းဆေးရုံနှင့် ခဲသိုရာ၊ သန့်စင်ရာ၊ ဓါတ်ခွဲရာဌာနများကိုလည်း တစေ့တစောင်း ဝင်ကြည့်ခဲ့၏။ တောင်ကပြန်ပေါ်ရှိ မန်နေဂျာ ကြီး၏အိမ်ရောက်တော့ နေအတော်ပင်စောင်းသွားလေပြီ။ မလှဲတောင်တန်းပေါ်မှ နေခြည်များက ဆွတ်ဖျန်းထားသဖြင့် တစ်ဖက်နိုင်ငံသို့သွားရာ မြေသွားလမ်းကလေးများကိုပင် လှမ်းမြင်ရ၏။ တော တောင်က စိမ်းစိမ်း မြေနီလမ်းကလေးတွေက နီတွေးတွေးဖို့ အစိမ်းရင့်ရောင်မှာ အနီဖေါက်ထားသည့် ကြိုးကြီးဆင်နှင့်ပင် တူလွန်းလှချေသည် တကား။

"ဟဲ- ဦးအောင်မိုး၊ ကော်ဇီပူပူလေး သောက်လိုက်ကြအုံးဗျာ၊ အခု ခင်ဗျားမြင်နေရတဲ့ မြေသွား လမ်းကလေးအတိုင်း သုံးနာရီလောက် သွားရင် တဖက်နိုင်ငံ ဘန်စပန်းမြို့ကို ရောက်တယ်ဗျ။ အဲဒီမှာ အခြေချပြီး ခဲမှောင်ခိုလုပ်နေသူကတော့ နာမည်ကြီး ဗိုလ်ငွေဇင် ဆိုတဲ့လူပေါ့ဗျာ၊ တချို့ကလဲ အဲဒီ ဘန်စပန်းကိုသွားပြီး ခဲခိုးရောင်းတာရှိတယ်၊ တချို့ကျတော့လည်း ဗိုလ်ငွေဇင်က သူ့လူတွေကို မြင်းနဲ့ လွှတ်ပြီး ဒီမလှဲတောင်ရင်းထိ လာဝယ်တာမျိုးလည်းရှိတယ်ဗျ"

ဦးစံအောင်ကလည်း ကိုအောင်မိုးလိုပင် အိမ်ကပြင်တွင် မတ်တတ်ရပ်ရင်း ရှခင်းကို ကြည့်၍ ပြောပြနေပြန်သည်။ ပြီးတော့ အနီးရှိ ရေတစ်ခွက်ကို ခပ်ပြီး သူ့ကွမ်းဖတ်များကို ဂလုဖ ဂလုဖ မြည်အောင် ပလုတ်ကျင်းလိုက်၏။

ကိုအောင်မိုးကား သူ့ဦးထုပ်ကို ချွတ်၊ သေနတ်ခါးပတ်ကို ဖြုတ်ပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်၏။ ပြီးတော့ ကော်ဖီခွက်ကိုယူ၍ တစ်ကျိုက်သောက်လိုက်ရင်း ...

"အင်း– ကျွန်တော်တို့ရဲ့ ရှိသမျှ သယံဇာတတွေကိုလည်း ဒီမှောင်သမားတွေ နိုပ်စက်တာနဲ့ ဖြုကာ ပြာကာ ကျတော့တာဘဲ ဦးစံအောင်၊ လတ်တလော အနေအထားအရ အရေးကြီးတာကတော့ တစ်ဖက်နယ်စပ်ကို ပိတ်ဆို့ဖို့ ပြီးတော့ ခိုးဝင်ခိုးထွက် လုပ်တဲ့လူတွေကို တရားဥပဒေအရ အရေးယူဖို့ ဒီနှစ်ချက်ကိုတော့ ကျွန်တော်တို့ လတ်တလော လုပ်ဖို့ လိုလိမ့်မယ်ထင်တယ်"

ဦးစံအောင်ကလဲ ပလုပ်ကျင်းပြီးသည်နှင့် ကော်ဖီတစ်ခွက်ကို ယူသောက်လိုက်၏။ ပြီးတော့ ဦးဝင်းကြည်ကို ကော်ဖီသောက်ရန် မိတ်ခေါ်လိုက်ရင်း ...

"ဟုတ်တယ် ဦးအောင်မိုး။ ဒီ ဗိုလ်ခွေဇင်ဆိုတဲ့အဖွဲ့ဟာ တစ်ဖက်နိုင်ငံက လူတွေနဲ့ပေါင်းပြီး ဒီနယ်ခြားမှာတော့ လူဆိုးဗိုလ် လုပ်နေတာပေါ့ဗျာ။ ဒီမိုင်းက ခဲတွေတင်မကဘူး။ မနီးလုံးမိုင်းက ခဲတွေကိုလဲ သူတို့ဘဲ နည်းအမျိုးမျိုးနဲ့ ခိုးဝယ်နေကြတာဘဲ။ ဒီဘက်မှာ ခိုးရောင်း ခိုးဝယ်လုပ်တဲ့ လူတွေကိုလည်း သူတို့ကဘဲ အကာအကွယ်ပေးနေကြတာဗျ"

"ကဲ– ဦးစံအောင်၊ ဒီလို လုပ်ကြစို့။ ခု ဒီမိုင်းရဲ့ လုံခြုံမှုအတွက် ကျွန်တော်တို့ ပြည်ကြီးမဏ္ဍိုင်က တပ်စိတ်တစ်စိတ် ပေးထားတယ်မဟုတ်လား။ ဒီတပ်စိတ်က မိုင်းလုံခြုံမှုရော၊ ခဲမှောင်ခိုမှုကိုပါ တိုက်ဖျက်ဖို့အဆင့်ထိရောက်အောင် ကျွန်တော်တပ်ခွဲမှူးနဲ့ ဆွေးနွေးပါ့မယ်။ ပြီးတော့ ကျွန်တော်တို့ လုဝင်မှုကင်းစခန်းတစ်ခု ထားနိုင်ဖို့အတွက်လည်း ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဒီတော့ တပ်နဲ့လုဝင်မှု ပေါင်းပြီး ခဲမှောင်ခိုသမားတွေ၊ မတရား ခိုးဝင် ခိုးထွက်တဲ့ကိစ္စတွေကို တရားဥပဒေအရ အနည်းဆုံး အဟန့်အတားတော့ လုပ်နိုင်တာပေါ့"

သည်တော့ မန်နေဂျာကြီးက သောက်လက်စ ကော်ဖီခွက်ကို ဇတ်ကနဲချလိုက်ရင်း ကိုအောင်မိုးကို မော့ကြည့်လိုက်၏။ ပြီးတော့ အားပါးတရ လေသံဖြင့် ...

"ဟာ ဒီလိုဆို သိပ်ကောင်းတာပေါ့ ဦးအောင်မိုး။ သိပ်ကောင်းတယ်။ အထူးသဖြင့် ခင်ဗျားတို့ လုဝင်မှုကင်းစခန်းရှိနေရင် အနည်းဆုံး ဒီအလုပ်သမားတွေ ခိုးထွက်တာတော့ သိပ်ကိုလျော့သွားမယ်။ ပြီးတော့ ဥပဒေအရ တစ်ယောက်နှစ်ယောက်လောက် အရေးယူလိုက်တယ်ဆိုရင်လဲ သိပ်ကောင်းသွားမယ်ဗျာ၊ ကဲ ဒီလိုဆိုရင် ဦးအောင်မိုး။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဆက်ဆွေးနွေးကြရအောင် ဧည့်ရိပ်သာကို သွားမနေနဲ့တော့ဗျာ၊ ကျွန်တော့်ဆီမှာဘဲ အိပ်ကြရအောင် "

မန်နေဂျာကြီးမှာ အခုမှ သိသိသာသာ ကြည်လင်လာတန်ဖြင့် ပို၍ ဖျူဖျူးငှာငှာ ရှိလာသည်။ တကယ်တော့ သူ့မိုင်းမှာ ခဲထွက်ကောင်းပါလျှက် သို့ကလို အယှိအဖိတ်များလှသဖြင့် အကြီးအကျယ် စိတ်ဓါတ်ကျနေသူဖြစ်၏။ သို့ကြောင့်လည်း သူ့မိုင်းအနေဖြင့် ခဲသာမက သံ၊ ဝုလ်ဖရန်နှင့် အဖြိုက်နက်များလည်း ထွက်ကြောင်း။ အလုပ်သမား တစ်ထောင်ကျော်ရှိပြီး လူဦးထောင်ကျော်လောက်ကို ထမင်းကျွေးထားကြောင်း။ ရေပန်းထိုး၍ တူးဖော်သည့်မိုင်းဖြစ်၍ နေ့ညမရွေး လုပ်နိုင်သည့်မိုင်း ဖြစ်ကြောင်း စသည်ဖြင့် မိုင်းအကြောင်း သိကောင်းစရာများကို ခရေးရေလွှတ် တတွတ်တွတ် ပြောပြတော့သည်။

ကိုအောင်မိုးကား ညွန်နစ်နေသူနှင့် မခြား အလုပ်ခွင်မှာ ကျွံနေရပြန်ပါသည်။ မန်နေဂျာကြီးနှင့် ဆွေးနွေးလေ မိုင်းအတွက် လုပ်ကိုင်ပေးစရာများက ပေါ်လာလေလေဖြစ်နေ၏။ မိုင်းမှာ ကုန်သွယ်ရေး ဆိုင်ဖွင့်ပေးရေး ကိစ္စ၊ ဆေးရုံမှာ ဆေးဝါးမပြည့်စုံသည့်ကိစ္စ၊ ပြီးတော့ မိုင်းလုပ်ကွက် တိုးချဲ့ရေးနှင့် လမ်းများ၊ တံတားများပြုပြင်ရေး စသည့် ကိစ္စများ။

သူသည် ထိုကိစ္စများကို ဆောင်ရွက်ရန် မှတ်သင့်သည်ကို မှတ်ရ၏။ တစ်ထိုင်တည်း ရေးသင့်သည်ကို ရေးရ၏။ အခြေအနေကို ကျေကျေညက်ညက် နားလည်အောင် နားထောင်ရ၏။ နောက်တစ်နေ့မနက်တွင်လည်း မိုင်းတစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်ပြီး ကျယ်ကျယ် ပြန့်ပြန့်ဆွေးနွေးရ၏။ အထူးသဖြင့် မိုင်းမှာ လုပ်ငန်းကြီးကြပ်ရေး ကင်းစခန်းထားရှိရေးအတွက် ခလကအဖွဲ့သို့ တင်ပြသည့် စာတစ်စောင်ကိုမူ မိုင်းမှာပင် ပြင်ဆင်ရေးသားခဲ့၏။ သည်နောက်တော့ သူသည် မိုင်းမှာ တတ်နိုင်သမျှ ညှိနှိုင်းဆောင်ရွက်ပေးပြီးသည်နှင့် နောက်တစ်နေ့ ညနေမှာပင် ပြည်ကြီးမဏ္ဍိုင်စခန်းသို့ ချက်ချင်း ဆိုသလိုပင် ပြန်လည် ရောက်ရှိလာခဲ့လေသည်။

အချိန်မှာ နေဝင်ဆည်းဆာမို့ အနောက်တခိုမှာ နေဝန်းနီကြီးက တိမ်ညိုလာသဘင် ဆင်ယင်နေလေသည်။ တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာနှင့် တိမ်သလ္လာတို့သည် ရွှေနားကွပ်သော ဝတ်ရုံကြီးများကို ခြုံလွှမ်းထား၍ နေဝန်းနီကြီး အနီးမှာ ဝန်းရံနေကြလေသည်။ တိုမှာကား ရတနာပုံသို့ သွားရာလမ်းပြောင်ပြောင်။ သူ့နောက်တွင်ကား ရှုမဆုံးသည့် တောတန်းကြီး။ သည်ဘက်နားတွင်ကား မြေနီလမ်းကလေးယောင်ယောင်မှာ ပုညရှင်စေတီလေးနှင့် အုံ့ဆိုင်းသာယာလှသည့် ရွာကလေး။

ကိုအောင်မိုးသည် တပ်ကုန်းမြက်ခင်းပြင်တွင် ထိုင်ရင်း ထိုရှုခင်းကို တစ်ယောက်တည်း ငေးမောနေမိ၏။ တကယ်တော့ သူအားလပ်သေးသည် မဟုတ်။ တပ်စခန်းအနီးရှိ ရုံးဖွင့်ထားသောဘားတိုက်မှာ အဖွဲ့ဝင်များ အလုပ်လုပ်နေကြတုန်းဖြစ်၏။ သို့သော် သူ့မှာ ပင်ပန်းလွန်းလှသဖြင့် အလုပ်တွေကို ခဏထားခဲ့ပြီး တစ်ယောက်တည်း ခေတ္တအပန်းဖြေ နေခြင်းဖြစ်ပေသည်။

အခုလိုရှုခင်းမှာ အခုလို ကောစာထိုင်မိပြီဆိုတော့လည်း သက်ကို သူအမှတ်မရဘဲ မနေနိုင်။ သူ တက္ကသိုလ်ကျောင်းသားဘဝထဲက တပူးတတွဲတွဲ နေလာခဲ့ကာ၊ ချစ်လာခဲ့ရတဲ့ သက်၊ သူ၏ ဖြူစင်သောနှလုံးသားမှာ ပထမဆုံး ရစ်နှောင်ဖွဲ့ထုံးခဲ့ရသည့် သက်။ အခုလို လှပ်ရှားနေပုံကို သက်များမြင်လျှင် တားတိုက်၍ပဲ ရယ်မလား။ ဒါမှမဟုတ် သူ့ခွဲနဘဲကို အလေးကဲပြီး သူ့အလိုကိုများ လိုက်လေမလား။

သို့သော် အသေအချာ စဉ်းစားကြည့်တော့လည်း သူ့မှာ အလိုလိုနေရင်း အားလျော့စိတ်က ဝင်လာရသည်သာ။ သည်တော့လည်း သူ့ဘဝကို သူသုံးသပ်ကြည့်ပြန်သည်။ အလုပ်တာဝန်တွေက များ။ ခရီးလမ်းပန်းက ကြမ်း။ သူ့ပုန်သူကန်တွေက ပေါ၊ ဒီအထဲ သူ့ကိုမုန်းပြီး စတေးမည့် သောင်းကျန်းသူများကလည်း နောက်က တကောက်ကောက်။ မနေ့ညကပင် လေညာရွာထဲ သူပုန်နှစ်ယောက် ရောက်လာပြီး 'သူတို့အဖွဲ့ကို ချေမှုန်းပစ်ရမယ်၊ အောင်မိုးဆိုတဲ့ အကောင်ကို တွေ့ရာသချိုင်း ဓါးမဆိုင်းနှင့်' ဟု တရွာသွားသေး၏။

သည်တော့လည်း အသက်ကို ဖက်နှင့်ထုပ်၍ ရှန်းကန်နေသော သူ့ဘဝကို သူစိတ်ပျက်မိသည်။ 'ပညာသင်ထားတာတာ တောကြိုအုံကြားမှာ ဖွဲ့တောတွေကြားမှာ သွားအလုပ်လုပ်ဖို့ မဟုတ်ပါဘူး ကိုမိုး။ ကိုယ့်ဘဝ ပြည့်စုံသည်ထက် ပြည့်စုံအောင် ကိုယ် မကြောင့်မကျ၊ မတောင့်မတ နေနိုင်အောင် သင်ကြတာ ချည်းပဲဆိုတာ ကိုမိုး နားလည်ထားပါ'ဟုသော သက် အယူအဆ ကပင် မှန်နေသလားဟုလည်း သူစဉ်းစားမိ၏။

မှန်ပါသည်။ သူတတ်နိုင်သမျှ လုပ်သာလုပ်၊ ရှန်းသာရှန်း နေရသောလည်း သူ့ဘဝပတ်ဝန်းကျင်ကို များစွာ စိတ်ပျက်နေမိပါသည်။ သို့ကြောင့်လည်း သည်အလုပ်တာဝန်တွေ ပြီးဆုံးသွားရင်တော့ သက်အခြေအနေကို ထပ်မံ စူးစမ်းပြီး အလုပ်က ထွက်တော့မည်ဟု ကျိတ်ခဲမိပြန်ပါသည်။

"ဟော့ ဟော့ ရဲဘော်ကြီး။ ဘာတွေများ သည်လောက် စဉ်းစားနေတာလဲ"

ထိုစဉ် တပ်ကုန်းတစ်ဖက်ဘေးမှ ဆေးအိတ်ကိုဆွဲပြီး လျှောက်လာသော **ဦးဝင်းကြည်**က လှမ်းအော်လိုက်သဖြင့် **ကိုအောင်မိုး**မှာ အမှုင်တန်းနေသော သူ့အတွေးစကို ဖတ်ကနဲ ဖြတ်လိုက်ပြီး **ဦးဝင်းကြည်**ကို လှမ်းကြည့်လိုက်၏။

"ဒီမှာ ရဲဘော်ကြီး၊ ဟောဒီ ဘန်ဂလားကျေးရွာက လူကြီးတွေက အစည်းအဝေးလုပ်ဖို့ လာချိန်းနေတယ်ဗျ၊ အဓိက ကတော့ စာသင်ကျောင်းမှာ ဆရာ မလုံလောက်တဲ့ကိစ္စ၊ ပြီးတော့ လလသသဆိုင်မှာ ဘာပစ္စည်းမှ မရှိတဲ့ကိစ္စတဲ့ဗျ။ အဲဒါ ခင်ဗျား သွားညှိလိုက်အုံး။ ကျွန်တော်ကတော့ အလုပ်သိမ်းခဲ့ပြီ။ ဗိုး- ငှက်ဖျားဆေးတွေပေး။ ငှက်ဖျားကာကွယ်ရေးအကြောင်းတွေ ပြောလိုက်ရတာ လူတောင်ငှက်ဖျား တက်ချင်စိတ်ပေါက်လာပြီဗျို့"

**ဦးဝင်းကြည်**က ဆေးအိတ်ကို တစ်ဖက်ကဆွဲရင်း သူ့မျက်နှာနှစ်ဖက်ကို ရှုံ့တွန့်ပြရုံသာမက လက်ကိုပါ တုန်ခါပြလိုက်သည်။ **ကိုအောင်မိုး**လည်း သူ့ကို စိမ်းစိမ်းကြည့်၍ ထိုင်ရာမှ ထလိုက်ရင်း ...

"အေးဗျာ၊ အလုပ်တွေကတော့ တစ်ခု လုပ်မပြီးသေးဘူး နောက်တစ်ခု ပေါ်လာတာဘဲဗျ၊ ဘာပဲဖြစ်ဖြစ် ဒီပြည်ကြီး မဏ္ဍိုင်စီမံကိန်းကိုတော့ ကျွန်တော်တို့ ပြီးအောင်လုပ်ကြရမှာပဲ။ ကျွန်တော်လည်း ဒီတာဝန်ကြီးပြီးသွားရင်တော့ ရန်ကုန်ပြန်ပြီး တခြားအလုပ်ဘဲ လုပ်တော့မယ် စိတ်ကူးတယ်ဗျာ"

> "သူ့ခေါင်းမှာလည်း စံပယ်တစ်ကုံးကို အယဉ်ဆုံးသီကာ ကြော့ကြော့ကလေး ထုံးထားလေသည်။ အရပ်က ထောင်ထောင် မောင်းမောင်း၊ ကိုယ်လုံး ကိုယ်ပေါက်က ပြေပြစ်ရုံမက ကျစ်လစ်ခိုင်မာ၏။"

ကိုအောင်မိုးက ဟိုတောတန်းမှာ မေးတင်နေသော ဝင်လုဆဲ နေမင်းကြီးကို လှမ်းကြည့်ရင်း သူ့စိတ်ကူးနှင့်သူ ပြောလိုက်လေ၏။ သည်တော့ ဦးဝင်းကြည်က သူ့ကိုနားမလည်သလို မျက်မှာနှင့် တစ်ချက်အကဲခတ်ရင်း ဆေးအိတ်ကို ဘေးသို့ ချလိုက်ကာ ...

''နေပါအုံး ကိုအောင်မိုး၊ ခင်ဗျား ခံယူထားတဲ့ ခံယူချက်နဲ့ အခု ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေက ဘာမှ ပြောစရာမရှိဘူး။ တိုင်းပြည်အတွက် အမြတ်ကြီးပဲလို့ ကျွန်တော်မြင်တယ်၊ ဒါကို ခင်ဗျား ဘာဖြစ်လို့ ပြောင်းလဲချင်တာတုန်း''

''ဦးဝင်းကြည်ပြောတာတော့ မှန်ပါတယ် ဦးဝင်းကြည်။ ဒါပေမဲ့ ကိုယ့်ဘဝရေ့ရေးကိုလည်း ထည့်တွက်အုံးမှဘဲ ထင်တယ်ဗျား။ တစ်ခါ တစ်ခါတော့လည်း ကျွန်တော်တို့လည်း ဒီလောက် အဆင်းရဲအပင်ပန်းခံ လုပ်နေရပေမယ့် သိပ်မထူးဘူးလို့ အောက်မေ့မိတယ်။ တကယ်တော့ ကိုယ်သင်ထားတဲ့ ပညာဟာ ဘာမှမရှိဘူး။ ဒါပေမဲ့ ဒီပညာဟာ ကိုယ့်အတွက် ဘာအကျိုးကျေးဇူးမှ မရှိဘဲ အပင်ပန်းခံရုံ သက်သက်ပဲ ဖြစ်နေတယ်လို့ အောက်မေ့မိတယ်''

ကိုအောင်မိုးက စကားကို လက်စသပ်ရင်း သူ့အဖွဲ့ဝင်များရှိရာသို့ လှမ်းထွက်ရန် တန်ပြင်လိုက်သည်။ ဦးဝင်းကြည်ကမူ သူ့ဆေးအိတ်ကိုသာ ငုံကြည့်ပြီး လှမ်းမယူသေးဘဲ ...

''အင်း လူဆိုတာ ဘယ်လောက် ကောင်းတဲ့အလုပ်ပဲ လုပ်လုပ်၊ ကိုယ်ထင်တိုင်းမပေါက်ရင် တွေဝေမိတာဟာ ထုံးစံအတိုင်းဘဲပေါ့ဗျား၊ တကယ်လို့သာ ခင်ဗျားတို့ ကျွန်တော်တို့ စိတ်ထားသလို လူတွေအားလုံးကလည်း တိုင်းပြည်အပေါ် တကယ်ဖြူစင်တဲ့စိတ်ထားနဲ့ အခုလို အားတက်သရော ဝိုင်းဝန်းတည်ဆောက်ကြမယ်ဆိုရင် ခင်ဗျား အခု ခံစားရသလို အားငယ်စိတ်ဆိုတာ အိပ်မက်တောင် မက်မှာမဟုတ်ဖူးဗျ။ အေးပေါ့ဗျား၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုယ့်ခံယူချက် ခိုင်ခံ့ဖို့က အရေးကြီးတယ်။ ကဲ... နောက်မှ ဆက်ဆွေးနွေးကြတာပေါ့၊ ခင်ဗျားကို လူကြီးတွေ စောင့်နေတယ် သွားလိုက်အုံး''

ဦးဝင်းကြည်ကား ရောဂါကိုသာ ရှာဖွေ ကုသပေးသူသာမဟုတ်၊ ကိုအောင်မိုး၏ စိတ်ဝေဒနာကိုပါ နားလည်စွမ်းရှိဟန်ဖြင့် လူနာကို အားဆေးကျွေးသလို အားပေးစကားပြောပြီး သူ့ဆေးအိတ်ကို ကောက်ယူလိုက်သည်။ ကိုအောင်မိုးလည်း သူ့ကိုတွေတွေကြည့်ရင်း ခေါင်းငိုက်စိုက်ချကာ သူ့အလုပ်စခန်းရှိရာသို့ ပြန်လျှောက်လာလေသည်။

နေသည် ဘန်ဂလားကျေးရွာရှိ တစ်ခုတည်းသော ထန်းပင်၏နောက်ကွယ်မှာ တူတူပုန်းနေ၏။ ကိုအောင်မိုးက ထန်းပင်ကို မော်ကြည့်လိုက်လျှင် နေဝန်းသည် ထန်းရွက်များနောက်ကွယ်မှ သူ့ကို ချောင်းကြည့်နေ၏။ သူလမ်းလျှောက်လာရင်း တစ်ဖက်ဘေးမှ ကြည့်လိုက်လျှင်လည်း နီနက်ခင်း နေမင်း၏ နီမြန်းသော မျက်နှာကြီးက သူ့ကို ငါးကနဲနေအောင် ပြုံးရယ်ပြလိုက်လေသည်။

သူတို့အဖွဲ့သည် တပ်မတော်သား အစောင့်အရှောက်များနှင့်တကွ ဘန်ဂလားကျေးရွာသို့ ထွက်လာကြခြင်းဖြစ်ပေသည်။ ရှေ့ဆုံးတွင်ကား ယူနီဖောင်းဝတ်စုံကို ဝတ်၊ တောစီးဖိနပ်အပြင် တောသွားဦးထုပ်ကို ခပ်စောင်းစောင်း ဆောင်းထားပြီး မားမားမတ်မတ် သွားနေသော ကိုအောင်မိုး။ သူ့ဒါးမှာလည်း ထုံးစံအတိုင်း စစ်သုံးဒါးပတ်နှင့် ၃၈-ဘို့ ခြောက်လုံးပြူးက ချိတ်လျက်။ အနီးတွင်ကား ရဲဘော်နှစ်ယောက်။ ဟိုနောက်နားတွင်ကား ဆေးသေတ္တာကို ထမ်းလာသော ရွာသားတစ်ယောက်နှင့် ဦးဝင်းကြည်။ နောက်ဖက်တွင်ကား သူ့အဖွဲ့ဝင်များနှင့် ရွာလူကြီးများ။

ကိုအောင်မိုးသည် နောက်သို့ ပြန်လှည့်ကြည့်လိုက်၏။ သူတို့စခန်းချရာ ပြည်ကြီးမဏ္ဍိုင်

တပ်ကုန်းကို အတိုင်းသား မြင်နေရ၏။ သည်မှာကား တပ်ကုန်းပေါ်မှ ကြည့်တိုင်း သူမြင်မြင်နေရသည့် ရွာအဝင် မြေနီလမ်းကလေး။ ဟို ရွာအလယ် ကုန်းမြင့်မြင့်ပေါ်တွင်ကား ထုံးဖွေးဖွေးနှင့် လွမ်းစေတီ။

သူသည် အခုထိ အမှုန်မပြတ်သေးသော မနေ့ညနေက အတွေးစကို ပြန်ကိုင်ရင်း မြေနီလမ်းကလေးအတိုင်း ရွာတွင်းသို့ဝင်ခဲ့သည်။ သူ့စိတ်ထဲမှာလည်း သည်တာဝန်ကြီး ဘယ်တော့မှ ပြီးဆုံးမှာလဲ။ အခုပင် တစ်လနီးပါး ရှိသွားပြီ။ နောက်ဘယ်နှစ်ရက်၊ ဘယ်နှစ်လ ဆက်ရဦးမလဲ။ သည်တာဝန်တွေ အမြန်ဆုံးပြီးတာနဲ့ ဘာပဲဖြစ်ဖြစ် ဇီ ရန်ကုန်ကိုတော့ ခဏ ဖြစ်ဖြစ်ပြန်အုံးမယ်ဟု စဉ်းစားရင်း၊ မြေနီလမ်းကလေး ဆုံးတော့ သာယာလှပသော ရွာလမ်းမကြီးကို သတိထားပြီး ကြည့်လိုက်မိသည်။ နာမည်နှင့် မလိုက်အောင် အတော့်ကိုပင် သာယာကြည်နူးဖွယ်ကောင်းသည့် ရွာပါလား ... ။

သည်ဘက်တွင်လည်း သစ်ရိပ် ဝါးရိပ်များနှင့် တောင်ကုန်းမို့မို့ကလေး။ ပြီးတော့ သစ်ဝါးနှင့် အခိုင်အခံ့ ဆောက်လုပ်ထားသည့် ခပ်လျားလျား အဆောက်အဦးက တစ်ခု။ အလို ကြည့်စမ်းပါအုံး။ သူ့ ဇင်ယော်နှင့်တုန်းက အမြဲ နီးနီးစပ်စပ်နေခဲ့ရသည့် ပြည်ထောင်စုအလံကလေးကလည်း လေမှာ တလူလူလွင့်လို့ ...။

သူသည် ရဲဘော်နှစ်ယောက်ကို ကျော်ပြီး အဆောက်အဦးကို ကြည့်ချင်ဇောဖြင့် ဂရုပေါ်သို့ ပြေးတက်ခဲ့၏။ စာသင်ကျောင်းကလေးငယ်များ၏ ကဗျာရွတ်သံ စာဆိုသံနှင့် အလီတိုင်သံများကလည်း လျှံ၍ ထွက်လာသည်။ သို့သော် စာသင်ခန်းဝမှာ သူရပ်လိုက်မိသည်နှင့် လျှံထွက်နေသော အသံများမှာ တိကနဲ ရပ်သွားခြင်းနှင့်အတူ သူ့စိတ်ထဲမှာလည်း ဟိုက်ကနဲ ဖြစ်သွားသည်။

သူက မြေစိုက်ကျောင်းခန်းဝအပြင်မှာ စုံရပ်နေ၏။ တစ်စုံတစ်ယောက်က စာသင်ခန်းအတွင်းမှ မြေဖြူချောင်းကလေးကို ကိုင်ပြီး သူ့ကို ငေးကြည့်နေ၏။ သူ့ခေါင်းမှာလည်း စံပယ်တစ်ကုံးကို အယဉ်ဆုံး သီကာ ကြော့ကြော့ကလေး ထုံးထားလေသည်။ အရပ်က ထောင်ထောင် မောင်းမောင်း။ ကိုယ်လုံးကိုယ်ပေါက်က မြေပြန့်ရုံမက ကျစ်လစ်နိုင်မှာ၏။ အသားမဖြူမညိုနှင့် နာတံဝင်းပုံက သက်လို မချောဟု ပြောနိုင်သော်လည်း စေ့စေ့ကြည့်မှ ယဉ်စနှင့် ချောသော မိန်းကလေး။

"ဦး ... ဦးအောင်မိုး"

မိန်းမပျိုက ကိုအောင်မိုးကို ဘယ်လို နှုတ်ဆက်ရပါ့ဟု ခပ်အမ်းအမ်းဖြစ်ရင်း မလှုပ်မလျှက်နှင့် ခေါ်လိုက်၏။ ရှမ်းအနွယ် ဖြစ်ပုံရသော စာသင်သားကလေးငယ်များကလည်း သူတို့ဆရာမနှင့် ကိုအောင်မိုးကို ဝိုင်းအုံ ကြည့်နေလေသည်။ ကိုအောင်မိုးကား ပစ္စုပ္ပန်ဟု ခေါ်လို့ ဖြစ်သည့် သည်လိုအရပ်မှာ သည်လိုအမျိုးသမီးကို တွေ့လိုက်ရသဖြင့် အံ့ဩစိတ်နှင့် ငေးကြည့်နေတုန်းဖြစ်၏။ ပြီးတော့ သူမကို တစ်ခါမှ မြင်ဘူးခြင်းမရှိပါဘဲလျက်လည်း သူနှင့် အလွန် ရင်းနှီးကျွမ်းဝင်ခဲ့ဘူးသည့် အမျိုးသမီးတစ်ဦးပမာ စိတ်ကထင်ရင်း သူမကိုသာ ငေး၍ ငေး၍ ကြည့်နေမိဆဲ။

◆



၇.၄.၈

# သွေး မြေ ကျခြင်းလော

# သွေးသစ် လောင်းခြင်းလော

''ဟုတ်ပါတယ်၊ ကျွန်တော် အောင်မိုးပါ ၊ ပြည်ကြီးမဏ္ဍိုင် ပြန်လည် ထူထောင်ရေးအဖွဲ့ကပါ''

အတန်ကြာမှ ကိုအောင်မိုးက လှုပ်လှုပ်ရှားရှား ဖြစ်သွားခြင်းနှင့်အတူ ခေါင်းက ဦးထုပ်ကို ချွတ်လိုက်ပြီး မိန်းမပျိုကို အဖြေပေးလိုက်၏။

''ဟုတ်ကဲ့– ဒီရွာက ရွာလူကြီး ဦးအဘွန်းပြောပြထားလို့ ကျမတို့ ဦးအောင်မိုးကို သိနေပါတယ်၊ ကျမနာမည်က ထားထားကြည်ပါ၊ ဒီကျောင်းက ဆရာမ ဆိုပါတော့''

အမျိုးသမီးကလည်း သည်တော့မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားရင်း ဝိုင်းအုံနေသော ကလေးများကို လှည့်ကြည့်လိုက်ပြီး ...

''ကဲ– ခလေးတွေ ဆရာမကို ခဏ စောင့်နော်၊ လာဖုန်းကွန် ကျွင်နားမိုင်လု(ဝ်)''ဟု ရှမ်းဘာသာဖြင့် ဗိုဗိုသသကြီး လှည့်ပြောလိုက်သည်။

သည်တော့ ကိုအောင်မိုးမှာ အံ့သြတကြီးဖြင့် ကျောင်းခန်းတွင်းသို့ ဝင်လာရင်း ...

''အိန့် ဆရာမက ရှမ်းအမျိုးသမီး ...''

ကိုအောင်မိုးက  ဆရာမကို အားနာတန်ဖြင့် သူ့စကားကို တစ်ပိုင်းတစ်စ လုပ်ထား၏။ ပြီးတော့ သူ့ဦးထုပ်ကို ဆရာမ စားပွဲပေါ်တင်လိုက်ပြီး သူမကို ငေးကြည့်လိုက်၏။

''ဪ  မဟုတ်ပါဘူးရှင်၊ ဒီကလေးတွေက  ရှမ်းအမျိုးသားကလေးတွေဆိုတော့ သူတို့ကို စာသင်နိုင်အောင် တမင် ရှမ်းစကားကို သင်ထားရတာပါ၊ ကျမက အထက်ဗမာပြည်ကပါ''

''ခင်ဗျား၊ ဆရာမက အထက်ဗမာပြည်က ဟုတ်စ''

ကိုအောင်မိုးကား အဖော်ပင် အံ့အားသင့်သွားဟန်ဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ သူ အလွန်ဆုံးထင်သည်က အမျိုးသမီးသည် သည်ဒေသက ရှမ်းအနွယ်တစ်ယောက် မဟုတ်လျှင် အနည်းဆုံး မြိတ်ခရိုင်မှ ဖြစ်ရမည်ဟု ယူဆခဲ့သည်။ သို့မဟုတ်လျှင်လည်း မြိတ်မြို့ပေါ်မှ ဆရာမ တစ်ဦး သည်ကို အလုပ်တာဝန်နှင့် ခေတ္တရောက်လာခြင်း ဖြစ်ရမည်ဟု တွေးမိခဲ့သည်။ အခုတော့ သူမက သူ့လို ရန်ကုန်ကပင် မဟုတ်၊ အလွန်ဝေးလံ မြေခြားသည့် အထက်ဗမာပြည်က,တဲ့။

''ဟုတ်ပါတယ်၊ ကျမက အထက်ဗမာပြည် မြင်းခြံမြို့နယ်ကပါ။ ဒီရွာမှာ ဆရာမ လုပ်နေတာ သုံးနှစ်လောက် ရှိသွားပါပြီ။ အဲ့ ဦးအောင်မိုး ဒီမှာထိုင်ပါ''

ကိုအောင်မိုးကား ဘာမှ ပြန်မပြောတော့ဘဲ ဆရာမ ဆွဲယူပေးသည့် ကုလားထိုင်မှာ ဝင်ထိုင် လိုက်သည်။ ပြီးတော့ သူ့ရှေ့မှာ ဣန္ဒြေတရထိုင်လိုက်ရှာသည့် ထား၏ ချမ်းမြေ့သော မျက်နှာကလေး ကိုသာ ပကတိ စင်ကြယ်သည့် စိတ်ထားဖြင့် ငေး၍ ကြည့်နေမိလေသည်။

ထိုစဉ် အဖွဲ့များ ကျောင်းရှေ့သို့ ဝုန်း ရောက်ရှိလာကြဟန်ဖြင့် စကားပြောသံကြားရ၏။ ဦးဝင်းကြည်ကမူ ရွာသားနှစ်ဦးသုံးဦးဖြင့် ကျောင်းခန်းဝမှာ လာရပ်ပြီး အတန်ကြာအောင်ပင် ကိုအောင်မိုးတို့ကို ကြည့်နေ၏။ တအောင့်ကြာတော့ ဘာစိတ်ကူးပေါက်သည်မသိ''ဗျို့-ကိုအောင်မိုး ဒီမှာ ခဏ,နေဦးဗျို့ ကျွန်တော် ခလေးတွေကို ဆေးစစ်ပေးလိုက်အုံးမယ်''ဟု ဆိုကာ ဆရာမ အခန်းတွင်းမှ ခလေးများကိုခေါ်ပြီး တစ်ဖက်ခန်းသို့ ထွက်သွားလေတော့သည်။ ထိုအချိန်တွင် အဖွဲ့ဝင်များကလည်း ကျောင်းရှေ့အလံတိုင်အောက်မှာ ရွာလူကြီးများနှင့် စကားကောင်းနေဆဲဖြစ်၍ အခုထိ ကိုအောင်မိုးတို့ထံ ရောက်မလာကြသေးပေ။

ကိုအောင်မိုးကား စကားတစ်လုံးမှမပြောဘဲ ထား၏ ရိုးသားသော ဝတ်စားဆင်ယင်မှုကိုငင်း၊ ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းမှုအခြေအနေကိုငင်း၊ ကျောင်းနံရံတွင် ချိတ်ဆွဲထားသည့် မြေပုံ အမျိုးမျိုးနှင့် သင်ကြားမှု အထောက်အကူပြု ကားချပ်များကိုငင်း တစိမ့်စိမ့်ကြည့်ရင်း ...

''အင်း မထားထားလို အမျိုးသမီးတစ်ယောက်ရဲ့ ကြိုးစားမှု၊ ဩော် – ဆရာမ၊ ကျွန်တော် နာမည်ခေါ်လိုက်မိတာ ခွင့်လွှတ်ပါ''

ကိုအောင်မိုးက သူ့စိတ်ကူးနှင့်သူ ငေးမောကြည့်ရှုရင်း။ ဆရာမအမည်ကို သုံး၍ ပြောလိုက်မိ သဖြင့် ချက်ချင်း သတိရပြီး ဆရာမကို လှည့်တောင်းပန်လိုက်သည်။ သည်တော့ ဆရာမကလည်း ကိုအောင်မိုးလိုပင် လိုက်၍ မတ်တတ်ရပ်ရင်း ...

''ဩော်– ကိစ္စမရှိပါဘူး။ ကျမကို မထားကြည်လို့ ခေါ်လို့လဲ ရပါတယ်။ ရင်းနှီးတဲ့ လူတွေ ကတော့ ထားလို့လဲ ခေါ်ကြပါတယ်''

''ဟုတ်တယ် ထား။ ထားကို ကြည့်ပြီး ကျွန်တော့်အဖြစ်ကို ကျွန်တော် အားမလို အားမရ ဖြစ်နေမိလို့ပါ။ အဲ့ ထား ဒီရွာကို ဘယ်လိုလုပ်ရောက်လာတယ်ဆိုတာ မသိရဘူးလား''

ကိုအောင်မိုးက သူငယ်တန်း သရုပ်ပြပန်းချီကားချပ်ကို ကြည့်ရင်း ထားဘက်သို့ လှည့်၍ မေးလိုက်၏။ ပြီးတော့ သူမ၏ဆံကေသာမှာ ကျော့ရစ်ထားသည့် စံပယ်ကုံးကလေးကိုလည်း သတိထား၍ ကြည့်လိုက်မိ၏။

''ထား ဒီရွာရောက်လာပုံကို ပြောရရင်တော့ အရှည်ကြီးပေါ့ ကိုအောင်မိုး။ ထားတို့မှာ မောင်နှမ နှစ်ယောက်ပဲရှိပါတယ်၊ အကိုလုပ်သူက ခုနက ဒီကိုရောက်လာတဲ့ ကျန်းမာရေးအရာရှိ လိုပါဘဲ။ သူက ကျန်ခဲ့တဲ့ လေးငါးနှစ်လောက်တုန်းက ဘုတ်ပြင်းမှာ ကျန်းမာရေးမှူး အဖြစ်နဲ့ တာဝန်ကျ ပါတယ်''

"ဒါကတော့ ကိုယ်ရည်ရွယ်ချက် ခိုင်မာမှု မခိုင်မာမှုအပေါ်မှာ တည်တာဘဲ ကိုအောင်မိုး၊ အမြင် ရှင်းလင်းပြီး ရည်ရွယ်ချက် ခိုင်မာရင် ဘယ်လို ပတ်ဝန်းကျင်မှာ ဖြစ်ဖြစ် ရင်ဆိုင်နိုင်တယ်လို့"

"ဪ ထား အကိုကလဲ ကျွန်းမာရေးမှူး တစ်ယောက်ကိုး"

"ဟုတ်ပါတယ် ကိုအောင်မိုး၊ အဲ့ ထား ဆယ်တန်းအောင်တော့ အကိုရှိတဲ့ ဘုတ်ပြင်းကို အလည်လာရင်း ဘုတ်ပြင်းမှာ ကျောင်းသားရှိပြီး ဆရာ မရှိတာနဲ့၊ ထားလဲ ပထမတော့ အမှုဳင်းမြေ ဝင်လုပ်တာပါဘဲ"

"ဪ ဟုတ်ကဲ့၊ ပြောပါအုံး ဆရာမ"

ကိုအောင်မိုးက အနီးရှိ ကုလားထိုင်ကျောပေါ်သို့ လက်ကို လှမ်းတင်လိုက်ရင်း အားတက်သရော မျက်နှာနှင့် ထားကို ကြည့်လိုက်၏။

"ပထမတော့ အမှုဳင်းမြေသဘောပါဘဲ၊ ဒါပေမဲ့ ဒီဒေသကို လာချင်တဲ့ ဆရာ၊ ဆရာမရယ်လို့ မရှိသလောက် ဖြစ်နေတာကို တွေ့ရတာနဲ့ ထားက သူတို့ ကလေးတွေရဲ့ ပညာရေး၊ ရှေ့ရေးတွေကို တတ်နိုင်သမျှ ကူညီမှဘဲဆိုပြီး ထားဘဝကို ထား ဆုံးဖြတ်လိုက်တာပါဘဲ"

"ဪ ထားက ကျွန်တော်တို့ ယောကျ်ားတွေထက်ကို သတ္တိရှိတာဘဲ၊ အဲ့ ဒီရောက်လာပုံက တော ထား"

"ဒီရောက်လာပုံကတော့ ဘုတ်ပြင်းကို ဘိတ်က ကျောင်းဆရာတစ်ယောက် နောက်တော့ ရောက်လာတယ်၊ ဒီအချိန်မှာ ဒီဘန်ဂလားရွာမှာ ကျောင်းသားရှိပြီး ဆရာ မရှိဖြစ်နေတာနဲ့ ထားလဲ ဒီကို ရွှေ့လာတာဘဲ။ အခုတော့ ဘုတ်ပြင်းက ကျောင်းဆရာလဲ ကြာရှည် မလုပ်နိုင်ဘူးဆိုပြီး အလုပ်က ထွက်သွားတယ်။ ဒါပေမဲ့ ထားလဲ ဒီမှာ နေသားကျနေတာကတစ်ကြောင်း၊ အကိုလုပ်သူက အလုပ်တာဝန်နဲ့ လှည်းကူးကို ပြောင်းသွားရတာနဲ့ ထားလည်း မထူးတော့ဘူးဆိုပြီး ကလေးတွေကို ပြုစုပျိုးထောင်ရင်းနဲ့ ဒီမှာဘဲ ထားဘဝကို မြှုပ်နှံထားတယ် ဆိုပါတော့"

ထားက သူမ စကားကို လက်စသပ်လိုက်ပြီး အခုထိ လက်ထဲမှာ ကိုင်ထားသော မြေဖြူချောင်း

ကလေးကို စားပွဲပေါ်ရှိ ဗူးကလေးထဲသို့ ထည့်လိုက်သည်။ သူမ ကလေးတွေကို စာပြပြီးတိုင်း မြေဖြူချောင်းကလေးကို အခုလိုပင် ဗူးလေးထဲသို့ ပြန်ထည့်ပေလိမ့်မည်။ အခုလည်း ကိုအောင်မိုးကို သူမ၏သဘောထားနှင့် တွေ့ဝေဆုံဆိုင်းခြင်း မရှိသည့်အမြင်ကို သပ်ကြား ပို့ချပြီးသွားဟန်နှင့် သူမ ကိုင်ထားသော မြေဖြူကလေးကို ဗူးထဲသို့ ကောက်ထည့်လိုက်သည်။

ကိုအောင်မိုးကား ထားနှင့်တွေ့ချိန်မှစ၍ အကြိမ်ကြိမ် နှုတ်ဆိတ်ခဲ့ရသလို အခုလဲ ဘာတစ်လုံးမှ မပြောတော့ဘဲ၊ စားပွဲပေါ်မှ ဦးထုပ်ကိုသာ ဆွဲယူလိုက်တော့သည်။ ပြီးတော့ ဦးထုပ်ကို မဆောင်းသေးဘဲ ဟိုကိုင် သည်ကိုင်လုပ်ရင်း ...

"ကဲ ထား။ ထားကို ကျွန်တော်ပြောချင်တာတွေ ရှိသလို၊ ထားပြောမယ့် စကားတွေကိုလည်း ကျွန်တော် အများကြီး နားထောင်ချင်သေးတယ်၊ အခုတော့ ထားတို့ ကျောင်းကိစ္စနဲ့ ပတ်သက်ပြီး အစည်းအဝေးတစ်ခု လုပ်ကြရအောင်၊ ဒါနဲ့ ထား အခုလို ဝေးလံခေါင်ခေါက်တဲ့ နေရာမှာ လာနေရတာ ထားဘဝကို မငြီးငွေ့ဘူးလား"

ကိုအောင်မိုးက တောင်ကုန်းတစ်ဖက်ဘေးမှာ ကျောင်းဆောင်တိုးချဲ့ရေးအတွက် မြေနေရာ ကြည့်နေဟန်ရှိသော သူ့အဖွဲ့ဝင်လူကြီးများကို တစ်ချက်လှမ်းကြည့်ရင်း ထားကို အကဲခတ်သည့် လေသံဖြင့် မေးလိုက်၏။ သည်တော့ ထားက သူ့နှင့်ယှဉ်၍ ရပ်ရင်း ...

"ဒါကတော့ ကိုယ့်ရည်ရွယ်ချက် ခိုင်မာမှု မခိုင်မာမှုအပေါ်မှာ တည်တာဘဲ ကိုအောင်မိုး။ အမြင် ရှင်းလင်းပြီး ရည်ရွယ်ချက် ခိုင်မာရင် ဘယ်လို ပတ်ဝန်းကျင်မှာဖြစ်ဖြစ် ရင်ဆိုင်နိုင်တယ်လို့ ထား ယုံကြည်ပါတယ်"

"အင်း ထားကတော့ တကယ့်ကို ရှားတဲ့ အမျိုးသမီးတစ်ယောက်ဗျာ။ ကဲ ဒါဖြင့် ဒီဒေသမှာ သူပုန်သူကန်တွေ ဒီလောက်များပြီး ဒီလောက် ဆူပူနေတာကော ထား မကြောက်ဘူးလား"

သည်လို ကိုအောင်မိုးက သူမကို ချောက်သလိုလို လုပ်၍ မေးလိုက်တော့ ထားက ကိုအောင်မိုး ကို မျက်ဝန်းနက်ကလေးဖြင့် မော်ကြည့်ရုံမက ဆွဲလွဲသံကလေးဖြင့် တစ်ချက်ရယ်လိုက်ရင်း ...

"ဟင်း ...ဟင်း ... ဒါကတော့ ကိုအောင်မိုးက ထားကို တမင်စတာပဲဖြစ်ရမယ်၊ မကြောက်ဘူး တော့ ဘယ်ဟုတ်မလဲ ကိုအောင်မိုးရဲ့။ ဒီဒေသမှာ ရှမ်းဆိုးတွေလည်းရှိတယ်၊ သောင်းကျန်းသူတွေ လည်းရှိတယ်။ ဒါပေမဲ့ ထား နောက်ကွယ်မှာက ဒီဘန်ဂလားကျေးရွာအုပ်စု တစ်ခုလုံးရှိတယ်လေ"

"ဟား ဟား ဟား"

ကိုအောင်မိုးက ထား၏စကားကို သဘောကျဟန်ဖြင့် တဟားဟား ရယ်လိုက်သည်။ ထိုစဉ် ဦးဝင်းကြည်အပြင်၊ အဖွဲ့ဝင်များနှင့် ရွာလူကြီးများရောက်ရှိလာသဖြင့် ကိုအောင်မိုးတို့လည်း ကျောင်း ဆောင်တစ်ဖက်ခန်းသို့ ထွက်လာခဲ့ကြသည်။ နေမှာ အခုထိ တောအုပ်မှ မခွာသေးသဖြင့် ကျောင်းဆောင် တစ်ခုလုံးပေါ်သို့ နေရောင်က ပြိုးပြိုးပြောက်ပြောက်သာ ထိုးကျနေ၏။ တောတောင် စိမ့်စမ်း ထုထပ် သည့် အရပ်ဖြစ်၍လည်း ပြေးလွှားနေသော ရှဉ့်ကလေးများကိုသာမက ကျေးငှက်ကလေးများ၏ အော်သံကိုလည်း တစ်ခါတစ်ခါ ကြားနေရလေသည်။

"ကဲ ဒီက အဖွဲ့ဝင်တွေကလဲ ရွာလူကြီးတွေနဲ့အတူ ကျောင်းအခြေအနေကို ပဏာမ လေ့လာပြီး ပြီဘဲ။ ကျွန်တော်ကလည်း ခလေးတွေရဲ့ ကျန်းမာရေးအခြေအနေကို စုံစမ်းပြီးဘီ။ ကဲ ကိုအောင်မိုး ကလဲ ဘာလေ့လာပြီးဘီလဲဗျို့"

ဆရာမထားး၏ ရုံးအဖြစ် သီးသန့်လုပ်ထားသော အဆောင်မှာ ဝိုင်းထိုင်မိကြသည်နှင့် ဦးဝင်းကြည်က ကိုအောင်မိုးကို အနားမှာထားပြီး ခပ်ထေ့ထေ့လုပ်၍ စကားစလိုက်သည်။ သည်တွင် ဦးဝင်းကြည်၏ ဆေးသေတ္တာတွင် ထည့်ယူလာသော သူ၏စာရွက်စာတမ်းများကို ဆွဲထုတ်နေသာ ကိုအောင်မိုးမှာ တစ်ချက်ကြောင်သွားရင်း ...

''အင်း ကျွန်တော်ကတော့ ဆရာမကို လေ့လာတာမှတ်ပုံးဗျို့။ ဆရာမဆီက သင်ယူရတာ။ အဲ့ ဦးအဘွန်း– ဦးအဘွန်းတို့ ဒီဆရာမ ထားကို ရထားတာ သိပ်ကို ကံကောင်းတာဘဲ''

ကိုအောင်မိုးက သူ့စာရွက်စာတမ်းများကို စားပွဲပေါ်တင်လိုက်ပြီး တဘက်တစ်ထည်နှင့် ခေါင်းပေါင်းထားသည့် ရှမ်းအမျိုးသားကြီး ဦးအဘွန်းကို လှမ်း၍ ပြောလိုက်သည်။ သည်တော့ ဦးအဘွန်းက ခါးပိုက်ကြားမှ ဆေးရွက်တစ်ဖွဲ့ကို ယူ၍ ငုံလိုက်ရင်း ...

''အမိး ဆရာဝေ့ ကံကောင်းတာတော့ လွှတ်ကောင်းပဲ၊ ဒီဆရာမလေးရောက်လာတာ သိကြားသမီး ရောက်လာတာလို့ အားလုံး့က ပြောတယ်၊ ခု နွေကျောင်းပိတ်တယ်မဟုတ်လား ဆရာ၊ သူ မပိတ်ဘူး ဆရာ၊ ဆရာမလေးကိုယ်တိုင် သူငယ်တွေကို လိုက်ခေါ်တယ်၊ အလုပ်မအားရင် သူဝင်လုပ်ပေးတယ်၊ သူငယ်တွေက ပညာနည်းတယ် ဆရာရေ၊ ခုမှ နည်းနည်း တန်ကျလာတယ်၊ ခု ကျောင်းသားအများကြီးရှိနေပြီ၊ ဒါကြောင့် ဆရာတစ်ယောက်ပေးပါလို့ ဆရာကြီးတို့ကို ပြောတာ''

ဦးအဘွန်းက စကားမပီရသည့်အထဲ ဆေးငုံသံဖြင့် ရော၍ ဆရာမထား၏ကြိုးစားပုံနှင့် ဆရာတစ်ယောက်လိုအပ်ပုံကို သူတတ်သလို စကားဖြင့် ပြောပြလိုက်သည်။ အခုမှ ထားခမျာ နွေကျောင်းပိတ်ရက်မှာပင် အနားမယူနိုင်ဘဲ သူတတ်အားသမျှ လုံးပန်းနေရပုံကို ဗိုလ်၍ သဘောပေါက်မိကြရ၏။ ပြီးတော့ သူ့မှာ စာသင်ရုံ သက်သက်မဟုတ်၊ ကျောင်းသားကလေးများ၏ အလုပ်ကိုလဲ ဝိုင်းကူ လုပ်ပေးရ၏။

အားလုံးက ထားကို ဝိုင်းကြည့်မိကြသည်။ ထားကမူ ပြုံးတုံ့တုံ့အမူအရာမှအပ ဘာမှ လှုပ်ရှားခြင်းကို မပြ။ ပြီးတော့ အဖွဲ့ဝင်အားလုံးက ကျောင်းတွင်းအခြေအနေကို တစေ့တစောင်း ကြည့်မိကြပြန်သည်။ မြေကို အင်္ဂတေလို မာအောင် ညှိသိပ် သန့်ရှင်းထားသည်မှာ မြို့ကျောင်းပင် မှီမည်မဟုတ်။ စားပွဲကုလားထိုင်အစား ဝါးကို ခုံလုပ်ပြီး ဝါးဖျာနှင့်ပင် စားပွဲလုပ်ထားသည်ကလည်း အတုမိုးစရာ။ ကျောင်းသားကလေးများကိုလည်း ကြည့်ပါအုံး။ အများစုမှာ အကျီပင်မဝတ်နိုင်အောင် ဆင်းရဲ မွဲတေကြသော်လည်း စည်းကမ်းအရာမှာ ပြောစရာမရှိ။ ရည့်သည်လူကြီးများကို တစေ့တစောင်းကြည့်ရုံမှအပ၊ စကားပြောသံပင် မကြားရ။

သည်လို စည်းစနစ်ကျကျ ပြုစုပျိုးထောင်နေသော ကျောင်းတစ်ကျောင်း ပိုမို တိုးတက်ရေးအတွက် ဆရာတစ်ယောက် အမှန်ပင် လိုအပ်နေပါသည်။ သို့သော် သည်အရပ်မှာ ဆရာလာလုပ်မယ့်သူကရှားလှသည်။ ကိုအောင်မိုးမှာ စဉ်းစားရင်း''အင်း– မြို့မှိနေတဲ့ ပညာတတ်တွေ ဒီလိုဒေသမျိုး ဆင်းလာရင် ဘယ်လောက် ကောင်းမလဲ''ဟုပင် တောင်းတောင်းတတ ပြောမိသေးသည်။

နောက်ဆုံးတွင်မူ အခြေအနေအရပ်ရပ်ကို ထောက်ခံရေးသား၍ ခရိုင်ပညာရေးကော်မတီထံ တင်ပြရန်နှင့် လတ်တလောအားဖြင့် ဘန်ဂလားရွာမှ ရ–တန်းအောင်ထားသူတစ်ဦးအား လုပ်အားပေးအဖြစ် ခေတ္တတာဝန်ပေးထားရန်ကိုသာ ဆုံးဖြတ်ကြသည်။ ဆက်လက်၍ ကျောင်းဆောင်တိုးချဲ့ရေး၊ ဓနိအစား သွပ်ရရှိရေးနှင့် ကျောင်းသုံးစာအုပ်ရရှိရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းကြပြီး ကိုအောင်မိုး

တို့လည်း ရွာတွင်းရှိ လလသသဆိုင်ကို ကြည့်ရှုရန် ထွက်လာခဲ့ကြသည်။

ကျောင်းတွင်းမှ မထွက်ခင် ထားက ကျောင်းဝအထိ လိုက်ပို့ရာ ကိုအောင်မိုးက ရပ်၍ ထားကို နှုတ်ဆက်လိုက်သည်။

''ကဲ ထား၊ ကျွန်တော် သွားအုံးမယ်၊ ထားကို တွေ့ရတာ ကျွန်တော့်အတွက် စဉ်းစားစရာတွေ အများကြီး ရတယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ထားကို ကျွန်တော်ပြောပြချင်သေးတယ်။ ပြီးတော့ ထား့ပြောမယ့် စကားတွေကိုလည်း ကျွန်တော် နားထောင်ချင်သေးတယ်၊ ဒီတော့ အားတဲ့ တစ်ရက်မှာ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်လား''

ကိုအောင်မိုးက လတ်တလော သူ့ခံစားချက်ကို ထုတ်ဖော်လိုက်ရင်း ထားနှင့် တွေ့ဆုံနိုင်ရန် လမ်းခင်းလိုက်သည်။ သည်တော့ ထားက သူမနှုတ်ခမ်းပေါ်မှ ဆံစကလေးများကို လက်တစ်ဖက်နှင့် သိမ်းတင်လိုက်ရင်း ...

''ဟုတ်ပါတယ် ကိုအောင်မိုး။ ထားလဲ ကိုအောင်မိုးတို့ မြည်ကြီးမတ္တိုင်ကို ရောက်လာကတဲက ကိုအောင်မိုးရဲ့ သဘောထားနဲ့ ကြိုးစားအားထုတ်မှုကို ကြားတန်သလောက် ကြားပါတယ်။ ဒီတော့ ဘာတဲဖြစ်ဖြစ် ထားအနေနဲ့လဲ ကိုအောင်မိုးကို ခုလိုတွေ့ရတာ အားတက်မိတယ် ဆိုပါတော့ ...''

ကိုအောင်မိုးနှင့် ထား၏စကားမှာ ယောကျ်ားပျိုနှင့် မိန်းမပျိုတို့၏သံယောဇဉ်ကို လွန်၍ ရဲဘော်ရဲဘက်ချင်း အသွင်ကို ပို၍ ဆောင်နေသည်။ သို့ကြောင့်လည်း ကိုအောင်မိုးက ထားကို တွေ့တွေ့ချင်း စကားပြောကြရအောင်ဟု ဆိုဝံ့သလို၊ ထားကလည်း ကိုအောင်မိုးကို တွေ့ရ၍ အားတက်မိသည်ဟု ရဲရဲပင် ပြောဝံ့ခဲ့ခြင်း ဖြစ်ပေသည်။

''ကဲ ထား၊ အဖြင့် ကျွန်တော် သွားအုံးမယ်၊ အိနဲ့ ဒီက ဦးအတွန်းနဲ့ လိုက်လာရင် ထားကို တွေ့နိုင်တာပေါ့နော်''

ကိုအောင်မိုးက တောင်ကမူပေါ်မှ လှမ်းဆင်းလိုက်ပြီး ထားကို သမင်လည်ပြန် ကြည့်ရင်း မေးလိုက်၏။

''တွေ့နိုင်တာပေါ့ ကိုအောင်မိုး။ ထားက ဦးအတွန်းအိမ်မှာဘဲ နေတယ်လေ''

ကိုအောင်မိုးက တစ်ချက် ပြုံးပြပြီး သူ့အလုပ်နောက်သို့ လိုက်ရပြန်သည်။ သူ နောက်လှည့်ကြည့်တော့ စောစောက တစ်ယောက်တည်း ရပ်နေသော ထားအနီးမှာ ကျောင်းသားကလေးတွေက ဝိုင်းအုံနေကြပြီး သူ့ကို အားလုံးက ပြုံးပြနှုတ်ဆက်နေကြသည်ကို တွေ့ရလေသည်။

အချိန်မှာ နံနက် ၁၁–နာရီခန့် ရှိပေပြီ။ နေသည် သစ်ပင်တောရိပ်များကို ကျော်၍၊ ရွာကို ဆီးတောင်း တင်ထားသည်ဟု ထင်ရသည်။ သို့သော် တိမ်ရိပ်တိမ်လိပ်များနှင့် သစ်ရိပ်ဝါးရိပ်များ၏အရှိန်ကြောင့် ပူပြင်းချင်း အလျဉ်းမရှိ။ လေကလေး တဖြူးဖြူးကြောင့် တဗျတ်ဗျတ် ရိုက်ခတ်နေသော အုန်းပင်၊ အုန်းလက်များ၏ လှုပ်ရှားသံ၊ အိမ်ခြံစည်းရိုးများမှ ပုဏ္ဏရိပ်ပန်းများ၏ ယိမ်းထိုးလှုပ်ရှားဟန်ကို ကြည့်ပြီး ကိုအောင်မိုးမှာ လမ်းလျှောက်လို့ ပို၍ပင် ကောင်းလာသည်ဟု ထင်ရလေသည်။

''တွေ့လား ဆရာ၊ ဒီမှာ ရေစပ်စပ်၏နေတဲ့ မြောင်းကော၊ အဲဒါကို မြေဖို့ တုတ်ခတ်ပြီး လမ်းကောင်းကောင်းဖြစ်အောင် လုပ်ထားတာလေ၊ ဒါလည်း ဆရာမက သူ့ကလေးတွေနဲ့ မနှစ် ဒီလိုနွေပေါက်မှာပဲ လုပ်ထားတာပေါ့။ ဟိုမှာလည်း ကြည့် ဆရာ၊ ဒါက သူ့ကလေးတွေ ရွာထဲမှာကစားဖို့ သူဘဲ ဦးဆောင်ပြီး လုပ်ထားတာဘဲ။ အရင်တုန်းကတော့ ကျွန်တော်တို့လည်း ဗာသိဗာသာဘဲ နေကြတာပေါ့

ဆရာရယ်။ ဆရာမရောက်လာပြီး သူကိုယ်တိုင် ဝင်လုပ်နေတော့ ကျွန်တော်တို့ရွာသားတွေ ဘယ်နေလို့ရတော့မှာလဲ"

လလသသအတွင်းရေးမှူး မောင်ကြိုး ဆိုသူက လက်ညှိုးဖော်ဖော်ထိုး၍ ကိုအောင်မိုးကို ပြောပြနေခြင်း ဖြစ်၏။ ရွာထဲ ပြန်ရောက်တော့လည်း ဆရာမထား၏ လက်စလက်နများက ရှောင်လို့မလွှတ်။ ထားကား သူမ၏ဘဝကိုသာ စွန့်လွှတ်ထားသူမဟုတ်။ အောက်တန်း နောက်တန်းကျနေသည့် ကျေးလက်ပြည်သူများ၏ဘဝကို သူတတ်နိုင်သမျှနည်းဖြင့် ပါဝင်တည်ဆောက်နေသူပင် ဖြစ်ချေရတကား။

ကိုအောင်မိုးမှာ စဉ်းစားရင်း ထား၏ပြတ်သားသော အမြင်နှင့် စွန့်လွှတ်ရဲသော သတ္တိကို အကြိမ်ကြိမ်ပင် ချီးကျူးမိ၏။ သူမ၏ကြိုးပမ်းလုပ်ဆောင်မှုများကို မြင်ရ ကြားရ၊ သိရတိုင်းလည်း သူ့မှာ အားဆေးကောင်းကောင်းစားရသော လူနာတစ်ယောက်လို အားခွန်ဗလ တိုးတက်လာသည်ဟု ထင်ရသည်။

သို့သော် သူ့အလုပ်ကမူ မှန်တိုင်းမွှေသွားသော စပါးခင်းကို ပြန်၍ ဆင်ရသလို၊ အင်မတန် အလုပ်များပြီး အချိန်အားက နည်းလှသည်။ အခုထိ သူ့မှာ မြို့ပြတည်ဆောက်ရေးကို မစ,နိုင်သေး။ သူပုန်တွေ စွန့်ပစ်သွားသည့် ပစ္စည်းများကို ခြေရာခံရတုန်း။ လိုက်လံ သိမ်းဆည်းရတုန်းဖြစ်၏။ သည်နေ့ဆိုလျှင် ထားတို့ရွာမှ လလသသဆိုင်ကို ကြည့်ပြီးလျှင် ရွာလည်ဘုန်းကြီးကျောင်းမှာ ယင်းကိစ္စအတွက် အစည်းအဝေးလုပ်ကြရ၏။ စခန်းပြန်ရောက်တော့လည်း ချောင်းကရွက်၊ ဘုန်ခွန်း၊ ရွှေဂုံညို စသော ကျေးရွာများမှ လူကြီးများနှင့် ညဉ့်နက် သန်းခေါင်အထိ စည်းဝေးညှိနှိုင်းကြရ၏။ ဒီကိစ္စတွေပြီးတော့လည်း ရတနာပုံမိုင်းမှာ လုဝင်မှုကင်းစခန်းထားရှိရေး၊ ထား ဦးဆောင်နေသော ကျောင်းမှာ လက်ထောက်ဆရာ ရရှိရေးကဲ့သို့သော ကြားဖြတ် တင်ပြသင့်သည့်ကိစ္စများကိုလည်း သက်ဆိုင်ရာသို့ ရေးသားတင်ပြရလေသည်။

မည်သို့ ဆိုစေ၊ သည်မျှ အလုပ်တာဝန်များရသည့်ကြားထဲ သူသည် ထားနှင့်ကား တွေ့ဖြစ်အောင် တွေ့၏။ တစ်ခါတရံ မနက်စောစော လုပ်ငန်းမစမီ အချိန်ကလေးကို ရွေး၍ ထားဆီသို့ သွား၏။ တစ်ခါတရံတွင်မူ သတ်မှတ်ထားသည့် အစီအစဉ်တစ်ခု ရွှေ့ဆိုင်းလိုက်ရ၍ နည်းနည်းကလေး အားလပ်သည့် အချိန်မျိုးမှာ အပြေးသွားရ၏။ သို့ကလို ထားနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးခွင့်ရသဖြင့်လည်း ကိုအောင်မိုးမှာ ထား၏ သဘောထား အယူအဆကိုသာမက သူမ၏ လုပ်ငန်းရည်ရွယ်ချက်ကိုပါ ဝိုပြင်စွာ သိခွင့်ရခဲ့လေသည်။

"ထား ရည်ရွယ်ချက်တော့ ဒီကျေးရွာအုပ်စုမှာရှိတဲ့ ခလေးတွေအားလုံး မြန်မာစာ၊ မြန်မာစကားကို ကောင်းကောင်း ပြောတတ် ရေးတတ်ရမယ်။ ဒီရွာမှာ အနည်းဆုံး အလယ်တန်းကျောင်းအဆင့် ရှိစေချင်တယ်။ ပြီးတော့ ကိုအောင်မိုးတို့ အခုတည်ဆောက်ဖို့ ရည်ရွယ်ထားတဲ့ ပြည်ကြီးမဏ္ဍိုင်ကို မြို့နယ်ခွဲအဖြစ် ဖြစ်မြောက်ဖို့,ကိစ္စကိုလည်း ထားသိပ်လိုလားတယ်"

သည်စကားကို ထားက ဦးအဘွန်းအိပ်၏ အိပ်ရှေ့ကပြင်မှာ ကိုအောင်မိုးအတွက် ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေးရင်း ပြောလိုက်ခြင်းဖြစ်၏။ နယ်စွန်နယ်ဖျားမှာရှိသည့် တိုင်းရင်းသားတွေအားလုံး မြန်မာစာ၊ မြန်မာစကားကို နားလည် ကျွမ်းကျင်ခြင်းသည် ပြည်မနှင့် ပြည်နယ် ပေါင်းကူးပေးခြင်းပင် ဖြစ်သည်။

ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည် အသိစိတ်မှ ပြည်ပအဖျက်ရန်ကို ကာကွယ်နိုင်လိမ့်မည်။ ပြည်ကြီး မဏ္ဍိုင်မှာ အနီးကပ်အုပ်ချုပ်ရေးအဖွဲ့အစည်းရှိမှ သည်ဘက်တခွင်၏ သယံဇာတပစ္စည်းများကို စနစ်တကျ ဖော်ထုတ်သုံးစွဲနိုင်ပေလိမ့်မည်။

ထားး၏ရည်ရွယ်ချက်မှာ မဖြစ်နိုင်သည့် စိတ်ကူးယဉ် ရည်ရွယ်ချက်မဟုတ်ပေ။ အခုပင် သည် ရည်ရွယ်ချက်များကို စိတ်ရောကိုယ်ပါ အကောင်အထည်ဖော်မည့် ကိုအောင်မိုးကို ထားတွေ့ရလေပြီ။ ကိုအောင်မိုးကလည်း သူ၏တွေဝေမှုကို အခိုင်အမာပြုနေသည့် ထားကို သူတွေ့ရလေပြီ။ ထားနှင့် ကိုအောင်မိုး လက်တွဲရန်သာ လိုတော့သည်။

သို့သော် ကိုအောင်မိုးသည် သူရှေ့ရှုဆောင်ရွက်နေသည့် သဘောထားရည်ရွယ်ချက်အပေါ် သံသယမရှိ အခိုင်အမာ ယုံကြည်လာပြီ ဖြစ်သော်လည်း ထားနှင့် ဘဝအဖော်အဖြစ် လက်တွဲရန်ကိုမူ အခုအထိ အရိပ်အမြွက်မပြသေး။ ထားနှင့်တွေ့သည်မှာ စောလွန်းသေး၍လည်း ဖြစ်နိုင်သည်၊ ပညာတတ် ညာဉ်အတိုင်း တစ်ဖက်ကိုအမှန်တန်းထားပြီး တက်သာဆုတ်သာ လုပ်လို၍လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို ဦးဝင်းကြည်ပြောဘူးသည့်အတိုင်း သတ်ကို စောင့်ကြည့်လို၍လည်း ဖြစ်နိုင်ပေသည်။

မည်သို့ဆိုစေ၊ ထားနှင့် ကိုအောင်မိုးမှာ စိတ်တူကိုယ်မျှ ရှိသူများပီပီ သဘာမန်ဓိတ်ဆွေများ အဆင့်ကိုလွန်၍ အလွန်ရင်းနှီးသည့် ရဲဘော်ရဲဘက်များဘဝသို့ကား ရောက်ရှိနေကြလေပြီ။ ကိုအောင်မိုးသည် သူ့အကြောင်းကို ထားနှင့် ဆွေးနွေးတိုင်ပင်ရာတွင် ဘာကြောင့်မှန်းမသိ၊ သတ်အမည်ကို မြုပ်ကွယ် ထားလေ့ရှိ၏။ ပြီးတော့ တစ်ခါတစ်ခါ ထားကို အကြာကြီး စိုက်ကြည့်တတ်၏။ သည်လိုအခါမျိုးတွင် ထားကလည်း နေကြာပန်းလို ဝင့်ထယ်သော မျက်နှာမှာ အပြုံးပန်းနှင့် တုံ့ပြန်နေတတ်သည်။

သို့ကြောင့်လည်း တစ်ညတွင် အဖွဲ့ဝင်များအားလုံး လုပ်ငန်းသိမ်းပြီးနောက် ကိုအောင်မိုး တစ်ယောက်တည်း အောက်လင်းဓါတ်မီးအောက်မှာ အလုပ်လုပ်နေစဉ် ဦးဝင်းကြည်ရောက်လာပြီး...

"ကဲ ရဲဘော်ကြီး။ အလုပ်ကလေး နည်းနည်း အားတာနဲ့ တစ်နေ့ကဘဲ ခင်ဗျား ထားဆီကို ရောက်သွားသေးတယ်မှတ်လား။ မှန်မှန်ပြောစမ်း။ အခု ခင်ဗျားနဲ့ ထား ဘယ်အခြေအနေရောက်ပြီလဲ..."

ဦးဝင်းကြည်က မာတ်မီးရောင်ကြောင့် သူ့မှုကို လက်နှင့်ကာရင်း ကိုအောင်မိုးကို စပ်မေးလိုက်တော့သည်။ ကိုအောင်မိုးမှာ ဦးဝင်းကြည်၏ ဆိုင်းမဆင့် ဗုံမဆင့် အမေးကြောင့် သူ့ကို တစ်ချက်ဝေကြည့်ပြီးမှ စာရွက်များကို ရှေ့သို့ တွန်းပို့လိုက်ရင်း ...

"ဘာလဲ ဦးဝင်းကြည်၊ ထားကို ကျွန်တော်ယူလိုက်ပြီး ပြည်ကြီးမဏ္ဍိုင်မှာ ကျန်နေခဲ့မှာစိုးလို့ မေးနေတာလား"

ကိုအောင်မိုးကလည်း သူ့လိုပင် မီးရောင်ကို လက်နှင့် ကာရင်း ပြုံးဖြဲဖြဲနှင့် ဝလိုက်၏။

"မဟုတ်ဘူး ရဲဘော်၊ ခင်ဗျား ထားကိုယူရင်လည်း ကျွန်တော် ဘာမှ ကန့်ကွက်စရာ မရှိဘူး။ သူ့ကို ယူလိုက်ရင် ကျွန်တော်တို့အတွက် အင်အားတစ်ယောက် တိုးတာဘဲဗျ။ ဒါနဲ့ ကျွန်တော့်တူမလေးနဲ့ စိစဉ်ထားချက်အရဆိုရင် ခင်ဗျား အချစ်တောင်း သက် ဘိတ်ကို လိုက်လာချင် လာမယ်။ လိုက်လာလို့ ကျွန်တော်တို့နဲ့မတွေ့တောင် မောင်ရယ် ခုလို ခေတ်ပြောင်းနေတာ မသိလို့ပါ။ ဒီလိုဆိုရင် မောင့်ဘဝနဲ့ ထပ်တူရှိပါစေတော့လို့ စိတ်ပြောင်းသွားရင် ခင်ဗျား လှေနံ့နှစ်ဖက်နင်း မဟုတ်ဘူး။ တုံကင်းကို နှစ်ဖက်နင်း ဖြစ်မှာစိုးလို့ဗျ သိရဲ့လား"

**ဦးဝင်းကြည်**က သူ့နှဖူးကျယ်ကြီးကို လက်နှင့် တို့ပွတ် သည်ပွတ်လုပ်ရင်း **ကိုအောင်မိုး**ကို ဟာသကလေးနှော၍ ပြောချလိုက်သည်။

''ဟုတ်ပါတယ်ဗျ။ ကျွန်တော်တို့ ငွေကြေးကိစ္စတွေပြီးသွားရင် ဘိတ်ကို ခဏပြန်ကြအုံးမှာဘဲ၊ ဒီတော့မှ အခြေအနေကြည့်ပြီး ဆုံးဖြတ်တာပေါ့။ ခုတော့ ထားကို ကျွန်တော် သဘောမကျမဟုတ်ပေမဲ့ အရိုးသားဆုံးအဆင့်မှာဘဲ ရှိပါတယ်ဗျ၊ ဒါပေမဲ့ဗျာ သက်ကို ကျွန်တော် ပြန်ပြီး ဆက်သွယ်မိလို့ မဟုတ်ရင် သူ့ကို ကျွန်တော် လုံးလုံး မေ့လိုက်ပြီး ထားနဲ့ဘဲ လက်တွဲလိုက်ချင်တယ်။ ဒါနဲ့ မနက်ဖြန် မနက်စာကို ဦးအဘွန်းအိမ်မှာ ထမင်းစားဘို့ စီစဉ်ထားတာ ဦးဝင်းကြည် သိပြီးဘီလား''

**ကိုအောင်မိုး**က သူ၏နောက်ဆုံးအနေအထားကို ပြောပြလိုက်ရင်း **ထား**တို့အိမ်မှာ ထမင်းစား သွားရမည့် အကြောင်းကိုပါ **ဦးဝင်းကြည်**အား ဖောက်သည်ချလိုက်၏။ သည်တော့ **ဦးဝင်းကြည်**က နာရီကိုကြည့်ရင်း ...

''သိပြီးပါပြီဗျာ၊ ဦးအဘွန်းအိမ် ပြောမနေပါနဲ့တော့၊ ထားတို့အိမ်ဘဲ လုပ်စမ်းပါ။ ကဲ - ဆယ့်နှစ် နာရီထိုးတော့မယ်ဗျို့။ ဒါနဲ့ ကိုအောင်မိုး ခင်ဗျား ဒီဘက်ကလားရွာ အနီးလေးဆိုပြီး တစ်ယောက်တည်း တော့ မသွားနဲ့ဗျ၊ ခင်ဗျားက သူပုန်ကို သတင်းပေးခံထားရတဲ့လူ၊ ပြီးတော့ ဒီအလုပ်မှာလည်း နာမည် ကြီးဗျ၊ ဒီတော့ ကိုယ့်လုံခြုံရေးလည်း ကိုယ်ဂရုစိုက်အုံး''

**ဦးဝင်းကြည်**က သည်လိုဆိုတော့လည်း အကိုကြီးတစ်ယောက်လေသံမျိုးနှင့် သတိပေး စကားပြောပြီး အနီးရှိ သူ့အိပ်ရာပေါ်မှာ လှဲချလိုက်၏။ မကြာပါ။ တပ်ကင်းမှ ဆယ့်နှစ်နာရီ သံချောင်း ခေါက်သံက ပေါ်လာ၏။ အဖွဲ့ဝင်အချို့၏ အိပ်မောကျသံများကိုလည်း ကြားရ၏။ အပြင်တွင်မူ မဲမှောင် နေပြီး ပိုးကောင်ကလေးများ၏ အော်သံက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးနေလေသည်။

**ကိုအောင်မိုး**သည် သူ၏အလုပ်လက်စကို အပြီးသတ်လိုက်၏။ သူပုန်တွေကြောင့် ဆုံးရှုံးသည့် ငွေသားနှင့် ပစ္စည်းစာရင်း။ ပြီးတော့ ပြန်လည် စုဆည်းရရှိသည့်စာရင်း။ ဆုံးရှုံးသည့်စာရင်း စုစုပေါင်းမှာ ရှစ်သိန်းကျော်ဘိုးခန့်ရှိသည်။ အခုထိ ပြန်လည် သိမ်းဆည်းရရှိသည့်စာရင်းမှာကား ငါးသိန်းခန့် ရှိ နေပြီဖြစ်၏။ အတော်ပင် အောင်မြင်နေပြီဟု ဆိုရပေမည်။

သို့သော် မနီးလုံးကျေးရွာအုပ်စုမှ ငွေသားနှင့် ပစ္စည်းများကို အခုထိ ကောက်ခံ သိမ်းဆည်းနိုင် ခြင်း မရှိသေး။ မနီးလုံးခဲမိုင်းသည်လည်း ဤဒေသတွင် အလွန်နာမည်ကြီးသော မိုင်းတစ်ခုဖြစ်သည်။ သို့သော် ရတနာပုံမိုင်းလို နယ်စပ်နှင့်အလွန်နီးစပ်ခြင်း မရှိသော်လည်း တနင်္သာရီနယ်စပ်ကို ဖြတ်၍ တစ်ဖက်နယ်ခြားသို့ အလွယ်တကူ ဝင်ထွက်သွားလာနိုင်သည့်အပြင် သောင်းကျန်းသူများ၏ အမာခံ နယ်မြေလည်းဖြစ်၏။ သို့ကြောင့် **ကိုအောင်မိုး**တို့သည် အခုထိ မနီးလုံးမိုင်းဒေသဘက်သို့ ခရီးမထွက် နိုင်သေးဘဲ လက်လှမ်းမှီသမျှ ရွာများကိုသာ ဦးစားပေးဆောင်ရွက် နေခြင်းဖြစ်ပေသည်။

သူသည် စစ်ဆင်ရေး၏ ပထမပိုင်းလုပ်ငန်းတွင် အတော်အသင့် အောင်မြင်မှုရရှိနေသည်ကို အသေးစိတ် ပြန်လှန်လေ့လာရင်း နောက်တစ်နေ့မနက်တွင် **ထား**တို့ရှိရာသို့ အဖွဲ့ဝင်များနှင့်အတူ ထွက် ခဲ့သည်။ ထိုနေ့ ကော့ဘွတ်ရွာမှလူကြီးများ အချိန်မှီ ရောက်မလာသဖြင့် ညနေပိုင်းကျမှ တောင်ရိုက် ရွာမှလူကြီးများနှင့် တွေ့ဆုံကြရမည်ဖြစ်ရာ လတ်တလော အားလပ်သည့်နေ့ဟု ဆိုရပေမည်။

သည်နေ့ကျမှ **ထား**သည် ထူးထူးခြားခြား လှနေသည်ဟု **ကိုအောင်မိုး** ထင်မိ၏။ ဓါတ်ပိုင်း ကျောင်းစိမ်းလုံချည်အစား သည်နေ့ကျမှ တက်ထရွန်အပြာနုကလေးကို ဝတ်ထား၏။ အင်္ကျီကလည်း

အမြဲ့သက်သက်ပင်ဖြစ်သော်လည်း ရင်နားတစ်ဝိုက်မှာ ပန်းခက်များနှင့်၊ လက်ဖျားနှစ်ဖက်မှာလဲ ဇာခြည်ကလေးများနှင့်၊ ပြီးတော့ ခေါင်းမှာလည်း မွှေးထုံ သင်းကြိုင်နေသည့် စံပယ်ကုံး ယှဉ်စေနှင့်၊

သို့သော် အားလုံး စားသုံးပြီးသည်နှင့် ဦးဝင်းကြည်က ဖောက်လာ၏။

"ကဲ ဆရာမရေ၊ စားလို့လည်း ကောင်း၊ သောက်လို့လည်း ကောင်းမို့ တဝ ကျေးဇူးပဲ ဆရာမ၊ အခု ဟိုတစ်နေ့က ရွာထဲရောက်တာ နှံ့နှံ့စပ်စပ် မကြည့်ရသေးလို့ ကျွန်တော်တို့ရွာထဲ ခဏ လျှောက်လိုက်အုံးမယ်၊ ဒီက ကိုအောင်မိုး့ကကော လိုက်မှာလား ကျန်ခဲ့မှာလား"

ဦးဝင်းကြည်က သောက်လက်စ ရေနွေးကြမ်းအကျန်ကို အိမ်ပြင်သို့ ပက်ထည့်လိုက်ရင်း ကိုအောင်မိုးကို စ,သလိုလို အတည်လိုလို လုပ်၍ ပြောလိုက်ရာ၊ အားလုံးက ကိုအောင်မိုးကို အပြုံးတစ်ဝက်နှင့် ဝိုင်းကြည့်ကြ၏။ သို့သော် ကိုအောင်မိုး၏လုပ်ရပ်နှင့် တည်ငြိမ်မှုကို ကြည့်ပြီး အဖွဲ့ဝင်အားလုံးက သူ့ကို လေးစားရုံမက အစစတွင် ယုံကြည် စိတ်ချထားပြီးဖြစ်၏။ သို့ကြောင့် ကိုအောင်မိုးကလည်း အနည်းငယ်မျှ တုံ့ဆိုင်းခြင်းမပြုဘဲ ...

"ကဲ သွားချင်တဲ့ ရဲဘော်တွေ သွားကြဗျာ၊ ကျွန်တော်ကတော့ ဒီရွာထဲ ခဏခဏ ရောက်လို့ ရှိးသွားပြီ၊ ဆရာမနဲ့ဘဲ စကားပြောကျန်ခဲ့မယ်"

ကိုအောင်မိုးစကားအဆုံးမှာ အဖွဲ့ဝင်အားလုံးသည် သူတို့နှစ်ဦးကို ထားခဲ့ပြီး ရွာတွင်းသို့ အလျှိုလျှို ထွက်သွားကြသည်။ ပြီးတော့ ရှမ်းအိုးကြီး ဦးအဘွန်းကိုယ်တိုင်လဲ ပါသွားရကား ကိုအောင်မိုးနှင့် ထားသည်ကား အိမ်ခေါင်းရင်းရှိ ပန်းခြံထဲသို့ ဆင်းလာခဲ့ကြသည်။

ထားဆံကေသာမှ စံပယ်၏မြေရာအဖြစ် စံပယ်ပန်းများက တစ်ခြံလုံးမှာ ကြိုင်လှိုင်နေ၏။ ပြီးတော့ ဇီဇဝါပန်းဆုပ်ကြီးများကလည်း လှချင်တိုင်းလှပြီး ရိုးတံမှ ငိုက်ကျနေ၏။ ခြံစည်းရိုးတွင်ကား ရွက်လှပန်း အမျိုးမျိုး။ ပြီးတော့ ကြက်မောက်၊ စိန်ခြယ်နှင့် နှင်းဆီအရောင်အသွေး အမျိုးမျိုး။ နေက ကြည်ကြည် လင်လင် ထွန်းပနေပြီဖြစ်သော်လည်း တောရိပ်တောင်ရိပ်က ကောင်းလှသဖြင့် လောကကြီးတစ်ခုလုံးပင် သာယာနေသည်ဟု ထင်ရလေသည်။

"ထား"

ပန်းခြံတစ်နေရာတွင် ချထားသည့် ခုံတန်းရှည် တစ်နေရာပေါ်မှာ ထိုင်မိကြသည်နှင့် ကိုအောင်မိုးက အနီးတွင် ရပ်နေသော ထားကို ပီပီသသကြီးရွတ်၍ ခေါ်လိုက်၏။ ထားကမူ တစ်စုံတရာ ပြန်ထူးခြင်းမပြုဘဲ ကိုအောင်မိုးအနီးမှာ ဝင်ထိုင်ရင်း သူ့ကို ငေးကြည့်လိုက်၏။

"ထားကိုကြည့်ရတာ ဒီနေ့ ပိုပြီးလှတယ်လို့ ထင်တယ်၊ အခု ထားရဲ့ဘဝရှေ့ရေးကိုလည်း ထား ဘယ်လို စဉ်းစားထားသလဲ"

ကိုအောင်မိုးက သူ့ခြေတစ်ဖက်ကို ချိတ်၍ ထိုင်ခုံကျောကို မှီချလိုက်ရင်း ထားဘဝကို ရဲရဲဝံ့ဝံ့ပင် မေးလိုက်၏။ သည်တော့ ထား့ကလည်း နေရာကို ပြင်ထိုင်ရင်း ...

"ထား ဘဝရှေ့ရေးကို ထား အတွေအထူး စဉ်းစားတာမရှိဘူး ကိုအောင်မိုး၊ ထား စိတ်ကူးတာကတော့ ဒီဒေသမှာ ထား စိတ်တိုင်းကျ အခြေချပြီးရင် ခုလိုဘဲ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေမှာ ပညာရေးနဲ့ လူမှုရေးတာဝန်ကို ဆက်ပြီး ဆောင်ရွက်မယ် စိတ်ကူးတာဘဲ၊ ဒီကြားထဲမှာ ထားတို့လို စေတနာနဲ့ ဆောင်ရွက်မယ့်လူတွေများလာရင်တော့ ထား အညာပြန်ပြီး အခြေနဲ့ဘဲ ပြန်နေမှာပေါ့၊ ဘာဖြစ်လို့လဲ ကိုအောင်မိုး"

ထားးက စိတ်ရှည် လက်ရှည် ပြောပြနေရာမှ ကိုအောင်မိုးကို ဖြတ်၍ မေးလိုက်၏။

''ဩော် ဘာမှ မဖြစ်ပါဘူး ထား။ ကျွန်တော်မေးတာက ထားရဲ့ကိုယ်ပိုင်ဘဝကို ဘယ်လို မျှော်မှန်းတည်ဆောက်ဖို့ စိတ်ကူးထားလဲလို မေးတာပါ။ ဒါနဲ့ ထားက အညာမြို့မှာ အဒေါ်နဲ့နေမယ် ဆိုတော့ ထား အမေ,အဖေတွေက ...''

ကိုအောင်မိုးက ထားကို စိမ်းစိမ်းကြည့်ရင်း နားမလည်ဟန်နှင့် မေးလိုက်၏။

''ဟုတ်တယ် ကိုအောင်မိုး။ ထား အဒေါ်နဲ့ဘဲ နေတာ၊ ထား အဖေ,အမေတွေက ထား ငယ်ငယ် ကတည်းက ဆုံးသွားကြတယ်''

ကိုအောင်မိုးမှာ ထားကို ဆက်၍ မေးနိုင်စွမ်း မရှိတော့။ သူကိုယ်တိုင်ကလည်း ဘာကိုမှမပြော ချင်တော့ဘဲ ထားကိုသာ အတန်ကြီး ကြာအောင် ငေး၍ ကြည့်နေမိ၏။ ထားဘဝကား တကယ်ပင် အားကိုးရာမဲ့သည့် ဘဝပါကလား။ လူမမယ်ရင်သွေးများကို ပြုစုပျိုးထောင်နေသည့် ထားမှာ သူကိုယ် တိုင် ခိုနားစရာ မရှိသည့်ဘဝပါကလား။

''ထား၊ ထားရဲ့ ဘဝနဲ့ ပတ်သက်လို့ ကျွန်တော် ဒီအထိ မသိခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် ထား အား မငယ်ပါနဲ့၊ ကျွန်တော်ဟာ ထားအတွက် ဘာမဆို ကူညီဖို့ အသင့်ပါ ထား၊ တကယ်တော့...''

ကိုအောင်မိုးက သူ့စကားကို ဖြတ်ပြီး ပန်းခြံတစ်နေရာမှ ကြက်မောက်ပန်းနီနီများကို ငေးကြည့် နေမိ၏။ သူ့စိတ်ထဲမှာ သတ်ကို လုံးလုံးမေ့သွားပြီး၊ ထားကို လက်ကမ်းဖို့ တစ်ခါတည်းပြောလိုက်ရ ကောင်းမလားဟု အောက်မေ့မိသည်။ သို့သော် ထားက ရုတ်တရက်ဖြင့် သူမ၏ခေါင်းကလေးကို မော့လိုက်ရင်း ...

''ကိုအောင်မိုးကို ထားယုံကြည်ပါတယ်၊ ထားလဲ ကိုအောင်မိုးကို တွေ့တွေ့ချင်း အကိုရင်း တစ်ယောက်လို အောက်မေ့မိပါတယ်။ ထားတို့ဟာ ဘာပဲဖြစ်ဖြစ် ကိုယ့်အကျိုးစီးပွားထက် တိုင်းပြည် ရဲ့ အနာဂါတ်စီးပွားအတွက် ယုံယုံကြည်ကြည် လုပ်နေကြသူချင်းဆိုတော့ ထားကလဲ ကိုအောင်မိုးကို ဘာမဆို ကူညီဖို့ အသင့်ပါဘဲ''

''ဦးအဘွန်း၊ ဗျို့ ဦးအဘွန်း''

ထားနှင့် ကိုအောင်မိုးတို့ စကားမှ မပြတ်သေး။ အိမ်ရှေ့ခြံဝန်းမှ ခြေသံများနှင့်အတူ ဦးအဘွန်းကို လှမ်းခေါ်လိုက်သံများကြောင့် ကိုအောင်မိုးကလည်း ထားကို တစ်ချက်လှမ်းကြည့်လိုက်ရင်း မတ်တပ် ရပ်လိုက်သည်။ အပြင်ထွက်ကြည့်လိုက်တော့ မြည်ကြီးမဏ္ဍိုင်စခန်းမှ တပ်ကြပ်ကြီးစိုးတင်နှင့် ရဲဘော် နှစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့ကြရ၏။

''ဩော် ဆရာကိုအောင်မိုး၊ မနေ့ညကဘဲ မိန်းလုံးမိုင်းကို သူပုန်ဝင်စီးပြီး ခဲတွေ လုသွားတဲ့ အကြောင်း ဆက်သားတစ်ယောက် ခုဘဲ သတင်းလာပို့တယ် ဆရာ''

''ဟင် ...''

ကိုအောင်မိုးမှာ 'ဟင်'တစ်လုံးကိုသာ ဝိဝိကြီး ရွတ်လိုက်ပြီး ထားကို လှည့်ကြည့်လိုက်မိ၏။

''ဟုတ်တယ် ဆရာ၊ အဲဒီ ဆရာတို့ သတင်းအပြည့်အစုံ ယူနိုင်အောင် ဆက်သားကို စောင့်ခိုင်း ထားတယ်၊ ဒါနဲ့ ဆရာ ဗိုလ်ကြီးကော''

''ဗိုလ်ကြီး ကျော်လှတို့ ရွာထဲခဏသွားတယ်၊ ကဲဒါဖြင့် ဗိုလ်ကြီးတို့ကို ခေါ်ပြီး တပ်ကိုပြန်ကြ ရအောင်''

စောစောက သာယာလှပနေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာ အိပ်မက်လိုပင် ရုတ်ခြည်း ပျောက်ကွယ်သွားသလားဟု ကိုအောင်မိုးခံစားလိုက်ရ၏။ မနီးလုံးမိုင်းသည် သူတို့၏လုပ်ငန်း စီမံချက်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသဖြင့်လည်း တစ်ခုခုတော့ လုပ်ကြရတော့မည်ဟု သူနားလည်လိုက်၏။ သို့ကြောင့် သူသည် အရုပ်ပြတ်ပြတ်နှင့် ကိုယ်ခန္ဓာတောင့်တင်းလှသော ဆရာ စိုးတင်၏ လက်မောင်းကို လှမ်းကိုင်လိုက်ပြီး ''ကဲ–ဆရာ စိုးတင်၊ သွားကြစို့''ဟု ခပ်မြန်မြန်ပင် သွားရန် တန်ပြင်လိုက်သည်။ ပြီးတော့ အနားတွင်ရပ်နေသော ထားကို အမှတ်ရသဖြင့် သူ့ခြေကို ရပ်ပြီး ထားကို ငေးကြည့်လိုက်မိ၏။

''သွားပါ ကိုအောင်မိုး။ ဒီအဖျက်သမားတွေ နှောက်ယှက်နေသမျှတော့ ထားတို့ အပြုလုပ်ငန်း တွေဟာ သမင်မွေးရင်း ကျားစားရင်း ဖြစ်နေအုံးမှာပဲ။ ဒါပေမဲ့ တစ်နေ့ကျရင်တော့ အဖျက်သမားများနဲ့ အပြုသမားများကို ပြည်သူက အဆုံးအဖြတ် ပေးပါလိမ့်မယ်''

ထားစကားက အလွန် လေးနက်လှ၏။ သူမ၏အမူအရာကလည်း တည်ငြိမ်ရုံမက စူးရှ ထက် မြက်လှ၏။ ပြီးတော့ ရပ်နေရာမှ စိုးစဉ်းမျှ လှုပ်ရှားခြင်းမရှိဘဲ ပကတိတည်ငြိမ်သော မျက်နှာဖြင့်သာ ကိုအောင်မိုးတို့ကို စောင့်ကြည့် ကျန်ရစ်ခဲ့လေသည်။

ကိုအောင်မိုးကား ထား ပြောလိုက်သော စကားနှင့် အမူအရာကို ခေါင်းထဲမှာ မှတ်မှတ်သားသား စွဲငြိနေရင်း ရွာတွင်းရောက်နေသည့် အဖွဲ့ဝင်အားလုံးကိုခေါ်ပြီး မြတ်လမ်းကပင် တပ်စခန်းသို့ ပြန်လာ ခဲ့၏။ စခန်းပြန်ရောက်သည်နှင့် ဝိုင်ယာလက်စက်ကိုဖွင့်ပြီး မြို့တော်မြို့သို့ အကြောင်းကြားကြ၏။ ညနေ ၄–နာရီတွင်ကား သူတို့ ဆက်လက် ဆောင်ရွက်မည့်အမိန့်ပင် ရောက်ရှိလာတော့သည်။

မနီးလုံးမိုင်းကို အမြန်ဆုံးသွားရောက်၍ မိုင်းလုပ်ငန်းကို ယာယီပိတ်ထားရန်။ မိုင်းမှ အရေးကြီး ပစ္စည်းများကို သယ်ဆောင်ပြီး ပြည်ကြီးမဏ္ဍိုင်တွင် ခေတ္တထိန်းသိမ်းထားရန်နှင့် အခြားလုပ်ငန်းတာဝန် များကို ဆက်လက်ဆောင်ရွက်ရန် အမိန့်ပင်တည်း။

အခြေအနေများကား လျှပ်ပြက်သလိုပင် မြန်ဆန်လွန်းလှသည်။ ကိုအောင်မိုးတို့သည် လုပ် လက်စလုပ်ငန်းများကို ညတွင်းခြင်း လက်စသိမ်းပြီး အမြန်ဆုံး ခရီးထွက်ရန် ပြင်ဆင်ရတော့၏။ သွားရမည့်ခရီးကား ရေလမ်းခရီး။ ပြီးတော့ လေညှာမြစ်ကို ဆန်ပြီး မြောက်ဖက်သို့ တက်၍ မိချောင်း တက်ချောင်းရိုးကို ဝင်ရမည်ဖြစ်ရာ ရေမျိုးကို ကြည့်ပြီးမှ သွားလို့ရသည့် ရေလမ်းခရီး။

သူတို့သည် တမေ့လောက်အိပ်ပြီး နံနက်၃–နာရီခန့်တွင် အိပ်ရာက ထကြရ၏။ လေညှာမြစ် သည် ကြယ်ရောင်အောက်တွင် လဲ့လဲ့သာ လက်ပြီး ကျောရိုးလောက်ကိုသာ မှုန်မွှားမွှား မြင်နေရ၏။ လေသည် မြောက်ဖက်မှ တဖြူးဖြူး တိုက်ခတ်လျက်ရှိရာ ကိုအောင်မိုးသည် ပင်လယ်တွင် ဇင်ယော် နှင့် သွားခဲ့ရသည့် ညများကို မြေး၍ သတိရမိလေသည်။

သူ့အနီးတွင်ကား ဦးဝင်းကြည်သည် ဆေးသေတ္တာကို ဖင်ခုထိုင်ပြီး ငါးခမောက်ကို ဆောင်းထား လျက်ရှိ၏။ ဆလင်ခန်းထဲတွင်ကား အဖွဲ့ဝင်အားလုံးမှာ ဆေးလိပ်သောက်သူက သောက်၊ ငုတ်တုတ် ထိုင်ရင်း အိပ်သူက အိပ်၊ ငိုက်သူက ငိုက်။ စက်လှေကြီး၏ ကုန်းပတ်နှင့် ရှေ့နောက် ဝဲယာတို့တွင်ကား လက်နက်မျိုးစုံ စွဲကိုင်ထားသော ရဲဘော်များက အပြည့်။ အချို့က ဘေးနှစ်ဖက်ကို သေနတ်များနှင့် ချိန်ထားပြီး ကင်းယူထားကြ၏။

''ဒီမှာ ဦးဝင်းကြည်၊ ခင်ဗျား သူပုန်တွေက မိုးလုံးလေလုံးထွက်ပြီး ကျွန်တော်တို့ကို လိုက်နေတာ

မြည်ကြီးမဏ္ဍိုင်စခန်းကျတော့လဲ အနားတောင် မကပ်ရဲကြပါလားဗျ"

အိပ်ရာလိပ် ဖင်ခုထိုင်ထားသော **ကိုအောင်မိုး**က ရဲဘော်များကို ကြည့်ရင်း ဘာစိတ်ကူးပေါက်သည်မသိ၊ **ဦးဝင်းကြည်**ကို လှမ်းပြောလိုက်၏။ **ဦးဝင်းကြည်**ကလည်း အနီးတွင် စက်ကလေးသေနတ်ကို အသင့်ချိန်ပြီး လိုက်ပါလာသည့် ရဲဘော်ကို လှမ်းကြည့်ရင်း ...

"ဒါပေါ့ဗျာ၊ သူပုန်ဆိုတာ လူလစ်မှ ပုန်ကန်တာဘဲ၊ လူမလစ်တဲ့ နေရာကျတော့လဲ ပုန်းနေကြတာပေါ့။ ဒါကြောင့် ရဲဘော်ကိုပြောတာ၊ ဒီကောင်တွေကို နည်းနည်းမှ အလစ်မပေးနဲ့လို့"

"အလစ်မပေးပါဘူးဗျာ၊ သွားလေရာမှာ သေနတ်တစ်လက်တော့ အမြဲဆောင်သွားတာဘဲ။ ဘာလဲ ခင်ဗျားက ထားဆီကို သွားတာ စိတ်မချဘူးလို့ ပြောအုံးမလို့လား"

**ကိုအောင်မိုး**က ကြယ်ရောင်အောက်တွင် ရေးရေး မြင်နေရသော **ဦးဝင်းကြည်**၏မျက်နှာကို ကြိုးစား ကြည့်ရင်း နောက်လိုက်၏။

"ထားဟာ တကယ့်ကို စိတ်ရင်းကောင်းတဲ့ မိန်းကလေးဗျာ။ ရဲဘော် သူ့ကိုတွေ့မှ ကိုယ့်ဟာကိုယ် အများကြီး ယုံကြည်မှုရှိလာတယ် မှတ်လား။ ဒါပေမဲ့ သက်က ရဲဘော်ကို စိတ်မကုန်သေးပုံထောက်ရင် ဒီတစ်ခါတော့ လှုပ်ရှားလာဖို့ သေချာတယ်၊ ဒီတော့ မနိုးလုံးခရီးပြီးသွားလို့ ဘိတ်ကို ခဏပြန်ကြရင် အဲဒီကိစ္စကို အပြတ်ရှင်းဗျာ"

**ဦးဝင်းကြည်**က ဖင်ခု ထိုင်ထားသော ဆေးသေတ္တာကို အကြောင်းမဲ့ နေရာရွှေ့ရင်း အကိုကြီး တစ်ယောက်လေသံဖြင့် **ကိုအောင်မိုး**ကို အကြံပေးလိုက်၏။ **ကိုအောင်မိုး**ကမူ နေရင်း ထိုင်ရင်း ထားနှင့် သက်ကို ချိန်ခွင်နှင့် စက်ကြည့်ရမည့် အနေအထားမျိုးသို့ ရောက်လာသဖြင့် မသိမသာ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း ...

"အေးဗျာ၊ ကျွန်တော့် ဝမ်းထဲရှိတာ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ထားကို ကျွန်တော် လေးစားတယ်၊ ပြီးတော့ သနားတယ်၊ သက်ကိုတော့ သမီးရည်းစားဘဝမျိုးနဲ့ ကြင်နာခဲ့ကြသူချင်း ဆိုတော့ သံယောဇဉ်က ကြီးမားတယ်ဗျာ၊ အမှန်ပြောရရင် ကိုယ့်အလုပ်နဲ့ ကိုယ့်အယူအဆကို မစွန့်ပယ်နိုင်လွန်းလို့သာ မျိုသိပ်နေရတာ၊ သူ့ကို နည်းနည်းမှ မမေ့ပါဘူးဗျာ"

**ကိုအောင်မိုး**အသံက လေးလေးပင်ပင် ရှိလှသဖြင့်၊ **ဦးဝင်းကြည်**ကပင် သူ့ကို အတန်ကြာငေး၍ ကြည့်မိ၏။ ပြီးတော့ **ကိုအောင်မိုး**စိတ်ကို ပေါ့ပါးသွားစေလိုဟန်ဖြင့် ...

"ဒါကြောင့် ပြောတာပေါ့ဗျ။ ခင်ဗျား လှေနံနှစ်ဖက်နင်း ဖြစ်မယ်လို့ ကျွန်တော် ပြောပြောနေတာ၊ အခုကြည့်၊ လှေနံနှစ်ဖက်နင်း မဟုတ်ဘူး၊ စက်လှေ နှစ်ဖက်နင်း ဖြစ်နေဘီ ဟား ဟား ဟား"

**ဦးဝင်းကြည်**က သူ့ဟာသူ သဘောကျပြီး တဟား ဟားဟား ရယ်လိုက်၏။ **ကိုအောင်မိုး**ကမူ ပြုံးရုံသာပြုံးပြီး ဟိုအဝေးသို့ ငေးမော ကြည့်လိုက်၏။ တအောင့်ကြာတော့ **ဦးဝင်းကြည်**က စကားဆက်ပြန်သည်။

"အေးပေါ့ဗျာ၊ ခင်ဗျား စိတ်ထဲ ဘယ်လို ခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောဘီကော၊ ဒီတစ်ခေါက် ဘိတ်ကိုရောက်ရင် သက်လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ သူနဲ့ ပတ်သက်တဲ့ သဘောထားကို ခင်ဗျား သေသေချာချာ စဉ်းစားပြီး အပြတ်ရှင်း လိုက်တာပေါ့။ အင်း နောက်တစ်ခုက ခင်ဗျား ထားနဲ့လက်တွဲပြီး ဒီဒေသမှာ ဆက်လှုပ်ရှားနေမယ်ဆိုရင် ဦးအဝိန် လက်ထောက်ချထားတဲ့ သူပုန်အန္တရာယ်ကိုတော့ အမြဲ ဂရုစိုက်နေရလိမ့်မယ်"

"ဗျာ"

ကိုအောင်မိုးမှာ တရိပ်ရိပ်သွားနေသော စက်လှေပေါ်မှ ရိုးတိုးရိုတ်တိုတ် မြင်နေရသည့် သစ်ပင်တောစပ်များကို ငေးကြည့်ရင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ တကယ်တော့ ထားနှင့် လက်ဆက်ပြီး သည်ဒေသ၏တာဝန်များကို ဆက်လက်ဆောင်ရွက်မည်ဆိုလျှင် တစ်နေ့မဟုတ် တစ်နေ့မှာ သည် အန္တရာယ်နှင့် ကြုံနိုင်သည့်အဖြစ်ကို သူတစ်ခါမျှ မစဉ်းစားခဲ့။ အခု ဦးဝင်းကြည်သတိပေးမှ ထားကို စဉ်းစားလျှင် သည်အချက်ကိုပါ ထည့်သွင်း တွက်ချက်ရမည်ဟု သူ ဖြူးကာနဲ သဘောပေါက်မိရ၏။

"ဟုတ်တယ် ကိုအောင်မိုး၊ ခင်ဗျား သူပုန်ကို နည်းနည်းမှ စိတ်ချထားလို့ မရဘူး။ ခင်ဗျား ဒီဒေသမှာ ရှိနေသမျှတော့ တစ်နေ့နေ့မှာ လစ်လျှင် လစ်သလို အန္တရာယ်ပေးမှာဘဲ၊ ဒါပေမဲ့ ကျွန်တော် ပြောတာက ခင်ဗျားကို ကြောက်ဖို့ပြောနေတာ မဟုတ်ဘူး။ ဒီအန္တရာယ်အတွက် အသင့်ဖြစ်ဖို့ ပြောတာ"

ကိုအောင်မိုးမှာ ရုတ်ခြည်း စကားမပြန်ဘဲ အတန်ကြာ စဉ်းစားနေ၏။ ထိုစဉ် စက်လှေသည် မြစ်ချောင်းတက်ချောင်းပေါက်ကို ချိုးဝင်ဟန်ဖြင့် စက်ရှိန်ကို ရုတ်တရက် ရပ်လိုက်၏။ ကိုအောင်မိုးက လည်း ချောင်းဝကို လှမ်းကြည့်လိုက်ရင်း ဘယ်လို စိတ်ကူးပေါက်သည်မသိ ...

"အေးဗျာ သတိတော့ ထားရမှာဘဲ။ ဒါပေမဲ့ ... တော ဦးဝင်းကြည် ဟိုမှာကြည့်စမ်း မိကျောင်း ဖမ်းတဲ့ လှေတွေ"

ကိုအောင်မိုးက ပြောရင်းဆိုရင်း ချောင်းဝပ်တွင် မီးအုပ်ဆောင်းကိုယ်စီနှင့် လှံတံအစား ဓနိဖူး တံများကို စွဲကိုင်ထားသည့် လူများနှင့် လှေကလေးသုံးစင်းကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

ဦးဝင်းကြည်ကမူ သူ့လိုပင် ထ၍ ကြည့်နေသော်လည်း နားလည်ပုံမပေါ်ဘဲ ...

"ဟာဗျာ မိချောင်းကို ဒီလိုဖမ်းရတယ်လို့ ကြား,မကြားဘူးပါဘူး။ ပြီးတော့ သူတို့ ကိုင်ထားတာ ကလည်း ရိုးရိုးလှံတောင် မဟုတ်ဘူးဗျ"

"အဲဒါ ခင်ဗျားလိုသေးတာပေါ့ဗျ၊ ဒီဒေသဟာ မိချောင်းပေါလွန်းလို့ နာမည်ကြီးတဲ့ ဒေသဗျ။ ပြီးတော့ မိချောင်းကို ဖမ်းရင် သူတို့က လှံကိုမသုံးဘူး။ ဓနိဖူးကိုဘဲ သုံးတယ်။ လှံနဲ့ စိုက်လိုက်ရင် မိချောင်းအရေခွံကြောင့် မစွဲတတ်ဘူး။ ဓနိဖူးဆိုတော့ မိချောင်းကို အလွယ်နဲ့ ထိုးစိုက် ဖမ်းဆီးလို့ရ တယ်။ ပြီးတော့ ခပ်လွယ်လွယ်ဘဲ အရေခွံကို ဆုတ်ပြီး တစ်ဖက်နိုင်ငံ ပို့တာပေါ့ဗျာ"

ဦးဝင်းကြည်က တကယ်ပင်နားမလည်နိုင်သေးသည့် မျက်နှာဖြင့် ကိုအောင်မိုးကို ငေးကြည့် နေ၏။ အခြားအဖွဲ့ဝင်များကလည်း ရေစပ်ချိန်မှာ ညွှတ်လူးနေကြသည့် မိချောင်းများကို ဖမ်းဆီးရန် မြင်ဆင်နေသော လှေကလေးများကို ဝိုင်းအုံကြည့်နေကြသည်။ အတန်ကြာမှ ဦးဝင်းကြည်က စက်လှေလက်ရမ်းကို ကိုင်ထားသော သူ့လက်ကို ဖြုတ်ချရင်း ...

"နေစမ်းပါအုံး ကိုအောင်မိုးရေ လေညှာမှာ မိချောင်းပေါတာတော့ သဲ့သဲ့ကြားဖူးပါတယ်၊ ခြော် သူတို့ အရပ်လေ့ ဖမ်းတာက ဒီနည်းကိုး။ ဒါနဲ့ မိချောင်းရေကိုလဲ ဟိုဘက်နယ်ခြားကို ခိုးထုတ်ကြတာ ဘဲလား"

"ထုံးစံအတိုင်းပေါ့ဗျာ၊ မိချောင်းကြီးတော့ အရေခွံခွာပြီး ပို့တယ်၊ ငယ်ရင် အကောင်လိုက် ဖမ်း ပြီးပို့တယ်၊ ဒီကိစ္စတွေကိုလည်း ကျွန်တော်တို့ ကိုင်တွယ်ကြရအုံးမှာဘဲဗျ၊ ခက်တာက ကျွန်တော်တို့ နယ်မြေ ဒေသအနှံ့အပြားမှာ သူ့ဒေသအလျောက် သယံဇာတတွေရှိလျှက်နဲ့ ဒါကို ကျွန်တော်တို့ စနစ် တကျ ထုတ်လုပ်အသုံးမချနိုင်သေးတဲ့ ကိစ္စဘဲဗျ။ အင်း အလုပ်တွေကတော့ ကျွန်တော်တို့ကို မျက်စပစ်

ဖေါ်နေတာဘဲ၊ အရေးကြီးတာက ပညာတတ်လူငယ်တွေ နယ်ဆင်းပြီး အားကြိုးမာန်တက် လုပ်ကြဖို့ လိုနေတာပေါ့ဗျာ''

**ကိုအောင်မိုး**နှင့် **ဦးဝင်းကြည်**တို့နှစ်ယောက် မည်မျှကြာအောင် စကားကောင်းနေသည်မသိ သတိထား၍ ကြည့်လိုက်တော့ အရှေ့ဘက်ကောင်းကင်မှာ ရောင်နီသန်းလာလေပြီ။ ချောင်းရိုးတစ်လျှောက်မှာလည်း ရောင်နီရိပ်ထင်ပြီး ပတ္တမြားရိပ်ရောင် တောက်လာ၏။ မကြာပါ။ အောင်ပြည်ဝင်းစက်လှေကြီးသည် မနီးလုံးရွာနှင့် မလှမ်းမကမ်းတွင်ရှိသော မိချောင်းတက်ဆိပ်ကမ်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြီးပင် ရောက်လာခဲ့ကြသည်။

အခြေအနေကို ကြည့်လိုက်တော့ မနီးလုံးရွာ၊ ခဲချောင်း၊ ခရကုန်း၊ သစ်လှတော စသည့်ရွာများသည် တစ်ရွာနှင့်တစ်ရွာ လက်လှမ်း မမှီတမှီ အနေအထားဖြင့် တန်းစီ နေကြသည်ကိုတွေ့ရ၏။ ပြီးတော့ နောက်ဆုံးရွာဖြစ်သည့် သစ်လှတောကို ရောက်ပြီးမှ မနီးလုံးမိုင်းတူ၍ ကျော်ကြားသည့် ခဲမိုင်း။

**ကိုအောင်မိုး**တို့သည် သစ်လှတောရွာမှာ စခန်းချပြီး အစီအစဉ်များကို ရေးဆွဲကြ၏။ ဗိုလ်ကြီးကျော်လှနှင့် တပ်စိတ်တစ်စိတ်က ခဲမိုင်းမှ ပစ္စည်းများကို သယ်ရန်နှင့် မိုင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို ဆောင်ရွက်ရန်။ ဗိုလ်လှမောင် ဦးစီးသည့် တပ်စိတ်တစ်စိတ်နှင့် သမဝါယမအရာရှိ ပုံးပေါ်သည့်အဖွဲ့က သစ်လှတောရွာတွင် သူပုန်များ စွန့်ကြဲခဲ့သည့် ပစ္စည်းများကို သိမ်းဆည်းရန်။ **ကိုအောင်မိုး**တို့ကမူ တပ်ကြပ်ကြီးစိုးတင် ခေါင်းဆောင်သည့် တပ်စိတ်တစ်စိတ်နှင့် ပူးပေါင်းပြီး ခရကုန်း၊ ခဲချောင်းနှင့် မနီးလုံးရွာများမှ ပစ္စည်းများကို ရှာဖွေဖော်ထုတ်ရန် အသီးသီးတာဝန်ခွဲပြီး ရွာတွင်းသို့ ထွက်ခဲ့ကြသည်။

အချိန်မှာ နံနက် ၈–နာရီခန့်၊ နေသည် သစ်ပင်တောအုပ်များကို နီမြန်းသော ရောင်ခြည်နှင့် ထွက်ဖျန်းထား၏။ သို့သော် အင်၊ ကညင်၊ ကုက္ကို စသော သက်ကြီးပင်များမှာမူ အရိုးပြိုင်းပြိုင်းကျပြီး ရော်ရွက်ဝါများက ပင်ခြေမှာ စုပုံနေကြသည်၊ အချို့ကမူ လေဟုန်စီးကာ ပင်ပေါ်ထက်မှ လျောကျ သက်ဆင်းနေကြရာ မြင်ကွင်းတစ်ခုလုံးမှာ လွမ်းဆွတ်တသဘွယ်အတိ ဖြစ်နေလေသည်။

ထိုစဉ် ဆေးသေတ္တာကို ထမ်းပြီး ဟိုကြည့် သည်ကြည့်လုပ်နေသော **ဦးဝင်းကြည်**က –

''ဟေ့ ကိုအောင်မိုး။ ဟိုသစ်ပင်မှာ ကြည့်စမ်း။ စာကပ်ထားတာ တွေ့လား။ ဘာတဲ့ 'အောင်မိုးဆိုတဲ့ကောင်ကို တွေ့ရာ သင်ချိုင်း ဓါးမဆိုင်းနဲ့' တဲ့''

ခရကုန်းရွာကို ဝင်ရုံရှိသေး။ **ဦးဝင်းကြည်**က ဗိတောက်ပင်ကြီးတစ်ပင်ကို လက်ညှိုးထိုးပြရင်း အံ့ဩတကြီးနှင့် ပြောလိုက်၏။ သည်တွင် အနားမှာပါလာသော တပ်ကြပ်ကြီးစိုးတင်ကလည်း ဟိုဟို သည်သည် လိုက်ကြည့်ရင်း ...

''ဟုတ်တယ်ဆရာရေ့၊ ဟိုအပင်မှာလည်း ကပ်ထားတယ်။ ဟော ဟိုမှာလည်း စာတွေပါလား ဆရာ''

ဆရာစိုးတင်က ပြောရင်းဆိုရင်း သူ့ရှိ ဉ–သေနတ်ကို အသင့်ကိုင်လိုက်ပြီး သစ်ပင်တစ်ပင်ပြီး တစ်ပင်ကူး၍ စာများကို လိုက်ဖတ်နေ၏။ **ကိုအောင်မိုး**ကလည်း အမှတ်တမဲ့ဖြင့် သူ့ခါးမှသေနတ်ကို ဆွဲကြည့်မိရင်း သစ်ပင်တစ်ပင်အနီးတွင် ရပ်ကာ စာများကို လိုက်ဖတ်နေသည်။ သည်အတိုင်းဆိုတော့ အနီးရာယ်မှာ အလွန့်အလွန် နီးကပ်နေပါလားဟုလည်း သူတွက်မိလိုက်၏။ မှန်ပါသည်၊ သစ်ပင်ထက်မှ ကပ်ထားသည့် စာရွက်များကို ကြည့်ခြင်းဖြင့် သူပုန်များသည် ညကပင် ဤရွာမှာ ရှိနေခဲ့ကြသည်ဟု ယူဆရ၏။ ပြီးတော့ ရွာထဲမှာ သွားလာလှုပ်ရှား နေသူဟူ၍ အလျှဉ်းမတွေ့ရ။ အထူးသဖြင့် ယောကျ်ား

များကို မတွေ့ရဘဲ သက်ကြီးရွယ်အိုများနှင့် သားသည်အမေများကိုသာ အိမ်တွင်းမှာ ကုပ်နေကြသည်ကို တွေ့ရသည်။

"ဦးဝင်းကြည် အခြေအနေကို ကြည့်ရတာ သိပ်မကောင်းဘူး။ သူပုန်တွေ ရွာထဲမှာမရှိတောင် အနီးအနားမှာ ရှိနေပုံရတယ်၊ ကဲ- ဥက္ကဋ္ဌကြီး ကျွန်တော်တို့လုပ်စရာရှိတာ မြန်မြန်ဆန်ဆန်ဘဲ လုပ်ကြရအောင်"

ကိုအောင်မိုးက အခြေအနေအရပ်ရပ်ကို သိုင်းမြို့လေ့လာလိုက်ရင်း ဦးဝင်းကြည်ကို တစ်လှည့် အဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဦးဖေခင်ကို တစ်လှည့်ကြည့်ရင်း ခပ်တိုးတိုးအသံဖြင့် ပြောလိုက်သည်။ ဥက္ကဋ္ဌလုပ်သူမှာလည်း မျက်နှာငယ်ငယ်နှင့် ပါးစပ်မှ ဆေးပြင်းလိပ်ကို ဆွဲထုတ်လိုက်ရင်း ...

"စောစောကတော့ လလသသဥက္ကဋ္ဌ အိမ်တွေကို ဆက်သားလွှတ်ပြီး လူစုခိုင်းထားတာ ခင်ဗျားလဲ အသိဘဲဗျ ကိုအောင်မိုး။ အင်းလေ ဘာပဲဖြစ်ဖြစ် စုခိုင်းထားတဲ့ ကျောင်းကိုဘဲ သွားကြည့်ကြတာပေါ့"

သူတို့နှင့် ပါလာသည့် ရဲအရာရှိနှင့် ကုန်သွယ်ရေးမန်နေဂျာတို့ကလည်း အလုပ်တာဝန်ကိုသာ အမြန်ဆုံး ပြီးစေချင်ကြသည်။ သို့ကြောင့် သူတို့သည် ရွာလည်တစ်နေရာရှိ တသင်ကျောင်းသို့သာ ဦးတည်၍ သွားကြသည်။ ဆရာစိုးတင်နှင့် သူ့ရဲဘော်များကလည်း ရွာတွင်းရှိ အချက်အချာ နေရာမှန်သမျှမှာ ကင်းယူထားကြသည်။ အထူးသဖြင့် ဆရာစိုးတင်နှင့် ရဲဘော်သုံးယောက်သည် ကိုအောင်မိုးတို့အဖွဲ့ကို အနီးကပ် အကာကွယ်ပေးရင်း ထပ်ချပ်မကွာ လိုက်ပါလာခဲ့လေသည်။

ကျောင်းရောက်တော့ လလသသဥက္ကဋ္ဌကို တွေ့ရ၏။ သို့သော် စုစည်းထားသည့် ရွာသားများမှာ လူနှစ်ဆယ်လောက်ပင် မပြည့်၊ ပြီးတော့ သက်ကြီးရွယ်အိုနှင့် မိန်းမသားများချည်း ဖြစ်နေ၏။ သူပုန်များ စွန့်ပစ်ခဲ့သည့် ရွာသားများထံမှ အနိမ့်ဆုံးဈေးနှင့် ငွေကောက်ခံရာတွင်လည်း ငါးဆယ်ရာခိုင်နှုန်းပင် ပြန်မရ။

မည်သို့ဆိုစေ သည်တက်ဒေသ၏လုံခြုံရေးကို ခလကအဖွဲ့မှ အစီအစဉ်ရေးဆွဲနေပြီဖြစ်ရာ လုံခြုံမှု ရှိမှသာ စီမံခန့်ခွဲရေးကိစ္စအဝဝကို ဆောင်ရွက်နိုင်မည်ဖြစ်၏။ သို့ကြောင့် ကိုအောင်မိုးတို့သည် ခရကုန်းရွာမှ တတ်နိုင်သမျှ စုစည်းလုပ်ကိုင်ပြီးသည်နှင့် ခဲချောင်းရွာသို့ ဆက်၍ ထွက်ခဲ့ကြသည်။

ခဲချောင်းရောက်တော့လည်း လတ်လတ်ဆတ်ဆတ် ကပ်ထားသည့်စာများကို တွေ့ရပြန်သည်။ သည်မှာတော့ 'အောင်မိုးကို အရှင်ဖမ်းမယ်'တဲ့ ဆို၏။ သည်လိုဆိုတော့လည်း ကိုအောင်မိုးက စာကို ဖတ်ပြီးပြုံးမိ၏။ အကြောင်းမူ ကိုအောင်မိုးသည် မတတ်သာလျှင် အသက်ကို စွန့်ချင် စွန့်မည်၊ အဖမ်းတော့မခံဟု သူ့ဟာသူ ဆုံးဖြတ်ပြီးသား မဟုတ်ပါလား။

ခဲချောင်းမှာလည်း ထုံးစံအတိုင်းပင် ရသမျှ ပစ္စည်းများနှင့် ငွေများကို စုစည်းကြသည်။ သို့သော် အချိန်မှာ မွန်းတည့်၁၂-နာရီခန့် ရှိသည့်တိုင် သူတို့မှာ မနက်စာ မစားကြရသေး။ သို့ကြောင့် ဦးဝင်းကြည်က ဘဲ့အရှင်တစ်ကောင်ကို ဝယ်ပြီး ...

"ကဲ- ကိုအောင်မိုးရေ့ ဘာဘဲဖြစ်ဖြစ် ထမင်းမစားရလို့ကတော့ မဖြစ်ဘူးဗျ။ ဒီတော့ မနီးလုံးရွာကို ရောက်ရောက်ချင်း အိမ်တစ်အိမ်ကို ငိုက်ဆံပေးပြီး ထမင်းချက်ခိုင်းထားမယ်။ ကျွန်တော်တို့ အလုပ်ပြီးတာနဲ့ ထမင်းစားပြီး သစ်လှတောမှာ ပြန်စုကြတာပေါ့။ ဘယ်နှယ့်လဲ"

ဦးဝင်းကြည်၏အဆိုပြုချက်ကို အားလုံးက သဘောတူကြ၏။ တကယ်တော့ သူတို့သည် မနက်

တကို ရေကုန်းရွာမှာ ချက်ပြုတ်စားကြရန်ဖြစ်၏။ ညနေတကိုမူ သစ်လှတောရွာတွင် ဗိုလ်ကြီးကျော်လှ တို့နှင့် ပြန်လည် စုစည်းပြီးမှ စက်လှေပေါ်တွင် စုပေါင်း ချက်ပြုတ်စားကြရန် စီစဉ်ထားကြသည်။ သစ်လှတောသို့ သူတို့ နောက်ဆုံးပြန်ရောက်သည့် အချိန်မှာ ညနေ ၄–နာရီ။ အစ မှန်းတည့် ၁–နာရီ ခွဲသွားသည့်တိုင် ဘယ်ရွာမှာမှ ထမင်းစားဖို့ အချိန်မရ။ အခြေအနေကလည်း မပေး။

နောက်ဆုံး မနိုးလုံးရွာရောက်တော့ မှန်းတည့် ၂–နာရီပင် ကျော်သွားသည်။ ရွာမှာ သစ်ရိပ် ဝါးရိပ်ကောင်းလှသော ရွာတန်းရှည်ကလေး ဖြစ်၏။ ဝါးအိမ်၊ ဓနိအိမ်ကလေးများကလည်း သစ်ရိပ် ဝါးရိပ်များအောက်မှာ ကြိုးတို ကျဲတဲ ဆောက်ထားကြသည်။ သည်မှာလည်း တွေ့ရပြန်ပြီ။ ကိုအောင်မိုး နှင့်အဖွဲ့ကို ဆဲရေးတိုင်းထွာထားသည့် စာများ။

"ကဲ– ဦးဝင်းကြည်၊ တောဒီ စာသင်ကျောင်းကလေးမှာ ကျွန်တော်တို့ အလုပ်လုပ်ကြမယ်၊ ခင်များက တောဒီအိမ်တွေက လူတွေကို မေတ္တာရပ်ခံပြီး စားဘို့သောက်ဘို့ စီစဉ်ခဲ့ဗျာ၊ ဗိုက်ဆံလဲ လို သလောက်ပေးခဲ့။ အလုပ်ပြီးတာနဲ့ စားသောက်ပြီး လေးနာရီထိုးအရောက် သစ်လှတောကို အရောက် သွားကြမယ် "

ကိုအောင်မိုးက ရွာလည် တစ်နေရာရောက်သည်နှင့် စာသင်ကျောင်းကလေးကို လက်ညှိုး ထိုးပြရင်း ဦးဝင်းကြည်ကို စီစဉ်ပေးသည်။ စာသင်ကျောင်းမှာလည်း ကြိုတင် စီစဉ်ထားသည့်အတိုင်း ရွာသား ၁၄–၅ ယောက်ခန့် ရောက်နေသည်ကို တွေ့ရသည်။ သို့သော် ရွာသားများ၏မျက်နှာမှာ ရွာ တော့မည့်မိုးလို အလွန်စိုးရိမ်သည့် လက္ခဏာများကိုသာ တွေ့ရသည်။ တစ်စုံတစ်ယောက်ကို ကပ်ပြီး တီးတိုးမေးတော့လည်း ဘာမှ ဇစ်ဇစ်မြစ်မြစ် မသိရ။ ပိုဆိုးသည်က ကိုအောင်မိုးတို့ အလုပ်ပြီး၍ ပြန် ထွက်လာသည့်တိုင် စောစောက စားသောက်ရန် စီစဉ်ထားသည့် အိမ်ရှင်များမှာ ဘဲကိုပင် အမွေး မနှုတ်ရသေးရုံမက လူများကိုလည်း ရှာမရတော့ခြင်းပင်တည်း။

"ကဲ ဆရာစိုးတင်၊ အခြေအနေတွေကတော့ သိပ်ဆိုးနေဘီ။ ကျွန်တော်တို့ ဒီရွာက အမြန်ဆုံး ထွက်မှဖြစ်တော့မယ်။ ရွာသားတွေကလည်း နိုးရာဝါး ကြောက်နေရတော့ ကျွန်တော်တို့ကို ဘာမှမကူ ညီနိုင်တော့ဘူး။ ဘာသတင်းမှလည်း မေးလို့မရ ဖြစ်နေဘီ။ ကဲ ဦးဝင်းကြည်၊ ဦးဖေခင် အားလုံးဘဲ ကျွန်တော်တို့ အမြန်ဆုံး ပြန်ထွက်ကြစို့"

ကိုအောင်မိုးက စာသင်ကျောင်းရှေ့တွင် ရပ်ရင်း နောက်ဆုံးအခြေအနေကို ပြောပြကာ အဖွဲ့ဝင် များကို ပြန်စုလိုက်သည်။ သို့သော် သူ့စကားမှ မဆုံးသေး။ ရွာထိပ်မှ ကိုယ်တုံးလုံးနှင့် ပုဆိုးကို ခွန်တောင် ဆွဲ ဝတ်ထားသည့် ရွာသားတစ်ယောက် အပြေးရောက်လာပြီး ...

"ဗိုလ်ကြီး ဗိုလ်ကြီး ဗိုလ်ကြီးတို့ ဒီလမ်းက မပြန်နဲ့၊ လမ်းမှာ သူပုန်တွေရောက်နေကြပြီ၊ တခြားလမ်းက မြန်မြန်သွားကြ၊ ကျွန်တော်တွေ့ခဲ့ရတယ်"

ရွာသား၏အသံမှာ တုန်နေပြီး လူက မောနေ၏။ ကိုအောင်မိုးတို့မှာလည်း သူ့ကိုကြည့်ပြီး ခြေးကနဲ ဘာလုပ်ရမှန်းမသိဘဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ ပြီးမှ အနီးတွင် ဂျီ–၃ သေနတ်ကို အသင့်ကိုင် ပြီး ရပ်နေသည့် ဆရာစိုးတင်က ...

"အဖြင့် ဆရာ၊ ကျွန်တော်တို့ သစ်လှတောကို မပြန်တော့ဘူး။ စက်လှေကိုဘဲ တိုက်ရိုက် ဖေါက်ထွက်ကြမယ်။ ကဲ ခင်ဗျားကဘဲ ကျွန်တော်တို့ကို ကူညီလက်စနဲ့ လမ်းပြပေးပါအုံး"

အခြေအနေအရ သည်နည်းမှအပ အခြားနည်းမရှိဘီ။ သူပုန်များက အပြန်လမ်းမှာ စောင့်နေရုံမက

အချိန်လင့်သွားလျှင် ရွာတွင်းသို့ ဝင်၍ စီးနင်းကောင်း စီးနင်းပေလိမ့်မည်။ အခုပင် ညနေ ၃–နာရီ ကျော်သွားပြီဖြစ်၍ နေက တောအုပ်ပေါ်မှာ အားပျော့စွာ လှဲလျောင်းနေလေပြီ။ တောရိပ် တောင်ရိပ် ကြောင့် နေရှိန်က လျော့သွားပြီး လေအေးကလည်း ဝေါ်းထောင်လာသည်။ လေအေးနှင့်အတူ ရော်ရွက် ဝါများကလည်း သစ်ပင်ကြီးငယ်များ၏ ပင်ခြေရင်းမှာ ရှတ်ရှတ်သဲသဲ ဖြစ်နေလေသည်။

ကိုအောင်မိုးတို့သည် အလွန် ကျေးဇူးတင်ဖွယ်ကောင်းသော ရွာသား၏လမ်းပြပေးမှုကြောင့် ရွာလယ်ရှိ မြောင်းတစ်ခြံကို ဖေါက်ထွက်ပြီး ရွာနောက်သို့ ထွက်ခဲ့သည်။ သည်နေရာမှ နာရီဝက်ခန့် ခပ်မြန်မြန် လျှောက်လျှင် စက်လှေဆိပ်သို့ ရောက်ပေလိမ့်မည်။ ကိုအောင်မိုးသည် သူပုန်များ မမြော်လင့်လိုက် သည့်နေရာမှ စက်လှေဆိပ်သို့ အရောက်သွားပြီး ဟိုကတစ်ဆင့် ဆက်သားလွှတ်၍ ဗိုလ်ကြီးကျော်လှ တို့ကို သတင်းပို့ သတင်းယူရန် စီစဉ်လိုက်သည်။

သို့သော် သူမှာ သည်စိတ်ကူးကိုပင် ရေရေရာရာ မစီစဉ်ရသေး။ ရွာနောက်ကို ကျော်လိုက်သည်နှင့် ဒိုင်း ဒိုင်း ဒိုင်း၊ ဒုတ် ဒုတ် ဒုတ် ဟူသော သေနတ်သံများနှင့် အတူ သူ့ခေါင်းမှ ဦးထုပ်မှာ လွင့်ပျံ့သွားပြီး ဦးဝင်းကြည်၏ ဆေးသေတ္တာမှာလည်း ဖွာ်းထိုးပျောက်ခံ ဖြစ်သွားလေသည်။ သူတို့ အားလုံးလည်း တာပေါ်က လိမ့်ဆင်းပြီး၊ လယ်ကန်သင်းနှင့် လျှိုစပ်ကြားမှာ လေး ငါးပတ် လိမ့်၍ ရောက်သွားသည်။

"ဟေ့ ရဲဘော်တွေ၊ အားလုံးနေရာယူ၊ ဆရာဦးအောင်မိုး အဲဒီ ကန်သင်းမှာ ဝပ်နေပါ။ ဟေ့ တင်အောင် ညာဘက်ကို ဖြန့်တက်"

အနီးတွင် ဝပ်နေသူ ဆရာစိုးတင်က သူ့ရဲဘော်များကို လှမ်းအော်ရင်း လယ်နှစ်ကွက်လောက် အကွာတွင် ရှိသော လက်ခုပ်ပင်ကြီးဆီသို့ သွန်၍ ပစ်လိုက်၏။ အခြေအနေကြည့်တော့ ကိုအောင်မိုးတို့ အဖွဲ့များက တာရိုး၏ သည်ဘက်ခြမ်းမှာ ရောက်နေပြီး၊ အချို့ရဲဘော်များကား ရွာနှင့်တာရိုးကြားတွင် ရောက်နေကြသည်။ ဦးဝင်းကြည်၏ ဆေးသေတ္တာကမူ၊ တာရိုးပေါ်တွင် တန်းလန်းကျန်ခဲ့ပြီး ဆေး ပစ္စည်းများမှာ ပြန့်ကြဲနေသည်ကို တွေ့ရသည်။

သို့ကြောင့် ကိုအောင်မိုးအနီးတွင် ဝပ်နေသူ ဦးဝင်းကြည်က သူ့ဆေးသေတ္တာကို တစ်ချက်ကြည့် လိုက်ပြီး သေနတ်သံ ရှတ်တရက် အစဲမှာ တာပေါ်သို့ တက်၍ ဆေးသေတ္တာကို ဆွဲချလိုက်သည်။ သို့သော် သူ့ဆေးသေတ္တာကို ကိုင်ရုံရှိသေး။ လက်ခုပ်ပင်အနီးရှိ လျှိုစပ်မှ ဒုတ် ဒုတ် ဒုတ်ဟူသော သေနတ်သံများ ဟိန်းထွက်လာပြီး ဦးဝင်းကြည်ဘေးမှာ မြေကြီးတွေ ဖွာကနဲ ဖွာကနဲ ကျသွားရကား ကိုအောင်မိုးလည်း ...

"ဟေ့ ဦးဝင်းကြည်၊ ဝပ်ချ ဝပ်ချ၊ ဆေးသေတ္တာကို မယူနဲ့၊ လိမ့်ဆင်းလာ"

ကိုအောင်မိုးက အသံကုန်ဟစ်၍ အော်ပြောရင်း နောက်ဆုံး ဝပ်နေရာမှ ဝုန်းကနဲထပြီး ဦးဝင်းကြည်ကို ခုန်အုပ်လိုက်သည်။ ပြီးတော့ သူပုန်များက အရပ်သုံးမျက်နှာမှ ဝိုင်း၍ ပစ်နေသည့်ကြားမှ သူသည် ဦးဝင်းကြည်ကို ဖက်ပြီး တာရိုးပေါ်က လိမ့်ဆင်းခဲ့သည်။ လျှိုစပ်သို့လည်း ပြန်ရောက်ခဲ့သည်။ သို့သော် သူပုန်များကား သူတို့ကို ပြန်လှန်ပစ်ခတ်နေသည့် ရဲဘော်များထက် ကိုအောင်မိုးကို ကောင်း ကင်မှ စက်သေနတ်နှင့် ဆွဲသလို ဝိုင်း၍ ပစ်ကြရာ ကိုအောင်မိုးမှာ မျက်ကွယ်မရှိသော လျှိုကြားထဲ တွင် ကျွဲတစ်ကောင် လူးသလို ဘယ်ပြန် ညာပြန် လူးနေ၏။ သည်တွင် ဆရာစိုးတင်က ဖြုံးကနဲမတ် တတ်ရပ်လိုက်ပြီး သူ့သေနတ်ကို မနားတမ်း ပစ်ထည့်လိုက်ရင်း ...

"ဆရာ ဦးအောင်မိုး။ လျှိုမှာ မနေနဲ့ ကစင်းရိုးပေါ်ကို ပြန်တက်၊ ဟေ့ ရဲဘော်တွေ ပစ်တက်ကွ၊

ပစ်ပြီးတက်"

ဆရာစိုးတင်က **ကိုအောင်မိုး**ကို မဲ၍ ပစ်နေသည်ကို အာရုံပြောင်းသွားစေရန် သူကိုယ်တိုင်ထပြီး အတင်းပစ်ရင်း ကိုက်အစိတ်လောက် တက်သွား၏။ သည်တွင် **ကိုအောင်မိုး**လည်း အခွင့်ကောင်းကို ယူပြီး ရုတ်ကနဲထကာ လယ်စပ်ရှိ ကန်သင်းရိုးပေါ်သို့ လှစ်ကနဲပြေး၍ ပစ်ချလိုက်သည်။ သည့်တိုင်တစ်ဖက်မှ ဝေါကနဲ ဝေါကနဲ ပစ်လိုက်သည့် ကျည်ဆံမိုးကြောင့် သူမှာ နေရာတွင်မနေနိုင်ဘဲ ကန်သင်းရိုးမှာ လှိမ့်နေရ၏။ တစ်ချက်တွင်မူ ခြေထောက်မှာ ပူကနဲ ဖြစ်သွားပြီး၊ စောစောကလို သွက်လက်စွာ မလှုပ်ရှားနိုင်တော့ဘဲ တစ်နေရာမှာသာ ပြားနေအောင် ဝပ်နေရတော့သည်။

သို့သော် ဆရာစိုးတင်၏ တန်ပြန်တိုက်စစ်ကြောင့် တစ်ဖက်မှ ပစ်ခတ်သံမှာ အနည်းငယ်လျော့သွားရုံမက အခြားရဲဘော်များနှင့်လည်း အချိတ်အဆက်မိပြီ ဖြစ်ရကား လက်နှပ်ပင်ဘက်မှ သေနတ်သံသည်ပင် ရပ်စဲသွားသည်။ တချိန်တည်းတွင် ဆိမ်ကမ်းဘက်မှ လည်းကောင်း၊ ဆိပ်ကမ်းနှင့် သစ်လှတောကြားရှိ ကားလမ်းမှ၎င်း၊ သေနတ်သံများ ဆက်တိုက်ပေါ်လာပြီ။ တဖြေးဖြေး **ကိုအောင်မိုး**တို့ဘက်သို့ နီးနီးလာသည့် အချိန်တွင်ကား ရွာနောက်တွင် ကင်းချထားသည့် သူပုန်နှင့် **ကိုအောင်မိုး**တို့၏ တိုက်ပွဲမှာ ရပ်စဲသွားလေတော့သည်။

ကြည့်လိုက်တော့ **ကိုအောင်မိုး**မှာ လှုပ်ရှား၍ မရတော့ပြီ။ **ဦးဝင်းကြည်**ကား ဆေးသေတ္တာကိုဖက်၍ လျှိုနှင့်ကန်သင်း တစ်ခုကြားတွင် ဘေးစောင်းဝပ်လျက်။ ဦးဖေခင်နှင့် ကုန်သွယ်ရေးမန်နေဂျာတို့ကား လယ်ကွက်များကြားမှ မြောင်းစပ်စပ်တွင် ပြားနေအောင် ဝပ်လျက် ...။

**ကိုအောင်မိုး**အနီးသို့ ပထမဆုံး ရောက်လာသူကား **ဦးဝင်းကြည်**။ သူ့ညာလက်မှာလဲ သွေးတွေပေကျံနေ၏။ ပိုဆိုးသည်က **ကိုအောင်မိုး**၏ ဘယ်ဘက်ခြေသလုံးမှာ တုတ်ထိုးလို့ရအောင်ပင် ပေါက်လျှောက်ပေါက်သွားပြီး သွေးများက အိုင်ထွန်းနေသည် တကား။

"ကိုအောင်မိုး၊ ကိုအောင်မိုး"

"ကျွန်တော် သတိရတယ် ဦးဝင်းကြည်၊ ခင်ဗျားကော ထိသွားသေးလား၊ တခြားအဖွဲ့ဝင်တွေကော၊ ရဲဘော်တွေကော"

"ကျွန်တော် လက်ကို ထိသွားတယ်၊ တခြားတော့ ဘာမှ မဖြစ်ဘူး၊ ကျန်တဲ့ လူတွေလဲ အားလုံးဘာမှမဖြစ်ဘူး"

သူတို့ပြောနေခိုက်မှာပင် ဆရာစိုးတင်တို့အဖွဲ့နှင့် သစ်လှတောမှ ဗိုလ်လှမောင်တို့တပ်လည်း အပြေးရောက်လာကြသည်။

"တောက် မိုက်ရိုင်းလိုက်တဲ့ ကောင်တွေဗျာ၊ ပစ်ရင် ကျုပ်တို့ကို ပစ်ပါလား၊ ဆရာဦးအောင်မိုးကို မဲပစ်နေကြတာ၊ အတင်းပစ် အတင်းလိုက်တော့လည်း တာရိုးကို ပတ်ပြီး ပြေးလိုက်ကြတာ"

ဆရာစိုးတင်က **ကိုအောင်မိုး**အခြေအနေကို မြင်လိုက်သည်နှင့် မကျေနပ်သံနှင့် တက်ခေါက်ပြီး ပြောလိုက်သည်။

"မကျေမနပ် မဖြစ်ပါနဲ့ ဆရာစိုးတင်၊ ဆရာဝင်ကယ်လို့ ကျွန်တော် ဒီလောက်ထိတာ၊ မဟုတ်ရင် ကျွန်တော် ဒီထက်နာမယ်၊ ကျေးဇူးပါဘဲ ဆရာ။ အား ဦးဝင်းကြည်ရေ၊ ကျွန်တော်တော့ မလျှောက်နိုင်တော့ဘူး ထင်တယ်"

**ကိုအောင်မိုး**မှာ လက်တွင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော သူ့သေနတ်ကို ပြန်ထည့်ရင်း

ထ,မည်ပြုပြီးမှ ဖင်ထိုင်လျက် ပြန်ကျသွား၏။ ဦးဝင်းကြည်ကလည်း သူ့ကို ချီမ,မည် ပြုသော်လည်း သူ့လက်တစ်ဖက်က နာလှသဖြင့် ရဲဘော်များနှင့် အခြားအဖွဲ့ဝင်များက ဝိုင်းဝန်း ထူမပြီး ဆိပ်ကမ်းသို့ အတော်ကြီးကြာအောင် သွားကြရ၏။

တအောင့်ကြာတော့ ဗိုလ်ကြီးကျော်လှတို့လည်း ရောက်လာ၏။ သို့သော် မိုးပစ္စည်းများကား အနည်းအကျဉ်း ကျန်နေသေး၏။ မတတ်နိုင်ပြီ။ ဗိုလ်လှမောင်တို့တစ်စုကို အစောင့်ထားခဲ့ပြီး မနက်ဖြန်မှ အခြားစက်လှေတစ်စင်းနှင့် တစ်ခေါက်သယ်ရန် စီစဉ်ကြရသည်။

မှန်ပါသည်။ ကိုအောင်မိုး၏ ဒဏ်ရာမှာ ခြေထောက်မှာ ဖြစ်သော်လည်း သွေးများက အလ ဟောကျနေသည်။ ဦးဝင်းကြည်က သူ့လက်နာကို အောင့်ပြီး ကိုအောင်မိုးကို ဆေးထိုးဆေးတိုက်လုပ်မည်ပြုသော်လည်း ဆေးသေတ္တာမှာ ဘာမှ မယ်မယ်ရရ မရှိတော့။ ဂွမ်းလိပ်၊ ပတ်တီးနှင့် ထရစ်ဖယ်ဆာလ်ဖာ လောက်သာ ကျန်တော့သည်။

"တောက် ဖြစ်ရလေ ကိုအောင်မိုးရော၊ ဒါကြောင့် ကျွန်တော်ကလည်း ဆေးသေတ္တာကို မက်မောတာ၊ အင်းလေ ခင်ဗျား အတင်းဝင်ဆွဲတော့လဲ ကျွန်တော် သက်သာသွားတယ် ဆိုပါတော့။ ကဲ ကိုအောင်မိုး ဒီဆေးပြားကိုသာ လေးလုံးလောက်သောက်၊ ဆရာစိုးတင်က သူ့ခြေသလုံးအထက်နားပတ်တီးနဲ့ ခပ်ကျပ်ကျပ် စည်းပေးထား၊ အနာကိုလည်း ရေနွေးနဲ့ ဆေးရအောင်"

ဦးဝင်းကြည်က ကိုအောင်မိုးကို စက်လှေအပေါ်ထပ်ပို့ပြီးသည်နှင့် စိတ်မကောင်းလှသောမျက်နှာနှင့် ကိုအောင်မိုးကိုရော၊ ဆရာစိုးတင်ကိုပါ လှမ်းပြောလိုက်သည်။ အခြားအဖွဲ့ဝင်များလည်း သူတို့အနီးသို့ ရောက်လာကြ၏။ ဗိုလ်ကြီးကျော်လှကမူ ဗိုလ်လှမောင်အား အစီအစဉ်ချ၍ အသေးစိတ်မှာကြားနေပြီး၊ တအောင့်ကြာတော့ စက်လှေကို ချက်ချင်းပင် ကမ်းမှခွာခဲ့သည်။ အခြေအနေအရ

"တကယ်တော့

သူသည်

စိတ်ဆောင်လွန်း၍သာ

ဣန္ဒြေမပျက်

ရှိနေသော်လည်း

သူ့သွေးများကား

သွေးသစ်

မလောင်းနိုင်တော့ဘဲ

တဖြေးဖြေး

ဆုတ်ယုတ်နေရကား"

**ကိုအောင်မိုး**ကို သွေးမလွှန်မီ ဖြတ်ဆေးရုံသို့ အရောက်ပို့မှ ဖြစ်တော့မည် မဟုတ်ပါလား။

တော်သေး၏။ မိချောင်းတက်ချောင်းမှာ ရေပြည့်နေလေသည်။ အချို့နေရာမှာ ဓနိပေါင်များပင် မြုပ်နေ၏။ အချို့နေရာတွင်မူ လမုပင်၏ ပင်စည်အထက်နားသို့ပင် ရောက်နေ၏။ နေက ခဲမိုင်းရှိရာ တောစွယ်မှာ မေးတင်နေလေပြီ။ ချောင်းရေက ပြည့်သလောက် **ကိုအောင်မိုး**၏ သွေးများက ယိုဆင်းနေ၏။ နေစွယ်က ညှိုးသလောက် **ကိုအောင်မိုး**၏မျက်နှာကလည်း ရုတ်ခြည်းပင် ညှိုးကျလာ၏။

ဉက္ကဋ္ဌ ဦးဖေခင်၊ ရဲအရာရှိ ဦးကြာညိုနှင့် သမဝါယမအရာရှိ ဦးအေးမြင့်တို့ကလည်း **ကိုအောင်မိုး** အနီးမှာ ဝိုင်းဝန်းပြုစုပေးကြ၏။ သူတို့တစ်တွေ ရုတ်ရုတ်သဲသဲနှင့် ပြေးလွှားကူညီပေးသလို စက်လှေကလည်း ချောင်းရိုးအတိုင်း အတင်းပြေး၍ ထွက်ခဲ့၏။ စက်လှေ ပြေးထွက်သလို **ကိုအောင်မိုး**၏သွေးများကလည်း ပတ်တီးစည်းထားသည့်ကြားမှ မကြာခဏ ယိုစည်း ထွက်နေသည်။

သို့သော် **ကိုအောင်မိုး**ကား နည်းနည်းမှ စိတ်မလျှော့ပါ။ စက်လှေ အခန်းကျဉ်းကလေးတွင် လဲလျောင်းပြီး သူ့စိတ်က **သက်**ကိုလည်းကောင်း၊ **ထား**ကိုလည်းကောင်း ရုတ်ခြည်း ရုတ်ခြည်း မြင်နေရသည်။ သူ့စိတ်အဟုန် ပြေးသလိုပင် စက်လှေကလည်း စွန့်စားခြင်းကြီးစွာဖြင့် ကဆုန်ပေါက်၍ ပြေးထွက်ခဲ့ရာ ည ၇-နာရီလောက်တွင်ပင် မြည်ကြီးမဏ္ဍိုင်ဆိပ်ကမ်းသို့ ရေယာဉ်ပျံကြီးတစ်စင်းဝင်သလို အောင်မြည်ဝင်းစက်လှေ ရောက်လာလေတော့သည်။

ရောက်ရောက်ချင်း အခြားစက်လှေတစ်စင်းနှင့် **ကိုအောင်မိုး**တို့ကို မြိတ်သို့ ဆက်ပို့ရန် **စီစဉ်**သေး၏။ သို့သော် စက်လှေကလည်း အသင့်မရှိ၍ အောင်မြည်ဝင်းပေါ်မှ မိုင်းပစ္စည်းများကို အမြန်သယ်ချရ၏။ ထိုစဉ် ဘယ်လို သတင်းရောက်သွားသည် မသိ၊ ဆိပ်ကမ်းသို့ အတင်းပြေးဆင်းလာသူကား ကျောင်းဆရာမလေး **ထား**။

"ဟင် ကိုအောင်မိုး ကိုအောင်မိုး ဒဏ်ရာက သိပ်များလား။ ဘယ်မှာ ထိသွားလဲ ကိုအောင်မိုး ဟင်"

**ကိုအောင်မိုး**ကား **ဦးဝင်းကြည်** စီစဉ်ပေးသော ဆံပြုတ်ပန်းကန်ကို တွန်းရှေ့လိုက်ရင်း **ထား**ကို စူးစိုက်၍ ကြည့်လိုက်သည်။ ပြီးတော့ ခပ်တိုးတိုးလေသံဖြင့် "**ထား**"ဟု တစ်လုံးတည်း ခေါ်လိုက်သည်။

"ထား ကျွန်တော် ဘာမှမဖြစ်ဘူး။ ခြေထောက်မှာ ထိသွားတာပါ။ ကျွန်တော်ဟာ တတ်နိုင်သမျှ တိုင်းပြည်အတွက် ဆိုပြီး တိုက်ပွဲဝင်ခဲ့တာဘဲ၊ ဒါပေမဲ့ ရန်သူနဲ့ တိုက်တဲ့နေရာမှာ တစ်ကွက်မှားသွားတာနဲ့ ကျွန်တော့်ကို သဲသဲမဲမဲ ချေမှုန်းခံရတာဘဲ။ ဒါဟာ ကျွန်တော့်ရဲ့ မပြတ်သားမှုကြောင့် ခံရတာဘဲဆိုကြပါစို့"

**ကိုအောင်မိုး**က မမြဝင်းကိုပါ ပြေးသတိရဟန်ဖြင့် သူ့အဖြစ်ကို လေသံသဲ့သဲ့ဖြင့် ပြောလိုက်၏။ သို့သော် သူ့အနီးတွင် လက်တစ်ဖက်ကို ပတ်တီးနှင့် သိုင်းထားသည့် **ဦးဝင်းကြည်**က ...

"ခင်ဗျားတစ်ကွက်မှားသွားလို့ ခုလိုဖြစ်ရတာလို့လဲ ဆိုနိုင်တာပေါ့။ ဒါပေမဲ့ ဒီပြည်ကြီးမဏ္ဍိုင် မြို့နယ်လည်ထုထောင်ရေးမှာ ခင်ဗျားရဲ့ လုပ်ရှားမှုကို ကြည့်ပြီးတော့လည်း သူပုန်တွေက ခင်ဗျားကို မဲနေတာလဲ ပါတယ်၊ ဘာပဲဖြစ်ဖြစ် ရဲဘော်မှာ အခြေခံစစ်ပညာ ရှိပေလို့သာပေါ့ဗျာ၊ မဟုတ်ရင် ခင်ဗျားကို မနိုးလုံးရှာမှာဘဲ ထားခဲ့ရပြီဗျ"

"ဖြစ်မှ ဖြစ်ရလေ ကိုအောင်မိုး။ ထား ဘာကူညီပေးရမလဲ ဟင်၊ ထား လုပ်ချင်တဲ့ အလုပ်၊ ထား ရည်ရွယ်ထားတဲ့ လုပ်ငန်းတွေကို ကိုအောင်မိုးနဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ အားခဲထားတာ၊


ခုတော့ ကိုအောင်မိုးလို လူတစ်ယောက်ရဲ့သွေးမြေကျခဲ့ပြီ၊ ပြောပါ ကိုအောင်မိုး။ ထားကို သွေးသောက်ရဲဘော်တစ်ယောက်လို သဘောထားပြီး ကိုအောင်မိုးကို ကူညီပါရစေ"

ကိုအောင်မိုးက ထားကို အားယူ၍ ငေးကြည့်နေ၏။ အခန်းတွင်းရှိ မီးရောင်က ဝါကျင်နေသလို ဆူ့မျက်စိများကလည်း ဝါးတားတား ဖြစ်နေ၏။ စက်လှေအောက်ထပ်မှ သံထည်ပစ္စည်းများက တဝုန်းဝုန်းမြည်သံကြောင့် ဆူညံနေပြီး သူ့တစ်ကိုယ်လုံးမှာလဲ တုန်ခါနေ၏။ ဆိပ်ကမ်းဝါးတိုင်မှာ ဆွဲချည်ထားသော အောက်လင်းဓါတ်မီးရောင်ကလည်း သိပ်သည်းသော အမှောင်ထုကို ထွင်းဖောက်ပြီး လေညှာမြစ်ကို ဖြန့်ခင်းထားသည်။

"ထား ထား ရည်ရွယ်ချက်တွေကို သတ္တိရှိရှိ၊ ဇွဲရှိရှိနဲ့ ဆက်လုပ်ပါ။ ထား အနစ်နာခံမှုကို ပြည်သူက ထောက်ခံပါလိမ့်မယ်။ ထားရဲ့နောက်မှာ ပြည်သူတစ်ရပ်လုံး ရှိတယ်ဆိုတာ ထား သဘောပေါက်ပါ။ တကယ်တော့ ထား ပြောသလို ကျွန်တော်ဟာ သွေးမြေကျတယ်လို့ မယူဆဘူး။ သွေးသစ်လောင်းခြင်း ..."

ကိုအောင်မိုးကား သွေးသစ်လောင်းခြင်း စကားကိုပင် ဆုံးအောင်မပြောနိုင်တော့။ တကယ်တော့ သူသည် စိတ်ဆောင်လွန်း၍သော ဗုဒ္ဓမြေမှမျက်ရှိနေသော်လဲ သူ့သွေးများကား သွေးသစ်မလောင်းနိုင်တော့ဘဲ တမြေးမြေး ဆုတ်ယုတ်နေရကား သူသည် ထားကို ကြည့်နေရင်းကပင် မျက်စိမှာ ဖွင့်မရတော့ဘဲ သတိလစ် မေ့မြောသွားလေတော့သည်တကား ...။

◆



# သဘောထားက အမြင့်၊ နှလုံးသားက အပင်

သူ သတိရလို့ မျက်စိကိုဖွင့်ကြည့်တော့ ဖြူဖွေးနေသော မျက်နှာကျက်ကို ဝိုးဝါးမြင်နေရသည်။ ပြီးတော့ မျက်နှာကျက်ကို ဖောက်ဆွဲထားသော လေးပေမီးချောင်းက သူ့ကို ခပ်စောင်းစောင်း ကြည့်နေသည်ဟု ထင်ရသည်။ တစ်ဖက်ဘေးတွင်ကား မီးခလုတ်၊ သူ့ရှေ့တည့်တည့်တွင်ကား တံခါး ပေါက်နှစ်ခုစလုံးကို အပြာရင့်ရောင် လိုက်ကာများ ချထား၏။

သူသည် မလှုပ်မရှက်ကြည့်နေရာမှ ဖြူးဆို သူ့နှာခေါင်းထဲသို့ အနံ့တစ်ခု တိုးဝင်လာသည်ဟု ခံစားလိုက်ရ၏။ ဆေးနံ့၊ ဖနိုးနံ့နှင့် စပရစ်နံ့များ။ သည်တွင်မှ သူသည် ဖြတ်ဆေးရုံးသို့ ရောက်ရှိ နေသည်ဟု သတိဝင်လာပြီး အခန်းပတ်ချာလည်ကို ကြည့်လိုက်၏။ ဘယ်သူမှမရှိ။ ကုတင်ခြေရင်းတွင် သူ့ကို သွေးသွင်းခဲ့တန်ဖြင့် သွေးစ သွေးနများ ရှိနေသော ပုလင်းတစ်လုံး ချိတ်မှာ ဆွဲချိတ်ထားသည်ကို တွေ့ရလေသည်။

သူသည် အခြေအနေ အရပ်ရပ်ကို ကြည့်ရင်း အားယူ၍ ထ,လိုက်၏။ ခေါင်းက ထောင်လာ သောလည်း ခြေတစ်ဖက်က ကျောက်ချထားသလိုပင် လှုပ်၍ မရရုံမက ဖျဉ်းကနဲ ကိုက်တက်လာ သဖြင့် တစ်ယောက်တည်းပင် တကျွတ်ကျွတ် မြည်အောင် စုတ်သပ်လိုက်သည်။

ထိုစဉ် ဖြူးကနဲ ထမီအပြာဝတ် ဆရာမတစ်ယောက် ရောက်လာပြီး ...

''ကြည့်စမ်း၊ ကိုအောင်မိုး သတိရပြီနော်၊ ဒီပေမဲ့ ငြိမ်ငြိမ်ကလေး နေလိုက်အုံး၊ မထနဲ့အုံး နော် ကိုအောင်မိုး ဘာလိုချင်လဲ ရေသောက်ချင်လို့လား''

ခေါင်းတွင် အဖြူရောင်ကက်ဦးထုပ်ကလေးကို ကြော့ကြော့မော့မော့ ဆောင်းထားသည့် ဆရာမက သူ့ကို ခပ်ပြုံးပြုံးကြည့်ရင်း တယုတယ လေသံဖြင့် ခပ်လောလောပင် မေးလိုက်၏။ ဆရာမကို ကြည့်ရသည်မှာ ကိုအောင်မိုးကို ကောင်းစွာသိနေရုံမက အထူးတလည် ရင်းနှီး ခင်မင် နေပုံရ၏။

''ဟုတ်ကဲ့ဆရာမ၊ ကျွန်တော် ရေနည်းနည်း သောက်ချင်တယ်၊ အဲ့ - ဦးဝင်းကြည်ကော မရှိဘူးလားဟင်''

ကိုအောင်မိုးအသံက ခပ်တိုးတိုးမျှသာ ဖြစ်၏။ သို့သော် သူ့စိတ်အာရုံက ပြေးလွှား လှုပ်ရှားနေတာဖြင့် မျက်လုံးများက ဝိုင်းဝိုင်း လည်နေကြ၏။

''ဦးဝင်းကြည် ရှိပါတယ် ကိုအောင်မိုး၊ ကျမက ဦးဝင်းကြည်ရဲ့သူငယ်ချင်း အေးအေးသီပါ။ သူ ခုလေးတင်ဘဲ အိမ်ကို ခဏ ပြန်သွားတယ်၊ အခုဘဲ ပြန်လာပါလိမ့်မယ်''

ဆရာမက ရေတစ်ခွက်ကို ခပ်ပေးရင်း အားတုံ့အားနာတန်လည်းရှိ၏။ ကိုအောင်မိုး၏ဝေဒနာအတွက် တစ်စုံတရာ ပူပန်မှုမရှိဘဲ စိတ်ချနေပုံလည်းရ၏။ သို့သော် ကိုအောင်မိုးကမူ သူ့သူငယ်ချင်းကို ချက်ချင်း မတွေ့ရသဖြင့် မျက်နှာမကောင်းလှချေ။

''သူလဲ ကိုအောင်မိုးတို့ ရောက်ကတဲက နေ့ရော ညရော ကိုအောင်မိုး အနားမှာ ရှိပါတယ်။ ဒီနေ့ မနက်ကျမှ သူ့လက်မှာ အနာ,ကလည်းရှိ၊ အိပ်ရေးကလည်း ပျက်နေပုံရတာနဲ့ ကျမကဘဲ ကိုအောင်မိုးကို လုံးဝ တာဝန်ယူပြီး သူ့ကို ခွင့်ပြန်ခိုင်းရတယ်။ အဲတော့ ခဏဘဲ ပြောပါတယ်၊ တော်ကြာ ရောက်လာလိမ့်မယ်''

ကိုအောင်မိုးက ဘာမှ ပြန်မပြောတော့။ ကျေးဇူးတင်သည့် မျက်လုံးများနှင့်သာ ဆရာမကို ငေးကြည့်ပြီး ပြုံးပြနေ၏။

''အဲ့ ကိုအောင်မိုးကို တွေ့ဘို့ ဧည့်သည်တွေလဲ ရောက်နေကြတယ်၊ ဆရာဝန်ကြီး ဟိုဘက်အဆောင် ရောက်တာနဲ့ သူတို့လဲ ဆရာဝန်ကြီးကို စောင့်နေကြတာ။ ခဏလေးနေအုံးနော် အတော်ဘဲ၊ ကျမသွားခေါ်လိုက်မယ်''

ဦးဝင်းကြည်က မည်မျှ စည်းရုံးထားသည် မသိ။ ဆရာမ အေးအေးသီမှာ အထူးတလည် ဖော်ရွေရုံမက ရှင်မျူ သွက်လက်နေသည်။ တစ်ချိတချိတွင် ဘာကြောင့်ရယ်မသိ ကိုအောင်မိုးကို ကြည့်ရင်း မသိမသာ ပြုံးရိပ်သန်းနေသည်ကိုလည်း တွေ့ရလေသည်။

မကြာပါ၊ ကိုအောင်မိုး လုံးဝ မျှော်လင့်မထားသော ဧည့်သည်များ ရောက်လာကြ၏။ ကြည့်လိုက်တော့ ခရိုင်လုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြီးတော့ ပြည်ကြီးမတ္တိုင် ပြန်လည် ထူထောင်ရေးအဖွဲ့ တာဝန်ခံ ဦးဖေခင်၊ ပြီးတော့ သူ့အထက်အရာရှိဖြစ်သူ ဦးမြမောင်နှင့် ဆရာဝန်ကြီး။

''ကိုအောင်မိုး အတော် နေကောင်းသွားပြီလား''

ဥက္ကဋ္ဌဖြစ်သူက သူ့ကုတင်အနီးသို့ တိုးကပ်လာရင်း ညင်သာသော လေသံဖြင့် မေးလိုက်၏။ ကိုအောင်မိုးကမူ အိပ်ရာမှ ရုတ်တရက် နိုးထလာသူပမာ သူ့ဘဝဇာတ်ကြောင်းကိုသာ သူပြန်ပြောင်း စဉ်းစားနေမိ၏။ ဘာမှ ပြန်မပြော။ ဥက္ကဋ္ဌကိုသာ တစ်ချက် ပြုံးကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။ ထိုစဉ် ဆရာဝန်ကြီးက သူ့လည်ပင်းမှ နားကြပ်ကို ဖြုတ်၍ ကိုအောင်မိုးအနီးသို့ ဝင်ရပ်လိုက်ရင်း...

''ဟုတ်ကဲ့ အတော် စိတ်ချသွားရပါဘီ၊ သွေးလွန်တဲ့ကေ့စ်တွေဟာ အချိန်မှီ သွေးသွင်းနိုင်ရင် ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ သူ့အနာကလည်း ဟောင်းလောင်းပေါက်သွားပေမယ့် အရိုးကို လုံးလုံး မထိဘူး။ အဲပေမဲ့ ရောက်တဲ့နေ့ကတော့ သွေးလွန်တဲ့ ဒဏ်ရော၊ ခရီးပန်းတဲ့ဒဏ်ကြောင့် ကျွန်တော်လဲ အတော်လေး စိုးရိမ်သွားတယ်''

''အေးပေါ့ဗျာ၊ သူ ခရီးပန်းမယ်ဆိုလည်း ပန်းလောက်ပါတယ်။ ကျွန်တော်သိသလောက်ဆိုရင် သူ့ခမျာ ဘိတ်ကို ရောက်ကတဲက ပင်လယ်ခရီးကြမ်း ထွက်ခဲ့ရတာ မနည်းဘူးဗျ။ ပင်လယ်ပြင်ကာကွယ်စောင့်ရှောက်ရေးမှာလည်း သူ့လုပ်ငန်းတွေ အတော်အောင်မြင်ပါတယ်၊ လူကြီးလူကောင်း

မြို့မျက်နှာဖုံးတပ်ထားတဲ့ ဦးအဝိစ်တို့ကို အရေးယူနိုင်အောင် ဖော်ထုတ်ပေးတာလဲ သူဘဲဗျ။ နောက်ဆုံးတော့ ဦးအဝိစ်က သူ့ပုန်နဲ့ဆက်ပြီး သူ့ကို သုတ်သင်ဘို့ ကြိုးစားတာလဲ ကျွန်တော်တို့ တစ်ခါတည်း အရေးယူနိုင်လိုက်ပါတယ်၊ အခုတော့ ဦးအဝိစ်လည်း ထောင်ကျရုံမကဘူး မတရားရထားတဲ့ စီးပွားတွေလည်း ပျက်ဘီဆိုပါတော့"

ဥက္ကဋ္ဌ၏စကားကို တစ်လုံးချင်း နားထောင်နေသော **ကိုအောင်မိုး**မှာ ပြေးပြေးချင်း ပြုံးယောင်သန်းလာ၏။ ပြီးတော့ သူ့ဟာသူ ဘာသဘောကျသည်မသိ နှစ်နှစ်ကာကာ တစ်ချက် ရယ်လိုက်ပြီး ...

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဦးအဝိစ်ရဲ့သမီး ထောင်ထားတဲ့ ထောင်ချောက်ထဲကို ဝင်မိတာလည်း ကျွန်တော်ပါဘဲ၊ ဒါကိုလည်း ထည့်ပြီး ရှုတ်ချနိုင်ပါတယ် "

ဥက္ကဋ္ဌက သူ့မျက်နှာတစ်ခုလုံးကို အားပါးတရ ပြုံး၍ **ကိုအောင်မိုး**ကို ကြည့်၏။ ပြီးတော့ **ဦးမြမောင်**နှင့် ဦးဖေခင်တို့ကိုလည်း လွန်းထိုးလျှက်သွယ် ကြည့်လိုက်ရင်း ...

"ကိုအောင်မိုး ဒီကိစ္စကို ခင်ဗျား မေ့လိုက်ပါဗျာ၊ ဒါဟာ လူငယ်သဘာဝ ဖြစ်တတ်တဲ့ဟာမို့ ခင်ဗျားရဲ့အောင်မြင်မှုနဲ့စာရင် ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး။ ကဲ ဒီ့ထားတော့၊ အခု ပြည်ကြီးမဏ္ဍိုင် ထူထောင်ရေးကိစ္စမှာလည်း လုပ်ငန်းတွေ ကျန်သေးပေမယ့် အတော့်ကို အောင်မြင်နေတာ တွေ့ရလို့ ကျွန်တော်တို့အဖွဲ့က အထူးဘဲ ကျေနပ်အားရ ဖြစ်မိတယ်ဗျာ။ ဒီတော့ ခင်ဗျားလဲ သိပ်ပင်ပန်းနေတော့ ရန်ကုန်ပြန်ပြီး အနားယူချင်လည်းယူ၊ ဘိတ်မှာ နားချင်လည်းနား။ ကောင်းကောင်း အနားယူလိုက်အုံးပေါ့ ဟုတ်ဖူးလား"

ဥက္ကဋ္ဌက **ကိုအောင်မိုး**လက်မောင်းကို ကိုင်လှုပ်ရင်း၊ တရင်းတနှီး လေသံဖြင့် ပြောလိုက်၏။ ဝိုင်းကြည့်နေကြသူ အားလုံးကလည်း သူ့ကို တစ်လှည့်၊ **ကိုအောင်မိုး**ကိုတစ်လှည့် ကြည့်ရင်း ပြုံးနေ

" လူ့ဘဝဆိုတာ
လူတစ်ယောက်ထဲ
မပိုင်ဘူး။
လူသားအားလုံးနဲ့
ဆိုင်ပါတယ်။
လူအများကို
အကျိုးပြုနိုင်တဲ့ ဘဝကို
ထူထောင်ကြစတမ်း
ဆိုရင်တော့ ..... "

ကြ၏။ သို့သော် ကိုအောင်မိုးကမူ ဘာမှ ပြန်မပြောဘဲ ငေး၍သာ ကြည့်နေ၏။ သည်တွင် ဥက္ကဋ္ဌက သူ့ဦးထုပ်ကို ရှေ့သို့ ဆွဲချလိုက်ရင်း ...

''အင်းလေ ... ခင်ဗျား ကြိုက်သလို နားနားနေနေ– နေပေါ့ဗျာ၊ ခင်ဗျားဆရာ ဦးမြမောင်ကိုတော့ ကျွန်တော် အားလုံးပြောပြီးပါဘီ။ အင်း တကယ်လို့ အနားမယူဘူး၊ ခင်ဗျားရဲ့ လုပ်လက်စ ပြည်ကြီးမဏ္ဍိုင် ထုထောင်ရေးလုပ်ငန်းကိုဘဲ ဆက်ပြီး လုပ်ချင်တယ် ဆိုရင်တော့ ခင်ဗျား ဆေးရုံက ဆင်းပြီးတော့ ခင်ဗျားတို့ ဇင်ယော်နဲ့ဘဲ လိုက်သွားတာပေါ့၊ ဒါတော့ ကိုအောင်မိုး ခင်ဗျားရဲ့ သဘောပါ''

''အချစ်မေတ္တာဆိုတာကလဲ သဘောတရား အယူအဆ တူကြမှ ရှင်သန် ကြီးထွားနိုင်မယ်။ ဒီတော့ ပကာသနကို ဘဝနိဗ္ဗာန်ရယ်လို့ ထင်ပြီး ......''

ဥက္ကဋ္ဌနှင့်အဖွဲ့ ပြန်ထွက်သွားသည့်တိုင် ကိုအောင်မိုးမှာ စကားတစ်လုံးမှ မပြောမိဘဲ သူတို့ ကျောပြင်များကိုသာ ငေးကြည့် နေမိ၏။ သူကြည့်နေပုံမှာ တစ်စုံတစ်ခုကို ဘယ်လိုဆုံးဖြတ်ရမလဲဟု စဉ်းစားနေပုံလည်းရ၏။ တချိန်တည်းတွင် သူ့ဘဝဇာတ်ကြောင်းကို သူ ပြန်လှန် သုံးသပ်နေသည်ဟုလည်း ထင်ရလေသည်။ အပြင်တွင် နံနက်ခင်း နေရောင်ခြည်များက ထွန်းလင်းတောက်ပနေ၏။ တစ်ချက်တစ်ချက် ဝေ့ဝိုက်၍ ဝင်လာသော လေရူးက ခန်းဆီးလိုက်ကာများနှင့် ဆော့မြူးနေ၏။ကိုအောင်မိုးသည် ကခုန်မြူးတူးနေသော အခန်းဆီးများကို ကျော်ဖြတ်ပြီး ဆေးရုံ တစ်ဖက်အဆောင်ရှိ အုတ်နံရံကြားတွင် ပေါက်နေသည့် ညောင်ပင်ကလေးကို အကြောင်းမဲ့ ငေး၍ ကြည့်နေမိလေသည်။

ထိုစဉ် လက်တစ်ဖက်ကို ပတ်တီးနှင့် လည်မှာ သိုင်းစီးထားသည့် ဦးဝင်းကြည်တစ်ယောက် အူရားဖားရားနှင့် ရောက်လာလေသည်။

''ဝါး ရဲဘော်ကြီး သတိရဘီလို့ ဆရာမက လှလှတ်ဒေါ်တာနဲ့ အပြေးချလာတာဗျို့။ ဟဲဟဲ သူမဒေါ်လည်း ကျွန်တော် ဒီအချိန်ဆို ပြန်လာမှာဘဲဗျပြီးတော့ ခင်ဗျား ဒီလောက်ဆိုရင် ကောင်းကောင်း သတိရလောက်ပြီလို့ ကျွန်တော် တထစ်ချ တွက်ထားတာဗျ သိလား''

**ဦးဝင်းကြည်**က သူ့ထုံးစံအတိုင်း အားပါးတရပြောရင်း **ကိုအောင်မိုး**အနီးသို့ လျှောက်လာခဲ့သည်။ **ကိုအောင်မိုး**ကမူ သူ့ သူငယ်ချင်းကိုသာ တပြုံးပြုံးနှင့် ကြည့်လိုက်ပြီး ငြိမ်မြဲ ငြိမ်နေ၏။

"ကျွန်တော်တို့ ရောက်ကတဲက ဆရာဝန်ကြီးရော– ကျွန်တော်တို့ရော တစ်ချိန်လုံး ခင်ဗျားကို စောင့်ကြည့်နေတာဘဲဗျ၊ ကျွန်တော်တို့ စမ်းသပ်ကြည့်ရသလောက်တော့ ခင်ဗျား အခြေအနေ သိပ်ကောင်းတယ်၊ ဒါနဲ့ ခင်ဗျား ခုဘယ့်နှယ်နေလဲ၊ နေလို့ကောင်းတယ် မှုတ်လား"

"သိပ်ကောင်းတယ် ဦးဝင်းကြည် နေရတာ သိပ်ကို အားရှိနေဘီ၊ အစာက နည်းနည်း နာသေးတာလောက်ပဲ"

"အေးဗျာ ဝမ်းသာစရာဘဲ၊ ပြီးတော့ ခင်ဗျား ဝမ်းသာဘို့ ပြောရအုံးမယ်ဗျ"

**ဦးဝင်းကြည်**က ပြောရင်းဆိုရင်း သူ့ကိုယ်ရှိန်ကိုသတ်ပြီး **ကိုအောင်မိုး** ကုတင်အနီးမှာ ဝင်ထိုင်လိုက်သည်။

"တခြားမဟုတ်ဘူးဗျ၊ ခင်ဗျားရဲ့ အချစ်ဦး **သက်** ဘိတ်ကိုလာသွားတယ်၊ ကျွန်တော်တို့ကို မတွေ့ရလို့ ပြန်သွားတယ်"

"ဟင်– ဦးဝင်းကြည် ဘာပြောတယ်၊ သက် လိုက်လာတယ် ဟုတ်လား"

စောစောက သူ့အတွေးနှင့်သူ မလှုပ်မယှက် ဖြစ်နေသော **ကိုအောင်မိုး**မှာ သိသိသာသာကြီး လှုပ်ရှားလာသည်။

"ဟုတ်တယ် **ကိုအောင်မိုး**၊ ကျွန်တော်တို့ ခရီးထွက်နေတုန်း ရောက်လာကြတာ၊ ကျွန်တော့် တူမလေးလဲ ပါလာလို့ အိမ်မှာတောင် တစ်ညအိပ်သွားတယ်လို့ ပြောတယ်"

"ဟင်– ဟုတ်လား။ ဒါနဲ့ အဒေါ်ကိုများ ဘာတွေ ပြောသွားသေးလဲဗျ"

**ကိုအောင်မိုး** အသံက လှုပ်ရှားရုံမကသေး အလောသုံးဆယ် ဖြစ်နေ၏။

"အင်း– အထွေအထူးတော့ ဘာမှ မပြောပါဘူးတဲ့။ ဒါပေမယ့် အထူးတလည် မှာတာကတော့ ခင်ဗျားကို အမြန်ဆုံး အလုပ်က ထွက်ပြီးတော့ ရန်ကုန်လိုက်လာပါတဲ့။ ရန်ကုန်မှာ သူ အလုပ်ရှာထားမယ်တဲ့။ အဲ– ဒီတစ်ခါ ဒီလောက်လိုက်ခေါ်လို့မှ မရရင်တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံဘဲလို့ ပြောသွားသေးတယ် ဆိုတာဘဲ"

**ဦးဝင်းကြည်**၏ စကားကိုကြားတော့ စောစောက ဝင်းပနေသော **ကိုအောင်မိုး**မျက်နှာမှာ တိမ်ဖုံးသော မျက်နှာလို ရုတ်တရက် ညှိုးချုံးသွား၏။ ပြီးတော့ အခန်းပြတင်းပေါက်ကို ကျော်ဖြတ်ပြီး သူမြင်နေရသော တလူလူလွင့်နေသည့် ညောင်ပင်ကလေးကိုသာ ငေးကြည့် နေမိပြန်သည်။

"အင်း– သက်လာတာက ပြည်သူတွေကြားကို ဆင်းဘို့လာတာ မဟုတ်ဘူး။ သူ့ပကာသန အသိုင်းအဝိုင်းထဲကိုဝင်ဖို့ ကျွန်တော့်ကို လာခေါ်တာကိုးဗျ၊ ဒီတော့ အချစ်ဆိုတာ ဘာလဲ ဦးဝင်းကြည်၊ သူလို အပေါ်ဆီလွှာတွေအဖို့ အချစ်အတွက် အသက်ကို စွန့်ချင်စွန့်မယ်၊ ဒါပေမဲ့ ဂုဏ်ပကာသနကို ဘယ်တော့မှ မစွန့်ဘူးဆိုတဲ့ လကျ္ခဏာဘဲ မှုတ်လား"

"ဒါကတော့ **ကိုအောင်မိုး**၊ သူ့ဘက်ကကြည့်ရင်လည်း– ခင်ဗျားကို ဒီလိုဘဲ မြင်မှာဘဲဗျ၊ ဒါကြောင့်လည်း အဖွားကြီးကို ပြောသွားတယ်တဲ့၊ ခင်ဗျားသာ သူ့အပေါ်ကို တကယ်သံယောဇဉ်ရှိရင် ခုလို နေမှာမဟုတ်ဘူးတဲ့။ ဪ– နေအုံးဗျ၊ ဒီမှာ သက် ပေးသွားတဲ့စာကိုလည်း ဖတ်ကြည့်အုံး"

**ဦးဝင်းကြည်**က ပြောရင်းဆိုရင်း ပတ်တီးနှင့် သိုင်းထားသော လက်ကို မ,ပြီးတော့ အိတ်ထဲမှ

တတစ်စောင်ကို ထုတ်ပေးလိုက်သည်။ ပြီးတော့ ပြတင်းပေါက်ကို ဖြတ်၍ တသုတ်ပြီး တသုတ် ပြေးလွှား နေသော မိုးတိမ်များကို ရီဝေသော မျက်လုံးများနှင့် ငေးမော ကြည့်နေလေသည်။

**ကိုအောင်မိုး**ကား၊ စာအိတ်ကို ဖောက်ပြီး ဝိုင်နေ၏။ ကျောင်းသားဘဝတုန်းက သူကျောင်း ပျက်လျှင် **သက်**က စာကူးပေးလေ့ရှိ၏။ သည်တုန်းက **သက်**စာကူးပေးသည့် သူမ၏ လက်ရေး ဝိုင်း ဝိုင်းလေးများမှာ **ကိုအောင်မိုး**၏ သင်ခန်းစာ စာအုပ်တိုင်းမှာလိုလို ရှိခဲ့သည်။ အခု သည်လက်ရေး လေးတွေကို ကြည့်ရင်း သူ့စိတ်ထဲမှာ နင့်နေအောင် ခံစားမိရသည်။ ကြည့်ပါ 'ကိုအောင်'လို့ ရေးထား သည့် 'အ' အက္ခရာလေးမှာ သက် အမြဲရေးလေ့ရှိသည့်အတိုင်း လိပ်ပြာကလေး ပျံ့ဝဲနေပုံနှင့် တူပင် တူလွန်းလှချေတကား။

'အင်း' **ကိုအောင်မိုး**သည် သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ကြီး မှုတ်ထုတ်လိုက်၏။ ပြီးမှ သူကိုယ်သူ အတတ်နိုင်ဆုံး ထိန်းသိမ်းပြီး စာကို ဆက်၍ ဖတ်လိုက်၏။ တအောင့်ကြာတော့ စာဖတ်ရင်းကပင် **ဦးဝင်းကြည်**ကို တစ်ချက်လှမ်းကြည့်ပြီး ...

"အေးဗျာ– ခင်ဗျားပြောသလို သူ့ဘက် ကိုယ့်ဘက်မျှပြီး မွေ့မိဌာန်ကျကျ ပြောရရင်တော့ သက်ဟာ ကျွန်တော့်ကို ချစ်တယ် ဆိုတာတော့ ကျွန်တော် မငြင်းနိုင်ဘူးဗျ။ သူက ကျွန်တော့်ကို မျှော်လင့်တကြီးနဲ့ ရာဇဝင်ဌာနမှာ အလုပ်လုပ်ဖို့ သူ့ဒက်ဒီကတဆင့် ပြောပြီးဘိလို့ဆိုပါလား။ ပြီးတော့ သူက တော်ရုံကိစ္စလောက်နဲ့ အိမ်ကခွာပြီး ဘယ်ကိုမှ သွားလာလေ့ မရှိပါဘူးတဲ့။ အခု ကိုမိုးကို တွေ့ ချင်လွန်းလို့၊ ပြောချင်လွန်းလို့ ဘိတ်ကိုတောင် တကူးတက လိုက်လာရတဲ့ သူ့ရဲ့သံယောဇဉ်ကိုတော့ အလေးအနက်ထားပြီး စဉ်းစားစေချင်တယ်လို့ ရေးထားတယ်ဗျာ"

**ကိုအောင်မိုး**အသံက ပြောရင်း နစ်ဝင်သွား၏။

"ဒါဟာ အမှန်တရားဘဲ ကိုအောင်မိုး"

**ဦးဝင်းကြည်**ကလည်း တွေငေးနေရာမှ တစ်လုံးချင်း ဝင်ထောက်လိုက်၏။

"ဒီမှာလည်း ကြည့်ပါအုံး ဦးဝင်းကြည်၊ နုလို ဇိကုတ်ပြီး နတ်ပြည်တင်တာကို မလိုက်ချင်ရင် တော့ သူလဲ မတတ်နိုင်တော့ဘူးတဲ့။ ဒါကြောင့် ဒီအကြိမ်ဟာ နောက်ဆုံးအကြိမ်အနေနဲ့ သူ့အစွမ်းကုန် ကြိုးစားခြင်းဖြစ်လို့ အတတ်နိုင်ဆုံး လိုက်လျောပါတဲ့။ တကယ်လို့ မလိုက်လျောနိုင်ဘူးဆိုရင်တော့ သူလဲ သူ့လမ်းသူ ဆက်လျှောက်ဖို့ သူ့ကို အနူးအညွတ် ခွင့်လွှတ်စေချင်တဲ့ဗျာ ... အင်း"

**ကိုအောင်မိုး**က စာရွက်ကလေးကို ဖတ်ရင်း၊ အင်း အရှည်ကြီးဖြင့် သူ့စကားကို ပိတ်လိုက်သည်။ တချိန်တည်းတွင် သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း အရင်းက လှဲခံရသော သစ်တုံးလို ကုတင်ပေါ်မှာ တုံးလုံးကြီး ပြိုကျသွားလေသည်။

"ကိုအောင်မိုး"

**ဦးဝင်းကြည်**က ကုလားထိုင်ပေါ်တွင် ပြန်ထိုင်ရင်း **ကိုအောင်မိုး**ကို တိုးတိုးညင်ညင်ပင် ခေါ် လိုက်သည်။ **ကိုအောင်မိုး**က သူ့ကို မျက်လုံးပင့်၍ ကြည့်ရုံသာ ကြည့်ပြီး ငေးမြင်ငေးနေ၏။

"ဒီမှာ ကိုအောင်မိုး။ ကျွန်တော် ခင်ဗျားရဲ့အကျိုးကျေးဇူးကို လိုလားတဲ့ သူငယ်ချင်းတစ်ယောက် အနေနဲ့ ခင်ဗျား စဉ်းစားလို့ရအောင် ကျွန်တော် တတ်နိုင်သမျှ ပြောပြမယ်၊ ဆုံးဖြတ်တာကတော့ ခင်ဗျား အပိုင်းပေါ့ဗျာ၊ အဲ–တစ်ခုတော့ ရှိတယ်၊ ဒီနေရာမှာ ခင်ဗျားရဲ့ဆုံးဖြတ်ချက်ဟာ ခင်ဗျားရဲ့ဘဝကိုရော၊ ခင်ဗျားနဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်ကိုရော ကြီးမားတဲ့ အပြောင်းအလဲ ဖြစ်နိုင်တယ်ဆိုတာတော့

ကျွန်တော် အထူးပြောတို့ မလိုဘူးပေါ့ဗျာ"

ကိုအောင်မိုးက ငြိမ်နေ၏။ ဦးဝင်းကြည်အနေဖြင့် သည်မျှ လေးလေးနက်နက်နှင့် အရေးတကြီးထားပြီး ပြောဆိုနေခြင်းမှာ သူ ပထမဆုံး မြင်တွေ့ရခြင်းဟုလည်း စဉ်းစားမိ၏။

"ကဲ- ဒီတော့ သက်ဟာ ခင်များကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင်များလည်း အခု သဘောပေါက်နေပြီ၊ ဒီတော့ သက်အလိုကို လိုက်ရင် ခင်များဘဝဟာ ဒီထက်အများကြီး တိုးတက်သာယာမယ်။ ခင်များလို အရည်အချင်းနဲ့ဆိုရင် အခုလုပ်ငန်းထက် အပုံကြီး တိုးတက်ကြီးပွားမှာ သေချာတယ်၊ ဒီအထဲမှာ သက်တို့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းကလဲကောင်းတော့ ခင်များဘဝဟာ တိုတိုပြောရရင် ပန်းခင်းတဲ့ ဘဝလမ်းခရီးဘဲ ဆိုကြပါဆို့"

ဦးဝင်းကြည်က သူ့စကားကို ခဏနားပြီး ကိုအောင်မိုးကို ကြည့်လိုက်သည်။ အပြင်က လေတစ်ချက် ဝေ့ဝိုက် ဝင်လာသဖြင့် ကိုအောင်မိုး၏ ဆံပင်များမှာ တဖက်သို့ ယိမ်းထိုးသွား၏။ သူသည် ဆံပင်များကို သိမ်းတင်ပြီး ဦးဝင်းကြည်ကို ငေး၍ ကြည့်နေမိပြန်၏။

"အင်း-နောက်ဆုံး ခင်များ စဉ်းစားရမယ့်အချက်က ခုအလုပ်နဲ့ ခုလိုဘဲ ထုထောင်ရေးလုပ်ငန်းကို ဆက်လုပ်မယ်ဆိုရင် ကောင်းတာတော့ သိပ်ကောင်းပေါ့ဗျာ၊ ဒါပေမယ့် ကိုယ့်ဘဝကိုလဲ ထည့်တွက်ရမှာဘဲဗျ၊ အထူးသဖြင့် ကျွန်တော်တို့ သွားရလာရတာ ဘယ်လောက် ဆင်းရဲသလဲ၊ ဆင်းရဲတာထားတော့၊ အသက်အန္တရာယ်နဲ့ နီးတာက ပိုဆိုးတယ်၊ အခု ခင်များ ပြည်ကြီးမတ္တိုင်ကို ပြန်သွားရင်လည်း ဒီကောင်တွေကို အပြတ်ချေမှုန်းနိုင်ရင် ချေမှုန်း။ မဟုတ်ရင်တော့ ကျွန်တော်တို့ တစ်စက်ကလေးမှ အလစ်ပေးလို့ ရတာမဟုတ်ဘူး။ လစ်တာနဲ့ ခံရမှာဘဲ"

ဦးဝင်းကြည်၏ တင်ပြချက်များမှာ ကိုအောင်မိုးအဖို့ ငြင်းချက်ထုတ်စရာ တစ်ကွက်မှမရှိ၊ သွေးတွက်အောင်မှန်သည်ဟု သူ့နားလည်သည်။ အထူးသဖြင့် ကြီးမားသော သံယောဇဉ်နှင့် သူ့နောက်သို့ တကုးတက လိုက်လာရှာသည့် သက်ကို သူပစ်ပစ်ခါခါ သဘောမထားသင့်ဟုလည်း သူ သဘောပေါက်နေမိ၏။ သို့သော် သူဘာပြောရမလဲ၊ ဘယ်လို ဆုံးဖြတ်ရမလဲ ...။

ဦးဝင်းကြည်က အလွန် တည်ငြိမ်သော လေသံဖြင့် စကားဆက်ပြန်၏။

"ဒီတော့ ကျွန်တော့်စကားကို နိဂုံးချုပ်လိုက်ရင် ခင်များ ထားဆီကိုသွားရင် ဆင်းရဲမယ်၊ ပင်ပန်းမယ်၊ အသက်အန္တရာယ်နဲ့တောင် တွေ့နိုင်တယ်။ သက်ဆီရာ လိုက်ရင်တော့ ခင်များအတွက် နိဗ္ဗာန်ကိုသွားတာနဲ့ အတူတူဘဲ။ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ နိဗ္ဗာန်မှာ နေရတယ်ဆိုတာဟာ လူသားအားလုံးရဲ့ တောင့်တချက်ဘဲ ကိုအောင်မိုး။ ဒီတော့ ကိုယ့်အယူအဆ၊ ယုံကြည်ချက်ဆိုတာ မထားရဘူးတော့ မဟုတ်ပါဘူးဗျာ၊ သို့ပေမယ့် ကိုယ့်ဘဝကောင်းစားရေးကိုဘဲ ထည့်သွင်း စဉ်းစားသင့်တယ်လို့ ကျွန်တော်ကတော့ထင်တာဘဲ"

ဦးဝင်းကြည်က သူ့စကားကိုရပ်ပြီး ကိုအောင်မိုးကို သေသေချာချာ ကြည့်ရင်း ထိုင်ရာမှ ဖြေးဖြေးချင်း ထ,လိုက်၏။

ကိုအောင်မိုးကမူ ဦးဝင်းကြည်၏စကားကို ကြားဟန်မရှိ။ အပြင်သို့သာ ငေးမောကြည့်နေရာမှ

"သက်ဟာ ဒီလောက် ချစ်မေတ္တာ သံယောဇဉ်ကြီးလျက်နှင့် ဘာကြောင့် သူ့ဂုဏ်ပကာသနအသိုင်းအဝိုင်းကို မစွန့်လွှတ်နိုင်သလဲဆိုတာ ကျွန်တော် သိပ်အံ့ဩတယ်ဗျာ"

သူ့အသံက ပတ်တမပါသော စုံသံလို ပျော့ဖတ်နေရုံမက အနာမကင်းသော လင်ကွင်းသံလို

ကွဲအက်နေသည်။

''ဒါကတော့ ဒီလို ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ကြီးပြင်းလာတဲ့ မိန်းကလေးတစ်ယောက်နေနဲ့ သဘာဝကျပါတယ် ကိုအောင်မိုး။ သူ့ကို အပြစ်မဆိုသာဘူးလို့ ကျွန်တော်ထင်ပါတယ်''

''အင်း- ကျေးဇူးတင်ပါတယ် ဦးဝင်းကြည်။ ကျွန်တော်ရဲ့ အနာဂါတ်ဘဝအတွက် မစဉ်းစား မိဘဲမရှိအောင် သတိပေးတာ ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် လူ့ဘဝဆိုတာ လူတစ်ယောက် ထဲမပိုင်ဘူး။ လူသားအားလုံးနဲ့ ဆိုင်ပါတယ်၊ ဒီတော့ မတတ်နိုင်ဘူး ဦးဝင်းကြည်၊ ဘယ်လိုမှ မတတ်နိုင်ဘူး။ ကိုယ့်ဘဝတစ်ခုတည်းကို မကြည့်ဘဲနဲ့ လူအများကို အကျိုးပြုနိုင်တဲ့ဘဝကို ထူထောင်ကြစတမ်း ဆို ရင်တော့ အေးလေ- ဘာဘဲဖြစ်ဖြစ် ကျွန်တော် သက်ကိုဘဲ စွန့်လွှတ်ရတော့မှာပေါ့''

စိတ်လွတ်နေသူ တစ်ယောက်လို သူ့စိတ်ကူးနှင့်သူ ပြောထုတ်လိုက်သော **ကိုအောင်မိုး** စကားအဆုံးမှာ တေတေက တရားသူကြီးတစ်ယောက်လို လမ်းလျှောက် စဉ်းစားနေသော **ဦးဝင်းကြည်** သည် ဖြီးကနဲ ကျင်စက် တို့ခံရသလိုပင် တုံ့ကနဲရပ်သွားပြီး ...

''ဗျာ- ကိုအောင်မိုး။ ခင်ဗျား ဘယ်လို ဆုံးဖြတ်တာလဲ''

''ဒီမှာ ဦးဝင်းကြည်၊ သက်ရဲ့ အချစ်၊ သက်ရဲ့ မေတ္တာနဲ့ အကြောင်းနာတရားကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် သက်ဟာ အင်မတန်ကျဉ်းမြောင်းတဲ့ ငါနဲ့ ငါ့အသိုင်းအဝိုင်း ကောင်းစား ရေးဆိုတဲ့ စိတ်ထားကိုတော့ ဘယ်တော့မှ မဖျောက်နိုင်ဘူးဆိုတာ ထင်ရှားနေပါပြီ ဦးဝင်းကြည်။ ဒီတော့ အခု ကျွန်တော်တို့ စကားပြောနေရင်း ဟိုလှနားဆောင် အုတ်ကြားမှာပေါက်နေတဲ့ ညောင်ပင်လေးကို ကြည့်ပြီး ကျွန်တော် စဉ်းစားမိတယ်။ ဆိုပါတော့ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်တယ်''

**ဦးဝင်းကြည်**မှာ အခုထိ **ကိုအောင်မိုး** ဘာကိုဆိုလိုမှန်း မသိသေးဟန်နှင့် သူ့ကို ငေးကြည့် နေတုန်းဖြစ်၏။

''တွေ့လား ဦးဝင်းကြည်၊ ဒီညောင်ပင်လေးဟာ ရေခံမြေခံမကောင်းတဲ့ အုတ်တွေကြားမှာ ပေါက်နေရတော့ သူ့ခမျာ သန်သန်စွမ်းစွမ်း မရှိရှာဘူး။ ဒီလိုဘဲ နှလုံးသားရေးရာနဲ့ဆိုင်တဲ့ အချစ် မေတ္တာဆိုတာကလဲ သဘောတရား အယူအဆတူကြမှ ရှင်သန် ကြီးထွားနိုင်မယ်။ ဒီတော့ ပကာသနကို ဘဝနိဗ္ဗာန်ရယ်လို့ထင်ပြီး ကိုယ့်နှလုံးသားကိုတော့ အညှိုးနွမ်း မခံတော့ဘူး။ ဘယ်တော့မှလည်း မတောင့်တတော့ဘူး။ ဆင်းရဲဒုက္ခ မှန်သမျှကို ကြံ့ကြံ့ခံပြီး ပြည်သူတွေကြားမှာဘဲ ကျွန်တော့်ဘဝကို မြှုပ်နှံပါတော့မယ်၊ ဒါဟာ ဒီနေ့ ဒီအချိန်ကစပြီး ဘယ်တော့မှ မပြောင်းလဲတဲ့ ကျွန်တော်ရဲ့ သံမဏိ ဆုံးဖြတ်ချက်ပါဘဲ ဦးဝင်းကြည် ''

''ဟား ဟား ဟား''

**ကိုအောင်မိုး** စကားအဆုံးမှာ **ဦးဝင်းကြည်**က ရုတ်တရက် ဟားတိုက်၍ ရယ်လိုက်သည်။ သူ့ရယ်ပုံမှာ မလိုတမာ ရယ်ခြင်းမျိုးလား။ ဒါမှမဟုတ် **ကိုအောင်မိုး**ကို သြဘာပေးလိုက်ခြင်းလား ဟု သိရခက်သည့် ရယ်ခြင်းမျိုး။ သို့သော် သူက ဘာကိုမှ မမှုဘဲ ဆက်၍ ဆက်၍သာ ရယ်ရင်း ...

''ဟား ဟား ဟား။ ဒါဖြင့် ခင်ဗျား ဆေးရုံက ဆင်းတာနဲ့ ထားဆီကိုဘဲ ပြန်တော့မယ် ဆိုပါတော့''

''ဟုတ်တယ် ဦးဝင်းကြည်၊ ဖြစ်နိုင်ရင် အခုတောင် သွားချင်တယ်''

''တောင်းဗျာ၊ သိပ်ကောင်း။ ဒါဖြင့် ခဏနေအုံး''

**ဦးဝင်းကြည်**က ပြောပြောဆိုဆိုနှင့် အခန်းဆီးကို မ,ပြီး တစ်ဖက်ရှိ ဆရာမများရှိရာအခန်းသို့

တစ်စုံတခုကို လှမ်း၍ ပြောလိုက်၏။ ပြီးမှ ချက်ချင်း သူ့ထံ ပြန်လျှောက်လာရင်း ...

"ဒီမှာ ကိုအောင်မိုး၊ ခင်ဗျား ထားဆီကို သိပ်အလောတကြီး သွားဘို့မလိုပါဘူးဗျ။ ထားက ခင်ဗျား အနားမှာဘဲ ရှိပါတယ်ဗျာ– ဟဲ ဟဲ ဟဲ"

"ဗျာ"

ကိုအောင်မိုးမှာ ထားကို အမှတ်မရမဟုတ်၊ သို့သော် သူလုံးဝ မျှော်လင့်မထားသဖြင့် ဦးဝင်းကြည် စကားကြားတော့ သူမှာ မျက်လုံးဝိုင်းသွားအောင်ပင် အံ့ဩတကြီးဖြစ်မိ၏။

"ဟား ဟား ဟား။ မဗျာနဲ့ ကိုအောင်မိုးရေ့၊ ထားဟာလေ ပြည်ကြီးမဏ္ဍိုင်ကတဲက ကျွန်တော်လဲ လက်နာနေလို့ ခင်ဗျားကို ကောင်းကောင်း ပြုစုပေးနိုင်မှာဟုတ်ဖူးဆိုပြီး လိုက်လာခဲ့တာ၊ ဒီနေ့ မနက်မှ ခင်ဗျား အခြေအနေကလည်း ကောင်းတာနဲ့ ကျွန်တော်ကဘဲ သူ့ကို ဒီဆေးရုံနောက်မှာနေတဲ့ ကျွန်တော့် သူငယ်ချင်းဆရာမအိမ်မှာ တမင်အနားယူခိုင်းထားတာဗျ၊ ဟဲ ဟဲ ခင်ဗျားရဲ့ထားကို ကျွန်တော် ခေါ်ခိုင်းလိုက်ပါပြီ၊ ခုဘဲ လာပါလိမ့်မယ်ဗျာ"

ကိုအောင်မိုးမှာ ဘာတစ်လုံးမှမပြောနိုင်ဘဲ ဦးဝင်းကြည်ကိုသာ မျက်စောင်းကြီးခဲ့ပြီး ကြည့်နေမိ၏။ အတော်နောက်တဲ့ လူကြီးဟုလည်း စိတ်ထဲမှာ ပြစ်တင်ရကောင်းနိုး၊ ချစ်ခင်ရကောင်းနိုးဖြင့် ရယ်ကျဲကျဲဖြစ်နေ၏။ မကြာပါ။ သူ့ ရယ်ကျဲကျဲ မျက်နှာမှ မပျယ်သေး။ အလွန်တည်ငြိမ်သော ဣန္ဒြေဖြင့် တစ်လှမ်းခြင်းဝင်လာသူက ကျောင်းဆရာမလေး ထား။

သို့သော် တိုက်ဆိုင်ခြင်းတော့ ထားအခန်းတွင်းရောက်သည်နှင့် အခြားတံခါးပေါက်မှ ဧည့်သည် ၄–၅ယောက်သည်လည်း ချိန်ကိုက် ထားသလိုပင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြိုင်တူ ရောက်လာကြသည်။ ကြည့်လိုက်တော့ ကိုအောင်မိုး၏ ရဲဘော်ရဲဘက်များဖြစ်သည့် မြိတ်သားလူရိုးကြီး ဦးဆန်းမောင်၊ နတ်လမ်းညွှန်ကိုလှဦး၊ ဘပု၊ ပြီးတော့ ဇင်ယော်မှာအသက်အကြီးဆုံးနှင့် ငါးအရင့်ဆုံး ရေယာဉ်အုပ်ကြီး ဦးကုလား။

ထားကလည်း သူတစ်ခါမှ မမြင်ဘူးသေးသည့် ဧည့်သည်များကိုတစ်လှည့်၊ ကိုအောင်မိုးကို တစ်လှည့် ကြည့်ရင်းရပ်နေ၏။ ကိုအောင်မိုးကလည်း ထားကိုပင် နှုတ်မဆက်နိုင်သေးဘဲ မမျှော်လင့်ဘဲ ရောက်လာကြသည့် သူ့ရဲဘော်များကို ငေးကြည့်နေမိ၏။

"အာစရိ ဆရာဦးပြုမောင်ကပြောလို့ ကျွန်တော်တို့ ချက်ချင်း လိုက်လာကြတာ၊ အာစရိ ဆေးရုံက ဆင်းရင် ပြည်ကြီးမဏ္ဍိုင်ကို ပြန်မှာလား၊ ရန်ကုန်ကို ပြန်မှာလား ဆရာ"

ယူနီဖောင်းဝတ်စုံကို အကျအနဝတ်ထားသော ဦးဆန်းမောင်က သူ့မျက်မှန်ကို ထုံးစံအတိုင်း ပင့်တင်လိုက်ရင်း ဆိုင်းမဆင့်ဗုံမဆင့် မေးလိုက်၏။ ကိုအောင်မိုးကမူ အခုထိ သူတို့ကို နားမလည် ဟန်ဖြင့် ငေးကြည့်ရင်း ...

"အင်း– ဆိုစမ်းပါအုံးဗျ ဦးဆန်းမောင်၊ ကိစ္စကိုလည်း အရင် ပြောအုံးမှပေါ့"

သည်တွင် နတ်လမ်းညွှန်ကိုလှဦးကလည်း သူ့ယူနီဖောင်းအင်္ကျီကို ဆွဲဆန့်လိုက်ရင်း–

"အာစရိ ပြည်ကြီးမဏ္ဍိုင်ကို ပြန်သွားရင် ကျွန်တော်တို့လည်း လိုက်ကြမလို့၊ အဲဒါ လာပြောတာ ဆရာ"

"ဟင်– ဘာပြောတယ်၊ ခင်ဗျားတို့က ဘာကိစ္စနဲ့ လိုက်ကြမှာလဲ"

"ဪ– အာစရိကလည်း လုပ်ဘီ၊ အာစရိပဲ ရတနာပုံခိုင်းမှာ ကင်းစခန်းထားဖို့လိုတယ်ဆိုပြီး

တရေးထားတယ်မှတ်လား။ အဲဒီ ကိုလှဦးရယ်၊ ဘပုရယ်၊ ကျွန်တော်ရယ် တာဝန်ကျတယ်လေ"

"ဟင်– ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားတို့ပါလာရင် ကျွန်တော်တော့ တအားအဲဒီမျိုး၊ အဲဒီနဲ့ ဦးကုလားကော"

"ဦးကုလားကတော့ ဆရာတို့ ပြည်ကြီးမဏ္ဍိုင် ပြန်မယ်ဆိုရင် လိုက်ဖို့ရုံတင်မကဘူး၊ ဆရာတို့ ထူထောင်ရေးအဖွဲ့ရော၊ ကျွန်ကော်တို့ ကင်းအဖွဲ့ပါ သုံးဖို့ဆိုပြီး ဖဝင်ယက်ကိုလည်း တစ်ခါတည်း အပ်လိုက်တယ်"

ကိုအောင်မိုးမျက်နှာကား တစ်ခါမှမကြုံဘူးသော အပြုံးဖြင့် ပြုံးနေ၏။ ပြီးတော့ သူ့ညာဘက်နားမှာ ရပ်နေသော ဦးဝင်းကြည်ကို လှမ်းကြည့်ရင်း ...

"ဟဲ– ဘယ်နှယ်ရှိစ ဦးဝင်းကြည်၊ ကျွန်တော်တို့ကတော့ ပြည်ကြီးမဏ္ဍိုင်ထူထောင်ဖို့အတွက် အဖက်ဖက်က အားသစ်တွေရနေပြီဗျ။ ဒီအားနဲ့သာဆိုရင် မကြာခင်မှာဘဲ ပြည်ကြီးမဏ္ဍိုင်ကို ထီးထီးကြီး မြင်ရဘို့ သေချာနေပြီ။ ဒီတော့ ဦးဝင်းကြည်ကကော ပြန်လိုက်အုံးမှာလား၊ နေခဲ့အုံးမှာလား"

ကိုအောင်မိုးက အိပ်နေရက်ကပင် ဦးဝင်းကြည်ကို ပြုံးကြည့်ရင်း အားတက်သရော မျက်နှာနှင့်မေးလိုက်၏။ အားလုံးသော မျက်လုံးအစုံများကလည်း ဦးဝင်းကြည်ကို ဝိုင်းကြည့်လိုက်ကြ၏။

"ဟဲ ဟဲ ကျွန်တော်က ခင်ဗျားကို ရန်ကုန်ပြန်ဖို့ မဲဆွယ်ခဲ့တဲ့ လူဘဲဗျ"

"ဗျာ၊ ဒီလိုဆိုတော့ ဦးဝင်းကြည်က ပြန်မလိုက်တော့ဘူးလား။ ကျွန်တော်ကတော့ ခင်ဗျားကို ပြန်လိုက်စေချင်တယ်ဗျာ"

ကိုအောင်မိုးအသံက တကယ်ပင် ညှတ်ပြောင်းသွား၏။ သူချစ်သော၊ ခင်သော၊ အားကိုးရသော မိတ်ဆွေကြီး ဦးဝင်းကြည်ကိုလည်း ဒီလုပ်ငန်းကြီးပြီးဆုံးသည်အထိ ပါဝင်စေချင်သောကြောင့် သူ့မှာ အလောသုံးဆယ်ဖြစ်နေ၏။ အားလုံးကလည်း ဦးဝင်းကြည်နှင့် ကိုအောင်မိုး၏ ရင်းနှီးမှုကို သိကြပြီးဖြစ်၍ စိတ်စောနေကြ၏။

"ဟဲ ဟဲ ခင်ဗျား ပြတ်ပြတ်သားသား ဖြစ်ပါစေတော့လို့ ကျွန်တော် တမင်ပြောနေတာပါဗျာ။ တကယ်တော့ ခင်ဗျားကို ပြောတာ ပြောရတယ်၊ ဒီလူကြီး တကယ့်အကျဉ်းအကျပ် တွေ့ရင် မြို့ကို ပြန်ဖို့များ ဆုံးဖြတ်လိုက်မလားလို့ ကျွန်တော့်ရင်မှာ တဒိတ်ဒိတ်နဲ့ဗျ– ဗိုး"

"အဖြင့် ဦးဝင်းကြည်လဲ ကျွန်တော်တို့နဲ့ လိုက်မှာပေါ့နော်"

"ဟား–ဟား–ဟား။ လိုက်သမှ သိပ်လိုက်။ အတုတ်လိုက်"

သည်တွင်မှ အားလုံးကလည်း တဟားဟား ဝိုင်းရယ်လိုက်ကြစဉ် ကိုအောင်မိုးကလည်း ဖြေးကနဲ့ သတိမထားမိဘဲ ဦးဝင်းကြည်ကို လက်ဆွဲနှုတ်ဆက်ရန် အားယူထလိုက်ရာ တစ်ဝက် တစ်ပျက်ရောက်မှ သူ့ခြေထောက်အနာကို အမှတ်ရမိပြီး လက်ထောက်လျှက်သားဖြစ်သွား၏။ သို့သော် အနီးတွင် အခုထိ အေးဆေးတည်ငြိမ်စွာရပ်နေသော ထားက ဖေးကူလိုက်သဖြင့် ကိုအောင်မိုး၏ဘယ်လက်နှင့် ထား၏ညာလက်တို့မှာ အလိုအလျောက်ပင် ဆုပ်ကိုင်မိလျက်သား ဖြစ်သွားလေသည်။

ကိုအောင်မိုးကား ဆုပ်ထားသောလက်ကို မဖြေဘဲ ထားကို ပြုံးပြုံးကြီးလုပ်၍ ကြည့်နေသည်။ ခေါင်းတွင် စံပယ်ကို မတွေ့ရသော်လည်း ဇီဇဝါပန်းပွင့်ကြီးလို လှနေသော ထားကလည်း ကိုအောင်မိုးကို ရှက်သွေးဖြာသော မျက်နှာဖြင့် ဝေးလျက် ...။

တက္ကသိုလ်မင်းသူ